ပြည်ထောင်စုမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ကျမ်းပြုဌာနစု (ဘာသာပြန်) က ရေးသားပြုစုသော

# ဗုဒ္ဓအဘိဓမ္မာ
# ဝေဝါးသိကိစ်ယများ

## အဖြေ

အတွဲ - ၃

( လောဘ ၊ ဒေါသ ၊ မောဟ )

ကျေးဇူးရှင်မိဘများဖြစ်ကြသော
ဦးအေးနိုင်+ဒေါ်အေးသိန်း နှင့်
ဦးစံညွန့်+ဒေါ်အေးသိ တို့အား

အမှူးထား၍

**သားသမီး မြေးများ ဖြစ်ကြသော**

**မောင်ဝေလင်းနိုင် (ခ) မောင်ကျော်ဇော**

**မခင်စန္ဒာအေး**

**မြေး ပီတိ (ခ) ရွှေယမင်းဦးတို့က**

နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါသည်။

(နိဗ္ဗာနပစ္စယော ဟောတု)

အမြတ်ဆုံး ဓမ္မဒါန

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
ကျမ်းပြုဌာနစု(ဘာသာပြန်)က ရေးသားပြုစုသော

# ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ

## အဖွင့်

အတွဲ-၃

[လောဘ၊ ဒေါသ၊ မောဟ]

သာသနာ-၂၅၄၇ ကောဇာ-၁၃၆၅ ခရစ်-၂၀၀၄

မဟာသဒ္ဓမ္မဇောတိကဓဇ
ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)

ဒုတိယအကြိမ် • ၂၀၀၄
အုပ်ရေ • ၁၀၀၀

# ဓမ္မဒါန

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်

ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်–၅၂၄/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

# ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့်

## မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


နိဒါန်း ဋ မှ ဂါ

ပရမတ်တရား လေ့လာစိစစ်နည်းလေးမျိုး ၁

**"လောဘစေတသိက်"**

လောဘမည်ပုံ ၆

လောဘ၏ လက္ခဏာ ၆

လောဘ၏ ရသ ၈

လောဘ၏ ပစ္စုပဋ္ဌာန် ၁၁

လောဘ၏ ပဒဋ္ဌာန် ၁၂

**လောဘစေတသိက်၏ နာမည်ထူးများ**

(၁) တဏှာမည်ပုံ ၁၆

(၂) အဘိဇ္ဈာမည်ပုံ ၁၇

(၃) ရာဂစသော နာမည်များရပုံ ၁၈

(၄) မူလ မည်ပုံ ၁၉

(၅) ဟေတု မည်ပုံ ၂၀

(၆) အာသဝ မည်ပုံ ၂၁

(၇) ဩဃ မည်ပုံ ၂၂

(၈) ယောဂ မည်ပုံ ၂၂

(၉) ဂန္ထ မည်ပုံ ၂၃

(၁၀) ဥပါဒါန် မည်ပုံ ၂၃

(၁၁) နိဝရဏ မည်ပုံ ၂၄
(၁၂) အနုသယ မည်ပုံ ၂၄
(၁၃) ကိလေသာ မည်ပုံ ၂၅
(၁၄) သံယောဇဉ် မည်ပုံ ၂၅
(၁၅) သမုဒယသစ္စာ မည်ပုံ ၂၆
(၁၆) တဏှာနှင့်ဥပါဒါန်တို့၏အထူး ၂၇

## လောဘစေတသိက်အပြား

(၁) လောဘ ၂-မျိုး ၂၉
(၂) လောဘ ၃-မျိုး ၃၁
(၃) တဏှာ ၃-မျိုး ၃၇
(၄) တဏှာ ၆-မျိုး ၃၈
(၅) တဏှာအစစ်တစ်ရာရှစ် ၃၉
(၆) အဓမ္မရာဂနှင့်မိစ္ဆာဓမ္မ ၃၉

## လောဘအကြောင်း အခြားသိကောင်းစရာများ

(၁) လောဘ၏ ဖန်တီးချက်များ ၄၀
(၂) လောဘစရိုက်ရှိသူ ၄၁
(၃) အပူဆုံးမီးကြီးနှင့် ပြည့်နိုင်ခဲသောမြစ်ကြီး ၄၂
(၄) စိတ်၏အတွင်းရန်သူ ၄၃
(၅) ပညာမျက်စိကန်းသောတရား ၄၅
(၆) လောဘသည် အကုသိုလ်ဖြစ်ကြောင်း ၄၅
(၇) လောဘသည် အကျိုးမဲ့တရား ၄၆
(၈) ရာဂဖြစ်ကြောင်း ၂-မျိုး ၄၆
(၉) တဏှာတရား၏ဆွဲငင်အား ၄၇
(၁၀) တဏှာကား အနှောင်အဖွဲ့တရား ၄၇

(၁၁) သံသရာနယ်ချဲ့သမား ၄၇
(၁၂) သောကပြန့်ကျယ် တဏှာနွယ် ၅၁
(၁၃) ဘဝတဏှာနှင့်ဝက်မလေး ၅၄
(၁၄) ကံကိုဦးဆောင် လမ်းညွှန်သောတဏှာ ၆၀
(၁၅) တောဒေဃျပုဏ္ဏားကြီး ၆၁
(၁၆) တိဿရဟန်းကြီး ၆၂
(၁၇) ကုသိုလ်ကံကို တဏှာလမ်းညွှန်သော သာဓကများ ၆၃
(၁၈) ဂေါပကနတ်သားနှင့် ရဟန်းသုံးပါး ၆၆
(၁၉) ဆုတောင်းပတ္ထနာနှင့်တဏှာ ၆၈
(၂၀) လောဘတဏှာနှင့် သမုဒယသစ္စာ ၆၉

**တဏှာကိုပယ်သတ်ရန် နည်းလမ်းများ**

(၁) ပယ်သတ်နည်းသုံးနည်း ၇၁
(၂) ဗောဇ္ဈင်တရားဖြင့်တဏှာပယ်ရှားနည်း ၈၁
(၃) မဂ္ဂင်တရားဖြင့်တဏှာပယ်ရှားနည်း ၈၂
(၄) သတိပဋ္ဌာန်တရားဖြင့် တဏှာပယ်ရှားနည်း ၈၃
(၅) စူဠတဏှာသင်္ခယသုတ်လာ တဏှာပယ်သတ်နည်း ၈၄
(၆) နဒီသောတသုတ်လာတဏှာပယ်နည်း ၈၆

## "ဒေါသစေတသိက်"

ဒေါသမည်ပုံ ၉၄
ဒေါသ၏ လက္ခဏာများ ၉၄
ဒေါသ၏ ရသ ၂–မျိုး ၉၇
ဒေါသ၏ အနိဋ္ဌရုပ်များကို ဖြစ်ပေါ်စေခြင်းကိစ္စ ၉၇
ဒေါသ၏ မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းခြင်းကိစ္စ ၁၀၀

(၁) လောင်ကျွမ်းပုံ ၁၀၀
(၂) စတုမဟာရာဇ်နတ်တို့ကို လောင်ကျွမ်းပုံ ၁၀၁
(၃) ကြောက်ရွံ့ခြင်းသည် ဒေါသလား ၁၀၂
(၄) ဆန့်ကျင်ဘက် အဒေါသကို လောင်ကျွမ်းပုံ ၁၀၄

ဒေါသ၏ ပစ္စုပဋ္ဌာန်
(၁) မိမိမှီရာပုဂ္ဂိုလ်ကို ဖျက်ဆီးပုံ ၁၀၆
(၂) သူတစ်ပါးတို့အား ဖျက်ဆီးပုံ ၁၀၇
ဒေါသ၏ ပဒဋ္ဌာန်
အာဃာတဝတ္ထု ၁၀–ပါး ၁၀၉
အင်္ဂုတ္တိုရ်လာ ဒေါသဖြစ်ကြောင်း ၂–မျိုး ၁၁၂
(၁) အနိဋ္ဌာရုံ ၂–မျိုး ၁၁၂
(၂) သဘာဝ အနိဋ္ဌာရုံ ၁၁၃
(၃) ပရိကပ္ပ အနိဋ္ဌာရုံ ၁၁၃
(၄) မသင့်မလျော် နှလုံးသွင်းချော်ခြင်း ၁၁၄
(၅) အကြောင်း ၂–မျိုးကြောင့် ဒေါသဖြစ်ပုံ ၁၁၄
(၆) မသင့်မလျော် နှလုံးသွင်းချော်ခြင်းသာပဓာန ၁၁၅
(၇) မဟ္တရာ ဆရာတော်ဘုရားကြီး ၁၁၆
(၈) တိတ္ထိဂိုဏ်း ဆရာကြီးများနှင့် မြတ်စွာဘုရား ၁၁၉
(၉) ဆရာမိဘနှင့် တပည့်သားသမီးများ ၁၂၀
ဒေါသစေတသိက်၏ နာမည်ထူးများ
(၁) အာဃာတ၊ ပဋိဃာတ၊ ပဋိဃတို့မည်ပုံ ၁၂၁
(၂) ဝိရောဓ၊ ပဋိဝိရောဓတို့မည်ပုံ ၁၂၃
(၃) ကောပ၊ ပကောပ၊ သမ္ပကောပတို့မည်ပုံ ၁၂၃

(၄) ဒေါသစသောနာမည်များရပုံ ၁၂၃
(၅) ကောဓ၊ ကုဇ္ဈနာ၊ ကုဇ္ဈိတတ္တတို့မည်ပုံ ၁၂၄
(၆) ဗျာပတ္တိ၊ ဗျာပဇ္ဇနာ၊ ဗျာပဇ္ဇိတတ္တတို့မည်ပုံ ၁၂၄
(၇) စဏ္ဍိက္ကမည်ပုံ ၁၂၅
(၈) အသုရောပမည်ပုံ ၁၂၅
(၉) အနတ္တမနတာမည်ပုံ ၁၂၆
(၁၀) မူလမည်ပုံ ၁၂၇
(၁၁) ဟေတုမည်ပုံ ၁၂၈
(၁၂) နီဝရဏမည်ပုံ ၁၂၈
(၁၃) အနုသယမည်ပုံ ၁၂၉
(၁၄) သံယောဇဉ်မည်ပုံ ၁၃၁
(၁၅) ကိလေသာမည်ပုံ ၁၃၁
(၁၆) ဗျာပါဒမည်ပုံ ၁၃၂
(၁၇) ဥပါယာသမည်ပုံ ၁၃၃
(၁၈) ဥပနာဟမည်ပုံ ၁၃၄
(၁၉) မက္ခမည်ပုံ ၁၃၄

## ဒေါသအကြောင်း အခြားသိကောင်းစရာများ

(၁) ဒေါသစရိုက်ရှိသူ ၁၃၅
(၂) ဒေါသစရိုက်ရှိသူနှင့် လျော်သောအရာများ ၁၃၈
(၃) ဒေါသနှင့်စပ်၍ ပုဂ္ဂိုလ် ၃-မျိုး ၁၃၉
(၄) ဒေါသကြီးသူ အနာဟောင်းနှင့်တူ ၁၄၁
(၅) ဒေါသနှင့် ဥဒ္ဒုမ္ဗရာယိကဖား ၁၄၂
(၆) ဒေါသ၏ ဖန်တီးချက်များ ၁၄၄

(၇) ဒေါသသည် အကုသိုလ်၏ အခြေခံအကြောင်းတရား ၁၄၅
(၈) ဒေါသကား အကျိုးမဲ့တရား ၁၄၇
(၉) ဒေါသ၏ ပြစ်ဒဏ်များ ၁၄၈
(၁၀) မြတ်စွာဘုရားနှင့် ဒေါသကြီးသည့်မင်းသား ၁၅၃


ဒေါသပြေငြိမ်းရန် ကုသနည်းများ


(၁) မေတ္တာဘာဝနာဖြင့် ကုသနည်း ၁၅၆
(၂) ကကစူပမသုတ်နှင့် သံယုတ်ပါဠိတော်လာကုသနည်း ၁၅၆
(၃) အင်္ဂုတ္တိုရ်ပါဠိတော်လာ ကုသနည်း ၁၅၈
(၄) အာဃာတ ပဋိဝိနယသုတ်လာ ကုသနည်း ၁၅၉
(၅) ဝိသုဒ္ဓိမဂ်ကျမ်းလာ ဆင်ခြင်နည်းများ ၁၆၀
(၆) မဟာသီဝဇာတ် ၁၆၄
(၇) ခန္တီဝါဒီဇာတ် ၁၆၅
(၈) စူဠဓမ္မပါလဇာတ် ၁၆၈
(၉) ဆင်၊ မျောက်၊ နဂါးတို့ သည်းခံကြပုံ ၁၇၀
(၁၀) အနမတဂ္ဂ သံယုတ်လာဆင်ခြင်နည်းများ ၁၇၂
(၁၁) မေတ္တာအကျိုး ဆယ့်တစ်မျိုးဖြင့် ဆင်ခြင်နည်း ၁၇၃
(၁၂) အစိတ်စိတ် ဓာတ်ခွဲဆင်ခြင်နည်း ၁၇၄
(၁၃) အပေးအယူသဘောနှင့် ဒေါသကုစားနည်း ၁၇၅
(၁၄) ရှင်ပုဏ္ဏမထေရ်၏ နှလုံးသွင်းဆင်ခြင်နည်း ၁၇၇


ဒေါသထိန်းသိမ်းရကျိုး


(၁) အရေအဆင်းလှပခြင်း ၁၈၀
(၂) မျက်လုံးကြည်လင်လှပခြင်း ၁၈၁
(၃) နတ်သမီးဖြစ်ရခြင်း ၁၈၂

## “မောဟစေတသိက်”

မောဟမည်ပုံ ၁၈၅
မောဟစေတသိက်၏ လက္ခဏာ ၂–မျိုး ၁၈၅
စိတ်၏ပညာမျက်စိကန်းသည့်သဘောလက္ခဏာ ၁၈၆
ဉာဏ်နှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်းသဘောလက္ခဏာ ၁၈၈
(၁) ဒုတိယလက္ခဏာကို ထပ်ဆိုရပုံ ၁၈၈
(၂) ပညာရောင်နှင့်မောဟမှောင် ၁၈၉
(၃) မီးရောင်နှင့် အမှောင်ပမာ ၁၉၃
**မောဟစေတသိက်၏ ရသ ၂–မျိုး**
အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းကိစ္စ ၁၉၄
(၁) အာရုံ၏ အမှန်သဘောများ ၁၉၄
(၂) သစ္စာလေးပါး၌ ဖုံးလွှမ်းပုံ ၁၉၅
(၃) ပုဗ္ဗန္တ၌ ဖုံးလွှမ်းပုံ ၁၉၇
(၄) အပရန္တ၌ ဖုံးလွှမ်းပုံ ၁၉၈
(၅) ပုဗ္ဗန္တာပရန္တ၌ ဖုံးလွှမ်းပုံ ၁၉၈
(၆) ပဋိစ္စသမုပ္ပါဒ်၌ ဖုံးလွှမ်းပုံ ၁၉၉
(၇) မောဟ၏စွမ်းရည် ၂၀၀
(၈) မောဟအထူအပါး ၂၀၀
(၉) ရဟန္တာတို့ မသိမှုသည် မောဟလား ၂၀၁
**ကောင်းစွာထိုးထွင်း၍ မသိမမြင်နိုင်သောကိစ္စ**
(၁) ရသနှစ်မျိုး ဆိုရပုံ ၂၀၃
(၂) မောဟက အမှားတွေကို သိသလား ၂၀၄
(၃) မသိမှုသာ မောဟ ၂၀၄
(၄) အဘိဓမ္မာဝတာရဋီကာသစ် ၂၀၅

(၅) မျက်မှန်စိမ်းဥပမာ ၂၀၇
(၆) အသမ္မောဓပုဒ်အဖွင့် ၂၀၇
(၇) မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ ၂၀၉
(၈) မူလဋီကာဆရာအာဘော် ၂၀၉
(၉) ပရမတ္ထဒီပနီဋီကာသစ်ဝါဒ ၂၁၂
(၁၀) အနုဒီပနီအဆို ၂၁၃
(၁၁) အခြားအဘိဓမ္မာပညာရှင်ကြီးအချို့၏ အသုံးအနှုန်း ၂၁၄
(၁၂) မိစ္ဆာဉာဏ်နှင့် မောဟ ၂၁၅
(၁၃) မူလဋီကာဆရာစိစစ်ပြချက် ၂၁၅
(၁၄) သေကြောင်းကြံစည်မှုနှင့် မိစ္ဆာဉာဏ် ၂၁၇
(၁၅) လက်နက်တီထွင်ဉာဏ်နှင့်မောဟ ၂၁၉
(၁၆) တိတ္ထိဆရာကြီးများကို ကြည်ညိုမှုနှင့်မောဟ ၂၂၁
(၁၇) အဋ္ဌကထာဝါဒနှင့် ဋီကာဝါဒညှိနှိုင်းချက် ၂၂၃

## မောဟစေတသိက်၏ ပစ္စုပဋ္ဌာန် ၂–မျိုး

ကောင်းမှန်ဖြောင့်မှန်စွာမကျင့်နိုင်သောသဘောတရားမျိုး ၂၂၅
(၁) ကောင်းမှန်ဖြောင့်မှန်စွာ မကျင့်နိုင်ပုံ ၂၂၆
(၂) လောကီကုသိုလ်များလည်း မဖြောင့်မှန်သော အကျင့်ပင် ၂၂၈
(၃) ဘဝလွတ်မြောက်ရေးကုသိုလ်များ ကျင့်စဉ်များတွင် မပါဝင် ၂၃၁
(၄) သစ္စာနစ်ပါး၌ အမြင်များ၍ အလွဲကျင့်ပုံ ၂၃၁
(၅) မောဟကြောင့် အတ္တဝါဒအယူများပေါ်လာပုံ ၂၃၂
(၆) ဝမ်းတွင်းကန်းသူနှင့် သံသရာစရီးသည် ၂၃၅

**ပညာမျက်စိကို ကန်းအောင်ပြုတတ်သော အမှောင်တရားမျိုး**


(၁) အစဉ်အလာအားဖြင့် ကန်းသူ ၂၃၆
(၂) ရှံဖန်ရှံခါကန်းသူ ၂၃၇
(၃) တံခါးမင်းတုပ်ဥပမာ ၂၃၈


**မောဟစေတသိက်၏ ပဒဋ္ဌာန်**


(၁) ယောနိသောမနသိကာရနှင့် အယောနိသောမနသိကာရ ၂၄၀
(၂) မနောဒွါရာဝဇ္ဇန်းစိတ်ကြောင့် ကုသိုလ်
အကုသိုလ်ဖြစ်ပုံ ၂၄၁
(၃) အယောနိသောမနသိကာရကြောင့်မောဟဖြစ်ပုံ ၂၄၅


**မောဟစေတသိက်အပြား**


(၁) ဒိဋ္ဌိအားဖြင့် ၂–ပါးပြားပုံ ၂၅၀
(၂) သင်္ခါရအားဖြင့် ၂–ပါးပြားပုံ ၂၅၁
(၃) ဝေဒနာအားဖြင့် ၃–ပါးပြားပုံ ၂၅၂
(၄) သစ္စာအားဖြင့် ၄–ပါးပြားပုံ ၂၅၃
(၅) ဂတိအားဖြင့် ၅–ပါးပြားပုံ ၂၅၃


**မောဟစေတသိက်၏ နာမည်ထူးများ**


(၁) အဝိဇ္ဇာမည်ပုံ ၂၅၄
(၂) မူလမည်ပုံ ၂၅၆
(၃) ဟေတုမည်ပုံ ၂၅၈
(၄) အာသဝမည်ပုံ ၂၅၈
(၅) ဩဃမည်ပုံ ၂၆၀
(၆) ယောဂမည်ပုံ ၂၆၁
(၇) နီဝရဏမည်ပုံ ၂၆၁

(၈) အနုသယမည်ပုံ ၂၆၂
(၉) သံယောဇဉ်မည်ပုံ ၂၆၄
(၁၀) ကိလေသာမည်ပုံ ၂၆၄

မောဟအကြောင်း သိကောင်းစရာများ

(၁) စရိုက်သိရန် အကဲခတ်နည်းများ ၂၆၆
(၂) မောဟစရိုက်ရှိသူ ၂၆၆
(၃) မောဟစရိုက်ရှိသူနှင့် လျော်သောအရာများ ၂၆၈
(၄) မောဟသည် ဒိဋ္ဌိဖြစ်ကြောင်း ၂၆၈
(၅) မောဟကြောင့် တိရစ္ဆာန်ဖြစ်သည် ၂၆၈
(၆) ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း ၂၆၉
(၇) အကုသိုလ်ဖြစ်ကြောင်း ၂၇၀
(၈) မောဟဂတိ ၂၇၀
(၉) မောဟပိုက်ကွန် ၂၇၀
(၁၀) မောဟသည် ပျက်စီးကြောင်းတရား ၂၇၁
(၁၁) ပကတိအကုသိုလ်မှောင်လုံးကြီး ၂၇၁
(၁၂) မောဟဖြစ်ကြောင်းများ ၂၇၂
(၁၃) မောဟကိုပယ်နိုင်ကြောင်းတရား ၅-ပါး ၂၇၃

မောဟကြောင့် ဘဝစက်ဝန်းလည်ပတ်ပုံ

(၁) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် ၂၇၅
(၂) သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် ၂၇၅
(၃) ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည် ၂၇၆
(၄) ရုပ်နာမ်ကြောင့် အာယတန ၆-ပါးစသည်ဖြစ်သည် ၂၇၆
မောဟပြတ်သဖြင့် ဘဝစက်ဝန်း အလည်ရပ်ပုံ ၂၇၇

# နိဒါန်း

## မျက်မှောက်ခေတ်နှင့် အဘိဓမ္မာ

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် ပိဋကသုံးပုံတွင် အဘိဓမ္မာပိဋကသည် သုတ္တန်ပိဋက၊ ဝိနည်းပိဋကတို့ထက်ပို၍ ခက်ခဲသည်။ နက်နဲသည်။ သဘောတရားရေးရာ တရားတော်ဖြစ်၍ သင်ကြားပို့ချသူ မလိမ္မာမပါးနပ်လျှင် သင်ယူလေ့လာရာ၌ စိတ်ဝင်စားမှု မရှိ ပျင်းရိငြီးငွေ့စရာ ကောင်းပေသည်။ ထို့ကြောင့် ရှေးအခါက လူပုဂ္ဂိုလ်များ အဘိဓမ္မာကို လေ့လာလိုက်စားမှု နည်းပါးကြခြင်း ဖြစ်ပေသည်။

မှန်ပါသည်။ အဘိဓမ္မာသည် သဗ္ဗညုတဉာဏ်တော်ကြီး၏ ကျက်စားရာ တရားတော်ဖြစ်၍ နက်လည်း နက်နဲပါသည်။ ခက်လည်း ခက်ခဲပါသည်။ သို့သော် သင်ကြားပို့ချသူ နည်းပရိယာယ် ကြွယ်ဝ၍ လိမ္မာပါးနပ်လျှင် စိတ်ဝင်စားစရာ အလွန်ကောင်းသော သဘာဝ တရားကြီးဖြစ်သည်။ ရှင်တော်ဘုရားကိုယ်တိုင်ပင်လျှင် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူစဉ်အတွင်းမှာပင် ကျွတ်ထိုက်သည့် နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်နိုင်ရန် သုတ္တန်နည်းများကို ကြားညှပ်ကာ ဟောတော်မူခဲ့ရပါသည်။ ထို့ကြောင့် အဘိဓမ္မာတရားသည် နက်နဲခက်ခဲသော်ငြားလည်း သင်ကြားပို့ချသူတော်လျှင် တော်

သလို စိတ်ဝင်စားစရာ လေ့လာစရာကောင်းသည့် သဘာဝတရား ဖြစ်သည်။

အဘိဓမ္မာကား ရုပ်အကြောင်း နာမ်အကြောင်းတို့ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသည့် တရားတော်ဖြစ်သည်။ အဘိဓမ္မာကို လေ့လာလျှင် ရုပ်တရားနာမ်တရားတို့၏ သဘာဝကို အမှန်အတိုင်းသိမြင်လာသဖြင့် ရုပ်ဝါဒသမား နာမ်ဝါဒသမားဟူသော တဖက်စွန်းသို့လည်း မရောက်ရှိနိုင်၊ တွေးခေါ် မြော်မြင်ရေးအပိုင်းတွင်လည်း ထက်မြက်စူးရှလာနိုင်၏။ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရာ၌လည်း ရုပ်နာမ်တို့၏သဘာဝကို လျှင်မြန်စွာ ထိုးဖောက်သိမြင်နိုင်၏။ တရားနာကြားသည့်အခါ၌လည်း တရားသဘောကို အဘိဓမ္မာမတတ်သူများထက် ပိုမိုနားလည် သဘောပေါက်နိုင်ပါသည်။ ပဋိသမ္ဘိဒါဉာဏ်ရရန် ပါရမီမျိုးစေ့လည်း ဖြစ်ပေသည်။

ယခုမျက်မှောက်ခေတ်ကိုကြည့်လျှင် တောရောမြို့ပါ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။ ရန်ကုန်မြို့၌ဆိုလျှင် ဆူးလေဘုရား အဘိဓမ္မာပြန့်ပွားရေးအသင်း အဘိဓမ္မာသင်တန်း၊ ဝိုင်အမ်ဘီအေအသင်း အဘိဓမ္မာသင်တန်း၊ မဥ္ဇူသကတိုက် အဘိဓမ္မာသင်တန်းစသော သင်တန်းများနှင့် မထင်ရှားသော အဘိဓမ္မာသင်တန်းများ အများအပြားရှိပေသည်။ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကလည်း ၁၃၁၅–ခုနှစ်မှစ၍ တစ်နိုင်ငံလုံး အဘိဓမ္မာစာမေးပွဲများ ကျင်းပပေးခြင်း၊ အောင်မြင်သူများအား အဆင့်အလိုက် အောင်လက်မှတ်များ၊ ဆုစာအုပ်များ၊ ဆုငွေများ၊ ဆုတံဆိပ်များ ထောက်ပံ့ချီးမြှင့်ခြင်းတို့ဖြင့် အဘိဓမ္မာလိုက်စာရေးကို အားပေးလျက်ရှိပေသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်များ အဘိဓမ္မာကို ရှေးကထက် ပိုမို လေ့လာလိုက်စားလာကြသည်။

ဤကျမ်းသည် အဘိဓမ္မာကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုက် စားသူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် အထူးအစီအစဉ်ဖြင့် ရေးသား ပြုစုထားသည့် ကျမ်းတစ်ကျမ်းဖြစ်သည်။ ဤကျမ်းကို ဖတ်ရှုလေ့လာသူတို့ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် ပါဠိဝေါဟာရတို့ကို ရှောင်နိုင်သမျှရှောင်၍ မြန်မာစကားပြေသက်သက်ဖြင့် ရေးသားပြုစုထားပါသည်။

ဤကျမ်းကို လေ့လာမိလျှင် ဤကျမ်းက လေ့လာဖတ်ရှုသူများအား အဘိဓမ္မာသဘောတရားရေးရာနှင့် ပတ်သက်၍ မည်မျှ အကူအညီပေးသည်၊ မည်မျှအသုံးဝင် တန်ဖိုးရှိသည်တို့ကို လေ့လာသူများကိုယ်တိုင် သိရှိလာမည် ဖြစ်ပါသည်။

ဤကျမ်းမှာ အဘိဓမ္မာအဖွင့် ကျမ်းစာကျမ်းဖြစ်၍ ကျမ်းရင်းကို မဖတ်ရှုမလေ့လာမီ အဘိဓမ္မာပိဋက အကြောင်းနှင့် ကျမ်းရင်းလာအကြောင်းအရာအချို့တို့ကို စာရှုသူနှင့် မိတ်ဆက်ပေးလိုပါသည်။

## အဘိဓမ္မာပိဋက

**ပိဋကမည်ပုံ**[၁] ။ ။အဘိဓမ္မပိဋက ဟူသောပုဒ်၌ ပိဋကဟူသော ပါဠိဝေါဟာရသည် "သင်ယူအပ်သော ပါဠိတော်" (ပရိယတ္တိပါဠိကျမ်း)ဟူသော အနက်အဓိပ္ပာယ်ကို ဖော်ပြ၏။ ဤအဓိပ္ပာယ်ဖြင့် အဘိဓမ္မာတရားတော်များသည် သင်ယူသင့် သင်ယူထိုက်သည့် တရားတော်များဖြစ်ကြောင်း ပိဋကသဒ္ဒါက ညွှန်ပြပေသည်။ ထို့ကြောင့် အဘိဓမ္မပိဋကဆိုသည်မှာ အဘိဓမ္မပရိယတ္တိပါဠိကျမ်း (ဝါ) သင်ယူထိုက်သော အဘိဓမ္မပါဠိကျမ်းဟု ဆိုလိုပေသည်။ (ပိဋက=ပရိယတ္တိ=သင်ယူအပ်သော ပါဠိကျမ်း)။

---

၁။ အဘိ၊ဋ္ဌ၊၁၊၃။၄။ ဓမ္မသင်္ဂဏီ မူလဋီကာ။ ၁၂၊၁၃။

တစ်နည်းအားဖြင့် ပိဋကသဒ္ဒါသည် မြန်မာလို 'တောင်း'ဟု အဓိပ္ပာယ်ရသည်။ တောင်းဆိုသည်မှာ ပစ္စည်းဝတ္ထုများ ထည့်သွင်း သိမ်းဆည်းရာဖြစ်၍ ပစ္စည်းဝတ္ထု တည်ရာမှီရာ အသုံးအဆောင်တစ်ခု ဖြစ်၏။ ထို့အတူ ဘုရားဟော ပါဠိတော်များသည်လည်း အနက် အဓိပ္ပာယ်အမျိုးမျိုးတို့ကို ထည့်သွင်း သိုမ်းထားရာဖြစ်၍ အနက် အဓိပ္ပာယ်များ၏ တည်ရာမှီရာဖြစ်သည်။ ထို့ကြောင့် ဘုရားဟောပါဠိ တော်များကို တောင်းနှင့်တည်ရာမှီရာ သဘောချင်းတူ၍ ပိဋကဟု ပါဠိလိုခေါ်ဆိုထားခြင်းဖြစ်သည် (ပိဋက=ဘာဇနေ=တောင်း၊ အနက် အမျိုးမျိုးတို့၏ တည်ရာ)။

**အဘိဓမ္မာမည်ပုံ**[၂] ။ ။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ သည့် တရားတော်များအားလုံးကို ဒုကနည်း အားဖြင့် အကျဉ်းကျုပ်လိုက်လျှင် ဓမ္မ၊ ဝိနယဟူ၍ နှစ်မျိုးရသည်။ ဝိနယမှာ ဝိနည်းပိဋကဖြစ်၍ ဓမ္မတွင် သုတ္တန်ဓမ္မနှင့် အဘိဓမ္မာဟူ၍ နှစ်မျိုးပါဝင်သည်။

အဘိဓမ္မပုဒ်တွင် အဘိ(ဥပသာရ)ပုဒ်သည် အနက်များစွာကို ဟောသော်လည်း ဤနေရာ၌ "သာလွန်သော၊ ထူးဆန်းသော"ဆို သည့် အနက်နှစ်မျိုးကိုသာ ဟော၏။ ဓမ္မသဒ္ဒါသည် သဘာဝအနက်၊ ပရိယတ္တိအနက် စသည်ဖြင့် အနက်များစွာကို ဟောသော်လည်း ဤနေရာ၌ သင်ယူအပ်သော ပါဠိ(ပရိယတ္တိ) ဟူသောအနက်ကိုဟော ၏။ ထို့ကြောင့် အဘိဓမ္မဆိုသည်မှာ "သာလွန်သော ပါဠိ၊ ထူးဆန်း သောပါဠိ"ဟု အဓိပ္ပာယ်ရသည်။

ဓမ္မနှစ်မျိုးရှိသည့်အနက် သုတ္တန်ဓမ္မထက် သာလွန်သောဓမ္မ (ဝါ) သုတ္တန်ဓမ္မထက် ထူးဆန်းသောဓမ္မဖြစ်သောကြောင့် ပါဠိလို

---

၂။အဘိ၊ဋ္ဌ၊၁၊၂၁။

အဘိဓမ္မ၊ မြန်မာလို "အဘိဓမ္မာ" ခေါ်သည်ဟု ဆိုလိုပါသည်။ အချုပ်ဆိုရသော် အဘိဓမ္မာဟူသည် ဓမ္မအမျိုးအစားချင်းတူသော သုတ္တန်ဓမ္မထက် သာလွန်သော ပါဠိတော် (ဝါ) ထူးဆန်းသော ပါဠိတော်ပင် ဖြစ်သည်။ (အဘိ=သာလွန်သော၊ ထူးဆန်းသော+ဓမ္မ =သင်ယူထိုက်သည့်ပါဠိ)။

မှန်၏၊ အဘိဓမ္မာပါဠိတော်သည် သုတ္တန်ပါဠိတော်ထက် သာလွန်၏။ ထူးလည်းထူးဆန်း၏။ ဤနေရာ၌ သုတ္တန်ပါဠိတော်ထက် ပိုမိုရှည်လျားသည်ကို သာလွန်သည်ဟု ဆိုပေသည်။ ထူးဆန်းသည် ဆိုသည်မှာ အဘိဓမ္မာပါဠိတော်သည် သုတ္တန်ပါဠိတော်ကဲ့သို့ သုတ္တန်နည်း တစ်နည်းတည်းဖြင့်သာ ဟောကြားသည့် ပါဠိတော်မဟုတ်၊ သုတ္တန်နည်း အဘိဓမ္မာနည်း အမေးအဖြေနည်းဟူသော နည်းသုံးနည်းတို့ဖြင့် ဆန်းဆန်းကြယ်ကြယ် ဝေဖန်ပိုင်းခြား ဟောကြားထားသည့် ပါဠိတော်ဖြစ်၍ သုတ္တန်ပါဠိတော်ထက် ထူးဆန်းသော ပါဠိတော်ဟု ဆိုခြင်းဖြစ်ပေသည်။

သုတ္တန်တရားတော်များမှာ ကျွတ်ထိုက်သည့် ဝေနေယျသတ္တဝါတို့၏ အဇ္ဈာသယ, ဝါသနာ, စရိုက်တို့အလိုက် ထိုက်သင့်သလို ဟောကြားထားသည့် အစိတ်အပိုင်း တရားတော်မျိုး ဖြစ်သည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် စသောတရားတို့ကို ဟောကြားရာ၌ ပြည့်ပြည့်စုံစုံ ဟောကြားတော်မမူဘဲ တရားနာပုဂ္ဂိုလ်တို့နှင့် လျော်ရုံတစိတ်တဒေသအားဖြင့်သာ ဝေဖန် ဟောကြားတော်မူသည်။ တစ်ခါတစ်ရံ တစ်ဂါထာတည်းဖြင့် သို့မဟုတ် နှစ်ဂါထာ သုံးဂါထာမျှလောက်ဖြင့်လည်း သုတ္တန်တရား တစ်ပုဒ် ပြီးဆုံးသွားသည်လည်း ရှိပေသည်။

အဘိဓမ္မာတရားတော်များမှာမူ သုတ္တန်တရားများကဲ့သို့ သတ္တဝါ

တို့၏ အဇ္ဈာသယ, ဝါသနာ, စရိုက်တို့သို့ မလိုက်ဘဲ သဘာဝတရား သက်သက်ကိုသာ ပဓာနထား၍ ဟောကြားထားသည့် တရားတော် မျိုးဖြစ်သည်။ ဘုရားရှင်သည် အဘိဓမ္မာတရားတော်များကို ဟော ကြားတော်မူရာတွင် သဗ္ဗညုတဉာဏ်တော် အစွမ်းရှိတိုင်း သဘာဝ လောကဓာတ်တခုလုံးကို မွှေနှောက် ချောက်ချားလျက် ခန္ဓာ, အာယ တန စသောတရားတို့၏ သဘာဝဖြစ်စဉ်ကို သုတ္တန်နည်း၊ အဘိဓမ္မာ နည်း၊ အမေးအဖြေနည်းဟူသော နည်းသုံးနည်းတို့ဖြင့် အကြွင်း အကျန်မရှိ အကုန်အစင် ဝေဖန်ပိုင်းခြား ဟောကြားတော်မူပါသည်။

အဘိဓမ္မာ တရားတော်များသည် ကျမ်းအားဖြင့် ၇–ကျမ်းရှိ သော်လည်း တစ်နေရာတည်း၌ တစ်ထိုင်တည်းဖြင့် တစ်ခုတည်း သော ပရိသတ်အား တစ်ဆက်တည်း ဟောထားသောတရားရှည်ကြီး တစ်ပုဒ်သာဖြစ်၏။ အဘိဓမ္မာတရားတော်များကို အစမှအဆုံးတိုင် အောင် ဆက်တိုက်နာကြားရမှ အရေလည်၏။ နားလည်သဘော ပေါက်နိုင်၏။ တစ်ပိုင်းဖြတ်ဟောခြင်း တစ်ပိုင်းပြတ် နာကြားခြင်းတို့ ဖြင့် အဘိဓမ္မာတရားတော်များကို သဘောမပေါက်နိုင်၊ အရေမလည် နိုင်။ ကုသလတိက်တစ်ခုကို ဓမ္မသင်္ဂဏီကျမ်းမှ အစပြု၍ ဟောကြား တော်မူလျှင် "တစ်ဖွယ်ငင် တစ်စင်ပါ"ဆိုသကဲ့သို့ ခုနစ်ကျမ်းမြောက် ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ရောက်မှ ကုသလတိက်၏ သဘော အဓိပ္ပာယ်များအားလုံး ပြီးဆုံးတော့၏။

အဓိပ္ပာယ်မှာ– အဘိဓမ္မာ သဘာဝတရားတစ်ခုကို ဟောမည်ဆို လျှင် ဓမ္မသင်္ဂဏီနည်းတစ်နည်းမျှဖြင့် ဟော၍ အဓိပ္ပာယ်မပြည့်စုံနိုင်၊ ဝိဘင်းနည်း၊ ဓာတုကထာနည်း၊ ပုဂ္ဂလပညတ်နည်း၊ ကထာဝတ္ထု နည်း၊ ယမိုက်နည်း၊ ပဋ္ဌာန်းနည်းတို့ဖြင့် နည်းပေါင်းစုံခင်း၍ သဘာဝ တရားစဉ် ရှိသည့်အတိုင်း သဗ္ဗညုတဉာဏ်တော်အဟုန်ကို အစွမ်းကုန်

လွှတ်ကာ ဟောကြားတော်မူပါမှ သဘောတရားတစ်ခု၏ အဓိပ္ပာယ် အားလုံး ပြီးပြည့်စုံနိုင်သည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် အဘိဓမ္မာတည်းဟူသော တရား ရှည်ကြီးကို လူ့ပြည်၌ မဟောဘဲ တာဝတိံသာနတ်ပြည်သို့ တက်၍ ဝါတွင်းသုံးလပတ်လုံး ဣရိယာပုတ်တစ်ခုတည်းဖြင့် ဟောကြားတော် မူရသည်။ လူသားတို့အဖို့ ဝါတွင်း သုံးလပတ်လုံး ဣရိယာပုတ် တစ်ခုတည်းဖြင့် တရားအဆုံးနာယူရန် မည်သို့မျှ တတ်နိုင်မည် မဟုတ်ပါချေ။ နတ်ဗြဟ္မာတို့သာ အစမှအဆုံးအထိ ဣရိယာပုတ်တစ်ခု တည်းဖြင့် နာကြားနိုင်ကြပါသည်။ ဝါတွင်းသုံးလဆိုသည်မှာ တာဝတိံ သာနတ်တို့ အရေအတွက်အားဖြင့် မိနစ်ပိုင်းမျှသာ ကြာပေသည်။

ဤသို့ဆိုသဖြင့် မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို လူ့ပြည်၌ မဟောကြားခဲ့ဟု မမှတ်ယူသင့်ချေ။ ထိုဝါတွင်း၌ပင် ရှင်တော်ဘုရားသည် လူ့ပြည်၌လည်း ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာ အား အဘိဓမ္မာတရားကို နည်းရရုံ အကျဉ်းချုပ်နည်းပေး ဟောကြား တော်မူခဲ့ပါသည်။ တရားစစ်သူကြီး ရှင်သာရိပုတ္တရာက မိမိ၏ အတူနေ တပည့်ရင်း ငါးရာတို့အား ထိုအဘိဓမ္မာတရားကို လူ့ လောကနှင့်တန်ရုံ မကျဉ်းမကျယ် တစ်ဆင့် ဟောကြား ပို့ချခဲ့ပါသည်။ ယခုရှိနေသော အဘိဓမ္မာပိဋကကား တရားစစ်သူကြီးရှင်သာရိပုတ္တရာ ဟောကြားပို့ချခဲ့သည့် ပိဋကပင် ဖြစ်ပါသည်။

**ပရမတ္ထဒေသနာ** ။ ။ အဘိဓမ္မာ တရားတော်များသည် ဝိနည်းကဲ့သို့ အာဏာကို အများဆုံး အသုံးပြုသည့် အာဏာ ဒေသနာမျိုး၊ သုတ္တန်ကဲ့သို့ ဝေနေယျတို့၏ အသိဉာဏ်နှင့် တိုက်ဆိုင်ညီညွတ်သည့် ဝေါဟာရအသုံးအနှုန်းများကို

အများဆုံး ဦးစားပေး ဟောကြားသော ဝေါဟာရ ဒေသနာမျိုး မဟုတ်ချေ။ အမှန်စင်စစ် ဖြစ်ပျက်နေသည့် ပရမတ္ထသဘာဝတရားများကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာ ဟောကြားတော်မူခဲ့သော "ပရမတ္ထဒေသနာ" မျိုး ဖြစ်ပေသည်။

**ယထာဓမ္မသာသနာ** ။ ။ သာသနာဆိုသည်မှာ ဘုရားရှင်တို့၏ အဆုံးအမ တရားတော်ဖြစ်သည်။ ဘုရားရှင်၏ အဆုံးအမတစ်ရပ်ဖြစ်သော အဘိဓမ္မာတရားတော်သည် ဝိနည်းအဆုံးအမ တရားတော်ကဲ့သို့ လွန်ကျူးသည့် အပြစ်အားလျော်စွာ ဆုံးမပညတ်ထားသည့် "ယထာပရာဓသာသနာ[၁]" မျိုးလည်းမဟုတ်။ သုတ္တန်အဆုံးအမ တရားတော်ကဲ့သို့ သတ္တဝါတို့၏ ဝါသနာ စရိုက်အားလျော်စွာ ဆုံးမလမ်းညွှန် သွန်သင်ထားသော "ယထာနုလောမသာသနာ[၂]" မျိုးလည်းမဟုတ်။ အမှန်စင်စစ် ခန္ဓာငါးပါး ရုပ်နာမ်ဓမ္မအစုဒ္ဓ ငါဟူသော မာနစွဲ၊ ငါ့ဥစ္စာဟူသော တဏှာစွဲ၊ အတ္တရှိ၏ဟူသော ဒိဋ္ဌိစွဲတို့ကို ဖြိုခွဲနိုင်၍ ရုပ်နာမ်နှစ်ဝ သဘာဝဓမ္မတို့၏ သဘာဝဖြစ်စဉ်ကို သိမြင်စေရန် သဘာဝ တရားအားလျော်စွာ ဆုံးမတော်မူသည့် "ယထာဓမ္မသာသနာ[၃]" မျိုး ဖြစ်ပေသည်။

**နာမရူပပရိစ္ဆေဒကထာ**။ ။ ပြစ်မှုကြီးငယ် အသွယ်သွယ်ကို မလွန်ကျူးမိစေရန် စောင့်ထိန်းနည်း အမျိုးမျိုးတို့ကို သတ်မှတ်ပညတ်ထားရာဖြစ်၍ ဝိနည်းတရားတော်ကို "သံဝရာသံဝရ ကထာ[၄]" ဟုခေါ်၏။

---

၁။ ယထာ = အားလျော်စွာ+အပရာဓ=အပြစ်+သာသနာ=အဆုံးအမ

၂။ ယထာ = အားလျော်စွာ+အနုလောမ=တရားနာသူနှင့်လျော်သည့်+သာသနာ= အဆုံးအမ

၃။ ယထာ = အားလျော်စွာ+ဓမ္မ=သဘာဝတရား+သာသနာ=အဆုံးအမ

၄။ သံဝရ = ငယ်သောစောင့်ထိန်းမှု+အသံဝရ=ကြီးသောစောင့်ထိန်းမှု+ကထာ=

**ဟောကြားအပ်သောတရား**

အယူဝါဒ အမျိုးမျိုးတို့ကို လက်ခံယုံကြည်ထားကြသည့် သမဏ ဗြာဟ္မဏတို့ သန္တာန်၌ ရစ်ပတ်ထုံးဖွဲ့နေသော မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့ကို ဖြေရှင်း ဟောကြားရာဖြစ်၍ သုတ္တန်တရားတော်ကို "ဒိဋ္ဌိဝိနိ ဝေဌန ကထာ"ဟု ခေါ်သည်။

အဘိဓမ္မာတရားတော်ကား ဝိနည်းတရား၊ သုတ္တန်တရားများနှင့် မတူ၊ ပုဂ္ဂိုလ်သတ္တဝါစသည့် အပေါ်ယံပညတ်ကို ဖောက်ထွင်း၍ အတွင်းဓာတ်ဖြစ်သည့် ရုပ်တရား နာမ်တရားနှစ်ပါးတို့ကို ကွဲကွဲပြား ပြား ပိုင်းခြားသိမြင်နိုင်စေရန် နည်းလမ်းအမျိုးမျိုးတို့ဖြင့် ဟောထား သည့် တရားတော်ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာတရားတော်သည် "နာမရူပ ပရိစ္ဆေဒကထာ" ဟူသော နာမည်ထူးကို ရပေသည်။

ဤသို့ သုတ်, ဝိနည်း, အဘိဓမ္မာဟူသော တရားသုံးမျိုးကို ဟောပုံ ဟောနည်းအားဖြင့်လည်းကောင်း (ဒေသနာ)၊ ဆုံးမပုံ ဆုံးမ နည်းအားဖြင့်လည်းကောင်း(သာသနာ)၊ ဟောကြားထားသည့် တရား တော်အားဖြင့်လည်းကောင်း (ကထာ) နှိုင်းယှဉ် ဝေဖန်ပြခြင်းသည် အဘိဓမ္မာတရားတော်၏ ထူးခြားသည့် ဂုဏ်အင်္ဂါများကို ပိုမို သိမြင် လာစေရန် ဖြစ်ပေသည်။

## "အဘိဓမ္မာ ၇-ကျမ်း"

**ကျမ်းအမည်များ** ။ ။ ထိုအဘိဓမ္မာတရားတော်သည် တစ်နေ့ရာတည်း ၌ တစ်ခုတည်းသော ပရိသတ်အား ဣရိယာ ပုတ် တစ်ခုတည်းဖြင့် ဆက်တိုက် ဟောကြားထားသည့် တရားရှည် ကြီးတစ်ပုဒ်ဖြင့်သော်လည်း ဟောပုံဟောနည်း ကွဲပြားခြားနားရကား

ဟောနည်းအားလျော်စွာ...

၁။ ဓမ္မသင်္ဂဏီ
၂။ ဝိဘင်း (ဝိဘင်္ဂ)
၃။ ဓာတုကထာ
၄။ ပုဂ္ဂလပညတ်(ပုဂ္ဂလပညတ္တိ)
၅။ ကထာဝတ္ထု
၆။ ယမိုက် (ယမက)
၇။ ပဋ္ဌာန်း (ပဋ္ဌာန)

ဟူ၍ ကျမ်းပေါင်း ၇–ကျမ်းရှိသည်။

**ဓမ္မသင်္ဂဏီ** ။ ။ ထိုတွင် ဓမ္မသင်္ဂဏီကျမ်းဆိုသည်မှာ ကုသိုလ်စသည့် သဘာဝတရားတို့ကို ကောင်းမွန်ပြည့်စုံစွာ ရေတွက်ပြသောကျမ်း(ဝါ) အကျဉ်းချုပ် ဟောတော်မူသောကျမ်းဖြစ်သည်။ (ဓမ္မ=သဘောတရား+သင်္ဂဏီ=ကောင်းစွာရေတွက်ပြခြင်း)။

ဓမ္မသင်္ဂဏီကျမ်း၌ စိတ်, စေတသိက်စသည့် သဘာဝတရားတို့ကို ဤရွေ့ဤမျှရှိသည်ဟု အပြည့်အစုံ ရေတွက်ပြထား၏။ အမှန်အားဖြင့် ဤကျမ်းသည် ကျန်အဘိဓမ္မာခြောက်ကျမ်းတို့၏ ခေါင်းစဉ်မာတိကာပင်ဖြစ်သည်။ ဓမ္မသင်္ဂဏီကျမ်း၌ ချမှတ်ထားသည့်ခေါင်းစဉ်မာတိကာအတိုင်း ကျန်အဘိဓမ္မာကျမ်းများကို ဝေဖန်ဟောကြားသည်။

မာတိကာစဉ်ရာ၌ ပရမတ်တရားတို့ကို သုံးစုသုံးပုံစု၍ တိကမာတိကာ၊ နှစ်စု နှစ်ပုံစု၍ ဒုကမာတိကာဟု မာတိကာနှစ်မျိုးစဉ်၍ဟောသည်။ ဒုကမာတိကာ၌လည်း အဘိဓမ္မာနည်း ဒုကမာတိကာ၊ သုတ္တန်နည်း ဒုကမာတိကာဟု နှစ်မျိုးခွဲဟောသည်။ တိက (တိက်)မာ

တိကာ ၂၂–ခုရှိ၍၊ ဒုက (ဒုက်) မာတိကာ ၁၄၂–ခုရှိသည်။

ယင်း တိက်, ဒုက်တို့ကို မူထား၍...

(၁) စိတ္တုပ္ပါဒကဏ္ဍ (စိတ်စေတသိက်ပိုင်း)

(၂) ရူပကဏ္ဍ (ရုပ်ပိုင်း)

(၃) နိက္ခေပကဏ္ဍ (မကျဉ်းမကျယ်ပိုင်း)

(၄) အဋ္ဌကထာကဏ္ဍ (အရကောက်ပိုင်း)

ဟူ၍ အပိုင်းကြီး လေးပိုင်းပိုင်းကာ ဟောတော်မူသည်။

ဓမ္မသင်္ဂဏီဟောနည်းမှာ မာတိကာခေါင်းစဉ်အားဖြင့် အကျဉ်းချုပ် ဟောသည်ဆိုသော်လည်း ဖဿ စသော နာမ်တရား၊ ပထဝီ စသော ရုပ်တရားတို့၏ အနက်အဓိပ္ပာယ်တို့ကို အမျိုးမျိုး အစားစားသော ဝေါဟာရ ပရိယာယ်တို့ဖြင့် ထပ်ဆင့်ဝေဖန် ဟောနည်းများလည်း ပါရှိပေသည်။

**ဝိဘင်း (ဝိဘင်္ဂ)** ။ ။ ပါဠိလို ဝိဘင်္ဂကို မြန်မာလို ဝိဘင်းဟုခေါ်သည်။ ခွဲခြမ်းစိတ်ဖြာ ဝေဖန်ပြသောကျမ်းဟု အဓိပ္ပာယ်ရသည်။ ဓမ္မသင်္ဂဏီကျမ်း၌ ရေတွက်ပြထားသည့် မာတိကာခေါင်းစဉ်အတိုင်း တိက် ၂၂–တိက်နှင့် ဒုက် ၁၀၀–ဒုက်တို့ကိုပင် ခန္ဓဝိဘင်း, အာယတနဝိဘင်း, ဓာတုဝိဘင်း, ဣန္ဒြိယဝိဘင်း, ပဋိစ္စသမုပ္ပာဒ်ဝိဘင်းစသည်ဖြင့် ခေါင်းစဉ်ကြီး ၁၈–ခုထားကာ သုတ္တန်နည်း, အဘိဓမ္မာနည်း, အမေးအဖြေနည်းဟူသော နည်းသုံးနည်းတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ အသေးစိတ် ဟောတော်မူသည်။

ဥပမာ–ဓမ္မသင်္ဂဏီကျမ်း၌ ဝေဒနာစေတသိက်ကို ၅–ပါး၊ ၆–ပါး၊ ၁၂–ပါးစသည်လောက်သာ ဝေဖန်ဟောထားသော်လည်း ဝိဘင်းကျမ်း၌မူ ဝေဒနာမျိုးပေါင်း (၁၀၇၀၇၆)ပါးအထိ ခွဲခြမ်းစိတ်ဖြာ၍ အသေးစိတ် ဟောကြားထားသည်။ သညာစေတသိက်ကိုလည်း

သညာပေါင်း (၁၂၂၉၆၄)ပါးအထိ ဝေဖန်ဟောကြားတားသည်။[၁]

**ဓာတုကထာ** ။ ။ ဝိဘင်းနည်းဖြင့် ဟောကြားပြီးနောက် ထိုတရားများကိုပင် ဓာတုကထာနည်းဖြင့် ဆက်လက်ဟောကြားပါသည်။ ဓာတုကထာကား ခန္ဓာစသော ဓာတ်တရားများကို "သင်္ဂဟော အသင်္ဂဟော"စသော နည်း ၁၄–နည်းတို့ဖြင့်တမျိုးဝေဖန်ဟောကြားသော ကျမ်းဖြစ်သည်။ (ဓာတု=ခန္ဓာစသော ဓာတ်တရား+ကထာ= ဟောကြားသောကျမ်း)။

ဟောပုံအကျဉ်းမှာ– ရူပက္ခန္ဓာကိုမူတည်လျှင် ရူပက္ခန္ဓာကို ခန္ဓာမည်မျှ၊ အာယတနမည်မျှ၊ ဓာတ်မည်မျှတို့ဖြင့် ရေတွက်ရမည်၊ မည်မျှသော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် မရေတွက်ဟုလည်းကောင်း၊ ရူပက္ခန္ဓာသည် ခန္ဓာမည်မျှ အာယတနမည်မျှ ဓာတ်မည်မျှ တို့ဖြင့် ယှဉ်သည်၊ မည်မျှသော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် မယှဉ်ဟုလည်းကောင်း အကျယ်ဝေဖန် ဟောကြားတော်မူသည်။

အမှန်အားဖြင့် ဓမ္မသင်္ဂဏီကျမ်း၌ ဟောကြားခဲ့သည့် တိက်, ဒုက်တို့ကိုပင် မူတည်၍ ခန္ဓာ ၅–ပါး၊ အာယတန ၁၂–ပါး၊ ဓာတ် ၁၈–ပါးတို့ကို နည်းပေါင်း ၁၄–နည်းတို့ဖြင့် စက်လှည့်ကာ ဟောကြားထားလေသည်။

**ပုဂ္ဂလပညတ်**။ ။ ဓာတုကထာနည်းဖြင့် ဟောကြားပြီးနောက် ပုဂ္ဂလပညတ်နည်းကို ဆက်လက်ဟောကြားပါသည်။

ပုဂ္ဂလပညတ်ဆိုသည်မှာ လူ၊ နတ်၊ ဗြဟ္မာ၊ ယောကျ်ား၊ မိန်းမ စသော ပုဂ္ဂိုလ် သတ္တဝါတို့ကို လူ၊ နတ်၊ ဗြဟ္မာ စသည်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ (ပုဂ္ဂလ=လူနတ်ဗြဟ္မာ စသော ပုဂ္ဂိုလ်+ပညတ်တိ = အမည်မှည့်ခေါ်ပညတ်ခြင်း)။

---

၁။ ဝိဘင်းပါဠိတော် မြန်မာပြန်။ ၁၁၂၊ ၁၄၅။

ဤပုဂ္ဂလပညတ်ကျမ်း၌ ခန္ဓာပညတ်, အာယတနပညတ်, ဓာတုပညတ်, သစ္စပညတ်, ဣန္ဒြိယပညတ်ဟူသော သဘာဝပညတ်ငါးမျိုးနှင့် ပုဂ္ဂလပညတ်ဟူသော အသဘာဝပညတ်၊ ပေါင်း ပညတ် ၆–မျိုးကို ဝေဖန်ဟောကြားပါသည်။ အခြားပညတ်များထက် ပုဂ္ဂိုလ်ပညတ်အကြောင်းကို အကျယ်ဝေဖန်ဟောကြားသောကြောင့် ဤကျမ်းကို ပုဂ္ဂလပညတ်ကျမ်းဟုခေါ်သည်။

ဓမ္မသင်္ဂဏီနည်း၊ ဝိဘင်းနည်း၊ ဓာတုကထာနည်းတို့ဖြင့် ဘုရားရှင် ဟောကြားသည့် တရားတော်များမှ ကုသိုလ်, အကုသိုလ်, အဗျာကတစသော ပရမတ္ထသဘာဝတရားသက်သက်တို့သာ ဖြစ်ပေသည်။ ထိုကျမ်းများ၌ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည့် ပညတ်တရားများကို ထင်ထင်ရှားရှား မဟောကြားခဲ့ပါချေ။ ထို့ကြောင့် အချို့နတ်ဗြဟ္မာများအဖို့ "ကမ္ဘာလောကကြီးမှာ ပရမတ် သဘာဝတရားချည်းသာ ရှိလေသလော၊ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဟူသော ပညတ်တရား မရှိလေသလော"ဟု သံသယဝင်လာနိုင်စရာ ရှိပေသည်။ ပညတ်ဆိုသည်မှာ အမှန်တရား မဟုတ်သောကြောင့် အသုံးကျသည့်တရားမျိုး မဟုတ်ဟူ၍လည်း ပရမတ်လွန်တစ်ဖက်စွန်းသို့ ရောက်သွားနိုင်ပေသည်။ ထို့ကြောင့် ဤသို့သော သံသယမျိုး၊ တစ်ဖက်စွန်းမျိုးသို့ မရောက်စေရန် ဤပုဂ္ဂလပညတ်ကျမ်းကို ဆက်ဟောရခြင်းဖြစ်ပေသည်။

လောက၌ ပရမတ္ထသဘောတရားချည်းသာ ရှိသည်မဟုတ်၊ ပုဂ္ဂလပညတ်စသည့် ပညတ်တရားများလည်း ရှိသေးသည်။ ထိုပညတ်တရားများသည် လောကီဘုံသား လူအများတို့ အညီအညွတ် အမှန်ပြု၍ ခေါ်ဝေါ်ပြောဆိုသော တရားဖြစ်သောကြောင့် သမုတိသစ္စာ အမှန်တရားမျိုးပင်ဖြစ်၏။ အကယ်၍ ပရမတ်တစ်ဖက်စွန်းသို့ရောက်

၍ အမိ, အဖ, ဆရာသမား, သားသမီး, မောင်နှမ၊ မိန်းမ, ယောကျ်ား စသည့် ပညတ်များကို ပယ်လိုက်လျှင် လောကကြီးတစ်ခုလုံး စည်းမဲ့ကမ်းမဲ့ ပရမ်းပတာလောကကြီး ဖြစ်သွားနိုင်သည်။

အမိအဖ ဆရာသမားတို့အား ကျေးဇူးဆပ်ခြင်း၊ ရိုသေလေးစားခြင်း၊ သားသမီးတို့အား ကျွေးမွေးပြုစု စောင့်ရှောက်ခြင်း၊ အသက်ကြီးသူတို့အား အရိုအသေပေးရခြင်း၊ ကျေးဇူးရှင်တို့အား ကျေးဇူးဆပ်ရခြင်း၊ လှူဒါန်းပေးကမ်းခြင်း၊ သူတစ်ပါးအသက်ကိုမသတ်ပါ စသည်ဖြင့် သီလဆောက်တည်ခြင်း၊ သတ္တဝါပညတ်ကို အာရုံပြု၍ မေတ္တာပို့မှုစသော သမထဘာဝနာ ပွားများခြင်းစသည်တို့သည် ပညတ်တရားအပေါ် အမှီပြု၍ ဖြစ်ကြရသည်။

အယုတ်ဆုံးအားဖြင့် ကုသိုလ် အကုသိုလ်, ခန္ဓာ, အာယတန, စသော အမည်များသည်ပင် ပညတ်တရားများ ဖြစ်ကြလေသည်။ ဤပညတ်တရားများ ကျေးဇူးကြောင့် ဘုရားရှင်လည်း တရားဟောတော်မူနိုင်၏။ နတ်ဗြဟ္မာများလည်း တရားနာယူနိုင်ကြ၏။ ဤသို့ ပညတ်တရားသည်လည်း သူ့နေရာနှင့်သူ အရေးပါ အသုံးဝင်ပေသည်။

တစ်လောကလုံး ရုပ်နာမ် ပရမတ်တရားချည်းဖြင့် တည်ဆောက်ထားသဖြင့် အယုတ် အလတ် အမြတ် မကွဲပြားဘဲ တပြေးညီစွာ တည်ရှိသည်ဟု မမှတ်ယူရချေ။ သီလရှိသောပုဂ္ဂိုလ်, သီလမဲ့သောပုဂ္ဂိုလ်, ယုတ်မာသောပုဂ္ဂိုလ်, မြင့်မြတ်သောပုဂ္ဂိုလ်, ကိလေသာထူသောပုဂ္ဂိုလ်, ကိလေသာနည်းသောပုဂ္ဂိုလ်, ကိလေသာမရှိသောပုဂ္ဂိုလ် စသည်ဖြင့် အမျိုးမျိုး အစားစား ကွဲပြားမှုကို ပညတ်တရားဖြင့် သတ်မှတ်ဖော်ပြရပေသည်။

ဤသို့ လောက လူမှုရေးနယ်၌ ပညတ်တရား၏ အရေးပါပုံ,

အမှန်တရားဖြစ်ပုံ, ဒါနအဆင့်၊ သီလအဆင့်၊ သမထဘာဝနာအဆင့် တို့၌ ပညတ်တရားကို မပယ်ရသေးပုံတို့ကို ဝေနေယျသတ္တဝါတို့ ထင်ရှားကွဲပြားအောင် ပုဂ္ဂလပညတ်နည်းဖြင့် ဆက်လက် ဟောကြား ရသည်။

**ကထာဝတ္ထု** ။ ။ ပုဂ္ဂလပညတ်ကျမ်းကို ဟောပြီးနောက် ကထာဝတ္ထုကျမ်းကို ဆက်ဟောပါသည်။ ကထာဝတ္ထု ဆိုသည်မှာ အယူဝါဒနှင့်ဆိုင်သော ပုဂ္ဂိုလ်ရေးရာစသော စကားတို့၏ တည်ရာဖြစ်သောကျမ်းဟု အဓိပ္ပာယ်ရ၏။ (ကထာ=အယူဝါဒနှင့် ဆိုင်သော စကား + ဝတ္ထု = တည်ရာ)။

ဘုရားရှင်သည် ဤကျမ်းကို အပြည့်အစုံ ဟောကြားခဲ့သည် မဟုတ်။ 'နောင်သောအခါ၌ ငါတပည့် ပညာရှိကြီး အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်သည် ဖြစ်ပေါ်လာမည့် သာသနာ့ အညစ် အကြေးတို့ကို ဆေးကြောသုတ်သင်ကာ တတိယသံဂါယနာ တင်ပေ လိမ့်မည်။ ထိုအခါ ထိုအရှင်သည် ရဟန်းသံဃာများအလယ်၌ သီတင်းသုံးလျက် မိမိဝါဒဘက်က သုတ်ပေါင်းငါးရာ၊ သူတစ်ပါး ဝါဒဘက်က သုတ်ပေါင်းငါးရာ၊ ပေါင်း သုတ်ပေါင်းတစ်ထောင် တို့ဖြင့် တန်ဆာဆင်ကာ ဤကျမ်းကို ဝေဖန် ဟောကြားလိမ့်မည်'ဟု မိန့်တော်မူပြီး နည်းရုံမာတိကာမျှကိုသာ ဟောကြားထားခဲ့ပေသည်။

ဘုရားရှင် ဗျာဒိတ်ထားတော်မူသည့်အတိုင်းပင် ဘုရားရှင် ပရိ နိဗ္ဗာန်ဝင်စံပြီးသည့်နောက် နှစ်ပေါင်း ၂၃၅–နှစ် ကြာသောအခါ ရှင်မဟာမောဂ္ဂလိပုတ္တမထေရ်သည် ရဟန္တာတစ်ထောင်တို့နှင့် အတူ တတိယ သံဂါယနာတင်ကာ ဤကထာဝတ္ထုကျမ်းကို ဘုရားရှင် ပေးခဲ့သောနည်းကို မှီ၍ ဝေဖန် ဟောကြားခဲ့ပေသည်။

ဤကတာဝတ္ထု ဟောနည်းမှာ ပြဿနာတစ်ရပ်ကို သူ့ဘက်

(ပရဝါဒီမိစ္ဆာဒိဋ္ဌိ)ကိုယ့်ဘက် (သကဝါဒီသမ္မာဒိဋ္ဌိ) အပြန်အလှန် အခြေအတင်မေးဖြေ ဟောပြောခြင်းဖြစ်သည်။ ဤကျမ်း၌ မူတည် ဆွေးနွေးဖြေရှင်းသည့် ပြဿနာရပ်ခေါင်းစဉ် (ကထာ)ပေါင်းမှာ ၂၂၆-ခု ရှိပေသည်။

ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာနည်းတို့ဖြင့် ပရမတ္ထတရား သက်သက်ကို ဟော၍ ပုဂ္ဂလပညတ်နည်းဖြင့် ပညတ်တရားကို ဟောကြားရာ မည်သည့်အတိုင်းအတာအထိ ပညတ်နည်းကို သုံး၍ မည်သည့်အတိုင်းအတာအထိ ပရမတ်နည်း သုံးရမည်ကို တရားနာ နတ်ဗြဟ္မာတို့ စိတ်၌ ဝေခွဲနိုင်မည်မဟုတ်၊ သံသယအမျိုးမျိုးဝင်၍ ပြဿနာမေးခွန်းအမျိုးမျိုး ပေါ်လာနိုင်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရား ဟောထားခဲ့သည့် သုတ္တန်ပါဠိတော် များ၌ မည်သည့်အရာကို ပရမတ္ထသဘာဝအထိ ယူရမည်၊ မည်သည့် အရာကို ပညတ်ယူရမည်ဟု ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာတို့ကို အယူမလွဲအောင် ဤကထာဝတ္ထုအဘိဓမ္မာနည်းဖြင့် ပြန်၍ညှိနှိုင်း ဟောကြားရပေသည်။

ဥပမာ- မိမိအကျိုးစီးပွားကိုကျင့်သော ပုဂ္ဂိုလ်သည် ရှိ၏ဟု ဘုရားဟောသုတ္တန်ရှိသောကြောင့် ပုဂ္ဂိုလ်သည် အမှန်တကယ်ရှိ၏ဟု ပရဝါဒီကဆို၏။

ထိုဟောကြားချက်မှာ သမ္မုတိသစ္စာအားဖြင့် ဟောကြားခြင်းဖြစ် ၍ ပုဂ္ဂိုလ်သည် သမ္မုတိသစ္စာအားဖြင့်သာ ရှိ၏။ ပရမတ္ထသစ္စာအား ဖြင့်ကား ပုဂ္ဂိုလ်ဆိုသည်မှာ လုံးဝမရှိဟု သကဝါဒီက ပြန်လည် ဖြေရှင်းပြခြင်းမျိုး ဖြစ်ပေသည်။

ယမိုက် ။ ။ ကထာဝတ္ထုကျမ်းကို ဟောတော်မူပြီးသည့်နောက် ယမိုက်ကျမ်းကို ဆက်လက် ဟောကြားပါသည်။

ယမိုက် ဆိုသည်မှာ ယမကဟူသော ပါဠိမှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်၍ "အစုံ"ဟု အဓိပ္ပာယ်ရသည်။ အနုလုံ၊ ပဋိလုံ။ အမေး၊ အဖြေ။ သန္နိဋ္ဌာန်၊ သံသယစသည်ဖြင့် အစုံအစုံ ဟောကြားထားသည့် ကျမ်းဟု ဆိုလိုပေသည်။ (ယမက=ယမိုက်=အစုံ)။

အမှန်စင်စစ် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ စသော တရားတို့ကို...

(က) ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊
(ခ) ဘုံဌာနအားဖြင့်လည်းကောင်း၊
(ဂ) ပုဂ္ဂိုလ်, ဘုံ နှစ်မျိုးရောသောအားဖြင့် လည်းကောင်း

ခွဲခြမ်းစိတ်ဖြာ ဝေဖန်ဟောကြားထားသည့် ကျမ်းဖြစ်ပေသည်။

ဘုရားရှင်သည် အထက်အဘိဓမ္မာ ငါးကျမ်းတို့ဖြင့် ပရမတ္ထတရားနှင့် သမုတိသစ္စာတရားနှစ်ပါးတို့ကို ပြည့်ပြည့်စုံ ဝေဖန်ပိုင်းခြားဟောကြားတော်မူလေသည်။ သို့ရာတွင် ပုဂ္ဂိုလ်သတ္တဝါဟူသော သမုတိသစ္စာတရားနှင့် ခန္ဓာ, အာယတန စသော ပရမတ္ထသစ္စာတရား ၂–ပါးတို့ အချင်းချင်း ဆက်သွယ်ကြပုံ၊ သုံးဆယ့်တစ်ဘုံဟူသော ဩကာသလောကကြီးနှင့် ထိုသစ္စာတရား ၂–ပါးတို့ ဆက်သွယ်ပုံတို့ကို ဟောရန် ကျန်နေပေသည်။ ထို့ကြောင့် ၎င်းတို့အချင်းချင်း မည်သို့မည်ပုံ ဆက်သွယ် တည်ရှိနေကြပုံကို ယမိုက်နည်းဖြင့် ဆက်လက်ဟောရခြင်း ဖြစ်ပေသည်။

**ပဋ္ဌာန်း** ။ ။ ယမိုက်ကျမ်းကို ဟောပြီးသည့်အခါ ပဋ္ဌာန်းကျမ်းကို နောက်ဆုံး ဟောကြားတော်မူပါသည်။ ပဋ္ဌာန=ဟူသော ပါဠိပုဒ်ကို မြန်မာလို ပဋ္ဌာန်းဟု ခေါ်ဝေါ်ခြင်းဖြစ်၏။ အမျိုးမျိုးသော အကြောင်းတရားများဟု အဓိပ္ပာယ်ရသည်။ (ပ=အမျိုးမျိုး

သော+ဌာန= အကြောင်းတရား)။

ပဋ္ဌာန်းကျမ်းတွင် ၂၄–ပါးသော အကြောင်းပစ္စည်းတရားတို့ကြောင့် စကြဝဠာလောကဓာတ်အတွင်းရှိ သဘာဝတရားတို့ ဖြစ်ပေါ်တည်ရှိနေပုံကို အပြည့်အစုံ ရှင်းလင်း ဟောကြားထားသည်။

ပုဂ္ဂိုလ် သတ္တဝါဟူသော သတ္တလောကသည်လည်းကောင်း၊ ရုပ်နာမ်တရားဟူသော သင်္ခါရလောကသည်လည်းကောင်း၊ ၃၁–ဘုံ ဟူသော ဩကာသ လောကသည်လည်းကောင်း မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်လာကြသနည်း။ တန်ခိုးရှင်တစ်ဦးက ဖန်ဆင်း၍ ဖြစ်လာကြသလော၊ အကြောင်းမဲ့ သက်သက် ဖြစ်လာကြသလောဟူသော ပြဿနာရပ်များကို ဖြေရှင်းရန် ဤ ၂၄–ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းအကျိုး ဆက်စပ်ဟောကြားရခြင်း ဖြစ်သည်။

လောကသုံးပါးသည် တန်ခိုးရှင်၏ ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာသည်လည်းမဟုတ်၊ အကြောင်းကင်း၍လည်း ဖြစ်ပေါ်လာသည်လည်းမဟုတ်၊ ရုပ်နာမ်တရားတို့အချင်းချင်း ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်လာကြခြင်းဖြစ်သည်ဟု အသေးစိတ် ဝေဖန်ရှင်းလင်းပြသော နည်း ဖြစ်သည်။

ဤသို့ ကုသိုလ်စသည့် ပရမတ္ထသဘာဝတရားများကို ဓမ္မသင်္ဂဏီနည်းဖြင့် စ၍ဟောလျှင် နောက်ဆုံး ပဋ္ဌာန်းနည်းဖြင့် ဟောပြီးမှသာ အဘိဓမ္မာတရားတော် ပြီးဆုံးလေသည်။

## အဘိဓမ္မာအဖွင့်ကျမ်းများ

အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အဘိဓမ္မာတရားတော်များသည် ပညတ်တည်းဟူသော အပေါ်ယံအကာများ ဖုံးအုပ်

နေသည့် ရုပ်နာမ် သဘောတရားများဖြစ်၍ နက်လည်း နက်ပေသည်၊ ခက်လည်းခက်ပေသည်။

ထို့ကြောင့် ရှေးရှေး အဘိဓမ္မာပါရဂူ ဆရာတော်ကြီးများသည် ပညာမျက်စိဖြင့် ပညတ်အပေါ်ယံ အလွှာကို ခွာ၍ ပရမတ်အတွင်း ဓာတ်သားအထိ ထိုးဖောက်သိမြင်နိုင်ရန် (ဝါ) အဘိဓမ္မာ သဘော တရားများကို လွယ်လွယ်ကူကူ သဘောပေါက် နားလည်နိုင်ရန် အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ အရကောက်၊ နိဿယ၊ မြန်မာပြန်စသည့် အဘိဓမ္မာအဖွင့်ကျမ်းပေါင်း များစွာတို့ကို ခေတ်အဆက်ဆက်တွင် နည်းအမျိုးမျိုးတို့ဖြင့် ဖွင့်ဆို ရေးသားခဲ့ကြ ပေသည်။

ထို အဖွင့်ကျမ်းများအနက် မြန်မာပြည်ပြု အဘိဓမ္မာအဖွင့်ကျမ်း တို့မှာ ပါဠိဘာသာအားဖြင့် ၄၃–ကျမ်း၊ နိဿယနှင့် မြန်မာပြန် ၁၁၂–ကျမ်း၊ အတွေတွေ ၁၇၈–ကျမ်းအားဖြင့် စုစုပေါင်း ၃၃၃– ကျမ်းအထိ ရှာဖွေတွေ့ရှိရပေသည်[၁]။

## ဗုဒ္ဓအဘိဓမ္မာစေတသိက်များ အဖွင့်ကျမ်း

**ရည်မှန်းချက်များ** ။ ။ သာသနာရေးဦးစီးဌာန သုတေသနနှင့်ကျမ်း ပြုဌာနခွဲ ကျမ်းပြုဌာနစု (ဘာသာပြန်)က ပြုစုသည့် ဤဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်ကျမ်းသည်လည်း အဘိဓမ္မာအဖွင့်ကျမ်းတစ်ကျမ်းပင် ဖြစ်ပါသည်။ ဤအဖွင့်ကျမ်းသည် ရှေးရှေးအဘိဓမ္မာ အဖွင့်ကျမ်းများနှင့် အဖွင့်ကျမ်းချင်းတူသော်လည်း ဖွင့်နည်းဖွင့်ဟန် အလွန်ခြားနားပါသည်။

---

၁။ အဘိဓမ္မာသမိုင်းချုပ်(နှာ–၆၈)၌ ကျမ်းအမည်များ ဖော်ပြထားသည်။

"ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့်"ဟူသော နာမည်အရ အဘိဓမ္မာပိဋကတ်၌ လာရှိသည့် လောဘ၊ ဒေါသ၊ မောဟစေတသိက် တရားများကို ထူးခြားသော အစီအစဉ်ဖြင့် ဖွင့်ဆိုထားသည့် ကျမ်း ဖြစ်သည်။ ဤကဲ့သို့သော အဖွင့်ကျမ်းမျိုး ရေးက တစ်ကြိမ်တစ်ခါမျှ မပေါ်ခဲ့ဖူးသေးချေ။

ဤအဖွင့်ကျမ်းကို ပြုစုထုတ်ဝေရာ၌ သာသနာရေးဦးစီးဌာန အနေဖြင့် ပဓာန ရည်မှန်းချက်ကြီး(၅)ချက် ထားရှိပါသည်။ ယင်း ရည်မှန်းချက်ကြီးများမှာ...

(၁) ဤကျမ်းကို ဖတ်ရှုလေ့လာသူများအဖို့ လောဘ ဖြစ်စရာ၊ ဒေါသဖြစ်စရာ အာရုံများနှင့် တွေ့ကြုံရသည့်အခါ လော ဘ, ဒေါသ အကုသိုလ်တရားတို့ မဖြစ်ပွားအောင် စိတ်ကို ထိန်းတတ်သိမ်းတတ်ရန်။

(၂) သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့မှ ကင်းစင်၍ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် အမြင်သန့်ရန်။

(၃) ရုပ်နာမ်တို့ကို မသိမြင်သော အန္ဓ(အကန်း) ပုထုဇဉ် အဆင့်မှ ရုပ်နာမ်သိမြင်သည့် ကလျာဏ(အကောင်း) ပုထုဇဉ်အဆင့်သို့ တက်လှမ်းနိုင်ရန်။

(၄) ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်၍ စူဠသောတာပန် ဖြစ်ရန်။

(၅) ပင်္ဂိသမ္ဘိဒါဉာဏ်အတွက် ပါရမီမျိုးစေ့ရရှိရန်တို့ ဖြစ်ပါ သည်။

## ၁။ အကုသိုလ်မဖြစ်အောင် စိတ်ကို ထိန်းသိမ်းနိုင်ခြင်း

**စိတ်အရေးပါပုံ** ။ ။ ဤရည်မှန်းချက်ကြီး ၅–ခုအနက် အမှတ်(၁) ရည်မှန်းချက်ကို ရှင်းပြပါမည်။ လောကတွင်

ရှိရှိသမျှ သင်္ခါရတရားများကို အနှစ်ချုပ်လိုက်လျှင် ရုပ်နှင့်နာမ် နှစ်မျိုးသာရှိ၏။ ရုပ်နာမ်မှတစ်ပါး ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိချေ။ ထိုနှစ်မျိုးတွင် ရုပ်တရားသည် အာရုံကိုမယူနိုင်၊ မသိနိုင်သဖြင့် အကန်းနှင့်တူ၏။ နာမ်တရားကား အာရုံကို ယူနိုင် သိနိုင်သော်လည်း စားခြင်း, သောက်ခြင်း, သွားခြင်း, လာခြင်း, ရပ်ခြင်း, ထိုင်ခြင်း စသည်တို့ကို မပြုလုပ်နိုင်သောကြောင့် အကျိုးနှင့်တူ၏။ ထိုတရားနှစ်မျိုးတို့သည် သူ့နေရာနှင့်သူ ပဓာန ဖြစ်ကြသော်လည်း အကန်းနှင့်တူသော ရုပ်တရားကို အကျိုးနှင့်တူ ဂသော နာမ်တရားက အမြဲရှေ့ဆောင်လျက်ရှိသည်။

နာမ်တရားများတွင် စိတ်သည် ပဓာနအကျဆုံးဖြစ်၏။ အတူဖြစ် ဖော်ဖြစ်ဖက် နာမ်တရားများ၏ ခေါင်းဆောင် အကြီးအကဲ ဖြစ်သည်။ စိတ်ညစ်နွမ်းလျှင် သတ္တဝါများအညည် ညစ်နွမ်းကြရသည်။ စိတ်ဖြူစင်သန့်ရှင်းလျှင် သတ္တဝါများ သန့်ရှင်း စင်ကြယ်ကြရသည်။ စိတ်တခုတည်းကို သတိဖြင့် စောင့်ရှောက် ထိန်းသိမ်းထားနိုင်လျှင် အကုသိုလ် ဒုစရိုက်တရားများ မဖြစ်ပွားနိုင်၊ သံသရာဝဋ်ဒုက္ခမှ မုချ လွတ်မြောက်နိုင်၏။ ဤသို့ စသည်ဖြင့် စိတ် အလွန်အရေး ပါပုံကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဒုတိယ ဂဒ္ဒုလ ဗန္ဓသုတ်နှင့် တိကအင်္ဂုတ္တိုရ်ပါဠိတော်၊ အရက္ခိတသုတ်တို့၌ ရှင်တော်ဘုရား ဟော ကြားထားပေသည်။ ဤအချက်နှင့် ပတ်သက်၍ ဗုဒ္ဓရှင်တော်ဘုရား ၏ ဩဝါဒဒေသနာတော်တစ်ခု သတိပြုနိုင်ရန် တင်ပြပါမည်။

**ရဟန်းဘဝတွင် စောင့်ထိန်းရမှုများလှသဖြင့် လူထွက်လိုသောရဟန်း** ။ ။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်

သား သူဌေးသား တစ်ယောက်သည် မိမိကိုးကွယ် ဆည်းကပ်နေ

သည့် ဆရာမထေရ်အား…

အရှင်မြတ်ဘုရား…တပည့်တော်သည် ဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်လိုပါသည်။ ဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်းတရား တစ်ခုကို တပည့်တော်အား ဟောကြားတော်မူပါဟု လျှောက်ထား၏။

ဆရာမထေရ်က "ဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်လိုလျှင် စာရေးတံ ဆွမ်းကို ကပ်လှူရမည်၊ လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ ဆွမ်းကပ်လှူရမည်။ ဝါဆိုသင်္ကန်းကိုလည်း ကပ်လှူရမည်။ သင်္ကန်းစသော ပစ္စည်းတို့ကိုလည်း ကပ်လှူရမည်။ မိမိ၏ ရှိပစ္စည်းကို သုံးပုံပုံ၍ တစ်ပုံကို ဘုရားသာသနာတော်သို့ လှူဒါန်းရမည်။ တစ်ပုံကို ရောင်းဝယ်မှု၌ အရင်းအနှီးပြု၍ ကျန်တစ်ပုံကို သားမယားလုပ်ကျွေးမှု၌ အသုံးချရမည်"ဟု ညွှန်ကြားလေသည်။

သူဌေးသားသည် ဆရာမထေရ် အမိန့်ရှိသည့်အတိုင်း အားလုံးကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ထိုအလှူဒါနများထက်ပို၍ အခြားမည်သည့်ကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်ရပါဦးမည်နည်းဟု လျှောက်ထားပြန်သည်။

ဆရာမထေရ်က "သရဏဂုံသုံးပါးကို ဆောက်တည်၍ ငါးပါးသီလကို ခံယူကျင့်သုံးရမည်"ဟု အမိန့်ရှိ၏။

သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခံယူဆောက်တည်ပြီးသည့်အခါ၌လည်း ထိုကုသိုလ်အပြင် အခြား မည်သည့်ကုသိုလ်မျိုးကို ပြုလုပ်ရပါမည်နည်းဟု လျှောက်ထားပြန်၏။

ဆရာမထေရ်က "ဆယ်ပါးသီလကို ခံယူဆောက်တည်ရန်" ညွှန်ကြား၍ ဆယ်ပါးသီလကို ခံယူဆောက်တည်ပြန်လေသည်။

ထိုသူဌေးသားသည် ဆရာမထေရ် ညွှန်ကြားသကဲ့သို့ အစဉ်

အတိုင်း ကုသိုလ်ကောင်းမှုကို တစ်ခုပြီးတစ်ခု ပြုလုပ်သည်။ ထို့ကြောင့် ထိုသူဌေးသားကို အနုပုဗ္ဗသူဌေးသားဟု ခေါ်ဝေါ်ကြသည်။ (အနုပုဗ္ဗ=အစဉ်အတိုင်း ကုသိုလ်ပြုသူ)။

ထို့နောက် ဆရာမထေရ်အား ရှေးနည်းအတိုင်း လျှောက်ထားပြန်ရာ ဆရာမထေရ်က ရဟန်းပြုရန် ညွှန်ကြားတော်မူလိုက်လေသည်။ သူဌေးသားသည်လည်း ဆရာမထေရ်ညွှန်ကြားသည့်အတိုင်း ရဟန်းပြုလေသည်။

ထိုသူဌေးသားရဟန်း၏ ဥပဇ္ဈာယ်ဆရာကား ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သည့် ဝိနည်းဓိုရ်ဆရာတော်တပါးဖြစ်၏။ နိဿယည်းဆရာမှာမူ အဘိဓမ္မာအရာ၌ လိမ်မာကျွမ်းကျင်သည့် အဘိဓမ္မာဆောင် ဆရာတော်တပါးဖြစ်သည်။

သူဌေးသားရဟန်းသည် ဥပဇ္ဈာယ်ဆရာထံတော်ပါးသို့ ချဉ်းကပ်သွားသည့်အခါ ဥပဇ္ဈာယ်ဆရာတော်က ရဟန်းများ မပြုလုပ်ကောင်းသည့် အသွားအလာ, အနေအထိုင်, အပြောအဆို, အစားအသောက်, အဝတ်အရုံ စသည်တို့ကို ဝိနည်းဥပဒေရှိသည့်အတိုင်း သွန်သင်ဆုံးမ၏။ နိဿယည်း ဆရာထံရောက်သည့်အခါ၌လည်း ဘုရားသာသနာတော်တွင် ရှောင်ကြဉ်ရမည့် အမှုကိစ္စ ပြုလုပ်ရမည့် အမှုကိစ္စတို့ကို အဘိဓမ္မာတရားတော်၌ လာရှိသည့်အတိုင်း ဩဝါဒပေးတော်မူသည်။

ဤသို့ ရဟန်းဘဝတွင် ရှောင်ကြဉ်ရမည့်အရာ ဆောင်ရမည့်အရာတို့ကို ဥပဇ္ဈာယ်ဆရာက ဝိနည်းဥပဒေဖြင့်တစ်မျိုး နိဿယည်းဆရာက အဘိဓမ္မာနည်းဖြင့် တစ်ဖုံ၊ ဆုံးမဩဝါဒ ပေးတော်မူကြသည်ကို ကြားနာရသည့်အခါ သူဌေးသားရဟန်းမှာ အလွန်စိတ်ရှုပ်သွားပေတော့သည်။ ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်မြတ်ကြီးကို အကျဉ်းထောင်ကြီးအဖြစ်မြင်၍ ရဟန်းဘဝကို ထောင်သားအသွင်

ထင်သွားဟန်ရှိပေသည်။

ဤရဟန်းအလုပ်ကား အလွန်တာဝန်ကြီးလေစွတကား။ ငါသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်လို၍ ရဟန်းပြုခဲ့သည်။ ယခုဤရဟန်းဘဝသည် လက်ဆန့်တန်းဖို့နေရာပင်မရှိလောက်အောင် ကျဉ်းမြောင်းလှ၏ (ဝါ) လက်ကိုပင် မဆန့်ရဲအောင် ကျပ်တည်းလှ၏။ လူ့ဘဝကပင် ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် လုပ်နိုင်ပေလိမ့်ဦးမည်။ ငါလူထွက်မှတော်မည်ဟု အကြံ ဖြစ်လေသည်။

ထိုအချိန်မှစ၍ ထိုရဟန်းကား ရဟန်းဘဝကို စိတ်အပျက်ကြီးပျက်သွား၏။ သာသနာတော်၌ လုံးဝမပျော်ပိုက်တော့ချေ။ ကမ္မဋ္ဌာန်းကိုလည်း မစီးဖြန်းနိုင်။ စာပေပရိယတ္တိကိုလည်း မသင်ယူနိုင်။ တမှိုင်မှိုင်တတွေတွေ ဖြစ်နေပေရာ တဖြည်းဖြည်း ပိန်ချုံးလာ၏။ အကြောများပင် အပြိုင်းပြိုင်းထလာ၏။ ပွေးနာယားနာများလည်း တစ်ကိုယ်လုံးပေါက်လာလေသည်။

တစ်နေ့တွင် ထိုရဟန်း၏ ဖြစ်ပုံကို သတိထားမိသော သာမဏေငယ် ကလေးတစ်စုက...

"အရှင်ဘုရားမှာ အားနည်းတဲ့ရောဂါရှိပုံရတယ်။ ပိန်လည်းပိန်တယ်။ အသားအရေလည်း ခြောက်တယ်။ အကြောတွေလည်း အထင်းသားပေါ်နေတယ်။ ပျင်းတဲ့လူတွေမှာ ပေါက်လေ့ရှိတဲ့ ဝဲနာ ပွေးနာတွေလဲ ပေါက်နေတယ်။ တမှိုင်မှိုင်တတွေတွေလည်း ဖြစ်နေတာ တွေ့ရပါတယ်။ အရှင်ဘုရား ဘယ်အလုပ်ကို ပြုမိပါသလဲ"ဟု ဝိုင်းမေးကြ၏။

သူငြေးသားရဟန်းက ရဟန်းဘဝကို စိတ်ပျက်ပုံ၊ သာသနာတော်မှာနေရတာ မပျော်ပိုက်ပုံတို့ကို အကြောင်းနှင့်တကွ ရှင်းပြလိုက်

လေသည်။

ထိုအခါ ကိုရင်ကလေးများသည် ထိုရဟန်း၏ ဥပဇ္ဈာယ်ဆရာနှင့် နိဿယည်းဆရာတို့ထံသွား၍ ထိုရဟန်း၏အကြောင်းကို လျှောက်ကြလေသည်။ ဆရာနှစ်ပါးတို့သည် တပည့်ရဟန်းကို ဗုဒ္ဓရှင်တော်ဘုရားထံခေါ်ဆောင်သွား၍ အဖြစ်အပျက်အလုံးစုံကို လျှောက်ထားကြလေသည်။

မြတ်စွာဘုရားသည် ထိုသူဌေးသားရဟန်းအား ကိုယ်တော်တိုင်စစ်မေးတော်မူပြီး...

"ချစ်သား သင်သည် တရားအများကြီးကို စောင့်ထိန်းနေ စရာမလို၊ တစ်ပါးတည်းကိုသာ စောင့်ထိန်းရမည်။ အဲဒီတရားတစ်ပါးကို စောင့်ထိန်းနိုင်မည်လား"ဟု မေးတော်မူ၏။

ရှင်တော်မြတ်ဘုရား တရားတစ်ပါးဆိုသည်မှာ ဘယ်လို တရားမျိုးပါလဲဘုရားဟု လျှောက်၏။

တရားတစ်ပါးဆိုသည်မှာ သင်ချစ်သား၏ စိတ်တစ်ခုတည်းပင်ဖြစ်သည်။ သင့်စိတ်ကို စောင့်ထိန်းနိုင်မည်လား။

စောင့်ထိန်းနိုင်ပါမည် မြတ်စွာဘုရား။

ဒီလိုဆိုလျှင် "သင်ချစ်သားရဲ့ စိတ်တစ်ခုတည်းကို စောင့်ထိန်းပေလော့၊ ဆင်းရဲဒုက္ခအားလုံးမှ မကြာမီလွတ်မြောက် သွားပေမည်"ဟု ညွှန်ကြားတော်မူကာ အောက်ပါဆုံးမဩဝါဒကို ပေးတော်မူပါသည်။

အလွန်အကဲ၊ မြင်နိုင်ခဲတည့်၊ ကြည့်လဲမမြင်၊ ရှာလျှင်မရ၊ သိမ်မွေ့လှသည့်၊ ငါးဝအာရုံ၊ ကာမဂုဏ်လျှင်၊ ခုံမင်ပျော်မွေ့၊ ကျရောက်လေ့ရှိ၊ စိတ်အသိကို၊ ပဏ္ဍိမည်မှတ်၊ ပုဂ္ဂိုလ်မြတ်သည်၊ မလပ်မကွာ၊ စောင့်ရှောက်ရာ၏။ စောင့်

ကာတားဆီး၊ လုံခြုံပြီးငြား၊ စိတ်တရားသည်၊ ထက်များ
ဟုဆို၊ မင်္ဂလိုလ်နိဗ္ဗာန်၊ သုံးတန်သတ်မှတ်၊ ချမ်းသာမြတ်ကို၊
ဆတ်ဆတ်မသွေ ဆောင်သတည်း။

**သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။**
**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။**

ဤဒေသနာတော်အဆုံး၌ ထိုသူဌေးသားရဟန်းနှင့်တကွ များစွာသော ပရိသတ်တို့သည် သောတာပန်တည်သွားကြပေသည်[၁]။

**စိတ်နှင့်စေတသိက်။ ။** ဤသို့စိတ်သည် အလွန်အရေးပါသည်။ စိတ်တစ်ခုတည်းကို ချုပ်ထိန်းနိုင်ပါလျှင် (ဝါ) ယဉ်ကျေးအောင် ဆုံးမထားနိုင်လျှင် ဒန္တ–ဆုံးမထားသဖြင့် ယဉ်ကျေးပြီးသော၊ စိတ္တံ–စိတ်သည်၊ သုခါဝဟံ–မင်္ဂလိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ဆောင်နိုင်၏ (စိတ္တံဒန္တံ သုခါဝဟံ)ဟု ဘုရားရှင်ဟောတော်မူထားသည့်အတိုင်း ချမ်းသာသုံးပါးကို ရရှိနိုင်ပေသည်။

သတ္တဝါများ၌ ပဋိသန္ဓေတည်လာကတည်းက ပါလာခဲ့သော ထိုစိတ်သည် ပင်ကိုသဘာဝအားဖြင့် ညစ်ကြေးမတင် အလွန် ဖြူစင်သန့်ရှင်းလျက်ရှိပေသည်။ ယင်းသို့ ဖြူစင်သန့်ရှင်းသော သဘောရှိသောကြောင့် ထိုစိတ်ကို ဓမ္မသင်္ဂဏီပါဠိတော်၌"ပဏ္ဍရ[၂]"ဟု ဟောထား၏။ သို့ရာတွင် စိတ်၏ သန့်ရှင်းစင်ကြယ်ခြင်းသည် ထာဝစဉ်တည်မြဲမှုမရှိချေ။ (ဝါ) ထိုသန့်ရှင်းစင်ကြယ်သည့်ဘဝင်စိတ် အတိုင်း အမြဲထားရန် မဖြစ်နိုင်ချေ။ မိမိကို အခိုက်အတန့်အားဖြင့် လာမိကြသည့် ဧည့်သည် (အာဂန္တုက)စေတသိက်တရားများကြောင့် ညစ်နွမ်းသည့်အခါ ညစ်နွမ်းရလေသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဏိဟိတအစ္စဝဂ်၌...

၁။ ဓမ္မပဒ။၁။၁၈၉။ ၂။ ပဏ္ဍရ = ဖြူစင်သောသဘော။

"ရဟန်းတို့- ဤဘဝင်စိတ်သည် ဖြူစင်သန့်ရှင်းသောကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ရှိ၏။ ထိုစိတ်သည်ပင်(ဇောခဏ၌) ညှိုသည့် အာဂန္တုက ဖြစ် ကုန်သော (ဝါ) အခိုက်အတန့်အားဖြင့် လာမိုကြကုန်သော၊ ညစ်ညူးကြောင်း ကိလေသာတရားတို့ကြောင့် ညစ်နွမ်းရပေသည်"ဟုလည်းကောင်း...

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၁၂၃)၌လည်း...

"ရဟန်းတို့ ဤစိတ်ကို ရာဂ၊ ဒေါသ၊ မောဟတို့က ညစ်ညူးအောင် ပြုထားသည်မှာ အချိန်ကြာလှပြီဟု အမြဲမပြတ် မိမိစိတ်ကို ဆင်ခြင်ရမည်"ဟုလည်းကောင်း...

ဟောတော်မူထားပေသည်။

မှန်ပါသည်။ စိတ်ညစ်နွမ်းမှုသည် လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်စေတသိက်များကြောင့်ဖြစ်၏။ စေတသိက်ဆိုသည်မှာ သူ့ချည်းသက်သက်ဖြစ်လာနိုင်၊ အာရုံကိုယူနိုင်သောတရားမျိုး မဟုတ်။ စိတ်ဖြစ်ပေါ်လာမှ စိတ်ကိုမှီ၍ အာရုံကိုယူနိုင်သောတရားမျိုးဖြစ်သည်။ စိတ်နှင့်တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်၍ စိတ်မှီသော ဝတ္ထုရုပ်ကိုမှီကာ စိတ်ယူသော အာရုံကိုသာ ယူနိုင်ကြသည်။ ပင်ကို ပကတိ ဖြူစင်သန့်ရှင်းနေသည့် စိတ်အစဉ်တွင်၊ ဇောခဏ၌ ညစ်နွမ်းသည့် လောဘ, ဒေါသစသော စေတသိက်များ ပူးဝင်ယှဉ်တွဲခဲ့လျှင် စိတ်အစဉ်သည် ညစ်နွမ်းသွားရသည်။

ထို့ကြောင့် စိတ်အစဉ်တွင် လောဘ, ဒေါသ, မောဟ စသော စေတသိက်များ မဝင်လာအောင် ထိန်းသိမ်းတတ်ရန် အလွန်အရေးကြီး၏။ လောဘ, ဒေါသ, မောဟ ဖြစ်စရာအာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ၌ လောဘ, ဒေါသ, မောဟတို့ မဖြစ်အောင်

ထိန်းသိမ်းထားနိုင်မှသာ စိတ်အစဉ် ဖြူစင် သန့်ရှင်းနေပေမည်။

ဤကျမ်း၌ လောဘ, ဒေါသ, မောဟဟူသောတရားဆိုး သုံးပါးတို့က မကောင်းကျိုး အမျိုးမျိုးတို့ကို ဖန်တီးပေးပုံနှင့် ထိုတရားဆိုး သုံးမျိုးတို့ မဖြစ်အောင် ထိန်းသိမ်းနည်းများ၊ ပယ်သတ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလမ်းညွှန်ထားပါသည်။ ထိုနည်းများ အတိုင်း လိုက်နာကျင့်သုံးပါက အကုသိုလ်စိတ် အဖြစ်နည်းအောင် မိမိစိတ်ကို ထိန်းနိုင်သိမ်းနိုင်လာမည်။ တစ်ချိန်တည်းမှာပင် ကုသိုလ် တည်းဟူသော စိတ်ကောင်း စိတ်မွန်များကို တစ်စတစ်စ ပြုစု ပျိုးထောင် တတ်လာမည်။

ဤသို့ ဒေါသ, သောကတို့ ဖြစ်ဖွယ်ရာ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရသည့်အခါ ဒေါသ, သောကစသည့် အကုသိုလ်တရားများ မဖြစ်ပွားအောင် စိတ်ကို ထိန်းသိမ်းနိုင်သည့်နေရာ၌ "မလ္လိကာ"ခေါ် ဗန္ဓုလစစ်သူကြီးကတော်ကို စံနမူနာယူသင့်ကြ၏။

**အတုယူစရာ မလ္လိကာ** ။ ။ ဗန္ဓုလစစ်သူကြီးကား သာဝတ္ထိပြည် ပသေနဒီ ကောသလမင်းကြီး၏ စစ်သူကြီးဖြစ်သည်။ ဘုရင်၏ ငယ်သူငယ်ချင်းဖြစ်သည့်အပြင် လက်ရုံးရည် နှလုံးရည်တို့နှင့် အလွန်ပြည့်စုံသူ ဖြစ်သောကြောင့် ဘုရင်ကိုယ်တိုင် စစ်သူကြီးအရာထား၍ အားပေးမြှောက်စားခြင်းကို ခံရသူဖြစ်သည်။ ထိုဗန္ဓုလစစ်သူကြီး၏ ဇနီးကားမလ္လိကာ ဖြစ်သည်။ မလ္လိကာ၌ ဖခင်ကဲ့သို့ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် သားသုံးကျိပ်နှစ်ယောက် ထွန်းကားသည်။

တစ်နေ့တွင် မတရားအဆုံးအဖြတ်ခံရသည့် တရားရှုံးသူများ၏ တိုင်တန်းချက်အရ ဗန္ဓုလစစ်သူကြီးကိုယ်တိုင် တရားစီရင်ရေးကို ဝင်ရောက်ကိုင်တွယ်ရာ ပြည်သူတို့၏ နှစ်သက်လေးစားမှုကို ရရှိခဲ့

သည်။ထို အကြောင်းကို မင်းကြီးကြားသိသဖြင့် လာဘ်စား၍ တရားဆုံးဖြတ်သည့် အမတ်များကို ရာထူးမှ နုတ်ပယ်ပစ်လိုက်သည်။ တရားစီရင်ရေးကိုလည်း ဗန္ဓုလစစ်သူကြီးအား လုံးဝအပ်နှင်းလိုက်၏။

ထိုအခါ ရာထူးချခံရသည့် အမတ်ဟောင်းများသည် စစ်သူကြီး ဗန္ဓုလအား ရန်ငြိုးဖွဲ့ကြတော့သည်။ သူတို့သည် အခြေအနေ ပေးသည်နှင့် "စစ်သူကြီးဗန္ဓုလသည် မင်းဖြစ်ရန် ကြိုးစားနေပါသည်"ဟု မင်းကြီးအား ချောပစ်ကုန်းတိုက်ကြသည်။ မင်းကြီးသည် ထိုသူတို့၏ စကားကို ယုံကြည်ပြီး စစ်သူကြီးဗန္ဓုလကို သားသုံးကျိပ်နှစ်ယောက်နှင့်အတူ သတ်ဖြတ်ရန် စီမံလေသည်။

မင်းကြီး၏ စီမံချက်ကား စစ်သူကြီးကို ဤသာဝတ္ထိပြည်ထဲတွင် သတ်ပါက ပြည်သူလူထု၏ အကဲ့ရဲ့ကို ခံရမည်။ သို့အတွက် ရွာစွန်များ၌ သူပုန်ထဟန်ပြုစေ၍ ထိုသူပုန်များကို သားများနှင့်အတူ သွားရောက်နှိမ်နင်းရန် ဗန္ဓုလကို တာဝန်ပေးမည်။ တာဝန် ထမ်းဆောင်ရာမှအပြန် မြို့ပြင်တွင် ဗန္ဓုလစစ်သူကြီးကို သားသုံးကျိပ်နှစ်ယောက်နှင့်အတူ လုပ်ကြံသတ်ဖြတ်ရန် အခြားသူရဲကောင်းများကို တာဝန်ပေးမည်ဟူ၍ ဖြစ်သည်။

ထိုစီမံချက်အတိုင်း အမိန့်ပေး ပြုလုပ်စေရာ လုပ်ကြံသတ်ဖြတ်မှုကြီး ထမြောက်အောင်မြင်သွားခဲ့သည်။ ထိုလုပ်ကြံသည့်နေ့၌ပင် မလ္လိကာသည် အဂ္ဂသာဝကကြီးနှစ်ပါးနှင့်အတူ ရဟန်းငါးရာကို ဆွမ်းကပ်ရန် ပင့်ဖိတ်ထား၏။ ထိုနေ့နံနက်စောစော၌ စစ်သူကြီးကတော် မလ္လိကာထံသို့ အကြောင်းကြားစာတစ်စောင် ရောက်လာသည်။ ထိုစာကား "သင်၏သား သုံးကျိပ်နှစ်ယောက်တို့နှင့်အတူ အရှင်သခင် စစ်သူကြီးဗန္ဓုလ၏ ဦးခေါင်းကို ဖြတ်လိုက်ကြပြီ"ဟူ၍

ဖြစ်၏။

မလ္လိကာသည် ထိုအကြောင်းကို မည်သူ့အားမျှ အသိမပေးဘဲ စာကို ရင်ခွင်၌ သိမ်းကာ ရဟန်းသံဃာများကိုသာ ဣန္ဒြေရရ ဆွမ်းကျွေး ပြုစုနေလေသည်။ မလ္လိကာ၏ အလုပ်အကျွေး အိမ်ဖော် အမျိုးသမီးကလေးများသည် ဆွမ်းကပ်ပြီး၍ ထောပတ်အိုးများကို သယ်ယူလာကြစဉ် သံဃာတော်များ ရှေ့မှာပင် ထောပတ်အိုးကျကွဲ သွား၏။ ထိုအခါ တရားစစ်သူကြီး အရှင်သာရိပုတ္တရာက "ကွဲတတ် ပျက်တတ်တဲ့ သဘောတရားသည် ကွဲရပျက်ရ၏။ ဟိုဟိုဒီဒီ မကြံ မစည် မတွေးတောရ"ဟု ဆုံးမတော်မူလိုက်သည်။

ထိုအခါ မလ္လိကာက ရင်ခွင်မှစာကိုထုတ်၍ "အရှင်မြတ်ဘုရား သားသုံးကျိပ်နှစ်ယောက်နှင့်အတူ ဖခင်ဖြစ်သူ စစ်သူကြီး ဗန္ဓုလရဲ့ ဦးခေါင်းကို ဖြတ်လိုက်ကြပြီဆိုတဲ့ ဒီစာကို ယခုမနက်ပဲ တပည့်တော်မ ရရှိခဲ့ပါတယ်။ ဒါပေမဲ့ တပည့်တော်မမှာ တစ်စုံ တစ်ရာ စိုးရိမ်ပူဆွေး တွေးတောကြံစည်ခြင်းမရှိပါ။ ဒီထောပတ်အိုး ကလေး ကွဲသည့်ကိစ္စမှာ အဘယ်မှာ တွေးတောကြံစည်ပါ့မလဲ ဘုရား"ဟု လျှောက်ထားသည်။ ထို့နောက် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဆွမ်းအနုမောဒနာ တရားဒေသနာ ချီးမြှင့်၍ သံဃာတော်များနှင့်အတူ ကျောင်းတော်သို့ ပြန်ကြွသွားလေသည်။

စစ်သူကြီးကတော်မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို ခေါ်ပြီး "ချစ်သမီးတို့ သင်တို့၏ ခင်ပွန်းယောကျ်ားတို့သည် မျက် မှောက်လောက၌ အပြစ်မရှိကြပါပဲလျက် ရှေးဘဝက သူတို့ပြုခဲ့ဖူး သည့် အကုသိုလ်ကံ၏ အကျိုးကို မလွှဲမရှောင်သာ ခံစားကြရလေပြီ။ ချမ်သမီးတို့... မစိုးရိမ်ကြနဲ့၊ မပူဆွေး မငိုကြွေးကြနဲ့၊ ဘုရင်မင်းမြတ် အပေါ်၌လည်း စိတ်ဖြင့် ပြစ်မှားမှုကို မပြုကြနဲ့"ဟု ဆုံးမစကား

ပြောကြားလိုက်လေသည်။

ထိုစစ်သူကြီးကတော် မလ္လိကာကား အရိယာမဟုတ်၊ ပုထုဇဉ်မျှသာ ဖြစ်ပေသည်။ သို့သော် မိမိစိတ်ကို အကုသိုလ်မဖြစ်အောင် ထိန်းတတ်သိမ်းတတ်သည့် အထက်တန်းစားပုထုဇဉ်ဖြစ်သည်။ ဘုရားရှင်နှင့် သာဝကတို့၏ ဆုံးမဩဝါဒကို နည်းနာကျကျ လက်တွေ့ကျင့်သုံးသူဖြစ်၏။ ထို့ကြောင့် ယခုကဲ့သို့ ဒေါသ, သောက ဖြစ်ဖွယ်ရာ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရခိုက်၌ ဒေါသ, သောကတို့ မဝင်လာနိုင်အောင် စိတ်နှလုံးကို ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းဖြစ်သည်။ အရှင်သခင် လင်ယောကျ်ားနှင့် သားများ သေဆုံးရခြင်းသည်။ ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ ရှေးအတိတ်ဘဝက သူတို့ပြုလုပ်ခဲ့သည့် အကုသိုလ် ကံတရားကြောင့်ဖြစ်သည်။ မည်သူကိုမျှ အပြစ်တင်စရာ၊ စိတ်ဆိုးစရာ တရားခံလုပ်စရာမလို၊ ပူဆွေးသောက ဖြစ်နေဖို့လည်းမဟုတ်ဟု အမှန်အတိုင်း နှလုံးသွင်းနိုင်ခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ အကုသိုလ်ဖြစ်စရာ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ ဤစစ်သူကြီးကတော် မလ္လိကာကဲ့သို့ ဒေါသ, သောကစသော အကုသိုလ်တရားများ မဖြစ်ပွားအောင် စိတ်ကိုထိန်းတတ်သိမ်းတတ်ရန် စိတ်ထိန်းသိမ်းနည်းများကို ဤကျမ်း၌ လမ်းညွှန်နည်းပေးထားပါသည်။

## ၂။ သက္ကာယကွာသော ဒိဋ္ဌိဝိသုဒ္ဓိစခန်း

ရုပ်နာမ်ဓမ္မပရမတ္ထသဘာဝတရားများ၌ လက္ခဏာ (သဘောလက္ခဏာ)၊ ရသ(ဆောင်ရွက်သည့်လုပ်ငန်းကိစ္စ)၊ ပစ္စုပဋ္ဌာန်(မိမိကြောင့်

ဖြစ်ပေါ်လာသည့် အကျိုးတရား)၊ ပဒဋ္ဌာန် (မိမိကိုဖြစ်ပေါ်စေသည့် အကြောင်းတရား)ဟူသော သဘောတရား လေးမျိုးတို့ ရှိကြစမြဲ ဖြစ်သည်။ ထိုလက္ခဏာ, ရသစသော သဘောတရား လေးမျိုးတို့ဖြင့် ရုပ်တရား၊ နာမ်တရားတို့ကို ပိုင်းခြားယူငင်၊ သိမြင်နိုင်ခြင်းသည် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့မှ ကင်းစင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏ ဟု အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ မိန့်ဆိုထားပါသည်။

ရုပ်တရားနာမ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တင်၍ ဆင်ခြင်လိုက်သည့်အခါ သိမှုသည် ဝိညာဉ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုကား သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ၊ ဖောက်ပြန်တတ်သည့် ဤခန္ဓာကိုယ်ကြီးကား ရုပ်တည်းဟု ပိုင်းခြား သိမြင်ရန် လိုပေသည်။ ယင်းသို့ သဘောလက္ခဏာ စသည်ဖြင့် ပိုင်းခြားသိမြင်နိုင်လျှင် ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့မှတစ်ပါး အခြားအတ္တဟူသော တရား၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသော တရားများမရှိဟု အမှန်အတိုင်း (ဝါ) ပကတိအရှိ အတိုင်း သိမြင်နိုင်၏။

ယင်းသို့ သိမြင်ခြင်းသည်ပင် အတ္တဟု စွဲလမ်းယူမှု (အတ္တဒိဋ္ဌိ)၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု စွဲလမ်းယူမှု (သက္ကာယဒိဋ္ဌိ)၊ မိစ္ဆာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်စခန်းသို့ရောက်ပြီဟု ဆိုရသည်။

ဤအဖွင့်ကျမ်းတွင် ရှေးဦးစွာ လောဘ၊ ဒေါသ၊ မောဟ စေတသိက်တရားတို့၏ သဘောလက္ခဏာများကို သိလွယ်မြင်လွယ် သဘောပေါက်လွယ်စေရန် ယင်းစေတသိက်တို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်...ဟူသော ရှုထောင့် လေးထောင့်ကနေ၍ လေး ဘက်မြင် အသီးသီး ရှုမြင်သုံးသပ် တင်ပြထားပါသည်။ ယင်းသို့

တင်ပြရာ၌ "ဥပမာယ မိခေကဗ္ဗေ၊ အတ္တံ ဇာနန္တိ ပဏ္ဍိတာ" ဟူသော ဩဝါဒဒေသနာတော်နှင့်အညီ လူသာမန်များပင် လွယ်ကူစွာ သဘော ပေါက်နားလည်နိုင်စေရန် ထင်ရှားသော ဥပမာများဖြင့် ပုံဆောင်ရှင်း လင်းပြထားပါသည်။

ထိုရှင်းလင်း တင်ပြချက်များကို ဖတ်ရှုလေ့လာသည့် သုတေသီ ပုဂ္ဂိုလ်တို့အား ဖတ်ရှုလေ့လာခြင်းဖြင့် နားလည်သိမြင်လာသော သုတမယဉာဏ်၊ ထိုသုတမယဉာဏ်ကို အခြေခံလျက် မိမိကိုယ်တိုင် တွေးတောကြံစည်ခြင်းဖြင့် တိုးတက်ပွင့်လင်း သိမြင်လာသည့် စိန္တာ မယဉာဏ်များ ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါသည်။ ထိုသုတမယ ဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် လောဘစသော စေတသိက်နာမ်တရား တို့၏ သဘောလက္ခဏာများကို သိမြင်လာသည့်အခါ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အတ္တဟု မှားယွင်းစွာယူမှု၊ ငါ,သူတစ်ပါး, ယောကျ်ား, မိန်းမဟု မှားယွင်းစွာယူမှု မိစ္ဆာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ပြီး ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် အဆင့်သို့ ရောက်နိုင်ပေသည်။

## ၃။ အန္ဓပုထုဇဉ်အဆင့်မှ ကလျာဏပုထုဇဉ်အဆင့်သို့

ပုထုဇဉ်ဟူသော ဝေါဟာရသည် ပုထုဇ္ဇန ပါဠိမှ ဆင်းသက်လာ သည့် မြန်မာဝေါဟာရဖြစ်သည်။ ကိလေသာထူပြောသော ပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရ၏။ (ပုထု=များစွာသော ကိလေသာတို့ကို+ဇန=ဖြစ်စေ သူ)။

ထိုပုထုဇဉ်သည်...

(၁) အန္ဓပုထုဇဉ်

(၂) ကလျာဏပုထုဇဉ်

ဟု နှစ်မျိုးရှိကြောင်း ဘုရားရှင် ဟောထား၏။

ထိုတွင် အန္ဓပုထုဇဉ်ဆိုသည်မှာ ခန္ဓာ၊ အာယတနစသော ရုပ်တရား နာမ်တရားတို့အကြောင်းကို သင်ယူခြင်း၊ မေးမြန်းခြင်း၊ ကြားနာ မှတ်သားခြင်း၊ ကြံစည် စဉ်းစားခြင်းတို့ မရှိသဖြင့် ထို ရုပ်တရား နာမ်တရားတို့နှင့်စပ်၍ အသိဉာဏ် ဗဟုသုတကင်းမဲ့သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ဝါ၊ ရုပ်တရား နာမ်တရားများ၌ ဉာဏ်ပညာမျက်စိ ကန်းနေသော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးကို ထိုထိုပါဠိတော်ကြီးများ၌ အဿုတဝါပုထုဇဉ် (သုတမရှိသော ပုထုဇဉ်)ဟု ဟောထားပေသည်။ (အန္ဓ=ဉာဏ်ပညာမျက်စိကန်းသော+ပုထုဇဉ်= ကိလေသာများသူ)။

ကလျာဏပုထုဇဉ်ဆိုသည်မှာ ခန္ဓာစသော ရုပ်တရား နာမ်တရားတို့ကို ခွဲခြားသိမြင်သည့် ဉာဏ်မျက်စိရှိသော (ဝါ) ဉာဏ်ပညာမျက်စိ ကောင်းသောပုဂ္ဂိုလ်မျိုးဖြစ်သည် (ကလျာဏ=ဉာဏ်ပညာ မျက်စိ ကောင်းသော+ ပုထုဇဉ်=ကိလေသာများသူ)။

ချဲ့ပြဦးအံ့...အကြင်ပုဂ္ဂိုလ်သည် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်စသည့် ရုပ်နာမ်အကြောင်းအရာများကို သင်ယူလေ့လာခြင်း၊ သဘောအဓိပ္ပာယ်တို့ကို အကြိမ်ကြိမ် မေးမြန်းဆွေးနွေးခြင်း၊ ကြားနာမှတ်သားခြင်း၊ ဆောင်ထားခြင်း၊ ခက်ရာခဲဆစ်တို့၌ပင် အဆုံးအဖြတ်ပေးနိုင်ခြင်း စသည်တို့ဖြင့် ရုပ်တရား နာမ်တရားတို့၌ လိမ်မာကျွမ်းကျင် သိမြင်သော သုတမယဉာဏ်လည်းရှိ၏။ ထိုသုတမယဉာဏ်ကို အခြေပြုလျက် ခန္ဓာစသော ရုပ်တရား နာမ်တရားတို့၏ သဘောသဘာဝကို မိမိဉာဏ်စွမ်းဖြင့် ကြံစည်စဉ်းစား၍ "ဤလောက၌ ရုပ်နာမ် ခန္ဓာသာရှိ၏။ ပုဂ္ဂိုလ်,

သတ္တဝါ, ငါ, သူတစ်ပါးမရှိ၊ အတ္တမရှိ”ဟု တိုးတက်သိမြင်လာသည့် စိန္တာမယဉာဏ် အသိမျိုးလည်းရှိ၏။ ထိုပုဂ္ဂိုလ်မျိုးကို ရုပ် နာမ် ဓမ္မတို့၌ ပကတိအရှိအတိုင်း သိမြင်သည့် ဉာဏ်မျက်စိရှိသောကြောင့် ကလျာဏပုထုဇဉ်ဟုခေါ်သည်။

ထိုကလျာဏပုထုဇဉ်သည်လည်း အနုအရင့်အားဖြင့် နှစ်မျိုးနှစ်စား ရှိပါသည်။ ခန္ဓာစသော ရုပ်နာမ်တရားတို့ကို ခွဲခြားသိမြင် ဉာဏ်အမြင်မျှသာရှိ၍ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ် ဟူသော ကျင့်စဉ်ကြီးသုံးရပ်ကို အားထုတ်ဆဲမဟုတ်သော ပုထုဇဉ် မျိုးသည် “နုသော ကလျာဏ ပုထုဇဉ်”ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

ခန္ဓာစသော ရုပ်နာမ်တရားတို့ကို ပိုင်းခြားသိမြင်သည့်အပြင် မဂ်ဖိုလ်တရားများကို ရရန် ဝိပဿနာတရား(ပညာကျင့်စဉ်)ကို အားထုတ်ကျင့်ကြံနေသော ပုထုဇဉ်မျိုးသည် “ရင့်သော ကလျာဏပုထုဇဉ်”ပုဂ္ဂိုလ်မျိုးဖြစ်သည်။[၂]

တစ်နည်းအားဖြင့် ခန္ဓာစသော ရုပ်နာမ်တရားတို့ကို ခွဲခြားသိမြင်၍ သီလကျင့်စဉ် စသည့် ကျင့်စဉ်ကြီးသုံးရပ်ကို အားထုတ်ဆဲ ပုထုဇဉ်မျိုးကိုလည်း “ရင့်သော ကလျာဏပုထုဇဉ်”ဟု ခေါ်သည်။ အယုတ် ဆုံးအားဖြင့် ရုပ်နာမ်ကိုမြင်၍ ကျင့်စဉ်ကြီးသုံးပါးတွင် တစ်ပါးပါးကိုကျင့်နေလျှင်ပင် “ရင့်သော ကလျာဏပုထုဇဉ်” အဆင့်သို့ ရောက်ပြီဟု ဆိုနိုင်ပါသည်။ ထိုကလျာဏပုထုဇဉ်အဆင့်ကို သေက္ခပုဂ္ဂိုလ်ထဲတွင် (ဝါ) သောတာပန်ပုဂ္ဂိုလ်ထဲတွင် ထည့်သွင်းရေ

၁။ အဘိ၊ဋ္ဌ၊၁။၃၈၄။ ဒီ၊ဋ္ဌ၊၁၊၅၈။

၂။ သာရတ္ထဒီပနီဋီကာ၊၂၊၅၄။ ယမိုက်အဖြေကျမ်း၊ ၆၅။

တွက်ရမည်ဟု အဋ္ဌကထာကြီးများ၌ ဖွင့်ဆိုထားပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဤအဘိဓမ္မာ အဖွင့်ကျမ်းကို လေ့လာဖတ်ရှုရခြင်းဖြင့် နာမ်တရားတို့၏ သဘောလက္ခဏာများကို သုတမယဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် သိမြင်၍ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် အဆင့်သို့ ရောက်နေသော ပုဂ္ဂိုလ်မျိုးကို သီလစသော ကျင့်စဉ်သုံးရပ် တို့ကို ဖြည့်ကျင့်နေသူ မဟုတ်ပါက "နုသော ကလျာဏပုထုဇဉ်" ခေါ်ရ၍ ယင်းကျင့်စဉ်သုံးရပ်ကို ဖြည့်ကျင့်နေသူ ဖြစ်ပါက "ရင့်သော ကလျာဏပုထုဇဉ်"အဆင့်သို့ ရောက်နေသူဟု ဆိုရသည်။

နုသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်သည် နောက်ဘဝတွင် နတ်ပြည် စသော သုဂတိဘုံများသို့ ရောက်ရန် (ဝါ) အပါယ်လေးပါးမှ လွတ်ရန် စိတ်မချရသေးသော်လည်း အန္ဓပုထုဇဉ် ပုဂ္ဂိုလ်ထက် အခွင့်အလမ်းသာလျက် ရှိပေသည်။ ရင့်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်မျိုးကား သောတာပန်နှင့် အလားတူသောကြောင့် သုဂတိဘုံ များသို့ လားရောက်ရန် သေချာလျက် ရှိပေသည်။

လက်ရှိဘဝတွင် တစ်မဂ်တစ်ဖိုလ် မရသေးသော်လည်း နတ်ပြည် သို့ ရောက်သည့်အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လွယ်ကူစွာရရှိနိုင်၏။ လွန်ခဲ့သည့် ဘဝက လေ့ကျင့်အားထုတ်ဖူးသော ဝိပဿနာအာရုံနှင့် ဘာဝနာ အထုံတို့သည်လည်း အလုံးစုံပွင့်လင်းခြင်းသို့ ရောက်တတ် ပေသည်[၂]။

## ၄။ ကာဠိဝိတရဏာဝိသုဒ္ဓိနှင့် စူဠသောတာပန်

ပထဝီဓာတ်တစ်လုံးကိုဖြစ်စေ၊ လောဘဓာတ်တစ်လုံးကိုဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်အချက်ကိုဖြစ်စေ အကြောင်းအကျိုးအပြည့်အစုံနှင့်

၁။ ဝိ၊ဋ္ဌ၁။၂၀၇ အံ၊ဋ္ဌ၂။၂၉။ ၂။ အံ၊၁။၅၀၅(သောတာနုဂတသုတ်)

ဟုတ်တိုင်းမှန်စွာ နေရာတကျသိမှုသည် ယထာဘူတဉာဏ် အသိမျိုး ဖြစ်သည်။ ထိုယထာဘူတဉာဏ်ဖြင့် ရုပ်တရား နာမ်တရားတို့ကား အကြောင်းမဲ့ ဖြစ်ပေါ်လာကြသော တရားများမဟုတ်၊ ဆိုင်ရာ အကြောင်းများကြောင့် ဖြစ်လာရသည့် တရားများတည်းဟု ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို သိမြင်၏။ ထို့ကြောင့် ထိုဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုလည်း ခေါ်သည်။ (ပစ္စယ=အကြောင်းတရား+ ပရိဂ္ဂဟ=သိမ်းဆည်းသောဉာဏ်)။

ဤသို့ လက်ရှိဘဝ၌ ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို ကောင်းကောင်း သိမြင်သည့်အခါ "ရှေးရှေးဘဝတုန်းကလည်း အကြောင်းအားလျော်စွာ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ခဲ့လှပြီ၊ ရဟန္တာ မဖြစ်သးသမျှ နောက်နောင်ဘဝတို့၌လည်း အကြောင်းအားလျော်စွာ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ကြလိမ့်ဦးမည်"ဟု သဘောကျသဖြင့် "ငါသည် ရှေးအတိတ်က ဖြစ်မှဖြစ်ခဲ့ဖူးလေရဲ့လား"စသော ယုံမှားဖြစ်မှု၊ "အလုံးစုံကို အကုန် သိမြင်နိုင်သော ဘုရားရှင်ဆိုတာ ရှိမှရှိနိုင်ပါ့မလား"စသော ယုံမှားဖြစ်မှုများ လုံးဝကင်းပျောက်သွာ၏။

ရုပ်နာမ်တရားများသည် အကြောင်းမရှိဘဲ ဘာသိဘာသာ ဖြစ်ပေါ်လာ၏ဟုယူသော အယူများကို အဟေတုကဒိဋ္ဌိဟုခေါ်၏။ ထာဝရဘုရားစသော တန်ခိုးရှင်တို့ ဖန်ဆင်းမှုကြောင့် ဤရုပ်နာမ်ခန္ဓာများ ဖြစ်ပေါ်လာရသည်ဟု ယူသောအယူသည် ဝိသမဟေတုကဒိဋ္ဌိဖြစ်၏။ ရုပ်နာမ်တို့၏ တကယ့်ဖြစ်ကြောင်းတရားများကို ကောင်းစွာ သိမြင်လာရသည့်အခါ ထိုအဟေတုကဒိဋ္ဌိ (အကြောင်းမဲ့ဝါဒ) ဝိသမဟေတုကဒိဋ္ဌိ (ဖန်ဆင်းဝါဒ)တို့ဖြစ်ရန် အကြောင်းမရှိတော့ချေ။ ထိုမိစ္ဆာအယူမျိုးတို့မှ ကင်းစင်သွား၏။

ဤသို့ ယုံမှားမှုအားလုံးကို လွန်မြောက်၍ အဟေတုကဒိဋ္ဌိ၊

ဣာသရနိမ္မာနဒိဋ္ဌိ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သည့်အခါ ကင်္ခါဝိတရဏဝိသုဒ္ဓိ စခန်းသို့ရောက်ပြီဟု ဆိုရပေသည်။ (ကင်္ခါ= ယုံမှားဖြစ်မှု+ ဝိတရဏ=လွန်မြောက်ခြင်း+ဝိသုဒ္ဓိ=ဒိဋ္ဌိ နှစ်ပါး အယူ များမှ စင်ကြယ်ခြင်း)။

ဒိဋ္ဌိဝိသုဒ္ဓိအဆင့်၌ ရုပ်နာမ်တို့၏ သဘောလက္ခဏာမျှကိုသာ သိ၏။ ရုပ်နာမ်တို့၏ အကြောင်းတရားကို မသိသေး။ ဤကင်္ခါဝိတ ရဏဝိသုဒ္ဓိကျမှ အကြောင်းနှင့်တကွ ရုပ်နာမ်တို့ကို သိလေသည်။

ဤဝိသုဒ္ဓိကိုရသော ပုဂ္ဂိုလ်သည် သောတာပန်အစစ်ကဲ့သို့ ဒိဋ္ဌိ (သက္ကာယ)နှင့် ဝိစိကိစ္ဆာ (ရုပ်နာမ်နှင့် ဘုရားစသည်တို့၌ ယုံမှားဖြစ် မှု) တို့ကို ပဋိဝေဓမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ မပယ်သတ်နိုင်သေးစေ ကာမူ ယထာဘူတဉာဏ်စွမ်းဖြင့် ကြာရှည်လေးမြင့်စွာ ဖယ်ရှားထား နိုင်ပါသည်။ ထို့ကြောင့် ယင်းပုဂ္ဂိုလ်မျိုးကို သောတာပန်နှင့် အလား တူရကား သောတာပန် အငယ်စား စူဠသောတာပန်ဖြစ်ပြီဟု ဆိုရ သည်။ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့ဖြင့် စင်ကြယ်ပြီး တည်တံ့ခိုင်မြဲ ပြီးသော သီလ, သမာဓိတို့ ရှိပြီးဖြစ်ရကား ကမ္မပထမြောက်သည့် အကုသိုလ် ဒုစရိုက်များကို မပြုတော့သဖြင့် လာမည့်ဘဝ၌ ကေန်မုချ အပါယ်မကျရန် သေချာနေလေပြီ။

ဤကျမ်းတွင် လောဘ, ဒေါသ, မောဟဟူသော နာမ်တရား တို့၏ အကြောင်းတရား (ပဒဋ္ဌာန်)တို့ကို နားလည်လွယ်အောင် နည်းအမျိုးမျိုးဖြင့် ဝေဖန်တင်ပြထားပါသည်။ ဤလောဘ, ဒေါသ, မောဟတို့၏ အကြောင်းတရားတို့ကို လေ့လာဖတ်ရှုရသည့်အခါ လောဘစသော နာမ်တရားများသည် အကြောင်းမဲ့ ဖြစ်ပေါ်လာကြ သည်လည်းမဟုတ်၊ တစ်စုံတစ်ယောက်သော တန်ခိုးရှင်ကြီးက ဖန် ဆင်းလိုက်သဖြင့် ပေါ်လာကြသည်လည်းမဟုတ်၊ ဆိုင်ရာ(ရုပ်နာမ်)

ဟူသော အကြောင်းတရားတို့ကြောင့်သာ ပေါ်လာရခြင်းဖြစ်သည်ဟု ဟုတ်တိုင်းမှန်စွာ ယထာဘူတဉာဏ်ဖြင့် သိနိုင်၏။

ထို့အတူ လူလူချင်းတူကြသော်လည်း ရုပ်ခန္ဓာအချင်းချင်းမတူကြပုံ၊ အချို့က အသက်ရှည်၍ အချို့က အသက်တိုပုံ၊ အချို့က ရောဂါထူ၍ အချို့က ရောဂါကင်းပုံ၊ ယောကျာ်း မိန်းမကွဲပြားပုံ စသော အကျိုးတရားတို့ကိုထောက်လျှင် ကေန်အကြောင်းမဲ့ မဖြစ်ရာ၊ ဆိုင်ရာအကြောင်း အသီးသီးရှိရမည် စသည်ဖြင့်လည်း တိုးချဲ့စဉ်းစားကာ အသိဉာဏ် ပွားလာနိုင်ပါသည်။

ဤကျမ်းတွင် မောဟစေတသိက်အဖွင့်၌ မောဟကြောင့် ဘဝစက်ဝန်း (သံသရာ)လည်ပတ်ပုံ၊ မောဟပြတ်သဖြင့် ဘဝစက်ဝန်း (သံသရာ) အလည်ရပ်ပုံဟူသော ခေါင်းစဉ်များဖြင့် ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးပြနည်းကို အနုလုံ, ပဋိလုံ အစုံအလင် ဖွင့်ဆိုရေးသားထားရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်စသော တရားတို့၏ အကြောင်းများကို သိမ်းဆည်းသိမြင်နိုင်သည့် ပစ္စယပရိဂ္ဂဟဉာဏ်(ဝါ) ဓမ္မဋ္ဌိတိဉာဏ်များ ဖြစ်ပွားလာနိုင်ပါသည်။

ထိုဉာဏ်များ ဖြစ်ပွားလာသည့်အခါ အထက်တွင် တင်ပြခဲ့သကဲ့သို့ ယုံမှားခြင်းအားလုံးကို လွန်မြောက်၍ အကြောင်းမဲ့ဝါဒ၊ ဖန်ဆင်းဝါဒဟူသော ဒိဋ္ဌိနှစ်ပါးမှ စင်ကြယ်သွားသောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ စခန်းသို့ရောက်ပြီဟု ဆိုရပါသည်။ ထိုဝိသုဒ္ဓိသို့ရောက်သောသူသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရားတို့ကို ကြာမြင့်စွာ ဖယ်ရှားနိုင်သောကြောင့် သောတာပန်အငယ်စား စူဠသောတာပန်ဖြစ်ပြီဟု ဆိုနိုင်ပါသည်။ စူဠသောတာပန်အဆင့်ရောက်သူသည် နောင်ဘဝ၌ သုဂတိဘဝသို့ရောက်ရန် သေချာနေပေပြီဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် (၂၄၀)၌ ဖွင့်ဆိုထားပါသည်။

## ၅။ ပဋိသမ္ဘိဒါဉာဏ်အတွက် ပါရမီမျိုးစေ့ရရှိနိုင်ခြင်း

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်တွင်...

(၁) ပါရမိပတ္တရဟန္တာ
(၂) ပဋိသမ္ဘိဒါ ပတ္တရဟန္တာ
(၃) ဆဠဘိည ရဟန္တာ
(၄) တေဝိဇ္ဇရဟန္တာ
(၅) သုက္ခဝိပဿကရဟန္တာ

ဟူ၍ ရဟန္တာ ၅-မျိုးရှိပါသည်။[၁]

ထိုတွင် ပါရမိပတ္တ ရဟန္တာဆိုသည်မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့ သာဝကပါရမီဉာဏ်အရာ၌ အထွတ်အထိပ်သို့ ရောက်သည့် ရဟန္တာမျိုးဖြစ်သည်။

ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် (ဝါ) အရိယမဂ်ကိုရသည်နှင့် တစ်ပြိုင်နက် ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုရသည့် ရဟန္တာမျိုးကို ပဋိသမ္ဘိဒါပတ္တရဟန္တာဟုခေါ်၏။

ဣဒ္ဓိဝိဓအဘိညာဉ်စသော အဘိညာဉ် ခြောက်ပါးရသော ရဟန္တာကို ဆဠဘိညရဟန္တာဟုခေါ်သည်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဟူသော ဉာဏ်သုံးပါးနှင့် ပြည့်စုံသည့်ရဟန္တာကို တေဝိဇ္ဇ ရဟန္တာ ဟုခေါ်သည်။

ဈာန်မရသောရဟန္တာမျိုးကို သုက္ခဝိပဿက ရဟန္တာဟုခေါ်သည်။

---

၁။ ထေရ၊ဋ္ဌ၊၂။၅၄၅။ (ဝံဂီသတ္ထေရ)။

ထိုငါးမျိုးတွင် ပဋိသမ္ဘိဒါပတ္တရဟန္တာတို့ရရှိသော ပဋိသမ္ဘိဒါ ဉာဏ်လေးပါးမှာ...

(၁) အကျိုးတရားစသည်ကို သိမြင်သော အတ္ထပဋိသမ္ဘိဒါ ဉာဏ်၊

(၂) အကြောင်းတရား စသည်တို့ကို သိမြင်သော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊

(၃) သဒ္ဒါအမျိုးမျိုး၊ ဘာသာအမျိုးမျိုး၊ ဝေါဟာရပညတ်အမျိုးမျိုးတို့ကိုသိမြင်သော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊

(၄) အခါအခွင့် ကြုံလာသည့်အခါ သက်ဆိုင်ရာ ဥပမာ ဥပမေယျတို့နှင့်တကွ ရှင်းလင်းပြရန် အလိုလိုထင်လာမြင်လာသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်။

တို့ဖြစ်ပါသည်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာတို့ကား ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် ထိုဉာဏ်လေးပါးကိုပါ တစ်ခါတည်းရရှိကြသည်။ သို့ရာတွင် အရှင်အာနန္ဒာနှင့် ခုဇ္ဇုတ္တရာထေရီမတို့ကဲ့သို့ ရဟန္တာမဖြစ်မီ သောတာပတ္တိမဂ်ရချိန်ကပင် ထိုဉာဏ်လေးပါးကို ရရှိကြသည့် ပုဂ္ဂိုလ်ထူးများလည်း ရှိကြသေးသည်။

ဘုရားသာသနာတော်တွင် အကျွတ်တရားရကြကုန်သော ရဟန်းရှင်လူအပေါင်းတို့တွင် ပဋိသမ္ဘိဒါပတ္တ ဖြစ်ကြကုန်သူတို့သည် အထွတ်အထိပ် ဖြစ်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ (ရဟန်းယောကျာ်း)။ ခေမာထေရီ၊ ဓမ္မဒိန္နာထေရီ (ရဟန်းမိန်းမ)။ စိတ္တသူကြွယ်၊ ဥဂ္ဂသူကြွယ်၊ ဥပါလိသူကြွယ် (လူယောကျာ်း) ဝေဠုကဏ္ဍကီ၊ ဥတ္တရာ (လူမိန်းမ) စသူတို့ဖြစ်ကြသည်။

ပဋိသမ္ဘိဒါဉာဏ်ကား အလွန်ရခဲသော ဉာဏ်တည်း။ ဘုရားရှင် လက်ထက်တော်ကပင် ပဋိသမ္ဘိဒါဉာဏ်ရသူများ အလွန်နည်းပါး၏။ ရဟန္တာဖြစ်တိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်ကို မရနိုင်၊ ဈာန်အဘိညာဉ် ကိုရတိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်နှင့် မပြည့်စုံနိုင်။ ရှေးရှေးဘဝတို့က အဘိဓမ္မာတရားကို လေ့လာလိုက်စား သင်ကြားဖူးသော ပါရမီအခံရှိ ခဲ့ပါမှ ပဋိသမ္ဘိဒါဉာဏ်တော်ကြီးလေးပါးနှင့် ပြည့်စုံနိုင်ပါသည်။ ဥပမာအားဖြင့် ဧဟိဘိက္ခုရဟန်းအဖြစ်နှင့်တူပါသည်။ ရှေးရှေးဘဝက သင်္ကန်းလှူခဲ့ဖူးသူဖြစ်ပါမှ ဘုရားသာသနာတော်တွင် ဧဟိဘိက္ခု ရဟန်း ဖြစ်ခွင့်ရှိသည်။ မလှူခဲ့ဖူးသူမှာ ဧဟိဘိက္ခုရဟန်း ဖြစ်နိုင်ခွင့် မရှိသကဲ့သို့ဖြစ်သည်။

အနမတဂ္ဂသံသရာတွင် ဈာန်အဘိညာဉ်တရားတို့ကို လေ့လာ ကြိုးစားနိုင်ချိန်ကား အလွန်များ၏။ သာသနာပ, သာသနာတော် တွင်းအချိန် နှစ်ချိန်လုံး လေ့လာအားထုတ်နိုင်ကြသည်။ အဘိဓမ္မာ တရားတော်ကို လေ့လာလိုက်စားနိုင်ဖို့ အချိန်ကား အလွန်နည်း၏။ သာသနာတော်တွင်း အချိန်၌သာ လေ့လာလိုက်စားနိုင်သည်။ ယင်း သို့ ဈာန်အဘိညာဉ်ကို လေ့လာအားထုတ်နိုင်ချိန်ကများ၍ အဘိဓမ္မာ တရားကို လေ့လာလိုက်စားခွင့်ရချိန်က အလွန်နည်းသဖြင့် ကျွတ် တမ်းဝင်ကြသည့်အခါ ဆဠဘိညခေါ် အဘိညာဉ်ရပုဂ္ဂိုလ်များ များ ပြား၍ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်များ ရှားပါးရခြင်း ဖြစ်ပေသည်။

ဤအဓိပ္ပာယ် သဘောတရားအရ နောင်ကျွတ်တမ်းဝင်သည့် အခါ ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံကြရလေအောင် ယခုလို ဗုဒ္ဓ သာသနာတော်ကြီးနှင့် ကြုံကြိုက်နေသည့် ခေတ်ကောင်း ကာလ ကောင်းကြီးတွင် အဘိဓမ္မာထွန်းကားသည့်တိုင်းပြည်တွင် လူဖြစ်ရ ခိုက် အဘိဓမ္မာတရားများကို လေ့လာလိုက်စားခြင်းဖြင့် ပါရမီမျိုးစေ့ ကို ပျိုးထောင်သင့်ကြပေသည်။

# ဤကျမ်းစာအုပ် ဖြစ်ပေါ်လာပုံ

ဤကျမ်းကား ဖော်ပြပါ ရည်မှန်းချက်ကြီးများကို အကြောင်းပြု၍ ပေါ်ထွက်လာခဲ့ပေပြီ။ သို့သော် ဤကျမ်းစာ ထွက်ပေါ်လာရာတွင် စီမံကိန်း ချမှတ်သည်မှစ၍ ပုံနှိပ်ထုတ်ဝေသည့်အဆင့်အထိ ကွင်းဆက် အကြောင်းများ များစွာရှိပါသေးသည်။

မှန်ပါသည်။ ဤကျမ်းစာအုပ် ယခုလို ထွက်ပေါ်လာနိုင်ရန် ရှေးဦးစွာ ဦးဆောင် ညွှန်ကြားသူမှာ ဆရာ ဦးလှမောင် (ယခု နိုင်ငံတော်ကောင်စီဝင်) ဖြစ်ပါသည်။ ထိုစဉ်အခါက ဆရာဦးလှမောင်မှာ ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မရှင် အတွင်းရေးမှူးနှင့် ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဖြစ်ပါသည်။

တစ်နေ့တွင် ဆရာဦးလှမောင်သည် နိုင်ငံတော ဗုဒ္ဓသာသနာအဖွဲ့ ဘာသာပြန်ဌာန အယ်ဒီတာချုပ် ဦးကျော်ထွတ် (အစိုးရပထမဆုံး ဓမ္မာစရိယနှင့် သကျသီဟဓမ္မာစရိယ)စသူတို့နှင့် ဗုဒ္ဓအဘိဓမ္မာလာ စိတ်စေတသိက်များ အကြောင်းကို ဆွေးနွေးကြပါသည်။ ထိုဆွေးနွေးပွဲတွင် စိတ်စေတသိက်တရားများကို သုတေသနပြုလိုသူ အဘိဓမ္မာသုတေသီများအဖို့ စိတ်အကြောင်းနှင့် ဖဿစသော စေတသိက် တစ်ပါးစီ၏ အဓိပ္ပာယ်အကြောင်းအရာများကို တစ်ထိုင်တည်းဖြင့် အပြည့်အစုံ လေ့လာနိုင်မည့် ကျမ်းစာအုပ်မျိုးရှိရန် လိုအပ်ကြောင်း အဖြေထွက်လာပါသည်။

ထို့ကြောင့် ဆရာဦးလှမောင်က ဆရာကြီး ဦးကျော်ထွတ်အား ဘာသာပြန်ဌာနရှိ ပညာရှင်ဝန်ထမ်းများဖြင့် စေတသိက်တစ်ပါးစီ တစ်ပါးစီ၏ အဓိပ္ပာယ်အကြောင်းအရာများကို ပိဋကသုံးပုံ နိကာယ်ငါးစုံ၌ လာရှိသမျှအားလုံး စုဆောင်း၍ လူသာမန်များ နားလည်နိုင်

သော မြန်မာစကားပြေ ရေးသားဟန်ဖြင့် အပြည့်အစုံဆုံး ရေးသား ပြုစုရန် ညွှန်ကြားပါသည်။

ဤကဲ့သို့သော ကျမ်းမျိုးကို ပြုစုရန် လုပ်ငန်းကား ညွှန်ကြားရန် လွယ်ကူသလောက် စုဆောင်း ရေးသားပြုစုရာတွင် အလွန်ခက်ခဲသော လုပ်ငန်းဖြစ်ပါသည်။ နိကာယ်ငါးရပ် ပိဋကသုံးပုံတွင် ပြန့်ကျဲတည်ရှိနေသော စေတသိက်တစ်ပါးစီ၏ အဓိပ္ပာယ်များကို ရှာဖွေစုဆောင်းရသည်မှာ မည်မျှခက်ခဲသည်ကို စာရှုပရိသတ်များ ခန့်မှန်းနိုင်ပါသည်။ ဘာသာရပ်အနေအားဖြင့်လည်း ပိဋကသုံးပုံတွင် အခက်ခဲဆုံးအနက်နဲဆုံး အဘိဓမ္မာဘာသာရပ်ဖြစ်၍ ရေးသားပြုစုရသည်မှာ ပို၍ ခက်လှပါသည်။

သို့ဖြစ်၍ ဤကျမ်းစာမျိုးကို ရေးသားပြုစုရမည့် ပညာရှင်နှင့် တည်းဖြတ် ပြင်ဆင်ရမည့် ပညာရှင်များမှာ...

(၁) ပါဠိဘာသာကို နိုင်နိုင်နင်းနင်း တတ်မြောက်ရခြင်း၊
(၂) မြန်မာဘာသာ၌လည်း ကျွမ်းကျင်လိမ္မာရခြင်း၊
(၃) အဘိဓမ္မာ သဘောတရားများကိုလည်း အခြေခံကျကျ တတ်မြောက် နားလည်ထားရခြင်း၊
(၄) အများ နားလည်သဘောပေါက်အောင်လည်း ရေးသား တင်ပြတတ်ရခြင်း

ဟူသော အင်္ဂါရပ်များနှင့် ပြည့်စုံမှ ရေးသား ပြုစုနိုင်မည်၊ တည်းဖြတ်ပြင်ဆင်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာကြီး ဦးကျော်ထွတ်သည် ဆရာဦးလှမောင်၏ ညွှန်ကြားချက်အတိုင်း ဤကျမ်းစာအုပ် ဖြစ်ပေါ်လာရေးအတွက်...

(၁) စာစုလုပ်ငန်းအဆင့်၊
(၂) စာပြုလုပ်ငန်းအဆင့်၊

(၃) စာတည်းလုပ်ငန်းအဆင့်

ဟု လုပ်ငန်းစဉ် အဆင့်သုံးဆင့် ချမှတ်ကာ ၁၉၆၇–ခုနှစ်တွင် စာစုလုပ်ငန်းအဆင့်ကို စတင်ဆောင်ရွက်စေပါသည်။

စာစုလုပ်ငန်းမှာ ဖဿစသော စေတသိက်တစ်ပါးစီ၏ အဓိပ္ပာယ် အကြောင်းအရာများကို ရှေးရှေး ဆရာတော်ဘုရားကြီးများ မြန်မာဘာသာဖြင့် ဖွင့်ဆိုရေးသားထားကြသည့် အဘိဓမ္မတ္ထဒီပကကျမ်း၊ ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်း၊ ပရမတ္ထသံခိပ်ဋီကာစသော အဘိဓမ္မာကျမ်းကြီးများနှင့် အဘိဓမ္မာပါဠိတော်မြန်မာပြန်၊ သုတ္တန်ပါဠိတော် မြန်မာပြန်စသော မြန်မာပြန်ကျမ်းကြီးများမှ ထုတ်နုတ်ရေးကူးကြရပါသည်။ ရေးကူးရာတွင် ကျမ်းအမည်နှင့် စာမျက်နှာနံပါတ်တို့ကိုပါ ဖော်ပြရပါသည်။

ရေးကူးပြီးသည့် လက်ရေးစာမူများကို ကျမ်းရင်းနှင့် ပြန်လည်တိုက်ဆိုင် တည်းဖြတ်၍ စေတသိက်တစ်ပါးလျှင် ငါးမူစီ လက်နှိပ်စက်ဖြင့် ရိုက်ကူးကြရသည်။ လက်နှိပ်စက်မူများကို ငါးဖိုင်စီ တွဲချုပ်ထားရာ စေတသိက်(၅၂)ပါးအတွက် ဖိုင်ပေါင်း ၂၆၀ ရှိပါသည်။ ထို စေတသိက်များတွင် သုတ်, အဘိဓမ္မာကျမ်းပေါင်း (၂၀)ကျော်မှ လက်နှိပ်စက် စာမျက်နှာ(၁၆၀)ကျော်အထိ စုဆောင်းရသည့် လောဘကဲ့သို့သော စေတသိက်မျိုးလည်း ပါဝင်ပေသည်။

စာစုလုပ်ငန်းပြီးဆုံးသည့်အခါ စာပြုလုပ်ငန်းကို ဆက်လက်ထမ်းဆောင်ရပါသည်။ ဤလုပ်ငန်းကား ကျမ်းစာအုပ်ပေါ်ထွက်လာရေးအတွက် အချက်အချာ ပဓာနအကျဆုံး လုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းအောင်မြင်ရေးအတွက် အောက်ပါမူများကို ချမှတ်၍ ဆောင်ရွက်ရပြန်ပါသည်။

စာပြုပညာရှင်များသည် စေတသိက် အသီးသီး၏ သဘောအဓိပ္ပာယ်များကို ဖွင့်ဆိုရေးသားကြရာ၌...

(၁) စေတသိက်တို့၏ ဖဿစသောနာမည်အသီးသီးကိုရပုံ၊
(၂) (က) စေတသိက်၏ သဘောလက္ခဏာ (လက္ခဏ)
(ခ) စေတသိက်၏ ဆောင်ရွက်ချက် (ရသ)
(ဂ) စေတသိက်ကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရား (ပစ္စုပဋ္ဌာန်)
(ဃ) စေတသိက်၏ အနီးဆုံးအကြောင်းတရား(ပဒဋ္ဌာန်)တို့ကို နားလည်လွယ်အောင် ဥပမေယျတို့ဖြင့် တန်ဆာဆင် ရေးသားရမည်။
(၃) စေတသိက်၏ အမျိုးအမည်များကို ရေတွက် ရှင်းလင်းပြရမည်။
(၄) စေတသိက်၏ နာမည်အမျိုးမျိုးရပုံကို ဖွင့်ဆိုရမည်။
(၅) စေတသိက်အကြောင်း အခြား သိကောင်းစရာများကို ပိဋကတော်၌ လာရှိသမျှ စုံစုံလင်လင်တင်ပြရမည်။
(၆) အကုသိုလ်စေတသိက်ဖြစ်လျှင် ထိုစေတသိက်ကို ပယ်သတ်ရန် နည်းလမ်းများ၊ ပယ်သတ်နိုင်လျှင် သံသရာမှ ထွက်မြောက်ပုံ၊ မပယ်သတ်နိုင်လျှင် သံသရာလည်ပုံတို့ကို ရှင်းပြရမည်။
(၇) ကုသိုလ်စေတသိက်ဖြစ်လျှင် ထိုစေတသိက်၏ ကောင်းကျိုးများ၊ ထိုစေတသိက်ကြောင့် သံသရာမှထွက်မြောက်ပုံတို့ကို ရေးသားရမည်။

ဟူသော မူစည်းကမ်းများနှင့်အညီ မိမိတာဝန်ကျရာ စေတသိက်ကို ရေးသားကြရပါသည်။

စာပြုပညာရှင်များသည် စေတသိက်အကြောင်းများကို မပြုစုမရေးသားမီ စာစုပညာရှင်များ စုဆောင်းထားသည့် သက်ဆိုင်ရာ

စေတသိက်ဖိုင်ပါ အကြောင်းအရာများကို ကြေညက်နေအောင် လေ့လာကြရသည်။ ထို့နောက် ပိဋကသုံးပုံ နိကာယ် ငါးစုံရှိ ပါဠိတော်၊ အဋ္ဌကထာ၊ မူလဋီကာ၊ အနုဋီကာ၊ မဓုဋီကာ၊ ယောဇနာ၊ ဒီပနီ စသည့် ပါဠိကျမ်းဂန်ကြီးများတွင် ယင်းစေတသိက်၏ အကြောင်းအရာများကို စေ့စေ့စုံစုံ ရှာဖွေသုတေသန ပြုကြရသည်။

ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိဘင်းပါဠိတော် စသည့် ဘုရားဟောပါဠိတော်ကြီးများလာ အဓိပ္ပာယ်တို့ကို သက်ဆိုင်ရာ အဋ္ဌကထာအဖွင့်များဖြင့်လည်းကောင်း၊ အဋ္ဌကထာလာ အဓိပ္ပာယ်များကို မူလဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဒီပနီဖွင့်ဆိုချက်များဖြင့်လည်းကောင်း တိုက်ဆိုင်၍ အဓိပ္ပာယ် သဘောတရားများကို ထုတ်နုတ်ရေးသား မှတ်စုပြုထားရပါသည်။

တစ်ခါတစ်ရံ မရှင်းမလင်း မပြတ်သားသည့် သဘောအဓိပ္ပာယ်များနှင့် တွေ့ကြုံလာလျှင် အချင်းချင်း ဆွေးနွေး၍သော်လည်းကောင်း၊ အယ်ဒီတာချုပ်နှင့် နှီးနှော၍သော်လည်းကောင်း ဂဏ္ဌိ၊ ဝိနိစ္ဆယစသော အဆုံးအဖြတ် ကျမ်းကြီးများကို ကြည့်ရှုလေ့လာ၍သော်လည်းကောင်း ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်သည်အထိ ကြိုးစားကြရသည်။

ယင်းသို့ မိမိတာဝန်ကျသည့် စေတသိက်၏ အဓိပ္ပာယ် သဘောတရားများကို အဘက်ဘက်ကပြည့်စုံအောင် လေ့လာ သုတေသနပြုကြပြီးမှ အထက်ပါ ချမှတ်ထားသည့် မူအတိုင်း စာမူကြမ်းကို စတင်ရေးသားကြရသည်။ ဆိုင်ရာစာပိုဒ်များနောက်၌လည်း ရည်ညွှန်းကိုးကားသည့် ကျမ်းဂန်အမည်နှင့် စာမျက်နှာတို့ကိုပါ ဖော်ပြရသည်။ ယင်းစာမူကြမ်းကို ဆိုင်ရာမူရင်းကျမ်းများနှင့် ပြန်လည်တိုက်ဆိုင်၍ ဝေါဟာရ အသုံးအနှုန်း ဝါကျဆောက်တည်ပုံ၊ သတ်ပုံသတ်ညွှန်း

# ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ

## အဖွင့်

## အတွဲ ၃

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## ပရမတ်တရား လေ့လာစိစစ်နည်းလေးမျိုး

**လေ့လာစိစစ်နည်းခေါင်းစဉ်** ။ ။ ရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝတရား အားလုံး၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော သဘောတရားလေးမျိုး အသီးသီးရှိကြစမြဲဖြစ်သည်။ ရုပ်တရား နာမ်တရားများကို လေ့လာရာ၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော ရှုထောင့်လေးဘက်မှ ရှုမြင် လေ့လာနိုင်မှ ဒိဋ္ဌိဝိသုဒ္ဓိ အဆင့်သို့ ရောက်နိုင်ပါသည်။ ဤသို့ ပရမတ်တရားတို့ကို လေ့လာစိစစ်ရာ၌ အသုံးပြုသော နည်းများဖြစ်၍ ဤလက္ခဏာစသော ရှုထောင့်လေးခုတို့ကို "ပရမတ်တရား လေ့လာစိစစ်နည်းလေးမျိုး"ဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။

ရုပ်တရား နာမ်တရားတို့ကို ရှုမှတ်ရာ၌ သုတမယဉာဏ်အဖြစ်ဖြင့် အထောက်အကူရနိုင်ရန် ဤသာသနာရေးဦးစီးဌာနမှ ပြုစုထုတ်ဝေသော "ဗုဒ္ဓအဘိဓမ္မာအဖွင့်ကျမ်းများ"၌ ရုပ်နာမ်တို့၏ သဘောတရားများကို တင်ပြရာတွင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော အချက်ကြီးလေးချက်ကို ပဓာနပြု၍ တင်ပြထားပါသည်။ ထို့ကြောင့် ရုပ်နာမ်တို့၏ သဘောတရားများကို မလေ့လာမီ ဤလက္ခဏာစသော အချက်ကြီးလေးချက်တို့၏ အဓိပ္ပာယ်အသီးသီးကို သိထားရန် တစ်ခုစီ ရှင်းပြပါမည်။

လက္ခဏာ ။ ။ လက္ခဏာဆိုသည်မှာ မြန်မာလို အမှတ်အသားဟု အဓိပ္ပာယ်ရ၏။ ပါဠိသက်အားဖြင့် လက္ခဏာဟု ရေးထုံးပြုကြ၏။ ဤနေရာ၌ ပရမတ်တရားတို့၏ အမှတ်အသားကို လက္ခဏာဟုခေါ်၏။ ထိုအမှတ်အသား လက္ခဏာသည်...

(၁) တရားအများနှင့် သက်ဆိုင်သည့် သာမညလက္ခဏာ၊
(၂) အများနှင့်မဆိုင် ကိုယ်ပိုင်သီခြား အမှတ်အသားဖြစ်သော သဘာဝလက္ခဏာ

ဟု နှစ်မျိုးရှိ၏။

ထိုတွင် မမြဲခြင်း (အနိစ္စ)၊ ဆင်းရဲခြင်း (ဒုက္ခ)၊ အစိုးမရခြင်း (အနတ္တ) လက္ခဏာ အမှတ်အသားများသည် ရုပ်တရား နာမ်တရား အားလုံးတို့နှင့် သက်ဆိုင်သောကြောင့် သာမညလက္ခဏာမည်၏။ ရုပ်တရားအားလုံးတို့နှင့် သက်ဆိုင်သော (ရုပ္ပန) လက္ခဏာနှင့် နာမ်တရား အားလုံးတို့နှင့် သက်ဆိုင်သော အာရုံသို့ ညွတ်ကိုင်းခြင်း (နမန)လက္ခဏာတို့သည်လည်း "သာမညလက္ခဏာ"များ ဖြစ်ကြသည်။

ရုပ်တရားများတွင် ခက်မာမှုသဘောသည် ပထဝီဓာတ်၏ ကိုယ်

ပိုင် သီးခြားလက္ခဏာဖြစ်၏။ ဖွဲ့စည်းမှု, ယိုစီးမှုသဘောသည် အာပေါဓာတ်၏ ကိုယ်ပိုင်လက္ခဏာဖြစ်သည်။ နာမ်တရားများတွင်လည်း အာရုံကိုသိခြင်း၊ ယူခြင်းသည် စိတ်၏ သီးခြားလက္ခဏာဖြစ်၍ အာရုံကိုတွေ့ထိခြင်းသည် ဖဿစေတသိက်တစ်မျိုးတည်းနှင့်သာဆိုင်သော ကိုယ်ပိုင်လက္ခဏာဖြစ်သည်။ ထို ကိုယ်ပိုင်သီးခြားလက္ခဏာများကို "သဘာဝလက္ခဏာ"ဟုခေါ်သည်။

ဤ"ဗုဒ္ဓအဘိဓမ္မာအဖွင့်ကျမ်းများ"၌ တရားတစ်ပါးစီ တစ်ပါးစီ၏ ကိုယ်ပိုင်သီးခြားလက္ခဏာဖြစ်သော "သဘာဝလက္ခဏာ"ဖြင့်သာ စိစစ်တင်ပြထားပါသည်။

**ရသ** ။ ။ ရသသဒ္ဒါသည် ဤနေရာ၌ (၁) ပြုဖွယ်လုပ်ငန်း (ကိစ္စ) နှင့် (၂) ပြည့်စုံခြင်း (သမ္ပတ္တိ) ဟူသော အဓိပ္ပာယ်နှစ်မျိုးကို ဟောသည်။ ယင်းအဓိပ္ပာယ်များအရ ရသသည် (၁) ကိစ္စရသ (၂) သမ္ပတ္တိရသဟု နှစ်မျိုးပြား၏။ ထိုတွင် ကိစ္စရသဆိုသည်မှာ ပရမတ်တရားတို့၏ ကိုယ်ပိုင်ပြုမှုဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ဥပမာ အာရုံ၏ သဘောမှန်ကို ဖုံးကွယ်ထားခြင်းသည် မောဟစေတသိက်၏ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ မိမိဖြစ်ရာ ပုဂ္ဂိုလ်နှင့် ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းခြင်းသည် ဒေါသစေတသိက် လုပ်ငန်းဖြစ်သည်။ ယင်းကိစ္စရသကို အကျိုးပစ္စုပ္ပဋ္ဌာန်တရားကို ဖြစ်ပေါ်စေနိုင်သဖြင့် အကြောင်းရသဟူ၍လည်း ဆိုနိုင်သည်။

အကြောင်းစုံညီသဖြင့် ဖြစ်ပေါ်လာခြင်းကို သမ္ပတ္တိရသဟုခေါ်သည်။ ယင်းရသကို အကျိုးရသဟူ၍လည်း ခေါ်နိုင်သည်။ ဥပမာ ဒေါသကြောင့် ခြေတုန် လက်တုန်ဖြစ်ခြင်း၊ အသံတုန်ခြင်း၊ မျက်နှာထား ခက်ထန်ကြမ်းတမ်းလာခြင်းစသော တစ်ကိုယ်လုံး၌ မလိုလားအပ်သော အနိဋ္ဌာရုပ်များ ဖြစ်ပေါ်လာခြင်းသည် ဒေါသစေတသိက်

၏ သမ္ပတ္တိရသပင် ဖြစ်ပါသည်။

ပစ္စုပဋ္ဌာန် ။ ။ ပစ္စုပဋ္ဌာန်[၁] ဆိုသည်မှာ ဉာဏ်တွင် ရှေးရှုထင်ခြင်းဟု အဓိပ္ပာယ်ရသည်။ ထိုပစ္စုပဋ္ဌာန်သည် (၁) အကျိုး (ဖလ) ပစ္စုပဋ္ဌာန်၊ (၂) ဉာဏ်တွင် ထင်မြင်လာသော သဘောခြင်းရာ (ဥပဋ္ဌာနာကာရ)[၂] ပစ္စုပဋ္ဌာန်ဟု နှစ်မျိုးရှိသည်။

ထိုတွင် အကျိုးပစ္စုပဋ္ဌာန်ဆိုသည်မှာ ကိစ္စတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်သည့်အခါ ထိုကိစ္စကြောင့် အကျိုးတစ်မျိုးမျိုး ရလာသကဲ့သို့ ပရမတ်တရားတို့၏ ပြုမူဆောင်ရွက်မှု ကိစ္စရသကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးတရားမျိုးဖြစ်၏။ ဥပမာ ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းဟူသော မောဟစေတသိက်၏ ပစ္စုပဋ္ဌာန်နှင့်တူသည်။ မောဟစေတသိက်၏ ကိစ္စရသသည် အာရုံ၏သဘောမှန်ကို ဖုံးကွယ်ထားခြင်းဖြစ်၏။ ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းသည် အာရုံ၏ သဘောမှန်ကို ဖုံးကွယ်ထားခြင်း ကိစ္စရသကြောင့်ဖြစ်၍ အကျိုးပစ္စုပဋ္ဌာန်ဟုခေါ်သည်။

ဉာဏ်တွင် ထင်မြင်လာသော သဘောခြင်းရာ ပစ္စုပဋ္ဌာန်ကား ပရမတ်တရားတစ်ခု၏ သဘောသွားကို ဉာဏ်ဖြင့် သက်ဝင် နက်နက်နဲနဲ ဆင်ခြင်လိုက်သည့်အခါ စူးစူးစိုက်စိုက် လေ့လာရှုမြင်သူတို့၏ ဉာဏ်တွင် ထိုပရမတ်တရား၏ သဘောလက္ခဏာဖြစ်စေ၊ ကိစ္စဖြစ်စေ၊ အကြောင်းတရားဖြစ်စေ အကျိုးတရား ထင်လာတတ်သည်။ ယင်းသို့ ထင်မြင်လာသော ပရမတ်တရား၏ သဘောလက္ခဏာ စသော အခြင်းအရာသည်ပင် ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်ဖြစ်သည်။ ဥပမာ တစ်စုံတစ်ယောက်သောသူကို သူ၏ဟန်ပန် အမူ

---

၁။ ပစ္စုပဋ္ဌာန=ပတိ+ဥပဋ္ဌာန။ ပတိ=ရှေးရှု+ဥပဋ္ဌာန=ထင်ခြင်း။

၂။ ဥပဋ္ဌာနာကာရ=ထင်သောအခြင်းအရာ။

အရာတို့ကို ကြည့်၍ အကဲခတ်သည့်အခါ အကဲခတ်သူ၏ ဉာဏ်တွင် ထိုသူ၏ စိတ်နေသဘောထားတစ်မျိုး ထင်မြင်လာသကဲ့သို့ပင် ဖြစ်သည်။

**ပဒဋ္ဌာန်** ။ ။ ပဒဋ္ဌာန်[၁] ဆိုသည်မှာ ပရမတ်တရားတို့၏ အနီးကပ်ဆုံးသော အကြောင်းတရား ဖြစ်သည်။ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာမှုတွင် အကြောင်းတစ်ခုသာရှိသည်မဟုတ်၊ ဆင့်ကဲ ဆင့်ကဲ အထောက်အကူပြုနေကြသည့် ကွင်းဆက်အကြောင်းများ အမြောက်အမြားရှိ၏။ ယင်းအကြောင်းများကို နီးသောအကြောင်း, ဝေးသောအကြောင်းဟု ကျမ်းဂန်များ၌ နှစ်မျိုးခွဲထားသည်။ ယခု ပဒဋ္ဌာန်ဆိုသည်မှာ ထိုနှစ်မျိုးအနက် အကျိုးတရား၏ အနီးကပ်ဆုံးသော အကြောင်းပင်ဖြစ်သည်။ ဥပမာ... ဒေါသဖြစ်စရာ အနိဋ္ဌာရုံတစ်ခုနှင့် တွေ့ကြုံ၍ ဒေါသဖြစ်ပေါ်လာရာ၌ ဒေါသဖြစ်ခြင်း အကြောင်းတရားကို စိစစ်လျှင် (၁) အနိဋ္ဌာရုံနှင့် (၂) နှလုံးသွင်းမကောင်းမှု (အယောနိသော မနသိကာရ)[၂] ဟူသော အကြောင်းနှစ်ခုကို တွေ့ရ၏။ ထိုတွင် အနိဋ္ဌာရုံနှင့် တွေ့ကြုံနေရစေကာမူ နှလုံးသွင်းမကောင်းမှသာ ဒေါသဖြစ်လာနိုင်စရာရှိသောကြောင့် နှလုံးသွင်းမကောင်းမှု (အယောနိသော မနသိကာရ)သည်သာ နီးသောအကြောင်း ပဒဋ္ဌာန်ဖြစ်၍ အနိဋ္ဌာရုံမှာ ဝေးသောအကြောင်းမျှသာဖြစ်သည်။

---

၁။ ပဒဋ္ဌာန်=ပဒ+ဋ္ဌာန။ ပဒ = အကြောင်း+ဋ္ဌာန=အကြောင်း

၂။ အယောနိသော=နည်းမှန်လမ်းမှန် မဟုတ်သောအားဖြင့်၊ ဝါ–မသင့်လျော်သောအားဖြင့်+မနသိကာရ=နှလုံးသွင်းခြင်း။

# လောဘစေတသိက်

## (၁) လောဘမည်ပုံ

လောဘသဒ္ဒါသည် "လိုချင်မက်မောခြင်း"အနက်ကို ဟော သည်။ ထို့ကြောင့်...

(က) အာရုံကို လိုချင်မက်မောခြင်းမျှဖြစ်သော သဘောသည် လည်းကောင်း၊

(ခ) မိမိဖြစ်ရာ တည်ရာ သတ္တဝါများကိုဖြစ်စေ၊ မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများကိုဖြစ်စေ အာရုံကို လိုချင်မက်မောအောင် ပြုတတ်သော သဘောသည် လည်းကောင်း၊

(ဂ) မိမိကိုယ်တိုင် အာရုံကို လိုချင်မက်မောတတ်သော သဘောသည်လည်းကောင်း

လောဘစေတသိက်မည်ပါသည်။

## (၂) လောဘ၏လက္ခဏာ

လောဘစေတသိက်သည် အာရုံကိုယူခြင်း သဘောလက္ခဏာရှိသည်။[၂]

---

၁။ အဘိ၊ဋ္ဌ၊၁။၂၉၁။ ၂။ အဘိ၊ဋ္ဌ၊၁။၂၉၁။

**အာရုံယူပုံ** ။ ။ လောဘစေတသိက်၏ အာရုံကို ယူပုံယူနည်းမှာ ယူကာမတ္တမျှမဟုတ်၊ "ငါ့ဥစ္စာ၊ ငါ့ဟာ"စသည်ဖြင့် အာရုံကို တမ်းတမ်းစွဲ ငမ်းငမ်းတက် တပ်မက်ခင်မင်လိုချင်စွာ ယူသည့်ယူပုံမျိုးတည်း။ တစ်နည်းဆိုသော် တွေ့ကြုံထိခိုက်လာသည့် အာရုံများကို မစွန့်လွှတ်နိုင်၊ မခွာနိုင်အောင် စွဲစွဲလမ်းလမ်း ယူမှုမျိုးပင် ဖြစ်သည်။ ထို့ကြောင့် လောဘ၏ အာရုံယူပုံကို မျောက်နဲ့စေးက မျောက်ကို ဖမ်းယူထားသည့် ဥပမာဖြင့် အဋ္ဌသာလိနီအဋ္ဌကထာတွင် ပုံဆောင်တင်ပြထားသည်။

ရှင်းပြဦးအံ့၊ ညောင်စေးစသည်တို့မှ ထွက်ကျနေသော သစ်စေးကို မျောက်စသည့် သတ္တဝါများအား ထောင်ဖမ်းရာတွင် အသုံးပြုသောကြောင့် မျောက်နဲ့စေးဟု ခေါ်ကြသည်။ ထိုမျောက်နဲ့စေးသည် နေရောင်တွင် တပြောင်ပြောင် တောက်ပသော သဘောရှိသည်။ ယင်းသစ်စေးရှိရာသို့ မျောက်သတ္တဝါ ရောက်လာသည့်အခါတွင် အထူးဆန်းမြင်လျှင် ကိုင်ချင်ဆော့ချင်သော သူ့ဝါသနာအတိုင်း သစ်စေးကို လက်တစ်ဖက်ဖြင့် ကိုင်ကြည့်ရာ သစ်စေးက ထိုလက်ကို စေးကပ် ဖမ်းယူထားလိုက်သည်။ ယင်းလက်ကို ကျန်လက်တစ်ဖက်ဖြင့်ခွာရာ ထိုလက်သည်လည်း သစ်စေး၏ ဖမ်းယူခြင်းကို ခံလိုက်ရ၏။ လက်နှစ်ဖက်လုံးကွာအောင် ပါးစပ်ဖြင့်ကိုက်၍ခွာပြန်ရာ ပါးစပ်သည်လည်း သစ်စေးဖြင့် ကပ်၍နေပြန်၏။

ထိုအခါ လက်ရော ပါးစပ်ပါ တစ်ခါတည်း ကွာလေအောင် ခြေနှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန် တွန်းကန်လေရာ သစ်စေးက ခြေနှစ်ဖက်လုံးကို ဖမ်းကပ်ထားလိုက်ပြန်၏။ နောက်ဆုံး၌ ကွာလိုကွာငြား သဘောထား၍ နောက်ဆုံး ကြိုးစားသည့်အနေဖြင့် ကိုယ်ကို ဖိ၍ ခွာလိုက်ရာ တစ်ကိုယ်လုံး လှုပ်မရအောင် သစ်စေးတွင် ကပ်

နေလေတော့၏။

ထိုအတူ သတ္တဝါများ၏စိတ်အစဉ်၌ လောဘစေတသိက် ဝင်ရောက်လာသည့်အခါ လောဘသည် တွေ့ဆုံလာသော ရူပါရုံကိုလည်း နှစ်သက်ခင်မင် လိုချင်စွဲလမ်းကာ ဖမ်းယူတတ်သည်။ သဒ္ဒါရုံစသည် ကျန်အာရုံ ငါးပါးတို့ ထိခိုက်လာလျှင်လည်း စွဲစွဲလမ်းလမ်း ဖမ်းယူထားတတ်သည်။ ဤသို့ လောဘစေတသိက်သည် အာရုံခြောက်ပါးကို မျောက်နဲ့စေးပမာ ဖမ်းယူထားတတ်သော သဘောလက္ခဏာရှိပေသည်။

ဤဥပမာတွင် မျောက်နဲ့စေးနှင့် လောဘ၊ မျောက်၏လက်အစုံ၊ ခြေအစုံ၊ ပါးစပ်၊ ကိုယ်ခန္ဓာတို့နှင့် အာရုံခြောက်ပါးတို့ တူကြပါသည်။

## (၃) လောဘ၏ ရသ

လောဘသည် အာရုံ၌ လွန်စွာကပ်ငြိခြင်း ကိစ္စရှိသည်။ (အဘိသင်္ဂရသ)[၁]

ငြိကပ်ပုံ ။ ။ အာရုံကိုယူသည့်အခါ ဆိုင်ရာဆိုင်ရာ အာရုံတို့၌ လွန်စွာ ငြိကပ်နေခြင်းသည် လောဘစေတသိက် ကိစ္စ ဖြစ်သည်။ ငြိကပ်ခြင်းဆိုသည်မှာ တွေ့ကြုံလာသည့်အာရုံကို လက်မလွှတ်နိုင်ခြင်း၊ တွယ်တာခင်မင် လိုချင်ခြင်း၊ ထိုအာရုံမှ မခွာနိုင်ခြင်းတို့ပင် ဖြစ်သည်။ ဥပမာအားဖြင့် လောဘစေတသိက်သည် အငွေ့တခြောင်းခြောင်းထွက်နေသော ဒယ်အိုးပေါ်သို့ ပစ်ချလိုက်သည့် အမဲသားတစ်နှင့်တူသည်။ မီးဖိုပေါ်ရှိ ဒယ်အိုးခင်းပူပူပေါ်သို့ အမဲသားပိုင်းကလေးကို ပစ်ချလိုက်သည့်အခါ ဒယ်အိုးတွင် တစ်ခါ

၁။ အဘိ၊ဋ္ဌ၊၁။ ၂၉၁။

တည်း ကပ်ငြိနေသကဲ့သို့ အာရုံ၌ ကပ်ငြိနေခြင်းမျိုးသည် လောဘ၏ ကိစ္စဖြစ်သည်။ အချုပ်အားဖြင့် အာရုံကို တွယ်တာငြိကပ်လိုမှု အရပ်ရပ်သည် လောဘ၏လုပ်ငန်းကိစ္စဖြစ်သည်ဟု ဆိုလိုပါသည်။[၁]

လောဘသည် အမဲသားတစ်နှင့် တူသည်ဟု ဆိုရသော်လည်း ဒယ်အိုးပူပေါ်၌ အမဲသားတစ်ကလေး ငြိကပ်နေခြင်းသည် တခဏမျှသာ ဖြစ်သည်။ မကြာမီ ကွာသွားနိုင်သည်။ သားမယား၊ ရွှေ၊ ငွေ စသော လောဘနိယအာရုံတို့၌ ကပ်ငြိနေသော လောဘမှာကား ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ ကူးပြောင်းသည့်တိုင်အောင် မကွာမပြတ် ငြိတွယ်တတ်သည်။

ဘဝကူးပြောင်းသည်အထိ ကပ်ငြိတတ်ကြောင်းကို သာဓကဆောင်ပြအံ့။

ရှေးအခါက အမျိုးသမီးတစ်ယောက်သည် မိမိခင်ပွန်း၏ ညီဖြစ်သူနှင့် တိတ်တိတ်ပုန်း ချစ်ကြိုက်နေ၏။ သူသည် မိမိလင်ယောကျ်ားထက် တိတ်တိတ်ပုန်း ချစ်ကြိုက်ရသူ မတ်ကလေးကို ပို၍ချစ်လေသည်။ သို့သော် ခင်ပွန်းသည်ကမူ "ငါ့မိန်းမမှ မိန်းမ"ဟု အလွန်အကျူး အထူးချစ်မြတ်နိုးနေရှာ၏။ တစ်နေ့တွင် ထိုမိန်းမ၏ စေခိုင်းတိုက်တွန်းချက်အရ ညီဖြစ်သူက အစ်ကိုကြီးကို ချောင်းသတ်လိုက်၏။ အစ်ကိုကြီးဖြစ်သူမှာ မိမိဇနီး၌ တွယ်တာငြိကပ်နေရကား ထိုအိမ်မှာပင် လင်းမြွေကြီး လာဖြစ်သည်။ လင်းမြွေကြီးသည် ထိုအမျိုးသမီးကိုယ်ပေါ်သို့ မကြာခဏတက်လာလေ့ရှိသည်။ ထိုအခါ အမျိုးသမီးက "ဒီလင်းမြွေကြီးဟာ ငါ့ရဲ့ခင်ပွန်းဟောင်းပင် ဖြစ်မှာပဲ"ဟုဆိုကာ သတ်ပစ်လိုက်၏။

သို့သော် ထိုမြွေသည် မိမိအမျိုးသမီး၌ တွယ်တာကပ်ငြိမှုကို

---

၁။ အဘိ႒၊၁၊၂၉၁။

မစွန့်ခွာနိုင်သေးသည့်အတွက် ထိုအိမ်မှာပင် ခွေးလာဖြစ်ပြန်၏။ ခွေးငယ်သည် ထိုအမျိုးသမီးသွားလေရာသို့ နောက်က တကောက်ကောက်လိုက်လေ့ရှိသည်။ ထိုအခြင်းအရာကို သူများမြင်သည့်အခါ "အမဲလိုက်ခွေးမှဆိုးထွက်လာပြီ ဘယ်ကိုသွားမယ် မသိဘူး"ဟု ပြောင်လှောင်ကြ၏။ ထို့ကြောင့် အမျိုးသမီးသည် ခွေးကလေးကို သတ်ပစ်လိုက်ပြန်၏။

ခွေးဘဝတွင် အသတ်ခံရပြန်သော်လည်း ထိုအမျိုးသမီးအပေါ်၌ တွတ်တာခင်မင် ချစ်ကြင်ငြိကပ်သောစိတ်ကား မရပ်သေး၊ မပြတ်သေးချေ။ သို့ဖြစ်၍ ထိုဇနီးဟောင်းအိမ်မှာပင် နွားလာဖြစ်ရပြန်၏။ နွားငယ်သည် ခွေးဘဝကကဲ့သို့ပင် အမျိုးသမီးသွားရာနောက်သို့ တကောက်ကောက် လိုက်ရှာနေ၏။ ထိုအခါ လူအများက "နွားကျောင်းသူမ ထွက်လာပြီဟေ့၊ နွားကိုဘယ်မှာ သွားကျောင်းမယ်မသိဘူး"လို့ ပြက်ရယ်ပြုကြလေသည်။ ထိုအမျိုးသမီးသည် ရှက်လွန်းလှသဖြင့် နွားငယ်ကို သတ်ပစ်လိုက်ပြန်သည်။

ထိုသူသဉ္စာန်၌ဖြစ်သော လောဘစေတသိက်ကား ငြိကပ်တွယ်တာသည့်အရာတွင် အလွန်အင်အားကောင်းလှသည်။ လေးကြိမ်တိုင်တိုင် ကိုယ့်ချစ်သူ၏အသတ်ကို ခံရငြားလည်း ထိုအမျိုးသမီးအပေါ်၌ ငြိကပ်တွယ်တာ ချစ်ခင်ရှာသည့် သဘောတရားကား ပျောက်ကွယ်မသွားချေ။ တွယ်တာမြဲတွယ်တာလျက်ပင် ရှိချေသေး၏။ ထို့ကြောင့် ထိုအမျိုးသမီးဝမ်း၌ပင် သားငယ်ယောကျ်ားကလေးလာဖြစ်ပြန်သည်။ ဤသို့တွယ်တာကပ်ငြိသော လောဘစေတသိက်၏ သတ္တိကား ထက်မြက်သဖြင့် အလွန်ကြောက်စရာကောင်းလှပေသည်။[၁]

---

၁။ အံ၊ဋ္ဌ၊၂၊၁၉၀။

ထို့ပြင် မိမိ၏ ရွှေ၊ ငွေ၊ ရတနာ စသည့် ပစ္စည်းဥစ္စာတို့၌ တွယ်တာကပ်ငြိတတ်သော စေတသိက်ကြောင့် ကွယ်လွန်သောအခါ ဥစ္စာစောင့် ပြိတ္တာဖြစ်ခြင်း၊ ဥစ္စာများထားရာအရပ်၌ မြွေဖြစ်ခြင်း၊ ကြွက်ဖြစ်ခြင်း၊ သန်းဖြစ်ခြင်း စသည့် အတိတ်ဖြစ်ရပ်များ အများအပြား ရှိပါသေးသည်။

## (၄) လောဘ၏ ပစ္စုပဋ္ဌာန်

လောဘစေတသိက်သည် အာရုံ၌ကပ်စွဲနေသော တရား(ဝါ) အာရုံကို မစွန့်လွှတ်နိုင်သောတရားဟု အဘိဓမ္မာကို စူးစူးစိုက်စိုက် လေ့လာရှုမှတ်သူဉာဏ်တွင် ရှေးရှုထင်ခြင်း သဘောရှိ၏။

ဥပမာ အဝတ်အထည်များအပေါ်၌ ဆီချေးများ စွန်းပေနေခဲ့လျှင် ရုတ်တရက် လျှော်ဖွပ်၍ မကျွတ်နိုင်၊ မစင်ကြယ်နိုင်သကဲ့သို့ ထို့အတူ လောဘစေတသိက်သည် အာရုံတစ်ခုခု၌ စွဲလမ်းငြိကပ်နေမှုသော် မစွန့်လွှတ်နိုင်သော သဘာတရားမျိုး ဖြစ်သည်ဟု စူးစူးစိုက်စိုက် လေ့လာရှုမှတ်သူတို့ဉာဏ်တွင် ထင်လာမြင်လာသည်ဟု ဆိုလိုပါသည်။

လောဘ၏ ပစ္စုပဋ္ဌာန်သည် ပစ္စုပဋ္ဌာန် (၂)မျိုးတွင် ဉာဏ်တွင် ထင်မြင်လာသော သဘောခြင်းရာ ပစ္စုပဋ္ဌာန်ဖြစ်သည်။ ယင်းပစ္စုပဋ္ဌာန်ကား တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်သည် ပ[illegible]ဘာရား တစ်ခု၏ သဘောသွားကို ဆင်ခြင်လိုက်သည့်အခါ ထိုယောဂီပုဂ္ဂိုလ်၏ဉာဏ်တွင် ထင်မြင်လာသော ပရမတ်တရား၏ သဘောခြင်းရာပင်တည်း။ ဥပမာ လူတစ်ယောက်ကို အကဲခတ်သည့် အခါတွင်

အကဲခတ်သူ၏ ဉာဏ်တွင် ထိုပုဂ္ဂိုလ်၏ စိတ်နေသဘောထားကို ထင်မြင်လာသည်နှင့်တူသည်။ ထိုကြောင့် လောဘ၏ ပစ္စုပဋ္ဌာန်ဆိုသည်မှာ လောဘ၏ သဘောလက္ခဏာနှင့် လောဘ၏ကိစ္စရသတို့မှ ထူးထွေကွဲပြားသော သီးခြားသဘောတစ်ခု မဟုတ်ချေ။ ယောဂီပုဂ္ဂိုလ်တို့ဉာဏ်တွင် ထင်မြင်လာသည့် လောဘစေတသိက်၏ သဘော လက္ခဏာနှင့် ကိစ္စရသတို့သည်ပင် လောဘ၏ ပစ္စုပဋ္ဌာန် ဖြစ်တော့သည်။ သို့ဖြစ်၍ အာရုံ၌ ကပ်စွဲနေသောသဘော (ဝါ) အာရုံကို မစွန့်လွှတ်နိုင်သော သဘောဆိုသည်မှာ အာရုံ၌ အလွန်ငြိကပ်ခြင်းသဘော၊ အာရုံကို တပ်မက်ခင်မင် လိုလိုချင်ချင် ယူသည့် သဘောပင် ဖြစ်ပေသည်။

## (၅) လောဘ၏ပဒဋ္ဌာန်

လောဘစေတသိက်သည် သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌ သာယာဖွယ်ဟု ရှုမြင်တတ်သော ဒိဋ္ဌိစေတသိက်လျှင် နီးစွာသောအကြောင်းရှိ၏ ။

လောဘစေတသိက်ကို ဖြစ်ပေါ်စေတတ်သည့် အနီးကပ်ဆုံးအကြောင်းတရားကား လောကီအာရုံတို့ကို သာယာဖွယ် နှစ်သက်ဖွယ်ဟု ရှုမြင်သုံးသပ်တတ်သော (အဿာဒ) ဒိဋ္ဌိစေတသိက် ဖြစ်သည်။ ရှင်းပြဦးအံ့... အကျိုးတရားတစ်ခု ဖြစ်ပေါ်လာမှုတွင် ဆင့်ကဲဆင့်ကဲ အထောက်အကူပြုနေကြသည့် ကွင်းဆက်အကြောင်းများများစွာရှိရသည်မှာ သဘာဝပင်ဖြစ်သည်။ ဤလောဘစေတသိက်ဖြစ်ပေါ်လာမှုတွင်လည်း လောဘဖြစ်ကြောင်း မကောင်းသောအရပ်

---

၁။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၉၁။

ဒေသ၌ နေရခြင်း၊ လူမိုက်လူယုတ်တို့နှင့် ပေါင်းသင်းခြင်း၊ နှစ်သက်စရာ လိုချင်စရာအာရုံများနှင့် ဆုံစည်းခြင်း၊ မသင့်မလျော် နှလုံးသွင်းချော်ခြင်း၊ သာယာဖွယ် နှစ်သက်ဖွယ် အာရုံများဟု ရှုမြင်သုံးသပ်ခြင်းစသည်ဖြင့် နောက်ခံကြောင်းများ များစွာရှိပေသည်။ ယင်းအကြောင်းများအနက် သာယာဖွယ် နှစ်သက်ဖွယ် အာရုံဟု ရှုမြင်သုံးသပ်မှုသည်သာ လိုချင်မှုလောဘဖြစ်ပေါ်လာမှုတွင် အနီးကပ်ဆုံး သော့ချက်အကျဆုံးအကြောင်းဖြစ်သည်။ အခြားအကြောင်းများမှာ လိုချင်မှုလောဘ ဖြစ်လာဖို့ရန် ဝိုင်းဝန်းဖန်တီးပံ့ပိုးပေးကြသော အခြံအရံအကြောင်း(ဝါ) ဝေးသော အကြောင်းများသာ ဖြစ်ကြသည်။

တွေ့ကြုံရသော လောကီအာရုံများကို သာယာဖွယ် နှစ်သက်ဖွယ်အာရုံဟု ရှုမြင်သုံးသပ်မှုသည် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်ဖြစ်သည်ဟု မူလဋီကာဆရာက ဖွင့်ဆိုပါသည်။ အမှန်စင်စစ်သတ္တဝါများ နေ့စဉ်နှင့်အမျှ အမြဲတရစပ် တွေ့ကြုံနေရသည့်လောကီအာရုံများသည် ဒုက္ခမျိုးစုံ ဖန်တီးပေးတတ်သော သဘောရှိသောကြောင့် တကယ်သာယာဖွယ် နှစ်သက်ဖွယ် တွတ်တာမက်မောဖွယ် အာရုံများ မဟုတ်ချေ။ ဘုရားရဟန္တာစသော အရိယာ သူတော်ကောင်းများအနေဖြင့် စက်ဆုပ်ဖွယ် ရွံရှာဖွယ်များဟု ယထာဘူတကျကျ ရှုမြင်ထားသော အသုဘ(မတင့်တယ်သော)အာရုံများသာဖြစ်ကြသည်။ ယင်းစက်ဆုပ် ရွံရှာဖွယ်အာရုံများကို တကယ်နှစ်သက်ဖွယ် သာယာဖွယ် မက်မောဖွယ် အာရုံများဟု ရှုမြင်ခြင်းကားယထာဘူတ အမြင်မှ သွေဖည်သော ဖောက်ပြန်သည့် ဒိဋ္ဌိအမြင်ပင်ဖြစ်သည်။ ထို ဒိဋ္ဌိအမြင်ကြောင့်ပင် သတ္တဝါများသန္တာန်၌ လောဘမီးများ တညီးညီးတပြောင်ပြောင် တောက်လောင်နေကြခြင်းဖြစ်သည်။

**ချဲ့ပြဦးအံ့** ။ ။ လိုချင်မှု တွယ်တာမက်မောမှုဟူသည် တွေ့ကြုံရ

သည့် လောကီအာရုံများကို နှစ်သက်ဖွယ်၊ သာယာဖွယ် အာရုံဟု ရှုမြင်သုံးသပ်မှသာ ဖြစ်ပေါ်လာနိုင်ပါသည်။ ဘုရား ရဟန္တာ စသည့် အရိယာသူတော်ကောင်းတို့မှာကား ထိုအာရုံများကို အသုဘအာရုံများဟု ဟုတ်တိုင်းမှန်စွာ ရှုမြင်နိုင်ကြသဖြင့် အာရုံကို ခံမင်မှု တွယ်တာမှုမျိုး မဖြစ်နိုင်ကြတော့ပေ။ ယင်းပုဂ္ဂိုလ်များအဖို့ သည် လောကကြီးသည် အလွန် ပျင်းရိငြီးငွေ့စရာကောင်းသည့် ခြောက်သွေ့သောသဲကန္တာရကြီးသဖွယ်ဖြစ်သည်။ အာရုံကိုယထာဘူတ ကျကျ မရှုမြင်နိုင်မှု (ဝါ) အမြင်မှားမှုဟူသော ဒိဋ္ဌိနယ်ကို မကျော် လွှားနိုင်ကြသေးသည့် သာမန်လောကသားများမှာမူ လောကီအာရုံ များကို သာယာတပ်မက်မောဖွယ်အသွင်ဖြင့် မှားယွင်းစွာ ရှုမြင်ကြ သဖြင့် မျက်စိကန်း တဏှာမကြောက် ဆိုသကဲ့သို့ ထိုအာရုံကို လိုချင် မှု၊ တွယ်တာတပ်မက်မောမှု၊ ထိုအာရုံ၌ မျော်မွေ့မှုများ ဖြစ်ပွားနိုင်ကြ သည်။ အမှန်အားဖြင့် ဒုက္ခပေါင်းမျိုးစုံ စိတ်ဆင်းရဲမှုအစုံစုံတို့နှင့် ပြည့်နှက်နေသော သည်လောကကြီးကို ပျော်မွေ့စရာ ချမ်းမြေ့စရာ ကောင်း၍ အလွန်သာယာစိုပြည်သည့် လောကနိဗ္ဗာန်ကြီးအဖြစ် ဤ ဒိဋ္ဌိစေတသိက်က ဖန်တီးပေးထားခြင်း ဖြစ်သည်။

**မျက်မှန်စိမ်း ဥပမာ** ။ ။ ဥပမာအားဖြင့် မြင်းကို မျက်မှန်စိမ်း တပ်ပြီး မြက်ခြောက်တွေကို ကျွေး သည်နှင့် သဘောတူပေသည်။ မြင်းကို မျက်မှန်စိမ်း တပ်ပေးလိုက် သည့်အခါ မြင်းသည် မျက်မှန်စိမ်းကြောင့် ပုံထားသော မြက်ခြောက် တွေကို မြက်စိုတွေပဲဟု ထင်ပြီး မြိန်မြိန်ရှက်ရှက် စားလေ့ရှိသည်။ ထို့အတူ သတ္တဝါတွေမှာလည်း မောဟတည်းဟူသော မျက်မှန်စိမ်း တပ်ထားမှုကြောင့် နောက်ကွယ်တွင် ဆင်းရဲဒုက္ခအသွယ်သွယ် ခြံရံ နေသည့် စက်ဆုပ်ရွံရှာဖွယ် အသုဘအာရုံများကို တကယ့် သာယာ မက်မောဖွယ်အာရုံများဟု ရှုမြင်ပြီး နှစ်သက်လိုချင်ကြသည်။ မက်

မောတွယ်တာကြသည်။

ဤဥပမာ၌ မောဟနှင့်မျက်မှန်စိမ်း၊ ဒိဋ္ဌိစေတသိက်နှင့် မြက်ခြောက်တွေကို မြက်စိုတွေလို့ အမှားမြင်မှု၊ လောဘနှင့် မြက်ခြောက်တွေကို မြိန်မြိန်ရှက်ရှက်စားချင်မှု တူကြပါသည်။

အထက်တွင် ပြဆိုခဲ့သော လောဘ၏ ပဒဋ္ဌာန်ခန်းသည် မူလဋီကာ ဆရာကောက်ပြသည့် ပဒဋ္ဌာန်တရားကို အကျယ်ဖွင့်ဆိုချက်ဖြစ်သည်။ အချို့အဘိဓမ္မာဆရာများကမူ လောဘ၏ ပဒဋ္ဌာန်တရားဟူသည် စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ၊ သညာဝိပလ္လာသဟူသော ဝိပလ္လာသ တရားသုံးပါးဖြစ်သည်ဟု ဖွင့်ဆိုကြပါသည်။ ဝိပလ္လာသဆိုသည်မှာ ဖောက်ပြန်မှားယွင်းမှုပင် ဖြစ်ပါသည်။ ထို့ကြောင့် စက်ဆုပ်ရွံရှာဖွယ် အသုဘအာရုံများကို ကောင်းမွန်တင့်တယ် မြတ်နိုးဖွယ်ကောင်းသည့် သုဘအာရုံများဟု အသိမှားမှုကို စိတ္တဝိပလ္လာသ၊ အမြင်မှားမှုကို ဒိဋ္ဌိဝိပလ္လာသ၊ အမှတ်မှားမှုကို သညာဝိပလ္လာသဟု ခေါ်ဆိုပါသည်။ ထိုအဘိဓမ္မာဆရာတို့၏ဝါဒကား ယင်းသို့ အသိမှားမှု၊ အမြင်မှားမှု၊ အမှတ်မှားမှုတို့ကြောင့် အာရုံကို လိုချင်မှုလောဘစေတသိက် ဖြစ်လာရသည်ဟု ဆိုလိုပါသည်။

အဘိဓမ္မာဝတာရဋီကာသစ်ဆရာကမူ (အားကြီးသော) လောဘစေတသိက်၏ ပဒဋ္ဌာန်သည် အားသေးသော လောဘစေတသိက်ပင် ဖြစ်သည်ဟု ပြဆိုထားပါသည်။

## (၆) လောဘစေတသိက်၏ နာမည်ထူးများ

လောကတွင် ပုဂ္ဂိုလ်တစ်ဦးတည်း တစ်ယောက်တည်းဖြစ်စေကာမူ မိမိထမ်းဆောင်ရသည့် အမှုလုပ်ငန်းများကိုလိုက်၍ အယ်ဒီ

---

၁။ ဝတာရဋီကာသစ်၊ ပ၊ တွဲ၊ ၃၁၆။

တာ၊ မန်နေဂျာ၊ ရလကဉက္ကဋ္ဌ၊ စားသုံးသူသမဝါယမအတွင်းရေးမှူး ပါတီကလပ်စည်းခေါင်းဆောင်စသော နာမည်အမျိုးမျိုးတို့ကို ရရှိသကဲ့သို့ ထို့အတူ လောဘစေတသိက်သည်လည်း အကုသိုလ်ပိုင်းဆိုင်ရာတွင် မိမိစွမ်းဆောင်သည့် သဘောသတ္တိအလိုက် အခြားနာမည်ထူးများကိုလည်း ရပေသေးသည်။

ယင်းနာမည်ထူးများကား...

တဏှာ၊ အဘိဇ္ဈာ၊ ရာဂ၊ ကာမ၊ လ္ဘဿ၊ အာသာ၊ နိကန္တိ၊ အာလယ၊ မာယာ၊ နန္ဒီ၊ ပေါနောဗ္ဘဝိကာ၊ ဇော၊ ဇနိကာ၊ ဘဝနေတ္တိ၊ ဝါန၊ ဝန၊ ဝနထ၊ သိဗ္ဗိနီ၊ ဇာလိနီ၊ မူလ၊ ဟေတု၊ အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ ကိလေသာ၊ သံယောဇဉ်၊ သမုဒယသစ္စာ စသည်ဖြင့် နာမည်မျိုးစုံလှပေသည်။ ထိုအမည်များ ရလာပုံကို တစ်ခုစီ အကျဉ်းချုပ် ရှင်းပြပါမည်။

တဏှာ။ ။ ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်စသည်တို့၌ "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်"ဟုလည်းကောင်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာ)၌ "ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ"ဟုလည်းကောင်း လောဘစေတသိက်ကို တဏှာအမည်ဖြင့် ဟောကြားခဲ့ပါသည်။

လောဘစေတသိက်ကား အာရုံခြောက်ပါးကို တပ်မက်တတ်၊ တောင့်တတတ်သော သဘောရှိသောကြောင့် တဏှာဟူသောနာမည်တစ်မျိုးကို ရလေသည်။ မှန်ပါသည်။ အလွန်မွဲလွန်းလှသဖြင့် မစားရတစ်နပ်၊ စားရတစ်နပ်ဖြင့် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေရှာသော ဆင်းရဲသားသည် အစာရေစာများကို လွန်စွာလိုလားတောင့်တနေဘိသကဲ့သို့ လောဘတရားသည်လည်း ဘဝသံသရာ၌ တွေ့ကြုံရ ဆုံခဲ့

ရသော အာရုံခြောက်ပါးတည်းဟူသော အစာရေစာတို့ဖြင့် မဝနိုင် မတင်းတိမ်နိုင်ဘဲ ထိုအာရုံများကို ခုံခုံမင်မင် ခင်ခင်တွယ်တွယ် စွဲလမ်းတမ်းတကာ အသစ်အသစ်ဖြစ်သော အာရုံများကိုသာ မျှော်လင့်တောင့်တ၍နေသော သဘောရှိပေသည်။ ဆိုလိုသည်မှာ လောဘတရားသည် တွေ့ကြုံရသည့် အာရုံများကိုလည်း တပ်မက်တွယ်တာ၏ နောက်ထပ်အသစ်အာရုံများကိုလည်း မျှော်လင့်တောင့်တနေ၏။ ထိုကြောင့် လောဘစေတသိက်ကို နာမည်တစ်မျိုးအားဖြင့် တဏှာခေါ်သည်ဟု ဆိုလိုပါသည်။

လူ့လောကတွင် ဖောဋ္ဌဗ္ဗာရုံအရာ၌ လွန်ကဲအားကြီးသူများကို "တဏှာကြီးသူများ"ဟု အများက ခေါ်ဝေါ်ပြောဆိုလေ့ရှိကြသည်။ အမှန်စင်စစ် တဏှာသည် ဖောဋ္ဌဗ္ဗအာရုံတစ်ခုတည်းသာမဟုတ်၊ အာရုံခြောက်ပါးလုံးကိုပင် တပ်မက်တွယ်တာသောသဘော၊ တောင့်တသောသဘောရှိပေသည်။

**အဘိဇ္ဈာ** ။ ။ အဘိဇ္ဈာကား ဗုဒ္ဓဘာသာလောကတွင် အသုံးများသော အဘိဓမ္မာဝေါဟာရတစ်ခုဖြစ်၏။ တရားကိုယ်မှာ သူများစည်းစိမ် လိုချင်သော လောဘတည်း။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ လယ်ယာမြေတို့ကို မြင်သည့်အခါ လိုချင်မှုသဘောဖြင့် ရှေးရှုကြံစည်တတ်သောကြောင့် လောဘသည် အဘိဇ္ဈာဟူသော အမည်ကို ရပါသည်။

သို့ရာတွင် အဘိဇ္ဈာကို ကမ္မပထမြောက်သော (ပဋိသန္ဓေကျိုးကို ပေးနိုင်သော) အဘိဇ္ဈာ၊ ကံဖြစ်ရုံမျှဖြစ်သော အဘိဇ္ဈာဟု နှစ်မျိုးခွဲနိုင်သည်။ ထိုတွင် သူများ၏ တိုက်တာလယ်ယာ ရွှေငွေရတနာများကို မြင်ရသည်ရှိသော် သာယာခြင်း၊ တပ်မက်ခြင်းအနေမျှတွင် မရပ်တန့်မူ၍ "သူ့စည်းစိမ်ဥစ္စာများသည် ငါ့စည်းစိမ်ဖြစ်ရင်ကောင်းမှာပဲ"ဟု

မိမိသို့ညွတ်စေသော မတရားလောဘသည်သာ ကမ္မပထမြောက်သော အဘိဇ္ဈာဖြစ်သည်။ ဤနေရာ၌ သူတပါး၏ ကံ ဉာဏ် ဝီရိယကြောင့် ရရှိထားသော စည်းစိမ်ချမ်းသာများကို ထိုသူ့တွင်လက်မဲ့ဖြစ်စေကာ မိမိဥစ္စာ ဖြစ်စေလိုခြင်းသည် သာမန်လောဘမျိုးမဟုတ်၊ အလွန်မတရားသော လောဘမျိုးဖြစ်သည်မှာ သိသာထင်ရှားပါသည်။

တောင်း၍၊ ငှား၍၊ ဝယ်၍ ယူလိုခြင်း၊ သို့မဟုတ် ထိုစည်းစိမ်နှင့်အလားတူ စည်းစိမ်မျိုးကို လိုချင်ခြင်းမျိုးမှာ အဘိဇ္ဈာ (သာမန်လောဘ, ကံမျှသာ ဖြစ်သည်။) ပဋိသန္ဓေအကျိုးအထိ ပေးနိုင်သောကမ္မပထအဆင့်သို့ကား မရောက်နိုင်ချေ။

**ရာဂစသောနာမည်များ** ။ ။ လောဘစေတသိက်ကို အာရုံကိုတပ်စွဲတတ်သော သဘောကြောင့် ရာဂဟုလည်းကောင်း၊ အာရုံကို လိုချင်တတ်သောကြောင့် ကာမ၊ ဣစ္ဆာ၊ အာသာ၊ နိကန္တိ တို့ဟူ၍လည်းကောင်း၊ အာရုံ၌ အထပ်ထပ် ငြိကပ်တတ်သော သဘောကြောင့် အာလယဟုလည်းကောင်း၊ လှည့်ပတ်တတ်သောကြောင့် မာယာဟုလည်းကောင်း၊ အာရုံကို ကြိုက်နှစ်သက်တတ်သောကြောင့် နန္ဒီဟုလည်း၊ ဘဝသစ်ကို တစ်ဖန်ဖြစ်စေတတ်သော သဘောရှိသောကြောင့် ပေါနောဗ္ဘဝိကဟုလည်းကောင်း၊ သတ္တဝါတို့ကို ထိုထိုဘဝ၌ဖြစ်စေခြင်းငှာ ဆွဲငင်တတ်သောသဘောရှိကြောင့် ဇောဟုလည်းကောင်း၊ ဝဋ်သုံးပါး၌ သတ္တဝါတို့ကိုဖြစ်စေတတ်သောကြောင့် ဇနိကဟုလည်းကောင်း၊ သတ္တဝါတို့ကိုဘဝသို့ ကြိုးသဖွယ် ဆွဲယူပို့ဆောင်တတ်သောကြောင့် ဘဝနေတ္တိဟုလည်းကောင်း၊ ဘဝတစ်ပါးနှင့်တစ်ပါးကို ချုပ်စပ်တတ်သောကြောင့်၊

---

၁။ သံမိဝိနိုဒီကာ၊၃တွဲ၊၁၁၈။ သဂြိုဟ်ဘာသာဋီကာ၊ ၃၇၃။

(ဝါ)ရံခါသုဂတိ၊ ရံခါဒုဂ္ဂတိ ဖြစ်စေသဖြင့် သုဂတိဘဝ၊ ဒုဂ္ဂတိဘဝဟု အစွန်းအားဖြင့် ယုတ်မြတ်ကြီးငယ်သော ဘဝကို ချုပ်စပ်တတ်သောကြောင့် ဝါနဟုလည်းကောင်း၊ ထိုထိုအာရုံကို ကပ်ငြိတတ်သော သဘောကြောင့် ဝန၊ ဝနထဟုလည်းကောင်း၊ အပ်ချုပ်သမားသည် အဝတ်တစ်စနှင့်တစ်စ ချုပ်စပ်ဘိသကဲ့သို့ သတ္တဝါတို့ကို ဝဋ်သုံးပါး၌ စုတိ၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ချုပ်စပ်တတ်သောကြောင့် သိဗ္ဗိနီဟုလည်းကောင်း၊ ပိုက်ကွန်သည် ငါးစသော သတ္တဝါများကို လွတ်မြောက်ခွင့် မပေးသကဲ့သို့ လောဘသည် သတ္တဝါတို့ကို သံသရာမှ လွတ်မြောက်ခွင့် မပေးသည့် သဘောရှိ၍ ပိုက်ကွန်နှင့်တူသောကြောင့် ဝါ–ပိုက်ကွန်ကဲ့သို့ တစ်ပါးမက များသောအာရုံရှိသောကြောင့် ဇာလိနီဟုလည်းကောင်း အမည်အမျိုးမျိုးဖြင့် ဘုရားရှင်ဟောကြားခဲ့ပါသည်။

**မူလ** ။ ။ မူလသဒ္ဒါသည် အရင်းအမြစ်ဟူသော အနက်ကို ဟောသည်။ လောဘသည် အကုသိုလ်တရားတို့၏ အမြစ်နှင့်တူသည်။ ထို့ကြောင့်ဗုဒ္ဓသည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ယမိုက်ပါဠိတော်များ၌ လောဘကို “အကုသလမူလ”ဟု နာမည်ပေး၍ ဟောထားတော်မူပါသည်။

သစ်ပင်များ၌ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်များ ဖြစ်ပေါ်လာမှု၊ ရှင်သန်ကြီးထွားမှု၊ ခိုင်မြဲစွာ တည်တံ့မှုတို့တွင် ရေသောက်မြစ်သည် အဓိကအကျဆုံးသော အကြောင်းဖြစ်သည်။ အရွက်ကိုပယ်၊ ခက်ငယ်ကိုချ၊ ခက်မကိုရှဲ၊ ပင်လုံးလဲအောင် ခုတ်ဖြတ်လိုက်လင့်ကစား ရေသောက်မြစ်များ ကျန်ရှိနေသေးပါက ပြန်လည်ရှင်သန်ကြီးထွားနိုင်သည်။ ထို့အတူ လောဘစေတသိက်သည်လည်း အကုသိုလ်သစ်ပင်ကြီး ပေါက်ရောက်ဖြစ်ပေါ်လာမှုတွင် အရေးအပါဆုံးသော ရေသောက်မြစ်ကြီး တစ်ခုဖြစ်သည်။ လောဘသည် အာရုံတည်းဟူ

သော မြေကြီးပေါ်၌ ထောက်ရာတည်ရာပြု၍ ဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို ခိုင်မြဲစည်ပင်စေ၏။

လောဘတည်းဟူသော မြစ်မကို အရဟတ္တမဂ်တည်းဟူသော ဓားဖြင့် အကြွင်းမဲ့ မဖြတ်နိုင်သေးသရွေ့ အကုသိုလ်မှုများ ဆက်လက် ရှင်သန်နေဦးမည်မှာ ဧကန်ဖြစ်သည်။ ထို့ကြောင့် လောဘသည် အကုသိုလ်တရားတို့၏ ရေသောက်မြစ်ကြီးဖြစ်သည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာတွင် ဖွင့်ဆိုထားခြင်းဖြစ်ပါသည်။

ဝိဘင်းအဋ္ဌကထာ၌လည်း တဏှာအမည်ရသော လောဘစေတသိက်ကို ဝဋ်တရားအမျိုးမျိုးတို့၏ တည်ရာတည်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းစက်၏ အကြောင်းရင်း အကြောင်းစစ် ဖြစ်သောကြောင့်လည်းကောင်း၊ မူလခေါ်သည်ဟု ဖွင့်ဆိုထားပါသေးသည်။ ပဋိစ္စသမုပ္ပါဒ်ကို နှစ်ပိုင်းခွဲလိုက်လျှင် အဝိဇ္ဇာမှ ဝေဒနာအထိ ရှေ့ပိုင်းဘဝစက်တစ်ခု၊ တဏှာမှ ဇရာမရဏအထိ နောက်ပိုင်းစက်တစ်ခုဟု ဘဝစက်နှစ်ခု ဖြစ်လာသည်။ ထိုတွင် တဏှာသည် နောက်ပိုင်းဘဝစက်၏ အကြောင်းရင်း အကြောင်းစစ် အဖြစ် ဝဋ္ဋရားအမျိုးမျိုးကို ဖန်တီးပေးသည်။ ဤအကြောင်းများကြောင့် လောဘသည် မူလနာမည်ကိုရသည် (သံခိပ်ဋီ၊ ဒု၊နှာ၊၄၀၈)။

ဟေတု ။ ။ ဗုဒ္ဓသည် ပဋ္ဌာန်းပါဠိတော် ဟေတုပစ္စည်း၌ လောဘကို ဟေတု (ဟိတ်)ဟူသော နာမည်ထူးဖြင့် ဟောကြားခဲ့ပါသည်။ ဟေတု၏ အဓိပ္ပာယ်မှာ "ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"ဆိုသည့်အတိုင်း ရေသောက်မြစ်သဖွယ် ဖြစ်ဖော်ဖြစ်ဖက် တရားများကို ကျေးဇူးပြုတတ်သော အကြောင်းတရားဟု ဆိုလိုရကား မူလနှင့် အဓိပ္ပာယ် တစ်ထပ်တည်းပင်ဖြစ်သည်။ ထို့ကြောင့်မူလ၏ အဖွင့်အတိုင်း မှတ်သားရန်ဖြစ်ပါသည်။

ဆုတောသနစာကြည့်တိုက်
စာဗထနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန


**အာသဝ**။ ။ ဓမ္မသင်္ဂဏီပါဠိတော် ဒုကနိက္ခေပကဏ္ဍ၌ လောဘကို

အာသဝ(ကာမာသဝ၊ ဘဝါသဝ) နာမည်ဖြင့် ဘုရားရှင်ဟောခဲ့ပါသည်။ အာသဝဆိုသည်မှာ ကြာမြင့်စွာ ထုံအပ်၊ စိမ်ထားအပ်သော အရက်စိမ်ရည်ဟု အဓိပ္ပာယ်ရပါသည်။ လောဘစေတသိက်ကား အရက်စိမ်ရည်နှင့် သဘောချင်းတူသောကြောင့် သဒိသူပစာအားဖြင့် အာသဝနာမည်ကို ရပေသည်။ တူပုံမှာ=လောဘသည် ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ဆိုး အရက်အိုးဝယ် ဘဝအဆက်ဆက် ပျက်ကွက်သည်မရှိ ထပ်ကာထပ်ကာ အကြိမ်များစွာ ဖြစ်လေ့ရှိသည့်အတွက် အရက်စိမ်ရည်သဖွယ် ခန္ဓာကိုယ်ဝယ် အထုံရနေသကဲ့သို့ ဖြစ်သည်။

အရက်စိမ်ရည်တို့သည် သောက်စားသူများကို မူးယစ်စေတတ်၏။ ယင်းကို သောက်စားသူများသည် အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုးတို့ကို ခွဲခြားမသိမြင်နိုင်ရကား ဒုက္ခပေါင်းများစွာနှင့် ရင်ဆိုင်ကြရ၏။ အယုတ်ဆုံး ပညာရှိသူတော်ကောင်းတို့၏ အထင်အမြင်သေးမှုကိုကား မုချခံရပေသည်။ ထို့အတူ လောဘသည်လည်း မိမိနှောက်ယှက်နိုင်ခွင့်ရှိသော သတ္တဝါတွေကို မူးယစ်စေ၍ အရူးဖြစ်အောင် ဖန်တီးတတ်၏။ လောဘဖြစ်လာခဲ့လျှင် အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုးတို့ကို မခွဲခြား မဝေဖန်တတ်တော့သဖြင့် ဒုက္ခမျိုးစုံနှင့် ဆုံစည်းကြရ၏။ ထို့ကြောင့် လောဘကို အာသဝဟုခေါ်သည်။

တစ်နည်းအားဖြင့် လောဘတရားသည် ဘုံအားဖြင့် ဘဝဂ်ခေါ်သော နေဝသညာ နာသညာယတန(အရူပ)ဘုံအထိဖြစ်နိုင်၍ တရားအားဖြင့် မဂ်စိတ်များ၏ ရှေ့ဖြစ်သော ဂေါတြဘူ၊ ဝေါဒါန်အထိ

၂၄၂၄၈

အာရုံပြုသောအားဖြင့် ဖြစ်နိုင်သည့်အတွက် အာသဝနာမည်ကို ရသည်ဟုလည်း ဆိုပါသည်။

ဩဃ ။ ။ ဩဃသဒ္ဒါသည် ရေအယဉ်၊ ဝါ-ဝဲကိုဟောသည်၊ လောဘသည် ဝဲရေအယဉ်တို့နှင့် တူသောကြောင့် ဓမ္မသင်္ဂဏီပါဠိတော်တွင် ဩဃဟူသော နာမည်တစ်မျိုးဖြင့် ဘုရားရှင်ဟောခဲ့ခြင်း ဖြစ်ပါသည်။ ဝဲဩဃများ၏ သဘောသည် မိမိထံသို့ ရောက်လာသော ဝတ္ထုပစ္စည်းများကိုဖြစ်စေ၊ သတ္တဝါများကိုဖြစ်စေ အတင်းနစ်၍ သတ်တတ်၏။ ကူးထွက်နိုင်ခဲသဖြင့် ကြိမ်ဖန်များစွာ လည်စေတတ်၏။ အောက်သို့စုပ်၍လည်း နစ်မြုပ်စေတတ်၏။ ထို့အတူ လောဘသည် မိမိဖြစ်ရာသတ္တဝါတို့ကို ဒုက္ခတွင်း၌ အတင်းနစ်၍ သတ်တတ်၏။ ဘဝပေါင်းများစွာ ကျင်လည်စေတတ်၏။ နောက်ဆုံးတွင် အပါယ်လေးဘုံသို့ ရောက်သည်အထိ နစ်မြုပ်စေတတ်ပေသည်။ ယင်းသို့ ဝဲဩဃနှင့် သဘောချင်းတူသဖြင့် လောဘကို (ကာမောဃ၊ ဘဝေါဃ)ဟု ဩဃနာမည်ဖြင့် ဟောကြားခဲ့ပါသည်။

ယောဂ ။ ။ ယောဂဆိုသည်မှာ ယှဉ်စပ်ခြင်းပဲ အဓိပ္ပာယ်ရသည်။ ထစ်ခုသောနေရာ၌ တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းကို ကွာမသွားအောင် အစေးဖြင့် ကပ်ထားသကဲ့သို့ ယှဉ်ကပ်ခြင်းမျိုးဖြစ်သည်။ လောဘသည် လှည်းရထားတို့၌ နွားများကို တပ်ထားသကဲ့သို့ ဘဝတည်းဟူသော ယန္တရားစက်၌ သတ္တဝါများကို တပ်ထားတတ်သောကြောင့်လည်းကောင်း၊ အကြောင်းကံနှင့် အကျိုးဝိပါက်တို့ကို ဆက်စပ်တတ်သောကြောင့် လည်းကောင်း၊ သတ္တဝါတို့ကို ဘဝတပါးနှင့် သို့မဟုတ် ဒုက္ခအမျိုးမျိုးနှင့် ဆက်သွယ်ယှဉ်စပ်ပေးတတ်သောကြောင့်လည်းကောင်း၊ လောဘသည် (ကာမယောဂ၊ ဘဝယောဂဟူ၍) ယောဂဟူသော နာမည်ကို ရပြန်ပါသည်။

**ဂန္ထ** ॥ ॥ ဂန္ထသဒ္ဒါသည် သံကွင်းချင်းဆက်သလို ထုံးဖွဲ့ခြင်း၊ နှောင်ဖွဲ့ခြင်း အနက်ကိုဟော၏။ သတ္တဝါ၏ နာမကာယ၊ ရူပကာယကို ဝဋ်ဆင်းရဲမှ မလွတ်အောင် "စုတိပြီး ပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိ"ဟု သံကွင်းချင်းယှက်သလို ထုံးဖွဲ့တတ်သော တရားများဟု ဆိုပါသည်။

လောဘ မကင်းသရွေ့ သံသရာဝဋ်ဒုက္ခမှ မလွတ်နိုင်သေးရကား လောဘသည် ပစ္စုပ္ပန်ကာယ (လက်ရှိခန္ဓာ) အပြတ်တွင် အနာဂတ်ကာယနှင့် ဆက်စပ်မိအောင် ဖွဲ့စပ်တတ်သော သဘောရှိသောကြောင့် လောဘကို ဂန္ထတရား လေးပါးတွင် အဘိဇ္ဈာကာယဂန္ထ နာမည်ဖြင့် ဟောခဲ့ပြန်သည် (ရှေ့တွင် ဖွင့်ဆိုခဲ့ပြီးသော အဘိဇ္ဈာကား သူတစ်ပါး စည်းစိမ်ကို မတရားလိုချင်သော လောဘအကြမ်းစားတည်း။ ဤဂန္ထအရာ၌ကား မိမိပစ္စည်းကိုသော်လည်းကောင်း သူတစ်ပါးပစ္စည်းကို သော်လည်းကောင်း၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လိုချင်မှုလောဘဟူသသမျှကို အဘိဇ္ဈာ ကာယဂန္ထခေါ်သည်။)

**ဥပါဒါန်** ॥ ॥ ဥပါဒါနသဒ္ဒါသည် လွန်လွန်ကဲကဲ မြဲမြဲစွာယူခြင်း အနက်ကို ဟော၏။ (ဥပ–လွန်လွန်ကဲကဲ မြဲမြဲစွာ အာဒါန–ယူခြင်း) ဖားသတ္တဝါကို မြွေက ဖမ်းသည့်အခါ မလွှတ်ဘဲ စွဲစွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ ဆိုင်ရာအာရုံ၌ စွဲစွဲမြဲမြဲ ယူတတ်သော (ဝါ) စွဲလမ်းတတ်သော တရားမျိုးဟု ဆိုလိုပါသည်။

"ဥပါဒါန်ကြောင့် ဥပါဒ်ရောက်"ဟု လောကဆိုရိုးစကားတစ်ခု ရှိသည်။ ထိုစကားပါ ဥပါဒါန်ကား ယခုဖွင့်ဆိုနေသော ဥပါဒါန်ပင် ဖြစ်သည်။ အစွဲအလမ်း အားကြီးလွန်းသောကြောင်း ဘေးဒုက္ခနှင့် တွေ့ကြုံရသည်ဟု ဆိုလိုရင်းပင်ဖြစ်ပါသည်။ အစွဲအလမ်း အားကြီးမှု ဆိုသည်မှာ အာရုံကို စွဲစွဲမြဲမြဲယူသော သဘောပင်ဖြစ်၏။ တစ်ခါတစ်ရံ

---

၁။ သဂြိုဟ်ဘာသာဋီကာ။၅၄၉။

လောဘသည် ကာမအာရုံတို့ကို အလွန်အကဲ စွဲလမ်း၍ ယူတတ်သော သဘောရှိသည်။ ယင်းလောဘမျိုးကို ကာမုပါဒါန်ဟု ဥပါဒါန်နာမည်ဖြင့် ဟောခဲ့ခြင်း ဖြစ်ပါသည်။

**နီဝရဏ** ။ ။ နီဝရဏသဒ္ဒါသည် "တားဆီး ကန့်ကွက်၊ ပိတ်ပင်ဖျက်၊ အနက်နီဝရဏ်"ဆိုသည့်အတိုင်း တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း အဓိပ္ပာယ်ကို ဆောင်ပေသည်။ လောဘစသော နီဝရဏတရားတို့သည် ဈာန်စသော ကုသိုလ်တရားများကို ဖြစ်ခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ်သော သဘောရှိသည်။ ဖြစ်ခွင့်မပေးရုံသာမဟုတ်၊ ဖြစ်ပြီးသော ဈာန်စသောတရားများကိုပင် ကွယ်ပျောက်သွားစေနိုင်သော သတ္တိရှိသည်။ မှန်၏၊ လောဘ စသော နီဝရဏတရားများ ဖြစ်ပွားနေသည့်အခါ ဈာန်မဂ်ဖိုလ်တရားများကို မဆိုထားဘိ၊ ကာမာဝစရ ကုသိုလ်များပင် အနားမကပ်နိုင်ပေ။

တစ်နည်းအားဖြင့် လောဘ စသော နီဝရဏတရားတို့သည် မျက်လုံးပသာဒတွင် တိမ်သလာဖုံးထားဘိသကဲ့သို့ ပညာမျက်စိကို ပိတ်ဆို့ကာကွယ်တတ်သောသဘောလည်း ရှိပေသည်။ သူ၏ အဓိကရန်သူကြီးကား သမာဓိပင်ဖြစ်သည်။ ထို့ကြောင့် လောဘကို ကာမစ္ဆန္ဒနီဝရဏ နာမည်ဖြင့် ဟောခဲ့ခြင်းဖြစ်သည်။

**အနုသယ** ။ ။ အနုသယသဒ္ဒါသည် အကြောင်းသင့်က ဖြစ်ပေါ်လာခြင်း (အနု–အကြောင်းသင့်သော်+သယ–ဖြစ်ပေါ်လာခြင်း) အဖန်တလဲလဲဖြစ်ခြင်း၊ (အနု–အဖန်တလဲလဲ+သယ–ဖြစ်ခြင်း) အနက်တို့ကို ဟောဆိုပါသည်။

လောဘစသော ကိလေသာတရားများကား ဆိုင်ရာမဂ်ဖြင့် မပယ်သတ်ရသေးသည့်အတွက် ဘဝပေါင်းများစွာ သတ္တဝါတို့၏ စိတ်အစဉ်၌ ထပ်တလဲလဲ ဖြစ်နေကြသဖြင့် အထုံ (အာသေဝန

ပစ္စည်း) ရကာ(ဝါ) ဖြစ်သားဝကာ အခြားကိလေသာများထက် အင်အားအလွန်ကောင်းနေသော (ထာမဂတ) ကိလေသာမျိုးဖြစ်သည်။ ယင်းလောဘစသော ကိလေသာများသည် ဣဋ္ဌာရုံစသော အကြောင်းများနှင့် တိုက်ဆိုင်ဆုံစည်းမိသည်နှင့် တစ်ပြိုင်နက် တားမရ ဆီးမရ လွယ်လင့်တကူ ဖြစ်လာလေ့ရှိသည်။ ဤသဘောကို အစွဲပြု၍ လောဘကို ယမိုက်ပါဠိတော်စသည်တို့၌ (ကာမရာဂါနုသယ-ဘဝရာဂါနုသယ)ဟု အနုသယနာမည်ဖြင့် ထပ်၍ ဟောခဲ့ပြန်သည်။

**ကိလေသာ** ။ ။ "ပူပန်ညစ်ကျူ၊ နှိပ်စက်မှု၊ ဆယ်ခုကိလေမှတ်" ဆိုသလို၊ ကိလေသသဒ္ဒါသည် ပူပန်စေခြင်း၊ ညစ်နွမ်းခြင်း၊ နှိပ်စက်ခြင်း အနက်များကို ဟောသည်။ လောက၌ "ကိလေသာမီး၊ လောဘမီး"ဟု ပြောဆိုလေ့ရှိသကဲ့သို့ လောဘသည် သတ္တဝါတို့၏ စိတ်အစဉ်ကို မီးသဖွယ် ပူပန်စေတတ်သော သဘော၊ နှိပ်စက်တတ်သောသဘော၊ ညစ်နွမ်းစေတတ်သော သဘောများ ရှိပေသည်။ လောဘမီး၊ ဒေါသမီး စသည်တို့ တောက်လောင်သော အခါ စိတ်အစဉ်သည် ကြည်ကြည်လည်လင် ချမ်းချမ်းသာသာမရှိ၊ ညစ်နွမ်းလာတတ်၏။ ဤသဘောကိုပင် စိတ်ညစ်သည်ဟု သုံးကြခြင်းဖြစ်သည်။ လောဘစသည်တို့ကြောင့် ပူပန်မှုအမျိုးမျိုး ဆင်းရဲမှုအဖုံဖုံတို့နှင့်လည်း တွေ့ကြုံရ၏။ ထို့ကြောင့် လောဘသည် ကိလေသာ ၁၀-ပါးတွင် တစ်ပါးအဖြစ် ပါဝင်ခဲ့ရပေသည်။

**သံယောဇဉ်** ။ ။ သံယောဇဉ်ကား သံယောဇနပါဠိမှ ဆင်းသက်လာသော ပါဠိသက်ပုဒ်တည်း (သံယောဇန=သံယောဇဉ်)=တုတ်နှောင်ဖွဲ့ချည်ခြင်းဟု အဓိပ္ပာယ်ရသည်။ လောကတွင် "သံယောဇဉ်ကြိုး"ဟု ဆိုရိုးရှိသည့်အတိုင်း ကြိုးဖြင့်ချည်နှောင်ထားသကဲ့သို့ မိမိကိန်းရာသတ္တဝါကို သံသရာဝဋ်မှ မလွတ်ရအောင်

ချည်နှောင်တတ်သော တရားဟု ဆိုလိုပါသည်။ လောဘကား မိမိကိန်းရာ သတ္တဝါများကို ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံတို့မှ မလွတ်မြောက်နိုင်အောင် နှောင်ကြိုးသဖွယ် ဖွဲ့ချည်ထားသည့် သဘောရှိသောကြောင့် (ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်)ဟု သံယောဇဉ်နာမည်ကို ရရှိပေသည်။

မှန်ပါသည်။ သုတ္တန်နည်းအရ ပုထုဇဉ်သန္တာန်၌ သံယောဇဉ်ကြိုး ၁၀–ချောင်းရှိသည့်အနက် လောဘက ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်ဟူသော ကြိုးသုံးချောင်းနေရာကို ယူထားပေသည်။ ထိုတွင် ကာမရာဂသံယောဇဉ်ကြိုးမှာ ကာမဘုံနှင့် ဆက်သွယ်၍ ကျန်ကြိုးနှစ်ချောင်းက အထက်ဗြဟ္မာဘုံများနှင့် ဆက်သွယ်လျက် ရှိပေသည်။

ကာမရာဂသံယောဇဉ်ကြိုးကို မဖြတ်တောက်နိုင်သေးသမျှ ဗြဟ္မာပြည်သို့ ရောက်နေသော်လည်း ကာမနှောင်ကြိုး တင်းမှုကြောင့် ကာမသဘုံသို့ ဆင်းလာခဲ့ရပေလိမ့်မည်။ အနာဂါမ်ပုဂ္ဂိုလ်ကြီးများကား ကာမရာဂသံယောဇဉ်ကြိုးကို လုံးဝဖြတ်တောက်နိုင်ခဲ့ပေပြီ။ သို့သော် သံသရာမှ မလွတ်မြောက်နိုင်သေးပေ။ ရူပရာဂသံယောဇဉ်နှင့် အရူပရာဂသံယောဇဉ်ကြိုးနှစ်ချောင်းရှိသေး၍ ရူပဘုံ၊ အရူပဘုံတို့၌ ပဋိသန္ဓေ နေရဦးမည်ဖြစ်၏။ ဤသို့လောဘသည် မိမိကိန်းရာသတ္တဝါများကို ဘဝသံသရာမှ မလွတ်ထွက်နိုင်အောင် ကြိုးသဖွယ်ဖွဲ့နှောင်ထားသော သဘောရှိပေသည်။

**သမုဒယသစ္စာ** ။ ။ လောဘတရားသည် ဆင်းရဲဒုက္ခကို ဖြစ်ပွားစေတတ်သော သမုဒယသဘောရှိ၏။ လောဘ၏ ဒုက္ခကို ဖြစ်ပေါ်စေတတ်သော သမုဒယသဘောသည် အမှန်တရား သစ္စာတရား ဖြစ်၏။ မည်သည့်အခါမှ ယင်းသဘောမှ

သွေဖည်ဖောက်ပြန်၍ သွားလေ့မရှိချေ၊ အကြင်မျှလောက် လောဘတရားကို မပယ်ရှားနိုင်သေး၊ ထိုမျှလောက် ဆင်းရဲဒုက္ခမျိုးစုံကို လောဘက ဖန်တီးပေးလျက်ပင်ရှိ၏။

လောကတွင် ဘုရားရဟန္တာများမှအပ သာမန်လောကသားတွေမှာ သာယာလိုချင်မှု လောဘနှင့် အချိန်ရှိသရွေ့ ထွေးလုံးရစ်ပတ်ဖြစ်နေကြသည်။ ထို့ကြောင့် သာမန် လောကသားတို့သည် သာယာမှု နှစ်သက်မှုလေးတွေရနေအောင် ဖြစ်နေအောင် နေ့မအား ညမအား တရစပ် ကြိုးစားနေကြရသည်။ ကြည့်ဖို့မြင်ဖို့ကောင်းသည့် အမြင်ခံပစ္စည်းလေးတွေကို မရ,ရအောင် အားထုတ်နေကြရသည့်နည်းတူ ကြားစရာ၊ ရှူစရာ၊ စားသောက်စရာ၊ တွေ့ထိစရာ အကောင်းကလေးတွေကို မရရအောင် ကိုယ်အပင်ပန်း၊ စိတ်အပင်ပန်းခံ၍ ရှာဖွေနေကြရသည်။ ဝတ်ဆင်စရာကိုပဲဖြစ်စေ၊ နေရ ‌ထိုင်ခင်းကိုပဲဖြစ်စေ၊ အပေါင်းအဖော်ကိုပဲဖြစ်စေ သာယာဖွယ်ဖြစ်အောင် ကိုယ့်စွမ်းအင်အလိုက် နေ့မအား ညမအား ဖန်တီးနေကြရသည်။

စင်စစ်သော်ကား ယင်းကြိုးစားအားထုတ်မှု ဖန်တီးရမှုအားလုံးတို့သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံရမှု သင်္ခါရဒုက္ခများပင် ဖြစ်သည်။ ထိုဆင်းရဲမှုအစုစုတို့ ဖြစ်ပေါ်လာရာ၌ အဓိက လက်သည်တရားခံကား သာယာတွယ်တာမှု လိုချင်မက်မောမှု လောဘတဏှာပင်ဖြစ်သည်။ လောဘတဏှာ၏ ဒုက္ခမျိုးစုံ ဖန်တီးပေးတတ်မှု သမုဒယကား ထာဝစဉ်မပြောင်းလဲ မဖောက်ပြန်နိုင်သည့် အမှန်အမှန်တရားစစ်စစ် ဖြစ်ပေသည်။ ထို့ကြောင့် လောဘကို သစ္စာနယ်တွင် သမုဒယသစ္စာနာမည်ဖြင့် ဟောခဲ့ခြင်း ဖြစ်ပါသည်။

**တဏှာနှင့် ဉပါဒါန်အထူး** ။ ။ လောဘစေတသိက်သည် တဏှာနှင့် ဉပါဒါန်နာမည်တို့ကိုရကြောင်း

အထက်တွင် ဖွင့်ဆိုခဲ့ပြီ။ သို့ရာတွင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ တဏှာကြောင့် ဥပါဒါန်ဖြစ်သည်။ (တဏှာပစ္စယာ ဥပါဒါနံ)ဟု တဏှာနှင့် ဥပါဒါန်ကို အကြောင်းအကျိုးအနေဖြင့် တစ်ပါးစီ သီးခြား ဟောထားခဲ့သည်။ ထို့ကြောင့် တရားကိုယ်တစ်ခုတည်းဖြစ်သော တဏှာနှင့် ဥပါဒါန်တို့၏ ထူးခြားဟန်ကို ရှင်းပြရန် လိုလာပါသည်။

တဏှာနှင့်ဥပါဒါန်တို့သည် လိုချင်တပ်မက်မှု လောဘတစ်ခုတည်း ဖြစ်ကြသော်လည်း အင်အားအရာတွင် ခြားနားမှုရှိကြသည်။ အာရုံတစ်ခု၌ ပထမဦးစွာ အနည်းငယ် တပ်မက်မှုသည် တဏှာမည်၏။ ထိုအာရုံ၌ မပြတ် လွန်လွန်ကဲကဲ စွဲလမ်းတပ်မက်နေမှုသည် ဥပါဒါန်မည်၏။ ဥပမာ–လှပသော ရုပါရုံကို တွေ့စဉ်၌ ပထမဆုံး တပ်မက်မှုသည် တဏှာမည်၏။ ယင်းရုပါရုံ၌ တပ်မက်မှုတဏှာသည် တစတစ ရင့်သန်ကြီးထွားလာခဲ့ပြီး စွဲလမ်းမှုအဆင့်သို့ ရောက်ခဲ့သော် ဥပါဒါန်မည်ပါတော့သည်။

တစ်နည်းအားဖြင့် သစ်ပင်ပေါက်ပုံနှင့်တူ၏။ မိုးဦးကျအခါ မြေ၌ပေါက်ခါစဖြစ်သော သစ်ပင်ငယ်သည် အမြစ်တွယ်မှု အားနည်းနေသေးသဖြင့် တစ်နေရာသို့ ပြောင်းရွှေ့သော် ရနိုင်ပေသေး၏။ ထိုသစ်ပင်ငယ်သည် တစ်စတစ်စ ကြီးထွားရင့်သန်လာခဲ့သော် အမြစ်တွယ်မှု အားကောင်းနေသဖြင့် တနေရာသို့ ပြောင်းရွှေ့ရန် မလွယ်ကူတော့ချေ။ ဤနေရာ၌ ပေါက်ခါစ သစ်ပင်နှင့် တပ်မက်မှုဖြစ်စ တဏှာတို့ တူကြ၏။ အမြစ်တွယ်မှုအားကောင်းနေသော သစ်ပင်ကြီးနှင့် တပ်မက်မှုအား ကောင်းနေသည့် စွဲလမ်းမှုဥပါဒါန်တို့ တူကြ၏။

အချို့သော အဘိဓမ္မာဆရာများက တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာမည်၏၊ ရရှိပြီးနောက်

စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ဥပါဒါန်မည်၏ဟု ဖွင့်ဆိုကြ၏။

ထို့ပြင် တဏှာသည် မလိုချင်မှု (အပ္ပိစ္ဆတာဂုဏ်)၏ ဆန့်ကျင်ဘက် ဖြစ်၏။ ဥပါဒါန်ကား တင်းတိမ်ရောင့်ရဲမှု (သန္တုဋ္ဌိတာဂုဏ်)၏ ဆန့်ကျင်ဘက်ဖြစ်၏။ (ပထမလိုချင်မှုက တဏှာ၊ ရရှိပြီးနောက် မတင်းတိမ်ပဲ ထပ်ခါထပ်ခါ လိုချင်မှုမှာ ဥပါဒါန်ဟု ဆိုလိုပါသည်။)

တဏှာသည် မိမိလက်သို့ မရောက်သေးသော လောကီအာရုံကာမဂုဏ်တို့ကို တောင့်တမှု၊ ရှာဖွေမှု(ပရိယေသန) ဒုက္ခစု၏ အကြောင်းရင်းဖြစ်၏။ ဥပါဒါန်သည် မိမိလက်သို့ ရောက်ရှိပြီးသော အာရုံကို ကြောင့်ကြရမှု၊ တယုတယ စောင့်ရှောက်ထိန်းသိမ်းရမှု (အာရက္ခ) ဒုက္ခစု၏ အကြောင်းရင်းဖြစ်၏။[၁] (လောဘနှင့် ဆန္ဒ အထူးကို ဆန္ဒစေတသိက်တွင်ရှုပါ)။

## (၇) လောဘစေတသိက်အပြား

**လောဘ (၂)မျိုး** ။ ။ လောဘသည်...

သမလောဘ

ဝိသမလောဘ...

ဟုနှစ်မျိုးပြား၏။

ထိုတွင် မိမိပိုင် ပစ္စည်းဥစ္စာ၌ဖြစ်သော လောဘသည် **သမလောဘ** (မျှတသောလောဘ) မည်၏။ သူတစ်ပါးပိုင် ပစ္စည်းဥစ္စာများ၌ တပ်မက်သော လောဘသည် (မမျှတသောလောဘ)မည်၏။ တစ်နည်းအားဖြင့် သုံးဆောင်သင့်သောအရာ၌ဖြစ်စေ၊ မသုံးဆောင်သင့်သောအရာ၌ဖြစ်စေ အင်အား အလွန်ကြီးမားသော လောဘသည်

---

၁။ အဘိ၊ဋ္ဌ၊၂။၁၇၂။ သံနိပ်ဋီကာ၊ဒုတွဲ၊၃၈၀။

(ဝါ)မမျှတသော အသွင်ကိုဆောင်သည့် လောဘသည် ဝိသမ လောဘမည်၏ဟု အဋ္ဌသာလိနီအဋ္ဌကထာ၊ သုတ်ပါထေယျအဋ္ဌ ကထာတို့၌ ဖွင့်ဆိုထားသည်။

အင်အားအလွန်ကြီးမားသော လောဘဆိုသည်မှာ အလွန်အင် အားကောင်း၍ ထူထူထဲထဲဖြစ်နေသော ဗဟလကိလေသာမျိုးပင် ဖြစ်၏။ မိမိတို့ ပေါင်းသင်းဆက်ဆံခွင့်ရှိသော ဇနီးမိန်းမတို့ပင် ဖြစ်စေကာမူ သင့်လျော်သည့် အချိန်ကာလ အရပ်ဒေသများ၌သာ ပေါင်းသင်းဆက်ဆံအပ်၏။ ကိုယ်ဝန်ရှိသောအချိန်၊ နို့တိုက်သော အချိန်၊ ယောနိဆင်းသောအချိန်၊ ဥတုလာသော အချိန်တို့ကား မဆက်ဆံသင့်သော ကာလတို့ဖြစ်သည်။ စေတီပုထိုး ဓာတ်တော်များ ရှိရာအရပ်၊ စာပေသင်ကြားတရားနာရာအရပ်၊ ဆရာသမားများရှိရာ အရပ်၊ မိဘတို့စုဝေးနေထိုင်ရာအရပ်တို့သည် မပေါင်းသင်းသင့်သော အရပ်ဒေသတို့ဖြစ်သည်။ ယင်းကာလဒေသများ၌ ပေါင်းသင်းဆက် ဆံခဲ့သော် ထိုလူမျိုးကို ဗဟလ–ကိလေသာ ရှိသူဟု ခေါ်ဆိုသည်။ အဓိပ္ပာယ်မှာ ကိလေသာအလွန်ကြီးသူဟု ဆိုလိုသည်။ ထိုဗဟလ ကိလေသာကား ဝိသမလောဘပင်ဖြစ်သည်။ ဤသို့ သုတ်ပါထေယျ ဋီကာ စက္ကဝတ္တိသုတ်၌ ဖွင့်ဆိုထားသည်။

မျက်မှောက်ခေတ်၌ အင်အားကြီးနိုင်ငံများသည် သယံဇာတ ပစ္စည်းများ ပေါများကြွယ်ဝသည့် နိုင်ငံငယ်ကလေးများမှ ကုန်ကြမ်း ပစ္စည်း အမျိုးမျိုးတို့ကို လိုချင်ရမက် ငမ်းငမ်းတက် ဖြစ်ကြသဖြင့် အင်အားမဲ့ နိုင်ငံငယ်ကလေးများကို လက်နက်အားကိုးဖြင့် အဓမ္မ သိမ်းပိုက်ကာ နယ်ချဲ့နေကြ၏။ ထိုမှ တစ်စတစ်စ ကမ္ဘာစစ်ပွဲကြီး များ ဖြစ်ပွားရသည့်အထိ နယ်ချဲ့တိုက်ပွဲ ဆင်နွှဲနေကြသည်။ ငွေရှင် ကြေးရှင် ဓနရှင်ကြီးများကလည်း အလုပ်သမား ဆင်းရဲသားများ

အပေါ် မညှာမတာ ခေါင်းပုံဖြတ် အမြတ်ကြီးစားနေကြ၏။ ဤပြုမှုချက်အားလုံးတို့သည် ဝိသမလောဘ၏ လက်ချက်များပင် ဖြစ်သည်။

**လောဘ ၃–မျိုး** ။ ။ ဝိဘင်းပါဠိတော် (၃၆၃) ဝိဘင်းအဋ္ဌကထာ (၄၅၂)၌…

(၁) အတြိစ္ဆတာလောဘ

(၂) မဟိစ္ဆတာလောဘ

(၃) ပါပိစ္ဆတာလောဘ

ဟု လောဘ ၃–မျိုး ဟောထားပါသည်။

ထိုသုံးမျိုးတို့တွင် မိမိရလာ ပိုင်ဆိုင်လာသော ပစ္စည်းလာဘ်လာဘများ၌ တင်းတိမ်ရောင့်ရဲမှုမရှိဘဲ သူတစ်ပါးပိုင်ပစ္စည်း လာဘ်လာဘများကို လိုချင်တောင့်တခြင်းသည် **“အတြိစ္ဆတာလောဘ”** မည်၏။ (အတြိ=အတိ=မိမိပိုင် ပစ္စည်းကို ကျော်လွန်၍+ဣစ္ဆတာ= သူများပိုင်ပစ္စည်းကို လိုချင်သော လောဘ)။

မှန်၏။ ထိုလောဘမျိုး ရှိသောပုဂ္ဂိုလ်သည် မိမိရလာသည့် ဝတ္ထု ပစ္စည်းများမှာ အကောင်းစား ဖြစ်စေကာမူ အညံ့စားဟု ထင်လေ့ရှိ၏။ သူတစ်ပါးရလာသည့် ပစ္စည်းများကိုမူ အညံ့စားပင် ဖြစ်သော်လည်း အကောင်းစားဟု ယူဆ၏။ တစ်အိုးတည်း ကြိုချက်ထားသည့် ထမင်းယာဂုများကိုပင်သော်လည်း မိမိပန်းကန်ထဲသို့ ထည့်လိုက်သည့် ထမင်းယာဂုတို့ကို အညံ့စားဟု ယူဆပြီး သူတစ်ပါး ပန်းကန်ထဲ၌ရှိသော ထမင်းယာဂုတို့ကိုမူ အကောင်းစားဟု မှတ်ထင်လေ့ရှိပေသည်။

ထင်ရှားစေဦးအံ့။ ရှေးအခါက သူဌေးကြီးတစ်ဦးသည် ဘိက္ခုနီမ ၃၀–တို့ကို ပင့်ဖိတ်၍ ဆွမ်းနှင့်မုန့်တို့ကို ဆက်ကပ်ကျွေးမွေးသည်။ ဘိက္ခုနီမတို့၏ အကြီးအမှူး ဦးစီး ခေါင်းဆောင်ဖြစ်သည့် ဘိက္ခုနီမ

ကြီးကား အလွန်လောဘကြီး၏။ ဒကာတစ်ဦးတည်းက ကျွေးမွေး လှူဒါန်းသည့် ဆွမ်း ယာဂုဖြစ်စေကာမူ မိမိအဖို့ ရသည့်ဆွမ်း ယာဂုတို့ကို အညံ့စားဟု မှတ်ထင်၏။ ထို့ကြောင့် မိမိရသည့် မုန့်ဆွမ်းကို အခြား ဘိက္ခုနီမတို့၏ မုန့်ဆွမ်းနှင့် လဲလှယ်၍ ဘုဉ်း ပေးသုံးဆောင်သတဲ့။

အခြား ဝတ္ထုတစ်ခုမှာ ဗာရာဏသီပြည့်ရှင် မင်းကြီးသည် "မီး ကင်အမဲကို ပွဲတော်တည်အံ့"ဟု ကြံရွယ်ပြီး အသိတာဘူမိဖုရားကြီး ကို ခေါ်ကာ တောလိုက်ထွက်လာခဲ့သည်။ တောထဲတွင် အလွန် ချောမောလှပသည့် ကိန္နရီပျိုမကလေးတစ်ဦးကို တွေ့ရာ မိဖုရားကြီး ကို စွန့်ပစ်ပြီး ကိန္နရီမကလေးနောက်သို့ တကောက်ကောက် လိုက် သွားတော့သည်။ မိဖုရားကြီးသည် ပြန်လှည့်လာပြီး မင်းကြီးကို စိတ်နာသဖြင့် ကမ္ဘဋ္ဌာန်းကျောင်းသို့ဝင်ကာ သမထဘာဝနာကမ္မဋ္ဌာန်း ကို စီးဖြန်းလေတော့သည်။ မကြာမီပင် မိဖုရားကြီးမှာ သမာပတ် ၈–တန် ဈာန်အဘိညာဉ်တို့ကို ရရှိသွားသည်။ မင်းကြီးသည် တော ထဲ၌ ကိန္နရီမကလေး ခြေရာပျောက်သွား၍ စိတ်ပျက်ပျက်ဖြင့် မိဖုရားကြီးထံ ပြန်လာခဲ့သည်။ မိဖုရားကြီးသည် မိမိထံပြန်လာသည့် မင်းကြီးကို မြင်သည့်အခါ အဘိညာဉ်ဖြင့် ကောင်းကင်သို့ ပျံတက် သွားလေတော့သည်။ ထိုအခါ အနီးအနားရှိ သစ်ပင်တွင် စောင့်သော ရုက္ခစိုးနတ်မင်းက...

"စန္ဒာအမည်ရှိသော ကိန္နရီမကို အလိုရှိသော ဗာရာဏသီ မင်းသည် အသိတာဘူမည်သော မင်းသမီးကို လက်လွှတ်ဆုံးရှုံးရသကဲ့သို့ ထို့အတူ လိုချင်လောဘ အလွန်ကြီးသူသည် ထိုအလွန်ကြီးသော လောဘယစ်ခြင်း ကြောင့် အကျိုးဟူသမျှမှ လက်လွှတ်ဆုံးရှုံးရတတ်ပေ

သည်”ဟု မင်းကြီးကို ကဲ့ရဲ့ပြောင်လှောင်ခဲ့ဖူးလေသည်။

များစွာသော ဝတ္ထုပစ္စည်းတို့ကို လိုချင်ခြင်း၊ အလိုကြီးခြင်းတို့ကို **“မဟိစ္ဆတာလောဘ”**ဟု ခေါ်သည်။ မိမိအား မရှိသောဂုဏ်ဖြင့် ချီးကျူးမှုကို လိုလားခြင်းသည်လည်းကောင်း၊ ဝတ္ထုပစ္စည်းတို့ကို ခံယူရာ၌ဖြစ်စေ၊ အသုံးပြုရာ၌ဖြစ်စေ အတိုင်းအရှည်မသိ ခံယူလိုခြင်း သုံးစွဲလိုခြင်းတို့သည်လည်းကောင်း၊ မဟိစ္ဆတာလောဘ၏ သဘော လက္ခဏာများပင် ဖြစ်ပါသည်။ (မဟာ=များစွာသော ပစ္စည်းဥစ္စာတို့ ကို+ဣစ္ဆတာ=လိုချင်သော လောဘ)။

မှန်၏။ ထိုလောဘမျိုးရှိသော ပုဂ္ဂိုလ်သည် မပြောပဖွယ် အနည်း ငယ်မျှဖြစ်သော မိမိ၏ သီလဂုဏ်၊ စာပေပရိယတ္တိဂုဏ်၊ ဓုတင် အကျင့်ဂုဏ်တို့ကိုပင် ချီးကျူးပြောကြားမှုကို လိုလား၏။ အယုတ် သဖြင့် တောအုပ်၌သီတင်းသုံး နေထိုင်ရုံမျှကိုပင် ချီးကျူးပြောကြား စေလို၏။ ယင်းသို့ ချီးကျူးခံရခြင်းကြောင့် အကြည်ညိုများကာ ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းပေးကမ်းလာသည့် အခါတွင် လှည်းဖြင့် တိုက်၍ ပေးကမ်းစေကာမူ တော်ပြီဟု မတားမြစ်ဘဲ ခံယူလေ့ သဘောရှိပေသည်။

လောကတွင် ဖြည့်၍မပြည့်နိုင်သည့်အရာ သုံးမျိုးရှိသည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ (၄၅၅)၌ ဖွင့်ဆိုထားပေသည်။ ယင်း သုံးမျိုးမှာ... (၁)မီးပုံကြီး၊ (၂) ပင်လယ်သမုဒ္ဒရာ၊ (၃) မဟိစ္ဆပုဂ္ဂိုလ် တို့ဖြစ်သည်။ မီးပုံကြီတို့ သဘောသည် လောင်စာမည်မျှပင် ထည့် ပေးစေကာမူ ထည့်ပေးသမျှအားလုံးကို လောင်ကျွမ်းပစ်လိုက်လေ့ ရှိ၏။ ပင်လယ်သမုဒ္ဒရာတို့မည်သည် မြစ်ချောင်း အသွယ်သွယ်မှ ရေများ မည်မျှစီးဝင်လာစေကာမူ ပြည့်လျှံလာသည်ဟူ၍ မရှိချေ။ ထို့အတူ လိုချင်လောဘကြီးသော မဟိစ္ဆပုဂ္ဂိုလ်မျိုးသည်လည်း ပစ္စည်း

မျိုးစုံကို လှည်းများဖြင့် တိုက်၍ပုံပေးစေကာမူ အလိုပြည့်သည်ဟူ၍ မရှိချေ။ မဟိစ္ဆလောဘရှိသော ပုဂ္ဂိုလ်သည် အခြား လုပ်ကျွေးပြုစုသူများကို မဆိုထားဘိ၊ မိခင်ရင်းသည်ပင်လျှင် မလှူဒါန်းချင် မပြုစုချင်လောက်အောင် အလိုကြီးသည့် သဘောရှိပေသည်။

ဝတ္ထုသက်သေထုတ်ပြရသော် ရှေးအခါက မုန့်ညက်ကို အလွန်ကြိုက်နှစ်သက်သည့် ရဟန်းငယ်တစ်ပါးရှိသတဲ့။ ထိုရဟန်းငယ်၏ မယ်တော်သည် သူ့သားးရဟန်း၏ အကျင့်စခန်းသည် မည်သည့်အဆင့်အတန်းသို့ ရောက်နေသည်ကို သိလို၏။ ထို့ကြောင့် "သားရဟန်းသည် အလှူခံရာ၌ အတိုင်းအရှည်ကို သိမည်ဆိုလျှင် ဝါတွင်းသုံလပတ်လုံး သားရဟန်းနှစ်သက်သည့် မုန့်ညက်ကို ဆက်ကပ်လှူဒါန်းမည်"ဟု ကြံရွယ်ပြီး ဝါကပ်သည့်နေ့တွင် တစ်ရက်စာမုန့်ကို ရှေးဦးစွာ စမ်းသပ်ကပ်လှူ၏။ ထိုမုန့်ကုန်သွားသည့်အခါ နောက်တစ်ရက်စာမုန့်ကို ကပ်လှူရာ ကုန်သွားပြန်သည်။ နောက်ထပ်တစ်ရက်စာမုန့်ကို ကပ်လှူပြန်ရာ အကုန်ဘုဉ်းပေးလိုက်ပြန်၏။ ဤနည်းဖြင့် ကပ်လှူတိုင်း ကပ်လှူတိုင်း "တော်ပြီ–တန်ပြီ ဒကာမကြီး"ဟု ဟန်ဆောင်မျှပင် တားဖော်မရဘဲ ကပ်သမျှအားလုံးကို ဘုဉ်းပေးလိုက်၏။

ထိုအခါ မယ်တော်ကြီးသည် သားငယ်ရဟန်း၏ အတိုင်းအရှည်မသိတတ်ပုံကို သိရသောကြောင့် "ငါ့သားရဟန်းတော်သည် တစ်ဝါတွင်းစာ မုန့်တွေကို တစ်နေ့တည်းနှင့် အကုန်ဘုဉ်းပေးလိုက်ပြီ"ဟု စိတ်ပျက်ကာ နောက်တစ်နေ့မှစပြီး မုန့်တို့ကို မကပ်လှူတော့ချေ။ ဤသို့ မဟိစ္ဆပုဂ္ဂိုလ်တို့သည် မိခင်ရင်းကပင် မကျွေးချင် မပြုစုချင်လောက်အောင် အလိုကြီးသည့်သဘောရှိပေသည်။

ယုတ်မာသောအလိုကို (ဝါ) အလိုဆိုးကို "ပါပိစ္ဆတာလောဘ"ဟု

ခေါ်သည်။ (ပါပ=မကောင်းသော+ဣစ္ဆတာ=အလိုရှိခြင်း)၊ မမှန်ကန်သော နည်းလမ်းအားဖြင့် လူအများ အထင်ကြီးမှု၊ ကြည်ညိုလေးစားမှု၊ လှူဒါန်းပူဇော်မှုတို့ကို ခံယူလိုခြင်း စသည်တို့သည် ပါပိစ္ဆတာလောဘ၏ သဘောလက္ခဏာများပင် ဖြစ်သည်။

အချို့ပုဂ္ဂိုလ်တို့သည် ထိုပါပိစ္ဆတာလောဘဖြင့် ဝါကြွားပလွှားမှုအမျိုးမျိုးကို ပြုလုပ်လေ့ရှိကြပေသည်။ သဒ္ဓါတရား မရှိသော်လည်း သဒ္ဓါတရားရှိသကဲ့သို့၊ သီလမရှိသော်လည်း သီလရှိသကဲ့သို့၊ အကြားအမြင် ဗဟုသုတ နည်းသော်လည်း ဗဟုသုတများသကဲ့သို့၊ ပရိသတ်နှင့် နေရခြင်းကို နှစ်ခြိုက်သော်လည်း တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ နေလိုသကဲ့သို့၊ ပျင်းရိသူဖြစ်သော်လည်း လုံ့လဝီရိယကြီးမားသကဲ့သို့၊ မေ့လျော့တတ်သူ ဖြစ်သော်လည်း သတိကောင်းသူဖြစ်သကဲ့သို့၊ ပညာမတတ်သော်လည်း ပညာတတ်သကဲ့သို့၊ ရဟန္တာမဟုတ်သော်လည်း ရဟန္တာဖြစ်သကဲ့သို့ လူအများ အထင်ကြီးအောင် ဟန်ဆောင်ပြုမူတတ်ကြပေသည်။

မှန်ပါသည်။ အချို့မထေရ်ကြီးများသည် အမှန်တကယ် သဒ္ဓါတရား နည်းပါးကြသော်လည်း ကဆုန်လပြည့်နေ့ကဲ့သို့သော အခါကြီးရက်ကြီးများ၌ ဒါယကာ, ဒါယိကာမများ ကျောင်းသို့လာမည့် အချိန်လောက်တွင် ကျောင်းဝန်း၊ ဘုရားဝန်းတို့ကို တံမြက်လှည်းလေ့ရှိ၏။ အမှိုက်များကို စွန့်ပစ်လေ့ရှိ၏။ စေတီရင်ပြင်တွင် သဲခင်းပြီး ဗောဓိပင်ကို ရေသွန်းလေ့ရှိသည်။ ယင်းသို့ဝေယျာဝစ္စများကို မမောမပန်းနိုင် ပြုလုပ်နေသည်ကို ဒါယကာ ဒါယိကာမတို့ မြင်တွေ့သည့်အခါ "ဒီဆရာတော်ကြီးဟာ တော်တော် သဒ္ဓါတရားကောင်းတဲ့ ဆရာတော်ကြီးပဲ"ဟု အထင်ရောက်ကာ ကြည်ညိုတတ်ကြ လှူဒါန်းသွားတတ်ကြပေသည်။

အချို့ဆရာတော်များသည် ဗဟုသုတနည်းပါးသော်လည်း ဒါယကာ ဒါယိကာမများရှေ့၌ "ဟိုတိပိဋကဓရကိုယ်တော်ဟာ ငါ့တပည့်ရင်း ပေါ့၊ ဒီစာတွေကို ငါသင်ကြားပို့ချပေးလိုက်လို့ ဒီကိုယ်တော် တိပိဋကဓရ ဖြစ်သွားတယ်"စသည်ဖြင့် ဗဟုသုတများသည့် ပုဂ္ဂိုလ် ကြီးဖြစ်ဟန် ဝါကြွားပလွှား၍ ပြောကြားတတ်ကြသည်။ ထိုအခါ ကြားရသူများက "ဟို တိပိဋကဓရကိုယ်တော်တောင် ဒီဆရာတော် ထံမှာ စာသင်သွားရတယ်ဆိုရင် ဗဟုသုတအရာမှာ ဒီဆရာတော်ကို မီမဲ့ ဆရာတော်ခပ်ရှားရှားပဲ"ဟု အထင်ကြီးပြီး ကြည်ညိုသွားတတ် ကြပေသည်။

အချို့မှာ သတိမေ့တတ်၍ မှတ်ဉာဏ်နည်းသော်လည်း ဒါယကာ ဒါယိကာမများရှေ့တွင် "ဒို့ခပ်ရွယ်ရွယ်တုန်းက ဒီဃနိကာယ်၊ မဇ္ဈိမ နိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်စတဲ့ နိကာယ်ကြီးများ ကို လေ့လာမှတ်သားခဲ့ရတယ်။ လေ့လာပြီးတဲ့နောက် တစ်ကြိမ် တစ်ခါမျှ ပြန်မကြည့်ခဲ့ရပါဘူး။ ဒါပေမဲ့ အလိုရှိတဲ့အခါ လိုချင်တဲ့ ပါဠိဟာ နှုတ်ထဲက အလိုလိုထွက်လာတယ်။ သည့်ပြင် ပုဂ္ဂိုလ်များ ကတော့ ဆိတ်ပါးစပ်များလို တလှုပ်လှုပ်နဲ့မပြတ် ရွတ်အံသရဇ္ဈာယ် နေကြရတယ်"လို့ အထင်ကြီးအောင် ဝါကြွားပလွှား၍ ပြောကြား တတ်ကြတယ်။ ထိုအခါ ဒါယကာ ဒါယိကာမများက အထင်ကြီးပြီး ကြည်ညိုသွားတတ်ကြပေသည်။

ရှေးအခါက ဆရာတော်ကြီးတစ်ပါးသည် မိမိအား ရဟန္တာပုဂ္ဂိုလ် ဟု အထင်ကြီးစေလိုသောကြောင့် သိတင်းသုံးရာ ကျောင်းခန်းအတွင်း ၌ လူမမြင်နိုင်အောင် အိုးစရည်းကြီး (အိုးအကြီး)တစ်လုံးကို မြှုပ် ထား၏။ ဒကာ, ဒကာမများ လာသံကြားသည့်အခါ ထိုအိုးကြီးထဲ ဝင်ပုန်းနေ၏။ လူများက "ဆရာတော်ဘယ်မှာလဲ"ဟု မေးလျှင်

တပည့်များက "ဆရာတော် အခန်းထဲမှာ"ဟု ပြောကြ၏။ လူများသည် အခန်းထဲတွင် ဆရာတော်ကို မမြင်၍ ပြန်တွက်လာကာ "အခန်းထဲမှာ ဆရာတော်မရှိပါ"ဟု ပြောသည်။ တပည့်များက "ခုတင်ကပဲ ကျောင်းခန်းထဲမှာရှိသေးတယ်"ဟု ပြောသဖြင့် ထပ်၍ ကြည့်ကြပြန်လေရာ ညောင်စောင်းပေါ်မှာ ထိုင်လျက်နေသည်ကို တွေ့ကြရ၍ "ဘယ်ကြွနေပါသလဲဘုရား"ဟု လျှောက်ထားလျှင် "ရဟန်းဆိုတာ သည်လိုပဲ၊ အလိုရှိရာ အရပ်ကို ကြွနိုင်ကြတယ်"ဟု မိမိကိုယ်ကို ရဟန္တာဟုထင်အောင် ဈာန်အဘိညာဉ်ရသည့် လေသံမျိုးဖြင့် ပြောတတ်ကြလေသည်။

ဤသို့ ပါပိစ္ဆတာလောဘသည် မဟုတ်မမှန် ဖောက်ပြန်သော နည်းလမ်းဖြင့် (ဝါ)မကောင်းသော နည်းလမ်းဖြင့် လူများ၏ အထင်ကြီးမှု၊ ကြည်ညိုလေးစားမှု၊ လှူဒါန်းပူဇော်မှုတို့ကို ခံယူလိုသော သဘောရှိပေသည်။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ အထင်ကြီးအောင် ဟန်ဆောင်ပြုလုပ်မှုမျိုးသည် ပါပိစ္ဆတာလောဘကြောင့်ပင် ဖြစ်ပေသည်။

**တဏှာ(၃)မျိုး** ။ ။ လောဘဟုဆိုအပ်သော တဏှာသည်...
မဟာတဏှာ၊
အတိတဏှာ၊
ဂိဒ္ဓတဏှာ...အားဖြင့် သုံးပါးရှိ၏။

ထိုတွင် အမျိုးမျိုးသော အာရုံကို အလိုရှိသော တဏှာသည် **မဟာတဏှာ**၊ တစ်ခုသော အာရုံ၌ အကြိမ်များစွာ အလိုရှိသော တဏှာသည် **အတိတဏှာ**၊ အာရုံတစ်ခု၌လည်းကောင်း၊ အာရုံအများ၌လည်းကောင်း တပ်တတ်သောတဏှာသည် **ဂိဒ္ဓတဏှာ**မည်၏ဟု အဘိဓာန်ဋီကာ၌ ပြဆိုသည်။

တစ်နည်း ။ ။ ကာမဘုံ၌ တပ်မက်တတ်သော ကာမတဏှာ၊ ရူပဘုံ၌ တပ်မက်တတ်သော ရူပတဏှာ၊ အရူပဘုံ၌ တပ်မက်တတ်သော အရူပတဏှာဟူ၍ ဘုံအားဖြင့် သုံးမျိုးပြားသည်။

တစ်နည်း ။ ။ ကာမတဏှာ၊
ဘဝတဏှာ၊
ဝိဘဝတဏှာ...

ဟူ၍ သုံးပါးရှိသည်။ ထိုတွင် ရူပါရုံစသော အာရုံခြောက်ပါးကို တပ်မက်မောသော လောဘသည် ကာမဂုဏ်ငါးပါး၌ သာယာသည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် ကာမတဏှာမည်၏။ ထိုအာရုံများကိုပင်မြဲ၏၊ အမြဲတည်၏ဟု ယူသော သဿတဒိဋ္ဌိနှင့် ယှဉ်သည့် လောဘသည် ဘဝတဏှာမည်၏(ဝါ) ရူပဘုံ၊ အရူပဘုံတို့၌ တပ်မက်သော တဏှာသည် ဘဝတဏှာမည်၏။ ထိုအာရုံများသည် ပြတ်စဲသွား၏၊ ပျက်သွား၏ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော လောဘသည် ဝိဘဝတဏှာမည်၏။ (ဝါ) ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော ဘဝကင်းခြင်း၌ ဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။

တဏှာ(၆)မျိုး။ ။ ရူပါရုံ၌ တပ်မက်သော ရူပတဏှာ၊
သဒ္ဒါရုံ၌ တပ်မက်သော သဒ္ဒတဏှာ၊
ဂန္ဓာရုံ၌ တပ်မက်သော ဂန္ဓတဏှာ၊
ရသာရုံ၌ သာယာတပ်မက်သော ရသတဏှာ၊
ဖောဋ္ဌဗ္ဗာရုံ၌ သာယာတပ်မက်သော ဖောဋ္ဌဗ္ဗတဏှာ၊
ဓမ္မာရုံ၌ သာယာတပ်မက်သော ဓမ္မတဏှာ၊

ဟူ၍ အာရုံအားဖြင့် ခြောက်မျိုးရှိပြန်သည်။

---

၁။ အဘိ၊ဋ္ဌ၊၁၊၃၉၈။ အဘိ၊ဋ္ဌ၊၂၊၁၇၃။

မျက်လုံးအကြည်ဓာတ်နှင့် အဆင်းအာရုံတို့ တွေ့ဆုံမိသည့်အခါ မြင်သိစိတ် (စက္ခုဝိညာဏဓာတ်)ဖြစ်လာ၏။ ယင်းအကြည်ဓာတ် အဆင်းအာရုံနှင့် မြင်သိစိတ် သုံးမျိုးတို့ ပေါင်းဆုံမိအောင် ဖန်တီးမှုမျိုးကို ဖဿဟုခေါ်သည်။ ထို ဖဿကြောင့် အာရုံကို ခံစားမှုဝေဒနာ ပေါ်လာ၏။ (ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ) ဆိုသည့်အတိုင်း ဝေဒနာကို အကြောင်းပြု၍ အဆင်းအာရုံ၌ တပ်မက်မောမှုတဏှာဓာတ် ဖြစ်ပေါ်လာ၏။ ထိုတဏှာဓာတ်ကို ရူပတဏှာဟုခေါ်သည်။ သဒ္ဒတဏှာတို့ ဖြစ်ပေါ်လာပုံကိုလည်း ဤနည်းကိုမှီ၍ သိနိုင်ပေသည်။

**တဏှာအစစ် တစ်ရာ့ရှစ်**။ ။ တဏှာသုံးတန်၊ အရင်းခံ၊ အာကာသံ
နှင့် မြှောက်၊
တစ်ရာ့ရှစ်ဖြာ၊ ယင်းတဏှာ၊ ထိုအခါ
အပြီးမြှောက်...

ဟုဆိုသည့်အတိုင်း ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု အရင်းခံ တဏှာသုံးမျိုးကိုတည်ထား၊ ထိုသုံးမျိုးက အာရုံခြောက်မျိုးကို အာရုံပြုသောကြောင့်(အာ) အာရုံခြောက်ပါးဖြင့် မြှောက် ၁၈ ပါး ရ၏။ ထို ၁၈ ပါးသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး၌ရှိသော အာရုံတို့ကို အာရုံပြု၍ဖြစ်ရကား (ကာ) ကာလသုံးပါးဖြင့် မြှောက် ၅၄ ပါးဖြစ်၏။ ယင်း ၅၄ ပါးလုံးပင် မိမိသန္တာန်ကို အာရုံပြု၍လည်းကောင်း၊ သူများသန္တာန်ကို အာရုံပြု၍လည်းကောင်း ဖြစ်ရကား (သန်)သန္တာန်နှစ်ပါးဖြင့်မြှောက် ၁၀၈ ဖြစ်၏။

**အဓမ္မရာဂနှင့်မိစ္ဆာဓမ္မ** ။ ။ မိခင်၊ ဖခင်၊ သား၊ သမီး၊ မိထွေး၊
မိကြီး၊ ဘထွေး၊ ဘကြီး၊ ဦးလေး၊
ဦးကြီးစသော မဖြစ်သင့် မဖြစ်ထိုက်သည့်ပုဂ္ဂိုလ်များ၌ ဖြစ်သောရာဂ

သည် **အဓမ္မရာဂဖြစ်၏။**

တစ်နည်းအားဖြင့် ဖြစ်သင့်ဖြစ်ထိုက်သော ပုဂ္ဂိုလ်များ၌ဖြစ်စေ၊ မဖြစ်သင့် မဖြစ်ထိုက်သော ပုဂ္ဂိုလ်များ၌ဖြစ်စေ မတရားမှု၊ အဓမ္မမှု ဆန်သော ရာဂသည် **အဓမ္မရာဂဖြစ်၏။**

အမျိုးတူဖြစ်သော ယောကျ်ားအချင်းချင်း၌ တပ်မက်သောဆန္ဒ ရာဂ၊ မိန်းမအချင်းချင်း၌ တပ်မက်သော ဆန္ဒရာဂများကို မှားယွင်း ဖောက်ပြန်သော သဘောရှိသောကြောင့် **မိစ္ဆာဓမ္မဟု** ခေါ်သည်။ ထိုတရားနှစ်မျိုးလုံးသည် တရားကိုယ်အားဖြင့် လောဘစေတသိက်ပင် ဖြစ်ပါသည်။[၁]

## (ဂ) လောဘအကြောင်းအခြားသိကောင်းစရာများ

**လောဘ၏ဖန်တီးချက်များ ။ ။** လောဘကြီးသောသူသည် လောဘ နီယအာရုံ၏ အဆင်း၊ ဥစ္စာ၊ ဉာဏ် ပညာ ဝီရိယစသော ဂုဏ်တို့ကို ရှိရုံထက် ပိုမိုသာလွန်၍ မှတ်ထင်စွဲ ယူသော သဘောရှိသောကြောင့် လောဘသည် ပိုလွန်၍ ယူခြင်း၏ အကြောင်းဖြစ်၏။ ထင်ရှားရှိသော အပြစ်ကိုလည်း ဖုံးကွယ်တတ် သော သဘောရှိ၏။

လောဘများသောသူသည် ချစ်ခင်တွယ်တာတတ်သောကြောင့် လည်းကောင်း၊ ချစ်သူတို့နှင့် ခွဲခွာရခြင်းကိုလည်း မခံနိုင်သော သဘောရှိသောကြောင့်လည်းကောင်း၊ လောဘသည် ပိယဝိပ္ပယောဂ ဒုက္ခ (ချစ်သူများနှင့် ခွဲခွာရခြင်းဆင်းရဲ)၏ အကြောင်းရင်းဖြစ်၏။ အကြိမ်ကြိမ်အဖန်ဖန် ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ၏ အကြောင်း လည်းဖြစ်၏။

---

၁။ အဘိ၊ဋ္ဌ၊၂၊၃၉၈၊ဒီ၊ဋ္ဌ၊၃၊၃၆။

လောဘသည် အများအားဖြင့် သတ္တဝါတို့ကို ပြိတ္တာဘုံ၌ဖြစ်စေတတ်၏။ လောဘကြီးသောသူသည် မသင့်လျော်သော အစာအစာများကို စားသောက်တတ်သောကြောင့်လည်းကောင်း၊ သင့်လျော်သော်လည်း အတိုင်းအရှည်မသိ စားသောက်တတ်သော ကြောင့်လည်းကောင်း လောဘသည် အနာရောဂါများခြင်း၏ အကြောင်းရင်းဖြစ်၏။ ပစ္စည်းဥစ္စာများ၌ အာသာဆန္ဒ ပြင်းပြသဖြင့် မမြဲသော သခၤါရ ဝတ္ထုများကို မမြဲဟု မမြင်နိုင်သောကြောင့် လောဘသည် အနိစ္စမထင်နိုင်ခြင်း၏အကြောင်းဖြစ်၏။ (အဋ္ဌသာလိနီ–နှာ–၁၇၁)။

**လောဘစရိုက်ရှိသူ** ။ ။ လောဘလွှမ်းကဲသောသူသည် သွားလာလှုပ်ရှားသည့်အခါ ယဉ်ယဉ်ကျေးကျေး တင့်တင့်တယ်တယ် သွားလာလေ့ရှိ၏။ ခြေကို ညီညီညာညာချသည်။ ကြွသည်။ သူ၏ ခြေရာသည် အလယ်၌မထင်၊ အရင်းအဖျား နှစ်ခု၌သာထင်၏။ မတ်မတ်ရပ်သည့်အခါ၌ဖြစ်စေ၊ ထိုင်သည့်အခါ၌ဖြစ်စေ အများကြည့်ကောင်းအောင် အချိုးကျကျရပ်တတ်၏။ ထိုင်တတ်၏။ အိပ်ရာကို ညီညီညွတ်ညွတ် သေသေသပ်သပ်ခင်း၍ ဖြည်းညင်းစွာ လဲလျောင်းပြီး နှစ်သက်ဖွယ် အခြင်းအရာဖြင့် အိပ်လေ့ရှိ၏။ အိပ်ရာမှ ထသည့်အခါ၌လည်း အဆောတလျင် မထမူ၍ ဖြည်းဖြည်းသာသာ အသံပြု၍ထ၏။

တံမြက်လှည်းခြင်း၊ ဝတ်စားဆင်ယင်ခြင်း စသည့် အလုပ်ကိစ္စများကို လုပ်ဆောင်ရာ၌လည်း ကျနသေသပ်၏။ ကြည့်ရှု၍ကောင်းအောင် စနစ်တကျ လုပ်တတ်၏။ အချိုအဆိမ့် အမွှေးအကြိုင် ပျံ့လှိုင်နူးညံ့သော အစားအသောက်များကိုလည်း နှစ်သက်၏။ အနည်းငယ် ကောင်းမွန်သော အစားအစာရသည့်အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်၏။ စားသောက်သည့်အခါ၌လည်း ဣန္ဒြေရရ

သေသေသပ်သပ် စားတတ်၏။

အသင့်အတင့်လှပသော ရုပါရုံနှင့် တွေ့ကြုံရသည့်အခါ တအံ့တသြ ငေးမော၍ ကြည့်တတ်၏။ ထိုအာရုံမှ မခွာချင်အောင်လည်း ဖြစ်တတ်၏။ ထင်ရှားသော အပြစ်ကိုပင် မမြင်ဘဲ အနည်းငယ်သော ဂုဏ်ကို ခင်မင်တပ်မက်မောတတ်၏။ ပရိယာယ်မာယာများ၏။ ကောက်ကျစ်စဉ်းလဲမှု သာထွေယျပေါ၏။ မာနကြီး၏။ အလိုရမက်ကြီး၏။ ရောင့်ရဲတင်းတိမ်မှုမရှိ၊ အဝတ်အစား စသည်တို့၌ လျှပ်ပေါ်လော်လီသော သဘောရှိ၏။

ဤသို့ အသွားအလာ အနေအထိုင်ဟူသော ဣရိယာပုတ်ကိုလည်းကောင်း၊ ထိုထိုကိစ္စများ ဆောင်ရွက်ပုံကိုလည်းကောင်း၊ နှစ်သက်တတ်သော အစာအာဟာရကိုလည်းကောင်း၊ ရုပါရုံစသည်၌ ကြည့်ရှုနားထောင်ပုံကိုလည်းကောင်း၊ အကဲခတ်ကြည့်ရှုခြင်းဖြင့် လောဘလွန်ကဲသူဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်ပေသည်။

**အပူဆုံးမီးကြီးနှင့် ပြည့်နိုင်ခဲသော မြစ်ကြီး။** ။ ဗုဒ္ဓပိဋကတ်တော်များ၌ ရာဂမီး,

တဏှာမြစ်ဟု သုံးစွဲရိုးရှိပါသည်။ ရာဂသည် မီးနှင့်တူသည်၊ တဏှာသည် မြစ်နှင့်တူသည်ဟု ဆိုလိုသည်။ သို့ရာတွင် ပကတိမီးသည် အခိုးထွက်သည်။ လောင်သည့်အခါ ပြာကျန်ရစ်ခဲ့သည်။ ရာဂမီးကား အခိုးမထွက် ပြာမချန်ဘဲ ခန္ဓာကိုယ်တွင်းမှ ထ၍ သတ္တဝါများကို ပူလောင်တတ်သော သဘောရှိသည်။

ပကတိမီးများတွင် နေခုနစ်စင်း တစ်ပြိုင်နက်ထွက်၍ ဖြစ်ပေါ်လာသော ကမ္ဘာပျက်မီးသည် အင်အားအရှိန်အဝါ အကြီးမားဆုံးဖြစ်၏။ ထိုမီးကြီးကား မည်သည့်အရာကိုမှ ချမ်းသာခွင့်မပေးဘဲ ကမ္ဘာလောကကြီး တစ်ခုလုံးကို လောင်ပစ်လိုက်၏။ ထိုမီးထက်

အင်အားကြီးမားသောမီးကား မရှိချေ။ သို့သော် ထိုကမ္ဘာပျက်မီးကြီးသည် နှစ်ပေါင်း အသချေင်္ကြာမှ တစ်ကြိမ်တစ်ခါသာ လောင်၏။ သတ္တဝါများ၏ ခန္ဓာကိုယ်တွင်းမှ ဖြစ်လာသော ရာဂမီးကား အချိန်ရှိသရွေ့ တဖွေ့ဖွေ့လောင်လျက်ရှိသည်။ ထို့ကြောင့် ရာဂနှင့်တူသောမီးသည် မရှိ၊ (ဝါ) ရာဂသည် အပူဆုံးသော အလောင်ဆုံးသော မီးကြီးဖြစ်သည်။

တဏှာသည် မြစ်နှင့်တူသည်ဟုဆိုသော်လည်း မြစ်များ၌ ရေပြည့်သောအချိန် ရေလျော့သောအချိန် ရေခြောက်ခန်းသွားသော အချိန်တို့ရှိသည်။ တဏှာ၌ကား ပြည့်၍နေသောအချိန်၊ ခြောက်ခန်းသွားသောအချိန်တို့မရှိ၊ အမြဲပင် ယုတ်လျော့နေ၍ ထာဝစဉ်လိုလျက်ရှိသည်။ လောကတွင် အဘက်ဘက်ကပြည့်စုံလှပြီဟုဆိုသော သန်းကြွယ်သူဌေးကြီးပုဂ္ဂိုလ်မျိုး ဖြစ်စေကာမူ မဖတာင့်တရတော့ပြီ မလိုချင်တော့ပြီဟူ၍ မရှိ၊ အမြဲလိုလျက် တောင့်တလျက်ပင်ရှိသည်။ ထို့ကြောင့် တဏှာနှင့်တူသော မြစ်မရှိ၊ ဝါ–တဏှာသည် အလွန်ပြည့်စုံနိုင်ခဲသော မြစ်ကြီးဖြစ်သည်။ ဤသို့ ဓမ္မပဒ ပါဠိတော်တွင် ဘုရားရှင်ဟောကြားခဲ့ပါသည်။

ယင်းရာဂနှင့် တဏှာတို့သည် လောဘ၏ နာမည်ထူးများဖြစ်ကြောင်း အထက်တွင် ပြဆိုခဲ့ပြီ။

**စိတ်၏အတွင်းရန်သူ**။ ။ လောဘသည် စိတ်၏အညစ်အကြေး၊ စိတ်၏ မိတ်ဆွေပျက်၊ စိတ်၏ရန်သူ၊ စိတ်၏သူသတ်သမား၊ စိတ်၏ ဆန့်ကျင်ဘက်သားဖြစ်၏။

စိတ်သည် ပကတိအခါ၌ ဖြူစင်သန့်ရှင်း အပြစ်ကင်းလျက်ရှိ၏။ လောဘစသော အကုသိုလ်စေတသိက်များမှာ အာရုံကို လိုချင်မက်မောမှု တွယ်တာမှုစသည်တို့ကြောင့် အပြစ်မကင်း မသန့်ရှင်းသော

တရားများဖြစ်၍ အညစ်အကြေးသဖွယ်ဖြစ်၏။ စိတ်အစဉ်တွင် လောဘစေတသိက် တွဲယှဉ်လာခဲ့သော် စိတ်သည် လောဘအညစ် အကြေးများဖြင့် ညစ်ညမ်း၍ သွား၏။ ထို့ကြောင့် လောဘသည် စိတ်၏ အညစ်အကြေးတစ်ခု ဖြစ်၏။ အညစ်အကြေးကား ကိုယ်၏ အညစ်အကြေး၊ စိတ်၏ အညစ်အကြေးဟု နှစ်မျိုးရှိသည်။ ထိုတွင် ချွေး မြူမှုန့်စသည်တို့၏ အညစ်အကြေးကိုကား ရေဖြင့် ဆေးကြော သုတ်သင်ပါက စင်ကြယ်သန့်ရှင်းသွားနိုင်၏။ လောဘစသော စိတ် အညစ်အကြေးမျိုးကိုမူ ရေဖြင့်ဆေးကြော၍ မစင်ကြယ်နိုင်၊ အရိယာ မဂ်ဖြင့် ဆေးကြောမှ သန့်ရှင်းစင်ကြယ်နိုင်သည်။

အတူအိပ် အတူစားဖြစ်ပါလျက် အကျိုးမဲ့ ပြုလုပ်နိုင်မည့် အခွင့် အရေးကို စောင့်စားရှာဖွေနေသော ရန်သူသဖွယ် လောဘစေတသိက် သည် စိတ်၌ ယှဉ်တွဲနေပါလျက် သတ္တဝါတို့၏ အမျိုးမျိုးသော အကျိုးမဲ့ကို ဖန်တီးတတ်၏။ ဆင်းရဲဒုက္ခအဖုံဖုံနှင့်လည်း တွေ့ကြုံစေ တတ်၏။ အကယ်စင်စစ် လောဘသည် စိတ်၏ အတွင်းရန်သူကြီး တစ်ဦးဖြစ်၏။ မှန်၏။ ရန်သူဟူသည် အခွင့်အရေးကို ရသည်နှင့် တစ်ပြိုင်နက် မိမိနှင့် ပြိုင်ဖော်ပြိုင်ဖက်အား ခေါင်းကိုသော်လည်း ဖြတ်ပစ်တတ်၏။ အကြောင်းဥပါယ်ဖြင့် ကြီးစွာသော အကျိုးမဲ့ကို သော်လည်း ပြုလုပ်တတ်၏။ ထို့အတူ လောဘသည် ပညာတည်းဟူ သော ဦးခေါင်းကို ကျစေခြင်းဖြင့်လည်းကောင်း၊ ပဋိသန္ဓေကို ဖြစ်စေတတ်သဖြင့်လည်းကောင်း၊ သတ္တဝါများ၏ အကျိုးမဲ့ကို ဖန်တီးတတ်ပေသည်။

ချဲ့ဦးအံ့... စက္ခုပသာဒနှင့် ရူပါရုံတို့ တွေ့ဆုံသည့်အခါ ယင်းအာရုံကို လိုချင်မှု၊ တွယ်တာမက်မောမှုဆိုသည့် လောဘတရား ဖြစ်ပွားလာတတ်၏။ ထိုလောဘဖြစ်လာမှုသည် ပညာဉာဏ်ဖြင့်

မဆင်ခြင် မသုံးသပ်နိုင်သောကြောင့်သာ ဖြစ်လာရကား လောဘသည် ပညာတည်းဟူသော ဦးခေါင်းကို ကျစေသည်မည်၏။ ထို့ပြင် လောဘအရင်းခံသော ကံသည် ပဋိသန္ဓေလေးမျိုးကို ဖြစ်စေတတ်သောသဘောရှိသည်။ ပဋိသန္ဓေ ဖြစ်လာခဲ့သော် သတ္တဝါသည် နှစ်ဆယ့်ငါးပါးသော ဘေး၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဘေးဒုက္ခအပေါင်းနှင့် မလွဲမသွေ ရင်ဆိုင်နေရပေသည်။ ဤသို့ လောဘသည် သတ္တဝါတို့၏ အကျိုးမဲ့ကို ပြုလုပ်တတ်ပေသည်။ တစ်နည်းအားဖြင့် ရန်သူများ မပြုလုပ်နိုင်သည့် အကျိုးမဲ့ကိုပင် လောဘစေတသိက်သည် ပြုလုပ်နိုင်ပေသည် (ဣတိ–ပါ–နှာ–၂၅၂၊ဋ္ဌ၊နှာ–၁၆၁)။

**ပညာမျက်စိကန်းသောတရား**။ ။ လောဘသည် အကုသိုလ်ဖြစ်၍ ပညာ မျက်စိကန်းသောတရား ဖြစ်၏။ အကြင်အခါ၌ သတ္တဝါ သန္တာန်၌ လောဘဖြစ်လာ၏။ ထိုအခါ သတ္တဝါသည် အကြောင်းအမျိုးမျိုးကိုလည်းမမြင်၊ အကောင်းအဆိုးကိုလည်း ခွဲခြားမသိ၊ သူ၏စိတ်တွင် မိုက်မှောင်ကြီးအတိ ဖြစ်လျက်ရှိ၏။

လောဘသည် မိမိ သူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်၏။ စိတ်ကိုချောက်ချား ဖောက်ပြန်စေတတ်၏။ စိတ်အစဉ်တွင် လောဘဝင်လာခဲ့သော် ထိုလောဘရှိသော ပုဂ္ဂိုလ်သည် လောဘ၏ အကျိုးမဲ့လုပ်တတ်ပုံစသော ဘေးဒုက္ခအပေါင်းတို့ကို လုံးဝမသိ မမြင်နိုင်ရှာတော့ချေ။ (ဣတိ၊ပါ၂၅၂)။

**လောဘသည် အကုသိုလ်ဖြစ်ကြောင်း**။ ။ ရဟာန်းတို့ တပ်မက်ခြင်း လောဘသည် ရှိ၏။ ယင်းတပ်မက်ခြင်းလောဘသည် အကုသိုလ်၏ အကြောင်းရင်း

တည်း။ တပ်မက်သူသည် ကိုယ်နှုတ်စိတ်ဖြင့် အားထုတ်၏။ ယင်းအားထုတ်မှုသည် အကုသိုလ်တည်း။ တပ်မက်သူသည် တပ်မက်ခြင်း လောဘ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏။ စွမ်းနိုင်၏။ လူသတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ နှောင်ဖွဲ့ခြင်းဖြင့်သော်လည်းကောင်း၊ ဆုံးရှုံးစေခြင်းဖြင့်သော် လည်းကောင်း၊ ကဲ့ရဲ့ခြင်းဖြင့်သော်လည်းကောင်း၊ နှင်ထုတ်ခြင်းဖြင့်သော်လည်းကောင်း ထင်ရှားသောဝတ္ထုဖြင့် သူတစ်ပါးအား ဆင်းရဲကို ဖြစ်စေ၏။ ယင်းသို့ ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။

ဤသို့လျှင် လောဘကြောင့်ဖြစ်ကုန်သော လောဘလျှင်အကြောင်းရင်းရှိကုန်သော လောဘလျှင် ဖြစ်ကြောင်းရှိကုန်သော လောဘလျှင် အထောက်အပံ့ ရှိကုန်သော မြောက်မြားစွာသော အကုသိုလ်တရားယုတ်တို့သည် ထိုသူအား ဖြစ်ကုန်၏။ (အံ–ပါ–မြန်–၂၂၀)။

**လောဘသည် အကျိုးမဲ့တရား** ။ ။ ကာလာမမင်းတို့ တပ်မက်သော ပုဂ္ဂိုလ်သည် တပ်မက်သော လောဘ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သူသတ်၏။ သူမပေးသည်ကိုလည်း ခိုးယူ၏။ သူ့သားမယားကိုလည်း သွားလာ၏။ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏။ သူတစ်ပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏။ ယင်းသူတစ်ပါး အသက်သတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်၏။ (အံ–ပါ–မြန်–၂၀၇)။ ၂၄-၁၁-၁၉၉၈

**ရာဂဖြစ်ကြောင်း (၂)မျိုး** ။ ။ ရဟန်းတို့ ရာဂဖြစ်ပေါ်ရန်အကြောင်းတို့သည် ဤ နှစ်မျိုးတို့တည်း။

အဘယ် နှစ်မျိုးတို့နည်းဟူမူ တင့်တယ်သော ဣဋ္ဌာရုံလည်းကောင်း၊

မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းလည်းကောင်း တို့တည်း။ ရဟန်းတို့ ရာဂဖြစ်ပေါ်ရန်အကြောင်းတို့သည် ဤနှစ်မျိုး တို့ပေတည်းဟု မိန့်တော်မူ၏ (အံ-ပါ-မြန်-၁၀၁)။

**တဏှာတရား၏ဆွဲငင်အား**။ ။ တပ်မက်မှုတဏှာသည် လောဘကို ဆောင်တတ်၏။ တဏှာသည် လောဘကို ဆွဲငင်တတ်၏။ အလုံးစုံသော တရားတို့သည်သာလျှင် တဏှာဟုဆိုအပ်သော တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက် ကြကုန်၏။ (သဂါထာ-သံ-ပါ-မြန်-၃၆)။

**တဏှာကားအနှောင်အဖွဲ့တရား** ။ ။ တပ်နှစ်သက်မှု "နန္ဒီ"သည် လောဘကို နှောင်ဖွဲ့တတ်၏။ တပ်မက်မှုတဏှာမှကင်းခြင်းကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။ တပ်မက်မှုတဏှာသည် လောကကို ဆွဲငင်တတ်၏။ တပ်မက်မှုတဏှာ မြားသည် လောကစူးဝင်၏။ အလိုရမက်သည် အခါခပ်သိမ်း တောက်လောင်၏။ တပ်နှစ်သက်မှု "နန္ဒီ"သည် လောကကို ဆက် စပ်အပ်၏။ တပ်မက်မှုတဏှာကို ပယ်ခြင်းကြောင့် အလုံးစုံသော အဆက်အစပ်ပြတ်၏။ (သဂါထာ-သံ-ပါ-မြန်၊၃၆၊၃၇)။

**သံသရာနယ်ချဲ့သမား**။ ။ ရှင်တော်ဗုဒ္ဓသည် မဟာနိဒ္ဒေသပါဠိတော် စသည်၌ သံသရာနယ်ချဲ့တရား သုံးပါးကို ဟောကြားခဲ့၏။ ထိုတရားသုံးပါးကား တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ဖြစ်၏။ တဏှာသည် သံသရာနယ်ချဲ့အုပ်စုဝင် တရားတစ်ပါးဖြစ် သည်။ ယင်းတရား သုံးပါးတို့သည် ဘဝသံသရာကို ကျယ်သည် ထက်ကျယ်အောင် ရှည်သည်ထက်ရှည်အောင် ပြုလုပ်တတ်သော ကြောင့် မြတ်ဗုဒ္ဓက သံသရာနယ်ချဲ့တရား (ပပဉ္စ)ဟု နာမည်တပ်ခဲ့ ခြင်း ဖြစ်ပါသည်။

ချဲ့ဦးအံ့… ဒိဋ္ဌိသည် ခန္ဓာငါးပါး၌ အထည်ကိုယ် အမာခံ အနှစ်သာရဟူသော အတ္တသည် ကောန်ရှိ၏ဟု စွဲလမ်း၏။ မာနက ထိုအတ္တကိုပင် "ငါ ငါ"ဟု မှတ်ထင်၏။ "ငါမြတ်သည် ငါတတ်သည်"ဟု အထင်အမြင်ကြီး၏။ ဒိဋ္ဌိမာန အရင်းခံမှုကြောင့် မိမိ၏ ရုပ်နာမ်တရားတွေကို အားရပါးရ တဏှာဖြင့် စွဲလမ်း၏။ မိမိကိုယ်နှင့်တူသော ချစ်ခင်တွယ်တာစရာမရှိ (အတ္တသမံ ပေမံ နတ္ထိ)ဆိုသည့်အတိုင်း မိမိခန္ဓာကိုယ်ထက် ပိုမို၍ မည်သူ့ကိုမျှ မချစ်နိုင်ကြပေ။ မိမိကို ချစ်ခင်မှုကြောင့် မိမိအား ကျေးဇူးပြုနေသူ သို့မဟုတ် ကျေးဇူးပြုလိမ့်မည်ဟု ထင်ရသူတို့အပေါ်မှာ မခွဲနိုင်မခွာရက်အောင် ဆက်သွယ်စွဲလမ်းရပြန်သည်။ ယင်းသို့ မိမိကိုယ်နှင့်အတူ အဆက်အသွယ်ဟူသမျှတို့အပေါ်၌ မခွဲနိုင် မခွာရက် စွဲမက်မှုသည် တဏှာလက်ချက်ပင် ဖြစ်ပါသည်။

တဏှာကား အလွန်အစွမ်းသတ္တိထက်သော တရားတစ်ပါးဖြစ်သည်။ ထိုတဏှာက ဆင်းရဲဒုက္ခမှုတွေ မျိုးစုံနေသော သည်လောကကြီးကို ပျော်မွေ့စရာ ချမ်းမြေ့စရာကောင်း၍ အလွန်သာယာ စိုပြည်သည့် လောက နိဗ္ဗာန်ကြီးအဖြစ် ဖန်တီးပေးထား၏။ ပုထုဇဉ်သေက္ခသတ္တဝါမှန်သမျှတို့ကို ထိုထိုအာရုံများ၌ဖြစ်စေ၊ မိမိခန္ဓာကိုယ်၌ဖြစ်စေ တွယ်တာမက်မောစေ၍ သံသရာဆင်းရဲ၌ မငြီးငွေ့အောင် ပြုလုပ်ထားသူကား တဏှာပင်ဖြစ်ပါသည်။ ထို့ကြောင့် တဏှာရှိသော သတ္တဝါတို့သည် သူတို့၏ လိုချင်တွယ်တာမှု အတိုင်းအတာအရ ဆင်းရဲအမျိုးမျိုးကိုခံကာ နေ့မအား ညမအား ရုန်းကန်လှုပ်ရှားနေကြရသော်လည်း တဏှာကို ဒုက္ခပေးနေသည့် ရန်သူအဖြစ်မမြင်၊ မိတ်ကောင်းဆွေကောင်းကြီး အသွင်ဖြင့် အဖော်ပြုကာ ပျော်ပျော်ပါးပါးပင် သံသရာခရီးနှင်လျက် ရှိကြပေသည်။ အချုပ်ဆိုရသော်

တဏှာ၏ လက်ချက်ကြောင့် သတ္တဝါတွေ သံသရာမှ ထွက်ပေါက် ရှာမရဘဲ ဘဝပေါင်းများစွာ ကျင်လည်နေကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် တဏှုပ္ပါဒသုတ်တွင် "သတ္တဝါတို့သည် တဏှာကို မိတ်ဆွေ ကောင်းကြီးအဖြစ် အဖော်ပြုကာ ဘဝသံသရာဝယ် ပျော်ပျော်ပါးပါး ခရီးသွားနေကြသဖြင့် ရှည်လျားလှစွာသော ဤသံသရာကြီးမှ မလွတ် မြောက်နိုင်ကြခြင်းဖြစ်သည်"ဟု ဟောတော်မူခဲ့၏။

ထို့ပြင် တဏှာသည် ကမ္မဝဋ်ကို တွင်တွင်လည်အောင် လှည့်ပေး တတ်သော ကိလေသဝဋ်တရား တစ်ခုဖြစ်သည်။ လိုချင်မက်မောမှု တဏှာကြောင့် အပြစ်ကင်းသော အလုပ်(ကုသိုလ်ကောင်းမှု)ကို ဖြစ်စေ၊ အပြစ်ရှိသော အလုပ်(အကုသိုလ်)ကိုဖြစ်စေ ပြုလုပ်နေကြရ ၏။ တဏှာအရင်းခံသည့် ယင်းပြုလုပ်မှုများ(ကမ္မဝဋ်)ကြောင့် လက် ရှိဘဝခန္ဓာ ပြတ်စဲသွားသည့်အခါ၌ ဝိပါကဝဋ်ခေါ် ရုပ်သစ် နာမ် သစ်များ ဖြစ်လာကာ ဘဝတစ်ခု ပေါ်လာပြန်၏။ ထိုဘဝသစ်ဖြစ်၍ မကြာမီမှာပင် ဘဝနိကန္တိက (ဘဝ၌ တွယ်တာနှစ်သက်သော) လောဘဇောခေါ်သော တဏှာက ရကာစ အတ္တဘောကို မက်မော တွယ်တာပြီးလျှင် ယခင် အတိတ်ဘဝကနည်းတူ ဘဝသစ်တွင် စခန်းသွားရပြန်သည်။

ဤသို့သေက္ခပုထုဇဉ်သတ္တဝါတို့သည် တဏှာတည်းဟူသော ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ ဆက်ကာဆက်ကာ ပေါ်လာပြီးလျှင် သံသရာတကျောဝယ် နစ်မျောကျင်လည်၍ နေကြ ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်သည် နှင့် တစ်ပြိုင်နက် စိတ်တော်တွင် (ဥဒါန်းကျူးရင့်သကဲ့သို့) ဤသို့

ထင်မြင်လာခဲ့သည်။

"ထပ်ခါထပ်ခါ ဘဝသစ်ဖြစ်ရခြင်း၊ ဝါ-ပဋိသန္ဓေ နေရခြင်းသည် အို၊ နာ၊ သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍နေသောကြောင့် ဆင်းရဲလှပေသည်။ ဤ အဖ္ဖဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန် ဖန် ဆောက်လုပ်နေသော တရားခံလက်သမားကား တဏှာတရားတည်း၊ ထိုတရားခံ လက်သမားဆိုသူသည် မည်သူမည်ဝါဖြစ်သည်ကို သဗ္ဗညုတဉာဏ်တော်တည်း ဟူသော မှန်ပြောင်းဖြင့်သာ မြင်နိုင်သိနိုင်သည်။ တဏှာ လက်သမားကို မတွေ့ရသေးသမျှ ဘဝသစ်၌ ဖြစ်ခြင်း ဆိုသည့် ဇာတိကလည်း သူ့အလိုအလျောက် နောက်ဆုတ် သွားလိမ့်မည်မဟုတ်၊ ထို့ကြောင့် တဏှာလက်သမားကို "မတွေ့လျှင် မနေ"ဟူသော ဓွဲမာန်ဖြင့် လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် သဲသဲမဲမဲ ရှာဖွေခဲ့ သည်။ သို့သော် တဏှာယောကျ်ားလက်သမားကို တွေ့ မြင်နိုင်ကြောင်း သဗ္ဗညုတဉာဏ်တော်တည်းဟူသော မှန် ပြောင်းကို မရသေးသည့်အတွက် အသိန်းမကသော ဘဝ သံသရာစက်ဝိုင်းကြီးကို ဆုံလည်တပ်နွား၊ ရဟတ်ခြားသို့ လှည့်ပတ်ပြေးသွားခဲ့ရလေပြီ။

တဏှာယောကျ်ား ဟဲ့လက်သမား၊ ယခုအခါ သဗ္ဗညု တဉာဏ်တော်ဖြင့် သင့်ကို တွေ့မြင်ခဲ့ရပေပြီ။ သင်သည် ငါ့ခန္ဓာအိမ်ကို ထပ်လုပ်နိုင်တော့မည်မဟုတ်၊ သင်၏ ကိလေသာ အခြင်ရနယ်အားလုံးတို့ကို ငါချိုးဖျက်လိုက် လေပြီ။ ခန္ဓာအိမ်၏ အဝိဇ္ဇာအထွတ်ကိုလည်း ဖြုတ်လိုက် လေပြီ။ ငါ့စိတ်သည် နိဗ္ဗာန်သို့အာရုံပြုသောအားဖြင့်

ရောက်ခဲ့ပြီ။ ငါသည် သင်တဏှာတို့၏ မရှိရာ အရဟတ္တဖိုလ်ကို ရခဲ့ပေပြီ။

**သောကပြန့်ကျယ် တဏှာနွယ်။** ။ ဘုရားရှင် လက်ထက်တော်က မာလုကျပုတ္တဟု ထင်ရှားသော မထေရ်တစ်ပါး ရှိခဲ့ပါသည်။ ထိုမထေရ်၏ ဖခင်မှာ ကောသလဘုရင်၏ ရာဖြတ်အမှုထမ်းဖြစ်သည်။ မိခင်၏နာမည်ကား မာလုကျ ဖြစ်သည်။ မိခင်နာမည်ကိုစွဲ၍ သားကို "မာလုကျပုတ္တ" (မာလုကျ၏ သား)ဟု ခေါ်သည်။ မာလုကျပုတ္တသည် အရွယ်ရောက်သည့်အခါ တောထွက်လိုသောဆန္ဒရှိသဖြင့် အိမ်ရာတည်ထောင် လူတို့ဘောင်ကို စွန့်ခွာကာ ပရိဗိုဇ်ရဟန်းပြုသွား၏။

တစ်နေ့တွင် ဘုရားရှင်၏ တရားတော်ကို နာရသဖြင့် သာသနာတော်၌ ယုံကြည်ကာ ဘုရားရှင်ထံ၌ ရဟန်းပြု၏။ မာလုကျပုတ္တမထေရ်သည် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရာ ရဟန်းပြု၍ မကြာမီမှာပင် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသည့် ဆဋ္ဌာဘိညရဟန္တာဖြစ်သွားသည်။

ရဟန္တာမထေရ်မြတ်သည် မိမိရဟန္တာ ဖြစ်သွားသည့်အခါ မိဘဆွေမျိုးတို့ကို သတိရသည်။ မိဘဆွေမျိုးတို့ သံသရာဝဋ်မှ မကျွတ်လွတ်ဘဲရှိသည်ကို သနားလှသည်။ ထို့ကြောင့် တရားဟောရန် ဆွေမျိုးများထံ ကြွသွား၏။ မိဘဆွေမျိုးတို့ကား မထေရ်မြတ်ရဟန္တာဖြစ်နေသည်ကို သိဟန်မတူချေ။ မထေရ်မြတ်ကို ကောင်းမွန်စွာ ပြုစုကျွေးမွေးပြီး ပစ္စည်းဥစ္စာတို့ကို မထေရ်မြတ်၏ ရှေ့တွင် စုပုံကာ "ဤဥစ္စာပစ္စည်းများသည် အရှင်မြတ်၏ ပစ္စည်းများ ဖြစ်ပါသည်။ လူဝတ်လဲပြီး ဤဥစ္စာပစ္စည်းများဖြင့် သားမယားကို လုပ်ကျွေးကာ ကောင်းမှုကုသိုလ်ပြုပါ"ဟု သွေးဆောင်ဖြားယောင်းကြ၏။

မထေရ်မြတ်သည် ထိုမိဘဆွေမျိုးတို့၏ လိုအင်ဆန္ဒကို ပယ်လှန်၍ ကောင်းကင်၌ရပ်ကာ အောက်ပါလောဘတဏှာ၏ အပြစ်တို့ကို ဟောကြားတော်မူလေသည်။[၁]

"မာလော နွယ်ပင်သည် အမှီပြုရာ သစ်ပင်ကိုလွှမ်းမိုး၍ ကြီးပွားသကဲ့သို့ တဏှာသည် မေ့မေ့လျော့လျော့ သွားလာနေထိုင်လေ့ရှိသူကို လွှမ်းမိုးကာ ကြီးပွားသောသဘောရှိ၏။ သစ်သီးကိုလိုသော မျောက်သည် တောထဲတွင် တစ်ပင်မှတစ်ပင် တစ်ကိုင်းမှတစ်ကိုင်းသို့ ကူးပြောင်းပြေးသွားသကဲ့သို့ တဏှာအလိုသို့လိုက်နေသော ထိုပုဂ္ဂိုလ်သည် တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်း ကျင်လည်နေရ၏"

လောက၌ အဆိပ်ဟူသော အာဟာရ၊ အမြစ်၊ အသီးရှိသောကြောင့် (ဝါ) အာရုံခြောက်ပါးတို့၌ တွယ်တာငြိကပ်တတ်သောကြောင့် "ဝိသတ္တိက"အမည်ရသည့် ဤတဏှာယုတ်သည် အကြင်ပုဂ္ဂိုလ်ကို လွှမ်းမိုးနှိပ်စက်၏။ ပြိတ်မြက်သည် မိုးရေစွတ်သည်ရှိသော် တိုးပွားသကဲ့သို့ ထိုအတူ ဝဋ်ဆင်းရဲလျှင် အကြောင်းရှိကုန်သော ပူဆွေးမှုသောကတို့သည် ထိုပုဂ္ဂိုလ်အား တိုးပွားကုန်၏။

အကြင်ပုဂ္ဂိုလ်သည်ကား လောက၌ လွန်မြောက်နိုင်ခဲသော ဤတဏှာယုတ်ကို လွှမ်းမိုးနိုင်၏။ ရေပေါက်သည် ပဒုမ္မာကြာဖက်မှ လျှောကျသကဲ့သို့ ဝဋ်ဆင်းရဲလျှင် အကြောင်းရှိကုန်သော ပူဆွေးမှု သောကတို့သည် ထိုပုဂ္ဂိုလ်မှ လျှောကျကုန်၏။

---

၁။ ထေရဂ္ဂ၊ ဒုတွဲ၊ ၉၄။

ထို့ကြောင့် ဤအရပ်၌ စည်းဝေးရောက်လာကြကုန်သော သင်တို့ကို အကျွန်ုပ် ပြောလိုပါသည်။ သင်တို့အား ကောင်းခြင်း မင်္ဂလာဖြစ်ပါစေသတည်း။ ပန်းရင်းကို အလိုရှိသောသူသည် ပြိတ်မြက်တောကြီးကို ပေါက်တူးကြီးဖြင့် တူးဖြိုရသကဲ့သို့ သင်တို့သည်လည်း တဏှာ၏ ကြောင်းရင်းမူလ အရင်းအမြစ်ဖြစ်သော အဝိဇ္ဇာစသော ကိလေသာတောခြုံကို အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပေါက်တူးဖြင့် တူးပစ်ကြကုန်လော့၊ ကမ်းစပ်၌ ပေါက်သော ကျူပင်ကို ရေအယဉ်သည် အကြိမ်ကြိမ် ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် သင်တို့ကို အဖန်ဖန် မဖျက်ဆီးပါလေလင့်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရား၏ ဆုံးမသြဝါဒ အတိုင်းလိုက်နာပြုကျင့်ကြကုန်လော့၊ ဘုရားရှင် သာသနာတော်နှင့် ကြုံကြိုက်ခြင်း၊ သာသနာထွန်းကားသည့်အရပ်၌ ဖြစ်ရခြင်း စသည့် ခေတ်ကောင်း ကာလကောင်းသည် သင်တို့ကို မကျော်လွန်သွားပါလေလင့်၊ ခေတ်ကောင်း ကာလကောင်းကို လွန်သွားကုန်သူတို့သည် ငရဲ၌ဖြစ်၍ ကြာရှည်စွာ စိုးရိမ်ပူဆွေးကြရကုန်၏။

သတိမေ့လျော့ခြင်း "ပမာဒ"သည် မြူ အညစ်အကြေးမည်၏။ မေ့လျော့မှု ပမာဒကြောင့်ဖြစ်သော မေ့လျော့မှုပမာဒသို့ အစဉ်လိုက်သော ရာဂစသော အကုသိုလ်တရားအပေါင်းသည်လည်း မြူအညစ်အကြေးပင် မည်၏။ အရဟတ္တမဂ်ဉာဏ်ဝိဇ္ဇာဖြင့် မိမိနှလုံးသား၌ ရာဂစသော ငြောင့်ကို မမေ့မလျော့ နုတ်ပစ်ရမည်။[၁]

---

၁။ ထေရ။ ၂၈၄။

ဘဝတဏှာနှင့်ဝက်မကလေး[၁] ။ ။ တစ်ချိန်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံကြွ တော်မူစဉ် လမ်းခုလတ်တွင် ဝက်မကလေးတစ်ကောင်ကို မြင်၍ ပြုံးတော်မူသတဲ့၊ ဘုရားရှင် ပြုံးတော်မူသည့်အခါ သွားတော်များ စဉ်းငယ်ပေါ်သွားရာ သွားတော်များမှ ဖြူသောရောင်ခြည်တော်များ ထွက်လေ့ရှိ၏။ ဘုရားနောက်တော်ပါး အရှင်အာနန္ဒာမထေရ်သည် ပါးစပ်တော်မှ ဝင်းဝင်းလက်လက် အရောင်ထွက်သွားသည်ကိုတွေ့၍ ဘုရားရှင် ပြုံးတော်မူကြောင်းသိလေရာ အကြောင်းကို မေးလျှောက် လိုက်လေသည်။

အာနန္ဒာ၊ ဟောဟိုက ဝက်မကလေးကိုကြည့်စမ်း၊

မှန်ပါ၊ မြင်ပါတယ်ဘုရား။

အဲဒီဝက်မကလေးဟာ ကကုသန်မြတ်စွာဘုရား သာသနာထွန်း ကားစဉ်က ဘုန်းကြီးဆွမ်းစားကျောင်း တစ်ကျောင်းအနီးမှာ ကြက်မ ဖြစ်ခဲ့တယ်။ အဲဒီကြက်မဟာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့ ယောဂီရဟန်းတစ်ပါးရဲ့ ကမ္မဋ္ဌာန်းတရား ရွတ်ပွားသံကို ကြားနာရလို့ ကုသိုလ်ဖြစ်ခဲ့တယ်။ အဲဒီကုသိုလ်ကြောင့် ကြက်မဘဝက သေလွန်တဲ့ အခါ လူ့ဘဝမှာ ဥဗ္ဗရီအမည်ရှိတဲ့ မင်းသမီးလာဖြစ်တယ်။ မင်းသမီး ဘဝမှာပဲ နောင်အခါ ပရိဗိုဇ်မကျောင်းမှာ ပရိဗိုဇ်မကလေး ဝတ် တယ်။ အဲဒီ ပရိဗိုဇ်မကလေးဟာ တစ်နေ့မှာ အိမ်သာထဲဝင်ခိုက် အိမ်သာထဲက ပိုးလောက်ကောင်တွေကိုကြည့်ပြီး "ပုဠဝကသညာ" (ပိုးလောက်သညာ)ကို ယူကာ အသုဘကမ္မဋ္ဌာန်း စီးဖြန်းရာ ပဌမ ဈာန်ကို ရခဲ့တယ်။ အဲဒီဘဝက သေတဲ့အခါ ဗြဟ္မာဘုံမှာ ဗြဟ္မာ ကြီးသွားဖြစ်တယ်။ အဲဒီဗြဟ္မာကြီးဘဝက စုတေပြန်တော့ ဘဝ

---

၁။ ဓမ္မပဒ၊၃၊၃၃၁။

အမျိုးမျိုး ကျင်လည်ရပြီး ယခုဘ၀မှာ ဒီဝက်မကလေး လာဖြစ်ရာ တယ်။ အဲဒီဝက်မကလေးရဲ့ အတိတ်ဘ၀တွေကို မြင်လို့ ငါဘုရား ပြုံးတော်မူခြင်းဖြစ်တယ်ဟု မိန့်တော်မူ၏။

ထိုအကြောင်းအရာများကို ကြားရသည့်အခါ အရှင်အာနန္ဒာနှင့် တကွ ရဟန်းတော်များမှာ သံဝေဂကြီးစွာရကြသတဲ့။ ထိုအခါ ဘုရား ရှင်သည် တပည့်သာဝကများအား ဘဝတဏှာ၏ ပြစ်ချက် တို့ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာစေရန် ဆွမ်းခံကြွလာရာ လမ်းခရီး အကြားမှာပင် ရပ်တော်မူလျက် အောက်ပါ ဩဝါဒဒေသနာတော်များ ကို ဟောကြားတော်မူပါသည်။

သစ်မြစ်သည် ဘေးရန်မရှိ ပကတိခိုင်မြဲနေပါလျှင် အထက်ပိုင်းဘက် အကိုင်းအခက် အချို့တို့ကို ခုတ်ဖြတ် ရှင်းလင်းလိုက်သော်လည်း သစ်ပင်သည် တစ်ဖန်ပြန်၍ ရှင်သန်ကြီးထွား စည်ကားလာနိုင်သကဲ့သို့ ထို့အတူ ဒွါရ ခြောက်ပါး၌ဖြစ်သော တဏှာနုသယကို အရဟတ္တမဂ်ဓား သန်လျက်ဖြင့် အကြွင်းမဲ့ မပယ်ဖျက်နိုင်သေးလျှင် ဘဝ အသစ် ထပ်ဖြစ်ရသည့် ဆင်းရဲဒုက္ခသည် ထပ်တလဲလဲ မစဲပုံသေ ဖြစ်ရလေ၏။

အကြင်ပုဂ္ဂိုလ်အား နှစ်သက်ဖွယ်အာရုံသို့ ပြင်းပြင်း ထန်ထန် စီးဝင်တတ်ကုန်သော သုံးဆယ့်ခြောက်ပါးသော တဏှာရေအယဉ်တို့ ရှိကုန်၏။ မှားသော ဉာဏ်အမြင် ရှိသော ထိုသူကို ရာဂနှင့်စပ်သော အားကြီးသော အကြံ အစည်တို့သည် ဆောင်ယူသွားကုန်၏။

တဏှာတည်းဟူသော ရေအယဉ်တို့သည် အာရုံ ခြောက်ပါးတို့၌ စီးဝင်ကုန်၏။ ရစ်ပတ်ချုပ်စပ်တတ်သော

သဘောကြောင့် နွယ်ပင်နှင့်တူသော တဏှာသည် ဒွါရ ခြောက်ပေါက်တို့မှဖြစ်၍ အာရုံခြောက်ပါးတို့၌တည်၏။ ထိုတဏှာနွယ်ကို (ဤတဏှာသည် ဤနေရာမှဖြစ်၏ဟု) ဖြစ်ရာဌာန၏ အစွမ်းဖြင့် တွေ့မြင်ရပြီးဖြစ်၍ တော၌ ပေါက်ပွားနေသည့် နွယ်ပင်ကို ဓားဖြင့် ဖြတ်သကဲ့သို့ တဏှာ၏ အမြစ်တို့ကို မဂ်ဉာဏ်ဖြင့် ဖြတ်တောက်ပစ်ကြ ကုန်လော့။

သတ္တဝါတို့အား အမြဲမပြတ် စီးဝင်တတ်ကုန်သော တဏှာအစေးဖြင့် လိမ်းကျံအပ်ကုန်သော ဝမ်းမြောက်ခြင်း တို့ ဖြစ်ကုန်၏။ ထိုတဏှာအလိုသို့ လိုက်ကုန်သော ပုဂ္ဂိုလ်တို့သည် ချမ်းသာသုခကို အမှီရကြကုန်သည်ဖြစ်၍ ကာမချမ်းသာကို ရှာမှီးကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် စင်စစ် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲတို့သို့ ကပ်ရောက်ကြရကုန်၏။

ထိတ်လန့်ခြင်းကို ပြုတတ်သော တဏှာအခြံအရံရှိ သော သတ္တဝါတို့သည် မုဆိုးကျော့ကွင်း၌မိသော ယုန်ကဲ့ သို့ ကြောက်ရွံ့ထိတ်လန့် နေကြရကုန်၏။ သံယောဇဉ် အစေးတို့ဖြင့် ကပ်ငြိနေကုန်သောသူတို့သည် ကြာမြင့်စွာ သော ကာလပတ်လုံး အဖန်တလဲလဲ ပဋိသန္ဓေနေခြင်း စသော ဆင်းရဲသို့ ကပ်ရောက်ကြရကုန်၏။

တဏှာ အခြံအရံရှိသော သတ္တဝါတို့သည် မုဆိုးကျော့ ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ထိတ်လန့် ကြရကုန် ၏။ ထို့ကြောင့် မိမိ၏ ရာဂကင်းမှုကို လိုလားသော ပုဂ္ဂိုလ်သည် ထိတ်လန့်ခြင်းကို ပြုတတ်သည့် တဏှာကို အရဟတ္တမဂ်ဖြင့် ပယ်ဖျက်စွန့်ပစ်ရာ၏။

ဤဒေသနာတော်၌ ဘုရားရှင် ဟောတော်မူလိုရင်းမှာ ဥဗ္ဗရီမင်းသမီးဘဝတွင် ပရိဗိုဇ်ရသေ့မပြုပြီး တရားနှလုံးသွင်းသဖြင့် ပထမဈာန်ကိုရခဲ့၏။ သို့သော် ထိုပထမဈာန်က မကြာခဏ ပေါ်လာလေ့ရှိသည့် ကာမရာဂတဏှာကို ပေါ်မလာအောင် အတော်အတန်ကြာကြာ ပယ်ခွာထားနိုင်သည့် သတ္တိသာရှိ၏။ ထာဝစဉ် ပေါ်မလာအောင် အကြွင်းမဲ့ မပယ်သတ်နိုင်၊ ဘဝတဏှာကတော့ ထင်ရှားရှိနေဆဲပင်ဖြစ်၏။ ထို့ကြောင့် ဗြဟ္မာကြီးဘဝမှ စုတေသည့်အခါ သုဂတိဘဝများမှ တစ်ဆင့် ယခုလို ဝက်မကလေးဘဝသို့ ပြန်ဆင်းလာရခြင်းဖြစ်၏။ အနုသယတဏှာ မကင်းသေးသမျှ (ဝါ) အနုသယတဏှာကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ မပယ်သတ်နိုင်သေးသမျှကာလပတ်လုံး ဗြဟ္မာကြီးဖြစ်နေငြားလည်း "ဗြဟ္မာဖြစ်လို့ ပြောင်ပြောင်ဝင်း ဝတ်စားကျင်းမှာ တမြုံ့မြုံ့"ဆိုသကဲ့သို့ ဝက်မကလေးအထိ ပြန်ဖြစ်နိုင်၍ ကံအားလျော်စွာ ဘဝအမျိုးမျိုး ထပ်တလဲလဲဖြစ်သွားရမည်ဟု ဟောတော်မူလိုရင်း ဖြစ်ပေသည်။

ထိုဝက်မကလေး၏ ဇာတ်လမ်းကား မဆုံးသေးပေ။ ဝက်မကလေးဘဝမှ သေတဲ့အခါ သုဝဏ္ဏဘူမိဆိုတဲ့အရပ်မှာ မင်းမျိုး၌ဖြစ်တယ်။ သုဝဏ္ဏဘူမိ မင်းသမီးဘဝမှ သေတဲ့အခါ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ အမျိုးသမီးဖြစ်တယ်။ အဲဒီဘဝမှ သေတဲ့အခါ ဘုံဘိုင်နယ်၏ အရှေ့တောင်အရပ်မှာရှိတဲ့ ဝနဝါသီတိုင်း၌ အမျိုးသမီးဖြစ်တယ်။ အဲဒီဘဝမှ သေတဲ့အခါ ဘုံဘေမြို့၏ မြောက်ဘက်ပင်လယ်ကမ်းခြေမှာရှိတဲ့ သုပ္ပါရကသဘော်ဆိပ်အရပ်၌ မြင်းကုန်သည် သမီးဖြစ်တယ်။ အဲဒီဘဝမှ သေတဲ့အခါ ဘုံဘိုင်နယ်၏ အရှေ့တောင်အရပ်မှာရှိတဲ့ ဝနဝါသီတိုင်း၌ အမျိုးသမီးဖြစ်တယ်။ အဲဒီဘဝမှသေတော့ အိန္ဒိယကျွန်းဆွယ် အရှေ့တောင်ဘက်စွန်းမှာရှိတဲ့ ကာဝီရသဘော်ဆိပ်အရပ်၌ လှေသူကြီးသမီးဖြစ်တယ်။

အဲဒီဘ၀မှ သေတော့ ယခုသီရိလင်္ကာခေါ်တဲ့ သီဟိုဠ်ကျွန်း အနုရာဓမြို့မှာ မင်းပိုင်းစိုးပိုင်း အမျိုးထဲမှာ ဖြစ်တယ်။ အဲဒီဘ၀မှ သေတော့ အနုရာဓမြို့တောင်ဘက် ဘောက္ကန္တ ရွာမှာ သုမနသူကြွယ်၏ သမီးဖြစ်တယ်။ အမည်ကတော့ ဖခင်အမည်အတိုင်း မယ်သုမနာလို့ခေါ်တယ်။ နောက် ထိုရွာမှ ရွှေ့ပြောင်းပြီး ဒီဃဝါပိနယ် မဟာမုနိရွာမှာ နေထိုင်တယ်။ အဲဒီရွာမှာနေစဉ် ဒုဋ္ဌဂါမဏိမင်း၏ အမတ် ဖြစ်တဲ့ လကုဏ္ဍကအတိမ္ဗရ ဆိုသူက ကိစ္စတစ်ခုနဲ့ အဲဒီရွာကို ရောက်လာတဲ့အခါ မယ်သုမနာကို မြင်ရ၍ မေတ္တာသက်ဝင်သဖြင့် အကြီးအကျယ် မင်္ဂလာပွဲကြီး ဆင်နွှဲပြီး သူနေတဲ့ မဟာပုဏ္ဏရွာကို ခေါ်ဆောင်သွားတယ်။

အဲဒီရွာမှာနေစဉ် တောင်စွန်းကျောင်းတိုက်ကြီး၌ သီတင်းသုံး သော အနုရုဒ္ဓမထေရ် ဆွမ်းခံကြွလာသည့်အခါ မယ်သုမနာကို တွေ့မြင်ရ၍ နောက်ပါရဟန်းများကို "ငါ့ရှင်တို့ ဘုရားလက်ထက် တော်က ဝက်မကလေးသည် လကုဏ္ဍကအတိမ္ဗရ အမတ်ကြီး၏ ဇနီးမယားအဖြစ် ရောက်နေပါကလား။ သြော်... အံ့သြဖွယ်ကောင်း လေစွတကား"ဟု ပြောဆိုပါသတဲ့။

အဲဒီစကားကို ကြားရသည့်အခါ အမတ်ကတော် မယ်သုမနာမှာ ရှေးဘ၀ဟောင်းတွေကို ပြန်လည်အောက်မေ့နိုင်သည့် ဇာတိဿရ ဉာဏ် ဖြစ်ပေါ်လာသတဲ့။ အဲဒီဉာဏ်ဖြင့် သူ့ဘ၀ ဖြစ်စဉ်တွေကို ပြန်လည်ဆင်ခြင်ကြည့်လိုက်တဲ့အခါ သံသရာကို ထိတ်လန့်ကြောက် ရွံ့တဲ့ သံဝေဂဉာဏ် ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ခင်ပွန်းအမတ်ကြီး ထံ ခွင့်ပန်ပြီး ဘိက္ခုနီမကျောင်းတိုက်မှာ ရဟန်းပြုခဲ့တယ်။

ရှင်ရဟန်းပြုပြီးတော့ တိဿမဟာဝိဟာရ ကျောင်းတိုက်မှာ သတိပဋ္ဌာန်သုတ်တရားကို ကြားနာရ၍ ထိုနည်းအရ ရှုမှတ်သဖြင့်

သောတာပန် ဖြစ်သွားပါသတဲ့။ ထို့နောက် သူ့ဇာတိရပ်ဖြစ်တဲ့ ဘောက္ကန္တ ရွာသို့ပြန်ပြီးနေစဉ် ကလ္လမဟာဝိဟာရကျောင်းတိုက်၌ အာသီဝိသောပမသုတ်ကို ကြားနာရ၍ အာသဝေါကုန်ခန်းတဲ့ ရဟန္တာမ ဖြစ်သွားပါသတဲ့။

အဲဒီ သုမနာထေရီဟာ အာယုသင်္ခါရကုန်တဲ့အခါ ပရိနိဗ္ဗာန်ပြု တော့မည့်အကြောင်း သီတင်းသုံးဖော်များအား ပြောကြားတယ်။ အဲဒီအခါမှာ ရဟန်းတော်များနှင့် ရဟန်းမများက သူ့အကြောင်း အရာကို မေးကြတဲ့အတွက် "ဘုရားတပည့်တော်မဟာ ကကုသန် ဘုရားလက်ထက်တော်အခါက အမျိုးသမီး ဖြစ်ခဲ့ပါတယ်။ အဲဒီဘဝ က သေတော့ ကြက်မဖြစ်ခဲ့ပါတယ်။ အဲဒီကြက်မဘဝမှာ သိန်းငှက် က ထိုးသုတ်ပြီး စားလို့ ခေါင်းပြတ်ပြီး သေခဲ့ရတယ်။ သေပြီးတော့ လူ့ဘဝမှာ မင်းသမီးဖြစ်တယ်"စသည်ဖြင့် ဘောက္ကန္တ ရွာ၌ အဆုံးစွန် ဘဝတိုင်အောင် သူ့အကြောင်းအရာတွေကို ဘိက္ခုနီသံဃာအား ဖြစ်စဉ်အတိုင်း ပြောကြားပြီးတော့...

"ယခုပြောဆိုခဲ့သည့်အတိုင်း ညီမျှ မညီမျှ, အကောင်း အဆိုး အမျိုးမျိုးကုန်သော တစ်ဆယ့်သုံးခုသော ဘဝအတ္တ ဘောတို့သို့ ရောက်ပြီး၍ ယခုနောက်ဆုံးဘဝ၌ သံသရာ၌ ငြီးငွေ့သောကြောင့် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက် ခဲ့ပါပြီ။ အားလုံးသော အရှင်ကောင်း အရှင်မတို့သည် လည်း မမေ့မလျော့အမှတ်ရသည့် သတိဖြင့် သီလ, သမာဓိ, ပညာကို ပြည့်စုံအောင် အားထုတ်ကြပါကုန် လော့"

ဟု ပြောပြီး ပရိနိဗ္ဗာန်ဝင်စံသွားပါသတဲ့။

ထိုသုမနာထေရီ၏ တစ်ဆယ့်သုံးဘဝကို ဆရာတော် ဦးဗုဓ်က

မဟာသတိပဋ္ဌာနသုတ် နိဿယတွင် ဤသို့ လင်္ကာစီကုံးထားခဲ့လေသည်။

"လူ, ကြက်, မင်းမှာ၊ ဗြဟ္မာ, သူကြွယ်၊ ဝက်ငယ်ဖြစ်ဘိ၊ ဘုမ္မိဝန, ဗာရာဏမှာ၊ သုပ္ပါရက၊ ကာဝိရနှင့်၊ ပြည်အနုရာ၊ ရှာဘောကင်္ဂ၊ ဖြစ်လေရသည်... ဘဝဆယ့်သုံး ယုတ်မြတ်တည်း"။

ဤဘဝဖြစ်စဉ်များ၌ ဘဝဟောင်းများ ချုပ်ငြိမ်းပြီး ဘဝအသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်ရခြင်းသည် ဆင်းရဲဖြစ်ပွားကြောင်းသမုဒယဆိုသည့် တဏှာကြောင့်ဖြစ်သည်။ အခြား ပုဂ္ဂိုလ်များလည်း တဏှာမကင်းသေးလျှင် ဤသုမနာထေရီကဲ့သို့ ဘဝအသစ်အသစ်ဖြစ် ဖြစ်သွားရမည်။ ထို့ကြောင့် သမုဒယသစ္စာဆိုသည့် တဏှာကင်းငြိမ်းအောင် မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်သုံးရန် အရေးကြီးလှပေသည်။

ကံကိုဦးဆောင်လမ်းညွှန်သော တဏှာ ။။ ဘဝတစ်ခုဖြစ်ပေါ်လာမှု၌ အဝိဇ္ဇာ, တဏှာ,

ကံဟု ပဓာနအကြောင်းတရားကြီး သုံးပါးရှိ၏။ ထိုသုံးပါး တွင် အဝိဇ္ဇာသည် သေခါနီးကာလ(မရဏာသန္နအခါ) ထင်လာ မြင်လာသော အာရုံသစ် ဘဝသစ်၏ အဖြစ်များကို မထင် မမြင်နိုင်ရန် ဖုံးကွယ်ထား၏။ တဏှာက ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်ကို ထိုအာရုံသစ် ဘဝသစ်တို့သို့ ညွှတ်ကိုင်းပေးလိုက်၏။ ပဋိသန္ဓေကို ဖြစ်စေနိုင်သော ကံတရားက တဏှာညွှတ်ကိုင်း ပေးလိုက်သည့် ဘုံဘဝကိုရောက်အောင် ပို့ဆောင်ပစ်ချပေးလိုက်သည်။ ထိုသုံးမျိုးတွင် တဏှာသည် ကံတရားကို မည်သည့်ဌာန မည်သည့်ဘုံဘဝသို့ ပို့ဆောင်ရမည်ကို ညွှန်ပြသည့် ဘဝလမ်းညွှန်သမားနှင့် တူပေသည်။[၁]

---

၁။ အဘိ၊ဋ္ဌ၊၁။၁၅၄၊၁၅၅။

ထို့ကြောင့် ကျမ်းဂန်များ၌ "လူ့ဘဝ နတ်ဘဝတို့သို့ ရောက်စေတတ်သော ကံ၏ အကြောင်းတရား အထူးကား ဘယ်ဘုံဘဝ ဘယ်ဌာနဟု တောင့်တတတ်စွာ ဘဝတဏှာဖြစ်၏"[၁]ဟု လည်းကောင်း၊ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံတို့၌ တွေ့ရာကြိုက်ကြုံ ခုံမင်တွယ်တာ တဏှာ၏ သတ္တိအစွမ်းကြောင့်သာလျှင် လူ, နတ်, တိရစ္ဆာန် ဖြစ်ရပေသည်[၂]ဟုလည်းကောင်း၊ ကုသိုလ်ကံ အကုသိုလ်ကံများသည်လည်း တွေ့ရာကြိုက်ကြုံ ခုံမင်တတ်စွာ တဏှာတရားသူ့စွမ်းအားကြောင့် ဘယ်ဘုံဘဝ ဘယ်ဌာနဟု တောင့်တမြော်ကိုး အကျိုးပိုင်ပိုင် ပြီးစေနိုင်၏"[၃]ဟုလည်းကောင်း မိန့်ဆိုတော်မူခြင်း ဖြစ်ပေသည်။

ကိုယ့်အိမ် ကိုယ့်ဥစ္စာပစ္စည်းများကို တဏှာဖြင့် တွယ်တာ၍ သေသွားရာ ထိုအိမ်၌ပင် ဘီလူး, သားရဲ, ခွေး, ဆိတ်, နွား, ကျွဲ, ကြွက်, ကြက်, သန်း, ကြမ်းပိုးစသည်တို့ ပြန်ဖြစ်ကြသည်တို့ကို ပါဠိအဋ္ဌကထာကျမ်းများ၌ များစွာတွေ့ရသည်။

**တောဒေယျပုဏ္ဏားကြီး** ။ ။ သာဝတ္ထိပြည်၏အနီး တုဒိမည်သော ရွာကြီး၌ တောဒေယျမည်သော ပုဏ္ဏားကြီးတစ်ဦးရှိသတဲ့။ ထိုပုဏ္ဏားကြီးသည် ပသေနဒီကောသလမင်း၏ ပုရောဟိတ် ပုဏ္ဏားကြီးဖြစ်သည်။ တုဒိရွာကြီးကို အပိုင်စားရသောကြောင့် တောဒေယျဟု နာမည်ရသည်။ ထိုပုဏ္ဏားကြီး၌ သုဘခေါ်သော သားငယ်တစ်ယောက်ရှိသည်။ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်သဖြင့် သုဘ(မောင်တင့်တယ်)ဟု မှည့်ခေါ်ထားသည်။ ပုဏ္ဏားကြီးသည် ရှစ်ဆယ့်ခုနစ်ကုဋေ ကြွယ်ဝချမ်းသာ၏။ သို့သော် သူ့

၁။ အဘိ၊ဋ္ဌ၊၂။၁၂၆။
၂။ ဓိနာလင်္ကာရဋီကာ။၂၈၂။
၃။ ဓိနာလင်္ကာရဋီကာ။၂၈၁။

ပစ္စည်းကို သူတစ်ပါးတို့အား နည်းနည်းမှ မပေးလို မကမ်းလို၊ အလွန်နှမြော ဝန်တို၏။ မိမိပစ္စည်းကို သူတစ်ပါးတို့အားပေးလျှင် မကြာမီ လျော့ပါးကုန်ခန်းသွားမည်ဟု ယူဆပြီး မည်သူ့ကိုမှ ပေးကမ်းစွန့်ကြဲမှု အလျှင်းမပြု။

မိမိသား သုဘလုလင်အားလည်း "ပစ္စည်းဥစ္စာများ တိုးပွားအောင်သာ ပြုလုပ်ရမည်။ ပစ္စည်းဥစ္စာ လျော့ပါးဆုတ်ယုတ်စေတတ်သည့် ပေးကမ်း လှူဒါန်းမှုမျိုးကို ရှောင်ရမည်"ဟု ပျားဥပမာ၊ ခြဥပမာတို့ဖြင့် ပုံဆောင်၍ လမ်းညွှန်ဆုံးမထား၏။ ဘုရားသခင်အားလည်း တစ်ဇွန်း တစ်ယောက်မမျှသော ဆွမ်းယာဂုတို့ကို မလှူဒါန်းဘူးပါချေ။ မိမိအိုးအိမ် ပစ္စည်းဥစ္စာတို့ကို အလွန်တပ်မက် စွဲလမ်းလျက်ရှိ၏။ ထိုပုဏ္ဏားကြီး ကွယ်လွန်သွားသည့်အခါ ထိုစွဲလမ်းတပ်မက်မှု လောဘတဏှာကြောင့် မိမိအိမ်၌ပင် ခွေးကြီးပြန်ဖြစ်ရသည်။

**တိဿရဟန်းကြီး** ။ ။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်သား တိဿမည်သော ရဟန်းကြီးသည် တစ်ခုသော ဇနပုဒ်ကျောင်း၌ ဝါဆိုတော်မူစဉ် အလျားရှစ်တောင်ရှိသည့် သင်္ကန်းချုပ်ရန် အဝတ်တစ်ခုကို ရခဲ့သည်။ သီတင်းဝါလကျွတ်သည့်အခါ ထိုအဝတ်ပိုင်းကို ယူဆောင်ပြန်လာပြီး သင်္ကန်းချုပ်ရန် စီစဉ်သည်။ ထိုရဟန်းကြီး၏ အစ်မကသင်္ကန်းချုပ်သော ပုဂ္ဂိုလ်တို့ကို နေ့စဉ် ယာဂုဆွမ်းစသည်တို့ကို ဆက်ကပ်၏။ သင်္ကန်းချုပ်ပြီးသည့်နေ့၌ကား ရေးကထက် ပို၍ ပူဇော်သက္ကာရပြုလေသည်။

တိဿရဟန်းကြီးသည် လုံးဝချုပ်လုပ်ပြီးသော သင်္ကန်းကို တစိမ့်စိမ့်ကြည့်ပြီး ထိုသင်္ကန်း၌ နှစ်သက်တွယ်တာမှု ဖြစ်သွားသည်။ "နက်ဖြန်ကျလျှင် ဒီသင်္ကန်းကို ငါ ကောင်းကောင်း ဝတ်ရုံလိုက်

မယ်"ဟု စိတ်ကူးကာ သင်္ကန်းတန်း ဝါးလုံးပေါ်၌ သင်္ကန်းကို ခေါက်တင်ထားလိုက်သည်။ သို့သော် ထိုရဟန်းကြီးမှာ ထိုည၌ပင် အစာမကြေရောဂါဖြင့် ပျံလွန်တော်မူသွားရှာလေရာ သင်္ကန်း၌ စွဲလမ်းတွယ်တာမှုတဏှာကြောင့် ထိုသင်္ကန်း၌ပင် သန်းကြီး ဖြစ်ရလေသည်။

ဤအကြောင်းကို ဘုရားရှင်သိတော်မူ၍ တပည့်ရဟန်းတို့အား... "ချစ်သားရဟန်းတို့၊ သတ္တဝါတို့အား တဏှာတရားသည် ဝန်လေးလှ၏။ သံချေးသည် သံမှ ဖြစ်ပေါ်၍ သံကိုပင် အသုံးပြု၍မရအောင် စားပစ် ဖျက်ဆီးပစ်သကဲ့သို့ ဤတဏှာသည်လည်း ဤသတ္တဝါတို့၏ ကိုယ်တွင်းမှဖြစ်၍ သတ္တဝါတို့ကို ငရဲစသည်တို့၌ ဖြစ်စေ ပျက်စီးစေပေသည်"

ဟု ဟောတော်မူလေသည်။

ထို့ပြင် မြေ၌ မြှုပ်ထားသော ဥစ္စာပစ္စည်းများကို တွယ်တာသည့် တဏှာကြောင့် ထိုဥစ္စာ မြှုပ်ရာအရပ်၌ မြွေဖြစ်ရသော ဝတ္ထု၊ ကြွက်ဖြစ်ရသော ဝတ္ထုတို့ကိုလည်း ဓမ္မပဒ အဋ္ဌကထာ၌ တွေ့ရသည်။ ဤသည်တို့မှာ "အကုသိုလ်ကံကို တဏှာက ဦးဆောင်လမ်းညွှန်ပေးသည့် အထောက်အထား သာဓကများ"ဖြစ်သည်။

**ကုသိုလ်ကံကို တဏှာလမ်းညွှန်သော သာဓကများ။**[1] ဝိဓူရဇာတ်၌ သူဌေးကြီးလေးဦးတို့သည် မင်းဥယျာဉ်တော်၌ သီတင်းသုံးနေသည့် ရသေ့ကြီးလေးဦးတို့အား တစ်ပါးစီ အသီးသီး ဆွမ်းတာဝန်ယူကြသည်။ ရသေ့ကြီးများသည် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ တစ်ပါးက တာဝတိံ

သာနတ်ပြည်သို့ တက်၍ သီတင်းသုံး၏။ တစ်ပါးက နဂါးပြည်၊ တစ်ပါးက ဂဠုန်ပြည်၊ တစ်ပါးက ကောရဗျမင်း၏ မိဂါဓိနဥယျာဉ် သို့ သွား၍ သီတင်းသုံးကြ၏။

တာဝတိံသာနတ်ပြည်သို့တက်၍ သီတင်းသုံးသော ရသေ့က သူ့ ဆွမ်းဒကာအား သိကြားမင်း၏ စည်းစိမ်ချမ်းသာအကြောင်းကို ချီးမွမ်းပြောကြား၏။ နဂါးပြည်သို့သွား၍ သီတင်းသုံးသည့် ရသေ့က နဂါးမင်း စည်းစိမ်ကြီးမားပုံကို ဆွမ်းဒကာအား ချီးကျူးပြောကြား ၏။ ဂဠုန်ပြည်သို့သွား၍ သီတင်းသုံးသော ရသေ့ကလည်း ဂဠုန်မင်း ၏ စည်းစိမ်ချမ်းသာ ကြီးမားပုံကို ဆွမ်းဒကာအား ချီးကျူးပြော ကြား၏။ ကောရဗျမင်း၏ ဥယျာဉ်၌ သီတင်းသုံးသော ရသေ့က မနုဿယ ကောရဗျမင်း၏ စည်းစိမ်ချမ်းသာ အကြောင်းကို ဆွမ်းဒကာ အား ချီးကျူးပြောကြား၏။

ဤနည်းအားဖြင့် ရသေ့ကြီးလေးပါးတို့၏ ဆွမ်းဒကာလေးဦး တို့သည် ထိုသိကြားမင်း, နဂါးမင်း, ဂဠုန်မင်း, လူမင်းစည်းစိမ်တို့၌ တွယ်တာ မက်မောမှု၊ လောဘတဏှာများ ဖြစ်ပွားကြသည်။ ထိုမက် မောမှု 'နိကန္တိ'တဏှာဖြင့် ကုသိုလ်ပြုတိုင်း ထိုနေရာတို့၌ဖြစ်ရန် တောင့်တ၍ ပြုကြသည်။ ထိုဆွမ်းဒကာ သူဌေးလေးဦးတို့ သေဆုံး သွားသည့်အခါ သူတို့၏ တဏှာက လမ်းညွှန်ပေးသည့်အတိုင်း သိကြားမင်း, နဂါးမင်း, ဂဠုန်မင်း, လူမင်းတို့ အသီးသီး ဖြစ်ကြရ လေသည်။[၁]

ထို့ပြင် ဘုရားသားတော် ရာဟုလာအလောင်း သူဌေးသားသည် လည်း ပဒုမုတ္တရ ဘုရားသခင်လက်ထက်တော်က မိမိအမြဲဆွမ်းဝတ် ပြုနေသော ဆရာရှင်ရသေ့၏ ချီးကျူးစကားကြောင့် နဂါးမင်းကြီး

---

၁။ ဇာတကဋ္ဌ၊၇။၁၅၁။

အဖြစ်၌ ညွတ်သော "နိကန္တိ"တဏှာကြောင့် သေဆုံးသည့်အခါ၌ နဂါးပြည်တွင် ပထဝိန္ဓရ နဂါးမင်းကြီး ဖြစ်ရလေသည်။[၁]

ဓမ္မပဒအဋ္ဌကထာ၌လည်း မာလာဘာရီ နတ်သားအတွက် သစ်ပင်ပေါ်တက်၍ အဖော်များနှင့်အတူ ပန်းခူးနေသော နတ်သမီး တစ်ဦးသည် ပန်းခူးနေစဉ်ပင် စုတေခဲ့ပြီး သာဝတ္ထိပြည်၌ ပတိပူဇိကာမည်သော အမျိုးသမီးဖြစ်၏။ ဇာတိဿရဉာဏ်ရသူဖြစ်၍ လွန်ခဲ့သည့်အတိတ်ဘဝ၌ မာလာဘာရီနတ်သား၏ ဇနီးဖြစ်ခဲ့သည်ကို ပြန်၍သိ၏။ ထို့ကြောင့် ကုသိုလ်ပြုတိုင်း ခင်ပွန်းသည် မာလာဘာရီ နတ်သားထံ၌ ပြန်ဖြစ်ရန် ဆုတောင်းပတ္ထနာပြု၏။ ယင်းသို့ တောင့်တသည့်အတိုင်း သေလွန်သည့်အခါ မာလာဘာရီနတ်သားထံ၌ပင် နတ်သမီး ပြန်ဖြစ်လေသည်။[၂]

သုတ်မဟာဝါအဋ္ဌကထာ ဇနဝသဘသုတ်၌လည်း ရာဇဂြိုလ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်ကြီးသည် ကုသိုလ်ကောင်းမှု အလွန်ပြုသူဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရားအား ဝေဠုဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသည့် ဘုရားကျောင်းဒကာကြီးလည်းဖြစ်၏။ ကလျာဏပုထုဇဉ်အဆင့်ကို ကျော်လွန်၍ သောတာပန်အရိယာ အဆင့်သို့ ရောက်ပြီးသူဖြစ်၏။ ထိုကုသိုလ်ကံများ၏ အစွမ်းဖြင့် အထက်အထက် နတ်ဘုံများ၌ ဖြစ်နိုင်သူတည်း။ သို့သော် ဗိမ္ဗိသာရ ဘုရင်ကြီးသည် စတုမဟာရာဇ်နတ်ဘုံ၌ အကြိမ်များစွာ ဖြစ်ခဲ့ဖူး၍ ထိုဘုံ၌သာနေ၍သာ ပြန်ဖြစ်လို, နေလိုသော "နိကန္တိ"တဏှာအားကြီးခဲ့ လေသည်။ ထို"နိကန္တိ"တဏှာကြောင့်ပင် နတ်ပြည်ခြောက်ထပ်တွင် အောက်ဆုံးထပ်ဖြစ်သော စတုမဟာရာဇ်နတ်ဘုံ၌ ဇနဝသဘအမည် ဖြင့် ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံနတ်သားမျှသာ ဖြစ်ရလေ

၁။ အံ၊ဋ္ဌ၊၁။၁၉၇။ ၂။ ဓမ္မပဒ၊၁။၂၂၉။

သည်။[၁]

**ဂေါပကနတ်သားနှင့်ရဟန်းသုံးပါး ။ ။** အိန္ဒိယနိုင်ငံ ကပိလဝတ် ပြည်၌ ဂေါပိကာမည်သော သာကီဝင်မင်းသမီးတစ်ဦးသည် ရတနာသုံးပါး၌ သက်ဝင်ယုံကြည်၏။ ငါးပါးသီလကို အမြဲစောင့်ထိန်း၏။ မိန်းမဘဝကို စက်ဆုပ်၍ ယောကျ်ားဖြစ်ရန် လိုလားတောင့်တလျက်ရှိ၏။ ထိုမင်းသမီး သေဆုံးသွားသည့်အခါ သူ၏ တောင့်တချက်အတိုင်းပင် တာဝတိံသာနတ်တို့ရွာ၌ သိကြားမင်း၏ သားတော် ဂေါပကနတ်သား ဖြစ်လေသည်။

ဂေါပိကာ သာကီဝင်မင်းသမီးဘဝ၌ ဆွမ်းအဖျော်စသည်တို့ဖြင့် လှူဒါန်းပြုစုခဲ့ဖူးသည့် ရဟန်းတော်မြတ် သုံးပါးရှိလေသည်။ ထိုရဟန်းတော်များကား သီလစင်ကြယ်ကြသည့် ဈာန်ရ ရဟန်းတော်များတည်း။ သို့သော် ထိုရဟန်းတော်များ ပျံလွန်တော်မူသည့်အခါ သုံးပါးလုံး ယုတ်ညံ့သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြသည်။

တစ်နေ့သောအခါ ထိုဂန္ဓဗ္ဗနတ်သားတို့သည် သိကြားမင်း အမှူးရှိသော တာဝတိံသာနတ်တို့အား ခစားဖျော်ဖြေရန် သုဓမ္မာသဘင်သို့ ရောက်လာကြသည်။ သိကြားမင်း၏သားတော် ဂေါပကနတ်သားသည် ထိုဂန္ဓဗ္ဗနတ်သားတို့ကို တွေ့မြင်သည့်အခါ "ဤနတ်သားသုံးယောက်တို့သည် အလွန်လှပတင့်တယ်ကြ၏။ ကိုယ်အရေအဆင်း အလွန်ပြောင်ဝင်းကြ၏။ မည်သည့်ကံမျိုးကို ပြုခဲ့ကြပါသနည်း"ဟု ဆင်ခြင်လိုက်သည့်အခါ သီလ စင်ကြယ်သည့် သာသနာ့ဝန်ထမ်း ဈာန်ရ ရဟန်းတော်များ ပြစ်ခဲ့ကြသည့်ပြင် မိမိ လှူဘဝက ဆည်းကပ်ကိုးကွယ်ခဲ့သည့် ရဟန်းတော်များ ဖြစ်နေကြောင်း တွေ့ရသည်။

---

၁။ ဒီ၊၄၊၂၂၊၂၁၁။

ထို့ပြင် "စင်ကြယ်သော သီလရှိသူတို့မည်သည် နတ်ပြည် ခြောက်ဘုံတွင် ကြိုက်ရာဘုံ၌ ဖြစ်နိုင်ကြပါလျက် ဤရဟန်းတော်များ သည် အဘယ့်ကြောင့် အထက်နတ်ဘုံများ၌ မဖြစ်ကြပါသနည်း။ ဈာန်ရပုဂ္ဂိုလ်တို့မည်သည် ဗြဟ္မာဘုံများ၌သာ ဖြစ်ရိုးထုံးစံရှိကြသော် လည်း ဤရဟန်းတော်တို့သည် အဘယ့်ကြောင့် ဗြဟ္မာ့ဘုံ၌ မဖြစ်ကြ ပါသနည်း။ ဤရဟန်းတော်များ၏ ဩဝါဒခံ ဆွမ်းဒကာမဖြစ်သော ငါ့မှာမူ တာဝတိံသာနတ်ပြည်တွင် သိကြားမင်း၏ သားတော်ဖြစ်၍ ငါ့ဆရာ ရဟန်းတော်များမှာမူကား ယုတ်ညံ့သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရသနည်း"ဟု စဉ်းစားပြီး...

"အရှင်တို့၊ အရှင်တို့သည် မြတ်စွာဘုရားကို ဆည်း ကပ်ရပါကုန်လျက် အမြတ်ဆုံးအကျင့်ကို ကျင့်ကြရပါ ကုန်လျက် ယုတ်ညံ့သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရကုန်၏။ အရှင်တို့၏ ဘဝအကျိုးပေးသည် မသင့်လျော်လှပါ တကား။ ဂန္ဓဗ္ဗမျိုး၌ ဖြစ်ကြရသောကြောင့် တာဝတိံ သာနတ်တို့ကို ခစားဖျော်ဖြေရန် လာကြရ၏။ လူ့ဘောင် ၌ နေခဲ့သော ကျွန်ုပ်၏ ထူးခြားသောဘဝကို ရှုကြစမ်းပါ။ ကျွန်ုပ်သည် ရှေးဘဝက မိန်းမဖြစ်ပါလျက် ယခုအခါ နတ်စည်းစိမ်နှင့် ပြည့်စုံသော နတ်ယောကျ်ား ဖြစ်လာရပါ သည်"ဟု ဂေါပကနတ်သားက သတိပေးစကား ပြော ကြား၏။

ထိုအခါ နတ်သားတို့သည် သတိသံဝေဂရကြပြီး ပြန်လည် ဆင်ခြင်ကြည့်ရာ ဂေါပကနတ်သား ပြောသည့်အတိုင်း မှန်ကန်၍ ဂေါပကနတ်သားထံသွားကာ ကျွန်ုပ်တို့ ယခုပင် အားထုတ်ကြပါ မည်ဟု ဆိုကြ၏။ ထိုသုံးယောက်အနက် နှစ်ယောက်သော နတ်သား

တို့သည် တရားအားထုတ်ကြရာ တခဏချင်း ပထမဈာန်ကို ပြန်ရကြ၏။ ထိုပထမဈာန်ကိုပင် အခြေပြုကာ သင်္ခါရတရားတို့ကို ဝိပဿနာတင်၍ ဆင်ခြင်သုံးသပ်ကြရာ အနာဂါမိမဂ်ကို ရသွားကြသည်။ ယင်းသို့ ဈာန်ရ အနာဂါမ်နတ်သားများ ဖြစ်ကြသည်နှင့် တစ်ပြိုင်နက် နတ်ဘဝမှစုတေ၍ ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်ကြကုန်၏။

ဤဝတ္ထု၌ ထိုဈာန်ရ ရဟန်းတော်များသည် သီလစင်ကြယ်ကြပါကုန်လျက် ယုတ်ညံ့သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရခြင်းမှာ "ရှေးအခါက ဂန္ဓဗ္ဗနတ်မျိုး၌ အဖြစ်များခဲ့ဖူးသဖြင့် ထိုနတ်မျိုး၌ တွယ်တာတပ်မက်သော နိကန္တိတဏှာကြောင့် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရသည်ဟု အဋ္ဌကထာဆရာ မှတ်ချက်ချထားပေသည်။[၁]

ဆုတောင်းပတ္ထနာနှင့် တဏှာ ။ ။ ဆုတောင်းခြင်းသည် တောင့်တမှုပင်ဖြစ်၏။ ပါဠိလို ပတ္ထနာဟု ခေါ်သည်။ ထိုတောင့်တခြင်း ပတ္ထနာသည် တဏှာဖြင့် တောင့်တခြင်း တဏှာပတ္ထနာ၊ ဆန္ဒဖြင့် တောင့်တခြင်း ဆန္ဒပတ္ထနာဟု နှစ်မျိုးရှိ၏။ နိဗ္ဗာန်ရောက်ရပါလို၏၊ မဂ်ဖိုလ်ရရပါလို၏ဟု တောင့်တခြင်းသည် ဆန္ဒပတ္ထနာမည်၏။ နိဗ္ဗာန်မဂ်ဖိုလ်မှတစ်ပါး နတ်ပြည် နတ်စည်းစိမ်၊ လူ့ပြည် လူ့စည်းစိမ်တို့ကို ရရပါလို၏ ရောက်ရရပါလို၏ စသည်ဖြင့် တောင့်တမှု မှန်သမျှကို တဏှာပတ္ထနာဟု ခေါ်သည်။ တဏှာဖြင့် မိမိဖြစ်လိုရာဘုံဌာနကို ညွတ်ကိုင်းထားလျှင်ဝါ–တောင့်တထားလျှင် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဟူသော တရားငါးမျိုးနှင့် ပြည့်စုံသူဖြစ်ပါက မိမိတောင့်တသည့်အတိုင်း ရောက်နိုင် ရနိုင်၏။ ထို့ကြောင့် ထိုတောင့်တမှုတဏှာနှင့်တကွ

---

၁။ ဒီ၊၂။၂၁၆။ ဒီ၊ဋ္ဌ၊၂။၂၉၈၊၂၉၉။

သဒ္ဓါစသော တရားငါးမျိုးတို့ကို ဘဝကို ပြုပြင်တတ်သော တရား၊ ဘဝအထူးသို့ ပို့ဆောင်တတ်သော တရားခေါ်သည်ဟု ဘုရားရှင် ဟောတော်မူထားသည်။[၁]

လက်ရှိ မျက်မှောက်ဘဝတွင် တစ်မဂ်တစ်ဖိုလ် မရနိုင်သေးသူ ဖြစ်လျှင် ထိုတရားခြောက်မျိုးကို လက်စွဲပြုထားသင့်၏။ ယင်းတရား ခြောက်မျိုးနှင့် ပြည့်စုံပါမှ မိမိလိုရာဘဝကို စိတ်ချရသည်။ (ဝါ) လားရာဂတိ မြဲနိုင်သည်။ သဒ္ဓါစသော တရားငါးမျိုးရှိသော်လည်း တောင့်တမှု တဏှာမရှိပါက မိမိလိုချင်သော အနာဂတ်ဘဝကို စိတ်မချပေ။ ထို့အတူ တောင့်တမှု(ဆုတောင်းမှု) တဏှာသာရှိပြီး သဒ္ဓါစသော တရားငါးမျိုး မရှိပါကလည်း တောင့်တတိုင်းမရချေ။ ဥပမာ–တောင့်တမှု (ဆုတောင်းမှု) မပြုသော ကုသိုလ်ရှင်သည် ကောင်းကင်သို့ ပစ်တင်လိုက်သော တုတ်နှင့်တူသည်။ ကောင်းကင် သို့ ပစ်တင်လိုက်သော တုတ်သည် မြေပေါ်သို့ ပြန်ကျလာသည့်အခါ အဖျားဖြင့်ကျမည်။ အလယ်ဖြင့်ကျမည်။ အရင်းဖြင့်ကျမည်ဟု သတ် မှတ်မရနိုင်သကဲ့သို့ တောင့်တမှု မပြုသော ကုသိုလ်ရှင်သည်လည်း လားရောက်ရမည့်ဘဝ မမြဲပေ။ (ဝါ) အကျိုးပေးမမြဲချေ။ ထို့ကြောင့် ကုသိုလ်ကောင်းမှု ပြုသည့်အခါ မိမိနှစ်သက်ရာ ဌာနတစ်ခုခုကို တောင့်တမှု ပြုထားသင့်ပေသည်။[၂]

**လောဘတဏှာနှင့် သမုဒယသစ္စာ** ။။ သမုဒယဆိုသည်မှာ ဖြစ်ပွား စေခြင်းဟု အဓိပ္ပာယ်ရ သည်။ လောဘတဏှာသည် ကံ, အဝိဇ္ဇာစသော အကြောင်းတရား တို့နှင့်ပေါင်း၍ ဒုက္ခအမျိုးမျိုးကို ဖြစ်ပွားစေတတ်၏။ ထို့ကြောင့် လောဘတဏှာကို ဒုက္ခအမျိုးမျိုးကို ဖြစ်ပွားစေတတ်သော တရား

---

၁။ မ၃။၁၄၀။ ၂။ မ၄၄၄။၁၀၄။

(ဒုက္ခသမုဒယ)ဟုခေါ်သည်။ ဒုက္ခကို ဖြစ်ပွားစေမှု လောဘ၏ (ဒုက္ခသမုဒယ) သဘောသည် စင်စစ်မှန်၏။ ဖောက်ပြန်မှုသဘော မရှိချေ။ လိုချင်တပ်မက်မှု လောဘတရား ဖြစ်လာလျှင် ကေန် ဒုက္ခပေါ်လာရသော သဘောရှိ၏။ လောဘကို အကြွင်းမဲ့ မပယ် သတ်နိုင်သမျှ ကာလပတ်လုံး ဒုက္ခနယ်မှ မလွတ်မြောက်နိုင်ရကား ဒုက္ခကိုဖြစ်ပေါ်စေမှု လောဘတဏှာ၏ သဘောသည် ကေန်မှန်သော သစ္စာတရားဖြစ်ပေသည်။

လောကတွင် ဘုရားရဟန္တာများမှအပ သာမန်လောကသားတွေ မှာ သာယာတွယ်တာမှု၊ လိုချင်တပ်မက်မှု လောဘနှင့် အချိန်ရှိသရွေ့ ထွေးလုံးရစ်ပတ် ဖြစ်နေကြသည်။ သာမန် လောကသားတို့သည် ထိုသာယာတွယ်တာမှု၊ လိုချင်မက်မောမှုကလေးများကို ရအောင် နေ့မအား ညမအား တရစပ် ကြိုးစားနေကြရသည်။ ကြည့်လို့ရှုလို့ ကောင်းသည့် အဆင်းအာရုံများကို မရရအောင် ကြိုးစားအားထုတ်နေ ကြရသည့်နည်းတူ ကြားစရာ, နံစရာ, စားစရာ, တွေ့ထိစရာ အကောင်းကလေးတွေကို မရရအောင် ကိုယ်အပင်ပန်း စိတ်အပင် ပန်းခံကာ ရှာဖွေနေကြရသည်။ စား,ဝတ်,နေရေး စသော လောက ရေးရာတို့၌ နှစ်သက်ဖွယ်ရာ သာယာဖွယ်ရာဖြစ်အောင် ကိုယ့်စွမ်း အင်အလိုက် ကိုယ်ဖန်တီးနေကြရသည်။ စင်စစ် ယင်းကြိုးစား အားထုတ်ရမှု၊ ဖန်တီးရမှု အစုစုတို့သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံရမှု သင်္ခါရဒုက္ခများပင် ဖြစ်သည်။

ဤသို့ ဆင်းရဲမှုအစုစုတို့ ဖြစ်ပေါ်လာအောင် သာယာမှု လောဘ တဏှာက ဖန်တီးပေးသည်။ သို့ဖြစ်၍ လိုချင်မှု လောဘတဏှာသည် ဆင်းရဲမှုမျိုးစုံတို့ ဖြစ်ပေါ်လာရခြင်း၏ အဓိကလက်သည် တရားခံ ကြီးဖြစ်၏။ တစ်နည်းအားဖြင့် လောဘသည် ဒုက္ခသစ်ပင်ကြီး ရှင်သန်ကြီးထွားရေးတွင် အလွန်အဓိကကျသော ပင်မရေသောက်မြစ်

ကြီး ဖြစ်သည်။ ထို့ကြောင့် လောဘကို သမုဒယသစ္စာဟု ဟော တော်မူခြင်းဖြစ်သည်။

ဥပမာ... ဆေးလိပ်သောက်တတ်သူကိုကြည့်လျှင် လောဘ တဏှာ၏ ဒုက္ခကိုဖြစ်ပွားစေမှု (ဒုက္ခသမုဒယ) သဘောသည် ထင် ရှားသိသာ၏။ ဆေးလိပ်သောက်တတ်သူမှာ ဆေးလိပ်သောက်ချင် သည့် တဏှာ၊ ဆေးလိပ်ကြိုက်တတ်သည့် တဏှာရှိသည်။ ထိုဆေး လိပ်သောက်ချင်သည့် တဏှာကြောင့် ဆေးလိပ်ရအောင် ဖန်တီးရ သည့်ဒုက္ခ၊ ကိုယ်ကြိုက်သည့် ဆေးလိပ်မျိုးကို ရှာရသည့်ဒုက္ခ၊ ရှာ မရသည့်အခါ စိတ်ဆင်းရဲရသည့်ဒုက္ခ၊ ဆေးလိပ်ညှိဖို့ မီးရှာရသည့် ဒုက္ခ၊ ဆေးလိပ်ပြာစွန့်ပစ်ရသည့်ဒုက္ခ၊ ဆေးလိပ်သောက်လိုသည့် အချိန် မသောက်ရသည့်အခါ ခံစားရသည့်ဒုက္ခ စသည်ဖြင့် ဒုက္ခ ပေါင်း မြောက်မြားစွာ ဖြစ်ပေါ်လာရသည်။ ဆေးလိပ်မသောက်တတ် သူများ၌မူ ထိုတဏှာမျိုး မရှိသည့်အတွက် သည်လို ဒုက္ခမျိုးကို မခံစားရချေ။ ဤသည်မှာ ဆေးလိပ်ကဲ့သို့သော အသေးအဖွဲပစ္စည်း ကလေးမျိုးကို အမှီပြုကာ ဖြစ်ပေါ်လာရသည့် လောဘတဏှာကပင် သခ်ါရဒုက္ခပေါင်း မြောက်မြားစွာကို ဖန်တီးနိုင်သည့် သဘောဖြစ် သည်။

## တဏှာကိုပယ်သတ်ရန်နည်းလမ်းများ

**ပယ်သတ်နည်းသုံးနည်း**[၁] ။ ။ တဏှာဆိုသည်မှာ ပယ်သတ်ရမည့် (ပဟာတဗ္ဗ) အကုသိုလ်တရား ဖြစ် သည်။ ပယ်သတ်ရမည့် တရားကို မပယ်သတ်ဘဲ "တဏှာတွေ မလာကြနဲ့၊ မဖြစ်ကြနဲ့၊ တဏှာကင်းတဲ့စိတ်ချည်းထားမယ်။ တဏှာ ကင်းတဲ့စိတ်ချည်း ဖြစ်စေမယ်"လို့ ဆိုပြီး စိတ်သက်သက်ထားလို့

၁။ ဒီ၊ဋ္ဌ၊၁။၂၀။ ဒီ၊၁၊ဋီကာသစ်။၁၀၁၊၁၀၂။

မရနိုင်ပါ။ ဘုရားရှင် ညွှန်ကြားတော်မူခဲ့သည့် အဆင့်ဆင့်ပယ်သတ်နည်းဖြင့် ပယ်သတ်မှသာ တဏှာချုပ်ငြိမ်းသွားနိုင်ပါသည်။

ပယ်သတ်ရမည့် လောဘတဏှာကို ပယ်စဉ်အားဖြင့် အဆင့်လိုက် ခွဲလိုက်လျှင် သုံးမျိုးသုံးစား ထွက်လာသည်။

ယင်းသုံးမျိုးမှာ...

(၁) အကြမ်းစား လောဘတဏှာ၊

(၂) အလတ်စား လောဘတဏှာ၊

(၃) အနုစား လောဘတဏှာတို့ ဖြစ်သည်။

ထိုသုံးမျိုးတွင် အကြမ်းစားလောဘတဏှာဆိုသည်မှာ စိတ်ထဲတွင် ဖြစ်ရုံမကဘဲ ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်သည့် အဆင့်အထိ ဖြစ်လာသည့် တဏှာမျိုး ဖြစ်သည်။ ထိုတဏှာကို ဗုဒ္ဓကျမ်းဂန်များ၌ ဝီတိက္ကမကိလေသာ(လွန်ကျူးသည့်ကိလေသာ) ဟုခေါ်သည်။ ထိုဝီတိက္ကမကိလေသာခေါ်သည့် အကြမ်းစား လောဘတဏှာကို သီလကျင့်စဉ်ကုသိုလ်တရားဖြင့် ပယ်သတ်ရသည်။

ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသည့် သီလတို့ကို ခံယူဆောက်တည်ပြီး ရိုသေလေးစားစွာ စောင့်ထိန်းထားသည့် ပုဂ္ဂိုလ်တို့သည် သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက် နှစ်သက်သော်လည်း ကာယကံမြောက် ခိုးယူသည့်အဆင့်အထိ မရောက်နိုင်၊ မသွားမလာအပ်သည့် အရာတို့၌ မေထုန်ကာမမှုကို မကျူးလွန်နိုင်၊ အထူးသဖြင့် အဗြဟ္မစရိယသီလသိက္ခာပုဒ်ကို စောင့်ထိန်းထားသူဖြစ်ပါမူ မေထုန်မှုကို လုံးဝရှောင်ရှား ပယ်ခွာထားရသည်။ တစ်စုံတရာ ရယူလိုမှုကြောင့် လိမ်ညာလှည့်ဖြား ပြောဆိုခြင်းများကိုလည်း အလျှင်းမပြုရချေ။ သတိလွတ်ကင်း ချွတ်ယွင်းမေ့လျော့ကြောင်းဖြစ်သော မူးယစ်စေတတ်သည့် အရက်သေစာ စသည့်အရာတို့ကို သောက်စားခြင်းတို့မှ

လည်း လုံးဝကင်းရှင်းရသည်။ ဤသို့ သီလကို ရိုသေလေးစားစွာ ဆောက်တည်ထိန်းသိမ်းထားလျှင် ကာယကံမြောက်၊ ဝစီကံမြောက် ကျူးလွန်မှုခေါ်သည့် အကြမ်းစား ဝီတိက္ကမတဏှာ ကင်းငြိမ်းနေပေသည်။

သို့သော် ဤကင်းငြိမ်းနေမှုသည် အခိုက်အတန့် ခဏခေတ္တသဘောမျှသာဖြစ်၏။ စောင့်ထိန်းနိုင်သည့်အခါ ကင်းငြိမ်း၍ မစောင့်ထိန်းနိုင်သည့်အခါ လွန်ကျူးမှု ဝီတိက္ကမတဏှာ ပြန်လည်ဖြစ်နိုင်ပေသည်။ ထို့ကြောင့် သီလဖြင့်ပယ်ခြင်းကို တဒင်္ဂပဟာန်[၁] (အခိုက်အတန့်အားဖြင့် ပယ်ခြင်း)ဟု ခေါ်သည်။ အမှန်အားဖြင့် သီလဖြင့်ပယ်ခြင်းသည် အမိုက်မှောင်ကို ဆီမီးရောင်ဖြင့် ပယ်ခြင်းကဲ့သို့ အခိုက်အတန့် ခဏခေတ္တပယ်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် သစ်ပင်၏ အမြစ်နှင့် ပင်လုံးပင်စည်တို့ကို မပယ်ဖြတ်ဘဲ အခက်၊ အရွက်၊ အပွင့်၊ အသီးမျှတို့ကိုသာ ခုတ်ထွင်ရှင်းလင်းလိုက်သည့် သဘောနှင့် တူပေသည်။

အလတ်စား လောဘတဏှာဆိုသည်မှာ ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးသည့် အဆင့်အထိမရောက်ဘဲ စိတ်ထဲတွင်သာ သာယာနှစ်သက်တပ်မက်လိုချင်နေသည့် လောဘတဏှာမျိုးဖြစ်သည်။ ထိုတဏှာကို ဗုဒ္ဓကျမ်းဂန်များ၌ ပရိယုဋ္ဌာနကိလေသာ[၂] (စိတ်ထဲတွင် ထကြွဖြစ်ပေါ်နေသည့် ကိလေသာ)ဟုခေါ်သည်။ ထိုပရိယုဋ္ဌာနကိလေသာခေါ်သည့် အလတ်စား လောဘတဏှာမျိုးကို သမာဓိကျင့်စဉ်ဖြင့်

---

၁။ တဒင်္ဂ = ထိုထိုကုသိုလ်စသော အစိတ်အဖို့ဖြင့် ထိုထိုအကုသိုလ်စသော အစိတ်အဖို့ကို+ပဟာန = ပဟာန် = ပယ်ခြင်း။

၂။ ပရိယုဋ္ဌာန = ထကြွဖြစ်ပေါ်နေသော+ကိလေသာ=စိတ်တို့ကို ညစ်နွမ်းစေသော တရားများ။

ပယ်သတ်ရသည်။

သာမာဓိဆိုသည်မှာ ပထဝီကသိုင်းစသော အာရုံတစ်ခုတည်း၌ စိတ်ကို တည်ငြိမ်စွာထားခြင်း ဖြစ်သည်။ ယင်းကုသိုလ်သမာဓိသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်မျိုးတွင် စိတ်အစဉ်၌ ဝင်ရောက် ထကြွသောင်းကျန်းလေ့ရှိသော နီဝရဏကိလေသာ အပူခာတ်တို့ကို ငြိမ်သက်အေးမြစေတတ်သောကြောင့် သမထဘာဝနာဖြစ်သည်။ အာနာပါန အစရှိသည့် ကမ္မဋ္ဌာန်းအာရုံတစ်ခုခုကို မပြတ်နှလုံးသွင်းနေလျှင် နှလုံးသွင်းနေခိုက်တွင် စိတ်သည် ကာမဂုဏ်အာရုံများကို နှစ်သက်လိုချင်မှု ကြံစည်မှုတွေမှ ကင်းငြိမ်းလျက်ရှိသည်။

သမာဓိလုပ်ငန်းကို ထူထောင်စတွင် သမာဓိအရှိန်မရ အားမကောင်းသေးသဖြင့် ကာမဂုဏ်အာရုံများကို စဉ်းစားကြံစမည်မှုကာမဝိတက်များ မကြာခဏ ကြားဝင်လေ့ရှိသော်လည်း သမာဓိအရှိန်ရ၍ အားကောင်းလာချိန်တွင် မဟာကုသိုလ် သမာဓိတရားများက ကာမတဏှာများကို အတန်ကြာအောင် ပယ်ခွာထားနိုင်သည်။ မဟာကုသိုလ် သမာဓိအဆင့်မှ ဈာန်သမာဓိအဆင့်ကို ရလာသည့်အခါ၌မူ ထိုဈာန်မပျက်မီအတွင်း နှစ်ပေါင်းများစွာ ကာမတဏှာကို ပယ်ခွာထားနိုင်သည်။

ဈာန်သမာဓိသည် အပ္ပနာဘာဝနာကုသိုလ်မျိုးဖြစ်၍ သီလကုသိုလ်ထက် အာနုဘော်စွမ်းပကား ကြီးမားသောကြောင့် သီလကုသိုလ်ထက် သမာဓိကုသိုလ်က တဏှာကို အချိန်ကြာကြာ ပယ်ခွာထားနိုင်သည်။ ထိုပယ်ခွာနည်းကို ဝိက္ခမ္ဘနပဟာန် [၁] ပယ်ခွာနည်း (အချိန်ကြာကြာ ပယ်ခွာခြင်း)ဟုခေါ်သည်။

သို့သော် ထိုပယ်ခွာနည်းသည် အမြစ်ကို အပြီးတိုင်ပယ်သတ်

---

၁။ ဝိက္ခမ္ဘန = အချိန်ကြာကြာ ပယ်ခွာသောအားဖြင့်+ပဟာန = ပဟာန် = ပယ်ခြင်း။

နည်းမျိုးမဟုတ်၊ ပင်လုံးပင်စည်မျှကိုသာ ခုတ်ထွင်ရှင်းလင်းလိုက်သည့် သဘောဖြစ်၍ စိတ်မချရသေး။ ဈာန်၏ ဆန့်ကျင်ဘက်တရားနှင့် တွေ့ကြုံလာလျှင် ဈာန်ကိုပင် ဖျက်ဆီး၍ ပရိယုဋ္ဌာန အဆင့်၊ ဝီတိက္ကမအဆင့်သို့ ပြန်လည် လျှောကျနိုင်သေးသည်။ တစ်နည်းအားဖြင့် ရေပြင်ပေါ်ရှိ မှော်တောထဲသို့ ရေအိုးကို ချလိုက်သည့်အခါ မှော်များ ဘေးသို့အချိန်ကြာကြာ ဖယ်ရှားသွားကြသည်နှင့် တူပေသည်။

ဤအချက်သည် မုဒုလက္ခဏဇာတ်လာ ဘုရားလောင်းရသေ့၏ ဖြစ်ပုံကိုကြည့်လျှင် ထင်ရှားသိသာသည်။ ထိုဇာတ်တွင် ဘုရားလောင်း ရသေ့ကား သာမန်ပုဂ္ဂိုလ်မဟုတ်၊ အဘိညာဏ်ငါးပါး သမာပတ်ရှစ်တန်ကိုရ၍ ကောင်းကင်ပျံနိုင်သော ရသေ့တည်း။ သူသည် ဈာန်သမာဓိ၏ အစွမ်းအားဖြင့် ကာမတဏှာကိလေသာတို့ကို နှစ်ပေါင်းများစွာ ပယ်ခွာထားသူဖြစ်သည်။ တစ်နေ့တွင် ဆွမ်းကိစ္စအတွက် မင်းနန်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွလာ၍ လေသာပြတင်းပေါက်မှဝင်၍ လဲလျောင်းနေရာမှ ရုတ်တရက်ထလိုက်သဖြင့် ကိုယ်ဝတ်ထဘီ လျှောကျသွားသည့် မိဖုရားကြီး မုဒုလက္ခဏာကို တွေ့သွားသည်။ ထိုအခါ နှစ်ပေါင်းကြာကြာ ပယ်ခွာထားခဲ့သော ကာမတဏှာကိလေသာများ ထကြွလာသဖြင့် ရရှိထားသည့် ဈာန်တရားများ ပျောက်ကွယ်သွားလေသည်။ ဈာန်ကိုအခြေပြုမှ ဖြစ်နိုင်သည့် ကောင်းကင်ပျံခြင်း စသော အဘိညာဏ်တန်ခိုးများလည်း မရှိတော့ရကား အတောင်ကျိုးသည့် ငှက်သဖွယ် ဖြစ်သွားလေတော့သည်။[၁]

ဤသို့ သမာဓိဖြင့် တဏှာကိုပယ်ခြင်းသည် အချိန်ကြာကြာ ပယ်ခွာထားနိုင်သော်ငြားလည်း အမြစ်မပြုတ်သေးသဖြင့် ဆန့်ကျင်

၁။ ဇာတကာ၊ဋ္ဌ၊၁၊၃၂၀။

ဘက် အကြောင်းတရားနှင့် ဆုံစည်းမိသည့်အခါ ပြန်လည်ဖြစ်ပေါ် လာနိုင်ပေသည်။

အနုစား လောဘတဏှာဆိုသည်မှာ စိတ်အစဉ်တွင် ပရိယုဋ္ဌာန တဏှာအသွင်ဖြင့် မဖြစ်သေးသော်လည်း မဂ်ဖြင့် မပယ်သတ်ရသေး သောကြောင့် အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာနိုင်သည့် လောဘ တဏှာမျိုးဖြစ်သည်။ စာပေကျမ်းဂန်၌ အနုသယကိလေသာဟု ခေါ် သည်။ ယင်းကိလေသာများသည် မဂ်ဖြင့် မပယ်သတ်ရသေးသော ကြောင့် ဘဝပေါင်းများစွာ သတ္တဝါတို့စိတ်အစဉ်၌ ထပ်တလဲလဲ ဖြစ်နေကြသဖြင့် အထုံ(အာသေဝနပစ္စည်း)ရကာ အခြားကိလေသာ များထက် အင်အားကောင်းလျက်ရှိကြသည်။ ဣဋ္ဌာရုံစသော အကြောင်း များနှင့် ဆုံဆည်းမိသည်နှင့် တစ်ပြိုင်နက် အလွယ်တကူ ဖြစ်ပေါ်နေ ရှိကြသည်။ ယင်းသို့ ဆိုင်ရာမဂ်ဖြင့် မပယ်ရသေးသောကြောင့် ခန္ဓာအစဉ်၌ ဖြစ်ကြိမ်များလွန်းသဖြင့် ဖြစ်သားဝကာ အားကောင်း ချင်တိုင်း အားကောင်းနေသော (ထာမဂတ) ကိလေသာမျိုးကို အနုသယကိလေသာဟု ခေါ်ပါသည်။[၁]

ထိုအနုစား အနုသယကိလေသာမျိုးသည် သစ်ပင်တွင် ရေ သောက်မြစ်ကြီးနှင့်တူသည်။ ထိုအမြစ်ကြီးကို တစ်စစီ ခုတ်ထွင်ရှင်း လင်းပစ်နိုင်မှ ပင်စည်နှင့်တူသော ပရိယုဋ္ဌာနကိလေသာ၊ အကိုင်း အခက်၊ အရွက်၊ အသီး၊ အပွင့်တို့နှင့်တူသော ဝီတိက္ကမကိလေသာ များပါ လဲပြိုကင်းရှင်း သွားနိုင်သည်။ သို့သော် ထိုအနုသယကိလေ သာကို သီလဖြင့်လည်း မသတ်နိုင်၊ သမာဓိဖြင့်လည်း မဖယ်ရှားနိုင်၊ မဂ်ပညာ လေးပါးဖြင့်သာ အကြွင်းမဲ့ ပယ်သတ်နိုင်ပါသည်။ ဥပမာ- အသီးသီးလေ့ရှိသော သစ်ပင်ကို အဆိပ်စူးဖြင့် ထိုးလိုက်လျှင်

---

၁။ အဘိ၊ဋ္ဌ၊၃။၃၁၉။

သစ်ပင်၌ရှိသော အသီးသီးစေတတ်သည့် ဓာတ်သတ္တိ ကုန်ခန်းသွား၏။ အသီးသီးချိန် ရောက်သော်လည်း လုံးဝအသီး မသီးတော့ချေ။ ထို့အတူ အနုသယကိလေသာ ဖြစ်နေကျဖြစ်သော စိတ်အစဉ်၌ အကြင်အခါ မဂ်ပေါ်လာ၏။ ထိုမဂ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အနုသယကိလေသာဓာတ်သည် အမြစ်ပါပြတ်သွားလေတော့သည်။ ယင်းသို့ ဖြစ်သည်ကို မဂ်ဖြင့်ပယ်သတ်သည်ဟု ဆိုပါသည်။ ထိုပယ်သတ်နည်းကို သမုစ္ဆေဒပဟာန် (အကြွင်းမဲ့ပယ်သတ်ခြင်း)ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ... အနုသယ ကိလေသာများကို နောက်ထပ် ပြန်မဖြစ်နိုင်အောင် အမြစ်ပါဖြတ်တောက် ပယ်သတ်နည်းဟု ဆိုပါသည်။[၁]

မဂ်ပညာလေးပါးဖြင့်သာ အနုသယကိလေသာကို ပယ်သတ်နိုင်သည်ဆိုရာ၌ မဂ်ပညာဆိုသည်မှာ အားထုတ်ပွားများမှုမရှိဘဲ ရုတ်တရက် အလိုအလျောက် ပေါ်လာသည့် ပညာမျိုးမဟုတ်၊ ရှေးဦးစွာ ဝိပဿနာပညာဖြင့် ရှုမှတ်ပွားများ၍ အနုသယကိလေသာများကို အားနည်းသွားအောင် ခေါင်းပါးသွားအောင် အားထုတ်ပြီးမှ ပေါ်လာသည့် ပညာဉာဏ်မျိုးဖြစ်သည်။ ဥပမာ...ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် အပါယ်လားကြောင်း ရာဂ စသည့် ကိလေသာများသည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်သတ်ရမည့် ကိလေသာများဖြစ်သည်။ ထို ကိလေသာများ အားရှိနေသမျှ ကာလပတ်လုံး ဝိပနာရှုနေသော်လည်း မျက်စိမှာ တိမ်သလာဖုံးကွယ်နေသကဲ့သို့ ထိုကိလေသာများ ဖုံးကွယ်ထားသောကြောင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မမြင်နိုင်သေးချေ။ ဝါ–နိဗ္ဗာန်ကို မြင်နိုင်သည့် သောတာပတ္တိမဂ်ဉာဏ် မပေါ်နိုင်သေးချေ။ ဝိပဿနာဉာဏ်ရင့်သန် ပြည့်စုံလာသည့်အခါတွင်မူ မျက်စိ

---

၁။ ပရမတ္ထဒီပနီမဟာဋီကာသစ်။၃၄၀။

၌ တိမ်သလာများ ပါးသွားသကဲ့သို့ ခန္ဓာအစဉ်၌ ထိုကိလေသာများ အားနည်း ခေါင်းပါးသွားလေသည်။ ထိုအခါမှ သောတာပတ္တိ မဂ် ဉာဏ်သည် နိဗ္ဗာန်ကိုမျက်မှောက်တွေ့ပြီး ဖြစ်ပေါ်လာသည်။ ဆိုလိုသည်မှာ ရှေးဦးစွာ လောကီဝိပဿနာဉာဏ်က စွမ်းအားရှိသမျှ ပယ်ထားပြီးသားဖြစ်သည့် ကိလေသာကို လောကုတ္တရာမဂ်ဉာဏ်က နောက်ဆုံး အမြစ်ပြတ်အောင် ပယ်သတ်လိုက်ခြင်းဖြစ်သည်။[၁]

ဝိပဿနာယောဂီပုဂ္ဂိုလ်သည် မြင်ခိုက်၌ မြင်သည့်အရာကို ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမှန်ကို သိသွားလျှင် မျက်စိ, အဆင်း, မြင်သိမှု အစရှိသည့် သဘောကို နိစ္စ, သုခ, အတ္တဟု ထင်မှတ်မှားမှု အဝိဇ္ဇာ တဒင်္ဂအားဖြင့် ကင်းသွား၏။ အဝိဇ္ဇာကင်းသဖြင့် ထိုသဘောများ၌ နှစ်သက်သာယာမှုတဏှာ တဒင်္ဂအားဖြင့် ကင်း၏။ တဏှာကင်းသဖြင့် ဆက်ပြီးဖြစ်မည့် ဥပါဒါန်၊ ကံ၊ သင်္ခါရတို့ မဖြစ်နိုင်။ ကံ သင်္ခါရကြောင့်ဖြစ်သည့် ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုသည့် အကျိုးတရားများလည်း မဖြစ်နိုင်တော့ချေ။ ထို့အတူ ကြားခိုက်, နံခိုက်, စားခိုက် စသည်တို့ကို ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တ သဘောမှန်ကို သိသွားလျှင် နား, အသံ, ကြားသိမှုစသည့် သဘောများကို နိစ္စ, သုခ, အတ္တဟု ထင်မှတ်မှားမှု အဝိဇ္ဇာကင်းပြီး တဏှာနှင့်တကွ ဆင်းရဲဒုက္ခ တဒင်္ဂအားဖြင့် ချုပ်ငြိမ်းသွားလေသည်။ ၎င်းကို တဒင်္ဂနိရောဓ (တဏှာနှင့် ဆင်းရဲဒုက္ခများ ခေတ္တခဏ ချုပ်ငြိမ်းမှု)ဟု ခေါ်သည်။

ဤကဲ့သို့ ဝိပဿနာဖြင့် တဒင်္ဂနိရောဓကို ဆိုက်ရောက်ပြီး ဝိပဿနာဉာဏ် ရင့်ကျက်သည့်အခါ၌ နိဗ္ဗာန်ကိုမြင်လျက် သောတာပတ္တိဉာဏ် ရှေးဦးစွာ ပေါ်လာသည်။ ထိုသောတာပတ္တိမဂ်ဉာဏ်

၁။ ဝိသုဒ္ဓိမဂ်၊ ဒု။၃၃၀။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ဒု။၅၀၃။

ကြောင့် ထိုပုဂ္ဂိုလ်သန္တာန်၌ အပါယ်သို့ ကျစေနိုင်သည့် ကာမတဏှာ များ မဖြစ်တော့ချေ။ ထိုပုဂ္ဂိုလ်သည် အပါယ်ဆင်းရဲ ကာမသုဂတိ ဘုံ၌ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်ရမည့် ဆင်းရဲများအားလုံး ချုပ်ငြိမ်းသွားပေသည်။

သကဒါဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည့်အခါ ကြမ်းတမ်းသည့် ကာမတဏှာနှင့်အတူ ကာမသုဂတိဘုံများ၌ နှစ်ဘဝ ထက် ပိုလွန်ပြီး ဖြစ်ရမည့် ဆင်းရဲများအားလုံး ငြိမ်းသွား၏။ အနာဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုသည့်အခါ ကာမ တဏှာအားလုံး ချုပ်ငြိမ်းသွား၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့်အခါ ဝိဘဝတဏှာအားလုံးနှင့် ဘဝဆင်းရဲမှုမှန် သမျှ အားလုံး ချုပ်ငြိမ်းသွားပေသည်။

ဤသည်တို့ကား လောဘတဏှာကို သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ် (သိက္ခာ)သုံးရပ်ဖြင့် အဆင့်ဆင့် ပယ်သတ်နည်းများ ဖြစ်ပါသည်။

ဤသို့ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်သုံးရပ်ဖြင့် လောဘ တဏှာကို ပယ်သတ်ရကြောင်း နတ်သားတစ်ဦးအား ဘုရားရှင် ကိုယ်တိုင် လမ်းညွှန်ဟောကြားတော်မူသည်ကို သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဒေဝတာသံယုတ် ဇဋာသုတ်၌ တွေ့ရပေသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် တစ်ခုသော ညသန်းခေါင်ယံ အချိန်တွင် မထင်ရှား သော နတ်သားတစ်ဦးသည် ဘုရားရှင်ထံချဉ်းကပ်၍ မိမိယုံမှား သံသယကို ပယ်ဖျောက်နိုင်ရန်...

အိုအရှင်ဂေါတမ... အကြင်တဏှာတည်းဟူသော
ကွန်ရက်သည် အတွင်းအပ နှစ်ဌာနလုံး၌ ဖွဲ့ယှက်တတ်

၏။ ထိုတဏှာသည် သတ္တဝါများကို အကြင်အကြောင်းကြောင့် ငြိတွယ် ချုပ်စပ် နှေးရစ်တတ်၏။ ထိုအကြောင်းကြောင့် အရှင်ဂေါတမကို အကျွန်ုပ်မေးလျှောက်လိုပါသည်။ ဤ တဏှာကို အဘယ်မည်သော လူစွမ်းကောင်းသည် ဖြေဖြတ် ရှင်းလင်းနိုင်ပါသနည်း။

ဟု မေးလျှောက်သည်။

ထိုအခါ သုံးလောကထွတ်တင် သဗ္ဗညုရှင်တော်ဘုရားက...

တိဟိတ် ပဋိသန္ဓေနေ၍ ကမ္မဇပညာ ပါရှိသောသူသည် ကုသိုလ်သီလ၌ မြဲစွာတည်၍ ကိလေသာကို ပူပန်ခြောက်သွေ့စေတတ်သော လုံ့လ၊ ဆန့်ကျင်ဘက်ကိလေသာကို တားမြစ်နိုင်သော ပညာတို့ရှိလျက် စိတ်တည်ကြည်ငြိမ်သက်မှု သမာဓိကိုလည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း ပွားများအားထုတ်၏။ ဤသို့ ပညာသုံးပါး၊ သီလ၊ သမာဓိ၊ ဝီရိယဟူသော တရားခြောက်ပါးနှင့် ပြည့်စုံသူသည် ဝါးရုံ အခက်၊ အယှက်၊ အမြွေးနှင့်တူသော ဤတဏှာဟူသော အယှက်အမြွေးကို ဖြေဖြတ်ရှင်းလင်း အကြွင်းမဲ့ သုတ်သင်နိုင်၏။

ဟုဖြေကြားတော်မူသည်။

ဤဘုရားရှင်၏ ဖြေကြားတော်မူချက်ကို အနှစ်ချုပ်လိုက်လျှင်...

(၁) ပဋိသန္ဓေနေစဉ်ကပင် တိဟိတ် ပဋိသန္ဓေဖြစ်၍ ကမ္မဇပညာပါရှိသူဖြစ်ခြင်း။

(၂) သီလမြဲမြံစွာတည်ခြင်း။

(၃) ပြင်းထန်သော လုံ့လဝီရိယရှိခြင်း။

(၄) ဆန့်ကျင်ဘက် ကိလေသာကို တားမြစ်နိုင်သည့် ပညာရှိ

ခြင်း။

(၅) သမာဓိရအောင် ကြိုးစားအားထုတ်ခြင်း။

(၆) ရှုမှတ်ပွားများမှု ဝိပဿနာ ပညာရှိခြင်း။

ဤဆိုခဲ့ပြီးသော ပညာသုံးမျိုး သီလ, သမာဓိ, ဝီရိယ သုံးမျိုးပေါင်း ခြောက်မျိုးသော တရားနှင့် ပြည့်စုံသူသည် ကိလေသာတည်းဟူသော အမြွှေးအယှက် အရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်ပေသည်။ ဥပမာ... အမျိုးသားတစ်ဦးသည် မြေပေါ်တွင် မတ်မတ်ရပ်လျက် ထက်လှသော ဓားလက်နက်ကိုကိုင်ကာ ကြီးစွာသော ဝါးရုံတောကြီးကို ဖြေရှင်း ခုတ်ထွင်သုတ်သင်သကဲ့သို့၊ ထို့အတူ သီလတည်းဟူသော မြေ၌ ကောင်းစွာ မတ်မတ်ရပ်လျက် ဝိပဿနာပညာလက်နက် ဓားသန်လျက်ကို ဝီရိယတည်းဟူသောအားဖြင့် မြဲမြံစွာ ကိုင်စွဲ၍ ပါရိဟာရိက ပညာတည်းဟူသော လက်ဖြင့် မြှောက်ချီ၍ မိမိသန္တာန်၌ အစဉ်သဖြင့် ကျရောက်သော တဏှာကွန်ရက် အရှုပ်အထွေးတို့ကို အကြွင်းမဲ့ သုတ်သင်ရှင်းလင်းနိုင်သည်ဟု ဟောတော်မူရင်း ဖြစ်ပေသည်။

**ဗောဇ္ဈင်တရားဖြင့် တဏှာပယ်ရှားနည်း** ။[၁]။ ရဟန်းတို့...တဏှာကို ကုန်ခန်းစေတတ်သည့် လမ်းစဉ်အကျင့်ကို ပွားများအားထုတ်ကြကုန်လော့။ ရဟန်းတို့... အဘယ်လမ်းစဉ် အကျင့်သည် တဏှာလောဘတို့ကို ကုန်စေတတ်သနည်း။ ဤဗောဇ္ဈင်ခုနစ်ပါး မြတ်တရားတို့သည် တဏှာလောဘတို့ကို ကုန်ခန်းစေတတ်ကုန်၏။ ထိုတရားခုနစ်ပါးတို့ကား သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

၁။ သံ၊ ၃။ ၇၈။

ဤသို့ ဟောတော်မူသည့်အခါ အရှင်ဥဒါယီက မြတ်စွာဘုရားအား "အရှင်မြတ်ဘုရား၊ ဤဖောချွင်ခုနစ်ပါး မြတ်တရားတို့ကို အဘယ်သို့ ပွားများမှ ကြိမ်ဖန်များစွာပြုမှ တဏှာလောဘတို့ကို ကုန်ခန်းစေနိုင်ပါသနည်း"ဟု လျှောက်၏။

ဥဒါယီ...ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု ရာဂကင်းခြင်းကိုမှီသော၊ နိဗ္ဗာန်သို့ညွတ်သော၊ ပြန့်ပြောသော၊ မြတ်သည်၏ အဖြစ်သို့ရောက်သော၊ အတိုင်းအရှည် မရှိသော၊ ဗျာပါဒကင်းသော၊ ကြောင့်ကြမှုမရှိသော၊ သတိသမ္ဗောဇ္ဈင်ကို ပွားများသော ထိုရဟန်းသည် တပ်မက်မှုတဏှာကိုပယ်၏။ တပ်မက်မှုတဏှာကို ပယ်ခြင်းကြောင့် တဏှာလျှင် အကြောင်းရင်းရှိသော ကံကိုပယ်၏။ ကံကိုပယ်ခြင်းကြောင့် ကံလျှင် အကြောင်းရင်းရှိသော ဝဋ်ဆင်းရဲကိုပယ်၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော၊ စွဲမက်မှု ရာဂကင်းခြင်းကို မှီသော၊ နိဗ္ဗာန်သို့ညွတ်သော၊ ပြန့်ပြောသော၊ မြတ်သည်၏ အဖြစ်သို့ရောက်သော၊ အတိုင်းအရှည် မရှိသော၊ ဗျာပါဒကင်းသောကြောင့် ကြောင့်ကြမှုမရှိသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများသော ထိုရဟန်းသည် တပ်မက်မှုတဏှာကိုပယ်၏။ တပ်မက်မှုတဏှာကို ပယ်ခြင်းကြောင့် တဏှာလျှင် အကြောင်းရင်းရှိသော ကံကိုပယ်၏။ ကံကိုပယ်ခြင်းကြောင့် ကံလျှင် အကြောင်းရင်းရှိသော ဝဋ်ဆင်းရဲကိုပယ်၏။

ဥဒါယီ...ဤသို့လျှင် တဏှာကုန်ခြင်းကြောင့် ကံကုန်၏။ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏။ ဝါ...ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်၏ဟု ဟောတော်မူ၏။

မဂ္ဂင်တရားဖြင့် တဏှာပယ်ရှားနည်း ။[၁]။ ရဟန်းတို့... တပ်မက်မှု တဏှာတို့သည် ဤသုံး

၁။ သံ၊၃၊၅၃။

ပါးတို့တည်း။ အဘယ်သုံးပါးတို့နည်းဟူမူ ကာမဥ္စတပ်မက်မှု ကာမတဏှာ၊ ကာမဘဝ၊ ရူပ အရူပဘဝတို့၌ တပ်မက်မှုဘဝတဏှာ၊ ဘဝမပြတ်ဟူသော အယူနှင့်တကွဖြစ်သော တပ်မက်မှု ဝိဘဝတဏှာတို့တည်း။

ရဟန်းတို့…တပ်မက်မှုတဏှာသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ပိုင်းခြား၍ သိခြင်းငှာ၊ ကုန်စေခြင်းငှာ၊ ပယ်ခြင်းငှာ။ပ။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများအပ်၏။ အဘယ်သို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများအပ်သနည်း။

ရဟန်းတို့…ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု ရာဂကင်းခြင်းကိုမှီသော၊ ချုပ်ခြင်းကိုမှီသော၊ နိဗ္ဗာန်သို့ ညွတ်သော၊ မှန်ကန်သောအမြင်ဖြစ်သည့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားများ၏။ပ။ မှန်ကန်သော တည်ကြည်မှုရှိသည့် သမ္မာသမာဓိမဂ္ဂင်ကို ပွားများ၏။

ရဟန်းတို့…ဤတပ်မက်မှုတဏှာ သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ပိုင်းခြား၍ သိခြင်းငှာ၊ ကုန်စေခြင်းငှာ၊ ပယ်ခြင်းငှာ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများအပ်၏ဟု မိန့်တော်မူ၏။

**သတိပဋ္ဌာန်တရားဖြင့် တဏှာပယ်ရှားနည်း** ။။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်အနုရုဒ္ဓါသည် ရဟန်းတို့အား ငါ့ရှင်တို့ သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများအားထုတ်ကြကုန်၊ ကြိမ်ဖန်များစွာ ပြုလုပ်ကြကုန်သည်ရှိသော် တဏှာကုန်ခြင်းငှာ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်းဟူမူ…

ငါ့ရှင်တို့...ဤသာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ လောက၌ ပြင်းစွာအားထုတ်အပ်သော ဝီရိယရှိသော၊ ဆင်ခြင်ဉာဏ်ရှိသော၊ သတိရှိသော ရဟန်းသည် အဘိဇ္ဈာတရား ဒေါမနဿတရားတို့ကို ပယ်ဖျောက်နိုင်ရာ၏။

ငါ့ရှင်တို့... ဤသတိပဋ္ဌာန် တရားလေးပါးတို့ကို ပွားများကုန်၊ ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တဏှာကုန်ခြင်းငှာ ဖြစ်ကုန်၏ဟု မိန့်ဆို၏။

**စူဠတဏှာသင်္ခယသုတ်လာ တဏှာ ပယ်သတ်နည်း။** ။ အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ သိကြားမင်းသည် ဘုရားရှင်ထံတော်ပါးသို့ ချဉ်းကပ်သွား၍ "ရှင်တော်မြတ်ဘုရား...ရဟန်းတော်သည် အကျဉ်းအားဖြင့် အဘယ်မျှလောက်သော အကျင့်ဖြင့် တပ်မက်မှုတဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်သောစိတ်ရှိသူ၊ ကောန်ပြီးဆုံးခြင်းရှိသူ၊ အမြဲဘေးကင်းခြင်းရှိသူ၊ အမြဲ မြတ်သောအကျင့်ရှိသူ၊ ကောန်ပြီးဆုံးသူ၊ နတ်လူတို့ထက် မြတ်သူဖြစ်ပါသနည်း"ဟု လျှောက်၏။

သိကြားမင်း...ဤသာသနာတော်၌ "ရဟန်းသည် တရားအားလုံးတို့ကို တဏှာဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် သက်ဝင်စွဲလမ်းခြင်းငှာ မသင့်ဟု ကြားဖူး၏။ ထိုကြားဖူးသော ရဟန်းသည် တရားအားလုံး ဉာတပရိညာဖြင့် အထူးသိ၏။ တရားအားလုံးကို အထူးသိပြီး၍ တရားအားလုံးကို တီရဏပရိညာဖြင့် ပိုင်းခြား၍သိ၏။

---

၁။ မ၊၁။၃၁၈။

တရားအားလုံးကို ပိုင်းခြားသိပြီး၍ ချမ်းသာကိုဖြစ်စေ၊ ဆင်းရဲကိုဖြစ်စေ၊ ချမ်းသာမဟုတ် ဆင်းရဲမဟုတ်သည်ကိုဖြစ်စေ၊ အမှတ်မထား တစ်ပါးပါးသော ဝေဒနာကို ခံစား၏။

ထိုရဟန်းသည် ထိုခံစားခြင်းဝေဒနာတို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေ၏။ တပ်စွန်းခြင်းကင်းသောအားဖြင့် ရှုမြင်လျက်နေ၏။ ချုပ်သောအားဖြင့် ရှုမြင်လျက်နေ၏။ စွန့်လွှတ်ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေ၏။ ထိုရဟန်းသည် ထိုခံစားခြင်းဝေဒနာတို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေသော်၊ တပ်စွန်းခြင်းကင်းသောအားဖြင့် ရှုမြင်လျက်နေသော်၊ ချုပ်သောအားဖြင့် ရှုမြင်လျက်နေသော်၊ စွန့်လွှတ်ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေသော် လောက၌ တစ်စုံတစ်ရာကိုမျှ မစွဲယူတော့ပေ။ မစွဲယူသော် ထက်ဝန်းကျင် မတပ်မက်တော့ပေ။ ထက်ဝန်းကျင် မတပ်မက်သော် မိမိအလိုလိုသာလျှင် ကိလေသာ ငြိမ်းအေး၏။ ပဋိသန္ဓေနေရမှု ကုန်သွား၏။ မြတ်သောအကျင့်ကို ကျင့်ပြီးသူဖြစ်၏။ ပြုသင့်သော မဂ်ကိစ္စကို ပြုပြီးသူဖြစ်၏။ ဤမဂ်ကိစ္စအတွက် အခြားပြုဖွယ်ကိစ္စ မရှိတော့ဟု သိ၏။

သိကြားမင်း... ဤမျှလောက်သောအကျင့်ဖြင့် ရဟန်းတော်သည် တပ်မက်မှုတဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်သောစိတ်ရှိသူ၊ ကေန်ပြီးဆုံးခြင်းရှိသူ၊ အမြဲဘေးကင်းခြင်းရှိသူ၊ အမြဲမြင့်မြတ်သောအကျင့်ရှိသူ၊ ကေန်ပြီးဆုံးသူ၊ နတ်လူတို့ထက်မြတ်သူဖြစ်သည်...ဟု မိန့်တော်မူ၏။

ဤဘုရားဟောတရားတော်၌ ဘုရားရှင် ဟောတော်မူလိုရင်းမှာ တရားအားထုတ်မည့် ရဟန်းတော်သည် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့ထိတိုင်း ဒွါရခြောက်ပါး၌ ထင်ရှားပေါ်လာသည့် ခန္ဓာငါးပါး ရုပ်နာမ်တရားများသည် မြဲ၏၊ ချမ်းသာ၏၊ အတ္တရှိ၏ဟု တဏှာ

ဒိဋ္ဌိတို့ဖြင့် အနိုင်အမြဲ မှတ်ယူစွဲလမ်းရန်မသင့်။ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော သဘောတရားချည်းသာဖြစ်သည်ဟု ကြားဖူးသော အသိဉာဏ် (သုတမယဉာဏ်)မျိုး ရှိရ၏။ ထိုသုတမယဉာဏ်ကို အခြေခံလျက် မြင်ဆဲကြားဆဲ ရုပ်နာမ်တရားများကို ရှုမှတ်ပွားများလျှင် ဤသဘောကား နာမ်, ဤသဘောကား ရုပ် စသည်ဖြင့် ရုပ်နှင့်နာမ်ကို ပိုင်းခြားသိသည့် နာမရူပ-ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာ၏။ မျက်စိနှင့် အဆင်းရှိ၍သာ သိမှုဖြစ်ပေါ်လာရသည် စသည်ဖြင့် ရုပ်နာမ်တို့၏ အကြောင်းကိုသိသည့် ပစ္စယပရိဂ္ဂဟဉာဏ်လည်း ဖြစ်ပေါ်လာ၏။ ဤဉာဏ်နှစ်ပါးဖြင့် သိမှုကို ဉာတပရိညာဖြင့် သိမှုဟုခေါ်၏။

ထို့နောက် ထိုရုပ်တရား နာမ်တရားတို့ ဖြစ်မှုပျက်မှုကို ရှုမှတ်ပွားများသောအားဖြင့် ထိုရုပ်တရား နာမ်တရားတို့၏ အမြဲမရှိခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ ရုပ်နာမ်မှတစ်ပါး အခြား အတ္တဇီဝမရှိဟူသော အနတ္တသဘောတို့ကို ပိုင်ပိုင်နိုင်နိုင် သိမြင်လာ၏။ ဤသိမှုမျိုးကို တီရဏပရိညာဖြင့် သိမှုဟုခေါ်၏။

ဤဒေသနာကား ဝေဒနာနုပဿနာသတိပဋ္ဌာန်နည်းအားဖြင့် တဏှာပြတ်၍ ရဟန္တာဖြစ်ပုံနည်းကို ဟောတော်မူခြင်းဖြစ်သည်။

**နဒီသောတသုတ်လာ တဏှာပယ်သတ်နည်း။**[၁]။ ဤဒေသနာတော်ကို ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ဟောကြားတော်မူသည်ဟု အကျွန်ုပ်ကြားဖူးပါသည်။

ရဟန်းတို့... ဥပမာသော်ကား ယောကျ်ားသည် မြစ်ထဲ၌ဖြစ်စေ ကမ်းတစ်ဖက်၌ဖြစ်စေ တည်ရှိသော မြတ်နိုးတွယ်တာ သာယာဖွယ်

၁။ ဣတိဝုတ်၊၂၇၁။ ဣတိဝုတ်၊ဋ္ဌ၊၃၂၆။၃၃၁။

ကောင်းသည့် ရွှေ၊ ငွေ၊ ပတ္တမြားစသော ဝတ္ထုပစ္စည်းများကို ယူလို သောကြောင့် မြစ်ရေအယဉ်ဖြင့် ရေစုံမျှောကာ လိုက်သွားရာ၏။ ကမ်းပေါ်၌ တည်ရှိသော မျက်စိအမြင်ရှိသော အခြားယောကျ်ားသည် ထိုယောကျ်ားကိုမြင်၍ "အမောင်ယောကျ်ား... သင်သည် မြတ်နိုး ဖွယ် တွယ်တာသာယာဖွယ်ကောင်းသည့် ရွှေ, ငွေ, ပတ္တမြားစသော ဝတ္ထုပစ္စည်းများကို ရယူလိုသောကြောင့် မြစ်ရေယဉ်ဖြင့် ရေစုံမျောကာ လိုက်စေကာမူ ဤမြစ်၏ အောက်အရပ်၌ တောင်ထွတ်သဖွယ် ကြီးကျယ်သော လှိုင်းတံပိုးနှင့် ဝဲကြီးများရှိသော ရေအိုင်ကြီးရှိ၏။ ထိုအိုင်ကြီးတွင် ဖမ်းယူတတ်သော ငါးမကာရ်းကြီးများနှင့် ဘီလူး ရက္ခိုသ်တို့လည်းရှိ၏။ အမောင်ယောကျ်ား သင်သည် ယင်းရေအိုင်သို့ ရောက်လျှင် သေသော်မူလည်း သေလတ္တံ့၊ သေလောက်သည့် ဆင်းရဲ သို့မူလည်း ရောက်လတ္တံ့"ဟု ပြောဆို၏။

ရဟန်းတို့...ထိုအခါ၌ ယောကျ်ားသည် ယင်းစကားကို ကြား ရသောကြောင့် ကြောက်လန့်တုန်လှုပ်သွား၍ ရေညာဘက်သို့ လက် ခြေတို့ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားကူးခပ်၏။ (ထိုသို့ ကြိုးစား အားထုတ်သဖြင့် မကြာမီ ကမ်းသို့ဆိုက်ရောက်၏။

ရဟန်းတို့...ငါဘုရားသည် သစ္စာလေးပါး မြတ်တရားကို ပိုင်း ခြားသိမြင်နိုင်သည့် အဓိပ္ပာယ်ကို သိစေခြင်းငှာ ဤဥပမာကို ထုတ် ဆောင်ထားပေသည်။ ဤဆိုလတ္တံ့သည်ကား ဤအရာ၌ အဓိပ္ပာယ် ပေတည်း။

ရဟန်းတို့... မြစ်ရေယဉ်ဟူသော ဤအမည်သည် လောဘ တဏှာ၏ အမည်တည်း။

မြတ်နိုးဖွယ်၊ သာယာတွယ်တာဖွယ်ကောင်းသော ဝတ္ထုပစ္စည်း ဟူသော အမည်သည် စက္ခာယတနစသော အဇ္ဈတ္တိကာယတန

ခြောက်ပါးတို့၏ အမည်တည်း။

အောက်အရပ်၌ ရေအိုင်ဟူသော ဤအမည်သည်၊ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့၏ အမည်တည်း။

လှိုင်းတံပိုးဟူသော အမည်သည်၊ အမျက်ထွက်မှုဒေါသ, ပင်ပန်းမှုဥပါယာသတို့၏ အမည်တည်း။

ဝဲဟူသော ဤအမည်သည် အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အမည်တည်း။

ဖမ်းယူတတ်သော ငါးမကာရ်းနှင့် ဘီလူးရက္ခိုသ်တို့ဟူသော အမည်သည် မာတုဂါမ၏ အမည်တည်း။

ရေညာဘက်ဟူသော အမည်သည် ကာမမှ လွတ်မြောက်မှုနေက္ခမ္မ၏ အမည်တည်း။

လက်ခြေတို့ဖြင့် အားထုတ်ခြင်းဟူသောအမည်သည် သမ္မပ္ပဓာန်လေးပါး ဝီရိယတရား၏ အမည်တည်း။

ကမ်း၌တည်သော မျက်စိအမြင်ရှိသော ယောက်ျားဟူသော ဤအမည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုဉာဏ်ရှင် ဘုရားသခင်၏ အမည်တည်း။ ဤအနက်အဓိပ္ပာယ်ကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါသည်။

"ယောဂလေးဖြာ ကုန်ရာနိဗ္ဗာန်ကို နောင်အခါ၌ တောင့်တသောသူသည် အကျင့်ပဋိပတ်အားဖြင့် ဆင်းရဲပင်ပန်းသော်ငြားလည်း ကာမဂုဏ်တို့ကို ပယ်စွန့်ရာ၏။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် ကောင်းစွာသိ၍ ကာမဂုဏ်တို့မှ ကောင်းစွာ လွတ်မြောက်သော ဖိုလ်စိတ်ရှိသူသည် ထိုထိုမဂ်ဖိုလ် ရရာကာလ၌ နိဗ္ဗာန်ကို မျက်မှောက်

ပြုနိုင်ရာ၏။ ထိုသူကို သစ္စာလေးပါးတရားကို သိသူ၊ ကျင့်သုံးပြီးသော အကျင့်မြတ်ရှိသူ၊ လောက၏ အဆုံးသို့ ရောက်သူ၊ နိဗ္ဗာန်ဟူသော ကမ်းတစ်ဘက်သို့ ရောက်သူ ဟူ၍ ဆိုအပ်၏။”

ဤအနက်အဓိပ္ပာယ်ကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်ဟု အကျဉ်းနှုပ် ကြားနာခဲ့ရပါသည်။

ဤဒေသနာတော်၌ မြစ်ရေယဉ်နှင့် တဏှာတို့တူပုံကား... အထက်ဘက်၌ မိုးကြီးစွာ ရွာသွန်းသည့်အခါ ရေအယဉ်သည် တောင်, ချောက်, ချိုင့်ဝှမ်း, အင်းအိုင်, မြစ်ချောင်းတို့ကို အဆင့်ဆင့် ပြည့်လျှံစေပြီး မြစ်ကြီးထဲသို့ စီးဝင်ကာ တစ်ခုသော ရေအယဉ်ကြီး ဖြစ်သွားသကဲ့သို့ ထို့အတူ ရူပါရုံစသော အာရုံတို့၌ လောဘတဏှာ ဖြစ်လာခဲ့သည်ရှိသော် တဏှာသည် တစ်စတစ်စ ကြီးထွားလာတတ်သောသဘောရှိပေသည်။

မြစ်ရေအယဉ်သည် စီးဆင်းလာသည့်အခါ အကြားတွင် အနှောင့်အယှက် မရှိပါက သမုဒ္ဒရာထဲသို့ ရောက်သည်အထိ အဆက်မပြတ် တရစပ် ဖွဲ့စပ်စီးဆင်းသည့်သဘောရှိသကဲ့သို့ တဏှာအယဉ်သည်လည်း ဖြစ်ပေါ်လာသည့်အခါမှစ၍ တဏှာပြတ်ကြောင်းကို မပြုလုပ်နိုင်လျှင် မပြတ်မစဲ ထပ်တလဲလဲဖြစ်ကာ အပါယ်သမုဒ္ဒရာသို့ ရောက်သည့်အထိ အစဉ်ဖွဲ့စပ်လျက် ဖြစ်တတ်သည်။

မြစ်ရေအယဉ်သည် မိမိထဲသို့ရောက်လာသော သတ္တဝါတို့ကို အောက်သို့ နစ်မြုပ်စေ၏။ ဦးခေါင်းကိုပင် ပေါ်ခွင့်မပေးချေ။ အသက်သေဆုံးခြင်းသို့သော်လည်းကောင်း၊ သေလောက်သည့်ဆင်းရဲဒုက္ခသို့သော်လည်းကောင်း ရောက်စေတတ်သကဲ့သို့ ထို့အတူ တဏှာအယဉ်သည်လည်း မိမိအယဉ်အတွင်းသို့ ရောက်လာသည့် သတ္တဝါ

များကို အပါယ်အထိ နစ်မွန်းစေ၏။ ပညာတည်းဟူသော ဦးခေါင်းကိုပင် ဖြစ်ပေါ်ခွင့်မပေးချေ။ ကုသိုလ်အရင်းအမြစ်ကို လုံးလုံး ဖြတ်တောက်ခြင်း၊ အကုသိုလ်တရားကို ဖြစ်ပွားစေခြင်းဖြင့် သေခြင်းသို့သော်လည်းကောင်း၊ သေလောက်သည့် ဆင်းရဲဒုက္ခသို့သော်လည်းကောင်း ရောက်စေနိုင်ပေသည်။

ထို့ပြင် မြစ်ရေအယဉ်သည် ရေအယဉ်ကြီးဖြစ်လာသော် ထိုရေအယဉ်ကြီးကို ကူးနိုင်ဖို့ရန် ဖောင်ဖွဲ့ခြင်း၊ လှေကိုဆောင်ယူခြင်း၌ လိမ္မာကျွမ်းကျင်သော ယောကျာ်း၏ အကူအညီကိုလည်း ယူရမည်။ ကမ်းတစ်ဘက်သို့ရောက်လိုသော အလိုဆန္ဒ အဇ္ဈာသယလည်း ရှိရမည်။ ထိုအလိုဆန္ဒနှင့်ကိုက်ညီသော လုံ့လဝီရိယဖြင့်လည်း ကူးရမည်။ သို့မှသာ ထိုရေအယဉ်ကြီးကို ကျော်လွှားကူးမြောက်နိုင်မည်။ ထိုမှတစ်ပါး အခြားနည်းလမ်းဖြင့် ကူးမြောက်ရန် အလွန်ခဲယဉ်းလှသည်။ ထို့အတူ ကာမဩဃ ဘဝဩဃခေါ်သော တဏှာရေအယဉ်ကို ကူးမြောက်နိုင်ရန် သီလကို စောင့်စည်းဖြည့်ကျင့်ရမည်။ သမထ, ဝိပဿနာ, ဘာဝနာအလုပ်ကို ပြုလုပ်ရမည်။ ရင့်ကျက်သောပညာဖြင့် အရဟတ္တဖိုလ်သို့ရောက်စေမည်”ဟူသော ဆန္ဒမွန်လည်း ရှိရမည်။ ထိုဆန္ဒမွန်အတိုင်း ကမ္မဋ္ဌာန်းအလုပ်၌ လိမ္မာကျွမ်းကျင်သည့် ကလျာဏမိတ္တဆရာရှင်၏ အကူအညီဖြင့် သမထဝိပဿနာတည်းဟူသော လှေကြီးကို တက်စီးကာ သမ္မပ္ပဓာန်လေးပါးတည်း ဟူသော မှန်ကန်ကြိုးစားအားထုတ်မှုဖြင့် ကူးခပ်ရမည်။ သို့မှသာ ထိုတဏှာရေအယဉ်ကြီးကို ကူးမြောက်နိုင်မည်။ သာမန်ကူးရုံမျှဖြင့် ထိုတဏှာရေအယဉ်ကြီးကို ကျော်လွှားကူးမြောက်ရန် အလွန်ခဲယဉ်းလှ၏။

**ဝဲနှင့်ကာမဂုဏ်ငါးပါးတို့တူပုံကား။** ။ ဝဲသည် မိမိထံသို့ရောက်လာသည့် သတ္တဝါတို့ကို ချာချာလည်အောင် နှိပ်စက်၍ ပျက်စီးသွားစေသကဲ့သို့ ရူပါရုံစသော အာရုံ

ငါးပါး ကာမဂုဏ်တရားတို့သည်လည်း လောဘတဏှာစသော ကိလေသာတို့ နှိပ်စက်ခံနေရသော သတ္တဝါတို့ကို ရူပါရုံစသည်မှ သဒ္ဒါရုံစသည်သို့လည်းကောင်း၊ သဒ္ဒါရုံစသည်မှ ရူပါရုံစသည်သို့လည်းကောင်း၊ ချာချာလည်စေ၍ ထိုအာရုံငါးပါး ကာမဂုဏ်တရားမှ ထွက်ရပ်လမ်းဖြစ်သည့် သမထ, ဝိပဿနာ, ဘာဝနာတရားတို့ကို အားထုတ်ပြုလုပ်ရန် မဖြစ်စေနိုင်ဘဲ ပျက်စီးခြင်းသို့ ရောက်စေတတ်သော သဘောရှိပေသည်။

**ဖမ်းစားတတ်သော ဘီးလူးရက္ခိုသ်နှင့်။** ။ ဖမ်းစားတတ်သော ဘီ

**မာတုဂါမတို့တူပုံကား** လူးရက္ခိုသ်သည် မိမိ ကျက်စားရာ ပိုင်နက်သို့ ရောက်လာသော အခါ အစောင့်အရှောက်ကင်းသည့် ယောကျ်ားကိုနှိပ်စက်ဖမ်းယူ၍လည်းကောင်း၊ မိမိပိုင်နက်၏ အပြင်ဘက်၌ရှိသောသူကိုလည်း ရက္ခိုသ်ပရိယာယ်ဖြင့် မိမိပိုင်နက်ထဲသို့ ဝင်လာအောင် ဖြားယောင်းခေါ်ဆောင်ကာ ကြောက်မက်ဖွယ်ရာအဆင်းစသည်တို့ကို ပြခြင်းဖြင့် အစွမ်းသတ္တိမရှိအောင် ထိုသူအား ကူညီမည့်သူကို မရှာနိုင်အောင် ပြုလုပ်ပူးဝင်း၍လည်းကောင်း၊ အဆင်း၊ ခွန်အား၊ စည်းစိမ်းချမ်းသာ အခြေအရံတို့မှ ကင်းကွာစေခြင်းဖြင့် အကျိုးမဲ့ပျက်စီးခြင်းကို ပြုတတ်ပေသည်။

ထို့အတူ မာတုဂါမတို့သည်လည်း မသင့်မလျော် နှလုံး သွင်းချော်၍ ခံနိုင်ရည်မရှိသော ယောကျ်ားကို မိန်းမတို့၏ တင့်တယ်စံပယ်ခြင်း အမူအရာတို့ဖြင့် လွှမ်းမိုးဖမ်းယူ၍လည်းကောင်း၊ ခံနိုင်ရည်ရှိသော သူကိုလည်း မိမိ၏ အဆင်းအာရုံစသည်တို့ဖြင့် ဖြားယောင်းသွေးဆောင်ကာ မိန်းမတို့၏ မာယာဖြင့် ပူးကပ်၍ အစွမ်းသတ္တိမရှိအောင်၊ မိမိအား ကျေးရှူးပြုတတ်သည့် သီလစသော ကုသိုလ်တရား

တို့ကို မကျင့်နိုင်အောင် ပြုလုပ်လျက် ဂုဏ်, အဆင်းစသည်တို့မှ ကင်းကွာစေသောအားဖြင့် ကြီးစွာသော အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်စေတတ်သော သဘောရှိပေသည်။

ဥပမာ ဥပမေယျ နှိုင်းယှဉ်ပြရသော် ။ ။ မြစ်ရေအယဉ်နှင့် အစဉ်မပြတ် တရစပ် ဖြစ်စေတတ်သော တဏှာအယဉ်တို့ တူကြ၏။ ထိုမြစ်ရေယဉ်နှင့် ရေစုံမျော၍ လိုက်သွားသော ယောကျ်ားသည် အစမထင် သံသရာဝဋ်ဆင်းရဲ၌ ချာချာလည်သောအားဖြင့် တဏှာအယဉ်ဖြင့် မျောနေသော သတ္တဝါတို့နှင့်တူ၏။ ထိုရေစုံမျောလိုက်သွားသော ယောကျ်ား၏ ထိုမြတ်နိုးဖွယ်, သာယာတွယ်တာဖွယ် ကောင်းသောဝတ္ထု၌ စွဲလမ်းခြင်းနှင့် ဤတဏှာရေယဉ်ကြောင့် မျောပါနေသော သတ္တဝါ၏ စက္ခာယတန စသည်တို့၌ မှားသောအားဖြင့် စွဲလမ်း၍ ယူခြင်းတို့ တူကြသည်။ လှိုင်းတံပိုး၊ ဝဲ၊ ရက်ချိုသ်တို့ရှိသော မြစ်အောက်ပိုင်းရှိ ရေအိုင်ကြီးနှင့် ကောဓ, ဥပါယာသ, ကာမဂုဏ်တို့ဖြင့် ရောပြွမ်းသော အောက်ပိုင်း (ဩရမ္ဘာဂိယ) သံယောဇဉ်ငါးပါးတို့ တူကြ၏။

ထိုအကြောင်းအရာကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ ထိုမြစ်ရေအယဉ်၏ တစ်ဖက်ကမ်း၌ ရပ်လျက်ရှိသော မျက်စိအမြင်သန်သော ယောကျ်ားနှင့် အလုံးစုံသော သံသရာအပြစ်ကိုလည်းကောင်း၊ သိသင့်သိထိုက်သည့် တရားအားလုံးကိုလည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ သိမြင်သော တဏှာရေအယဉ်၏ တစ်ဖက်ကမ်း နိဗ္ဗာန်နန်း၌ ရပ်တည်လျက်ရှိသည့် ဘုရားရှင်တို့ တူကြသည်။

တစ်ဖက်ကမ်း၌ တည်သော ထိုယောကျ်ားသည် ထိုမြစ်ရေအယဉ်၌ မျောနေသော ယောကျ်ားကို သနားလှသဖြင့် ရေအိုင်ကြီး၏ အကြောင်းကိုလည်းကောင်း၊ ရေအိုင်ကြီး၏ အပြစ်ကိုလည်းကောင်း

ပြောကြားခြင်းနှင့် တဏှာရေယဉ်ကြော၌ မျောနေသော သတ္တဝါတို့ကို မဟာကရုဏာတော်ရှင် ဘုရားသခင်က တဏှာစသည်တို့၏ အကြောင်းကိုလည်းကောင်း၊ တဏှာစသည်တို့၏ အပြစ်များကိုလည်းကောင်း ဟောကြားသည်နှင့် တူပေသည်။

ထိုမှာဘက်ကမ်း၌ ရပ်နေသော ယောကျ်ား၏ ပြောစကားကို မယုံကြည်သဖြင့် ရေစုံမျော၍လိုက်သွားသော ယောကျ်ား၏ ထိုအိုင်ကြီး၌ အသက်ဆုံးရှုံးရခြင်း၊ အသက်ဆုံးရှုံးရသောဒုက္ခနှင့် တွေ့ကြုံရခြင်းတို့နှင့် ရှင်တော်မြတ်ဘုရား၏ စကားတော်ကို မနာယူသောသူ၏ အပါယ်လေးပါးသို့ ကျရောက်ရခြင်း၊ လူ့ဘုံစသော သုဂတိဘုံတို့၌ ဒုက္ခဆင်းရဲရောက်ရခြင်းတို့ တူကြသည်။

ထိုမှာဘက်ကမ်း၌ ရပ်နေသော ယောကျ်ား၏ စကားကို လေးစားယုံကြည်၍ ခြေလက်အစုံတို့ဖြင့် လုံ့လကြိုးကုပ် ဝါယမစိုက်ထုတ်ခြင်း၊ ထိုလုံ့လဝါယမကြောင့် ကမ်းတစ်ဖက်သို့ရောက်၍ အလိုရှိရာဌာနသို့ ချမ်းသာစွာသွားရခြင်းတို့နှင့် ရှင်တော်ဘုရား၏ စကားတော်ကို လိုက်နာ၍ တဏှာ စသည့် ကိလေသာတရားတို့၏ အပြစ်ကိုမြင်သဖြင့် တဏှာရေအယဉ်၌ ရေညာဖြစ်သော သမထဝိပဿနာကုသိုလ်တရားတို့ကို ကြိုးစားအားထုတ်ခြင်း၊ သမ္မပ္ပဓာန်ဝီရိယဖြင့်ပင် တဏှာရေအယဉ်ကို လွန်မြောက်ခြင်း၊ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်၍ အရဟတ္တဖိုလ်သမာပတ်၏ အစွမ်းအားဖြင့် အလိုရှိတိုင်း ချမ်းသာစွာနေထိုင်ခြင်းတို့ တူကြပေသည်။

# ဒေါသစေတသိက်

## (၁)ဒေါသမည်ပုံ

ဒေါသသဒ္ဒါသည် ပျက်စီးခြင်း (ဝါ) ဖျက်ဆီးခြင်း အနက်ကို ဟောသည်။ ထို့ကြောင့်...

(၁) ပျက်စီးခြင်း သဘောမျှသည်လည်းကောင်း၊

(၂) မိမိဖြစ်ရာတည်ရာ သတ္တဝါများကိုဖြစ်စေ၊ မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများကိုဖြစ်စေ သူတစ်ပါးတို့ကိုဖြစ်စေ ဖျက်ဆီးတတ်သော သဘောသည်လည်းကောင်း၊

(၃) မိမိကိုယ်ကို ဖျက်ဆီးတတ်သော သဘောသည်လည်းကောင်း၊ ဒေါသစေတသိက်မည်ပါသည်။[၁]

## (၂) ဒေါသ၏လက္ခဏာ

ဒေါသသည် ကြမ်းတမ်းခြင်းသဘောလက္ခဏာရှိသည်။[၂]

ကြမ်းတမ်းပုံ ။ ။ ဒေါသ စေတသိက်သည် အာရုံယူရာ၌ အခြား စေတသိက်များကဲ့သို့ ညင်ညင်သာသာမရှိ၊ ခက်

၁။ အဘိ၊ဋ္ဌ၊၁။၂၉၈။

၂။ အဘိ၊ဋ္ဌ၊၁။၂၉၈။

ထန်ကြမ်းတမ်းသောသဘောရှိ၏။ သို့သော် ဒေါသသည် နာမ်တရားဖြစ်၍ ဒေါသ၏ ခက်ထန်ကြမ်းတမ်းသည့် သဘောကို ပကတိမျက်စိဖြင့် တိုက်ရိုက်မမြင်နိုင်ချေ။ "အကျိုးထင်က အကြောင်းမြင်" ဆိုသကဲ့သို့ ဒေါသကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရားများ၏ ခက်ထန်ကြမ်းတမ်းပုံကိုကြည့်၍ ဒေါသ၏ ခက်ထန်ကြမ်းတမ်းသည့် သဘောကို ဉာဏ်မျက်စိဖြင့် မှန်းဆသိရသည်။

ဒေါသသည် မိမိကြမ်းတမ်းသကဲ့သို့ မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက်ရုပ်တရား, နာမ်တရားများကိုလည်း ကြမ်းတမ်းစေသည်။ ဒေါသနှင့်ယှဉ်တွဲမိ ပေါင်းဖက်မိသော ရုပ်တရား နာမ်တရားမှန်သမျှ ဓားပြ သူခိုးလူဆိုးများနှင့် ပေါင်းမိသူများပမာ ဒေါသအလိုအတိုင်း ကြမ်းတမ်းလာကြရမြဲ သဘောရှိ၏။ မလိုလားအပ်ဖွယ်မနှစ်သက်ဖွယ် အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ ရှူးရှူးရှဲရှဲ ဖြစ်လာကာ ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလာခြင်းမှာ ဒေါသ၏ တန်ခိုးသတ္တိပင်ဖြစ်သည်။

ဒေါသအရှိန်ကြီးလျှင် ကြီးသလောက်, နည်းလျှင် နည်းသလောက် ရုပ်အဆက်ဆက် ထိခိုက်၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ သိသိသာသာကြီး ဖောက်ပြန် ပြောင်းလဲလာလေ့ရှိသည်မှာ သဘာဝပင်ဖြစ်သည်။ ဒေါသဖြစ်လာသည့်အခါ မျက်စိ မျက်နှာနီမြန်းလာခြင်း၊ တဖက်သားကို စားမလို၊ ဝါးမလို ကြည့်ရှုခြင်း၊ လက်နက်ရှာဖွေခြင်း၊ စွဲကိုင်ခြင်း၊ လက်နက်ဖြင့်ချိန်ရွယ်ခြင်း၊ ရိုက်နက်ထိုးခုတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဆူပူကြိမ်းမောင်းခြင်း၊ အော်ငေါက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်းစသော ကြမ်းတမ်းခက်ထန်သည့် သွင်ပြင်လက္ခဏာများကား ဒေါသစေတသိက်ကြောင့် ပေါ်ထွက်လာသည့် အကျိုးတရားများ ဖြစ်ပါသည်။ ယင်းကြမ်းတမ်းသည့် ကိုယ်နှုတ်အမူ

အရာ သွင်ပြင်လက္ခဏာများကို ကြည့်သောအားဖြင့် မူလတရားခံဖြစ်သော ဒေါသ၏ ကြမ်းတမ်းသည့် သဘောလက္ခဏာကို သိရှိရပေသည်။

အဋ္ဌသာလိနီအဋ္ဌကထာ၌...ဒေါသသည် တုတ်၊ လှံတံ၊ ခဲတို့ဖြင့် တို့ထိပုတ်ခတ်ခံရသည့် မြွေပွေး၊ မြွေဟောက်နှင့်တူသည်ဟု ဥပမာပြုထားသည်။ အဓိပ္ပာယ်မှာ... မြွေပွေး၊ မြွေဟောက်ကို တုတ်ဖြင့် တို့ထိပုတ်ခတ်လိုက်သည့်အခါ ရှူးခနဲ အသံထွက်ကာ ပါးပျဉ်းထောင်ထလာသကဲ့သို့ ဒေါသဖြစ်လာသည့်အခါ၌လည်း ရှူးရှူးရှဲရှဲဖြစ်ကာ ခက်ထန်ကြမ်းတမ်းလာသည်ဟု ဆိုလိုပေသည်။

ထိုသို့ ဒေါသဖြစ်လာသည့်အခါ ဖြစ်ဖော်ဖြစ်ဖက် စိတ်စေတသိက်တို့ ကြမ်းကြမ်းတမ်းတမ်း ဆိုးဆိုးဝါးဝါး ဖြစ်လာသည်ကိုပင် လောက၌ "စိတ်ဆိုး"သည်ဟု ပြောရိုးရှိကြသည်။ အမှန်အားဖြင့် စိတ်ဆိုးခြင်းသည် ဒေါသကြောင့်သာ ဖြစ်သည်မဟုတ်။ လောဘ, မောဟ, အဟိရိက, ဣဿာ, မစ္ဆရိယစသော အခြား အကုသိုလ်စေတသိက်များကြောင့်လည်း စိတ်သည် ကောင်းနေရာမှ ဆိုးသွားလေ့ရှိပါသည်။ သို့ရာတွင် ခက်ထန်ကြမ်းတမ်းသည့် သဘောရှိသော ဒေါသသည် မိမိနှင့်ဖြစ်ဖက် စိတ်စေတသိက်တို့ကိုလည်း မိမိကဲ့သို့ ခက်ထန်ကြမ်းတမ်းစေရကား ဒေါသနှင့် ယှဉ်တွဲရသော စိတ်က အခြားအကုသိုလ်စေတသိက်များနှင့် ယှဉ်တွဲရသော စိတ်များထက် ဆိုးဝါးမှု ပေါ်လွင်ထင်ရှားသောကြောင့် ဒေါသဖြစ်သည့်အခါ၌သာ စိတ်ဆိုးသည်ဟု သုံးနှုန်း ပြောဆိုကြခြင်း ဖြစ်ပေသည်။

ယင်းသို့ ဒေါသသည် ကြမ်းတမ်းသည့် သဘောလက္ခဏာရှိသောကြောင့် ကြမ်းတမ်းသည့် သဘောပေါ်လွင်အောင် ဒေါသကို "ပဋိဃ"ဟူသော နာမည်ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်စသော ထိုထို

ပါဠိတော်များ၌ ဟောတော်မူထားသည်ကို တွေ့ရသည်။ ပဋိဃဆိုသည်မှာ အာရုံကို ထိခိုက်တတ်, ထိပါးတတ်သော သဘောတရားဟု အဓိပ္ပာယ်ရသည်။ အမှန်စင်စစ် ထိပါးတတ်, ထိခိုက်တတ်သော သဘောသည် ရုပ်ဝတ္ထုပစ္စည်းများ၌သာ ရှိနိုင်ဖြစ်နိုင်သည်။ ဒေါသကဲ့သို့သော နာမ်တရားများ၌ ထိုထိပါးခြင်းသဘောမျိုး မရှိနိုင်။

သို့သော် ဒေါသစေတသိက်၏ အာရုံယူပုံသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကြမ်းတမ်းခက်ထန်သည့် သဘောရှိပေသည်။ သို့ဖြစ်၍ ဒေါသသည်အာရုံကို တကယ်ထိပါးခြင်းမရှိစေကာမူ အာရုံယူရာတွင် ကြမ်းတမ်းလှရကား အာရုံကို ထိပါးသကဲ့သို့ ဖြစ်သောကြောင့် ဒေါသစေတသိက်ကို ရုပ်ဝတ္ထုဆန်ဆန် "ပဋိဃ"ဟု ခေါ်ဝေါ်သုံးစွဲထားခြင်း ဖြစ်ပေသည်။[၁]

ဤသို့ ဒေါသစေတသိက်သည် ကြမ်းတမ်းသော သဘောလက္ခဏာရှိပေသည်။

## (၃) ဒေါသ၏ရသ ၂–မျိုး

(၁) ဒေါသသည် တစ်ကိုယ်လုံး၌ မလိုလားအပ်သော အနိဋ္ဌရုပ်များကို ဖြစ်ပေါ်စေခြင်း ကိစ္စရှိ၏။[၂]

(၂) ဒေါသသည် မိမိမှီရာပုဂ္ဂိုလ်ကို (ဝါ) ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းခြင်း ကိစ္စရှိ၏။[၃]

## (၁) ဒေါသ၏ အနိဋ္ဌရုပ်များကို ဖြစ်ပေါ်စေခြင်းကိစ္စ

အထက်တွင် ဖော်ပြထားသည့် ဒေါသ၏ရသ ၂–မျိုးတွင် "ဒေါသ၏ အနိဋ္ဌရုပ်များကို ဖြစ်ပေါ်စေခြင်းကိစ္စ"သည် သမ္ပတ္တိရသခေါ် အကျိုးရသဖြစ်သည်။ ဝါ–ဒေါသကြောင့် ဖြစ်ပေါ်လာသည့်

---

၁။ ဝိဘာဝိနီဋီကာ။၈၀။ ၂။ အဘိဋ္ဌ၊၁။၂၉၈။ မူလဋီကာ။၁၂၁။

၃။ အဘိဋ္ဌ၊၁။၂၉၈။မူလဋီကာ။၂၁၂။

အကျိုးတရားများကို ဖော်ပြခြင်းဖြစ်သည်။[၁]

မည်သည့် သတ္တဝါသန္တာန်၌မဆို ဒေါသတရား ဖြစ်ပေါ်လာသည့်အခါ ပကတိရုပ် အနေအထားမှ ပြောင်းလဲ၍ ကြမ်းတမ်းသော ရုပ်စဉ်တစ်မျိုး ဖြစ်ပေါ်လာသည်မှာ သဘာဝတရားပင်ဖြစ်သည်။ ယင်းရုပ်စဉ် ပြောင်းလဲမှုသည် သတ္တဝါတို့၏ မျက်နှာ၌ အလွန်ပေါ်လွင် ထင်ရှားသည်။ မျက်နှာတွင်လည်း မျက်စိသည် ဒေါသ၏ သဘောကို အခြားသော အင်္ဂါအစိတ်အပိုင်းများထက်ပို၍ ဖော်ပြနိုင်စွမ်းရှိပေသည်။ မြန်မာ့လူ့ဘောင်တွင် သုံးစွဲလျက်ရှိကြသော "မျက်စိမျက်နှာပျက်သည်"ဟူသော စကားသည် ဒေါသကြောင့် မျက်စိမျက်နှာတို့၌ အနိဋ္ဌရုပ်[၂]များ ဖြစ်ပေါ်၍ ပင်ကိုအနေအထားမှ ရုပ်စဉ် ပြောင်းလဲသွားသည်ကိုပင် ရည်ညွှန်း၍ ပြောဆိုသုံးနှုန်းကြခြင်း ဖြစ်သည်။

မှန်ပါသည်။ သတ္တဝါတို့၏ စိတ်အစဉ်တွင် ဒေါသဝင်လာသည့်အခါ မျက်နှာအမူအရာ တစ်မျိုးပြောင်းလဲသွားလေ့ ရှိပုံကို လူတိုင်း တွေ့မြင်ဖူးကြပေလိမ့်မည်။ ထိုဒေါသထွက်သူ၏ မျက်နှာကို သတိထား လေ့လာကြည့်ပါလျှင် မျက်နှာအမူအရာ မာကြောလာပုံ၊ တင်းမာကြမ်းတမ်းလာပုံ၊ နဖူးကြောများ ထလာပုံ၊ မျက်နှာနှင့် နားရွက်တို့ နီမြန်းလာပုံ၊ ချွေးထွက်လာပုံ၊ မျက်စိတွင် အရည်လည်လာပြီး အရောင်တောက်လာပုံ၊ တစ်ဖက်သားကို မလေးမစား ပမာမခန့် (ရှုတည်တည်နှင့်)ကြည့်ပုံ၊ စားမလို ဝါးမလိုကြည့်ပုံ၊ မျက်စောင်းထိုးကြည့်ပုံ၊ နှုတ်ခမ်းစူပုံ၊ နှုတ်ခမ်းကို တင်းကြပ်စွာ ကိုက်ထားပုံ စသည်တို့ကို စုံလင်စွာ တွေ့မြင်ရမည် ဖြစ်ပါသည်။

ဒေါသပြင်းထန်လာသည့်အခါ တစ်ကိုယ်လုံး တုန်လှုပ်လာပုံ၊

၁။ မေ့သာလ်ကီမှုလဋီကာ။၁၂၈။ ၂။မလိုလားအပ်၊ မနှစ်သက်အပ်သောရုပ်။

သဒ္ဒါရုပ်ခေါ် အသံပါတုန်ခါလာပုံ၊ စကားပြောထစ်လာပုံ၊ ပြောလိုသည့် စကားများကို မှန်ကန်ပြည့်စုံအောင် မပြောနိုင်ပုံ၊ အခြားသူများ မနှစ်သက်ဖွယ်၊ မကြားဝံ့မနာသာ ရုန့်ရင်းကြမ်းတမ်းသည့် စကားလုံးများ နှုတ်မှထွက်လာပုံ စသည်တို့ကိုလည်း တွေ့ဖူးကြမည် ဖြစ်သည်။

ထိုမျက်စိမျက်နှာပျက် ဖြစ်ခြင်း၊ အသံတုန်ခါခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်ခြင်း၊ စကားကို မှန်ကန်ပြည့်စုံအောင် မပြောဆိုနိုင်ခြင်း၊ ပြောသည့် စကားများမှာလည်း ရုန့်ရင်းကြမ်းတမ်း နားမချမ်းသာသည့် စကားသာဖြစ်ခြင်း စသည်တို့သည် ကြားရသူ မြင်ရသူအားလုံးတို့ မနှစ်သက် မလိုလားအပ်သည့် ရုပ်စဉ်များဖြစ်၍ ထိုရုပ်စဉ်များကို အနိဋ္ဌရုပ်များဟုခေါ်သည်။ ထိုအနိဋ္ဌရုပ်များကား ဒေါသကြောင့် တစ်ကိုယ်လုံးတွင် ပျံ့နှံ့ဖြစ်ပေါ်လာသော ရုပ်များတည်း။ ထို့ကြောင့် ဒေါသသည် တစ်ကိုယ်လုံး၌ အနိဋ္ဌရုပ်များကိုဖြစ်ပေါ်စေခြင်း ရသရှိ၏ဟု မိန့်ဆိုခြင်းဖြစ်သည်။

အဋ္ဌသာလိနီ အဋ္ဌကထာတွင်… ဒေါသကြောင့် အနိဋ္ဌရုပ်များတစ်ကိုယ်လုံး ပျံ့နှံ့ဖြစ်ပေါ်လာပုံကို မြားဆိပ်၊ မြွေဆိပ်များ ကျရောက်ပုံနှင့် ဥပမာဆောင် ပြထား၏။ မြားဆိပ်၊ မြွေဆိပ်တို့သဘောသည်ခန္ဓာကိုယ်သို့ ကျရောက်သည့်အခါ ပြင်းထန်စွာ တစ်ကိုယ်လုံးပျံ့နှံ့သွားခြင်းသဘောရှိပေသည်။ ထို့အတူ ဒေါသဖြစ်လာသည့်အခါ၌လည်း ဒေါသစေတသိက်ကြောင့် တစ်ကိုယ်လုံး၌ အနိဋ္ဌရုပ်များအရုပ်ပျက် အဆင်းပျက်ဖြစ်အောင် ပျံ့နှံ့လျက် ဖြစ်သည်ဟု

အဓိပ္ပာယ်ရပေသည်။

ဤသို့ ဒေါသစေတသိက်သည် တစ်ကိုယ်လုံး၌ အနိဋ္ဌရုပ်များကိုဖြစ်ပေါ်စေခြင်းကိစ္စရှိပေသည်။

## (၂) ဒေါသ၏ မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းခြင်းကိစ္စ

ဒေါသ၏ မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းခြင်းကိစ္စသည် ဒေါသ၏ ဆောင်ရွက်ချက်ကိစ္စဖြစ်သဖြင့် သမ္ပတ္တိရသ၊ ကိစ္စရသ ၂-မျိုးတွင် ကိစ္စရသဖြစ်သည်။

လောင်ကျွမ်းပုံ ။ ။ ဒေါသသည် မိမိမှီရာ ဟဒယဝတ္ထုရုပ်ကို (ဝါ) တစ်ကိုယ်လုံးရှိ ရုပ်တရား နာမ်တရားတို့ကို လောင်ကျွမ်းတတ်သည့် သဘောရှိပေသည်။ ယင်းသို့ လောင်ကျွမ်းတတ်၍ မီးနှင့် သဘောတူသောကြောင့် "ဒေါသမီး(ဒေါသဂ္ဂိ)"ဟု မီးနှင့် နှိုင်းခိုင်းကာ ဝိဘင်းပါဠိတော် စသည်တို့၌ ဘုရားရှင် ဟောတော်မူခဲ့ခြင်းဖြစ်သည်။

ချဲ့ပြဦးအံ့၊ ဒေါသစေတသိက်သည် နာမ်တရားတို့၏ မှီရာဝတ္ထုရုပ် ၆-မျိုးတွင် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်ပေါ်ရ၏။ ထို့ကြောင့် ဒေါသဖြစ်လာသည့်အခါ မိမိမှီရာ ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်း၏။ တစ်ချိန်တည်းမှာပင် ထိုဟဒယဝတ္ထုရုပ်ကိုပင်မှီ၍ မိမိနှင့်အတူ ဖြစ်လာကြသည့် စိတ်စေတသိက်တရားတို့ကို ပူပူလောင်လောင် ဖြစ်စေသည်။ ထိုစိတ်စေတသိက်တို့ကြောင့် ဖြစ်လာသော စိတ္တဇရုပ်များသည်လည်း ဒေါသအရှိန်ကြောင့် ပူလောင်ကြကုန်၏။ ထိုစိတ္တဇရုပ်များနှင့် ပူးကပ်လျက် ဖြစ်ကြရသော ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များသည်လည်း အပူဓာတ်ကူးစက်၍ တစ်ကိုယ်လုံး လောင်ကျွမ်းသွားတော့၏။

ထို့ကြောင့် ဒေါသဖြစ်လာသည့်အခါ ဒေါသအပူရှိန်ကြောင့် နှလုံးသွေးများ ဆူဝေလာပြီး မျက်ထောင့်များ နီရဲလာသည်။ အသားအရေများ နီမြန်းလာသည်။ စိတ်စေတသိက်များ ပူလောင်လာသဖြင့်

ကိုယ်အမူအရာ၊ နှုတ်အမူအရာ ခက်ထန်တင်းမာလာသည်။ အသံများ ကျယ်လောင်မာကြောလာ၏။ ခြေတုန်လက်တုန်ဖြစ်ပြီး ခန္ဓာကိုယ်တစ်ခုလုံးပင် တုန်တုန်ရီရီ ဖြစ်လာတတ်သည်။ သွေးခုန်နှုန်းမြန်လာပြီး လည်ချောင်းအာခေါင်များပင် ခြောက်ကပ်ကပ် ဖြစ်လာသည်။ ဤသည်တို့မှာ ဒေါသ၏ လောင်ကျွမ်းမှုသဘောကို ဖော်ညွှန်းနေသော သွင်ပြင်လက္ခဏာများပင် ဖြစ်သည်။

**စတုမဟာရာဇ်နတ်တို့ကို လောင်ကျွမ်းပုံ** ။ ။ ထိုဒေါသ၏ လောင်ကျွမ်းခြင်းသည် စတုမဟာရာဇ်နတ်များ၌ အလွန်ထင်ရှား၏။ စတုမဟာရာဇ်နတ်တို့၏ ရုပ်ခန္ဓာသည် လူတို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်လောက်အောင် နူးညံ့သိမ်မွေ့လှသည်။ ယင်းနတ်များဒေါသ ပြင်းစွာထွက်လျှင် ထိုဒေါသက သူတို့၏ နူးညံ့သိမ်မွေ့လှသည့် ရုပ်ခန္ဓာကို လောင်ကျွမ်းသဖြင့် ထိုနတ်တို့ စုတေကြရသည်။ နတ်တို့ ရုပ်ခန္ဓာကြီး အပြီးတိုင်ကွယ်ပျောက်သွားရသည်။ ယင်းနတ်တို့ကို မနောပဒေါသိက[၁]နတ်များဟု ဘုရားရှင် ဟောတော်မူပါသည်။

မှန်ပါသည်။ တစ်နေ့သောအခါတွင် စာတုမဟာရာဇ်နတ်သားတစ်ယောက်သည် နက္ခတ်ပွဲသဘင် ကစားရန် အခြံအရံနတ်သမီးများနှင့်အတူ ရထားဖြင့် အပျော်ခရီးထွက်သတဲ့၊ ထိုနတ်သားနှင့် မရှေးမနှောင်းမှာပင် အခြား နတ်သားတစ်ယောက်ကလည်း ခရီးထွက်လာခဲ့ရာ ထိုနတ်သားကိုတွေ့၍ “အို အချင်းတို့၊ ဤနတ်သားသည် မမြင်ဖူး မတွေ့ဖူးသည့် စည်းစိမ်ချမ်းသာကို မြင်တွေ့ရသည့်ဆင်းရဲသားပမာ ရှေးကမမြင်ဖူးသည့် ဤနတ်စည်းစိမ်ကို မြင်ရသောကြောင့် ဝမ်းမြောက်သော ပီတိအဟုန်ဖြင့် ဝင့်ဝင့်ကြွားကြွား

---

၁။ ဒေါသကြောင့်ပျက်စီးရသောနတ်များ။

မောက်မော်သောအမူအရာဖြင့်သွား၏"ဟုဆိုက အမျက်ထွက်လေ၏။

ရှေ့ကသွားသော နတ်သားသည် နောက်သို့ ပြန်လှည့်လာသည့်အခါ "အမျက်ထွက်သူတို့မည်သည် သီလွယ်သောသဘော ရှိကုန်၏" ဆိုသည့်အတိုင်း ထိုအမျက်ထွက်သည့် နတ်သားကိုတွေ့၍ "သင် ဒေါသထွက်လို့ ကျွန်ုပ်ကို ဘာလုပ်နိုင်မှာလဲ၊ ဒီစည်းစိမ်ချမ်းသာဟာ ကျွန်ုပ်ရဲ့ ဒါန, သီလ, စတဲ့ ကုသိုလ်ကြောင့် ရလာတဲ့ စည်းစိမ်ချမ်းသာပဲ၊ သင့်အစွမ်းအစကြောင့် ရလာတဲ့ စည်းစိမ်းချမ်းသာ မဟုတ်ပါဘူး"ဟု ဆိုကာ ပြန်၍ အမျက်ဒေါသထွက်လေ၏။ ယင်းသို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဒေါသဖြစ်ကြသဖြင့် ဒေါသပြင်းထန်လာရာ အခြံအရံ နတ်သမီးတို့ ငိုကြွေးနေစဉ်မှာပင် နတ်သားနှစ်ယောက်လုံး စုတေ ပျောက်ကွယ်သွားကြကုန်တော့၏။ ဤသို့ ဒေါသသည် နတ်တို့ကို စုတေသွားအောင်ပင် လောင်ကျွမ်းနိုင်ပေသည်။[1]

ထို့ပြင် သတ္တဝါများသည် ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ချမ်းသာပျက်စီးခြင်းစသည့် အနိဋ္ဌာရုံများနှင့် တွေ့ကြုံရသည့်အခါ၌လည်း လွန်လွန်မင်းမင်း စိတ်ပင်ပန်းခြင်း ဖြစ်ကြရသည်။ အချို့ပုဂ္ဂိုလ်တို့မှာ မေ့မြော၍ပင် သွားကြသည်။ ယင်းသို့ဖြစ်ခြင်းကား ဥပါယာသ[2]ခေါ် ဒေါသ၏ လောင်ကျွမ်းမှုပင်တည်း။

ဤဖော်ပြခဲ့ပြီးသော အကြောင်းအရာများမှာ တက်ကြွသော ဒေါသ၏ လောင်ကျွမ်းမှု သဘောခြင်းရာများ ဖြစ်ပေသည်။ ယင်းတက်ကြွသော ဒေါသကို ရဲရင့်သောဒေါသဟု ဆိုကြသည်။

**ကြောက်ရွံ့ခြင်းသည် ဒေါသလား။ ။**

ဒေါသသည် တက်ကြွရဲရင့်ခြင်းကို ဖြစ်စေသကဲ့သို့ ဆုတ်နစ်ကြောက်ရွံ့ခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်၍ ဒေါသ

---

၁။ ဒီ၊ ၁၊ ၁၉၊ ဒီ၊ ၄၊ ၁၊ ၁၀၅။

၂။ ပြင်းထန်သောစိတ်ပင်ပန်းမှု(ဒေါသ)

စေတသိက်တစ်ခုတည်းပင် ဖြစ်သော်လည်း တက်ကြွရဲရင့်စေသော ဒေါသ၊ ဆုတ်နစ်ကြောက်ရွံ့စေသော ဒေါသဟု နှစ်မျိုးခွဲနိုင်ပါသည်။ ထို့ကြောင့် စွယ်စုံကျော်ထင်ကျမ်း ဒုတိယတွဲ(၁၉၀)၌ "ကြောက်သည်၊ ရဲသည် ထိုနှစ်တည် မည်သည့် တရားကိုယ်တို့နည်း"ဟူသော အမေးကို "စိတ်၏ထိတ်လန့်ခြင်း၊ ကြောက်ခြင်းသည်လည်း ဒေါသတရား၊ စိတ်၏ ရဲရင့်ခြင်း ကြမ်းကြုတ်ခြင်းသည်လည်း ဒေါသတရားပင်ဖြစ်သည်။ ဒေါသတည်းဟူသော တရားကိုယ် တစ်ပါးတည်းဖြစ်လျက် အဘယ့်ကြောင့် ကြောက်ခြင်း၊ ရဲခြင်းဟူသော ကိစ္စနှစ်ပါးကို ယူအပ်သနည်း။ ဆန့်ကျင်ဘက်ဖြစ်သည် မဟုတ်လောဟူ ငြားအံ့။ (ဧကမ္မောပိ သမာနော၊ တရားတစ်ခုတည်းပင် ဖြစ်သော်လည်း။ အာရမ္မဏာဘောဂါနုရူပံ၊ အာရုံနှလုံးသွင်းအားလျော်စွာ။ အနေကာနိကိစ္စာနိ၊ များစွာသောကိစ္စတို့ကို။ သာဓေတိ၊ ပြီးစေနိုင်၏) ဟူသော အဋ္ဌကထာပါဠိနှင့်အညီ တစ်ခုတည်းသော တရားပင် ဖြစ်သော်လည်း အာရုံအားလျော်စွာလည်းကောင်း၊ နှလုံးသွင်းအားလျော်စွာလည်းကောင်း များစွာသောကိစ္စတို့ကို ပြီးစေနိုင်သည်သာဖြစ်၏" စွယ်စုံကျော်ထင် ဆရာတော်ဘုရားကြီး ဖြေကြားတော်မူခြင်း ဖြစ်ပါသည်။

ထိုဆုတ်နစ် ကြောက်ရွံ့သော ဒေါသသည်လည်း လောင်ကျွမ်းတတ်သော သဘောရှိပေသည်။ ယင်းသဘောသည် ပရိသတ်အလယ်၌ စကားမပြောဖူးသူ၊ မိန့်ခွန်းမပြောဖူးသူ၊ တရားမဟောဖူးသူတို့ မိန့်ခွန်းစကားပြောသည့်အခါ တရားဟောသည့်အခါတို့၌ ဖြစ်စေ၊ တပည့်ဖြစ်သူတို့ ဆရာသမားရှေ့၌ အာဂုံပြန်စာများကို ပြန်ဆိုရာတို့၌ဖြစ်စေ၊ ကြောက်ဖွယ်အာရုံတို့နှင့် တွေ့ကြုံရသည့်အခါ၌ဖြစ်စေ ထင်ရှားသိသာလှပေသည်။ ထိုသူတို့မှာ ပရိသတ်များ၊ ဆရာသမားများနှင့် ကြောက်ဖွယ်အာရုံတို့ကို ကြောက်ရွံ့သဖြင့် ကြက်သီးမွေး

ညင်းထခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တုန်ခြင်း၊ အသံပွင့်ပွင့်လင်းလင်း မထွက်ခြင်း၊ အသံတုန်ခြင်း၊ တစ်ထစ်ငေါ့ငေါ့ဖြစ်ခြင်း၊ ပါးစပ်အတွင်း၌ တံတွေးများ ချွဲပျစ်လာခြင်း၊ ချွေးစီးများထွက်ခြင်း စသည်တို့ ဖြစ်လာလေ့ရှိသည်။ အချို့ကား ကြောက်ဖွယ်အာရုံနှင့် အချိန်ကြာကြာ တွေ့ကြုံရသည့်အခါ၌မူ အသားအရေများ ပြာလာပြီး မျက်ကွင်းများပင် ညိုလာတတ်ပေသည်။ ဥပမာအားဖြင့် တောကြက်များကို ဖမ်းမိသည့်အခါ အလွန်ကြောက်သဖြင့် နီရဲနေသော အမောက်များသည် မကြာမီ ညိုမဲလာသည်နှင့်တူ၏။ အဓိပ္ပာယ်မှာ ဆုတ်နစ်ကြောက်ရွံ့သော ဒေါသကြောင့် သွေးများခဲသွားသည့်သဘောပင် ဖြစ်ပေသည်။

ဆန့်ကျင်ဘက်အဒေါသကို လောင်ကျွမ်းပုံ ။ ။ အဒေါသ ခေါ် မေတ္တာ တရားကား ဒေါသနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် တရားတည်း။ ဒေါသသည် ဆန့်ကျင်ဘက် အဒေါသတရားကို အခါခပ်သိမ်း လောင်ကျွမ်းနိုင်သည်။ ယင်းသို့လောင်ကျွမ်းပုံကို ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဤသို့ ရေးသားခဲ့ပါသည်။

ဒေါသမီးသည်ကား အဒေါသတရားကိုလည်းကောင်း၊ အဒေါသနှင့်စပ်သော ချမ်းသာသုခကိုလည်းကောင်း၊ ပြောင်စင်အောင် လောင်နိုင်၏။ အဒေါသဆိုသည်ကား နတ်သိကြားတို့၏ အသုံးအဆောင်ဖြစ်သော အလွန်အေးချမ်းသော ဂေါသီတစန္ဒကူးနံ့သာတုံးနှင့်တူသည့် စိတ်မျိုးတည်း။ စန္ဒကူးနံ့သာတုံးတို့မည်သည် ပွက်ပွက်ဆူသော ရေပူဆိုပူမှာချ၍ နှစ်၍ထားသည်ရှိသော် ထိုရေပူဆိုပူသည် သီတာရေကဲ့သို့ ခဏချင်း အေးချမ်းရ၏။ ထို့အတူ အဒေါသတရား မည်သည် ရန်သူတို့၏အလယ်မှာနေသော်လည်း ရန်စိတ်ရန်ပေါက် ပြေပျောက်

ငြိမ်းချမ်းကြကုန်၏။ ဥပုသ်သီတင်းသုံးမှု၊ ရသေ့ရဟန်း ပြုလုပ်မှုများသည် ထိုအဒေါသဥယျာဉ်ကို ပြုစု ပျိုးထောင်ပေးမှုပေတည်း။ ထိုအဒေါသဥယျာဉ်သည် အစဉ်အတိုင်း ကြီးပွားစည်ကားသွားမှုကား မင်္ဂ, ဖိုလ်, နိဗ္ဗာန်တည်းဟူသော အပွင့်အသီးကိုဆောင်ပေ၏။

ယခုရှိကြသော သတ္တဝါတို့မှာမူကား အနမတဂ္ဂသံရာကာလ၌ ပြုစုပျိုးထောင်ခဲ့သမျှသော အဒေါသဥယျာဉ်စုသည် ပွင့်ပေါင်းသီးပေါင်း မကြီးရဘဲ ဒေါသမီးလောင်၍လောင်၍ချည်း ပြောင်စင်ကာလာခဲ့ကြရ၏။ ယခုပင် သဗ္ဗသတ္တာ အဝေရာ ဟောန္တု၊ ယခုပင် သူတစ်ပါးတို့ကို ငြူစူစောင်းမြောင်း မကောင်းပြစ်တင် နှလုံးချဉ်ပေါက် ဝေါက်လိုဝေါက်, ငန်းလိုငန်း, အကြမ်းအရွဲ့ ကပ်ဖဲ့ကပ်ကိုးအခိုးထောင်းထောင်း ဖြစ်လာ၏။ ရသေ့ရဟန်းပြု၍ ယခုဘဝ ဗြဟ္မစိုရ်တရားစုကို ပွားများ၍ အခြားမဲ့ဘဝမှာ ဗြဟ္မာမင်းကြီး ဖြစ်သည်မှနောက်ဘဝမှာ ဓားပြ, သူခိုး, မုဆိုး, တံငါ ဤသို့လျှင် အနမတဂ္ဂသံသရာ၌ ပြုစုပျိုးထောင်ခဲ့သမျှသော အဒေါသဥယျာဉ်၏ ဒေါသမီးနှင့် ပျက်စီးဆုံးပါး၍ လာခဲ့ကြသည်ကို သိအပ်၏။

အဒေါသနှင့်စပ်သော ချမ်းသာသုခဆိုသည်ကား အဒေါသဥယျာဉ် ကြီးပွားစည်ကားသောသူတို့အား ငရဲဘေးမှ လွတ်ငြိမ်း၏။ လူ၌လည်း အနာရောဂါဘေး၊ ရန်သူဘေးတို့မှ လွတ်ငြိမ်း၏။ အသက်တိုသော ကာမဘုံမှသော်လည်း လွတ်ငြိမ်း၏။ အနမတဂ္ဂသံသရာ၌ ပြုစုခဲ့သမျှသော အဒေါသဥယျာဉ်စုသည် ဒေါသမီးချည်းပျက်ဆီးဆုံးပါးစေခဲ့သည့်အတွက်ကြောင့် ယနေ့ထက်တိုင် ငရဲဘေးတန်းလန်း, ရောဂါဘေး တန်းလန်း ရန်သူဘေးတန်းလန်း ရှိနေကြ၏။ ဤကဲ့သို့ သံသရာရှည်၍ တွက်ခြေမလှ၊ ခြောက်ဒွါရမှာ ဒေါသမီးတဟုန်းဟုန်းတောက်လောင်၍နေကြသော လူ့ဘဝ, နတ်ဘဝ

စုသည် သုခဟူ၍ မြူမြူမဖက် ဒုက္ခသက်သက်သာဖြစ်ပေသတည်း[၁]။

အဋ္ဌသာလိနီကထာ၌ကား ဒေါသသည် တောမီးနှင့်တူ၏ဟု ဖွင့်ဆိုထား၏။ တောမှဖြစ်သော တောမီးသည် မိမိ၏မှီရာတောကို လောင်ကျွမ်းသကဲ့သို့ ဒေါသသည်လည်း မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းတတ်၏ဟုသာ ဖွင့်ဆိုထားပါသည်။ ဆန့်ကျင်ဘက် အဒေါသကို လောင်ကျွမ်းပုံ မဖွင့်ဆိုပါ။ ဤနည်းသာ အဘိဓမ္မာနည်းစစ်ဖြစ်ပါသည်။

ဤသို့ဒေါသသည် မိမိ၏မှီရာပုဂ္ဂိုလ်ကို (ဝါ)ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းခြင်း ကိစ္စရှိပေသည်။

## ဒေါသ၏ပစ္စုပဋ္ဌာန်

ဒေါသစေတသိက်သည် မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို ဖျက်ဆီးတတ်သည့်တရားဟု အဘိဓမ္မာသဘောကို စူးစူးစိုက်စိုက် လေ့လာရှုမြင်သူတို့၏ ဉာဏ်တွင် ရှေးရှုထင်လာခြင်း သဘောရှိ၏။ [၂]

မိမိမှီရာပုဂ္ဂိုလ်ကိုဖျက်ဆီးပုံ။ ။ ဒေါသဖြစ်ကြောင်း မကောင်းသော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရ၍ ပုဂ္ဂိုလ်တစ်ဦး၏ စိတ်အစဉ်တွင် ဒေါသဝင်လာသည့်အခါ ဒေါသသည် မိမိမှီရာ ပုဂ္ဂိုလ်ကို ရှေးဦးစွာ ဖျက်ဆီးလေသည်။ ဥပမာဆိုသော် ဒေါသစေတသိက်သည် ပြာသာဒ်ကို မီးတိုက်သည့် မီးရှူးနှင့်တူ၏။ မီးရှူးသည် ပြာသာဒ်ကို မလောင်မီ မိမိကို ရှေးဦးစွာ လောင်၍ ပျက်စီးသကဲ့သို့ ဒေါသစေတသိက်သည်လည်း သူတစ်ပါး

---

၁။ ပဋိစ္စသမုပ္ပါဒ်ဒီပနီ။၁၅၄၊၁၅၅။ ၂။ အဘိ၊ဋ္ဌ၊၁။၂၉၈။အဘိဓမ္မာဝတာရဋီကာသစ်။၃၂၃။

တို့အား အမျက်ထွက်သည့်အခါ သူတစ်ပါးတို့ကို မဖျက်ဆီးမီ မိမိမိုရာပုဂ္ဂိုလ်ကို ရှေးဦးစွာ မျက်စိပြူးတူး မျက်ဆံပြူးတူး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဖျက်ဆီးတတ်သည့် သဘောရှိပေသည်။ [၁]

တစ်နည်းဆိုရသော် ရသနှစ်မျိုးလုံးတွင် ပြဆိုခဲ့သည့် ရုပ်တရား နာမ်တရားတို့၏ လောင်ကျွမ်းဖောက်ပြန်မှုများ အားလုံးသည် ဒေါသ၏ မိမိမိုရာပုဂ္ဂိုလ်ကို ဖျက်ဆီးပုံ အခြင်းအရာများပင်ဖြစ်သည်။ ထို့ကြောင့် မိမိမိုရာပုဂ္ဂိုလ်ကို ဖျက်ဆီးပုံကို ရသခန်းလာ အဓိပ္ပာယ်များအတိုင်း မှတ်သားရန် ဖြစ်ပါသည်။

**သူတစ်ပါးတို့အား ဖျက်ဆီးပုံ။ ။** ဒေါသဖြစ်လာသည့်အခါ ဒေါသသည် မိမိမိုရာပုဂ္ဂိုလ်ကို ရှေးဦးစွာ ဖျက်ဆီးပြီးနောက် သူတစ်ပါးတို့အား ကြိမ်းမောင်းခြင်း၊ ဆဲရေးတိုင်းထွာခြင်း စသည်တို့ဖြင့်လည်းကောင်း၊ ရိုက်နှက်ခြင်း၊ ထိုးခုတ်ခြင်း၊ တွန်းလှဲခြင်း စသည်တို့ဖြင့်လည်းကောင်း ဖျက်ဆီးတတ်သော သဘောရှိပေသည်။ ယင်းသို့ ကိုယ်နှုတ်တို့ဖြင့် ဖျက်ဆီးသည့်အခါ အဖျက်ဆီး ခံရသူမှာ မိမိကိုယ်နှုတ်တို့ဖြင့် ပြန်လှန်၍ မပြစ်မှားမကျူးလွန်သည့်တိုင်အောင် တန်ပြန်ဒေါသဖြစ်ရခြင်းမှာ သာမန်လောကသားတို့၏ သဘာဝပင်ဖြစ်သည်။ ဤသို့ သူတစ်ပါးတို့အား ဒေါသဖြစ်လာအောင် ပြုမူခြင်းသည်လည်း ဖျက်ဆီးခြင်းတစ်မျိုးပင် ဖြစ်ပေသည်။

ဒေါသစေတသိက်သည် မိမိ သူတစ်ပါးနှစ်ဦးသားတို့အား ဖျက်ဆီးတတ်သည်ဟု ဆိုသော်လည်း သူတစ်ပါးတို့အား ဖျက်ဆီးခြင်းကား မသေချာလှချေ။ မိမိမိုရာ ပုဂ္ဂိုလ်ကိုမူကား ဧကန်မုချ ဖျက်ဆီးတတ်သည့်သဘော ရှိပေသည်။ ဥပမာအားဖြင့် ဒေါသသည် သူ

---

၁။ အဘိဓမ္မတ္ထဒီပကာ၊ပတွဲ။၁၅၊၁၇။

တစ်ပါးတို့အား ပစ်ရန်ပက်ရန် လက်ဖြင့်ကိုင်ယူသော မစင်နှင့်တူ၏။ လက်ဖြင့် မစင်ကိုင်၍ သူတစ်ပါးတို့အား ပက်သည်ရှိသော် ထိုမစင်သည် သူတစ်ပါးတို့အား ထိမှန်ရန် မသေချာလှသော်လည်း မိမိကိုမူ ရှေးဦးစွာ မစင်ပေကျံမည်ကား ဧကန်ဖြစ်၏။ ထို့အတူ ဒေါသသည် သူတစ်ပါးတို့အား ဖျက်ဆီးသည်ဟုဆိုသော်လည်း သူတစ်ပါးတို့အား ဖျက်ဆီးခြင်းသည် မသေချာ၊ မိမိမှီရာတည်ရာပုဂ္ဂိုလ်ကိုမူကား မုချ ဖျက်ဆီးသည်သာဖြစ်၏။ အယုတ်ဆုံးအားဖြင့် အမူအရာပျက်ခြင်း၊ အဆင်းမလှခြင်း၊ ဖောက်ပြန်ခြင်းသို့ ရောက်စေသောအားဖြင့် ဖျက်ဆီးတတ်သောသဘောရှိပေသည်။

ဤပြဆိုခဲ့ပြီးသော ဒေါသ၏ ပစ္စုပဋ္ဌာန်သည် ပစ္စုပဋ္ဌာန်နှစ်မျိုးတွင် စူးစူးစိုက်စိုက် လေ့လာရှုမြင်သူတို့၏ ဉာဏ်တွင် ထင်မြင်လာသည့်သဘောခြင်းရာ (ဉပဋ္ဌာန နယ) ပစ္စုပဋ္ဌာန်ပင်ဖြစ်သည်။ ထို့ကြောင့် "မိမိသူပါးနှစ်ဦးသားတို့အား ဖျက်ဆီးခြင်းဟူသော ပစ္စုပဋ္ဌာန်သည် ရှေ့လက္ခဏာခန်း၊ ရသခန်းတို့တွင် ပြဆိုခဲ့သည့် ဒေါသ၏ ကြမ်းတမ်းခြင်း၊ လောင်ကျွမ်းခြင်း၊ အနိဋ္ဌရုပ်များကို ပျံ့နှံ့စေခြင်း သဘောတရားတို့၏ အခြင်းအရာများပင် ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းအားထုတ်သည့် ယောဂီပုဂ္ဂိုလ်သည် ဒေါသပရမတ်တရား၏ သဘောသွားကို ဆင်ခြင်နှလုံးသွင်းလိုက်သည့်အခါ သူ၏ ဉာဏ်တွင် "ဒေါသစေတသိက်ကား ဖျက်ဆီးတတ်သည့်သဘောရှိပါတကား"ဟု ရှေးရှုထင်မြင်ခြင်းဒေါသစေတသိက်၏ အခြင်းအရာသည်ပင် ပစ္စုပဋ္ဌာန် ဖြစ်ပေသည်။

## ၅။ ဒေါသ၏ပဒဋ္ဌာန်

ဒေါသသည် ရန်ငြိုးဖွဲ့ကြောင်းဖြစ်သော အာဃာတဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

---

၁။ အဘိ၊ဋ္ဌ၊၁။၂၉၈။

"တစ်နည်း"

ဒေါသဖြစ်ပေါ်ရန် အကြောင်းတို့သည် (၁) အနိဋ္ဌာရုံနှင့် (၂) မသင့်မလျော် နှလုံးသွင်းချော်ခြင်းတို့ဖြစ်သည်။[၁]

## အာဃာတဝတ္ထု (၁၀)ပါး

ဒေါသဖြစ်ရန် အနီးကပ်ဆုံးသော အကြောင်းတရားများကို အာဃာတဝတ္ထုဟုခေါ်သည်။ အာဃာတဆိုသည်မှာ ရန်ငြိုးဖွဲ့တတ်သည့် ဒေါသစေတသိက်၏ နာမည်ဖြစ်သည်။ ထို ဒေါသအာဃာတ ဖြစ်ပေါ်ရန် အကြောင်းအချက်များကို အာဃာတဝတ္ထုဟုခေါ်သည်။ (အာဃာတ=ဒေါသ+ဝတ္ထု=ဖြစ်ကြောင်း)။ ထိုအာဃာတဝတ္ထုတို့ကို ဓမ္မသင်္ဂဏီ ပါဠိတော် ဟေတုဂေါစ္ဆက ဒုကနိက္ခေပကဏ္ဍ၌ (၁၀)ပါး ဟောထားတော်မူ၏။ ထို ၁၀-ပါးမှာ...

(၁) ဤသူသည် ငါ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို ပြုခဲ့ဖူးပြီဟု ရေးကပြုဖူးသည်ကိုစွဲ၍ ရန်ငြိုးထားခြင်း။

(၂) ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ယခုပြုနေ၏ဟု ပြုတုန်း ပြုဆဲကိုစွဲ၍ ရန်ငြိုးထားခြင်း။

(၃) ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုပေလိမ့်မည်ဟု နောင်ပြုအံ့မည်ကို မြော်ခေါ်၍ ရန်ငြိုးထားခြင်း။

(၄) ဤသူသည် ငါချစ်ခင်မြတ်နိုးသူ၏ အကျိုးစီးပွားမဲ့ကို ပြုခဲ့ဖူးပြီဟု ရေးကပြုခဲ့ဖူးသည်ကိုစွဲ၍ ရန်ငြိုးထားခြင်း။

(၅) ဤသူသည် ငါချစ်ခင်မြတ်နိုးသူ၏ အကျိုးစီးပွားမဲ့ကို ယခုပြုနေ၏ဟု ပြုတုန်းပြုဆဲကိုစွဲ၍ ရန်ငြိုးထားခြင်း။

---

၁။ အံ၊၁၊၈၇။

(၆) ဤသူသည် ငါချစ်ခင်မြတ်နိုးသူ၏ အကျိုးစီးပွားမဲ့ကို ပြုပေလိမ့်မည်ဟု နောင်ပြုအံ့မည်ကို မြော်ခေါ်၍ ရန်ငြိုးထားခြင်း။

(၇) ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို ပြုခဲ့ဖူးပြီးဟု ရှေးကပြုခဲ့ဖူးသည်ကိုစွဲ၍ ရန်ငြိုးထားခြင်း။

(၈) ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို ယခုပြုနေ၏ဟု ပြုတုန်းပြုဆဲကိုစွဲ၍ ရန်ငြိုးထားခြင်း။

(၉) ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွားကို ပြုပေလိမ့်မည့်ဟု နောင်ပြုအံ့မည်ကို မြော်ခေါ်၍ ရန်ငြိုးထားခြင်း။

(၁၀) မိုးရွာလွန်းသည့်အခါ "မိုးကလည်း ရွာနိုင်ရန်ကော"ဟုလည်းကောင်း၊ မိုးမရွာပြန်သော် "မရွာကောင်းလော"ဟုလည်းကောင်း၊ လေမတိုက်ဘဲနေသော် "လေကလည်း မတိုက်ပြန်ဘူးဟု လည်းကောင်း၊ လေတိုက်ပြန်လျှင်လည်း လေကလည်းတိုက်လိုက်တာ"ဟုလည်းကောင်း၊ နေပူသည့်အခါ "နေကလည်း ပူလိုက်တာ"ဟုလည်းကောင်း၊ နေမပူသည့်အခါ "နေကလည်းမပူပြန်ဘူး"ဟုလည်းကောင်း၊ ဗောဓိညောင်ရွက်များ ကြွေကျရာ၌လည်း "ညောင်ရွက်တွေကလည်း ကြွေလိုက်တာ တံမြက်စည်းတောင် လှဲလို့မရနိုင်ဘူး"ဟုလည်းကောင်း၊ လေတိုက်လွန်း၍ သင်္ကန်းရုံမရသည့်အခါ၌လည်း "ဒီလေကလည်း တိုက်လိုက်တာ၊ သင်္ကန်းတောင် ရုံမရဘူး"ဟုလည်းကောင်း၊ မတော်တဆ ခလုတ်တိုက်မိသည့်အခါ၌ ခလုတ်တိုက်ခြင်း၌လည်းကောင်း အမျက်ဒေါသထွက်လေ့ရှိခြင်းဟူ၍ အာဃာတဝတ္ထု (၁၀) မျိုး ရှိပေသည်။

ထိုတွင် အမှတ် ၁၀–အာဃာတဝတ္ထုသည် ဒေါသထွက်ရမည့် အရာဌာနမျိုး မဟုတ်ရာ၌ ဒေါသထွက်ခြင်းမျိုးဖြစ်၍ ယင်းကို "အဋ္ဌာနကောပ"[၁]ဟု ခေါ်ဆိုပေသည်။

ထိုဒေါသဖြစ်ရန် အနီးကပ်ဆုံးအကြောင်း (အာဃာတဝတ္ထု) ဆယ်ပါးတွင် အဋ္ဌာနကောပမှတစ်ပါး ကျန် ၉–ပါးသည် သက်ရှိသတ္တဝါကို အာရုံပြု၍ဖြစ်သောကြောင့် ကမ္မပထမြောက်သည်။ အဋ္ဌာနကောပမှာမူ မိုး, နေ, လေ စသော သက်မဲ့သင်္ခါရတရားတို့၌ အမျက်ထွက်သောကြောင့် ကမ္မပထမမြောက်၊ မနောဒုစရိုက်မျှသာ ဖြစ်၏။ အကုသိုလ်ကံတို့မှာ ကမ္မပထမြောက်သည့်အရာရှိသကဲ့သို့ ကမ္မပထမမြောက်သည့်အရာလည်း ရှိပေသည်။ ဤ၌ ကမ္မပထ ဆိုသည်မှာ အပါယ်သို့သွားရန် လမ်းကြောင်းဖြစ်သော ကံ(ကမ္မ=ကံ+ပထ=လမ်းကြောင်း)ဟု အဓိပ္ပာယ်ရ၏။ ကမ္မပထမြောက်သော အကုသိုလ်ကံဖြစ်လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေကျိုးကို ပေးနိုင်၏။ ကမ္မပထမမြောက်သည့် အကုသိုလ်ကံဖြစ်မူ ပဋိသန္ဓေကျိုးကို မပေးနိုင်၊ ပဝတ္တိကျိုးမျှကိုသာ ပေးနိုင်သည့် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်မျှသာ ဖြစ်သည်။[၂]

အာဃာတဝတ္ထု ၁၀–ပါးကို အတိုချုပ်ဖော်ပြရလျှင်...

(၁) မိမိ၏ အကျိုးစီးပွားမဲ့

(၂) မိမိချစ်ခင်လေးမြတ်သူ၏ အကျိုးစီးပွားမဲ့

(၃) မိမိမုန်းသူ(ရန်သူ)၏ အကျိုးစီးပွား

ထိုသုံးမျိုးကို...

(က) ရှေးကပြုခဲ့ဖူးခြင်း၊

(ခ) ယခုပြုနေခြင်း၊

(ဂ) နောင်ပြုမည်ဖြစ်ခြင်း...

---

၁။ အရာမဟုတ်သည့်နေရာ၌ အမျက်ထွက်ခြင်း။ ၂။ အဘိ၊ဋ္ဌ၊၁။၃၉၉။

ဤကာလသုံးပါးဖြင့် မြှောက်လျှင် ၉-ပါးဖြစ်၏။ အဋ္ဌာနကောပ ထည့်ပါက အာဃာတဝတ္ထု ၁၀-ပါး ဖြစ်၏။

**ဆောင်ပုဒ်** ။ ။ မိမိအတ္တ၊ ပရချစ်သူ၊ မုန်းသူပါထည့်၊ တည်ဘိအမှန်၊ ပစ္စုပ္ပန်နှင့်၊ တိတာနာဂတ်၊ မြှောက်လတ်မများ၊ ရငြား မှန်စွာ၊ အဋ္ဌာနာနှင့်၊ ကောပါအမျက်၊ ဆယ်ချက်ရန်မျိုး၊ အပါယ် တိုးသည်၊ ကြိုးကြိုးစားစား၊ မှတ်လို့ထား။

ဤဆိုခဲ့ပြီးသော အာဃာတဝတ္ထုဆယ်ပါးသည် ဒေါသစေတ သိက် ဖြစ်ပေါ်ရန်အတွက် အနီးကပ်ဆုံးသော အကြောင်းတရားများ ဖြစ်ပေသည်။

## အဂ္ဂုတ္တိုရ်လာဒေါသဖြစ်ကြောင်း ၂မျိုး

တစ်နည်းအားဖြင့် ဒေါသဖြစ်ရန် အကြောင်းတို့သည်...

(၁) အနိဋ္ဌာရုံနှင့် တွေ့ဆုံခြင်း၊

(၂) မသင့်မလျော် နှလုံးသွင်းချော်ခြင်း (အယောနိသောမန သိကာရ)ဟူသော အကြောင်းနှစ်ပါးတို့ဖြစ်သည်ဟု ဘုရားရှင်ဟော တော်မူထား၏။

**အနိဋ္ဌာရုံ ၂-မျိုး** ။ ။ ထိုထွင် အနိဋ္ဌာရုံဆိုသည်မှာ အလိုမရှိအပ် မနှစ်သက်အပ်သည့် အာရုံမျိုး ဖြစ်သည်။ ယင်းအနိဋ္ဌာရုံသည် ပင်ကိုသဘောအတိုင်း အလိုမရှိထိုက်သော သဘာဝအနိဋ္ဌာရုံ၊ သတ္တဝါတို့၏ စိတ်အကြံ၊ စိတ်အလိုအားဖြင့် အလိုမရှိနိုင်သော ပရိကပ္ပအနိဋ္ဌာရုံ[၃] ဟု နှစ်မျိုးရှိသည်။

---

၁။ အဘိဓမ္မတ္ထဒီပကာ၊ ပတွဲ၊၁၇။ ၂။ အံ၊၁၊၈၇။

၃။ ပရိကပ္ပ = စိတ်အကြံအားဖြင့်+အနိဋ္ဌာရုံ = အလိုမရှိအပ်သောအာရုံ။

**သဘာဝအနိဋ္ဌာရုံ** ။ ။ ထိုတွင် သဘာဝအနိဋ္ဌာရုံကား ကျင်ကြီးကျင်ငယ်၊အသေကောင်၊ မကောင်းဆိုးဝါးသော အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိစသော အာရုံများဖြစ်သည်။ ထိုသဘာဝအနိဋ္ဌာရုံကို လူလတ်တန်းစား ပုဂ္ဂိုလ်များ၏ အလိုအားဖြင့် သတ်မှတ်ရသည်။ မှန်၏။ ဘုရင်ကောရာဇ် စသော လူ့အထက်တန်းလွှာများနှင့် နတ်တို့သည် ရိုးရိုးထမင်းဟင်းလျာ စသည့် စားဖွယ်သောက်ဖွယ်များကိုပင်လျှင် ဣဋ္ဌာရုံဖြစ်ပါလျက် မနှစ်သက်နိုင်၊ မလိုလားနိုင်သော အနိဋ္ဌာရုံများ ဖြစ်လျက်ရှိကြ၏။

အလွန်ဆင်းရဲကြသည့် လူ့အောက်တန်းလွှာများနှင့် တိရစ္ဆာန်တို့မှာမူ ထမင်းသိုးဟင်းသိုးများကိုပင် အနိဋ္ဌာရုံမှန်ပါလျက် လိုလားစရာ နှစ်သက်စရာ ဣဋ္ဌာရုံဟု ထင်နေကြ၏။ ထို့ကြောင့် သဘာဝဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့ကို လူလတ်တန်းလွှာတို့၏ အလိုအားဖြင့်သာ ခွဲခြားသတ်မှတ်ရမည်။

**ပရိကပ္ပအနိဋ္ဌာရုံ** ။ ။ ပရိကပ္ပ အနိဋ္ဌာရုံကား စိတ်ဖောက်ပြန်မှု စိတ္တဝိပလ္လာသ၊ အမှတ်မှားမှု သညာဝိပလ္လာသ၊ အယူမှားမှု ဒိဋ္ဌိဝိပလ္လာသတို့ မကင်းကြသေးသည့် သတ္တဝါတို့၏ စိတ်အလို စိတ်အကြံအားဖြင့် အလိုမရှိနိုင် မနှစ်သက်နိုင်သော အာရုံမျိုးဖြစ်သည်။ ဥပမာအားဖြင့် ဘုရား၊ တရား၊ သံဃာ စသော အာရုံတို့သည် အလွန် လိုလားအပ်, နှစ်သက်မြတ်နိုးအပ်သော အတိဣဋ္ဌာရုံများ ဖြစ်ကြ၏။ သို့သော် ယင်းအာရုံများသည် တိတ္ထိတို့အဖို့ မျက်စိကိုမှိတ်၊ နားကိုပိတ်လောက်အောင် အလိုမရှိနိုင်၊ မနှစ်သက်နိုင်သည့် အနိဋ္ဌာရုံများ ဖြစ်သကဲ့သို့တည်း။ ထိုနည်းတူစွာ သာမန်ထမင်းဟင်းလျာ စသော စားဖွယ်သောက်ဖွယ်များသည်

၁။ အဘိ၊ဋ္ဌ၊၂။၁၀။

ဣဋ္ဌာရုံများ ဖြစ်သည်မှန်သော်လည်း တိုင်းကြီးပြည်ရှင်၊ ဘုရင်ကေ ရာဇ်စသော အထက်တန်းလွှာများအဖို့ အလိုမရှိနိုင်၊ မနှစ်သက်နိုင် သော အနိဋ္ဌာရုံများ ဖြစ်ကြသည်။ ယင်းသို့သတ္တဝါတို့၏ စိတ်အလို စိတ်အကြံအားဖြင့် အလိုမရှိနိုင်၊ မနှစ်သက်နိုင်သော အာရုံမျိုးကို ပရိကပ္ပအနိဋ္ဌာရုံဟု ခေါ်သည်။

အထက်ပါ ဒေါသဖြစ်ကြောင်း နှစ်မျိုးတို့တွင် အနိဋ္ဌာရုံနှင့် တွေ့ ဆုံခြင်းဟူသော ပထမအကြောင်း၌ "အနိဋ္ဌာရုံ"ဆိုသည်မှာ ယခုပြ ဆိုခဲ့ပြီးသော သဘာဝ အနိဋ္ဌာရုံ၊ ပရိကပ္ပအနိဋ္ဌာရုံနှစ်မျိုးလုံးပင် ဖြစ်သည်။

**မသင့်မလျော် နှလုံးသွင်းချော်ခြင်း။** ။ စိတ်တို့မည်သည် အာရုံနှင့် ကင်း၍ဖြစ်နိုင်သော သဘော တရားမဟုတ်၊ လိုလားအပ်သည်ဖြစ်စေ၊ မလိုလားအပ်သည်ဖြစ်စေ အာရုံရှိမှသာ အာရုံကိုစွဲမှီ၍ ဖြစ်ပေါ်လာရသော သဘောတရားဖြစ် ၏။ ထိုစိတ်သည် အလိုမရှိအပ်သော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံ ဆည်းရသည့်အခါ ထိုအာရုံကို အများအားဖြင့် အဆိုးဘက်မှ ရှုမြင် သုံးသပ်တတ်သော သဘောရှိ၏။ ယင်းသို့ အဆိုးဘက်မှ ရှုမြင်သုံး သပ်နည်းကို မသင့်မလျော် နှလုံးသွင်းချော်မှု–ဝါ–နှလုံးသွင်းမလိမ္မာ မှုဟု ဆိုပါသည်။ ယင်းသို့ နှလုံးသွင်း မလိမ္မာမှုကို ကျမ်းဂန်များ၌ "အယောနိသောမနသိကာရ"ဟု ခေါ်ဝေါ် သုံးစွဲလေ့ရှိ၏။ (အယော နိသော=နည်းမှန်လမ်းမှန် မဟုတ်သောအားဖြင့်၊ ဝါ–မသင့်လျော်သော အကြောင်းအားဖြင့်+မနသိကာရ=နှလုံးသွင်းခြင်း)

**အကြောင်း ၂–မျိုးကြောင့် ဒေါသဖြစ်ပုံ။** ။ အထက်တွင် ဖော်ပြခဲ့ သည့် သဘာဝအနိဋ္ဌာ ရုံ၊ ပရိကပ္ပအနိဋ္ဌာရုံ ၂–မျိုးတို့တွင် တစ်မျိုးမျိုးနှင့် တွေ့ကြုံရသည်ဖြစ်

စေ၊ ထိုအာရုံ၌ မသင့်မလျော် နှလုံးသွင်းချော်ခဲ့သည်ဖြစ်စေ ဒေါသ တရား ဖြစ်ပွားပေါ်ပေါက်လာရသည်ဟု အင်္ဂုတ္တိုရ်တွင် ဘုရားဟောခဲ့ ပါသည်။ ရှေ့တွင် တင်ပြခဲ့ပြီးသော အာဃာတဝတ္ထု ၁၀–ပါးကို စိစစ်ကြည့်လျှင် ဤအချက်သည် အလွန်ပေါ်လွင် ထင်ရှားပါသည်။ မိမိ၏ အကျိုးစီးပွားမဲ့၊ မိမိမိတ်ဆွေ၏ အကျိုးစီးပွားမဲ့, မိမိရန်သူ၏ အကျိုးတို့ကို ပြုလုပ်နေသူများကား မိမိတို့ မတွေ့လိုမမြင်လိုသည့် ပုဂ္ဂိုလ်များတည်း။ ထိုမတွေ့လို မမြင်လိုသည့် ပုဂ္ဂိုလ်တည်းဟူသော အနိဋ္ဌာရုံနှင့် တွေ့ကြုံရသည့်အခါ "မိမိ၏ အကျိုးစီးပွားမဲ့၊ မိမိချစ်ခင် သူ၏ အကျိုးစီးပွားမဲ့၊ မိမိရန်သူ၏ အကျိုးစီးပွားတို့ကို ပြုနေတဲ့ အကောင်ပဲ"ဟု မသင့်မလျော် နှလုံးသွင်းချော်တတ်ကြလေသည်။ ယင်းသို့ နှလုံးသွင်းချော်သည်နှင့် တစ်ပြိုင်နက် ရန်ငြိုးဖွဲ့ခြင်း၊ အမျက် ထွက်ခြင်း၊ စိတ်ဆိုးခြင်းဟူသော ဒေါသစေတသိက် ဖြစ်ပေါ်လာရမြဲ ဖြစ်ပေသည်။

**မသင့်မလျော်နှလုံးသွင်းချော်ခြင်းပဓာန** ။ ။ အနိဋ္ဌာရုံနှင့် တွေ့ဆုံ ခြင်း၊ မသင့်မလျော် နှလုံးသွင်းချော်ခြင်းဟူသောအကြောင်း နှစ်ပါးစုံညီမှ ဒေါသဖြစ် ပေါ်လာနိုင်သည်ဟူသော ဒေသနာတော်ကား အများအားဖြင့် ဖြစ် လေ့ဖြစ်ထရှိသည့်သဘောကို ယေဘုယျနည်းအားပြည့် ညွှန်ပြတော်မူ သော ဒေသနာတော်ဖြစ်သည်။

အနိဋ္ဌာရုံနှင့် တွေ့ဆုံရစေကာမူ အကောင်းဘက်မှ ရှုမြင်သုံးသပ် ၍ အသင့်အတင့် နှလုံးသွင်းဆင်ခြင်မှုရှိပါက ဒေါသမဖြစ်ပေါ်လာ နိုင်ချေ။ သဘာဝဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံနှင့် တွေ့ကြုံရစေကာမူ အဆိုးဘက်မှ ရှုမြင်၍ မသင့်မလျော် နှလုံးသွင်းချော်ပါက ဒေါသဖြစ် လာနိုင်ပေသည်။ ထို့ကြောင့် ဒေါသဖြစ်ပေါ်လာရေး အကြောင်းနှစ် မျိုးတွင် မသင့်မလျော် နှလုံးသွင်းချော်ခြင်း (အယောနိသောမန

သိကာရ)ဟူသော ဒုတိယအကြောင်းသည်သာ အချက်အချာပဓာန ဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက...

"ချစ်သားရဟန်းတို့၊ အလုံးစုံသော အကုသိုလ်တရားတို့သည် ရှိကုန်၏။ ထိုအလုံးစုံသော အကုသိုလ်တရားတို့သည် မသင့်မလျော် နှလုံးသွင်းချော်ခြင်းဟူသော အယောနိသော မနသိကာရလျှင် အရင်းမူလပဓာန ဖြစ်ကုန်၏"

ဟုဟောတော်မူခဲ့ခြင်းဖြစ်သည်။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ–၁၄၀)

မတ္တရာဆရာတော်ဘုရားကြီး။ ။ ဤနေရာတွင် အနိဋ္ဌာရုံနှင့် တွေ့ကြုံရစေကာမူ အကောင်းဘက်မှ ရှုမြင်သုံးသပ် နှလုံးသွင်းဆင်ခြင်မှု (ယောနိသောမနသိကာရ)ရှိသဖြင့် ဒေါသမဖြစ်လာနိုင်ပုံကို ပစ္စက္ခဝတ္ထု သာဓကဖြင့် တင်ပြပါမည်။ မင်းတုန်းမင်းတရားကြီးလက်ထက်က မတ္တရာမြို့၌ အုံညြစရာကောင်းလောက်အောင် သည်းခံခြင်းရှိသည့် ဆရာတော်ဘုရားကြီး တစ်ပါးရှိသည်။ ထိုအကြောင်းကို မင်းတရားကြီး သိတော်မူသဖြင့် အထောက်တော်များကို စေလွှတ်စုံစမ်းတော်မူ၏။ မင်းတရားကြီး စေလွှတ်လိုက်သည့် အထောက်တော်များသည် ကပ္ပိယလုပ်၍ ဆွမ်းအမျိုးမျိုး ဆက်ကပ်ခြင်းဖြင့် ပထမဆုံး စမ်းသပ်ကြ၏။ ရှေးဦးစွာ ဆွမ်းကို ပျော့ပျော့ကြီးချက်၍ကပ်၏။ ထိုအခါ ဆရာတော်က "အင်း...အဝါးရ သက်သာသည်။ အစာကြေလွယ်သည်"ဟု အမိန့်ရှိ၏။ တစ်ဖန် မာမာကြီးချက်၍ ကပ်ပြန်သည့်အခါ "ဒီလိုဝါးပြီး ဘုဉ်းပေးရတာ အရသာပေါ်ပေသည်"ဟု မိန့်တော်မူ၏။ ထို့နောက် ဟင်းကို ဆားမခပ်ပဲ ချက်ကပ်ရာ "အင်း...ရေငတ်ပြေတယ်"ဟု

အမိန့်ရှိ၏။ ဆားများများခတ်၍ ကပ်ပြန်သည့်အခါ "အင်း... သွေးကြေတယ်"ဟု မိန့်တော်မူ၏။

ထို့နောက် မင်းတရားကြီး၏အမိန့်အရ ညီတော် မင်းတပ်မြို့စား အိမ်ရှေ့မင်းသားသည် နန်းတော်သို့ပင်လျှင် ကြွလို မကြွလို ဆရာတော်အား လာရောက်လျှောက်ထားလေသည်။ ဆရာတော်က "သာသနဒါယကာပင့်သည်ကို ငြင်းဖွယ်မရှိ"ဟု မိန့်တော်မူသဖြင့် မဟာဒါန်ဝန်ကို လှေတော်နှင့် သွားရောက်ပင့်စေသည်။ ဆရာတော် ပင့်ဆောင်လာသည့် လှေသည် ဝါးရင်းတုတ်ရွာသို့အရောက်တွင် မင်းတရားကြီးထံမှ နောက်ထပ်လွှတ်လိုက်သူတို့က "ဆရာတော်ဘုရားသည် အသက်အရွယ် ကြီးရင့်ပြီ၊ မတ္တရာမြို့ကျောင်းတိုက်မှာပင် ပြန်လည်သီတင်းသုံးရန် မင်းတရားကြီးကလျှောက်ထားကြောင်း" စာကို ဆက်ကပ်ရာ ဆရာတော်က "အင်း...အင်း...ဟုတ်ပေတယ်။ ငါမလဲ ခွေးနို့စို့သလို ပညာသင်ကြားနေကြတဲ့ တပည့်များဟာ ပညာတည်းဟူသော နို့ရည်ငတ်နေကြရင် သူတို့ဝမ်းနည်းကြပေလိမ့်မယ်၊ ပြန်၍နေရတာ ၎င်းတို့ဝမ်းမြောက်ကြလိမ့်မယ်"ဟု မိန့်တော်မူကာ ကျောင်းသို့ပြန်ကြွတော်မူ၏။

နောက်တစ်လခန့်အကြာတွင် မင်းတရားကြီးသည် နန်းဦးကျောင်းကို ဆောက်လုပ်စေပြီး၊ သံတော်ဆင့်များအား စေလွှတ်၍ ဆရာတော်ကို ပင့်စေ၏။ ဆရာတော်က "အင်း...မဟာမြတ်မုနိဘုရားကြီးကို မဖူးရတာ အတော်ကြာပေပြီ၊ သည်တစ်ခါဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ဖူးရပေမည်"ဟု အမိန့်ရှိကာ လိုက်ပါလာလေသည်။

ဆရာတော် နန်းဦးကျောင်း၌ သီတင်းသုံးနေစဉ် မင်းတရားကြီးသည်လည်းကောင်း၊ မိဖုရားမောင်းမမိဿံတို့သည်လည်းကောင်း၊ သားတော်သမီးတော်တို့သည်လည်းကောင်း၊ နန်းတွင်းနန်းပြင် အရာ

ထမ်း အမှုထမ်းတို့သည်လည်းကောင်း ညစဉ် ဆရာတော်အား ပူဇော်ကန်တော့ရန် တရားနာရန် မပြတ်လာလေ့ရှိကြ၏။

အတန်ကြာသော် မင်းတရားကြီးက နန်းဦးကျောင်းတိုက်အတွင်း တစ်နေရာ၌ ထန်းရွက်မိုးကာသော ယာယီကျောင်းကလေး တစ်ဆောင် ဆောက်လုပ်စေသည်။ ကျောင်းကလေး ပြီးသည့်အခါ မင်းတရားကြီးက "ဆရာတော်သည် ကျောင်းကြီးပေါ်၌ သီတင်းသုံးရသည်မှာ တက်ရဆင်းရ ပင်ပန်း ဒုက္ခရောက်လှသည်။ ကျောင်းငယ်သို့ဆင်း၍ သီတင်းသုံးသင့်ပါသည်"ဟုလျှောက်ရာ "အင်း...ဟုတ်ပေတယ်၊ တက်ရဆင်းရတာ လူအိုဖြစ်တော့ သတိထားရတယ်၊ တရားနာသူများလည်း တက်ရဆင်းရ ဝန်လေးပေမယ်၊ အောက်မြေပြင်မှာပဲ သင့်လျော်မယ်"ဟု မိန့်တော်မူပြီး ဆင်း၍ သီတင်းသုံးရှာတော်မူ၏။

တစ်လခန့်ရှိသောအခါ "ကျောင်းကြီးပေါ်မှာတက်၍ သီတင်းသုံးမှ တော်မည်ထင်ကြောင်း" မင်းတရားကြီး လျှောက်ထားပြန်ရာ "အင်း...ကျောင်းကြီးပေါ်မှာတော့ လေလုံ, မိုးလုံကောင်းပေတာပ၊ သည်ထန်းရွက်မိုးကျောင်းကလေးမှာတော့ မိုးလုံလေလုံမဟုတ်၊ တရားနာပရိသတ်များလဲ မြေပြင်မှာ တရားနာရတဲ့အတွက် အအေးမိပြီး ဥတုပျက်မှာစိုးရတယ်"ဟု အမိန့်ရှိပြီး ကျောင်းကြီးပေါ်သို့ ကြွ၍ သီတင်းသုံးတော်မူပြန်သတည်း။

ဤမဟာရာဆရာတော်ဘုရားကြီး အကြောင်းအရာကို သုံးသပ်ကြည့်လျှင် ဆရာတော်ဘုရားကြီးသည် ဆွမ်းပျော့လွန်းခြင်း၊ မာလွန်းခြင်း၊ ဟင်းပေါ့ခြင်း၊ လေးခြင်း၊ နန်းတော်သို့ပင့်လာပြီး နန်းတော်မရောက်မီ ပြန်လှည့်စေခြင်း၊ ကျောင်းကြီးမှ ကျောင်းကလေးသို့ ပြောင်းရွှေ့စေပြီးမှ တစ်ဖန် ကျောင်းကလေးမှ ကျောင်းကြီးသို့

ပြောင်းရွှေ့စေပြန်ခြင်းစသော အနိဋ္ဌာရုံတို့ကို အကြိမ်ကြိမ် တွေ့ကြုံရစေကာမူ "အဝါးရသက်သာတယ်၊ ဝါးပြီးဘုဉ်းပေးရတာ အရသာပေါ်တယ်၊ ရေတင်ပြေတယ်၊ သွေးကြောတယ်"စသော နှလုံးသွင်းလိမ္မာမှု (ယောနိသော မနသိကာရ)တို့ကြောင့် ဆရာတော်ဘုရားကြီးစိတ်အစဉ်တွင် စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ အမျက်ထွက်ခြင်းစသော ဒေါသစေတသိက် ဝင်ရောက်လာရခွင့်မရသည်ကို ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်သည်။

**တိတ္ထိဆရာကြီးများနှင့် မြတ်စွာဘုရား။** ။ သဘာဝအားဖြင့် ဒေါသဖြစ်ပေါ်လာနိုင်ခွင့်မရှိသော အတိဋ္ဌာရုံ၊ သဘာဝဣဋ္ဌာရုံတို့နှင့် တွေ့ကြုံရစေကာမူ နှလုံးသွင်း မလိမ္မာမှု (အယောနိသောမနသိကာရ) ရှိခဲ့ပါက ဒေါသဖြစ်ပေါ်လာနိုင်ပုံကို အတိတ်အကြောင်းအရာ၊ ပစ္စုပ္ပန်အကြောင်းအရာတို့ဖြင့် ဆက်လက်ရှင်းပြပါဦးမည်။ ဘုရားမပွင့်မီ အချိန်က ပူရဏကဿပ၊ မက္ခလိဂေါသာလစသည့် တိတ္ထိဂိုဏ်းဆရာကြီးများမှာ ကိုးကွယ်ယုံကြည်သူ များပြား၍ လာဘ်လာဘ အခြံအရံများ ပေါများကာ ကြီးပွားကောင်းစားနေပေသည်။ ဘုရားရှင်ပွင့်ပေါ်လာသည့်အချိန်၌မူ နေရောင်ခြည်အောက်တွင် ပိုးစုန်းကြူး အရောင်မတောက်နိုင်သကဲ့သို့ တန်ခိုးအာဏာ သြဇာအရှိန်အဝါများ တဖြည်းဖြည်းကျဆင်းလာခဲ့ကြသည်။ ဘုရားရှင်အား ကြည်ညိုသူများလာသည်နှင့်အမျှ တိတ္ထိဆရာကြီးများမှာ အခြံအရံ လာဘ်လာဘများ တစ်နေ့တစ်ခြား လျော့ပါးဆုတ်ယုတ်လာခဲ့၏။ ဤအချက်ကို တိတ္ထိဆရာကြီးတို့ အလွန်မကျေမနပ် ဖြစ်နေကြသည်။ အမှန်ဆိုရသော် ဘုရား၊ တရား၊ သံဃာဟူသည့် ရတနာသုံးပါးတို့ကား အလွန်အလိုရှိအပ်၊ နှစ်သက် မြတ်နိုးအပ်သည့် အတိဋ္ဌာရုံများဖြစ်သည်။ သို့သော် တိတ္ထိတို့မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို တွေ့မြင်ကြား

နာရသည့်အခါ မျက်စိကိုမှိတ်၊ နားကိုပိတ်ထား လောက်အောင် ဒေါသအမျက်ထွက်ကြ၏။ ယင်းသို့ ဖြစ်ကြခြင်းကား "ဒီရှင်ကြီး ဂေါတမကြောင့် ငါတို့အခြံအရံ လာဘ်လာဘများ လျော့ပါးဆုတ် ယုတ်သွားရတယ်"ဟူသော နလုံးသွင်း မလိမ္မာမှုကြောင့် ဝါ-မသင့် မလျော်နလုံးသွင်းချော်မှု (အယောနိသော မနသိကာရ)ကြောင့် ဖြစ် ပေသည်။

**ဆရာမိဘနှင့် တပည့်သားသမီးများ** ။ ။ ဆရာသမား မိဘဘိုးဘွား သက်ကြီး ဝါကြီးများ၏ ဆုံးမ စကားများကား မေတ္တာရှေ့ထား ကောင်းကျိုးလိုလားသည့် ဘဝလမ်းညွှန်ချက်များဖြစ်၏။ ယင်းဆုံးမစကားများသည် တပည့် သားသမီး စသော ဘဝအတွေ့အကြုံ နုသေးသည့်လူငယ်များအဖို့ လိုလားအပ်၊ နှစ်သက် မြတ်နိုးအပ်သော သဘာဝဣဋ္ဌာရုံများဖြစ် သည်။ သို့သော် အချို့လူငယ်များသည် ထိုအဖိုးတန် လမ်းညွှန်ဆုံးမ ချက်များကို "နားငြီးစကားများ၊ ချုပ်ချယ်မှုများ"စသည်ဖြင့် လမ်းမှန် အကြောင်းမှန် မဟုတ်သောအားဖြင့် နလုံးသွင်းကြ၏။ ဝါ-မသင့် မလျော် နလုံးသွင်း ချော်ကြ၏။ယင်းသို့ နလုံးသွင်းကြသဖြင့် ထိုဆုံးမလမ်းညွှန်မှုကို လက်မခံလိုကြဘဲ စိတ်တိုကြ၏။ အမျက် ဒေါသ ထွက်ကြ၏။ စိတ်မချမ်းမသာ ဖြစ်ကြ၏။

ဤသို့ အမှန်အလိုရှိအပ်သည့် သဘာဝဣဋ္ဌာရုံနှင့် တွေ့ကြုံစေရ ကာမူ နလုံးသွင်း မလိမ္မာမှုရှိခဲ့ပါလျှင် စိတ်အစဉ်တွင် ဒေါသစေ တသိက် ပူးယှဉ်ဝင်ကပ်ခွင့်ရပေသည်။

## ၆။ ဒေါသစေတသိက်၏နာမည်ထူးများ

ဒေါသစေတသိက်သည်လည်း လောဘစေတသိက်ကဲ့သို့ပင် အကုသိုလ်ပိုင်းဆိုင်ရာတွင် မိမိစွမ်းဆောင်သည့် သဘောသတ္တိအလိုက်

အခြားနာမည်များကိုလည်း ရရှိသေးသည်။ ယင်းနာမည်များကို ဓမ္မသင်္ဂဏီပါဠိတော် ဒုကနိက္ခေပကဏ္ဍ၌...

"အာဃာတ၊ ပဋိဃာတ၊ ပဋိဃ၊ ဝိရောဓ၊ ပဋိဝိရောဓ၊ ကောပ၊ ပကောပ၊ သမ္ပကောပ၊ ဒေါသ၊ ပဒေါသ၊ သမ္ပဒေါသ၊ မနောပဒေါသ၊ ဒုဿနာ၊ ဒုဿိတတ္တ၊ ကောဓ၊ ကုဇ္ဈိတတ္တ၊ ဗျာပတ္တိ၊ ဗျာပဇ္ဇနာ၊ ဗျာပဇ္ဇိတတ္တ၊ စဏ္ဍိက္က၊ အသုရောပ၊ အနတ္တမနတာ"

ဟုဟောတော်မူတားသည်။

ထို့ပြင် ပဋ္ဌာန်း၊ ယမိုက်၊ ဓာတုကထာစသော အဘိဓမ္မာပါဠိတော်၊ သုတ္တန်ပါဠိတော်ကြီးများ၌လည်း ဒေါသကိုမူလ၊ ဟေတု၊ နိဝရဏ၊ အနုသယ၊ သံယောဇန၊ ကိလေသ၊ ဗျာပါဒ စသည်ဖြင့် နာမည်အမျိုးမျိုးပေး၍ ဟောတော်မူထားသည်ကို တွေ့ရသေးသည်။ ထိုနာမည်များ မှည့်ခေါ်ရပုံကို အနည်းငယ်ရှင်းပြပါမည်။

**အာဃာတ၊ ပဋိဃာတ၊ ပဋိဃ** ။ ။ ဒေါသစေတသိက်သည် ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း မိမိမှီရာ တည်ရာသတ္တဝါကိုဖြစ်စေ၊ မိမိနှင့်အတူဖြစ်ဖော်ဖြစ်ဖက် နာမ်တရား ရုပ်တရားများကိုဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ ဖျက်ဆီးတတ်, ညှဉ်းပန်းနှိပ်စက်တတ်သည့်သဘော ရှိပေသည်။ သို့ဖြစ်၍ သတ္တဝါတစ်ဦးသန္တာန်၌ ဒေါသဖြစ်လာသည့်အခါ စိတ်ပင်ပန်းဆင်းရဲမှုဖြစ်လာရသည်။ မိမိသာ စိတ်ပင်ပန်းဆင်းရဲမှု ဖြစ်ရသည် မဟုတ်၊ မိမိက တစ်ပါးသူကို ဒေါသဖြစ်လျှင် ထိုဒေါသသည် အခြားသူသို့ပါ ကူးစက်၍ ညှဉ်းပန်းလောင်ကျွမ်းတော့သည်။ ထို့ကြောင့် စိတ်ပင်ပန်း ဆင်းရဲမှုမှန်သမျှသည် ဒေါသ လက်ချက်ချည်း

သာဖြစ်သည်။ ယင်းသို့ ဒေါသသည် မိမိသူတစ်ပါး နှစ်ဦးသားလုံး၏ စိတ်ကို ညှဉ်းပန်းနှိပ်စက်တတ်သောကြောင့် ဒေါသကို "အာဃာတ"[၁]ဟု နာမည်ပေးခြင်းဖြစ်သည်။

ဤနေရာ၌ စိတ်ကို သာမန်ညှဉ်းဆဲ နှိပ်စက်ရုံမျှဖြစ်သည့် ဒေါသကို"အာဃာတ"ဟုခေါ်သည်။ သာမန်ညှဉ်းဆဲရုံမကဘဲ ထပ်တလဲလဲ ကြိမ်ဖန်များစွာ စိတ်ကိုညှဉ်းပန်းနှိပ်စက်တတ်သည့် ဒေါသကိုမူ အာဃာတ မည်သော ဒေါသထက် အင်အားကောင်းသောကြောင့် ပဋိဃာတဟူ၍လည်းကောင်း၊ ပဋိဃဟူ၍လည်းကောင်း ခေါ်ဝေါ် သည်[၂]။ (ပဋိ=ကြိမ်ဖန်များစွာ+ဃာတ= စိတ်ကိုညှဉ်းပန်းနှိပ်စက် တတ်သော ဒေါသ)။

တစ်နည်းအားဖြင့် လက္ခဏာအခန်းတွင် တင်ပြခဲ့သကဲ့သို့ အာရုံ ကို ထိခိုက်တတ်၊ ထိပါးတတ်သောကြောင့် ဒေါသကို "ပဋိဃ" ခေါ်သည်[၃]။

ထိုဒေါသတရား ဖြစ်ပေါ်လာသည်ရှိသော် ဒေါသသည် မိမိနှင့် အတူဖြစ်ဖက် စိတ်စေတသိက်တရားတို့ကို ခေါင်းပါးခြောက်သွေ့ အောင် ပြုတတ်၏။ ထိပါးတတ်၊ ထိခိုက်တတ်၏။ လောကတွင် အချို့လူများ ပြောဆိုသုံးနှုန်းလေ့ရှိသော "စိတ်ထိခိုက်သည်"ဟူသော ဝေါဟာရသည် ဒေါသ၏ သဘောကို ဖော်ဆောင်သော ဝေါဟာရ ဖြစ်သည်။ ဒေါသသည် အတူဖြစ်ဖော်ဖြစ်ဖက် စိတ်စေတသိက်ကို သာ ထိခိုက်စေသည်မဟုတ်၊ မိမိမှီရာ ဟဒယဝတ္ထုရုပ်မှစ၍ တစ် ကိုယ်လုံးကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဒေါသဖြစ်သောပုဂ္ဂိုလ် တွင် မျက်နှာထားနှင့်တကွ တစ်ကိုယ်လုံး တစ်မျိုးဖောက်ပြန်လာရ ခြင်းဖြစ်သည်[၄]။

---

၁။ စိတ်ကိုညှဉ်းပန်းနှိပ်စက်တတ်သောတရား ၂။ အဘိ၊ဋ္ဌ၊၁။၃၉၉။
၃။ ဝိဘာဝိနီဋီကာ၊၈၀။ ၄။ မဟာအတုလဋီကာ။၃၈။

**ဝိရောဓ၊ ပဋိဝိ ရောဓ** ။ ။ ဒေါသသည် အကုသိုလ်တရား ဖြစ်၏။ အကုသိုလ်တရားများသည် ကုသိုလ်တရားများနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ဒေါသသည် အဒေါသခေါ် မေတ္တာစသော ကုသိုလ်တရားများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဒေါသဖြစ်နေခိုက်၌ မေတ္တာစသည့် ကုသိုလ်တရားများ ပျောက်ကွယ်လျက်ရှိပေသည်။ ထို့ကြောင့် ဒေါသကို "ဝိရောဓ၊ ပဋိဝိရောဓ[၁]"ဟုလည်း ဘုရားရှင်ဟော်တော်မူသည်။

**ကောပ၊ ပကောပ၊ သမ္ပကောပ** ။ ။ မည်သည့် သတ္တဝါမဆို ဒေါသဖြစ်လာသည့်အခါ စိတ်သည် နောက်ကျုလာ၏။ ချောက်ချားလာ၏။ အကောင်းသဘောပျက်၍ အဆိုးသဘောသက်ရောက်လာ၏။ ထို့ကြောင့် ဒေါသကို "ကောပ၊ ပကောပ၊ သမ္ပကောပ"ဟု အစည်သုံးမျိုးတပ်၍ ဘုရားဟောတော်မူသည်။ (ကောပ=စိတ်ဆိုးခြင်းသဘော၊ စိတ်ကို နောက်ကျုစေသော၊ စိတ်ကို ချောက်ချားစေသောသဘော)။ ကောပ၊ ပကောပ၊ သမ္ပကောပတို့သည် အဓိပ္ပာယ်တူသဒ္ဒါများ ဖြစ်ကြသည် [၂]။

**ဒေါသစသောနာမည်များ** ။ ။ မိမိဖြစ်ပေါ်လာသည့်အခါ မိမိဖြစ်ရာသတ္တဝါနှင့် အခြားသူများကို ဖျက်ဆီးတတ်၊ ပြစ်မှားတတ်သည့် စေတသိက်ကို "ဒေါသ၊ ပဒေါသ၊ သမ္ပဒေါသ၊ မနောပဒေါသ၊ ဒုဿနာ၊ ဒုဿိတတ္တ"ဟု နာမည်အမျိုးမျိုး မှည့်ခေါ်ထားပေသည်။ (ဒေါသ၊ ပဒေါသ၊ သမ္ပဒေါသ =ဖျက်ဆီးပြစ်မှားခြင်းသဘော။ ဒုဿနာ=ဖျက်ဆီးပြစ်မှားပုံ အခြင်းအရာ။ ဒုဿိတတ္တ = ဖျက်ဆီးပြစ်မှားတတ်သူ၏အဖြစ်)။

---

၁။ ဝိရောဓ = ဆန့်ကျင်မှု။ ပဋိဝိရောဓ = အဖန်ဖန်ဆန့်ကျင်မှု။

၂။ အဘိ၊ဋ္ဌ၊၁၊၃၉၉။

**ကောဓ၊ ကုဇ္ဈနာ၊ ကုဇ္ဈိတတ္တ။** ။ ကောဓ=အမျက်ထွက်ခြင်း။ ကုဇ္ဈနာ=အမျက်ထွက်ပုံ အခြင်းအရာ။
ကုဇ္ဈိတတ္တ=အမျက်ထွက်တတ်သူ ဖြစ်ကြောင်းတရား–ဟု အဓိပ္ပာယ်ရှိကြသည်။ အမည်သုံးမျိုးခွဲခြား မှည့်ခေါ်ထားသော်လည်း တရားကိုယ်မှာ ဒေါသစေတသိက် တစ်ပါးတည်းသာဖြစ်သည်။ ဤ၌ "အမျက်ထွက်ခြင်း"ဟူသော မြန်မာဝေါဟာရ၏ အဓိပ္ပာယ်ကို သိထားသင့်ပေသည်။ ဝါးပင်၊ သစ်ပင်စသည်တို့၌ အတွင်းဓာတ်က အပြစ်တစ်စုံတစ်ရာရှိနေလျှင် အပြင်ဘက်၌ အမျက်ဟု ဆိုအပ်သော အရာဝတ္ထုသည် ပေါ်ထွက်လာ၏။ ထို့အတူ အတွင်း၌ ဒေါသဖြစ်လျှင် အပြင်ဘက်၌ ရှုးရှူးရှဲရှဲဖြစ်၏။ ယင်းသို့ဖြစ်ခြင်းကို သစ်ပင်ဝါးပင်တို့၌ အမျက်ထွက်ခြင်းနှင့်တူသောကြောင့် "အမျက်ထွက်"ဟု တင်စား၍ ခေါ်ဝေါ်ကြခြင်းဖြစ်သည်[၁]။

**ဗျာပတ္တိ၊ ဗျာပဇ္ဇနာ၊ ဗျာပဇ္ဇိတတ္တ ။** ။ ဒေါသသည် စိတ်ကိုဖောက်ပြန်သွားအောင် ပြုလုပ်တတ်၏။ ဒေါသဖြစ်လာသည့်အခါ စိတ်သည် အေးချမ်းနေရာမှ ပူပူလောင်လောင် ဖြစ်လာသည်။ အေးချမ်းနေသော မူလစိတ်အစဉ် ပျောက်ပြီး ပူလောင်သောစိတ်အစဉ် ဖြစ်လာသည်။ စိတ်ပူလောင် ဖောက်ပြန်သကဲ့သို့ ကိုယ်အမူအရာ နှုတ်အမူအရာများသည်လည်း ဒေါသအရှိန်အဟုန် ပြင်းလျှင်ပြင်းသလောက် ဖောက်ပြန်လာကြသည်။ ဒေါသကြောင့် စိတ်ဖောက်ပြန်ပုံကို လက္ခဏာခန်း, ရသခန်းတို့၌ အကျယ်ဝေဖန်တင်ပြခဲ့ပေပြီ။ ထို့ကြောင့် ဒေါသကို 'ဗျာပတ္တိ၊ ဗျာပဇ္ဇနာ၊ ဗျာပဇ္ဇိတတ္တ"ဟု ဟောတော်မူခြင်းဖြစ်သည်။ (ဗျာပတ္တိ =ဖောက်ပြန်ပျက်စီးခြင်းသဘော၊ ဗျာပဇ္ဇနာ=ဖောက်ပြန်ပျက်စီးပုံ အခြင်းအရာ၊ ဗျာပဇ္ဇိတတ္တ=ဖောက်ပြန်ပျက်စီးတတ်သူဖြစ်ကြောင်းတရား)။

---

၁။ အဋ္ဌသာလိနီဘာသာဋီကာ၊စတွဲ၊၁၅၄။

**စဏ္ဍိက္က**။ ။ စဏ္ဍိက္ကကား ဒေါသစေတသိက်၏ နာမည်တစ်မျိုး ဖြစ်သည်။ စဏ္ဍိက္ကဆိုသည်မှာ ကြမ်းတမ်းသူ၏အဖြစ် (ဝါ) ကြမ်းတမ်းသူဖြစ်ကြောင်း တရားပင်ဖြစ်၏။ ဒေါသစေတသိက်သည် ရှေ့လက္ခဏခန်းတွင် တင်ပြခဲ့သကဲ့သို့ ကြမ်းတမ်းသောသဘောလက္ခဏာရှိပေသည်။ ဒေါသကား နာမ်တရားဖြစ်၍ ဒေါသ၏ ကြမ်းတမ်းမှုသဘောကို တိုက်ရိုက်မသိနိုင်၊ သို့သော် ဒေါသကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရားများကိုကြည့်၍ ဒေါသ၏ ကြမ်းတမ်းမှုသဘောကို သိနိုင်သည်။ ဒေါသဖြစ်လာသည်နှင့် တစ်ပြိုင်နက် ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ရုတ်ချည်းဖောက်ပြန်ပြောင်းလဲလာ၏။ ကြမ်းတမ်းလာ၏။ ထိုကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့်ပြောဆိုမှုတို့ ကြမ်းတမ်းပုံကို ထောက်ရှု၍ အကြောင်းတရားဖြစ်သည့် ဒေါသနာမ်တရား၏ ကြမ်းတမ်းမှုသဘောကို သိရသည်။ ထို့ကြောင့် ဒေါသကို "စဏ္ဍိက္က"ဟု ဟောတော်မူခြင်းဖြစ်သည်။

**အသုရောပ**။ ။ ဒေါသကို"အသုရောပ"ဟု နာမည်တစ်မျိုး ခေါ်သေးသည်။ ဒေါသဖြစ်လာသည့်အခါ ဒေါသကြောင့် ကိုယ်အမူအရာများသာ ကြမ်းတမ်းခက်မာလာသည်မဟုတ်၊ နှုတ်အမူအရာများလည်း သိသိသာသာကြီး ကြမ်းတမ်းလာ၏။ ဒေါသဖြစ်သူ၏ နှုတ်မှထွက်လာသည့် စကားလုံးများမှာ သူတစ်ပါးတို့ မကြားဝံ့မနာသာ ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများသာ ဖြစ်ပေသည်။

ဒေါသထွက်သည့်အခါ ဒေါသအရှိန်ကြောင့် မိမိပြောလိုသည့် စကားများကိုပင် မှန်ကန်ပြည့်စုံအောင် မပြောဆိုနိုင်ကြချေ။ ယင်းသို့ သူတစ်ပါး မနှစ်မြို့ဖွယ်ကောင်းသော စကားကို ပြောဆိုခြင်း၊ ပြောလိုသည့် စကားကို ကုန်အောင် ပြည့်စုံအောင် မပြောဆိုနိုင်ခြင်းကို "အသုရောပ[၁]"ဟုခေါ်သည်။

---

၁။ မကောင်းသဖြင့် ပြောဆိုခြင်း ဝါ၊ ကောင်းမွန်ပြည့်စုံစွာမပြောဆိုနိုင်ခြင်း။

**မှတ်ချက်** ။ ။ တစ်ပါးသောဆရာတို့က ဒေါသ၏ အမည်သည် ပါဠိတော်၌ "အသုရောပ"မဟုတ်၊ "အဿုရောပ" သာ ဖြစ်ရမည်ဟု ဆိုကြသည်။ အဿုရောပကား "မျက်ရည်ကို ဖြစ်စေတတ်သောဒေါသ"ဟု အဓိပ္ပာယ်ရသည်။ ဒေါသဖြစ်လာသည့် အခါ အများအားဖြင့် မျက်ရည်ထွက်လာတတ်သည်ဟု ဆိုလိုသည်။ သို့ရာတွင် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သည့်အခါ၌လည်း မျက်ရည်ထွက်တတ်သည့် သဘောရှိသောကြောင့် ထိုအဿုရောပဟူသော အမည်ကို အဋ္ဌကထာဆရာ မနှစ်သက်၊ အသုရောပသာ ဖြစ်ရမည်ဟု ဆုံးဖြတ်ထား၏။

**အနတ္တမနတာ** ။ ။ ဒေါသ၏ နာမည်တစ်မျိုးဖြစ်သော အနတ္တမနတာကား အတ္တမနတာအမည်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ အတ္တမနတာ၏ အဓိပ္ပာယ်ကို နားလည်လျှင် အနတ္တမနတာ၏ အဓိပ္ပာယ်ကိုလည်း လွယ်ကူစွာ သိနားလည်နိုင်၏။ ထို့ကြောင့် အတ္တမနတာ၏အဓိပ္ပာယ်ကို ရှေးဦးစွာ တင်ပြပါမည်။ အတ္တမန ဆိုသည်မှာ မိမိသဘောကျစိတ်မျိုးဖြစ်၏။ (အတ္တ=မိမိ၏+ မန=သဘောကျစိတ်)။ မိမိသဘောကျစိတ်မျိုးကား ပီတိသောမနဿ ဦးဆောင်သည့် နှစ်သက်ရွှင်လန်းသော စိတ်မျိုးတည်း။ ထိုစိတ်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု၏ အနီးကပ်ဆုံး အကြောင်းတရား ဖြစ်သောကြောင့် မိမိဟူသော ပုဂ္ဂိုလ်၏ သဘောကျဖြစ်သော စိတ်မျိုးဖြစ်၏။ ထိုစိတ်မျိုးဖြစ်ရန် ပီတိစေတသိက်က ဖန်တီးပေးသည်။ ထို့ကြောင့် မိမိသဘောကျ စိတ်မျိုးပေးရန် ဖန်တီးဖြတ်သည့်အကြောင်း ပီတိစေတသိက်ကို အတ္တမနတာဟု ခေါ်သည်။ (အတ္တမနတာ=မိမိ သဘောကျစိတ်မျိုးဖြစ်ကြောင်းတရား)

ထိုနည်းတူစွာ ဒေါသစေတသိက်ဦးဆောင်သည့် ဒေါမနဿ

---

၁။ အဘိ၊ဋ္ဌ၊၁။၂၉၉။

စိတ်ကား ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း၏ အနီးကပ်ဆုံးအကြောင်းဖြစ်သောကြောင့် မိမိသဘောကျစိတ်မဟုတ်၊ ဖောက်ပြန်သော စိတ်မျိုးဖြစ်၏။ (အနတ္တမန=မိမိသဘောကျမဟုတ် သောစိတ်)။ ထိုမိမိသဘောကျမဟုတ်သော စိတ်မျိုးဖြစ်ပေါ်ရန် ဒေါသစေဟသိက်က ဖန်တီးပေးသည်။ ထို့ကြောင့် ဒေါသစေတသိက်ကို အနတ္တမနတာဟု နာမည်ပေးခြင်းဖြစ်သည်။ (အနတ္တ မနတာ=မိမိသဘောမကျသော စိတ်မျိုးဖြစ်ကြောင်းတရား)။

**မူလ**။ ။ မူလဟူသောပါဠိသည် "အရင်းအမြစ်"ဟု အဓိပ္ပာယ်ရသည်။ သစ်ပင်တွင် အမြစ်သည် အခြေခံအကျဆုံးဖြစ်သည်။ ပင်စည်အခက်အလက်များ ဖြစ်ပေါ်မှု၊ ရှင်သန်ကြီးထွားမှု၊ တည်တံ့ခိုင်မြဲမှုအားလုံးသည် ရေသောက်မြစ်ပေါ်တွင် အခြေစိုက်လျက် ရှိကြသည်။ အကိုင်း အခက် အလက်မကျန် သစ်ပင်တစ်ပင်လုံးကို ခုတ်လှဲပစ်လိုက်သော်လည်း ရေသောက်မြစ်များ ကျန်ရှိနေသေးပါက တစ်ဖန်ပြန်လည် ရှင်သန်ကြီးထွားနိုင်ပေသည်။

ထိုနည်းတူစွာ ဒေါသစေတသိက်သည်လည်း အကုသိုလ်တရားတို့၏ အမြစ်နှင့် သဘောတူ၏။ ဒေါသသည် အကုသိုလ်သစ်ပင်ကြီးဖြစ်ပေါ်လာမှုတွင် အခြေခံအကျဆုံးသော စေတသိက်တစ်ခုဖြစ်သည်။ ဒေါသဖြစ်ပေါ်လာမှသာ ဒေါသနှင့်ဆိုင်ရာ အကုသိုလ်တရားများ ပေါ်လာနိုင်သည်။ ဒုစရိုက် ၁၀ ပါးတွင် သူတစ်ပါးအသက်ကို သတ်မှု၊ ဆဲရေးတိုင်းထွာ ကြမ်းတမ်းစွာပြောဆိုမှု၊ သတ္တဝါများသေကြေပျက်စီးရန် ကြံစည်မှုဟူသော မကောင်းမှုတို့သည် ဒေါသဖြစ်လာမှ ဖြစ်ပေါ်လာနိုင်၏။ တစ်ခါတစ်ရံ သူတစ်ပါးပစ္စည်းကိုခိုးမှု၊ လိမ်ညာပြောဆိုမှု၊ ကုန်းချောမှု၊ အကျိုးမရှိသောစကားကို ပြောဆိုမှုဟူသော မကောင်းမှုများပင် ဒေါသကြောင့်ဖြစ်ကြရသည်။

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၈၈၊၄၂၅။

ဒေါသအမြစ်ကို အနာဂါမိမဂ်စိတ်ဖြင့် မကြွင်းမကျန်တွန်းလှန်ဖြိုဖျက်ပြီးသော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်ကြီးများ သန္တာန်၌ ဒေါသရေသောက်မြစ်ကြီးမရှိတော့သဖြင့် ဒေါသနှင့်ဆိုင်သော အကုသိုလ်ပင်စည် ကိုင်း ခက်များ ဖြစ်ထွန်းပေါ်လာခွင့် မရှိတော့ချေ။

ထို့ကြောင့် မြတ်စွာဘုရားသည် သုတ် အဘိဓမ္မာ ပါဠိတော်များ၌ ဒေါသကို "အကုသလမူလ"ဟု နာမည်ပေးခဲ့ခြင်းဖြစ်သည်။

**ဟေတု ။ ။** ဟေတုဟူသောပါဠိပုဒ်ကို ဟိတ်ဟု လွယ်လွယ်ကူကူ ပါဠိသက် မြန်မာပြန်ဆိုကြ၏။ သုတ်အဘိဓမ္မာ ပါဠိတော်များ၌ ဟိတ်ခြောက်ပါးကို ဘုရားရှင်ဟောထားခဲ့သည်။ ထိုဟိတ်ခြောက်ပါးကား လောဘ, ဒေါသ, မောဟဟူသော အကုသိုလ်ဟိတ် ၃ ပါး၊ အလောဘ, အဒေါသ, အမောဟဟူသော ကုသိုလ်ဟိတ် ၃ ပါးဖြစ်သည်။ ဒေါသသည် အကုသိုလ်ဟိတ် အုပ်စုတွင်ပါဝင်သည်။ ဟိတ်(ဟေတု)၏ အဓိပ္ပာယ်မှာ ရေသောက်မြစ်သဖွယ်ဖြစ်ဖော်ဖြစ်ဖက် နာမ်တရား ရုပ်တရားတို့ကို ကျေးဇူးပြုတတ်သောအခြေခံအကြောင်းတရားဟု အဓိပ္ပာယ်ရသည်။ ဟေတုအဓိပ္ပာယ်သည် မူလအဓိပ္ပာယ်နှင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် မူလပုဒ်၏အဓိပ္ပာယ်အဖွင့်အတိုင်း မှတ်သားရန်ဖြစ်သည်။

**နီဝရဏ ။ ။** ဗုဒ္ဓမြတ်စွာသည် နီဝရဏအုပ်စုတွင် ဒေါသကို "ဗျာပါဒနီဝရဏ" နာမည်ဖြင့် ဟောခဲ့သည်။ နီဝရဏသဒ္ဒါ သည် မြန်မာလို တားမြစ်ခြင်းဟု အဓိပ္ပာယ်ရ၏။ ဤနေရာ၌ ချာန်မဂ်ဖိုလ်တရားများကို ဖြစ်ခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ် သောကြောင့် နီဝရဏဟုခေါ်သည်။

ဈာန်တရားများကိုမူ ဖြစ်ခွင့်မပေးရုံသာမက ကာမစ္ဆန္ဒနီဝရဏ (လောဘ) အကြမ်းစားနှင့် ဗျာပါဒနီဝရဏ(ဒေါသ)တို့က ဖြစ်ပြီး

ရပြီးသည့် ဈာန်တရားများကိုပင် ပျောက်ကွယ်သွားစေနိုင်သည်။ ထိုဗျာပါဒနီဝရဏစသော အကုသိုလ်တရားများ ဖြစ်ပွားနေချိန်၌ ဒါန,သီလ,ဘာဝနာ စသော ကာမကုသိုလ်များလည်း ဖြစ်ခွင့်မရသောကြောင့် ထိုနီဝရဏတရားများသည် ဈာန်မဂ်ဖိုလ်တရားများကိုသာ တားမြစ်သည်မဟုတ်၊ ကာမကုသိုလ်များကိုလည်း ဖြစ်ခွင့်မရအောင်* တားမြစ်တတ်ပေသည်။ ဒေါသဖြစ်နေချိန်၌ နှစ်သက်ရွှင်လန်းမှု ဆိတ်သုဉ်းနေရကား ကာမကုသိုလ်များကိုလည်း တားမြစ်နိုင်ပေသည်။

**အနုသယ** ။ ။ ဗုဒ္ဓသည် ဒေါသကို သုတ်အဘိဓမ္မာပါဠိတော်များတွင် ပဋိဃာနုသယအမည်ဖြင့် အနုသယအုပ်စုဝင်အဖြစ် ထည့်သွင်းဟောကြားခဲ့သည်။ အနုသယဆိုသည်မှာ အကြောင်းသင့်က ဖြစ်ပေါ်လာခြင်း (အနု=အကြောင်းသင့်က+သယ= ဖြစ်ပေါ်လာခြင်း)။ အဖန်တလဲလဲဖြစ်ခြင်း (အနု=အဖန်တလဲလဲ+သယ= ဖြစ်ခြင်း)ဟု အဓိပ္ပာယ်ရသည်။

ရှေးပညာရှင်ကြီးများက အနုသယကို ကိန်းခြင်းဟု အဓိပ္ပာယ်ဖော်ကြသည်။ ဤနေရာ၌ ထိုကိန်းခြင်းဟူသော မြန်မာဝေါဟာရကား သတ္တဝါတို့ ခန္ဓာအစဉ်ဝယ် မျိုးစေ့ဓာတ်အနေဖြင့် အမြဲမပြတ်ကိန်းဝပ်တည်ရှိနေခြင်းဟု အဓိပ္ပာယ်မယူရချေ။ မဂ်ဖြင့် မပယ်ရသေးသောကြောင့် လျောက်ပတ်သောအကြောင်းကိုရလျှင် (ဝါ) အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာနိုင်ခြင်းသဘောကိုသာ ကိန်းသည်ဟုဆိုပါသည်။

မှန်၏။ လောဘ စသော ကိလေသာတို့သည် မဂ်ဖြင့် မပယ်ရသေးသောကြောင့် ဘဝပေါင်းများစွာ သတ္တဝါတို့၏ စိတ်အစဉ်၌ ထပ်တလဲလဲဖြစ်နေကြသဖြင့် အထုံ(အာသေဝနပစ္စည်း)ရကာ အခြား

ကိလေသာများထက် အင်အားကောင်းလျက်ရှိကြသည်။ ဣဋ္ဌာရုံ စသောအကြောင်းများနှင့် ဆုံဆည်းမိသည်နှင့်တစ်ပြိုင်နက် အလွယ် တကူဖြစ်ပေါ်လေ့ရှိကြသည်။ ယင်းသို့ ဆိုင်ရာမဂ်ဖြင့် မပယ်ရသေး သောကြောင့် ခန္ဓာအစဉ်၌ ဖြစ်ကြိမ်များလွန်းသဖြင့် ဖြစ်သားဝကာ အားကောင်းချင်တိုင်း အားကောင်းနေသော (ထာမဂတ) ကိလေသာ မျိုးကို အနုသယဟု ခေါ်ပေသည်။ အမှန်အားဖြင့် အနုသယဆို သည်မှာ အာရုံနှင့် မဆုံဆည်းမိ ဝီထိစိတ်မဖြစ်ပေါ်မီကာလကပင် ဗီဇဓာတ်အနေဖြင့် ခန္ဓာကိုယ်တွင် ကိန်းဝပ်တည်ရှိနေသော တရားမျိုး မဟုတ်။ အာရုံကိုအမှီပြု၍ ဝီထိစိတ်ဖြစ်ပေါ်လာမှ စိတ်နှင့်အတူဖြစ် လာရသော စိတ္တသမ္ပယုတ္တတရားမျိုး [၁] သာရမ္မဏတရားမျိုး [၂] ဖြစ် သည်။

ဒေါသစေတသိက်သည်လည်း မဂ်ဖြင့် မပယ်သတ်ရသေးမိ သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ကြိမ်ဖန်များစွာဖြစ်လေ့ရှိသဖြင့် အလွန် အင်အားကောင်းနေသော ထာမဂတကိလေသာမျိုးဖြစ်သည်။ အနိဋ္ဌာရုံ တစ်ခုခုနှင့် တွေ့ကြုံ၍ မသင့်မတင့်နှလုံးသွင်းလိုက်သည်နှင့် တစ်ပြိုင် နက် ဒေါသတရားဖြစ်ပွားလာတတ်ပေသည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်နည်းဖြင့် မိမိတို့၏ စိတ်ဖြစ်စဉ်ကို သတိစိုက်ကြည့်လျှင် နာရီပိုင်းအတွင်း၌ပင် စိတ်မကျေနပ်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ရှုပ်ခြင်း၊ စိတ်နောက်ခြင်း၊ အလိုမကျခြင်း၊ စိတ်တိုခြင်း၊ စိတ်ပူပန်ခြင်း၊ ကြောက်လန့်စိုးရိမ် ခြင်း...စသည်တို့ကို အကြိမ်များစွာဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ထိုဖြစ်မှုအားလုံးသည် ဒေါသစေတသိက်၏ လက်ချက်ချည်းသာ ဖြစ်ကြသည်။ ဤသို့ ဒေါသသည် သတ္တဝါတို့သန္တာန်၌ ကြိမ်ဖန်များ

---

၁။ စိတ်နှင့်အတူဖြစ်သောတရား။ ၂။ အာရုံရှိမှုဖြစ်သောတရား။

စွာဖြစ်သဖြင့် အထုံရကာ အကြောင်းသင့်က အလွယ်တကူဖြစ်ပေါ် လာလေ့ရှိသော ကိလေသာမျိုးဖြစ်သည်။ ထို့ကြောင့် ဒေါသစေ တသိက်ကို ပဋိဃာနုသယနာမည်ဖြင့် ဟောကြားတော်မူခြင်းဖြစ် သည်။ ၁

**သံယောဇဉ်** ။ ။ သံယောဇဉ်ကား သံယောဇနပါဠိမှ ဆင်းသက်လာ သော ပါဠိသက် မြန်မာဝေါဟာရတည်း။ (သံယော ဇန=သံယောဇဉ်) တုပ်နှောင်ဖွဲ့ချည်ခြင်းဟု အဓိပ္ပာယ်ရသည်။ သံယောဇဉ်ကြိုးဟူသော လောကဆိုရိုးအတိုင်း သံယောဇဉ်သည် ကြိုး နှင့် သဘောတူသည်။ ကြိုးသည် အရာဝတ္ထုတို့ကို ချည်နှောင်ရစ်ပတ် နိုင်စွမ်းရှိသကဲ့သို့ လောဘစသော သံယောဇဉ်တရားများသည်လည်း မိမိဖြစ်ရာသတ္တဝါကို သံသရာဝဋ်မှ မလွတ်အောင် ချည်နှောင်ရစ်ပတ် နိုင်စွမ်းရှိသော တရားမျိုးဖြစ်သည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ သံယောဇဉ်ကြိုးဆယ်ချောင်းရှိ၏။ ထိုတွင် ကာမရာဂ စသော ကြိုးငါးချောင်းမှာ ကာမဘုံ၌ ဖွဲ့ချည်သော ကြိုးများဖြစ်၍ အခြားငါးချောင်းမှာ အထက်ဗြဟ္မာဘုံများနှင့် ဆက် သွယ်ထားသော ကြိုးများဖြစ်၏။ ဒေါသမည်သော ပဋိဃသံယောဇဉ် ကား မိမိဖြစ်ရာ သတ္တဝါကို ကာမ ၁၁ ဘုံမှ မလွတ်ထွက်နိုင်အောင် တုပ်နှောင်ဖွဲ့ချည်တတ်သော သဘောရှိပေသည်။ ထို့ကြောင့် ဒေါသ ကို ပဋိဃနာမည်ဖြင့် သံယောဇဉ်အုပ်စုတွင် ထည့်သွင်းဟောထား ခြင်းဖြစ်သည်။

**ကိလေသာ** ။ ။ ကိလေသာဆယ်ပါးတို့ကို ထိုထိုသုတ်အဘိဓမ္မာ ဒေသနာတော်များ၌ ဘုရားရှင်ဟောကြားခဲ့သည်။ ဒေါသသည် ထိုကိလေသာဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်

၁။ အဘိ။ ၄၊ ၃။ ၃၁၉။

သည်။ ကိလေသ သဒ္ဒါသည် ပူပန်စေခြင်း၊ ညစ်နွမ်းစေခြင်း၊ နှိပ်စက်ခြင်း အနက်များကို ဟောသည်။ "အပူတွင် ကိလေသာ၊ အအေးတွင် မေတ္တာ"ဟု ဆိုရိုးစကားရှိ၏။ ထိုဆိုရိုးစကားအတိုင်း သတ္တဝါတို့၏စိတ်ကို ပူပန်စေတတ်၊ ညစ်နွမ်းစေတတ်၊ နှိပ်စက်တတ်သောသဘောကို ကိလေသာဟုခေါ်သည်။

ကိလေသာမီးဆိုသကဲ့သို့ ကိလေသာသည် မီးကဲ့သို့ပင် လောင်ကျွမ်းတတ်၏။ ဒေါသမီးဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဒေါသသည် မိမိဖြစ်ရာပုဂ္ဂိုလ်နှင့် အခြားသတ္တဝါများကိုပါ လောင်ကျွမ်းတော့သည်။ (ဒေါသလောင်ကျွမ်းပုံကို ရသခန်း၌ အကျယ်တင်ပြခဲ့ပြီ)၊ ဒေါသမီးလောင်သည်နှင့် တစ်ပြိုင်နက် စိတ်အစဉ်သည် ကြည်လင်သန့်ရှင်းမှု မရှိတော့ဘဲ ညစ်နွမ်းလာ၏။ ဒေါသမီးကြောင့် ပူပန်မှု အမျိုးမျိုး ဆင်းရဲမှုအဖုံဖုံတို့နှင့် တွေ့ကြုံကြရ၏။ ထို့ကြောင့် ဒေါသကို "ကိလေသာ"ဟု နာမည်တပ်ခဲ့ခြင်းဖြစ်သည်။

ဗျာပါဒ ။ ။ ဗျာပါဒသဒ္ဒါသည် ဖောက်ပြန်ခြင်းသို့ ရောက်စေခြင်း (ဝါ) ဖျက်ဆီးခြင်းဟူသော အနက်အဓိပ္ပာယ်ကိုဟောသည်။ ဖျက်ဆီးခြင်းဆိုသည်မှာ သူတစ်ပါးတို့၏ စီးပွားချမ်းသာကို ဖျက်ဆီးခြင်းဖြစ်၏။ ထို့ကြောင့် ဗျာပါဒသည် သူတစ်ပါးပျက်စီးစေရန်စိတ်ဖြင့် ကြံစည်ပြစ်မှားခြင်းသဘောပင်ဖြစ်သည်။ တရားကိုယ်မှာ ဒေါသစေတသိက်ဖြစ်၏။ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးဟူ၍ ဒုစရိုက်ဆယ်ပါးရှိရာ ဗျာပါဒသည် မနောဒုစရိုက်ကံသုံးပါးတွင် ပါဝင်သည်။

ထိုဗျာပါဒကို ကမ္မပထမြောက် (အပါယ်ပဋိသန္ဓေကျိုးကိုပေးနိုင်)သော ဗျာပါဒ၊ ကမ္မပထမမြောက်၊ ကံမျှသာဖြစ်သော ဗျာပါဒဟု ခွဲခြားနိုင်၏ [၁]။ "ဤသတ္တဝါများ သေကြေပျက်စီးပြုန်းတီးကြပါစေ၊

---

၁။ အဘိ၊ ဋ၊ ၁။ ၁၄၄။

ဤသတ္တဝါများ သေကြေပျက်စီးသွားပါမူ ကောင်းလေစွ၊ နှောင်မတိုးပွားဘဲ နေကုန်မူ ကောင်းလေစွ၊ ကြာမြင့်စွာမတည်ပါကုန်မူ ကောင်းလေစွ၊ ဤသတ္တဝါတို့သည် ဘယ်သောအခါမှ သေကြေပျက်စီး ပြုန်းတီးကြပါမည်နည်း" စသည်ဖြင့် သတ္တဝါတစ်ဦး၏ အသက်ခန္ဓာဆုံးရှုံးပျက်စီးမှုရောက်အောင် ကြံစည်ခြင်းသည် ကမ္မပထမြောက်သော ဗျာပါဒမည်၏။ အခြားသတ္တဝါ၌ အမျက်ဒေါသဖြစ်သော်ငြားလည်း "ဤသတ္တဝါပျက်စီးပါမူ ကောင်းလေစွ"ဟု သတ္တဝါပျက်စီးမှုကို မကြံစည်သေးသော ဗျာပါဒသည် ကမ္မပထမမြောက်၊ ကံမျှသာဖြစ်သော ဗျာပါဒဖြစ်သည်။ အချုပ်အားဖြင့် တစ်ပါးသောသတ္တဝါလည်းဖြစ်စေ၊ ထိုသတ္တဝါ၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်သည်လည်းဖြစ်စေ၊ ဤအင်္ဂါနှစ်ပါးနှင့်ညီမှ ကမ္မပထမြောက်သော ဗျာပါဒဖြစ်သည်။

**ဥပါယာသ**။ ။ ဥပါယာသ၏ အဓိပ္ပာယ်မှာ ပြင်းထန်စွာ (ဝါ) အားကြီးစွာ စိတ်ပူလောင်ခြင်းဖြစ်သည်။ (ဥပ=အားကြီးစွာ ပြင်းထန်စွာ+အာယာသ=စိတ်ပူလောင်ခြင်း)၊ စိတ်ပူလောင်ခြင်းဆိုသည်မှာ ဒေါသမီးလောင်သည့်အတွက် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းယုံမက နစ်၍သွားမှု၊ မော၍သွားမှု၊ သေငယ်ဇောဖြစ်မှု၊ ရှိုက်ကြီးငင်ကြီးဖြစ်မှုများပင် ဖြစ်သည်။ တစ်စုံတစ်ခုပျက်စီးမှုကြောင့် ဝမ်းနည်းမှုသောက အားကြီးလာလျှင် ဟာစ်အော်ငိုကြွေးမှု ပရိဒေဝဖြစ်၏။ ဟာစ်အော်ငိုကြွေးမှု ပရိဒေဝအားကြီးလာလျှင် အသံပင်မထွက်နိုင်အောင် ရှိုက်ကြီးငင်ကြီးဖြစ်ကာ အတွင်းဆွေးဆွေးမှု၊ မောမေ့သွားမှုဟူသော ဥပါယာသဖြစ်၏။

ယင်း ဥပါယာသသည် ထက်ဝန်းကျင်မှ စိတ်ကိုလောင်မြိုက်ခြင်း၊ ပူလောင်စေခြင်း သဘောလက္ခဏာရှိ၏။ ရှိုက်ကြီးငင်ကြီး ငြီးတွားမှု

---

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၁၄၄။

ကို ပြုခြင်းသဘော၊ မေ့မြောသွားတတ်ခြင်းသဘောရှိသည်။ တရားကိုယ်မှာ ဒေါသစေတသိက်ဖြစ်၏။ ဒေါသစေတသိက်ကိုပင် ပြင်းထန်စွာ စိတ်ပူလောင်ခြင်းသဘောရှိ၍ ဥပါယာသဟု နာမည်တစ်မျိုးပေးထားခြင်းဖြစ်သည်။ [၁]

ဥပနာဟ.မက္ခ

ဥပနာဟ။ ။ ရှေးက တစ်ဦးနှင့်တစ်ဦး ဖြစ်ခဲ့သည့်အမျက် ဒေါသကို မပြေပျောက်ဘဲ ဖွဲ့နှောင်၍ထားခြင်းကို "ဥပနာဟ"ဟုခေါ်သည်။ လောကဝေါဟာရအားဖြင့် ရန်ငြိုးဖွဲ့ခြင်းပင်ဖြစ်၏။ တရားကိုယ်မှာ ဒေါသစေတသိက်တည်း။ ဥပနာဟခေါ် ရန်ငြိုးဖွဲ့ခြင်းရှိသူသည် မည်သည့်အခါမျှ ရန်စကိုမငြိမ်းစွမ်းနိုင်ပေ။ ဤသူသည် ငါ့ကို ဤသို့ဤနှယ် မပြုသင့်မပြောသင့်ဟု အစဉ်တစိုက် ရန်ငြိုးဖွဲ့တတ်၏။ ထိုသူ၏ စိတ်တွင် ဒေါသရန်ငြိုးသည် မီးစွဲနေသော ထင်းဆွေးကဲ့သို့ အလျှံတပြောင်ပြောင် တောက်လောင်လျက်ရှိ၏။ အမဲဆီလိမ်းကျံထားသော အဝတ်ပုဆိုးပိုင်းကဲ့သို့လည်း စင်ကြယ်သန့်ရှင်းခြင်းမှ ကင်းဝေးလျက်ရှိသည်။ ယင်း ဥပနာဟသည်လည်း ဒေါသ၏ အမည်တစ်မျိုးပင်တည်း။ [၂]

မက္ခ ။ ။ သူတစ်ပါးဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းကို "မက္ခ"ဟု ခေါ်သည်။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ သူတစ်ပါးပြုခဲ့ဖူးသော ဂုဏ်ကျေးဇူးကို မမေ့ပစ်ကောင်းပေ။ ကတညုတကတဝေဒီ မင်္ဂလာတရားတော်နှင့်အညီ သူတစ်ပါးကျေးဇူးကို အမြဲတစေ သတိရနေ၍ သင့်လျော်အဆင်ပြေသည့်အချိန်တွင် တုံ့ပြန်ကျေးဇူးဆပ်နိုင်ရန် ကြိုးစားရမည်။ အချို့သူများမှာ သူတစ်ပါးကျေးဇူးကို ပြန်ဆပ်ရန်

---

၁။အဘိ၊ ဋ္ဌ၊ ၂။ ၉၉။ မဟာနိဒ္ဒေသအဋ္ဌကထာ။ ၆၄။

၂။ အဘိ၊ ဋ္ဌ၊ ၂။ ၄၇၃။

မဆိုထားဘိ ကျေးဇူးရှိကြောင်း၊ ကျေးဇူးရှင်ဖြစ်ကြောင်းကိုပင် ထုတ်ဖော်ပြောဆိုရန် အလွန်ဝန်လေးနေကြသည်။ အချို့ကား ဝန်လေးရုံမျှမက "ငါ့မှာ သူ့ကျေးဇူးဘာရှိလို့လဲ"ဟုပင် ကျေးဇူးကန်းစကားကို ပြောဆိုတတ်ကြသည်။ ဤသို့ ကျေးဇူးကန်းစကားပြောကြား၍ ဂုဏ်ကျေးဇူးချေဖျက်ခြင်းကို ပါဠိလို "မက္ခ"ဟုခေါ်သည်။

ယင်းမက္ခသည် သူတစ်ပါးဂုဏ်ကျေးဇူးကို ဖုံးကွယ်ခြင်း ချေဖျက်ခြင်းသဘောရှိသည်။ တရားကိုယ်မှာ ဒေါသပင်ဖြစ်သည်။[၁]

## ၇။ ဒေါသအကြောင်းအခြားသိကောင်းစရာများ

**ဒေါသစရိုက်ရှိသူ** ။ ။ ပါဠိလို"စရိယ"ကို မြန်မာလို"စရိုက်"ဟု ခေါ်သည်။ အဖြစ်များခြင်း၊ လွန်ကဲစွာဖြစ်ခြင်း၊ မပြတ်ဖြစ်ခြင်းဟု အဓိပ္ပာယ်ရသည်။ သတ္တဝါတစ်ဦးတစ်ယောက် သန္တာန်၌ ပင်ကိုရိုးရာ သူတကာဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များခြင်းဟု ဆိုလိုပေသည်။ မှန်၏။ ဒေါသစရိုက်ရှိသူသည် ရာဂ မောဟဖြစ်လောက်သော အာရုံမျိုး၌ ရာဂ မောဟ မဖြစ်အောင် ချုပ်တည်းနိုင်သမျှ ချုပ်တည်းနိုင်သော်လည်း ဒေါသဖြစ်နိုင်သော အာရုံ၌ကား ဒေါသမဖြစ်အောင် မချုပ်တည်းနိုင်ချေ။ အခြားစရိုက်ရှိသူများလည်း ဤနည်းအတိုင်းပင်ဖြစ်၏။

ဤနေရာ၌ သူတစ်ပါးတို့၏စိတ်ကို သိနိုင်သော (ပရစိတ္တဝိဇာနန) ဉာဏ်ကြီးရှင်များမဟုတ်လျှင် သူတစ်ပါးတို့၏ စရိုက်ကို အတိအကျသိနိုင်ရန် ခဲယဉ်းလှ၏။ သို့ရာတွင် ထိုဉာဏ်မျိုးမရှိသူများအဖို့ စရိုက်ကို ခန့်မှန်းအကဲခတ်နိုင်ရန် နည်းလမ်းများရှိ၏။ ယင်းနည်း

---

၁။ အဘိ၊ ၄၊ ၂။ ၄၇၄။ ဣတိဝုတ်အဋ္ဌကထာ။ ၄၆။

လမ်းများမှာ–

(၁) သွားပုံ လာပုံ၊ နေထိုင်ပုံ၊

(၂) လုပ်ငန်းကိစ္စဆောင်ရွက်ပုံ၊

(၃) အစားအစာကြိုက်တတ်ပုံ၊

(၄) အမြင်အာရုံ၊ အကြားအာရုံကို၌ ကြည့်ရှုနားထောင်ပုံ၊

(၅) များစွာဖြစ်လေ့ဖြစ်ထရှိသော စိတ်နေသဘောထားများ ဖြစ်သည်။

ဤအချက်များဖြင့် သတ္တဝါတစ်ဦးဦးကို အကဲခတ် လေ့လာခဲ့ပါလျှင် မည်သည့်စရိုက်ရှိသူဟု ခန့်မှန်းနိုင်ပေသည်။ [၁]

ဒေါသစရိုက်ရှိသူကို ဤရှုထောင့် ၅ မျိုးဖြင့် အကဲခပ်ကြည့်ရှုလျှင် ဤသို့တွေ့မြင်ရပေမည်။ ဒေါသလွန်ကဲသူ သည် လမ်းသွားသည့်အခါ ခြေဖျားထောက်ကာ မြေကြီးကို ခြေဖျားဖြင့်တူးသကဲ့သို့ သွားတတ်၏။ ခြေကြွသည့်အခါ၌ဖြစ်စေ၊ ချသည့်အခါ၌ဖြစ်စေ အဆောတလျင် ကတိုက်ကရိုက်ကြွ၏၊ ချ၏။ ခြေရာကိုကြည့်လျှင် နောက်ဘက်သို့ ဆွဲငင်သယောင်ရှိ၏။ ကြမ်းကြမ်းတမ်းတမ်း တောင့်တင်းစွာ မတ်မတ်ရပ်တတ်၏၊ ထိုင်တတ်၏။ အိပ်ရာကို ဖြစ်ကတတ်ဆန်း အလျင်စလိုခင်းတတ်၏။ အိပ်သည့်အခါ ခန္ဓာကိုယ်ကို ဝုန်းခနဲ ပစ်လှဲချကာ မျက်မှောင်ကြုတ်၍ အိပ်လေ့ရှိ၏။ အိပ်ရာမှထရန် နှိုးလိုက်သည့်အခါ၌လည်း ဝေါက်ခနဲ လျင်မြန်စွာထတတ်၏။ ဒေါသထွက်သည့်ဟန် မချေမငံ ဝေါက်ဆတ်ဆတ်စကားမျိုး ပြန်ပြောတတ်၏။ ဒေါသစရိုက်ရှိသူကို ဣရိယာပုထ်ရှုထောင့်မှကြည့်လျှင် ဤသို့မြင်ရမည်ဖြစ်သည်။

တံမြက်လှည်းခြင်း စသည့်အမှုကိစ္စများကို လုပ်ကိုင်ဆောင်ရွက်

၁။ ဝိသုဒ္ဓိမဂ်၊ ပတွဲ၊ ၁၀၁။

ရာ၌ သေသပ်ကျနမှုမရှိ၊ အော်ကျယ်ဟစ်ကျယ်ဖြင့် အလျင်စလိုလုပ်တတ်၏။ တင်းကြပ်မြဲမြံစွာကိုင်ပြီး ကြမ်းကြမ်းတမ်းတမ်းလုပ်တတ်၏။ စားသောက်သည့်အခါ၌လည်း အစားအစာများကို ပါးစပ်အပြည့်ထည့်ကာ အရသာမခံဘဲ မြန်မြန်စားတတ်၏။ ကြမ်းတမ်းသော အစားအစာ၊ ချဉ်သောအစားများကို ကြိုက်နှစ်သက်လေ့ရှိ၏။ မကြိုက်သည့် စားဖွယ်သောက်ဖွယ်တို့ကိုရလျှင် နှလုံးမသာ မျက်နှာစလှရှိတတ်သည်။ မနှစ်သက်ဖွယ် အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ၌လည်း သည်းခံ အောင့်အည်းချုပ်တည်းခြင်းမရှိဘဲ ယမ်းပုံမီးကျသည့်ပမာ စိတ်တိုတတ်၏။ ထိုအာရုံကို ကြာရှည်စွာ မကြည့်နိုင်။ ကြာရှည်စွာ နားမထောင်နိုင်ဖြစ်၏။

အနည်းငယ်သော အပြစ်ကလေး၌ပင် သည်းခံမှုမရှိ စိတ်ထိခိုက်တတ်၏။ ဟုတ်မှန်သည့် (ဝါ) ထင်ရှားသည့်ဂုဏ်ကျေးဇူးကိုလည်း အလေးမမူတတ် ဖဲခွာသွားရသည့်အခါ၌လည်း ငဲ့ကွက်မှုမရှိ လွတ်လွတ်ကျွတ်ကျွတ် ဖဲခွာသွားလေ့ရှိသည်။

ဒေါသစရိုက်ရှိသူသည် အမျက်ထွက်လွယ်၏ (ကောဓ)၊ ရန်စကို မဖြေဖျောက်နိုင်ဘဲ ရန်ငြိုးဖွဲ့လေ့ရှိ၏ (ဥပနာဟ)။ အခြားသူတို့၏ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏ (မက္ခ)။ အခြားသူတို့၏ဂုဏ်ကို ညှံ့ဖျင်းသေးသိမ်အောင်လည်း ပြုလုပ်တတ်၏။ ဂုဏ်ပြိုင်တတ်၏ (ပဠာသ)။ အခြားသူတို့၏ ပြည့်စုံချမ်းသာမှုကို မမြင်လိုမကြားလို ငြူစူတတ်၏ (ဣဿာ)။ မိမိပစ္စည်းကိုလည်း မပေးလို မကမ်းလို ဝန်တိုတတ်၏ (မစ္ဆရိယ)။ ဤသို့ လုပ်ငန်းကိစ္စဆောင်ရွက်ပုံ၊ အစားအစာကြိုက်ပုံ စားသောက်ပုံ၊ ကြည့်ရှုနားထောင်ပုံ၊ မည်သည့်တရားများ အဖြစ်များပုံတို့ကို လေ့လာအကဲခတ်သောအားဖြင့် ဒေါသစရိုက်လွန်ကဲသူဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်ပေသည်။ [၁]

---

၁။ ဝိသုဒ္ဓိမဂ်၊ ပတွဲ၊ ၁၀၁–၂–၃။

**ဒေါသစရိုက်ရှိသူနှင့် လျော်သောအရာများ ။ ။ ဒေါသစရိုက် ရှိသူ နေရမည့် အဆောက်**

အအုံသည် မမြင့်လွန်း၊ မနိမ့်လွန်းစေရ။ အရိပ်အာဝါသကောင်း၍ သောက်ရေသုံးရေတို့နှင့် ပြည့်စုံရ၏။ အဆောက်အအုံ ပတ်ဝန်းကျင်ရှိ မြေအပြင်သည် ညီညာချောမွေ့နေရမည်။ အဆောက်အအုံတွင် ကောင်းမွန်လှပသော တိုင်ကြီးများ၊ လှေကားများ၊ နံရံများရှိရမည်။ လှပဆန်းကြယ်သော ခြူးပန်းခြူးနွယ်များ၊ ပန်းချီဆေးရေး ကားချပ်ကြီးများဖြင့် တန်ဆာဆင်ထားရမည်။ ဗြဟ္မာမင်း၏ဗိမာန်သဖွယ် ဆန်းကြယ်သော ပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်ထားသော အဝတ် မျက်နှာကြက် ရှိရမည်။ မြင်ရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး စေသော အခင်းနှင့် ခုတင်ညောင်စောင်းတို့ကို စနစ်တကျထားရှိရ မည်။ အဆောက်အအုံတစ်ခုလုံး ပန်းကုံးပန်းခိုင် အနံ့အထုံတို့ဖြင့် တသုန်သုန် မွှေးကြိုင်ပျံ့သင်းနေရမည်။ ဤကဲ့သို့ မြင်ရုံမျှဖြင့်ပင် နှစ်သက်ရွှင်မြူး ကြည်နူးဖွယ်ကောင်းသည့် အဆောက်အအုံမျိုးသည် ဒေါသစရိုက်ရှိသူနှင့် သင့်လျော်လှပေသည်။

အဆောက်အအုံထဲတွင် ပိုးဟပ်၊ ကြမ်းပိုး၊ မြွေ၊ ကင်း၊ ကြွက်... စသည်တို့ ကင်းစေရန် အသုံးအဆောင်ပစ္စည်းများ နည်းနိုင်သမျှ နည်းရမည်။ အဝတ်,ဝတ်ဆင်ရာတွင် ပိုးဖဲကတ္တီပါ စသည့် နူးညံ့ သိမ်မွေ့သော အကောင်းစားအဝတ်များကို ဝတ်ဆင်သင့်၏။ လုပ်ကျွေးပြုစုကြရမည့်သူများသည် ရုပ်ရည်ချောမောလှပရမည်။ ကြည့်ရှုချင်စဖွယ် တင့်တယ်ယဉ်ကျေးရမည်။ အမွှေးနံ့သာ အနံ့အထုံတို့ဖြင့် တစ်ကိုယ်လုံး မွှေးကြိုင်ပျံ့သင်းနေရမည်။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အရောင်အဆင်းရှိသည့် အဝတ်တန်ဆာတို့ကို ဝတ်ဆင် ထားရမည်။ တယုတယ လုပ်ကျွေးပြုစုတတ်ရမည်။

အစားအစာများမှာ အဆင်းအနံ့အရသာရှိသော မွန်မြတ်သည့် အစားအစာများ ဖြစ်ရမည်။ လိုသလောက်လည်းရရမည်။ ဣရိယာပုတ်လေးပါးတွင် အိပ်ခြင်း၊ ထိုင်ခြင်း ဣရိယာပုတ်နှင့် သင့်လျော်၏။ အာရုံအနေဖြင့်ကား နီလကသိုဏ်း...စသော ဝဏ္ဏကသိုဏ်းတို့တွင် အလွန်စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အဆင်းအာရုံတစ်ခုခုနှင့် သင့်လျော်ပေသည်။

အထက်ပါ ဝိသုဒ္ဓိမဂ်လာ ဒေါသစရိုက်နှင့်သင့်လျော်သော အရာများကို သတိပြုကြည့်လျှင် ဒေါသစရိုက်ရှိသူ ဒေါသမဖြစ်ပွားစေရန် ထိုပုဂ္ဂိုလ်အကြိုက်ကိုလိုက်၍ ပေးထားသော ဣဋ္ဌာရုံများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဒေါသဖြစ်ကြောင်း နှစ်မျိုးတွင် "အနိဋ္ဌာရုံနှင့် တွေ့ဆုံခြင်း"သည် အကြောင်းတစ်ပါးဖြစ်သည် မဟုတ်လော။ ထို့ကြောင့် ဒေါသစရိုက်ရှိသူ အကြိုက်ဖြစ်သည့် ဣဋ္ဌာရုံများသည် ဒေါသမဖြစ်အောင် ကာကွယ်တားဆီးနိုင်သည့် အာရုံများဖြစ်ပေသည်။

**ဒေါသနှင့်စပ်၍ ပုဂ္ဂိုလ် ၃ မျိုး။** ။ ရှင်တော်ဗုဒ္ဓသည် ဒေါသနှင့်စပ်၍ ပုဂ္ဂိုလ် ၃ မျိုးရှိကြောင်း အောက်ပါအတိုင်း ဟောကြားခဲ့သည်။ [၁]

(၁) ကျောက်ချပ်၌ရေးထားသော အက္ခရာနှင့်တူသော "ပါသာဏလေခူပမ"ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ်အမျက်ထွက်၏။ ယင်းပုဂ္ဂိုလ်၏ ထိုအမျက်သည် ကြာမြင့်စွာသော နေ့ညပတ်လုံး ကိန်း၏။ ကျောက်ချပ်၌ ရေးထားသော အက္ခရာသည် လေ၊ ရေတို့ကြောင့် လျင်မြန်စွာ မပျက်စီးဘဲ ကြာရှည်လေးမြင့် တည်နိုင်၏။ ထို့အတူ ဤလောက၌

၁။ အဘိ၊ ၄။ ၁၃၇။

အချို့သောပုဂ္ဂိုလ်သည် မပြတ် အမျက်ထွက်၏။ ယင်းပုဂ္ဂိုလ်၏ ထိုအမျက်သည် ကြာမြင့်စွာသော နေ့ညပတ်လုံးကိန်း၏။ ဤပုဂ္ဂိုလ်ကို ကျောက်ချပ်၌ရေးထားသော အက္ခရာနှင့်တူသည့် "ပါသာဏလေခူပမ" [၁] ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

(ဒေါသဖြစ်ပြီးနောက် အလွန်ပျောက်ခဲလှသူ ပါသာဏလေခူပမပုဂ္ဂိုလ်။)

(၂) မြေပြင်၌ရေးထားသော အက္ခရာနှင့်တူသော "ပထဝီလေခူပမ"ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မကြာခဏ အမျက်ထွက်၏။ ယင်းပုဂ္ဂိုလ်၏ ထိုအမျက်ကား ကြာမြင့်စွာသော နေ့ညပတ်လုံး မကိန်း၊ မြေပြင်၌ရေးထားသော အက္ခရာသည် လေ, ရေတို့ကြောင့် လျှင်မြန်စွာကျေပျက်ကာ တာရှည်မတည်တံ့နိုင်။ ထို့အတူ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မကြာခဏ အမျက်ထွက်၏။ ယင်းပုဂ္ဂိုလ်၏ ထိုအမျက်ကား ကြာမြင့်စွာသော နေ့ညပတ်လုံး မကိန်း။ ဤပုဂ္ဂိုလ်ကို မြေပြင်၌ရေးထားသော အက္ခရာနှင့်တူသည့် "ပထဝီလေခူပမ [၂]"ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(ဒေါသဖြစ်လွယ် ပြေလွယ်သူ ပထဝီလေခူပမ ပုဂ္ဂိုလ်။)

(၃) ရေပြင်၌ရေးသားသော အက္ခရာနှင့်တူသော "ဥဒကလေခူပမ"ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အလွန်ခက်ထန်စွာ ပြောဆိုသော်လည်းကောင်း၊ အလွန်ကြမ်းကြုတ်စွာ ပြောဆိုသော်လည်းကောင်း၊ မနှစ်လိုဖွယ်ရာ ပြောဆိုသော်လည်းကောင်း စိတ်မှု၊ ကိုယ်မှု၊ နှုတ်မှုအားလုံးတို့၌ ညီညွတ်

---

၁။ ပါသာဏလေခ–ကျောက်ရေးအက္ခရာနှင့် + ဥပမာ=တူသောပုဂ္ဂိုလ်။

၂။ ပထဝီလေခ=မြေရေးအက္ခရာနှင့် + ဥပမာ=တူသောပုဂ္ဂိုလ်။

အောင်နေထိုင်ပြုမူတတ်၏။ ရေပြင်၌ ရေးသားသောအက္ခရာသည် ကြာရှည်စွာမတည်၊ ဆောလျင်စွာပျက်စီးသွားရ၏။ ထို့အတူ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အလွန်ခက်ထန်စွာပြောဆိုသော်လည်းကောင်း၊ အလွန်ကြမ်းကြုတ်စွာပြောဆိုသော်လည်းကောင်း၊ မနှစ်လိုဖွယ်ရာ ပြောဆိုသော်လည်းကောင်း စိတ်မှု, ကိုယ်မှု, နှုတ်မှု အားလုံးတို့၌ ညီညွတ်အောင် နေထိုင်ပြုမူတတ်သည်သာ ဖြစ်၏။ ဤပုဂ္ဂိုလ်ကို ရေပြင်၌ရေးသားထားသော အက္ခရာနှင့်တူသော "ဥဒကလေခူပမ"[၁] ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(ဒေါသမဖြစ်တတ်သူ ဥဒကလေခူပမပုဂ္ဂိုလ်။)

**ဒေါသကြီးသူ အနာဟောင်းနှင့်တူ**[၂]။ ။ ရှတ်တရက် မပျောက်နိုင် မကျက်နိုင်သော ဒုအနာဟောင်းတို့မည်သည် ပင်ကိုပကတိသဘော၌ပင် ပြည်၊ သွေးပုပ်၊ သားငံရည်တို့ တစိုစိုယိုစီးကျလေ့ရှိ၏။ ထိုအနာဟောင်းကို ထင်းချောင်း စသည့် မာသောအရာဝတ္ထု တစ်စုံတစ်ခုနှင့် ထိခိုက်မိပါက ထို ပြည်၊ သွေးပုပ်၊ သားငံရည်တို့ ပိုမိုထွက်ကျလာလေ့ရှိပေသည်။

ဒေါသကြီးသူသည် သွေးပြည်တစိုစိုထွက်နေသော ထိုအနာဟောင်းကြီးနှင့် တူပေသည်။ အနာဟောင်ကြီးသည် ပင်ကိုသဘောအားဖြင့် ပြည် စသည်တို့ကို ယိုထွက်နေသကဲ့သို့ ဒေါသကြီးသူသည်လည်း မိမိပင်ကိုသဘောအားဖြင့်ပင် ကြွစောင်းစောင်းဖြစ်ခြင်း၊ ခက်ထန်ကြမ်းတမ်းခြင်း သဘောရှိ၏။ အနာဟောင်းကို ထင်းချောင်းစသော အရာဝတ္ထု တစ်စုံတစ်ခုဖြင့် ထိခိုက်မိလျှင် သွေးပုပ်၊ ပြည်ပုပ်များ ပိုမိုထွက်လာသကဲ့သို့ ဒေါသကြီးသူသည်လည်း အပြစ်ယူဖွယ် မဟုတ်သည့် အနည်းငယ်မျှသော စကားကလေးကိုပင် သည်းမခံနိုင်

၁။ ဥဒကလေခ = ရေ၌ရေးသောအက္ခရာနှင့် + ဥပမာ = တူသောပုဂ္ဂိုလ်။

၂။ အဘိ၊ ၄၊ ၃။ ၆၁၊ ၆၂။

ဘဲ "ဒီကောင်က ငါလိုကောင်မျိုးကို ဒီလိုပြောရမလား"စသည်ဖြင့် ပိုမိုတက်ကြွခက်ထန်လာသော သဘောရှိပေသည်။ ထို့ကြောင့် ဘုရားရှင်က ဤသို့ဟောခဲ့ခြင်း ဖြစ်ပါသည်။

"အနာဟောင်းနှင့်တူသောစိတ်ရှိသော 'အရုက္ခူပမစိတ္တ'ပုဂ္ဂိုလ်" ဟူသည် အဘယ်နည်း။ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏။ ပူပန်ခြင်းများ၏။ မပြောပဖွယ် အနည်းငယ်မျှ ပြောဆိုစေကာမူ ငြိကပ်တတ်၏၊ (ဝါ) စိတ်ထိခိုက်တတ်၏၊ ပြစ်မှားတတ်၏၊ စိတ်ဆိုးတတ်၏၊ ကြမ်းတမ်းခက်ထန်တတ်၏။ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်ရှားအောင် ပြု၏။ ပြ၏။ ဥပမာ–အနာဟောင်းသည် တုတ်ချောင်းစွန်းဖြင့်ဖြစ်စေ၊ အိုးခြမ်းကွဲဖြင့်ဖြစ်စေ ထိခိုက်ခံရသော် သွေးပြည်တို့ အမြောက်အမြားထွက်ကျလာ၏။ ထို့အတူ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပူပန်ခြင်းများ၏၊ မပြောပဖွယ် အနည်းငယ်မျှ ပြောဆိုစေကာမူ ငြိကပ်တတ်၏။ (ဝါ) စိတ်ထိခိုက်တတ်၏။ ပြစ်မှားတတ်၏၊ စိတ်ဆိုးတတ်၏၊ ကြမ်းတမ်းခက်ထန်တတ်၏။ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်ရှားအောင် ပြု၏၊ ပြ၏။ ဤပုဂ္ဂိုလ်ကို အနာဟောင်းနှင့် တူသောစိတ်ရှိသော 'အရုက္ခူပမစိတ္တ'ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ [၁]

ဒေါသနှင့်ဥဒ္ဒမြာယိကဖား[၂] ။ ။ တစ်ခုသောနေ့၏ ညသန်းခေါင်ယံ အချိန်တွင် အန္ဓဝန်တော၌ သီတင်းသုံးနေတော်မူသော အရှင်ကုမာရကဿပမထေရ်ထံသို့ နတ်သား

၁။ အဘိ၊ ၄၊ ၃။ ၆၁–၂။ ၂။ မ၊ ၄၊ ၂၊ ၃၀။

တစ်ဦးရောက်လာပြီး ဤတောင်ပို့သည် ညဥ့်အခါ အခိုးလွှတ်၏၊ နေ့အခါ တောက်ပ၏ စသည်ဖြင့် ထူးဆန်းသောပြဿနာတို့ကို လျှောက်ထားလေသည်။ ထို့ပြင် ယင်းပြဿနာတို့၏ အဖြေတို့ကို ဘုရားရှင်ထံ ချဉ်းကပ်လျှောက်ထားရန်လည်း မှာကြားသွား၏။ မထေရ်လည်း နတ်သား လျှောက်ထားသွားသည့်အတိုင်း ပြဿနာ အားလုံး၏ အဖြေကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားလေ သည်။ ထိုပြဿနာများတွင် "ဥဒ္ဓုမာယိကဖားဆိုသည်မှာ မည်သည့် အရာဖြစ်သနည်း"ဟူသော အမေးပုစ္ဆာပြဿနာလည်းပါ၏။ ဘုရား ရှင်က "ဥဒ္ဓုမာယိကဖားဆိုသည်မှာ အားကြီးသော အမျက်ဒေါသ၏ နာမည်ဖြစ်သည်"ဟု ဖြေကြားတော်မူလိုက်သည်။

မှန်ပါသည်။ အားကြီးသော အမျက်ဒေါသသည် သဘောအား ဖြင့် ဥဒ္ဓုမာယိကဖားနှင့်တူ၏။ ဥဒ္ဓုမာယိကဖားသတ္တဝါကား ပင်ကို ပကတိ၌ ခန္ဓာကိုယ် အလွန်သေးငယ်၏။ လက်သည်းခွံလေးမျှ လောက်သာ ရှိ၏။ သစ်ရွက် အဟောင်းအဆွေးများကြား၌ဖြစ်စေ၊ မြုံကြား နွယ်ကြားတို့၌ဖြစ်စေ နေလေ့ရှိ၏။ ယင်းဖားငယ်ကလေး သည် တုတ်စွန်း၊ နွယ်စွန်း၊ မြေမှုန့်တို့တွင် တစ်ခုခုဖြင့် ထိခိုက်မိပါက တဖြည်းဖြည်း ပြန့်ကားကြီးထွားလာလေ့ရှိ၏။ နောက်ဆုံးတွင် ဥသျှစ်သီးမှည့်လောက်နီးနီး ကိုယ်လုံးကြီးမားလာ၍ ဥသျှစ်သီးကဲ့သို့ ပင် လုံးဝန်းသောပုံသဏ္ဌာန်ရှိ၏။ ခန္ဓာကိုယ် လုံးဝန်းကြီးမားပြီး ခြေချောင်းကလေးများ သေးနေရကား လမ်းသွားသည့်အခါ ပက် လက်လန်ပြီး ခြေချောင်းများ မိုးပေါ်ထောင်ကာ မသွားနိုင် မလာနိုင် ဖြစ်၏။ ယင်းသို့ဖြင့် ရန်သူအကြိုက်ဖြစ်ကာ နောက်ဆုံးတွင် ကျီး,စွန် စသည်တို့၏ အစာဖြစ်သွားရပေသည်။

ထို့အတူ ဤအမျက်ဒေါသသည်လည်း ထွက်စ ဖြစ်စတွင်

စိတ်နောက်ကျုရုံ၊ စိတ်ချောက်ချားရုံမျှသာဖြစ်၏။ ယင်းအခြေအနေတွင် မနှိမ်နင်းနိုင်လျှင် တစ်ဆင့်တိုးလာကာ မျက်နှာထားမာကြောတင်းလာ၏။ မကြည်မသာဖြစ်လာ၏။ ထိုမှတစ်ဆင့် မေးလှုပ်လာခြင်း၊ အပြောအဆို ကြမ်းတမ်း ရိုင်းစိုင်းလာခြင်း၊ လက်နက်ရှာရန် ဟိုဟိုဒီဒီကြည့်လာခြင်း၊ ရှေ့ဆွဲနောက်တွန်းလုပ်လာခြင်း၊ ခဲ၊ တုတ်၊ ဓား...စသော လက်နက်တို့ကို ကိုင်စွဲလာခြင်း၊ ထိုလက်နက်တို့ဖြင့် ရိုက်ပုတ်ခြင်း၊ သတ်ဖြတ်ခြင်း...စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာ၏။ နောက်ဆုံးတွင် မိမိကိုယ်ကို အဆုံးစီရင်သည့်အထိ ဖြစ်သွားတတ်၏။ ဤသို့ ဒေါသသည် အချိန်မီ မနှိမ်နင်းနိုင်လျှင် တစ်စတစ်စ ကြီးထွားလာတတ်သော သဘောရှိပေသည်။

ဤဥပမာ၌ ဥဒ္ဒုမာယိကဖားသည် ခြေလေးချောင်း မိုးပေါ်ထောင်ကာ မသွားမလာနိုင် ဖြစ်သည်နှင့် ဒေါသကြီးသောပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းယူ၍ မပွားများအားမထုတ်နိုင်ပုံ တူပေသည်။ ဥဒ္ဒုမာယိကဖားသည် လမ်းမသွားနိုင်သဖြင့် ရန်သူ့အကြိုက်ဖြစ်ကာ ကျီးစာစွန်စာအဖြစ်သို့ ရောက်သွားရပုံနှင့် ဒေါသကြီးသောပုဂ္ဂိုလ်သည်လည်း ကမ္မဋ္ဌာန်းတရားပွားများ အားမထုတ်နိုင်သဖြင့် ရန်သူ့အကြိုက်ကျကာ ကိလေသာမာရ်စသော မာရ်စစ်သည်အားလုံးတို့၏ အလိုရှိတိုင်း အပြုခံရသည်နှင့် တူပေသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက "ဥဒ္ဒုမာယိက ဖားဆိုသည်မှာ အားကောင်းသော ဒေါသ၏အမည်ပင်ဖြစ်၏"ဟု မူလပဏ္ဏာသပါဠိတော်၊ ဝမ္မိကသုတ်၌ ဟောတော်မူခြင်းဖြစ်သည်။

**ဒေါသ၏ဖန်တီးချက်များ။** ။ ဒေါသကြီးသောသူသည် အဆင်း၊ ဥစ္စာ၊ ဉာဏ်၊ ပညာ...စသော ဂုဏ်တို့ရှိစေကာမူ ဂုဏ်မရှိဟု ပြုမူတတ်သော သဘောရှိ၏။ သူတစ်ပါး

၏ ဂုဏ်ကျေးဇူးကို ဂုဏ်ကျေးဇူးဟု အသိအမှတ်မပြု၊ ချေဖျက်တတ်၏။ ဒေါသကြီးသူသည် မချစ်ခင် မတွယ်တာတတ်သော သဘောရှိသောကြောင့်လည်းကောင်း၊ မုန်းသောသူတို့နှင့် ယှဉ်တွဲနေထိုင်ရခြင်းကို သည်းမခံနိုင်သော သဘောရှိသောကြောင့်လည်းကောင်း ဒေါသသည် မုန်းသောသူတို့နှင့် ယှဉ်တွဲနေထိုင်ရခြင်း (အပ္ပိယသမ္ပယောဂဒုက္ခ)ဆင်းရဲ၏ အကြောင်းတရားဖြစ်သည်။ ဒေါသကြီးသူသည် ဒေါသနည်းသူထက် အရွယ်ကျလွယ်၏။ အိုမင်းလွယ်၏။

မည်သူမဆို ဒေါသကိုရှေ့တန်းတင်ထားလျှင် ပေါင်းသင်းဆက်ဆံရေးတွင် အခါခပ်သိမ်း အဆင်မပြေဘဲရှိတတ်၏။ ဒေါသကား ဆိုခဲ့ပြီးသည့်အတိုင်း ကြမ်းတမ်းသောသဘောရှိ၏။ ထို့ကြောင့် ဒေါသသည် မိမိမှီရာ သတ္တဝါကို မိမိနှင့်သဘောတူသော ငရဲဘုံသို့ ပို့ဆောင်တတ်၏။ ဒေါသကြီးသူသည် အရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်းကို ဖန်တီးတတ်သော ဒေါသမီးက လောင်မြိုက်သောကြောင့် အိုရွယ်မရောက်မီ အိုသူများ၏ အခြင်းအရာ လက္ခဏာများပေါ်လာတတ်၏။ ဒေါသကို ရင်ဝယ်ပိုက်ထားသူသည် မိတ်ကောင်းဆွေကောင်း မရနိုင်။ မိတ်ဆွေရှားပါး၏။ ဒေါသသည် ဒေါသဖြစ်ကြောင်း အာဃာတဝတ္ထုများကို သိမ်းပိုက်သောသဘောရှိသောကြောင့် ဆင်းရဲသောသခါရဝတ္ထုများကို ဆင်းရဲဒုက္ခဟု ထင်မြင်နိုင်စွမ်းမရှိချေ။

**ဒေါသသည် အကုသိုလ်၏အခြေခံအကြောင်းတရား**။ ။ ဒေါသ မကင်းသော

သူ မည်သူမဆို ဒေါသအမျက်ထွက်နေချိန်တွင် ပြုလုပ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အားလုံးသည် မကောင်းမှုအကုသိုလ်များသာ ဖြစ်ပေသည်။ လောကတွင် ဒေါသကြောင့် သူတစ်ပါးအသက်ကို သတ်ကြသည်။ ဆဲရေးတိုင်းထွာကြသည်။ သူတစ်ပါးတို့

ပျက်စီးကြောင်းကို ကြံစည်ကြသည်။ တစ်ခါတစ်ရံ သူတစ်ပါးပစ္စည်းနိုးမှု၊ လိမ်ညာပြောဆိုမှု...စသည့် ဒုစရိုက်မှုများကို ဒေါသကြောင့် လွန်ကျူးတတ်ကြသေးသည်။ ဤသို့ ဒေါသသည် အကုသိုလ်တရားဖြစ်ပွားလာရန် တရားခံအကြောင်းတရားတစ်ခုဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက အောက်ပါအတိုင်း ဟောကြားခဲ့ခြင်းဖြစ်သည်။

"ရဟန်းတို့...အမျက်ထွက်ခြင်း ဒေါသသည်ရှိ၏။
ယင်းဒေါသသည် အကုသိုလ်၏ အကြောင်းရင်းတည်း"။
အမျက်ထွက်သူသည် ကိုယ်,နှုတ်,စိတ်ဖြင့် အားထုတ်၏။
ယင်းအားထုတ်မှုသည်လည်း အကုသိုလ်တည်း။

အမျက်ထွက်သူသည် အမျက်ထွက်ခြင်းဒေါသ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ဟု သတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ နှောင်ဖွဲ့ခြင်းဖြင့်သော်လည်းကောင်း ဆုံးရှုံးစေခြင်းဖြင့်သော်လည်းကောင်း၊ ကဲ့ရဲ့ခြင်းဖြင့်သော်လည်းကောင်း၊ နှင်ထုတ်ခြင်းဖြင့်သော်လည်းကောင်း ထင်ရှားမရှိသော ဝတ္ထုဖြင့် (အပြစ်ကိုဆို၍) သူတစ်ပါးအား ဆင်းရဲကိုဖြစ်စေ၏။ ယင်းသို့ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။

ထိုသို့ ဒေါသကြောင့် ဖြစ်ကုန်သော၊ ဒေါသလျှင် အကြောင်း ရင်းရှိကုန်သော၊ ဒေါသလျှင် ဖြစ်ကြောင်းရှိကုန်သော၊ ဒေါသလျှင် အထောက်အပံ့ ရှိကုန်သော မြောက်မြားစွာသော ဤအကုသိုလ်တရားယုတ်တို့သည် ထိုသူအား ဖြစ်ကုန်၏။[၁]

---

၁။ အံ၊ ၁။ ၂၀၂။

**ဒေါသကား အကျိုးမဲ့တရား** ။ ။ ဒေါသစေတသိက်သည် မီးကဲ့သို့ လောင်ကျွမ်း ပျက်စီးတတ်သော သဘောရှိ၏။ ဒေါသဖြစ်လာသည့်အခါ ရှေးဦးစွာ မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းဖျက်ဆီး၏။ နောက် အခြားသူများသို့ ကူးစက်လောင်ကျွမ်း၏ (လောင်ကျွမ်းဖျက်ဆီးပုံကို ရသအခန်း၌ အကျယ်တင်ပြခဲ့ပြီး)။ အချို့ပုဂ္ဂိုလ်များမှာ ဒေါသကြောင့် ဥစ္စာစီးပွားပျက်စီးကြရ၏။ တန်ခိုးဂုဏ်သိန် အရှိန်အဝါများ ကျဆင်းသွားရ၏။ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ထောင်ကျခြင်း...စသည့် အရှက်တကွဲ အကျိုးနည်းမှုများကို ခံစားရ၏။ နောက်ဆုံး အသက်ခန္ဓာဆုံးရှုံးသည့်အထိ ဒေါသ၏ ပြစ်ဒဏ်ကို ခံကြရသည်။ ထို့ကြောင့် မြတ်စွာဘုရားက ကာလာမအမျိုးသားတို့အား ဤသို့ ဟောကြားခဲ့ပါသည်။

"ကာလာမမင်းတို့...ထိုအရာကို အဘယ်သို့ မှတ်ထင်ကြ ကုန်သနည်း" အမျက်ထွက်ခြင်း ဒေါသသည် သတ္တဝါ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သည်ရှိသော် အကျိုးစီးပွားရှိခြင်းငှာ ဖြစ်သလော၊ (သို့မဟုတ်) အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"ဟု မေးတော်မူ၏။

အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်အရှင်ဘုရား။

"ကာလာမမင်းတို့...အမျက်ထွက်သောပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်းဒေါသနှိပ်စက်အပ်၊ သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်းသတ်၏။ သူတစ်ပါးက မပေးသည့်ပစ္စည်းကိုလည်း ခိုးယူ၏။ သူ့သားမယားကိုလည်း သွားလာ၏။ မဟုတ်မမှန်သောစကားကိုလည်း ပြောဆို၏။ သူတစ်ပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏။

ယင်း သူတစ်ပါးအသက်သတ်ခြင်း၊ သတ်စေခြင်း

...စသည်များသည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်နိုင်သည်မဟုတ်လောဟု" မေးတော်မူ၏။

ဖြစ်နိုင်ပါသည် အရှင်ဘုရား။ ၁

**ဒေါသ၏ပြစ်ဒဏ်များ။** ။ဒေါသသည် ရုပ်ဆင်းအင်္ဂါ မလှမပအောင် (ဝါ) ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုတတ်၏။ အမျက်ဒေါသထွက်နေသည့် အခြား သူများ၏ မျက်နှာ, ခြေ, လက်, အင်္ဂါတို့ကို ကြည့်ရှုလျှင်ဖြစ်စေ၊ ဒေါသဖြစ်နေသည့် မိမိမျက်နှာကို မှန်တွင်ကြည့်လျှင်ဖြစ်စေ ပင်ကို ပကတိထက် တမူခြားနား အရုပ်ဆိုးသွားသည်မှာ သိသာလှပေ သည်။ မိမိကိုယ်ကို တင့်တယ်လှပအောင် အစွမ်းကုန် ဖီးလိမ်းဝတ် ဆင်တန်ဆာဆင်ထားစေကာမူ ဒေါသဖြစ်လာသည့်အခါတွင် ဒေါသနှိပ်စက်သဖြင့် အလှပျက်ကာ အရုပ်ဆိုးသွားပုံကို လူတိုင်းမင်တွေ့ဖူး၊ ကြုံဖူးကြပေသည်။ ဤသို့ ဒေါသသည် ရုပ်ဆင်းအင်္ဂါမလှမပအောင် ပြုလုပ်တတ်၏။

ဒေါသဖြစ်နေသူသည် အိပ်သည့်အခါ၌လည်းချမ်းချမ်းသာသာ မအိပ်ရရှာပေ။ မှန်၏။ အလွန်တိတ်ဆိတ်ငြိမ်သက်သည့် ပတ်ဝန်းကျင်ရှိ၍ ခမ်းနားသန့်ရှင်းသော အိပ်ခန်းတွင်း၌ အိစက်ညက်ညောသည့် မွေ့ရာကြီးများ၊ ခေါင်းအုံးကြီးများ၊ ကတ္တီပါခြုံစောင်ကြီးများဖြင့် တန်ဆာဆင်ထားသည့် အိပ်ရာပေါ်တွင် အိပ်စက်ရငြားသော်လည်း ဒေါသအတွင်းသူပုန်ထနေပါလျှင် ပင်ပန်းဆင်းရဲစွာ အိပ်ရမည်သာဖြစ်၏။ ဤသို့ ဒေါသသည် အအိပ်ဆင်းရဲအောင် ဖန်တီးတတ်၏။

---

၁။ အံ၊ ၁။ ၁၈၉။

ဒေါသသည် အကျိုးစီးပွားမှန်သမျှကို ဖျက်ဆီးတတ်၏။ အကုသိုလ်တရားဖြစ်၍ ပညာမျက်စိကန်းသော တရားမျိုးဖြစ်၏။ အကြင်အခါ၌ သတ္တဝါတစ်ဦးဦး သန္တာန်၌ ဒေါသဖြစ်လာ၏။ ထိုအခါ သတ္တဝါသည် အကြောင်းအကျိုးကိုလည်း မမြင်၊ အကောင်းအဆိုးကိုလည်း ခွဲခြားမသိ၊ သူ၏စိတ်တွင် အမိုက်မှောင်ကြီး ကျလျက်ရှိ၏။ အကျိုးစီးပွားဖြစ်ထွန်းမည့်အရာကိုလည်း အကျိုးမရှိသည့်အရာဟု မှတ်ထင်ယူဆ၏။ အကျိုးစီးပွားဆုံးရှုံးမည့်အရာကိုလည်း အကျိုးစီးပွားဖြစ်ထွန်းမည်ဟု ဖောက်ဖောက်ပြန်ပြန် မမှန်မကန် ယူဆတတ်၏။ ထိုသို့ ယူဆပြုလုပ်တတ်သဖြင့် ဒေါသသည် မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကိုလည်း ဖျက်ဆီးတတ်၏။ စိတ်ကိုလည်း ချောက်ချားဖောက်ပြန်စေတတ်သည်။ စိတ်အစဉ်တွင် ဒေါသဝင်လာခဲ့လျှင် ဒေါသရှိသူသည် ဒေါသ၏အကျိုးမဲ့ လုပ်တတ်ပုံစသော ဘေးဒုက္ခအပေါင်းကို သိမြင်နိုင်သောဉာဏ်မရှိတော့ချေ။ ယင်းသို့ ဒေါသသည် အကျိုးစီးပွားမဲ့ကို ပြုလုပ်တတ်ပေသည်။

ဒေါသသည် လက်ရှိ စည်းစိမ်ဥစ္စာ ရတနာများကို လက်မဲ့ဖြစ်အောင်လည်း ပြုလုပ်တတ်သည်။ မှန်၏။ ဒေါသရှိသူသည် ဒေါသနှိပ်စက်သောကြောင့် ကိုယ်,နှုတ်တို့ဖြင့် သတ်ပုတ် ညှဉ်းဆဲမှု... စသည်ကို ပြုလုပ်လေ့ရှိသဖြင့် အမျိုးမျိုးသော မင်းပြစ်မင်းဒဏ်များကိုခံရ၍ စီးပွားဥစ္စာများ ပျက်စီးရ၏။ ဤသို့ဖြင့် မိမိကိုယ်တိုင် လက်ရုံးအားကိုးဖြင့် ပင်ပန်းကြီးစွာ ရှာမှီးထားသည့် ဥစ္စာပစ္စည်းများသည် ပြည်သူ့ဘဏ္ဍာအဖြစ်သို့ ရောက်သွားတတ်ပေသည်။ ဤသို့ ဒေါသသည် လက်ရှိစည်းစိမ်ဥစ္စာများကို လက်မဲ့ဖြစ်အောင် ပြုလုပ်တတ်၏။

ဒေါသကြောင့်လည်း အခြွေအရံနည်းပါးတတ်၏။ ဒေါသသည်

ဆိုခဲ့သည့်အတိုင်း ကြမ်းတမ်းခက်ထန်သော သဘောရှိ၏။ မိမိနှင့် တကွ နီးစပ်ရာပုဂ္ဂိုလ်များကို မီးကဲ့သို့ လောင်ကျွမ်းတတ်၏။ သူတစ်ပါးတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဆဲဆိုကြိမ်း မောင်းခြင်း...စသည်တို့သည် ဒေါသ၏လက်ချက်များဖြစ်၏။ ထို ကြမ်းတမ်းခက်ထန်ခြင်းစသည့် ရိုင်းစိုင်း ရက်စက်သည့် အပြုအမူ များကို လူတိုင်းမလိုလားကြ မနှစ်သက်ကြချေ။ သို့ဖြစ်၍ ထို သဘောလက္ခဏာရှိသည့် ဒေါသကြီးသူ၏ အနီးအပါးတွင် မည်သူ မျှ မနေလိုကြခြင်းဖြစ်သည်။ အကြောင်းမသိ၍ အနီးအပါးသို့ လာ ရောက်နေထိုင်ကြစေကာမူ အကြောင်းသိသည့်အချိန်တွင် အဝေးသို့ ဖဲခွာသွားကြမည်သာဖြစ်၏။ ဤသို့ ဒေါသသည် အခြွေအရံ နည်း အောင်လည်း ဖန်တီးတတ်သည်။

မိတ်ဆွေသင်္ဂဟ နည်းပါးခြင်းသည်လည်း ဒေါသ၏ အပြစ် တစ်ခုဖြစ်၏။ မိမိအပေါ် ခက်ထန်မှု, မျက်မာန်ပွားမှု, မုန်းမှုတို့ကို လူတိုင်းပင် မကျေနပ်ကြ။ ဗုဒ္ဓရှင်တော်ဘုရားက "အမျက်ဒေါသ ထွက်လာသူကို မိမိက အမျက်မထွက်၊ သည်းခံခြင်း လက်နက်ဖြင့် အနိုင်ယူရမည်"ဟု ဟောထား၏။ သို့သော် သတ္တဝါအများစုသည် တစ်ဖက်သား၏ အမျက်ဒေါသကို တန်ပြန် အမျက်ဒေါသဖြင့်သာ ခုခံလေ့ရှိကြသည်။ အလွန်ရင်းနှီးခင်မင်သည့် မိတ်ဆွေဖြစ်စေကာမူ မိမိအပေါ် ဒေါသမာန်ပွား မုန်းစိတ်များလာပါက ထိုပုဂ္ဂိုလ်ကို မိတ်ဆွေအဖြစ် အသိအမှတ် မပြုကြတော့ချေ။ ဤသို့ဒေါသသည် မိတ်ဆွေနည်းပါးအောင် လုပ်တတ်၏။

ဒေါသသည် မိမိဖြစ်ရာပုဂ္ဂိုလ်ကို ငရဲဘုံသို့ ပို့ဆောင်တတ်၏။ မည်သူမဆို ဒေါသဖြစ်လာလျှင် ကိုယ်, နှုတ်, စိတ်တို့တွင် တစ် ပါးပါးဖြင့် ဒုစရိုက်မှု တစ်ခုခုကို လွန်ကျူးကြမြဲ ဓမ္မတာဖြစ်သည်။

ထိုဒုစရိုက်မှုကြောင့် ဒေါသရှိသူသည် ငရဲဘုံသို့ ကျရောက်တတ်သော သဘောရှိပေသည်။

ဤသို့ ဘုရားရှင်သည် အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ ကောဓနသုတ်၌ ဒေါသ၏ ပြစ်ဒဏ်(၇)ချက်တို့ကို ဟောကြားပြီး နောက် အောက်ပါတို့ကိုလည်း ဆက်လက်ဟောကြားခဲ့ပေသည်။

ဒေါသထွက်နေသူသည် ပကတိအခါပြုဖို့ရန် ခဲယဉ်းသည့် မကောင်းမှုများကို လွယ်လွယ်နှင့်ပင် ပြုလုပ်တတ်ကြ၏။ အမျက် ဒေါသပြေသည့်အခါမှ မီးလောင်သကဲ့သို့ စိတ်ပူပန်ခြင်း ဖြစ်ရ၏။ မီးတို့မည်သည် အကျိုးတရားအဖြစ် မီးခိုးကို ဖြစ်စေတတ်၏။ ထို့အတူ ဒေါသသည်လည်း အကျိုးတရားအဖြစ်ဖြင့် မျက်နှာမသာ မယာရှိသည်ကို ပြတတ်၏။ အမျက်ထွက်နေသူသည် မကောင်းမှုကို ပြုရန် ရှက်ရမှန်း၊ ကြောက်ရမှန်း၊ ထိတ်လန့်ရမှန်း မသိချေ။ ပြောဆို ဆုံးမသည့်စကားကိုလည်း လေးလေးစားစား လိုက်နာဆောင်ရွက် တတ်သော သဘောမရှိ၊ မိခင်ဖခင် ကျေးဇူးရှင်များနှင့်တကွ ရဟန္တာ ထေရ် အရှင်တို့ကိုပင်သော်လည်း သတ်ဖြတ်တတ်၏။ နောက်ဆုံး ဒေါသဖြစ်လာသည့်အခါ အချစ်ဆုံးဖြစ်သည့် မိမိကိုယ်ကိုပင်သော် လည်း သေကြောင်းကြံကြ၏။ ဓား၊ လှံ၊ သေနတ်စသည်ဖြင့် ထိုး ခုတ်ပစ်ခတ်၍သော်လည်းကောင်း၊ အဆိပ်စား၍သော်လည်းကောင်း၊ ဆွဲကြိုးချ၍သော်လည်းကောင်း၊ တောင်, မြစ်ကမ်းပါး တံတားစသည့် မြင့်သောနေရာတို့မှ ခုန်ချ၍သော်လည်းကောင်း မိမိကိုယ်ကို သတ် သေတတ်ကြကုန်၏[၁]။

ဒေါသရှိသူသည် ဆင်းရဲစွာနေရ၏။ ပုထုဇဉ်ဘဝမှ သောတာပန် အဆင့်၊ သောတာပန်အဆင့်မှ သကဒါဂါမ်အဆင့်သို့ မရောက်နိုင်

၁။ အံ၊၂၊၄၆၉။

မမြင်နိုင်ဘဲ ဆုတ်ယုတ်သောသဘောရှိ၏။ ဒေါသစိတ်ရှိစဉ် သေခဲ့လျှင် ငရဲကျရောက်တတ်၏ဟု အင်္ဂုတ္တိုရ် ဒုကနိပါတ် ကောဓပေယျာလနှင့် ဣတိဝုတ်ပါဠိတော် ဒေါသပရိညာသုတ်၊ ပဒုဋ္ဌစိတ္တသုတ်စသည်တို့၌ ဟောကြားခဲ့၏။

စရိယာပိဋက ခဋ္ဌကထာ၌လည်း ဘုရားအလောင်း စူဠဗောဓိပုဏ္ဏားက ဗာရာဏသီမင်းအား ဒေါသဖြစ်သူတို့ကို ဤသို့ ဟောကြားခဲ့ပေသည်။

> "သတ္တဝါတို့သည် ဒေါသမဖြစ်မီ ပကတိစိတ်ကောင်းဝင်ချိန်တွင် မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ ကောင်းကျိုးကို ကောင်းမွန်စွာ သိမြင်နိုင်သော်ငြားလည်း ဒေါသဖြစ်လာသည့်အချိန်တွင်မူ သူတစ်ပါးအကျိုးကို မဆိုထားဘိ မိမိကိုယ်ကျိုးကိုပင်သော်လည်း မမြင်တော့ချေ။ ဒေါသကား ရန်သူကြိုက်တရားဖြစ်သည်။ ဒေါသဖြစ်လာလျှင် အများတွေ့ပြီး ဒုက္ခရောက်တော့မည်ကို ရန်သူတို့သိကြ၏။ ထို့ကြောင့် တစ်ဖက်သား ဒုက္ခရောက်ရန် လိုလားနေသော ရန်သူသည် တစ်ဖက်လူဒေါသဖြစ်ခြင်းကို သဘောကျလျက်ရှိ၏။ ဒေါသဟူသည် ပညာဉာဏ်ကင်းမဲ့သူတို့၏ ကျက်စားရာ တရားဖြစ်၏။ ဒေါသသည် ကောင်းသည့် လုပ်ငန်းမှန်သမျှကို စွန့်ပယ်၏။ မိမိတို့၏ ကြီးပွားတိုးတက်မှုအားလုံးကို ဖျက်ဆီးပိတ်ပင်၏။ ထင်းကို မီးပွတ်ကျည်ဖြင့် ပွတ်သည့်အခါ မီးဖြစ်လာပြီး ထင်းကိုပင် လောင်ကျွမ်းသကဲ့သို့ ထို့အတူ ဉာဏ်ပညာကင်းသည့် လူမိုက်လူဖျင်းအား ချုပ်ချယ်လိုမှုကြောင့် ဒေါသမီးတောက်ကာ မိမိသည်ပင် လောင်ကျွမ်းခံရ၏။

ဣတိဝုတ်ပါဠိတော်၊ ကေကနိပါတ်၊ ဒေါသသုတ်၊ ကောဓသုတ် စသည်၌လည်း...

"ရဟန်းတို့၊ တစ်ခုသော တရားကို ပယ်ကြကုန်၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏။ တစ်ခုသော တရားကား ပြစ်မှားမှု ဒေါသ၊ သို့မဟုတ် အမျက်ထွက်မှု ကောဓတည်း။ ဒေါသ (ဝါ) ကောဓ အဖျက်ဆီးခံရသူ သတ္တဝါတို့သည် မကောင်းသောသူတို့ လားရာဂတိသို့ လားရောက်ကြရ၏။ ယင်းဒေါသကို ကောင်းစွာသိမြင်၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုဒေါသကို ပယ်စွန့် ကြကုန်၏။ ယင်းသို့ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကြကုန်"ဟု ဟောတော်မူ ခဲ့သည်။

**မြတ်စွာဘုရားနှင့် ဒေါသကြီးသည့်မင်းသား။** ။ ကေနိပါတ်၊ ကေ ပဏ္ဏက ဇာတ်၌ လည်း ဒေါသ၏ပြစ်မှုများကို ဘုရားရှင် ဤသို့ ဟောကြားတော် မူခဲ့သေးသည်။

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ဝေသာလီပြည် တွင် ဒေါသမာန်မာန အလွန်ခက်ထန်သည့် လိစ္ဆဝီမင်းသားတစ်ပါး ပေါ်ခဲ့ဖူး၏။ ထိုမင်းသားကို "ဒုဋ္ဌလိစ္ဆဝီ"ဟုခေါ်သည်။ အမျက် ဒေါသအလွန်ကြီး၏။ ကြမ်းတမ်းခက်ထန်၏။ ဆဲရေးတိုင်းထွာတတ် ၏။ နိုင်ထက်ကလူ ပြုမူတတ်၏။ တုတ်နှင့်ခေါက်လိုက်သည့် မြွေ ဟောက်ကဲ့သို့ အမြဲဒေါသမီးတောက်လောင်နေ၏။ ထိုမင်းသား ရှေ့တွင် မည်သူမျှ နှစ်ခွန်းသုံးခွန်းပြည့်အောင် စကားမပြောရဲကြ။

မိဘနှစ်ပါးစကားကိုလည်း နားမထောင်၊ ဆွေမျိုး မိတ်သင်္ဂဟများကလည်း ဆိုဆုံးမခက်သဖြင့် လျစ်လျူရှုထားရသူ ဖြစ်၏။

တစ်နေ့တွင် မိဘနှစ်ပါးတို့သည် ထိုမင်းသားငယ်ကို ဘုရားရှင်မှတစ်ပါး အခြား မည်သူမျှလိမ္မာအောင် ဆုံးမနိုင်မည်မဟုတ်ဟု စဉ်းစားမိကြပြီး မင်းသားငယ်ကို ဘုရားရှင်ထံ ခေါ်သွားကြသည်။ ဘုရားရှင် ရှေ့တော်မှောက်သို့ရောက်သည့်အခါ "ဤ မင်းသာကြမ်းကလေးကို ယဉ်ကျေးအောင် ဆုံးမပေးတော်မူပါဘုရား"ဟု ရှိခိုးလျှောက်ထားကြသည်။

ဘုရားရှင်က"မင်းသား ထိုထိုသတ္တဝါများအပေါ်၌ ကြမ်းကြုတ်ခတ်ထန်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ နိုင်ထက်ကလူပြုမူခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို မပြုသင့်ပေ။ ကြမ်းတမ်းရိုင်းစိုင်းသော အပြောအဆိုမျိုးကို ဆွေမျိုးမိတ်သင်္ဂဟ ညီအစ်ကိုမောင်နှမ၊ သားမယားတို့ပင် မဆိုထားဘိ၊ မွေးမိဖခင် ကျေးဇူးရှင်တို့ပင် မကြိုက်မနှစ်သက်ကြ၊ လွန်စွာရွံရှာမုန်းတီးကြ၏။ ကိုက်သတ်ရန်လာသောမြွေ၊ ထကြွသောင်းကျန်းနေသော တောခိုဓားပြသူပုန်၊ စားရန်လာသော ဘီလူးတို့ပမာ ကြောက်မက်ဖွယ်ရာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အလွန်ကောင်း၏။ နောင်တမလွန်ဘဝ၌လည်း ငရဲစသော အပါယ်လေးဘုံ သို့ကျရောက်ရ၏။

ဒေါသကြီးသူသည် ယခုဘဝ ပစ္စက္ခအခြေအနေ၌လည်း မည်သို့ပင် ဖီးလိမ်း ဝတ်ဆင်၊ တင့်တယ်လှပအောင် တန်ဆာဆင် ထားစေကာမူ ရုပ်ဆင်းအင်္ဂါ မတင့်တယ်မလှပနိုင်ချေ။ ယင်းဒေါသကြီးသူ၏ ပင်ကိုမူလ လပြည့်ဝန်းကြီးကဲ့သို့ တင့်တယ်လှပသည့် မျက်နှာသည်လည်း ဒေါသဖြစ်လာသည်နှင့်တစ်ပြိုင်နက် မီးလျှံခတ်သည့် ပဒုမ္မာရွှေကြာပန်းနှင့် အညစ်အကြေး လိမ်းကပ်နေသည့် ရွှေကြေးမုံဝန်း

တို့ကဲ့သို့ ကြည့်ရှုဖွယ်မကောင်း၊ အရုပ်ဆိုးသွားရ၏။

သတ္တဝါတို့သည် ဒေါသကိုအမှီပြု၍ လက်နက်စွဲကိုင်ကာ မိမိကိုယ်ကိုပင် မိမိသတ်သေကြ၏။ အဆိပ်ကို စားကြ မျိုကြ၏။ ဆွဲကြိုးချကြ၏။ တံတား ချောက်ကမ္ဘားစသော မြင့်ရာတို့မှ ခုန်ချကြ၏။ ဤသို့ဒေါသစိတ်ဖြင့် ဘဝကို နိဂုံးချုပ်ပြီးနောက် ငရဲဘုံစသည်တို့သို့ ရောက်ကြရ၏။

သူတစ်ပါးတို့ကို ညှဉ်းပန်းနှိပ်စက်တတ်သူတို့သည်လည်း ယခုမျက်မှောက်ဘဝမှာပင် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရ၏။ နောင်တမလွန်ဘဝတွင်လည်း ငရဲဘုံစသော အပါယ်လေးဘုံသို့ ကျရောက်ကြရ၏။ လူပြန်ဖြစ်သည့်အခါ၌လည်း မွေးဖွားလိုက်ကတည်းက ရောဂါထူ၏။ လုံးလုံးကျန်းမာသည့်အခါဟူ၍မရှိ။ ရောဂါတစ်ခုခု အမြဲမပြတ် တရစပ်ရှိနေတတ်၍ ထာဝစဉ် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရ၏။ ထို့ကြောင့် သတ္တဝါများအပေါ်၌ မေတ္တာစိတ်၊ အကျိုးလိုလားစိတ်၊ နူးညံ့ပျော့ပျောင်းသောစိတ်မျိုးထားသင့်၏။ ယင်းကဲ့သို့ ဒေါသကြီးသည့် ပုဂ္ဂိုလ်မျိုးသည် ငရဲစသောဘေးဒုက္ခတို့မှ မလွတ်မြောက်နိုင်"ဟု ဆိုဆုံးမတော်မူသည်။

ဤသို့ ဘုရားရှင်၏ ဩဝါဒ ဒေသနာကို တစ်ကြိမ်တစ်ခါကြားနာရသည်နှင့်ပင် အလွန် ဒေါသ မာန်မာန ခက်ထန်ကြမ်းကြုတ်သော ဒုဋ္ဌလိစ္ဆဝီမင်းသားငယ်သည် မေတ္တာစိတ်ကိန်း၍ စိတ်ထားနူးညံ့ပျော့ပျောင်းသွား၏။ ဒေါသမာန်မာနမရှိတော့ဘဲ အလွန်ယဉ်ကျေးသိမ်မွေ့သွား၏။

သူတစ်ပါးက ဆဲဆဲရိုက်ရိုက် ပြန်လှည့်၍ပင် မကြည့်တော့။ အစွယ်မရှိသော မြွေ၊ ဦးချိုကျိုးနေသော နွားလား၊ လက်ဖြတ်ထားသော ပုစွန်တို့ပမာ ဒေါသမာန်မာန ကင်းသွားလေသည်။

## ဂ။ ဒေါသပြေငြိမ်းရန် ကုသနည်းများ

ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ဒေါသကား အလွန်ကြောက်စရာကောင်းသည့် တရားဆိုးတစ်ပါးတည်း။ အကုသိုလ်တရားများ၏ မြစ်ဖျားခံရာ ပင်ရင်းမူလ အခြေခံတရားအုပ်စုတွင် ပါဝင်၏။ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌လည်း အကျိုးစီးပွားမှန်သမျှကို ဖန်တီးတတ်၏။ နောင်တမလွန် ဘဝ၌လည်း ငရဲသို့ ပို့ဆောင်ပေးတတ်၏။ ယင်းဒေါသကို သောတာပန် ပုဂ္ဂိုလ်ပင် အကြွင်းမဲ့ မပယ်သတ်နိုင်သေး။ အနာဂါမိမဂ်ဖြင့်သာ အမြစ်ပါမကျန် ပယ်သတ်နိုင်၏။ ဤမျှဆိုးဝါးသော်လည်း ပရိယုဋ္ဌာန အနေဖြင့် ထကြွသောင်းကျန်းနေသောဒေါသကိလေသာကိုမူ ပြေငြိမ်းပပျောက်သွားရန် ကုစားသော နည်းလမ်းများရှိပါသည်။ ယင်းကုစားနည်းများကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပထမအုပ်၊ မေတ္တာဘာဝနာအခန်းတွင် ဤသို့စနစ်တကျ ဖော်ပြထားပါသည်။

**မေတ္တာဘာဝနာဖြင့် ကုသနည်း** ။ ။ ဒေါသသည် အဒေါသ ခေါ်သည့် မေတ္တာတရား၏ ဆန့်ကျင်ဘက်တရားဖြစ်၏။ တစ်ဂူထဲတွင် ခြင်္သေ့နှစ်ကောင် အတူမအောင်းနိုင်သကဲ့သို့ ဒေါသနှင့် မေတ္တာတို့သည် တစ်ချိန်တည်းတွင် အတူမဖြစ်နိုင်ကြချေ။ ဒေါသလာလျှင် မေတ္တာရှောင်ခွာရသကဲ့သို့ မေတ္တာဝင်လျှင်လည်း ဒေါသစင်သွားရသည်မှာ ဓမ္မနိယာမဖြစ်၏။ ထို့ကြောင့် စိတ်အစဉ်တွင် ဒေါသဝင်နေလျှင် ပထမဆုံးမေတ္တာနှင့် မောင်းနှင်ထုတ်ရမည်။ မိမိဒေါသဖြစ်နေသူသို့ မေတ္တာဓာတ်လွှတ်နိုင်ရန် ကြိုးစားရမည်။

**ကကစူပမသုတ်နှင့် သံယုတ်ပါဠိတော်လာ ကုသနည်း** ။ ။ ထိုသို့ မိမိဒေါသ ဖြစ်နေသူအား မေတ္တာ ဓာတ်ရောက်

အောင် ကြိုးစားသော်လည်း ဒေါသက အားကောင်းနေသဖြင့် မေတ္တာ ဓာတ် မသွင်းနိုင်ခဲ့ပါလျှင် ဘုရားရှင်၏ ဩဝါဒများကို ဆင်ခြင် စဉ်းစားနှလုံးထားကာ ဒေါသတရားကို ဖယ်ရှားပစ်ရမည်။

ဆင်ခြင်ပုံမှာ…မိမိကိုယ်ကိုမိမိ "အမျက်ဒေါသထွက် နေသည့် အမောင်ယောကျ်ား…ရှင်တော်ဘုရားက ရဟန်း တို့…ဓားပြ၊ သူခိုး၊ လူဆိုးတို့က ခြေလက် နား နှာ၊ ကိုယ်အင်္ဂါကြီးငယ်တို့ကို အစွန်းနှစ်ဖက်၌ အရိုးတပ်ထား သော ငမန်းစွယ်လွှကြီးဖြင့် တိုက်ဖြတ် နှိပ်စက်ကြစေကာ မူ ထိုနှိပ်စက်သူတို့၌ပင် အမျက်ဒေါသမထားဘဲ မေတ္တာ ပွားရမည်။ အကယ်၍ ဒေါသမာန်ပွား အမျက်ထားခဲ့လျှင် ထိုရဟန်းသည် ငါဘုရား၏ အဆုံးအမ ဩဝါဒကို လိုက် နာသူမမည်"[၁]ဟု ဆုံးမဩဝါဒ ပေးတော်မူခဲ့သည် မဟုတ် ပါလော။

သူတစ်ပါးက မိမိအား ဒေါသထွက်လာလျှင် မိမိက တုံ့ပြန်၍ အမျက်ဒေါသမထွက်ရ။ အကယ်၍ အမျက် ဒေါသ တုံ့ပြန်ခဲ့လျှင် ထိုတုံ့ပြန် အမျက်ထွက်သူသည် ပထမ အမျက်ထွက်သူထက် ပိုမို ယုတ်မာဆိုးဝါး၏။ တုံ့ပြန်အမျက်မထွက်ဘဲ သည်းခံနိုင်သူသာ အောင်နိုင်ခဲ သော ကိလေသမာရ်စစ်ပွဲကို အောင်နိုင်သူမည်၏။ သူ တစ်ပါး အမျက်ဒေါသထွက်နေသည်ကိုသိလျှင် သတိ ထားကာ တုံ့ပြန်အမျက်မပွားဘဲ နေနိုင်ပါမူ ယင်းတို့နေ သောသူသည် မိမိသူတစ်ပါး နှစ်ဦးသားတို့၏ လောက သံသရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် ကျင့်သူမည် ၏"ဟု ဆုံးမဩဝါဒပေးခဲ့သည်မဟုတ်ပါလော။[၂]

---

၁။ မ၊၁၊၁၈၁။ ၂။ သံ၊၁၊၁၆၅။

အင်္ဂုတ္တိုရ်ပါဠိတော်လာ။ ။ ထို့ပြင် အမျက်ဒေါသ ထွက်လာသည့်

**ကုသနည်းများ**

အခါ မျက်နှာအခြေအနေပျက်ပြီး အရုပ်ဆိုးသွားသည့် သဘောရှိ၏။ အိပ်သည့်အခါ၌လည်း ချမ်းချမ်းသာသာ မအိပ်ရချေ။ ဒေါသကြီးသူ၌ စီးပွားဥစ္စာများ မပြည့်မစုံဘဲ ရှိတတ်၏။ လက်ရှိ စီးပွားဥစ္စာများ ပျက်စီးယုတ်လျော့သွားတတ်၏။ အခြံအရံ အကျော်အစော နည်းပါး၏။ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ ရှားပါး၏။ သေသည့်အခါ၌လည်း ငရဲသို့ကျရောက်တတ်၏။[1]

ဤပြစ်ချက် (၇)ချက်သည် မိမိကောင်းကျိုးကို မလိုလားသည့် တစ်ဖက်ရန်သူက မိမိ၌ဖြစ်ရန် လိုလားတောင့်တနေသည့် ရန်သူကြိုက်အချက် ၇-ရပ်ဖြစ်သည်ဟု ဆုံးမဩဝါဒပေးခဲ့သည် မဟုတ်ပါလော။[2]

ထို့နောက် "အစွန်းနှစ်ဖက်၌ မီးလောင်၍ အလယ်၌ မစင်ကျင်ကြီးတို့ဖြင့် လိမ်းကျံနေသော သူသေကောင်ဖုတ်သည့် ထင်းကုလားတုံးသည် မြို့ရောတောပါ နေရာတကာ၌ ထင်းအဖြစ်အသုံးမကျတော့သကဲ့သို့ ဤဒေါသကြီးသော ပုဂ္ဂိုလ်သည်လည်း ထင်းကုလားတုံးပမာ နေရာတကာ၌ အသုံးမကျချေ"ဟု ဆုံးမဩဝါဒပေးခဲ့သည် မဟုတ်ပါလော။[3]

သို့ဖြစ်၍ အမျက်ဒေါသကြီးသူ အသင်သည် ဤသို့ဒေါသထွက် စိတ်ဆိုးနေလျှင် ဘုရား၏ အဆုံးအမဩဝါဒကို မလိုက်နာသူလည်း

---

၁။ ရုပ်ရေဆင်းပျက်၊ အိပ်စက်မပျော်၊ ကျိုးသော်မရ၊ ဘောဂခြွေရှေ၊ မိတ်ဆွေပျက်ပြား၊ အပါယ်လား၊ ခုနစ်ပါးကောဓအပြစ်တည်း။ (မဟာဗုဒ္ဓဝင်-ပထွဲ၊ဒုပိုင်း-၁၆၆)

၂။ အံ၊၂။၄၆၉။ ၃။ ဇာတိဝုတ်။၂၅၅။

ဖြစ်လိမ့်မည်။ ပထမ စတင်အမျက်ထွက်သူထက် ပိုမို ယုတ်မာ ဆိုးဝါးသူဖြစ်၍ အောင်နိုင်ခဲသော ကိလေသာမာရ်စစ်ပွဲ၌ အရေး နိမ့်သွားသူလည်း ဖြစ်လိမ့်မည်။ ရန်သူက ဖြစ်စေလိုသည့် ရန်သူ့ အကြိုက်များကို ရန်သူက မဖန်တီးပေးရဘဲ မိမိကိုယ်တိုင်ကပင် ပြုပေးရာလည်း ရောက်သွားပေလိမ့်မည်။ ထင်းကုလားတုံးပိုင်းကဲ့သို့ မည်သည့်နေရာမှာမှ အသုံးမကျသူလည်း ဖြစ်လိမ့်မည်ဟု ဆင်ခြင် နှလုံးသွင်းပြီး အမျက်ဒေါသကို ငြိမ်းအေးစေရမည်။

ဤကဲ့သို့ ဆင်ခြင်နှလုံးသွင်း၍မှ အမျက်ဒေါသ မငြိမ်းအေးလျှင် မိမိအမျက်ဒေါသထွက်နေသူ၌ မိမိ၏ စိတ်နှလုံး ရွှင်ပြုံးကြည်နူး စေနိုင်သော ကောင်းမွန်သည့် အမူအရာ ဂုဏ်အင်္ဂါအချို့နှင့် အကျင့် စာရိတ္တအချို့ရှိပေမည်။ ထိုသည့် အမူအရာ ဂုဏ်အင်္ဂါများနှင့် အကျင့် စာရိတ္တတို့ကို အောက်မေ့ဆင်ခြင်၍ ဒေါသကို ဖြေဖျောက်ရမည်။

**အာဃာတပဋိဝိနယသုတ်လာ။ ။ ကုသနည်းများ**[၁] ထိုသို့မှ ဒေါသ မပြေပျောက်သေး ခဲ့သော် အောက်ပါ ညွှန်ကြားဆုံးမ ထားသော ဒေါသဖြေဖျောက် နည်း ၅–နည်းဖြင့် ဖြေဖျောက်ရမည်။

(၁) မိမိအမျက်ဒေါသထွက်နေသည့် ပုဂ္ဂိုလ်သို့ ချစ်ခြင်း မေတ္တာ ဓာတ်ကို အမြဲမပြတ် လွှတ်ပေးရမည်။ (၂) ထို့အတူ ယင်းပုဂ္ဂိုလ်ကို ကြင်နာသနားခြင်း ကရုဏာဓာတ်။ (၃) မုန်းချစ်မပြု လျစ်လျူရှုမှု ဟူသော ဥပေက္ခာဓာတ်တို့ကို ပွားများရမည်။ (၄) ထို့နောက် ယင်းပုဂ္ဂိုလ်အား လုံးဝသတိမထား နှလုံးမသွင်းတော့ဘဲ မိမိစိတ်အာရုံ မှ ဖယ်ရှားပစ်လိုက်ရမည်။ (၅) နောက်ဆုံးတွင် ထိုပုဂ္ဂိုလ်ကို ကမ္မဿ ကာဟု သဘောပိုက်လိုက်ရမည်။ သူသည် ကံသာ ဥစ္စာရှိ၏။ ကံ၏

---

၁။ အံ၊၂၊၁၆၃။

အမွေခံဖြစ်၏။ ကံသာအကြောင်းရင်းရှိ၏။ ကံသာ ဆွေမျိုး ဖြစ်၏။ ကံသာ လဲလျောင်းမှီခိုရာ ဖြစ်၏။ ထိုသူသည် သူပြုလုပ်သည့် ကံဆိုးကံကောင်း၏ အမွေခံဖြစ်လိမ့်မည်ဟု ဆောက်တည်ကာ ဒေါသကို ဖယ်ရှားပစ်ရမည်။

**ဝိသုဒ္ဓိမဂ်ကျမ်းလာ ဆင်ခြင်နည်းများ ။ ။** ထိုကဲ့သို့ ဆင်ခြင်၍ ဒေါသ မငြိမ်းသေးလျှင် ဝိသုဒ္ဓိမဂ် ကျမ်းလာဆင်ခြင်နည်းများဖြင့် အမျက်ဒေါသပြေအောင် ကြိုးစားရမည်။

(၁) ရန်သူက ဆင်းရဲအောင်လုပ်လျှင် သင်၏ကိုယ်၌သာ ပြုလုပ်နိုင်၏။ သင်၏ စိတ်၌ကား ဆင်းရဲအောင် မလုပ်နိုင်။ ထိုသို့ဖြစ်ပါလျက် သင်သည် ရန်သူကို အမျက်ထွက်ခြင်းဖြင့် မိမိ စိတ်ဆင်းရဲအောင်၊ ရန်သူဝမ်းမြောက်အောင် အဘယ့်ကြောင့် ပြုချင်ရသနည်း။

(၂) သင်သည် ကျေးဇူးတရားများစွာရှိသော ဆွေမျိုးမိဘ မိတ်သင်္ဂဟအပေါင်းကို စွန့်ခွာ၍ ရဟန်းပြုလာပါလျက် များစွာသော အကျိုးစီးပွားမဲ့ကို ဖန်တီးတတ်သည့် ဒေါသတည်းဟူသော ရန်သူအစစ်ကို အဘယ့်ကြောင့် မစွန့်ပယ်နိုင်ရသနည်း။ အမှန်စွန့်ပယ်နိုင်သင့်လှ၏။

(၃) အို...သူတော်ကောင်း...သင် စောင့်ထိန်းသည့် သီလ၏ ရေသောက်မြစ်များ ဖြစ်ကြသည့် မကောင်းမှုကို ရှက်ခြင်း(ဟိရီ)၊ ကြောက်ခြင်း(ဩတ္တပ္ပ)။ သည်းခံခြင်း (ခန္တီ)။ ချစ်ခင်ခြင်း (မေတ္တာ)။ သနားခြင်း(ကရုဏာ)တို့ကို ဖယ်ရှား ပစ်တတ်သည့် အမျက်ဒေါသကို သင်အလိုလိုက်လျက် လက်သင့်ခံထားဘိ၏။ သင်လိုမိုက်သည့်လူ အဘယ်မှာရှိအံ့နည်း။

(၄) အို...ပညာရှိ...သင်သည် သူတစ်ပါးက ယုတ်မာသော

ပြစ်မှားမှုကို ပြုတာပဲဟု အမျက်ထွက်၏။ ယင်းသို့ တုံ့ပြန်အမျက်ထွက်ခြင်းသည်ပင် သင်ကိုယ်တိုင် အလားတူ ယုတ်မာသော ပြစ်မှားမှုမျိုးကို ပြုသည်မည်၏။ ဘာကြောင့် ထိုပြစ်မှားမှုမျိုးကို သင်ကိုယ်တိုင် ပြုချင်ရသနည်း။

(၅) အို...ပညာရှိ...တစ်စုံတစ်ယောက်သောသူက သင့်အား မနှစ်သက်ဖွယ် အမှုပြုသည်မှာ သင် အမျက်ထွက်စေလို၍ ပြုခြင်းဖြစ်သည်။ ထိုသို့ဖြစ်လျက် သင်တုံ့ပြန်၍ အမျက်ထွက်ခြင်းသည် သူတစ်ပါး၏ အလိုကို ဖြည့်ပေးရာ မရောက်ပေဘူးလား။

(၆) အို...သူတော်ကောင်း...အမျက်ထွက်နေသော သင်သည် ရန်သူအား ဆင်းရဲဒုက္ခဖြစ်အောင် ပြုလုပ်နိုင်ဖို့ကား မသေချာ။ သေချာသည်ကတော့ သင်ကိုယ်တိုင် အမျက်ဒေါသ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဆင်းရဲဒုက္ခကို ယခုပင် ခံနေရခြင်း ဖြစ်ပေသည်။

(၇) ရန်သူတို့သည် အမျက်ထွက်ခြင်းဖြင့် မိမိ၏ အစီးအပွားမဲ့ကို ဖန်တီးတတ်သည့် လမ်းဆိုးလမ်းများသို့ လိုက်သွားကြ၏။ သို့ပါလျက် သင်က အဘယ်ကြောင့် ဒေါသထွက်သူရန်သူတို့ကို အတုယူ၍ ဒေါသဟူသော လမ်းစဉ်များသို့လိုက်၍ ပြုကျင့်ရသနည်း။

(၈) ရန်သူသည် ဒေါသကို အမှီပြု၍ (ဝါ) ဒေါသက စေခိုင်း၍ သင့်အား မနှစ်သက်ဖွယ်အမှုတို့ကို ပြုမှု၏။ ထိုစေခိုင်းသည့် တရားခံ ဒေါသကိုသာ ပယ်ဖြတ်သင့်၏။ အဘယ့်ကြောင့် အမျက်မထွက်သင့်သည့် ရန်သူ၌ အမျက်ထွက်လျက် စိတ်အပင်ပန်း အဆင်းရဲခံရသနည်း။

(၉) ရုပ်နာမ်တရားတို့မည်သည် တခဏမျှသာ တည်၍ ပျက်သွားရသော သဘောရှိသောကြောင့် ယခုအခါ သင့်အား ပြစ်မှားခဲ့သည့် ရုပ်နာမ်တရားများ မရှိကြတော့ပြီ။ ယခုရှိနေသော ရုပ်သစ်

နာမ်သစ်များကား သင့်အား ပြစ်မှားသည့် ရုပ်နာမ်တရားများ မဟုတ်ကြ။ ထို့ကြောင့် သင်သည် ရန်သူသန္တာန်က အဘယ်ရုပ်နာမ်ကို အမျက်ထွက်နေပါသနည်း။

(၁၀) တစ်ယောက်သောသူက အခြားတစ်ယောက်သော သူအား ဆင်းရဲဒုက္ခဖြစ်အောင် ပြုလုပ်လျှင် ပြုသူခံရသူနှစ်ဦးစလုံးပင် ဆင်းရဲဒုက္ခဖြစ်ကြောင်း တရားခံများ ဖြစ်ကြပေသည်၊ ယင်းသို့ဖြစ်ပါလျက် ပြုသူအမှုသည်တစ်ဦးတည်းကိုသာ အဘယ့်ကြောင့် အမျက်ထွက်ရပါသနည်း။ အမှုသည်တစ်ဦးဖြစ်သည့် သင့်ကိုယ်ကိုမူကား အဘယ့်ကြောင့် အမျက်မထွက်ပါသနည်း။

ဤသို့လျှင် ဆင်ခြင်နည်းဆယ်မျိုးတို့ဖြင့် ဆင်ခြင်၍လည်း ဒေါသကို ငြိမ်းအေးစေရမည်။

ဤဆင်ခြင်နည်းတို့ဖြင့် ဆင်ခြင်၍ အမျက်ဒေါသ မငြိမ်းသေးလျှင် "ကမ္မဿကာ" (ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြောင်း)နည်းဖြင့် ဆင်ခြင်နလုံးသွင်းရမည်။

ဆင်ခြင်ပုံမှာ...

အမျက်ဒေါသထွက်နေသည့် အမောင်ယောကျ်ား၊ သင်က ထိုသူအား အမျက်ထွက်ခြင်းသည်လည်းကောင်း၊ ထိုသူက သင့်အား အမျက်ထွက်ခြင်းသည်လည်းကောင်း မည်သို့အကျိုးရှိသနည်း။ ဒေါသကို အရင်းခံပြီး သင်တို့ပြုမိသည့်ကံသည် သင်တို့၏အကျိုးမဲ့ကိုသာ ဖန်တီးမည် မဟုတ်ပါလော။ မှန်၏။ သင်တို့မှာ ကံသာ ကိုယ်ပိုင်ဥစ္စာ ရှိကြ၏။ ကံ၏ အမွေကို ခံယူကြရ၏။ ကံသာ အကြောင်းတရားရှိ၏။ ကံသာဆွေမျိုးလည်းဖြစ် ကိုးကွယ်အားထားရာလည်း ဖြစ်၏။ သင်တို့ ပြုလုပ်လိုက်သည့်ကံ၏ ကောင်းမွေဆိုးမွေတို့ကို သင်တို့ပင် ခံယူကြရမည်ဖြစ်၏။ အမျက်ဒေါသကို အရင်း

တည်ပြီး ဖြစ်လာသည့် သင်တို့၏ မကောင်းမှုကံသည် မင်္ဂဖိုလ်ချမ်းသာရကြောင်းလည်း မဟုတ်၊ နတ်ချမ်းသာ လူ့ချမ်းသာတို့ကို ခံစားရကြောင်းလည်းမဟုတ်၊ ဆင်းရဲသား ဒုက္ခိတဘဝနှင့် ငရဲသို့ကျရောက်ရကြောင်းသာဖြစ်၏။

ဒေါသအကြောင်းခံသည့် ကံကို ကျူးလွန်နေသော သင်တို့သည် သူတစ်ပါးတို့အား ပုတ်ခတ်နှိပ်စက်ရန် မီးကျီးခဲနှင့် မစင်တုံးတို့ကို လက်နှစ်ဖက်တို့ဖြင့် သိမ်းကျုံးကောက်ယူသော သူတို့နှင့် တူကုန်၏။ ယင်းသို့ သိမ်းကျုံးကောက်ယူသောသူတို့သည် ရှေးဦးစွာ မိမိတို့သာ အပူလောင်ခံရ၊ မစင်ပေခံရ၊ မကောင်းနံ့ရှူရှိုက်ရသကဲ့သို့ ဒေါသမှုကို ပြုသော သူတို့သည်လည်း ရှေးဦးစွာ မိမိတို့သည်သာ အပူလောင်ခံရ အဖျက်ဆီးခံရကုန်၏။

တစ်နည်းအားဖြင့် လေအောက်ကနေပြီး လေညာကလူကို ဖုန်မှုန့်တို့ဖြင့် ပက်ဖျန်းသောသူနှင့် တူ၏။ ပက်ဖျန်းလိုက်သည့် ဖုန်မှုန့်မြူမှုန့်များသည် ပက်ဖျန်းသူ၏ ကိုယ်ပေါ်သို့သာ ပြန့်ကြဲကျရောက်ရသကဲ့သို့ သင်တို့ပြုလိုက်သည့် ဒေါသကံသည်လည်း သင်တို့အပေါ်သို့သာ ပြန်လည်ကျရောက်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက သုတ္တနိပါတ်ပါဠိတော် ကောကာလိကသုတ်၌...

> "တစ်စုံတစ်ယောက်သော လူမိုက်သည် မပြစ်မှားသင့် မပြစ်မှားထိုက်သည့် သူတော်စင်ပုဂ္ဂိုလ်အား ပြစ်မှားမိခဲ့လျှင် ထိုမကောင်းမှုကံသည် ပြစ်မှားသည့် လူမိုက်ထံသို့သာ ပြန်လာ၏။ ဥပမာ လေညာသို့ပစ်လွှင့်လိုက်သော မြူမှုန့်ကလေးများသည် ပစ်လွှင့်လိုက်သူထံသို့သာ ပြန်လာပုံနှင့်တူပေသည်"ဟု ဟောတော်မူခဲ့သည် မဟုတ်ပါလော။

ဤသို့ဆင်ခြင်၍မှ ဒေါသမငြိမ်းသေးလျှင် ဘုရားရှင်အလောင်းတော်ဖြစ်စဉ်ကာလက ကျင့်ကြံအားထုတ်ခဲ့သည့် အကျင့်ဂုဏ်များကို ဆင်ခြင်ပြီး ငြိမ်းအေးစေရမည်။

ဆင်ခြင်ပုံကား ဘုရားရှင်၏ တပည့်သာဝကဖြစ်သည့် အမောင်ယောကျ်ား... သင့်ဆရာဖြစ်တော်မူသော ဗုဒ္ဓရှင်တော်ဘုရားသည် အလောင်းတော်ဖြစ်စဉ်ကာလ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်တော်မူရာတွင် ရန်သူများက မည်သို့ပင် ညှဉ်းပန်းနှိပ်စက်ကြစေကာမူ အမျက်ဒေါသမပွား သည်းခံခြင်းတရားနှင့် ပြည့်စုံခဲ့သည် မဟုတ်ပါလောဟု ဆင်ခြင်နှလုံးသွင်းရမည်။

## "ဆင်ခြင်ရန်ဇာတ်ဝတ္ထုများ"

**မဟာသီဝဇာတ်**[၁] ။ ။ ဘုရားအလောင်းသည် ဗာရာဏသီပြည်တွင် မဟာသီဝနာမည်ဖြင့် မင်းပြုစဉ်က မိမိကို အံတုဘက်ပြိုင်ရန်လာသော ကောသလမင်းကို မိမိထက် အင်အားငယ်သော်လည်း မည်သို့မျှအမျက်မထွက်၊ သူနိုင်ငါနိုင် စစ်ပြိုင်လိုသည့် မိမိ၏ အမတ်သူရဲကောင်းကြီး တစ်ထောင်တို့ကိုလည်း လက်နက်ကိုင်ခွင့် မပြုပါချေ။ မိမိ၏ ခန္ဓာကိုယ်နှင့်တကွ တိုင်းပြည်ကြီး တစ်ခုလုံးကို ရန်သူမင်းလက်သို့ သွေးအေးအေးနှင့် ထိုးအပ်လိုက်သည် မဟုတ်ပါလော။

ရန်သူမင်းက မိမိနှင့်တကွ အမတ်သူရဲကောင်း တစ်ထောင်တို့ကို လက်ပြန်ကြိုး တင်းကြပ်စွာ တုပ်နှောင်သည့်အခါ၌လည်းကောင်း၊ သုသာန်တွင် လည်ပင်းအထိ နက်သောမြေတွင်း၌ မြုပ်နှံ

---

၁။ ဇာ၊၄၊၁၊၂၇၉။

သည့်အခါ၌လည်းကောင်း၊ ဒေါသအာဃာတ အနည်းငယ်မျှ မရှိသည် မဟုတ်ပါလော။

သုသာန်တွင် အသက်မသေဘဲ ကံအားလျော်စွာ ဘီလူးတို့ ပို့ဆောင်ပေးသဖြင့် မိမိနန်းတော်သို့ ပြန်အရောက်တွင် မိမိစက်တော်ခေါ်ရာ ညောင်စောင်းပေါ်၌ အိပ်မောကျနေသည့် ရန်သူကောသလမင်းကို တွေ့သော်လည်း အာဃာတမထား အမျက်မပွားဘဲ သည်းခံတော်မူနိုင်သည် မဟုတ်ပါလော။

**ခန္တီဝါဒီဇာတ်** ။ ။ ဘုရားလောင်း ခန္တီဝါဒီရသေ့ ဖြစ်စဉ်ကလည်း ကလာဗုမင်းက အမျိုးမျိုး နှိပ်စက်ညှဉ်းပန်း၍ လက်, ခြေ, နား, နှာခေါင်းစသည့် ကိုယ်အင်္ဂါတို့ကို ဖြတ်ပစ်သော်လည်း အမျက်ဒေါသ မပွားဘဲ ခန္တီပါရမီကို ဤသို့ ဖြည့်ကျင့်တော်မူခဲ့သည်။

ရှေးအခါက ဘုရားလောင်းရှင်ရသေ့သည် ဗာရာဏသီပြည့်ရှင် ကလာဗု ဘုရင်၏ စစ်ဗိုလ်ချုပ်ကြီးက လျှောက်ထားတောင်းပန်သဖြင့် ဘုရင့်ဥယျာဉ်၌ ခေတ္တသီတင်းသုံးလျက်ရှိ၏။ ထိုရသေ့မှာ လူ့ဘဝက ကုဏ္ဍလသတို့သားဟု အမည်တွင်ခဲ့သော်လည်း ရသေ့ဘဝတွင် သည်းခံခြင်း ခန္တီဝါဒကို လက်ကိုင်ထားသဖြင့် ခန္တီဝါဒရသေ့ဟုခေါ်ဝေါ်ကြသည်။ တစ်နေ့တွင် ကလာဗုဘုရင်သည် မိဖုရားမောင်းမမိဿံ အခြွေအရံများနှင့် ပျော်ပွဲခံရန် ဥယျာဉ်တော်သို့ ထွက်လာခဲ့၏။ ပျော်ပွဲရွှင်ပွဲကို မင်္ဂလာကျောက်ဖျာပေါ်၌ ကျင်းပ၏။ နန်းတွင်းသူ ကချေသည်များက သီဆိုတီးမှုတ်ကခုန်ကြပြီး ဘုရင်ကြီးကို ဖျော်ဖြေကြရသည်။ ဘုရင်ကြီးကား သူချစ်သည့် မိဖုရားတစ်ယောက်၏ ပေါင်ကို ခေါင်းအုံးပြီး သီဆိုကခုန်နေကြသည်ကို

၁။ ဇာ၊၄၊၃၊၂၇။

ရှုစားလျက်ရှိသည်။ မကြာမီ ဘုရင်ကြီး အိပ်ပျော်သွားခဲ့ရာ မောင်းမမိသံများသည် တီးမှုတ်ကခုန်ခြင်းကိုရပ်ပြီး ဥယျာဉ်ထဲသို့လှည့်လည်ကြည့်ရှုကြသည်။ ဥယျာဉ်ထဲတွင် ဘုရားလောင်းရသေ့နှင့်တွေ့ကြပြီး ဘုရားလောင်းရသေ့၏ တရားကို နာယူလျက်ရှိကြသည်။

ထိုအချိန်တွင် မင်းကြီးနိုးလာရာ ကချေသည် အမျိုးသမီးများမည်သည့်အရပ်သို့ သွားကြသလဲဟု မေးမြန်း၏။ ရသေ့ကြီးထံပါး၌ခစားနေကြပါသည်ဘုရားဟု မိဖုရားက လျှောက်တင်သည့်အခါမျက်မာန်တော်ရှပြီး သန်လျက်ကိုစွဲကာ ကောက်ကျစ်စဉ်းလဲတဲ့ရသေ့ကို ပညာပေးလိုက်မယ်ဟု ကြိမ်း၍ ရသေ့ထံ အလျင်အမြန်ပြေးသွားခဲ့သည်။

ရသေ့ကြီးအနီးသို့ ရောက်သည့်အခါ မင်းကြီး ချစ်မြတ်နိုးသည့်မောင်းမတစ်ယောက်က မင်းကြီးလက်မှ သန်လျက်ကိုဆွဲယူကာမင်းကြီးကိုဖျောင်းဖျပြောဆိုပါသေး၏။ သို့သော်မရပါချေ။

ရသေ့ကြီး...သင့်မှာ ဘာရှိသလဲ။

ကျွန်ုပ်မှာ သည်းခံခြင်းဆိုတဲ့ ခန္တီဝါဒရှိပါတယ်မင်းကြီး။

သည်းခံခြင်း ခန္တီဝါဒဆိုတာ ဘာကိုခေါ်သလဲ။

ဆဲဆိုကြိမ်းမောင်းသူတွေ၊ ရိုက်ပုတ်နှိပ်စက်သူတွေအပေါ်၌အမျက်မထွက်ဘဲ (ဝါ) မပြစ်မှားဘဲ နေတာကို သည်းခံခြင်း ခန္တီလို့ခေါ်ပါတယ်မင်းကြီး။

ဒီလိုဆိုရင်သင့်မှာ သင်ပြောတဲ့ သည်းခံခြင်း ခန္တီရှိမရှိ အခုစစ်ဆေးမယ်ဟုဆိုပြီး လူသတ်သမားကို ခေါ်ခိုင်းလိုက်၏။

လူသတ်သမားများ ရောက်လာသည့်အခါ ဤခိုးသားရသေ့ပျက်ကို မြေမှာ လှဲချပြီး ဆူးကြိမ်လုံးဖြင့် ကျောဘက်၊ ရင်ဘက်၊

နံဘေးနှစ်ဘက် လေးဘက်လေးတန်လုံး အချက်နှစ်ထောင် ရိုက်ရမည်ဟု အမိန့်ပေး၏။ လူသတ်သမားများလည်း မင်းမိန့်အတိုင်း ရိုက်နှက်ကြရာ ဘုရားလောင်းရသေ့၏ အရေပါးအားလုံး ကွဲထွက်ကုန်၏။ အသားများလည်း စုတ်ပြတ်ထွက်ကုန်ရာ တစ်ကိုယ်လုံးမှ သွေးများ ယိုစီးထွက်ကျလာကုန်၏။ သို့သော် အလောင်းတော်ရှင်ရသေ့သည် ရိုက်မိန့်ပေးသည့်ဘုရင်နှင့် ရက်ရက်စက်စက် ရိုက်နှက်ကြသည့် လူသတ်သမားများအပေါ် ဒေါသမာန်ပွား စိတ်ပြစ်မှားခြင်း အလျှင်းမရှိပါချေ။

ထို့နောက် ကလာဗုမင်းက ရှင်ရသေ့ကို ဘာဝါဒရှိသလဲဟု မေးပြန်၏။ ရသေ့က သည်းခံခြင်း ခန္တီဝါဒ ရှိပါသည်။ မင်းကြီးက ခန္တီကို ငါ့အရေထဲမှာရှိတယ်လို့ ထင်နေသလား။ အရေကြားထဲမှာ မရှိပါဘူး။ ငါ၏ နှလုံးထဲမှာ ရှိတာပါဟု ပြန်ပြော၏။ ထိုအခါ ကလာဗုမင်းက ရသေ့၏ လက်နှစ်ဖက်ကိုလည်း အဖြတ်ခိုင်း၏။ ခြေနှစ်ချောင်းကိုလည်း အဖြတ်ခိုင်း၏။ နား, နှာခေါင်းများကိုလည်း အဖြတ်ခိုင်း၏။ လူသတ်သမားများကလည်း ဘုရင့်အမိန့်အတိုင်း ပုဆိန်ဖြင့် ရက်ရက်စက်စက် ခုတ်ဖြတ်ကြ၏။ ဖြတ်ပြီးတိုင်းဖြတ်ပြီးတိုင်း ဘာဝါဒရှိသလဲလို့ မင်းကြီးကမေး၏။ ရှင်ရသေ့ကလည်း ခန္တီဝါဒရှိကြောင်း၊ အဲဒီခန္တီဟာ လက်, ခြေ, နား, နှာခေါင်းတို့မှာမရှိ၊ မိမိရဲ့ နှလုံးသားထဲမှာသာရှိကြောင်း ဖြေကြားသည်။ နောက်ဆုံးတွင် ကလာဗုမင်းက "ကောက်ကျစ်စဉ်းလဲတဲ့ ရသေ့...သင့်ခန္တီကို သင်ရင်မှာပိုက်ပြီး ထိုင်နေရစ်တော့"ဟု ပြောပြောဆိုဆို ရသေ့၏ ရင်ဝကိုခြေဖြင့်ကန်ကျောက်ကာ ထွက်သွားလေ၏။

ထို့နောက် စစ်ဗိုလ်ချုပ်ကြီးရောက်လာပြီး ရှင်ရသေ့အား ကိုယ်တိုင်ပြုစုကာ တိုင်းပြည်အား အမျက်မထွက်ရန် တောင်းပန် ပြော

ကြား၏။ ဘုရားလောင်းရသေ့က “စစ်မိုလ်ချုပ်ကြီး...

အကြင်ကလာဗုမင်းသည် ငါ၏ လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်နိုင်း၏။ ထိုကလာဗုမင်းသည် ကြာရှည်လေးမြင့်စွာ အသက်ရှည်ပါစေ၊ ကျွန်ုပ်ကဲ့သို့ သည်းခံခြင်း စွမ်းအားရှိသည့် ပညာရှိ သူတော်ကောင်းတို့မည်သည် မိမိကို ညှဉ်းပန်းနှိပ်စက်သူများ အပေါ်၌ အမျက်မာန်ပွား အာဃာတထားရိုး လုံးဝမရှိကြပါကုန်”ဟု ပြန်လည်ဖြေကြားလေသည်။ ဘုရားလောင်းရသေ့၏ ခန္ဓာကိုယ်တစ်ခုလုံးသည်လည်း သွေးများဖြင့် နီမြန်းနေချေပြီ။ ဘုရားလောင်းရသေ့၏ ရင်ဝကို ကန်ကျောက် ထွက်ခွာသွားသည့် ကလာဗုမင်းမှာလည်း ဥယျာဉ်တံခါးဝ အရောက်တွင် မြေမျိုသွားလေတော့သည်။

အိုအမောင်ယောကျ်ား...သင့်အား ပြစ်မှားသည့် ရန်သူသည် ဤ ကလာဗုမင်းလောက် ဆိုးမည်မဟုတ်ပါ။ ဘုရားလောင်း ခန္တိဝါဒရသေ့သည် ကလာဗုမင်း၏ အလွန်ယုတ်မာဆိုးသွမ်းသည့် ပြစ်မှားမှုများကိုပင် သည်းခံနိုင်သေးလျှင် သင်လည်းပဲ သင့်ဆရာဘုရားနည်းတူ အမျက်မထွက်ဘဲ သည်းခံသင့်သည်မဟုတ်လော။

**စူဠဓမ္မပါလဇာတ်**[၁]။ ။ ရှေးလွန်လေပြီးသောအခါက ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်ရှင် မဟာပတာပ ဘုရင်၏ သားတော် ဖြစ်ခဲ့ဖူးလေသည်။ နာမည်မှာ ဓမ္မပါလဖြစ်၏။ မယ်တော်ကား စန္ဒာဒေဝီ မိဖုရားကြီးတည်း။ တစ်နေ့သောအခါ မယ်တော်မိဖုရားကြီးသည် ခုနစ်လသားအရွယ် သားငယ်ဓမ္မပါလကို အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးပေးပြီး ဝတ်စားတန်ဆာဆင်ကာ ချော့မြှူနေလေသည်။

ထိုအခိုက် ဘုရင်ကြီးရောက်လာရာ မိဖုရားကြီးမှာ သားဇော

၁။ ဇာ၊၄၊၃။၁၆၅။

ဖြင့် ဘုရင်ကြီးကို နေရာမှထ၍ မကြိုမိဖြစ်သွား၏။ ဤပြစ်ချက်ကို ဘုရင်ကြီးခွင့်မလွှတ်နိုင်။ "ဤမိဖုရားသည် ယခုကပင် သားကို မှီ၍ မာန်တက်ကာ ငါ့ကို မထီမဲ့မြင်ပြု၏။ သားကလေး ကြီးပြင်းလာသည့်အခါ၌မူ ငါ့ကို လူဟူ၍ပင် မှတ်ထင်တော့မည်မဟုတ်၊ ယခုပင် သားငယ်ကို သတ်ပစ်မှတော်မည်"ဟု ကြံစကည်ကာ လူသတ်သမားကိုခေါ်ရန် အမိန့်ပေးလိုက်၏။ လူသတ်သမားသည် ဘုရင့်ရှေ့တော်မှာက်သို့ မကြာမီ ရောက်လာခဲ့၏။ သူသတ်သမားသည် သူတို့၏ ဓလေ့ထုံးစံအတိုင်း အင်္ကျီဝါကြီးကိုဝတ်၍ ပန်းနီကြီးကို ပန်ထား၏။ လက်နှစ်ဖက်၌ကား ပုဆိန်နှင့် စဉ်းတီတုံးကို ကိုင်ထားလေသည်။

ဘုရင်က မိဖုရားကြီး၏ အဆောင်သို့သွားပြီး သားတော်ကလေး ဓမ္မပါလကို ခေါ်ဆောင်ခဲ့ရန် အမိန့်ပေး၏။ ထိုအချိန်တွင် မိဖုရားကြီးမှာ ဘုရင်ကြီး မျက်မာန်တော်ရှသွားသည်ကို ရိပ်မိသဖြင့် သားငယ်ကို ရင်ဝယ်ပိုက်ကာ ငိုယိုလျက်ရှိသည်။ လူသတ်သမားသည် အမိန့်တော်အတိုင်း မိဖုရားကြီးထံမှ သားငယ်ကို လုယူခေါ် ဆောင်လာကာ ဘုရင်၏ နောက်ထပ်အမိန့်ကို စောင့်စားနေ၏။ မိဖုရားကြီးကား သားတော်ကလေးနောက်မှ ထက်ကြပ်မကွာ ငိုယိုလိုက်ပါလာခဲ့လေသည်။ ဘုရင်ကြီးက ပျဉ်ပြားပေါ်တွင် ဓမ္မပါလကိုတင်ကာ လက်ကလေးနှစ်ဖက်ကိုဖြတ်ရန် အမိန့်ပေးလိုက်၏။ မိဖုရားကြီးက "ဘာမှမသိရှာသေးသည့် သားတော်ကလေးမှာ အပြစ် လုံးဝမရှိပါ။ ကျွန်တော်မမှာသာ အပြစ်ရှိပါသည်။ အပြစ်မဲ့သည့် ကလေးကို မညှဉ်းဆဲပါနှင့်၊ ကျွန်တော်မ၏လက်ကိုသာ ဖြတ်ပါ"ဟု ရှိခိုးတောင်းပန်ရှာ၏။ သို့သော် မရပါချေ။ လူသတ်သမားသည် အမိန့်အတိုင်း ဓမ္မပါလသူငယ်၏ လက်ကလေးများကို ပုဆိန်ထက်ထက်ဖြင့် ရက်ရက်စက်စက် ဖြတ်လိုက်လေတော့သည်။ ကလေး လက်

ကလေးများမှာ ဝါးမျှစ်နကလေးများကို ဓားဖြင့်ဖြတ် လိုက်သကဲ့သို့ တိကနဲဖြတ်သွား၏။ သို့သော် ဘုရားလောင်း ဓမ္မပါလကလေးကား ငိုလည်းမငို အော်လည်းမအော်ဘဲ ခန္တီနှင့် မေတ္တာ တရားကိုသာ လက်ကိုင်ထားပြီး သည်းခံနေလေသည်။ မိခင်ဖြစ်သူ စန္ဒာဒေဝီမိဖုရား ကြီးမှာတော့ လက်ပြတ်ကလေးများကို ကောက်၍ ရင်မှာပိုက်ကာ ဟိုပြေးဒီပြေး ငိုကြွေးလျက်ရှိနေပေသည်။

ထို့နောက် ခြေနှစ်ချောင်းနှင့် ဦးခေါင်းကိုပါ ဖြတ်ခိုင်း၏။ ခေါင်းပြတ်၍ သေဆုံးသွားပြီးသည့်နောက်မှာပင် ကလေးကိုယ်ကို အပေါ်သို့ မြှောက်လိုက်ပြီး သန်လျက်အချွန်ဖြင့်ခံကာ အသိမာလာ ခေါ်သည့် သန်လျက်ပန်းကိုပင် လုပ်ခိုင်းလိုက်သေးသည်။ ရက်စက် သည့်နေရာတွင် ပြိုင်ဘက်ကင်းသည့် မင်းကြီးပါပေ။ မိခင်ဖြစ်သူ စန္ဒာဒေဝီမိဖုရားကြီး ခမျာမှာတော့ သားကလေးအတွက် သောကပရိ ဒေဝဒဏ်ချက်ဖြင့် ထိုနေရာတွင်ပင် နှလုံးကွဲပြီး သေပွဲဝင်သွားရရှာ ၏။ ရက်စက်မိုက်မဲလှသည့် မဟာပတာပမင်းကြီးမှာလည်း ရာဇ ပလ္လင်ထက်မှ ကြမ်းပြင်သို့ အလိုအလျောက် ဦးစောက်ကျ၍ ကြမ်း ပြင်ပေါက်ကာ မြေပြင်သို့အရောက်တွင် မြေမျိုသွားလေတော့သည်။ အလောင်းတော် ဓမ္မပါလသူငယ်ကား သေခါနီး အချိန်အထိ မင်းကြီး အပေါ် အမျက်ထွက်ခြင်း ပြစ်မှားခြင်းမရှိဘဲ သည်းခံလျက်ပင် အသက်စွန့်သွားသည် မဟုတ်ပါလော။

ဆင်၊ မျောက်၊ နဂါးတို့ သည်းခံကြပုံ။ ။ ဘုရားအလောင်းတော် သည် ဆဒ္ဒန်ဆင်မင်း ဖြစ်စဉ်က အဟိတ် တိရစ္ဆာန်ပင် ဖြစ်သော်ငြားလည်း ဆိပ်လူးမြားဖြင့် ပစ်ခတ်သည့် သောနုတ္တရမုဆိုးကို အမျက်မထား မပြစ်မှားသည့် အပြင် မုဆိုးအလိုရှိနေသည့် မိမိအစွယ်ကိုပင် ကိုယ်တိုင်ဖြတ်၍

ပေးလှူခဲ့ဖူးသည် မဟုတ်ပါလော[၁]။

မျောက်ကြီး ဖြစ်တော်မူစဉ်အခါကလည်း ချောက်ထဲကျပြီး ပြန်မတက်နိုင်ဘဲ ဒုက္ခအကြီးအကျယ် ရောက်နေသည့် ပုဏ္ဏားကို သက်စွန့်ကြိုးပမ်း အပေါ်သို့ရောက်အောင် ထမ်းတင်ခဲ့သည်။ သို့သော် အလွန် မောပန်းလှသဖြင့် ပုဏ္ဏားကြီးအနီး၌ပင် ခေတ္တ အိပ်ပျော်သွား၏။ မျောက်ကြီးအိပ်ပျော်သွားစဉ် ထို ကယ်တင်ရှင် မျောက်ကြီးကို ကယ်တင်ခံရသော ပုဏ္ဏားက ကျေးဇူးသစ္စာကို မထောက်ထားဘဲ ကျောက်တုံးဖြင့် ထုသတ်၏။ သို့ရာတွင် ဘုရားလောင်းမျောက်မင်းမှာ စိတ်မဆိုး အပြစ်မယူသည့်အပြင် ဘေးကင်းရာ လူ့နယ်ပယ်သို့အရောက် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ကူးကာ ကူးကာဖြင့် ညွှန်ကြားလိုက်ပို့ခဲ့သေးသည် မဟုတ်လော[၂]။

ဘူရိဒတ်နဂါးမင်း[၃]၊ စမ္ပေယျနဂါးမင်း[၄]၊ သင်္ခပါလနဂါးမင်း[၅] ဖြစ်စဉ်ကလည်း ဥပုသ်သီတင်းစောင့်သုံးနေကြစဉ် အလမ္ပာယ်ဆရာက ဖမ်းယူပြီး နှိပ်လည်း နှိပ်စက်၏။ ထိုထိုမြို့ရွာများသို့ ခေါ်ဆောင်သွားပြီး အလမ္ပာယ်လည်းပြ၏။ သင်္ခပါလနဂါးမင်းသည် သူ၏ခန္ဓာကိုယ်ကို ထက်လှသော လှံကြီးဖြင့် ထုတ်ချင်းဖောက် ၈ ချက်ဖောက်ကာ ထိုအပေါက်ထဲသို့ ဆူးနွယ်ကြိုးများ လျှိုသွင်းချည်နှောင်ခံရ၏။ နှာခေါင်း၌လည်း ခိုင်မာသော ကြိုးများတပ်ကြ၏။ ထို့နောက် မှဆိုး ၁၆–ယောက်တို့ ထမ်းဆောင်ကြရာ မနိုင်သဖြင့် မြေကြီး၌ ဒရွတ် ဒရွတ် တိုက်ဆွဲခံရ၍ ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားရ၏။ ထို နဂါးများသည် အလွန် အဆိပ်ပြင်းထန်ကြသည်။ သူတို့ စိတ်ဆိုးပြီး မျက်စိဖြင့် ကြည့်ရုံ၊ အခိုးလွှတ်ရုံမျှဖြင့် လူများကို

၁။ ဇာ၊ဋ္ဌ၊၅။၃၇။ ၂။ ဇာ၊ဋ္ဌ၊၅။၆၉။ ၃။ ဇာ၊ဋ္ဌ၊၇၊၁
၄။ ဇာ၊ဋ္ဌ၊၄။၄၅၇။ ၅။ ဇာ၊ဋ္ဌ၊၅။၁၇၁။

ပြာကျသွားစေနိုင်၏။ သို့သော် ထိုနဂါးမင်းများသည် အလမ္မာယ် ဆရာများအပေါ်၌ ဒေါသဖြင့် ပြစ်မှားလိုသည့် အမူအရာမျှကိုပင် မပြုခဲ့ကြသည် မဟုတ်ပါလော။

ဤသို့ ဆင်ခြင်၍လည်း ဒေါသကို ဖြေဖျောက်ရမည်။

**အနမတဂ္ဂသံယုတ်လာဆင်ခြင်နည်းများ။** ။ ဤကဲ့သို့ အလောင်းတော် ဖြစ်စဉ် ကာလ က ဆရာသခင် ဘုရားရှင်၏ အံ့ဖွယ်ပေါင်းစုံ သည်းခံခြင်း ဂုဏ်တို့ဖြင့် ဆင်ခြင်နှလုံးသွင်းသော်ငြားလည်း ဒေါသမပြေပျောက်သေးလျှင် အနမတဂ္ဂသံယုတ် မာတုသုတ်၊ ပိတုသုတ် စသည်၌လာရှိသော ဆင်ခြင်နည်းများဖြင့် ဆင်ခြင်၍ ဒေါသကို ဖြေဖျောက်ရမည်။

"ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု အဝိဇ္ဇာလွှမ်းဖုံး၍ တွယ်တာမက်မောမှု တဏှာနှောင်ကြိုးကြောင့် ဘဝများစွာ ကျင်လည်ကြရကုန်သော သတ္တဝါတို့၏ အစွန်းသည်မထင်၊ ဤရှည်လျားလှသော ဘဝများစွာ သံသရာ၌ သင်တို့၏ အမိမဖြစ်ဖူးသောသူ၊ အဖ မဖြစ်ဖူးသောသူ၊ ညီအစ်ကို၊မောင်နှမ၊ သားသမီး မဖြစ်ဖူးသော သူတို့ကို ရှာတွေ့ရန် ခဲယဉ်းလှ၏ "။

ဟု ဘုရားရှင်ဟောကြားထား၏။

ထို့ကြောင့် သူသည် ရှေးအခါက ငါ၏ မွေးသမိခင်ဖြစ်ခဲ့ဖူး၍ငါ့ကို ပဋိသန္ဓေနေသည့် အချိန်မှစ၍ အရွယ်ရောက်သည့် အချိန် အထိ ဒုက္ခမျိုးစုံခံကာ ကျွေးမွေး စောင့်ရှောက်ခဲ့ဖူး၏။ ဖခင်ဖြစ်ခဲ့ဖူး၍လည်း စားဝတ်နေရေးအတွက် ပစ္စည်းဥစ္စာ ရှာဖွေ၍ ကျွေးမွေး ခဲ့ဖူး၏။ ညီအစ်ကို၊ မောင်နှမ၊ သားသမီး ဖြစ်ခဲ့ဖူး၍လည်း ငါ့ကို အမျိုးမျိုးထိုက်သည့်အလျောက် စောင့်ရှောက်ခဲ့ကြဘူး၏။ ထို့ကြောင့်

---

၁။ သံ၊၁၊၃၉၅။

ငါသည် ထိုမိခင်ဖခင် ဆွေမျိုးဉာတိ ကျေးဇူးရှင်ဖြစ်ခဲ့ဖူးသူ၌ စိတ်ဖြင့် ပြစ်မှားခြင်းငှာ မသင့်လျော်ဟု ဆင်ခြင်ကာ ဒေါသကို ဖြေဖျောက်ရမည်။

**မေတ္တာအကျိုး ဆယ့်တစ်မျိုးဖြင့် ဆင်ခြင်နည်း**။ ။ ဤသို့ ဆင်ခြင်၍ ဒေါသ

မငြိမ်းသေးလျှင် ဘုရားရှင်ဟောတော်မူခဲ့သော မေတ္တာအကျိုး ဆယ့်တစ်မျိုးဖြင့် ဆင်ခြင်၍ ဒေါသကို ဖြေဖျောက်ရမည်။ ဆင်ခြင်ပုံမှာ...

အို...အမောင်ယောကျာ်း၊ ရှင်တော်ဘုရားက မေတ္တာဘာဝနာကို ပွားများ အားထုတ်သူသည်...

၁။ ချမ်းသာစွာ အိပ်ရ၏။

၂။ ချမ်းသာစွာ နိုးရ၏။

၃။ ယုတ်မာဆိုးဝါးသည့် အိပ်မက်များကို မမြင်မက်ရ။

၄။ လူတို့ ချစ်မြတ်နိုး၏။

၅။ နတ်တို့ကြည်ညို၏။

၆။ နတ်တို့စောင့်ရှောက်တတ်ကြ၏။

၇။ ထိုမေတ္တာပွားသူအား မီး၊ အဆိပ်၊ လက်နက်တို့ မကပ်ရောက်နိုင်၊

၈။ လျင်မြန်စွာ လည်တတ် ပြန့်လွင့်တတ်သောစိတ်သည် တည်ငြိမ်လာ၏။

၉။ မျက်နှာအဆင်းကြည်လင်၏။

၁၀။ မတွေမဝေဘဲ သေရ၏။

၁၁။ အထက်မဂ်ဖိုလ်ကို ထိုးထွင်းမသိခဲ့သော် ဗြဟ္မာပြည်သို့ လားရောက်ရ၏။

ဟု မေတ္တာအကျိုး ဆယ့်တစ်မျိုး[၁]ကို ဟောကြားခဲ့သည် မဟုတ်ပါ

---

၁။ အံ၊၃။၅၄၂။

လော။ သင်သည် ဤဒေါသစိတ်ကို မငြိမ်းသတ်နိုင်ပါက ဤမေတ္တာ အကျိုးဆယ့်တစ်မျိုးကို လက်လွတ်ရပေမည်ဟု ဆင်ခြင်ပြီး ဒေါသကို ငြိမ်းအေးစေရမည်။

**ဆောင်ပုဒ်လင်္ကာ** ။ ။ အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ်နက်များ၊ မီး၊ ဆိပ်၊ ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း (မဟာစည်)။

**အစိတ်စိတ်ဓာတ်ခွဲဆင်ခြင်နည်း**။ ။ ဤသို့ဆင်ခြင်၍ ဒေါသမငြိမ်းသေးလျှင် အစိတ်စိတ်ဓာတ်ခွဲ၍ ဆင်ခြင်ရမည်။

ဆင်ခြင်ပုံမှာ...

အိုအမောင်၊ ဝါ–အမိ၊ သင်သည် ထိုသူ့ကို အမျက်ထွက် စိတ်ဆိုးရာ၌ အဘယ်အရာကို စိတ်ဆိုးပါသနည်း။ သူ့သန္တာန်က ဆံပင်ကို စိတ်ဆိုးသလော။ ပ။ ကျင်ငယ်ကို စိတ်ဆိုးသလော၊ တစ်နည်းအားဖြင့် ဆံပင်စသည်တို့၌ရှိသော ပထဝီဓာတ်ကို စိတ်ဆိုး သလော၊ အာပေါဓာတ်ကို၊ တေဇောဓာတ်ကို ဝါယောဓာတ်ကို စိတ်ဆိုးသလော။ တစ်နည်းအားဖြင့် ခန္ဓာ ၅–ပါး၊ အာယတန ၁၂–ပါး ဓာတ် ၁၈–ပါးတို့ကို အစွဲပြု၍ သင်စိတ်ဆိုးသူကို မည်သူဟု ခေါ်ရသည်။ ယင်းကန္ဒာငါးပါးစသည်တို့တွင် ရုပ်ကို စိတ်ဆိုးသ လော။ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ စိတ်ဝိညာဏ်ကို စိတ်ဆိုးသလော။ သို့မဟုတ် စက္ခာယတနခေါ်သည့် မျက်စိကို စိတ် ဆိုးသလော။ ပ။ ဓမ္မာယတနခေါ်သည့် သဘောအာရုံကို စိတ်ဆိုး

သလော၊ သို့မဟုတ် စက္ခုဓာတ်ခေါ်သည့် မျက်စိဓာတ်ကို စိတ်ဆိုးသလော။ ပ။ မနောဝိညာဏဓာတ်ခေါ် စိတ်ကိုစိတ်ဆိုးသလောဟု အစိတ်စိတ်ခွဲပြီး ကြည့်ရမည်။

ယင်းကဲ့သို့ စိတ်ဆိုးခံရသူ၏ တစ်ကိုယ်လုံးကို စိတ်ဖြာခွဲကြည့်လိုက်လျှင် အလွန်သေးငယ် သိမ်မွေ့လှသည့်အပ်များပေါ်၌ မုန်ညင်းစေ့ တည်၍မရနိုင်သကဲ့သို့ ကောင်းကင်ပြင်၌ ပန်းချီဆေးရေး၏ တည်စရာမရှိနိုင် သကဲ့သို့ အမျက်ဒေါသ၏ တည်ရာမရှိတော့သဖြင့် ဧကန်အမျက်ဒေါသငြိမ်းအေးသွားရမည်သာ ဖြစ်ပေသည်။

**အပေးအယူသဘောဖြင့် ဒေါသကုစားနည်း**။ ။ ပညာဗဟုသုတနည်းပါးသဖြင့် ခန္ဓာကိုယ်ကို အစိတ်စိတ် ခွဲကြည့်ရန် မစွမ်းနိုင်ပါလျှင် အပေးအယူသဘောဖြင့် ဒေါသကို ငြိမ်းအေးစေရမည်။ မိမိ၏ပစ္စည်းကို မိမိစိတ်ဆိုးနေသူအား ပေးကမ်း လှူဒါန်းရမည်။ ထိုသူ့ထံမှ ပစ္စည်းကိုလည်း ခံယူရမည်။ မိမိစိတ်ဆိုးနေသူမှာ အာဇီဝပါရိသုဒ္ဓိသီလပျက်နေလျှင် မိမိပစ္စည်းကိုသာ ပေးကမ်းလှူဒါန်းရမည်။

ဤကဲ့သို့ အပေးအယူလုပ်လျှင် ထိုပုဂ္ဂိုလ်၌ ဒေါသမာန်ပွားရန်ငြိုးထားမှုသည် ဧကန်ငြိမ်းအေးသွားနိုင်၏။ တစ်ဖက်က စိတ်ဆိုးခံရသူမှာလည်း အတိတ်ဘဝက ပါလာခဲ့သည့် ရန်ငြိုးပင်လျှင် တခဏချင်း ငြိမ်းအေးသွားနိုင်ပေသည်။ ဥပမာပြရသော် စိတ္တလတောင်ပေါ်ကျောင်း၌ သီတင်းသုံးနေသည့် ပိဏ္ဍပါတိကမထေရ်ကို ဒေါသမာန်ပွား ရန်ငြိုးထားနေသည့် မထေရ်ကြီးတစ်ပါးက နေရာမှ ဖယ်ရှားပေးရန် သုံးကြိမ်တိုင်တိုင် အားထုတ်ခဲ့သည်။ သံဃိကကျောင်းတွင် မထေရ်ကြီးအား မထေရ်ငယ်က နေရာမှ ဖယ်ရှားပေး

ရန် ဝိနည်းကျင့်ဝတ်ရှိပေသည်။ ထိုဝိနည်းကျင့်ဝတ်အတိုင်း မထေရ်ကြီးက ပိဏ္ဍပါတိကမထေရ်ငယ်ကို အနှောင့်အယှက်ပြုခြင်းပင် ဖြစ်သည်။

ထိုရန်ငြိုးပြေငြိမ်းသွားစေရန် ပိဏ္ဍပါတိကမထေရ်က "ဟောဒီ သပိတ်ဟာ အသပြာရှစ်ကျပ်တန်တဲ့ သပိတ်ပါဘုရား။ တပည့်တော်ရဲ့မယ်တော် ဒါယိကာမကြီး လှူထားတာဖြစ်လို့ ဝိနည်းဓမ္မကံနှင့်အညီ အပ်အပ်စပ်စပ် ရထားတဲ့သပိတ်ပါ။ မယ်တော်ဒါယိကာမကြီး ကုသိုလ်ဖြစ်အောင် ဒီသပိတ်ကို အလှူခံပါဘုရား"ဟု လျှောက်ထားပြီး သပိတ်ကို လှူဒါန်းလိုက်၏။ ထိုသပိတ်ကိုရသည့်အချိန်မှစ၍ ဒေါသဖြစ်နေသည့် မထေရ်ကြီးမှာ တစ်ခါတည်း ရန်ငြိုးငြိမ်းသွားခဲ့လေသည်။

ဤသို့ ပေးကမ်းလှူဒါန်းခြင်းသည် ကြီးမားသော သတ္တိအင်အား စွမ်းပကားရှိ၏။ မှန်၏–ပေးကမ်းလှူဒါန်းခြင်းသည်။ ဒေါသခက်ထန်ယဉ်ကျေးဟန်မရှိသူကို ဒေါသမာန်လျှော့ စိတ်နေပျော့ကာ ယဉ်ကျေးလာစေနိုင်၏။ ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးခပ်သိမ်းကို ပြီးငြိမ်းရရှိစေနိုင်၏။ ပေးကမ်းဖြန့်ချိခြင်း၊ ချစ်ဖွယ်စကား ပြောကြားခြင်းတို့သည် ပေးကမ်းသူ ပြောကြားသူတို့ကို မျက်နှာပန်းပွင့် ကြီးမြင့်စေနိုင်ကုန်၏။ ခံယူရသည့်ပုဂ္ဂိုလ်တို့ကလည်း ထိုသူများကို ကြည်ညိုချစ်ခင် မေတ္တာဝင်ကာ ညွတ်ကိုင်းလာနိုင်ကုန်၏ဟု ဘုရားရှင် ဟောတော်မူချက်ရှိပေသည်။

ဤ ဝိသုဒ္ဓိမဂ်လာ ဆင်ခြင်နည်းများအပြင်၊ ဥပရိပဏ္ဏာသ ပါဠိတော် ပုဏ္ဏောဝါဒသုတ်လာ အရှင်ပုဏ္ဏ၏ နှလုံးသွင်းဆင်ခြင်နည်းဖြင့်လည်း ဆင်ခြင်ကာ ဒေါသပြေငြိမ်းအောင် ပြုလုပ်နိုင်ပေသေးသည်။

**ရှင်ပုဏ္ဏမထေရ်၏ နှလုံးသွင်းဆင်ခြင်နည်း**[၁] ။ ။ ဘုရားရှင် လက်ထက်တော်က

အရှင်ပုဏ္ဏမထေရ်သည် တစ်ပါးတည်းဆိပ်ငြိမ်ရာသို့ကပ်၍ တရားအားထုတ်လိုသဖြင့် ဘုရားရှင်အား တရားအကျဉ်းချုပ် ဟောကြားတော်မူရန် လျှောက်ထား၏။ ဘုရားရှင်က ရှင်ပုဏ္ဏ၏ ဆန္ဒအတိုင်း ဤသို့ ဟောကြား နည်းညွှန်တော်မူလိုက်ပေသည်။

ချစ်သားပုဏ္ဏ...လောကတွင် ပကတိမျက်စိဖြင့် မြင်နိုင်သည့် ဣဋ္ဌရူပါရုံ (လိုချင်ဖွယ် အဆင်းအာရုံ)များ ရှိကြပေသည်။ ထိုဣဋ္ဌရူပါရုံများသည် ချစ်ခင်နှစ်သက်စရာ၊ စိတ်နှလုံး ရွှင်ပြုံးစရာကောင်း၏။ တွယ်တာမက်မောဖွယ်ရာလည်းဖြစ်၏။ ထိုဣဋ္ဌရူပါရုံကို နှစ်သက်သဘောကျလိုက်လျှင်၊ တပ်မက်မောလိုက်လျှင် နန္ဒီခေါ်သည့် တွယ်တာမက်မောမှု သမုဒယသစ္စာဖြစ်သည်။ သမုဒယသစ္စာဖြစ်ခြင်းကြောင့် ဆင်းရဲမှု ဒုက္ခသစ္စာဖြစ်သည်ဟု ငါဟောသည်။ (သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌လည်း ဤရူပါရုံနည်းတူ ဟောတော်မူသည်)။

ချစ်သား ပုဏ္ဏ... ထိုဣဋ္ဌရူပါရုံကို မနှစ်သက် သဘောမကျလျှင် တပ်မက်ဖွယ်ဟူ၍ လက်မခံလျှင်၊ နန္ဒီခေါ်သော တွယ်တာမက်မောမှု တဏှာသမုဒယချုပ်၏။ တဏှာသမုဒယချုပ်ခြင်းကြောင့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းသွားပေတော့၏။

(သဒ္ဒါရုံစသော ကျန်အာရုံ ၄-ပါးတို့လည်း ဤနည်းအတိုင်း ဟောတော်မူသည်။)

ချစ်သားပုဏ္ဏ... ငါဘုရားသည် သင့်ကို အကျဉ်းချုပ် ဩဝါဒပေးပြီးပြီ၊ သင်မည်သည့်အရပ်ဒေသ၌ တရားအားထုတ်မလဲ။

---

၁။ မ၊၃။၃၁၁။ မြန်မာပြန်။၃၁၅။

ရှင်တော်မြတ်ဘုရား...ဘုရားတပည့်တော်သည် သုနာပရန္တဇနပုဒ်၌ နေထိုင်အားထုတ်ပါမည်ဘုရား။

ချစ်သားပုဏ္ဏ...သုနာပရန္တဇနပုတ်သားတို့သည် ကြမ်းတမ်းခက်ထန်ကြ၏။ ဆဲရေးတိုင်းထွာတတ်ကြ၏။ သင့်ကိုသူတို့ ဆဲရေးတိုင်းထွာကြ ကြိမ်းမောင်းကြလျှင် သင် သူတို့အပေါ်မှာ ဘယ်လိုသဘောထားမလဲ။

အရှင်ဘုရား...သုနာပရန္တဇနပုဒ်သားတို့သည် တော်ကြပါပေသည်။ သူတို့သည် ပါးစပ်ဖြင့်သာ ဆဲဆိုကြိမ်းမောင်းရုံ ပြုကြသေးသည်။ လက်ဖြင့် မပုတ်ခက် မရိုက်နှက်ကြသေးဟု သဘောထားပါမည်ဘုရား။

ချစ်သားပုဏ္ဏ... အကယ်၍ သူတို့က လက်ဖြင့်ရိုက်နှက် ပုတ်ခတ်ရင်ကော ဘယ်လိုသဘောထားမလဲ။

ရှင်တော်မြတ်ဘုရား...သူတို့သည် လက်ဖြင့် ရိုက်နှက်ပုတ်ခတ်ကြသော်လည်း ခဲဖြင့်မပေါက်ကြသေးသည့်အတွက် တော်ကြပါပေသည်ဟု သဘောထားပါမည်ဘုရား။

ချစ်သားပုဏ္ဏ... သူတို့က ခဲဖြင့်ပေါက်ကြရင်ကော ဘယ်လိုသဘောထားမလဲ။

ရှင်တော်မြတ်ဘုရား...သူတို့သည် တုတ်ဖြင့် မရိုက်ကြသေးသည့်အတွက် တော်ကြပါပေသည်ဟု သဘောထားပါမည်ဘုရား။

တုတ်ဖြင့်ရိုက်ကြလျှင်ကော ဘယ်လိုသဘောထားမလဲ။

ဓားဖြင့် မခုတ်ကြသေးသည့်အတွက် တော်ကြပါပေသည်ဟု သဘောထားပါမည်ဘုရား။

ဓားဖြင့်ခုတ်ကြလျှင်ကော ဘယ်လိုသဘောထားမလဲ။

ဓားဖြင့် သေအောင်မသတ်ကြသေးသည့်အတွက် တော်ကြပါပေသည်ဟု သဘောထားပါမည်ဘုရား။

ဓားဖြင့်သေအောင်သတ်ကြလျှင်ကော ဘယ်လိုသဘော ထားမလဲ။

ရှင်တော်ဘုရား၏ တပည့်သာဝကများအနက် အချို့ရဟန်းတော်များသည် ကိုယ်နှင့်အသက်ကို ငြီးငွေ့ကြ၊ စက်ဆုတ်ရွံရှာကြသဖြင့် ကိုယ့် ကိုယ်ကို သတ်သေရန် ဓားစသည့်လက်နက်များကို (အလုပ်တစ်ခုအနေဖြင့်) ရှာဖွေကြရ၏။ ယခုငါ့မှာတော့ ဤဓားစသော လက်နက်များကို မရှာဖွေရဘဲ ရခဲ့ပေပြီဟု သဘောထားပါမည် ဘုရား။

ကောင်းပေစွ...ကောင်းပေစွ...ချစ်သားပုဏ္ဏ၊ ဒီလိုသည်းခံခြင်းဆိုသည့် ငြိမ်းချမ်းရေးတရားရှိသူသည် သုနာပရန္တဇနပုဒ်၌ နေနိုင်ပေလိမ့်မည်။ သင်သွားလိုသည့် အချိန်သွားပေတော့ဟု ဘုရားရှင်ခွင့်ပြုတော်မူလိုက်သည်။

အရှင်ပုဏ္ဏမထေရ်လည်း သုနာပရန္တဇနပုဒ်သို့ကြွ၍ ဝါဆိုတော်မူ၏။ ထိုဝါတွင်းမှာပင် အမျိုးသားငါးရာနှင့် အမျိုးသမီးငါးရာတို့ကို တရားထူးရစေ သိစေတော်မူ၍ မိမိကိုယ်တိုင် တေဝိဇ္ဇာပတ္တရဟန္တာဖြစ်သွားခဲ့သည်။

ဤအရှင်ပုဏ္ဏမထေရ် ဆင်ခြင်နှလုံးသွင်းသည့်အတိုင်း ဆင်ခြင်နှလုံးသွင်းပြီး ဒေါသကို ပယ်ဖျောက်ရမည်။

ဤသည်တို့ကား ဗုဒ္ဓပိဋကတ်တော်လာရှိသည့် ဒေါသပြေငြိမ်းရန်ကုသနည်းအချို့တို့ ဖြစ်ပါသည်။ ဒေါသဖြစ်စရာ အနိဋ္ဌာရုံတို့နှင့်တွေ့ကြုံလာလျှင် ဤနည်းများကို အသုံးချ၍ ဒေါသပြေငြိမ်းအောင်

ကြိုးစားကြရမည်။ ဤနည်းများကား ဒေါသဖြစ်ကြောင်း ပဒဋ္ဌာန်ပိုင်းတွင် တင်ပြထားခဲ့သည့် အယောနိသောမနသိကာရ(မသင့်မလျော် နှလုံးသွင်းချော်ခြင်း)၏ ဆန့်ကျင်ဘက် ယောနိသောမနသိကာရ (နှလုံးသွင်းလိမ်မာမှုများ)ပင်ဖြစ်သည်။ အမှန်စင်စစ် ဒေါသဖြစ်ဖွယ်ရာ အနိဋ္ဌာရုံတို့နှင့် ဆုံဆည်းရသည့်အခါ လိမ်လိမ်မာမာနှင့် နှလုံးသွင်းတတ်ဖို့ရန် နည်းအမျိုးမျိုးပေးထားခြင်းပင် ဖြစ်ပါသည်။

## ၉။ ဒေါသထိန်းသိမ်းရကျိုး

**အရေအဆင်းလှပခြင်း**[၁] ။ ။ ဒေါသဖြစ်ဖွယ်ရာ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရစေကာမူ ဖော်ပြပါ ဆင်ခြင်နည်းများဖြင့် နှလုံးသွင်း ဆင်ခြင်၍ ဒေါသကို ထိန်းသိမ်းနိုင်ခဲ့လျှင် မျက်မှောက် တမလွန် နှစ်တန်သောဘဝများ၌ အသားအရေ လှပတင့်တယ်ခြင်း၊ ကြည်လင်တောက်ပခြင်း အကျိုးတို့ကို ရနိုင်၏။ ဒေါသထွက်လာသည့်အခါ အရေအဆင်း မကြည်လင် နောက်ကျုု၏။ မျက်နှာအနေအထားသည်လည်း ကြည့်လို့မကောင်း အရုပ်ဆိုး၏။

အမျက်မထွက်သူ၏ မျက်နှာမှာမူ ကြည့်ချင်စဖွယ် တင့်တင့်တယ်တယ်ရှိ၏။ ကိုယ်ရေအဆင်းလည်း ကြည်လင်လှပ၏။ ထို့ကြောင့် ဒေါသကို ထိန်းသိမ်းထားနိုင်လျှင် ယခုဘဝမှာလည်း အရေအဆင်း လှပ၏။ နောင်တမလွန်ဘဝမှာလည်း ယခုဘဝနည်းတူ အရေအဆင်း လှပနိုင်ပေသည်။

ဥပမာတင်ပြရသော် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားလောင်း

---
၁။ ဒီ-၃-၁၃၀။

ဖြစ်စဉ် ရှေးရှေးဘဝများ၌ အမျက်ဒေါသအလွန် နည်းပါးတော်မူခဲ့၏။ သတိလွတ်ကာ ထွက်လာသည့်အမျက်ကိုလည်း လျင်မြန်စွာ ပယ်ဖျောက်ထိန်းသိမ်းခဲ့၏။ စိတ်ပူပန် ပင်ပန်းခြင်း ဥပါယာသတရား နည်းပါးတော်မူခဲ့၏။ သူတစ်ပါးတို့က အမျက်ထွက်ဖွယ်ရာများစွာ ပြောဆိုသော်ငြားလည်း ဒေါသဖြင့် စိတ်ငြိစွန်းခြင်း၊ အမျက်ထွက်ခြင်း၊ ဖောက်ပြန်ခြင်း၊ အကြိတ်အခဲတည်ခြင်း၊ ဝါ–ရန်ငြိုးသိုခြင်း အလျှင်းမရှိ။ အမျက်ထွက်ခြင်း၊ ပြစ်မှားခြင်း၊ နှလုံးသွင်း မသာယာခြင်းတို့ကို အရိပ်အရောင်ပင် မပြခဲ့ချေ။

ထိုကောင်းမှု ကုသိုလ်ကံကြောင့် ဘုရားဖြစ်တော်မူသည့် ဘဝတွင် သိင်္ဂိနိက်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသော အရေအဆင်းရှိခြင်း ဟူသော မဟာပုရိသလက္ခဏာတော်ကို ရတော်မူပေသည်။

"ချိုးဖဲ့နှိပ်စက်၊ ဆိုတံ့လျက်လည်း၊ အမျက်မလို၊ စိတ်မတိုခဲ့၊ ကြည်ညို ချမ်းမြေ့၊ ချောမွေ့နုမွတ်၊ အဝတ်အရုံ၊ အခြုံအခင်း၊ လှူခဲ့ခြင်းကြောင့်၊ အဆင်းအရေ၊ ဇမ္ဗူရွှေသို့၊ လျှံဝေဝင်းဝါ၊ လက္ခဏာဖြင့်၊ ဖဲဝါကတ္တီ၊ သိုးမွေးထည်နှင့်၊ ပိုးထည်နုပျောင်း၊ ထည်လိပ်ကောင်းတို့၊ လူပေါင်းဗြဟ္မာ၊ နတ်ဒေဝါတို့၊ များစွာကပ်လှူ၊ မပြတ်ရတော်မူပါသော မြတ်စွာဘုရား၊ မြတ်စွာဘုရား"[၁]။

**မျက်လုံးကြည်လင်လှပခြင်း**[၂]။ ဒေါသမဖြစ်အောင် ထိန်းသိမ်းနိုင်သူသည် နောင်တမလွန် ဘဝ၌ အလွန် ညိုမှောင် ကြည်လင်တောက်ပသော မျက်လုံးရှိခြင်း၊ မျက်တောင်မွေးများ နူးနူးညံ့ညံ့ ကော့ရရော့ရှိခြင်းဟူသော အကျိုးကို ရနိုင်၏။ စိတ်ဆိုး၍ မျက်စောင်းထိုးကြည့်သူ၊ မျက်မှောင်ကုပ်ကြည့်

၁။ မဟာဗုဒ္ဓဝင်=ဒုတွဲ+အနုဒီပနီ(စ)။ ၂။ ဒီ၊၃။၁၃၆။

သူတို့မှာ ထိုအမှုအရာအတိုင်း မျက်စိစောင်းနေတတ်၏။ ချစ်ခင်လေးစားသော စိတ်ဖြင့် ကြည့်သောသူ၏ မျက်စိကား ငါးပါးသောအဆင်းဖြင့် ကြည်လင်လှပ၏။

ဘုရားလောင်းများသည် ရှေးရှေးဘဝများစွာတို့၌ သူတစ်ပါးကို အမျက်ထွက်ကာ ပုစွန်မျက်စိပမာ မျက်လုံးပြူး၍လည်း ကြည့်လေ့မရှိ။ အမျက်ထွက်ကာ မျက်စောင်းထိုး၍လည်း ကြည့်တော်မမူခဲ့။ သူတစ်ပါးက အမျက်ဒေါသဖြင့် ကြည့်သည့်အခါ မိမိမျက်စိကို မှိတ်ထား၍ ထိုသူမျက်နှာ လွဲသွားသည့်အခါ၌လည်း စိတ်ဆိုးသော ကြည့်ခြင်းဖြင့် ကြည့်တော်မမူခဲ့။ ရိုးဖြောင့်သောစိတ်ဖြင့် ရိုးဖြောင့်စွာ ပင်ကြည့်၏။ မေတ္တာဓာတ်ကိန်းသော မျက်စိဖြင့်သာ ကြည့်လေ့ရှိ၏။

ထိုကောင်းမှုကုသိုလ်ကံကြောင့် နောက်ဆုံးဘဝတွင် အလွန်ညိုကြည်သည့် မျက်လုံးတော်ရှိခြင်း၊ ဖွားသစ်စနွားနီငယ်၏ မျက်တောင်မွေးကဲ့သို့ အလွန်နူးညံ့နုပျိုသည့် မျက်တောင်မွေးတော်ရှိခြင်းအကျိုးကို ရရှိပေသည်။

> မျက်စောင်းမထိုး၊ မကျိုးမျက်မှောင့်၊ ဖြောင့်ဖြောင့်ချစ်ကြည်၊ ကြည့်ခဲ့သည်ကြောင့်၊ ညိုကြည်မျက်လုံး၊ အံ့မဆုံးအောင်၊ ရွှေမျက်တောင်မွေး၊ သွယ်သေးနုစွာ၊ လက္ခဏာဖြင့်၊ ပိယာသိဒ္ဓိ၊ နတ်ဆေးရှိသို့၊ တြိဘုံခန်း၊ ရဟန်းလူများ၊ သိကြားဗြဟ္မာ၊ နတ်သူရာဟု၊ သတ္တဝါထိုထို၊ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်ပါသော မြတ်စွာဘုရား၊ မြတ်စွာဘုရား[၁]။

နတ်သမီးဖြစ်ရခြင်း[၂]။ ။ တစ်ရံရောအခါ၌ ရှင်တော်မြတ်ဘုရား၏ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန်

---

၁။ မဟာဗုဒ္ဓဝင်၊ ၃တွဲ၊ အနုဒီပနီ(စေ)။ ၂။ မွေပဒ၊၃။၂၀၃။

မထေရ်သည်နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူကာ တန်ခိုးကြီးသည့် နတ်သမီးတစ်ဦး၏ ဘုံဗိမာန်တံခါးဝ၌ ရပ်တန့်တော်မူပါသည်။ ထိုအခါ ဗိမာန်ရှင်နတ်သမီးသည် ဗိမာန်မှထွက်ကာ အရှင်မြတ်ထံပါး၌ ဝပ်တွားညွတ်လျှိုး ရှိခိုး၍နေ၏။ မထေရ်မြတ်က "အို...နတ်သမီး...အသင်၏ စည်းစိမ်ချမ်းသာသည် အလွန်ကြီးကျယ်လှ၏။ အဘယ်ကောင်းမှုကုသိုလ်ကြောင့် ဤစည်းစိမ်ချမ်းသာကို ရရှိပါသနည်း"ဟုမေး၏။

နတ်သမီးက ဤအကြောင်းကို မသိချင်ပါနဲ့ဘုရားဟု ပြန်လျှောက်၏။ (ယင်းသို့ လျှောက်ထားခြင်းမှာ မပြောပဖွယ် အနည်းငယ်သော ကုသိုလ်လေးကြောင့် ဤစည်းစိမ်ကြီး ခံစားရခြင်းအကြောင်းကို လျှောက်ထားရမှာ ရှက်သောကြောင့် ဖြစ်ပါသည်...အဋ္ဌကထာ)။

အရှင်မဟာမောဂ္ဂလ္လာန်က လျှောက်သာလျှောက်ပါဟု အမိန့်ရှိသည့်အခါ...အရှင်မြတ်ဘုရား၊ တပည့်တော်မသည် ကဿပဘုရားရှင်လက်ထက်တော်အခါက သူတစ်ပါးထံပါး၌ ခစားပြုစုရသည့် အစေခံကျွန်မ ဖြစ်ခဲ့ပါသည်။ ထိုအခါ တပည့်တော်မ၏ သခင်သည် အလွန် ကြမ်းကြုတ်ခက်ထန်ပါသည်။ သူဒေါသဖြစ်လာလျှင် ဆွဲမိဆွဲရာ သစ်သားတုတ်ကြီးဖြင့်ဖြစ်စေ၊ ထင်းတုံးကြီးဖြင့်ဖြစ်စေ၊ ခေါင်းကိုပစ်ခတ် ရိုက်ခွဲတတ်ပါသည်။ တပည့်တော်မက ပြန်၍ စိတ်ဆိုးလိုသော်လည်း "သူသည် သင်၏ အရှင်သခင်ဖြစ်သည်။ အမှတ်တံဆိပ်ကြီးထင်သွားအောင် သံပူဖြင့်လည်း သင့်ကိုယ်ကို ကပ်နိုင်သည်။ ခြေ လက် နှာခေါင်း စသည့် ကိုယ်အင်္ဂါတို့ကိုလည်း ဖြတ်ပစ်နိုင်၏။ သူ့သဘောဆန္ဒအတိုင်း လုပ်ချင်သလို အစိုးတရ လုပ်နိုင်သူဖြစ်၏။ သူ့အပေါ်မှာ သင်အမျက်မထွက်လေနှင့်"ဟု မိမိကိုယ်ကို

မိမိ ဆုံးမကာ အမျက်ဒေါသအနည်းငယ်မျှ မထွက်ခဲ့ပါ။ ယင်းသို့ အမျက်မထွက်ဘဲ သည်းခံခဲ့သည့် ကုသိုလ်လေးကြောင့် ဤမျှကြီးကျယ်သည့် နတ်စည်းစိမ်ကို ရရှိခံစားရပါသည်ဟု လျှောက်ထားလေသည်။

ဤကား ဒေါသကို ထိန်းသိမ်းနိုင်သဖြင့် ရရှိသည့် အကျိုးတရားများ ဖြစ်ပါသည်။

# မောဟစေတသိက်

## ၁။ မောဟမည်ပုံ

မောဟသဒ္ဒါ၏အနက်သည် "တွေဝေခြင်း"ပင်ဖြစ်ပါသည်။ ထို့ကြောင့်–

(က) အာရုံ၌တွေဝေခြင်းမျှဖြစ်သော သဘောသည်လည်းကောင်း၊

(ခ) မိမိဖြစ်ရာ တည်ရာသတ္တဝါများကိုဖြစ်စေ၊ မိမိနှင့်အတူတကွ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများကိုဖြစ်စေ အာရုံ၌တွေဝေအောင်ပြုလုပ်တတ်သော သဘောသည်လည်းကောင်း၊

(ဂ) မိမိကိုယ်တိုင် အာရုံ၌ တွေဝေတတ်သော သဘောသည်လည်းကောင်း "မောဟ"မည်ပါသည်။[၁]

တွေဝေခြင်းဆိုရာဝယ် ဝိစိကိစ္ဆာသဘောကဲ့သို့ "ထိုဟာဖြစ်နေသလား သည်ဟာဖြစ်နေသလား၊ ဟုတ်မှဟုတ်ပါ့မလား၊ မဟုတ်ဘဲများဖြစ်နေမလား"ဟု ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ဘဲ အာရုံ၌ ဝေတေဝေဖြစ်နေခြင်းမျိုးမဟုတ်ပါ။ သိသင့်သိထိုက်သော အာရုံ၏အမှန်သဘောတွေကို တကယ်မသိခြင်းမျိုးပင် ဖြစ်ပါသည်။[၂]

## ၂။ မောဟစေတသိက်၏လက္ခဏာ (၂)မျိုး

(က) မောဟစေတသိက်သည် စိတ်၏ပညာမျက်စိ ကန်းသည်၏အဖြစ်ဟူသော သဘောလက္ခဏာရှိသည်။[၃]

(ခ) တစ်နည်းအားဖြင့် မောဟစေတသိက်သည် ဉာဏ်နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်းသဘောလက္ခဏာရှိသည်။[၄]

---

၁။ ၃။ ၄။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၁။ ၂။ သင်္ဂြိုဟ်ဘာသာဋီကာ။ ၁၁၇။

## (က) စိတ်၏ ပညာမျက်စိကန်းသည့် သဘောလက္ခဏာ

စိတ်၏ပညာမျက်စိ ကန်းသည့်သဘောဆိုသည်မှာ စိတ်သည် အာရုံ၏အမှန်တရားများကို ယထာဘူတကျကျ မသိနိုင် မမြင်နိုင်သည့်သဘောပင်ဖြစ်ပါသည်။ မှန်ပါသည်။ စိတ်ဟူသော နာမ်တရားသည် အာရုံကိုသိတတ်သော သဘောလက္ခဏာ (အာရမ္မဏဝိဇာနန လက္ခဏာ)ရှိပါသည်။ မောဟစေတသိက်မှာမူ "မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ"ဆိုသကဲ့သို့ မိမိကိုယ်တိုင်ကပင် အာရုံ၏အမှန်သဘောတွေကို မသိနိုင်သော အမိုက်တရား အမှောင်တရားမျိုးဖြစ်သည့်ပြင် မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများကိုလည်း အာရုံ၏အမှန်သဘောတွေကို မသိအောင် မှောင်ချထားသည့်သဘောရှိသည်။

သို့ဖြစ်၍ စိတ်တွင် မောဟမှောင်ထုကြီး ကျရောက်လာသောအခါ စိတ်မှာ လုံးလုံးကြီး မှောင်ကျသွားကာ (ဒုစရိုက်တရားတို့၏ မကောင်းဆိုးဝါးဖြစ်သည့် သဘော၊ သုစရိုက်တရားတို့၏ ကောင်းမွန်မြင့်မြတ်သည့်သဘော၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာများသည် တကယ့်ချမ်းသာစစ် ချမ်းသာမှန်များ မဟုတ်ကြဘဲ တကယ်စင်စစ် ဆင်းရဲတုံး ဆင်းရဲခဲကြီးများဖြစ်ကြသည့်သဘော၊ ရုပ်နာမ်တရားကို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောစသည့်) အာရုံ၏အမှန်သဘောတွေကို ဘာတစ်ခုမှ မသိနိုင်ရှာတော့ပါ။ အချုပ်အားဖြင့်ဆိုသော် မောဟတရားသည် ကောင်းမှုကုသိုလ်နယ်၌ ဒါစအနကလေးကိုမျှ မမြင်ရ မသိရလေအောင် စိတ်ကို မှောင်ကြီးချထားသည့် သဘောလက္ခဏာရှိပါသည်။

**အမိုက်မှောင်ကြီးဥပမာ။** ။ မောဟစေတသိက်၏ ယင်းသဘောလက္ခဏာကို ထင်ရှားသည်ထက်သာအောင် ဥပမာ

ဆောင်၍ ပြပါမည်။ လောကတွင် အမိုက်တကာ့ အမိုက်ဆုံး အမှောင်တကာ့အမှောင်ဆုံးဖြစ်သော အမိုက်မှောင်ကြီးရှိပါသည်။ ထိုအမိုက်မှောင်ကြီးကား "လကွယ်၊ သန်းခေါင်၊ မိုးမှောင်၊ တိုက်ခန်း(တောအုပ်)"ဆိုသည့်အတိုင်း လကွယ်နေ့ညဖြစ်ခြင်း၊ သန်းခေါင်ယံအချိန်ဖြစ်ခြင်း၊ မိုးမှောင်ကြီးကျရောက်နေခြင်း၊ တိုက်ခန်းအတွင်းဖြစ်ခြင်းဟူသော အင်္ဂါလေးချက်ညီသော အမိုက်မှောင်ကြီးဖြစ်ပါသည်။ တစ်စုံတစ်ယောက်သော ယောကျ်ားသည် အရပ်ရှစ်မျက်နှာ တစ်ခွင်တစ်ပြင်၊ ပတ်ဝန်းကျင်တစ်ခုလုံး မိုးမှောင်ကြီးဖုံးနေသော လကွယ်နေ့ည သန်းခေါင်ယံအချိန်တွင် တိုက်ခန်းကြီးထဲသို့ဝင်၍ အဖြူ၊ အနီ၊ အဝါ စသော အရောင်မျိုးစုံရှိသည့် အဝတ်များအနက် တစ်ခုခုကိုယူငြားအံ့။ ထိုအင်္ဂါလေးချက်ညီသော အမှောင်ထုကြီးက အဝတ်များ၏ အနီ၊ အဝါ စသော အရောင်အဆင်းများကို မမြင်ရအောင် အမှောင်ကြီးချထားသောကြောင့် ထိုယောကျ်ားသည် "သည်အဝတ်ကားအနီ၊ ထိုအဝတ်ကားအဝါ"စသည်ဖြင့် အရောင်အဆင်းကို ဟုတ်တိုင်းမှန်စွာ မသိနိုင်သကဲ့သို့ ထို့အတူ စိတ် စသည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသော သဘောရှိသည့် ရုပ်နာမ်တရားတို့ကို အာရုံပြုသည်ရှိသော် မောဟအမှောင်ကြီးက ပိတ်ဆီးကာကွယ်ထားသောကြောင့် ရုပ်နာမ်တရားတို့၏ ဟုတ်တိုင်းမှန်သောသဘောကို လုံးဝမသိနိုင်တော့ပေ။

## ဥပမာ ဥပမေယျနှီးနှောယှဉ်ပုံ

အထက်ပါ ဥပမာ၌ ရုပ်နာမ်တရားတို့ကို အာရုံပြုသောစိတ်သည် တိုက်ခန်းအတွင်းသို့ အဝတ်ဝင်ယူသော ယောကျ်ားနှင့်တူသည်။ မောဟသည် အင်္ဂါလေးချက်ညီသော အမှောင်ထုကြီးနှင့်တူ

သည်။ ရုပ်နာမ်တရားတို့သည် အဝတ်အထည်ပစ္စည်းများနှင့်တူသည်။ ရုပ်နာမ်တို့၏ အနိစ္စသဘောသည် အဝတ်တို့၏ အနီ၊ အဝါ စသော အဆင်းများနှင့်တူသည်။ အနိစ္စ စသောအာရုံ၏အမှန်သဘောကို မောဟက မှောင်ချထားခြင်းသည် အနီ၊ အဝါ စသောအဆင်းကို အမှောင်ထုကြီးက ဖုံးထားခြင်းနှင့်တူသည်။ မောဟတားဆီးထားသော ကြောင့် အာရုံ၏အမှန်သဘောကို စိတ်၏မသိမမြင်နိုင်ခြင်းသည် အမှောင်ထုကြီးက ဖုံးအုပ်ထားသောကြောင့် အနီ အဝါ စသော အဆင်းကို "ဒါအနီပဲ ဒါအဝါပဲ" စသည်ဖြင့် ယောကျ်ား၏ ဟုတ် မှန်စွာမသိမမြင်နိုင်ခြင်းနှင့်တူပါသည်။[၁]

## (ခ) ဉာဏ်နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်းလက္ခဏာ

ဒုတိယလက္ခဏာကိုထပ်ဆိုရပုံ ။ ။ အထက်တွင်ပြဆိုခဲ့ပြီးသော ပထမ လက္ခဏာကား အပိုမပါ တန် ဆာမဆင်ဘဲ မောဟ၏ပင်ကိုမူလ သဘာဝအတိုင်း ရိုးရိုးစင်းစင်း ဖော်ပြထားသော လက္ခဏာဖြစ်သည်။ သို့သော် ထိုလက္ခဏာဖြင့် မောဟ၏သဘာဝကို ပေါ်ပေါ်လွင်လွင်သိရန် မလုံလောက်သေးဟု အဋ္ဌကထာဆရာက မြင်ဟန်ရှိသည်။ ထို့ကြောင့် မောဟ၏သဘော ကို သုတေသီတို့ဉာဏ်မျက်စိတွင် ကွက်ကွက်ကွင်းကွင်း ပိုမိုထင်လင်း စေလိုသည့်အတွက် ဤဒုတိယလက္ခဏာကို ထပ်မံဆိုပြန်ပါသည်။

မှန်၏။ လောကတွင် ရုပ်ဝတ္ထုပစ္စည်းတစ်ခုကို သူတစ်ခုတည်း ထား၍ ရိုးရိုးကြည့်ခြင်းထက် ဆန့်ကျင်ဘက်ဝတ္ထုပစ္စည်းတစ်ခုနှင့် နှိုင်းယှဉ်ကြည့်ခြင်းက (ဝါ) နောက်ခံ ဘက်ဂရောင်းထား၍ကြည့်ခြင်း

---

၁။ အဘိဓမ္မတ္ထသရူပဒီပကာ၊ ပ-တွဲ။ ၄၁၄-၄၁၅။

က ပိုမိုထင်ရှားစွာ တွေ့ရသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ဥပမာ အမည်းရောင်ရုပ်ဝတ္ထုပစ္စည်းတစ်ခုကို အဖြူရောင်နောက်ခံထား၍ ကြည့်သည့်အခါ ထိုအမည်းရောင်သည် ပိုမိုပေါ်လွင်ထင်ရှားလာသကဲ့ သို့ဖြစ်ပါသည်။ ယခု မောဟဟူသော အမှောင်တရားကိုကြည့်ရာ၌ လည်း သူ့ချည်းသက်သက်ကို ကြည့်သည်ထက် ဆန့်ကျင်ဘက်ဖြစ် သော ဉာဏ်ရောင်ဖြင့် နှိုင်းယှဉ်၍ ဝါ–နောက်ခံထား၍ကြည့်ပါက ၁မောဟမှောင်၏သဘာဝကို ပိုမိုကျယ်ပြန့်စွာ မြင်နိုင်မည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် အဋ္ဌကထာဆရာ သည် ဤဒုတိယလက္ခဏာကို ထပ်ဆိုခြင်းဖြစ်သည်။

**ပညာရောင်နှင့် မောဟအမှောင်။** ။ မောဟနှင့် ဉာဏ်(ပညာ)သည် အဖြူနှင့်အမည်း ပုလဲနှင့်မဟူရာ ကဲ့သို့ ဖြောင့်ဖြောင့်ကန့်လန့် ဆန့်ကျင်သောသဘောတရားများ ဖြစ် ကြသည်။ သဘာဝချင်း ဝိရောဓိဖြစ်၍ အရှေ့နှင့်အနောက်၊ တောင် နှင့်မြောက်ပမာ သဘောတရားတွင် လွန်စွာခြားနားကြသည်။ ဉာဏ် ကား အလင်းရောင်တရား၊ အသိတရား၊ အပြစ်မရှိ ပကတိသန့်စင် သောတရားမျိုးဖြစ်၍ ကုသိုလ်၏ ရဲဘော်ရဲဘက်ကြီးဖြစ်သည်။ မောဟမှားကား အမှောင်တရား၊ မသိတရား၊ အပြစ်ရှိသည့် ညစ် ညမ်းသောတရားမျိုးဖြစ်၍ အကုသိုလ်၏ ရှေ့သွားခေါင်းဆောင်ကြီး ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မောဟက အာရုံကို သဘာဝ အတိုင်း အမှန်မပေါ်အောင် မှောင်ကြီးချထားသကဲ့သို့ ဉာဏ်က အမှောင်ကိုပယ်ခွာ၍ အာရုံ၏သဘောမှန်ကို ထင်ထင်ရှားရှား သိ အောင် မီးမောင်းထိုးပေးသည်။

ဆက်ရှင်းပါဦးမည်။ အလင်းရောင်ပေါ်ထွက်လာမည့်အခါတွင်

---

၁။ အဘိဓမ္မာဝတာရဋီကာသစ်၊ ပတွဲ။ ၃၁၇။

အမြင်ခံဝတ္ထုပစ္စည်း (ရူပါရုံ)များကို ထင်ထင်ရှားရှား ကွဲကွဲပြားပြား မြင်ရသလို ဉာဏ်ပညာဖြစ်လာသောအချိန်တွင် အာရုံ၏အမှန်သဘာဝကို ကွက်ကွက်ကွင်းကွင်းသိမြင်နိုင်သည်။ ထို့ကြောင့် ဉာဏ်ပညာသည် အလင်းရောင်နှင့်တူသော တရားမျိုးဖြစ်သည်။ ယင်းအဓိပ္ပာယ်ကိုရည်ညွှန်း၍ "ပညာအလင်း၊ ပညာအရောင်၊ ပညာတန်ဆောင်" (ပညာအာလောက၊ ပညာဩဘာသ၊ ပညာပဇ္ဇောတ)ဟု ရူပကအလင်္ကာဖြင့် တန်ဆာဆင်ကာ ဓမ္မသင်္ဂဏီပါဠိတော်၌ ဘုရားရှင်ဟောခဲ့ခြင်းဖြစ်သည်။ မှန်ပါသည်။ လောကတွင် လရောင်၊ နေရောင်၊ မီးရောင်၊ ပညာရောင်ဟု အရောင်လေးမျိုးရှိသည်။ ထိုလေးမျိုးတွင် ပညာရောင်သည် အခြားအရောင်များထက် ပိုမိုတောက်ပသည်။ အလင်းရောင်အားကောင်းသည်။ သို့ဖြစ်၍ ပညာရောင်သည် အရောင်တကာတို့တွင် အမြတ်ဆုံးဖြစ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် အာဘာသုတ်...စသည်၌ ဘုရားရှင်ဟောတော်မူခဲ့သည်။

ဉာဏ်သည် အလင်းဓာတ် အရောင်ဓာတ်မျိုးဖြစ်၍ အမည်းကို အမည်းပဲလို့ မြင်သလို အဖြူကိုအဖြူပဲလို့ မြင်သလို မကောင်းသော အကျင့်တို့၏ ဆိုးဝါးမည်းညစ်သည့်သဘော၊ ကောင်းသောအကျင့်တို့၏ မြင့်မြတ်ဖြူစင်သည့်သဘော၊ ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော...စသော အာရုံ၏အမှန်သဘာဝကို ပုံမှန်အတိုင်း တိတိကျကျသိသည်။ သူသိသလို သူနှင့် ဖြစ်ဖော်ဖြစ်ဖက်နာမ်တရားများကိုလည်း သိစေသည်။ ထိုသိမှုမျိုးသည် ကောင်းသောအသိ၊ အပြစ်ကင်းသောအသိ၊ ကောင်းမှုမျိုးစုံကို ပြုလုပ်စေရန်ဘီမီးတန်ဆောင်ပမာ အလင်းရောင်ထိုးပေးသည့်အသိမျိုးဖြစ်ရကား ဉာဏ်သည် ကုသိုလ်၏ ရဲဘော်ရဲဘက် မဟာမိတ်အစစ်ကြီးဖြစ်ပေသတည်း။

မောဟမှုကား ဉာဏ်ကဲ့သို့ အလင်းရောင်ဓာတ်မျိုးမဟုတ်ပါ။ အလင်းရောင်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော အမှောင်တရားမျိုးဖြစ်ပါသည်။ လမသာသည့် ညအခါကဲ့သို့ အလင်းရောင်ကွယ်ပျောက်၍ အမှောင်ကျရောက်နေချိန်တွင် မည်သည့်အမြင်ခံဝတ္ထုပစ္စည်းကိုမျှ မမြင်နိုင်သလို စိတ်အစဉ်တွင် မောဟအမှောင်ကြီး ကျရောက်နေသောအခါတွင်လည်း အရုံ၏ အမှန်သဘာဝကို ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ပါ။ ထို့ကြောင့် မောဟသည် အမှောင်နှင့်တူသော တရားမျိုးဖြစ်သည်။ အမှောင်ဆိုသည်မှာလည်း သာမန်အမှောင်မျိုး မဟုတ်။ "မိုက်ကြီးစတု၊ အင်လေးခုထက်၊ နှိုင်းတုကင်းအောင်၊ လွန်ကျူးဆောင်သား၊ ညဥ့်မှောင်မောဟ"ဟု ကိုးခန်းပျို့ဆရာ မိန့်ဆိုဘိသို့၊ အင်္ဂါလေးချက်စုံညီသော အမှောင်ထုကြီးထက် ပိုမှောင်သော (ဝါ) မည်သည့်အရာကိုမျှ မမြင်နိုင် မသိနိုင်သော"ပိန်းပိတ်လို့မှောင်"သည့် အမှောင်မျိုးဖြစ်သည်။

သတ္တဝါတို့၏ စိတ်အစဉ်၌ ထိုမောဟအမှောင်ထုကြီး ကျရောက်လာပြီဆိုလျှင် အာရုံ၏သဘောတွေကို ယထာဘူတကျကျ မသိနိုင်တော့ပါ။ အဖြူကိုမြင်တွေ့နေပါလျက် အဖြူမှန်းမသိသလို ဆင်းရဲအစစ်တွေကို မျက်စိနှင့်တွေ့နေပါလျက် ဆင်းရဲလို့မသိ၊ ဆင်းရဲဖြစ်ကြောင်းတွေကို မြင်နေပါလျက် ဆင်းရဲဖြစ်ကြောင်းလို့ မမြင်၊ မကောင်းသောအကျင့်တရားတွေကို မကောင်းသောအကျင့်တရားရယ်လို့မသိ၊ ကောင်းသည့်အကျင့်တရားတွေကို ကောင်းသည့်လုပ်ငန်းလို့ မသိနိုင်တော့ပေ။ သူမသိသလို သူနှင့်ဖြစ်ဖော်ဖြစ်ဖက်မဟာမိတ်တရားများကိုလည်း မသိအောင် မမြင်အောင် မှိုင်းတိုက်ပေးသည်။ ယင်းမသိမှုမျိုးသည် မကောင်းမှုတွေကို ပြုကျင့်ရန် လမ်းဖွင့်ပေးထားသကဲ့သို့ဖြစ်သောကြောင့် မောဟသည် အကုသိုလ်

တရားနှင့် တစ်လေ့တည်းစီး တစ်ခရီးတည်းသွားသည့် မိတ်ဆွေစစ်ကြီးဖြစ်သည်။ စင်စစ်အားဖြင့် အကုသိုလ်ပြစ်မှုများကို ကျူးလွန်မှုဟူသမျှ အဓိကတရားခံကား မောဟပင်ဖြစ်သည်။ အကုသိုလ်မှုကို ပြုတိုင်းပြုတိုင်း မောဟက ဦးဆောင်သည်။ သို့ဖြစ်၍ မောဟမပါဘဲ မည်သည့်အကုသိုလ်မှုမျိုးမှ မဖြစ်လာနိုင်ပေဟု နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာ စသည့် အဘိဓမ္မာကျမ်းများ၌ အတိအကျ ဖော်ပြထားသည်။

မှန်ပါသည်။ အကုသိုလ်ပြစ်မှုတွေကို ကျူးလွန်ခြင်းသည် အကုသိုလ်၏ အပြစ်မကင်းသည့်သဘော၊ ဆိုးဝါးယုတ်မာသည့်သဘော၊ မကောင်းကျိုးများကို ဖန်တီးတတ်သည့်သဘော... စသည့်သဘောတရားအမှန်တွေကို တကယ်မသိလို့ပင်ဖြစ်သည်။ ယင်းကဲ့သို့ မသိခြင်းသည် (ဝါ) ပင်ကိုပကတိ အရှိသဘောအတိုင်း မမြင်နိုင်ခြင်းသည် မောဟအမှောင်က ပညာမျက်စိကို ဖုံးလွှမ်းထားသောကြောင့်ဖြစ်သည်။ တစ်နည်းဆိုသော် မောဟသည် အကုသိုလ်နယ်ပယ်တွင် သူမပါလျှင်မပြီးသည့် နယ်ကျွမ်းသော ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနှင့် တူပေသည်။ ထို့ကြောင့် ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် အကုသလမူလသုတ်တွင် အောက်ပါအတိုင်း ဟောကြားခဲ့ပေသည်။

> "ရဟန်းတို့၊ တွေဝေခြင်း မောဟသည်ရှိ၏။ ယင်းတွေဝေခြင်းမောဟသည် အကုသိုလ်၏ အကြောင်းရင်းတည်း။ တွေဝေသူသည် ကိုယ်နှုတ်စိတ်ဖြင့် အားထုတ်၏။ ယင်းအားထုတ်မှုသည် အကုသိုလ်ပေတည်း။ တွေဝေသူသည် တွေဝေခြင်းမောဟ နှိပ်စက်အပ် သိမ်းယူအပ်သောစိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ဟု သတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ နှောင်ဖွဲ့ခြင်းဖြင့်သော်လည်း

ကောင်း၊ ဆုံးရှုံးစေခြင်းဖြင့်သော်လည်းကောင်း၊ ကွဲရဲ့ခြင်းဖြင့်သောလည်းကောင်း၊ နှင်ထုတ်ခြင်းဖြင့်သော်လည်းကောင်း၊ ထင်ရှားမရှိသောဝတ္ထုဖြင့် (အပြစ်ကိုဆို၍) သူတစ်ပါးအား ဆင်းရဲကိုဖြစ်စေ၏။ ယင်းသို့ ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။ ဤသို့လျှင် မောဟကြောင့်ဖြစ်ကုန်သော၊ မောဟလျှင် အကြောင်းရင်းရှိကုန်သော၊ မောဟလျှင်ဖြစ်ကြောင်းရှိကုန်သော၊ မောဟလျှင် အထောက်အပံ့ရှိကုန်သော မြောက်မြားစွာသော အကုသိုလ်တရားယုတ်တို့သည် ထိုသူအား ဖြစ်ကုန်၏။ ”

**မီးရောင်နှင့်အမှောင်ပမာ။** ။အမှောင်နှင့်အလင်းရောင်သည် သဘာဝအားဖြင့် ဆန့်ကျင်ဘလို မောဟမှောင်နှင့် ဉာဏ်ရောင်တို့သည်လည်း သဘောတရားချင်း ဆန့်ကျင်ကြသည်။ အလင်းရောင်နှင့် အမှောင်တို့သည် တစ်ချိန်တည်းတွင်ပြိုင်၍မမြင်နိုင်သလို မောဟနှင့် ဉာဏ်တို့သည်လည်း တစ်ခဏတည်းတွင်ပြိုင်တူမဖြစ်နိုင်ပါ။ ဥပမာ–အလုံပိတ်ထားသောတိုက်ခန်းအတွင်း၌ဆီမီးရောင်ကွယ်ပျောက်သွားသောအခါ အမှောင်ထု အလိုအလျောက်လွှမ်းမိုးလာပါသည်။ ထိုအချိန်တွင် မူလကမြင်နေရသော မည်သည့်မြင်စရာဝတ္ထုကိုမျှ မမြင်နိုင်တော့ပါ။ ထို့အတူ သတ္တဝါတို့၏ စိတ်အစဉ်တွင် ဉာဏ်အရောင်အလင်း ချုပ်ငြိမ်းကွယ်ပျောက်သွားသောအခါ မောဟအမှောင်ထုကြီး အုပ်စိုးလာပါသည်။ ထိုအချိန်တွင် အာရုံ၏အမှန်သဘောတွေကို အနည်းငယ်မျှ ထိုးဖောက်မမြင်နိုင် မသိနိုင်တော့ချေ။[၂]

---

၁။ အံ၊ ၁။ (မြန်မာပြန်)၊ ၂၂၀၊ ၂၂၁။ ၂။ မိလိန္ဒပဥှာ။ ၃၁။

## ၂။ မောဟစေတသိက်၏ ရသ(၂)မျိုး

(က) မောဟစေတသိက်သည် အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းကိစ္စရှိ၏ (အာရမ္မဏသဘာဝစ္ဆာဒနရသ)[၁]

(ခ) တစ်နည်းအားဖြင့် မောဟစေတသိက်သည် ကောင်းစွာထိုးထွင်း၍ မသိမမြင်နိုင်သောကိစ္စရှိ၏ (အသမ္ပဋိဝေဓရသ)[၂]။

ရသသည် ကိစ္စရသ၊ သမ္ပတ္တိရသ အားဖြင့် နှစ်မျိုးနှစ်စားရှိသည်ဟု အဋ္ဌသာလိနီအဋ္ဌကထာ (၁၀၅)၊ အဘိဓမ္မာဝတာရ အဋ္ဌကထာစသောကျမ်းများ၌ ဖော်ပြထားသည်။ ထိုတွင် ကိစ္စရသဆိုသည်မှာ ပရမတ်တရားတို့၏ ကိုယ်ပိုင်ပြုမှုဆောင်ရွက်ချက်များဖြစ်၍ အကြောင်းရသဖြစ်သည်။ သမ္ပတ္တိရသကား အကြောင်းစုံညီမှ ဖြစ်ပေါ်လာသောသဘောမျိုးဖြစ်၍ အကျိုးရသဟုခေါ်သည်။ ယင်းနှစ်မျိုးအနက် အထက်ဖော်ပြပါ ပထမရသမှာ မောဟ၏အကြောင်း (ကိစ္စ) ရသဖြစ်၍ ဒုတိယရသမှာ အကျိုး(သမ္ပတ္တိ)ရသဖြစ်သည်။

### (က) အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းကိစ္စ

အာရုံ၏အမှန်သဘောများ။ ။ သက်ရှိလောကတွင် သမ္မတလည်း သမ္မတအလျောက်၊ ရုံးလုလင်လည်း ရုံးလုလင်အလျောက် သူ့အတိုင်းအတာနှင့်သူ ဆောင်ရွက်ရသောလုပ်ငန်းကိစ္စများ ရှိသလို ပရမတ်တရားများတွင်လည်း သူတို့ဆောင်ရွက်ကြရသည့် ဆိုင်ရာဆိုင်ရာလုပ်ငန်းကိစ္စများရှိကြလေသည်။

၁။ ၂။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၁။

မောဟစေတသိက်၏ ဆောင်ရွက်ဖွယ်လုပ်ငန်းကိစ္စကား အာရုံ၏ အမှန်သဘောများကို ဖုံးကွယ်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ရှေးဦးစွာ အာရုံ၏အမှန်သဘောများကို သိထားဖို့လိုပေသည်။ မောဟဖုံးကွယ်သော အာရုံ၏အမှန်သဘောများမှာ သာမန်အားဖြင့် အကုသိုလ် ဒုစရိုက်တို့၏ အပြစ်ရှိသည့်သဘော၊ ဆိုးဝါးယုတ်မာသည့်သဘော၊ ဆိုးကျိုးများကို ဖန်တီးတတ်သည့်သဘောများနှင့် ကုသိုလ်သုစရိုက်တို့၏ ဖြူစင်သန့်ရှင်း အပြစ်ကင်းသည့်သဘော၊ ကောင်းမွန်မြင့်မြတ်သည့်သဘော၊ ကောင်းကျိုးများကို ဖန်တီးတတ်သည့်သဘော... စသည်တို့ဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် မောဟဖုံးကွယ်သော အာရုံ၏ အမှန်သဘောများကား...သစ္စာလေးတန်၊ အမှန်လေးချက်တို့၏ အနက်သဘောများ (စတုသစ္စဓမ္မ)၊ အတိတ်ဘဝခေါ် ရှေးဘဝရှိခြင်းသဘော (ပုဗ္ဗန္တ)၊ အနာဂတ်ဘဝခေါ် နောက်ဘဝရှိခြင်းသဘော(အပရန္တ)၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ဘဝနှစ်မျိုးလုံးရှိခြင်းသဘော (ပုဗ္ဗန္တာပရန္တ)၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၏သဘော (ပဋိစ္စသမုပ္ပာဒ်)ဟူ၍ ရှစ်ဌာနရှိကြောင်း ဓမ္မသင်္ဂဏီပါဠိတော် ဒုကနိက္ခေပကဏ္ဍ၊ ဟေတုဂေါစ္ဆကတွင် ဘုရားရှင်ဟောခဲ့သည်။ ထိုရှစ်မျိုး၏ သဘောမှန်နှင့် မောဟဖုံးလွှမ်းပုံကို သိသာရန် အကျဉ်းမျှရှင်းပြပါမည်။[၁]

**သစ္စာလေးပါး၌ဖုံးလွှမ်းပုံ** ။ ။ သစ္စာသဒ္ဒါသည် အမှန်သဘောကို ဟောသည်။ အမှန်ဆိုသည်ကား ဘယ်သောအခါမှ ဖောက်ပြန်ခြင်းမရှိ၊ ရွေ့ရှားခြင်းမရှိသည်ကို ဆိုလိုပါသည်။ ဥပမာ–ဒုက္ခသစ္စာ(ဆင်းရဲစစ် ဆင်းရဲမှန်)ဟုဆိုရာဝယ် ဆင်းရဲမှုသည် မည်သည့်အခါမှာမှ ဖောက်ပြန်ခြင်းမရှိ၊ ရွေ့ရှားခြင်း

၁။ အဘိ၊ ၁။ ၂၁၆။

မရှိပါ။ ဆင်းရဲသည့် ပကတိသဘောမှ ချမ်းသာသည့် ဝိကတိသဘော သို့ တစ်ရံတစ်ဆစ်မျှ ပြောင်းလဲခြင်းမရှိပေ။ လောကလူသားတွေက "ကောင်းတယ် ချမ်းသာတယ်လို့" အထင်မှတ်ကြီး ထင်မှတ်နေကြ သည့် တကယ်သာယာဖွယ်၊ နှစ်သက်ဖွယ်၊ လိုချင်ဖွယ် ဣဋ္ဌာရုံရှုခင်း များသည်ပင် 'အရင်းစစ် အမြစ်မြေက'ဆိုသလို အခြေခံကျကျ ပညာ မျက်စိဖြင့် စစ်ဆေးကြည့်သည့်အခါတွင် တကယ့်ဒုက္ခကြီးဖြစ်နေပုံ မျက်လှည့်ပစ္စည်းများပမာ ချမ်းသာတု ချမ်းသာယောင်များဖြစ်နေပုံ တွေကို တွေ့မြင်ရပေသည်။ ထို့ကြောင့် ဒုက္ခသစ္စာ စသော သစ္စာ လေးပါးတို့သည် ဆင်းရဲစစ် ဆင်းရဲမှန် စသည့် အဓိပ္ပာယ်များကို ဆောင်ပေသည်။ ဒုက္ခသစ္စာသည် နှိပ်စက်ညှဥ်းပန်းခြင်းသဘောရှိ၍ အမှန်ဆင်းရဲသော သဘာဝဖြစ်သည်။ သတ္တဝါများ သန္တာန်မှာ ဖြစ်ပျက်နေသော လောဘမပါသည့် လောကီရုပ်နာမ်တရားများနှင့် မြင်မြင်သမျှ ပြင်ပရုပ်ဝတ္ထုပစ္စည်းများသည် ထုထောင်ဖန်တီးရမှု၊ ပြုပြင်စောင့်ရှောက်ရမှု၊ ပူပန်စေမှု၊ ဖရိုဖရဲပြိုကွဲပျက်စီးစေမှုတို့နှင့် ကင်းကွာ၍ မဖြစ်နိုင်သောကြောင့် ဒုက္ခသစ္စာချည်းသာ ဖြစ်ကြသည်။ သို့သော် လောဘသားတို့၏ စိတ်အစဥ်၌ မောဟဝင်နေသဖြင့် တကယ့်ဆင်းရဲမှုများကိုပင် ချမ်းသာစစ် ချမ်းသာမှန်ဟု အမြင်မှား အထင်မှား ဖြစ်နေကြသည်။

ထိုဆင်းရဲစစ် ဆင်းရဲမှန်(ဒုက္ခသစ္စာ)မျိုးစုံတို့ကို ဖန်တီးပေးသည့် အဓိကလက်သည် တရားခံကိုရှာလျှင် လိုချင်မှု၊ သာယာမှု သဘော ကိုဆောင်သော လောဘတဏှာကို တွေ့ရသည်။ ယင်းလောဘတဏှာ ကား သမုဒယသစ္စာပင်တည်း။ မှန်ပါသည်။ ဘုရား ရဟန္တာများမှ အပ သာမန်လောကသားတွေမှာ လိုချင်မှုလောဘတဏှာနှင့် အချိန် ရှိသရွေ့ ထွေးလုံးရစ်ပတ် ဖြစ်နေကြသည်။ ထို့ကြောင့် သူတို့သည်

သူတို့၏ လိုချင်မှုအတိုင်းအတာအရ ဆင်းရဲမှုအမျိုးမျိုးကိုခံကာ နေ့မအား ညမအား ရုန်းကန်လှုပ်ရှားနေကြရသည်။ သူတို့ကား လောဘကို ဒုက္ခပေးမည့် ရန်သူအဖြစ်မမြင်၊ မိတ်ဆွေကောင်းကြီးအသွင်ဖြင့်သာ အဖော်ပြုကာ ဘဝသံသရာဝယ် ပျော်ပျော်ပါးပါး ခရီးနှင်လျက်ရှိကြသည်။

ယင်းသို့ အထင်မှား အမြင်မှား ဖြစ်နေကြခြင်းကား သူတို့၏ ခန္ဓာအစဉ်ဝယ် မောဟအမှောင်ထုကြီး အုပ်စိုးနေသောကြောင့်ပင်ဖြစ်သည်။ တိုမောဟအမှောင်ထုကြီးကား သူတို့တစ်တွေအား ဆင်းရဲကို ချမ်းသာထင်အောင် ဆင်းရဲကြောင်းကို ချမ်းသာကြောင်းဟုထင်အောင်သာ လှည့်စားထားသည်မဟုတ်။ နိရောဓသစ္စာခေါ် နိဗ္ဗာန်၏ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာအမှန် ချမ်းသာစစ် ကေန်ရှိသည့်သဘောကိုလည်းကောင်း၊ မဂ္ဂသစ္စာ၏နိဗ္ဗာန်ဟူသော အကျိုးသစ္စာကိုရကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်သည့် သဘောကိုလည်းကောင်း မမြင်နိုင်အောင် ဉာဏ်မျက်စိကို ဖုံးအုပ်လိုက်သေးသည်။ ဤသို့ မောဟစေတသိက်သည် သစ္စာလေးပါးတို့၏ အမှန်သဘောတရားများကို ဖုံးကွယ်ထားပေသည်။

**ပုဗ္ဗန္တ၌ ဖုံးလွှမ်းပုံ။** ။ ပုဗ္ဗန္တဆိုသည်မှာ အတိတ်ဘဝ၌ဖြစ်ခဲ့သော ခန္ဓာအာယတန၊ ဓာတ်အဖို့အစုဖြစ်သည်။ လောက၌ အချို့လူများသည် ရှေးအတိတ်ကာလများ၌ ဘဝအဆက်ဆက်ရှိခဲ့ကြသည်ဟု ခံယူချက်မရှိကြချေ။ ထို့ကြောင့် ရှေးအတိတ်ဘဝများ၌ ဖြစ်ခဲ့ကြဖူးသည်ဟု သူတို့မယုံကြည်ကြ။ ယခုဘဝမှာသာ ထာဝရဘုရား...စသူတို့က ဖန်ဆင်း၍ သတ္တဝါများဖြစ်လာကြသည်ဟု ယူဆထားကြသူများ ဖြစ်ကြသည်။ ထိုအယူဝါဒမျိုးကို ဗုဒ္ဓကဏ္ဍသဃရနိမ္မာနဟေတုဒိဋ္ဌိဖြစ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်

တိတ္ထာယတနသုတ်၊ ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂပါဠိတော် ဗြဟ္မဇာလသုတ်...စသည်တို့၌ ဟောကြားခဲ့သည်။ သို့သော် သူတို့သည် ကောင်းကင်ဘုံ...စသည့် နောက်နောက်သောဘဝတို့၌ ဆက်ကာဆက်ကာဖြစ်ရဦးမည်ကိုသာ ယုံကြည်ကြသည်။ ယင်းသို့ အတိတ်ဘဝရှိသည်ကို လက်မခံနိုင်ကြခြင်းသည် သူတို့သန္တာန်၌ဖြစ်သော မောဟစေတသိက်က အတိတ်ဘဝ၌ဖြစ်သော ခန္ဓာ၊ အာယတန၊ ဓာတ်အစုတို့ကို မမြင်အောင် ဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။

**အပရန္တ၌ ဖုံးလွှမ်းပုံ။** ။ ဖြစ်လတ္တံ့သော ခန္ဓာ၊ အာယတန၊ ဓာတ်အစုတို့ကို (ဝါ) အနာဂတ်ဘဝကို အပရန္တဟုခေါ်သည်။ အချို့က အတိတ်ဘဝများရှိခဲ့သည်ကိုကား လက်ခံကြသည်။ သို့ရာတွင် ရဟန္တာမဖြစ်သေးသရွေ့ နောက်ဘဝများ၌ ဆက်လက်ဖြစ်ရဦးမည်ကိုမူ မယုံကြည်။ သူတို့ဝါဒကား နောက်ဘဝရှိသည်ကို ငြင်းပယ်၍ "သေလျှင် ဘဝပြတ်သွားတော့တာပဲ"ဆိုသည့် ဥစ္ဆေဒဒိဋ္ဌိဘက်သို့ သက်ဝင်လျက်ရှိ၏။ အမှန်စင်စစ် သူတို့၏မောဟသည် အနာဂတ်ဘဝကိုမသိအောင် ကာကွယ်ထားသော မောဟဖြစ်သည်။

**ပုဗ္ဗန္တာပရန္တ၌ ဖုံးလွှမ်းပုံ။** ။ အချို့ကမူ အတိတ်ဘဝရှိသည်ကိုလည်း မယုံကြည်၊ အနာဂတ်ဘဝရှိသည်ကိုလည်း လက်မခံ၊ "ယခုလက်ရှိဘဝသာရှိသည်၊ သေလျှင် ပြီးတော့တာပဲ"ဟု ယူဆကြသည်။ ထိုသူများ၏ အယူဝါဒကား ဗုဒ္ဓဝါဒအရ ဣဿရနိမ္မာနဟေတုဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်မျိုးလုံး၌ သက်ဝင်သည်။ သူတို့ ယင်းသို့ယူဆကြခြင်းသည် သူတို့သန္တာန်၌ဖြစ်သော မောဟက ရှေးဘဝ နောက်ဘဝ နှစ်မျိုးလုံးကို မမြင်နိုင်အောင် မှောင်ချထားသောကြောင့် ဖြစ်သည်။

**ပဋိစ္စသမုပ္ပါဒ်၌ ဖုံးလွှမ်းပုံ။** ။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကား ပဋ္ဌာန်းတရားတော်ကဲ့သို့ ပစ္စယသတ္တိကို ဖော်ထုတ်မပြသော်လည်း ရုပ်နာမ်ဓမ္မတို့၏ အညမည ကြောင်းကျိုးဆက်သွယ်ပုံကို ဖွင့်ပြထားသော ကြောင်းကျိုးပြဒေသနာတော်ဖြစ်သည်။ ဗုဒ္ဓက ဝိဘင်းပါဠိတော်တွင် "ပဋိစ္စသမုပ္ပါဒ်ဝိဘင်း"ဟု အခန်းတစ်ခန်းဖွင့်ကာ ထိုဒေသနာတော်ကို အကျယ်ဝေဖန်ဟောကြားခဲ့သည်။ ယင်းဒေသနာ၌ အဝိဇ္ဇာ စသည်က အကြောင်း၊ သင်္ခါရ စသည်က အကျိုးဖြစ်သည်ဟု သံသရာစက်လည်ပုံကို ပြတ်သားစွာ ရှင်းလင်းထားသည်။ ပါရမီဉာဏ်တွင် အထွတ်အထိပ်သို့ရောက်နေကြပြီဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် အဂ္ဂသာဝကကြီးနှစ်ပါးတို့၏ အလောင်းအလျာများဖြစ်သည့် ဥပတိဿနှင့် ကောလိတတို့သည်ပင် ထိုပဋိစ္စသမုပ္ပာဒ်ဒေသနာတော်၏ အကျဉ်းချုပ်ဖြစ်သော "ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ" စသည့်ဂါထာကို ကြားနာရရုံနှင့် သောတာပန်ဖြစ်သွားကြပေသည်။

သို့ပင်ဖြစ်စေကာမူ ပဋိစ္စသမုပ္ပါဒ်တရားတော်ကား အလွန်နက်နဲ၍ အသိခက်သော ဒေသနာတော်ဖြစ်သည်ဟု နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နိဒါနသုတ်တွင် ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားခဲ့သည်။ ထို့ကြောင့် အချို့ပုဂ္ဂိုလ်များသည် အဝိဇ္ဇာ စသည့် အကြောင်းတရားကြောင့် သင်္ခါရ စသောအကျိုးတရားတွေ အဆက်မပြတ်ဖြစ်ပေါ်နေသည်ဟု နားမလည်ကြပေ။ မသိ မမြင်နိုင်ကြပေ။ သို့ရာတွင် ယင်းသို့ ရုပ်,နာမ်တရားစုတို့၏ အကြောင်းအကျိုး ဆက်သွယ်ပုံကို နားမလည်နိုင်ကြခြင်းသည် ဒေသနာတော်က နက်နဲလွန်း၍ချည်း မဟုတ်ပေ။ ကြောင်းကျိုးသဘာဝတို့ကို သိမြင်နိုင်စွမ်းမရှိအောင် မောဟက ဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။

ဤသို့ မောဟစေတသိက်သည် ဒုက္ခသစ္စာစသည့် တရားရှစ်မျိုးတို့၏ သဘောများကို ပုံမှန်အတိုင်းမမြင်အောင် ဖုံးလွှမ်းကွယ်ကာခြင်းကိစ္စကို သဘာဝအားဖြင့် ဆောင်ရွက်လေသည်။

**မောဟ၏စွမ်းရည်။** ။ မောဟစေတသိက်သည် ဖော်ပြပါအတိုင်း သဘောတရားရှစ်မျိုးတို့ကို ဖုံးလွှမ်းသည်ဟု ဆိုရသော်လည်း သူ၏ဖုံးလွှမ်းမှု စွမ်းရည်ကို နယ်ပယ်အားဖြင့် ကြည့်လျှင် အလွန်ကျယ်ပြန့်သည်ကို တွေ့ရသည်။ မောဟသည် ဩကာသလောကနယ်မြေအနေဖြင့် သုံးဆယ့်တစ်ဘုံတွင် ထိပ်ဆုံးဘုံဖြစ်သည့်အတွက် ဘဝဂ်(သဗ္ဗဘဝဂ်)လို့ ခေါ်ကြသော နေဝသညာနာသညာယ တနဘုံအထိ၊ သတ္တလောကအနေဖြင့် အနာဂါမ်ပုဂ္ဂိုလ်အဆင့်အထိ ဖုံးလွှမ်းနိုင်သည်။ သင်္ခါရလောကနယ်အနေဖြင့်မူ မဂ်စိတ်များ၏ ရှေ့ဖြစ်သော ဂေါတြဘူဝေါဒါန်နှင့် (ဖလသမာပတ်အရာ၌) ဖိုလ်စိတ်များ၏ ရှေ့ ပရိကံအထိ အာရုံပြုသောအားဖြင့် ဖုံးလွှမ်းနိုင်သည်။ ဆိုလိုရင်းမှာ ဘဝသံသရာမှလွတ်မြောက်ရန် အားယူနေပြီဖြစ်သော တတိယမဂ်ပိုင်ရှင် အနာဂါမ်ပုဂ္ဂိုလ်ကြီးဖြစ်နေသည့်တိုင်အောင် မောဟမှောင်ရိပ်အောက်မှ မလွတ်မြောက်နိုင်ရှာသေးပါ။ ဘုရားရဟန္တာများမှတစ်ပါး အခြားပုဂ္ဂိုလ်များသည် မောဟစက်ကွင်းမှ လွတ်ကင်းနိုင်ရန်အတွက် သုံးဆယ့်တစ်ဘုံအတွင်း မည်သည့်ဘုံသို့ ဝင်ရောက်ခိုလှုံခိုလှုံ မောဟပိုင်နက်မှ လွတ်ထွက်နိုင်ခွင့်ကို ဘယ်ဘုံမှာမျှ ရရှိနိုင်မည်မဟုတ်ပေ။ မောဟကား မည်သည့်လောကီတရားမျိုးကိုမဆို အာရုံပြုနိုင်စွမ်းရှိပေသည်ဟု ဆိုလိုပေသည်။

**မောဟ အထူးအပါး။** ။ ဤမောဟဖုံးလွှမ်းမှုသည် အဆင့်ဆင့်ထောက်ဆ၍ အထူးအပါးကွဲပြား၏။ ကုသိုလ် အကု

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၉၀။ ဓမ္မသင်္ဂဏီမူလဋီကာ၊ ၅၂။

သိုလ်မှန်းကိုမျှမသိအောင် ဖုံးလွှမ်းထားသော မောဟသည် အလွန် ထူပိန်းသောမောဟတည်း။ ကုသိုလ် အကုသိုလ်မှန်းကို သိတတ်၍ အကုသိုလ်အချက်ပေါ်လာလျှင် "မတော်ပါတကား"ဟု ရှောင်ရှား တတ်၊ ကုသိုလ်ဟူသမျှကို ပြုတတ်လျှင် မောဟအတော်ပါးလှစ်လေ ပြီ။ သို့သော် မောဟကင်းဖို့အရေးမှာ များစွာအလှမ်းဝေးပါသေး၏။ သောတာပန်၊ သကဒါဂါမ်အဆင့်ရောက်၍ သစ္စာလေးပါးစသည် တို့ကို ထွင်းဖောက်မြင်နိုင်သော်လည်း မောဟမှာ ပါးသည်ထက်ပါး ရုံသာရှိသေး၏။ ရဟန္တာအဆင့်ရောက်မှ မောဟ လုံးဝကင်းလေသည်။

ဤနေရာဝယ် "သစ္စာလေးပါး စသည်ကို သိသည်"ဟုဆိုရာ၌ ယခုကာလ သင်္ကြိုဟ်သရုပ်ခွဲသမားတို့ အသိမျိုးကဲ့သို့ သရုပ်ရေတွက် တတ်တဲ့အသိမျိုးမဟုတ်။ သရုပ်ရေတွက်မှုမှာ သညာသိ (အမှတ်သိ) မျိုးသာတည်း။ နာမ်သိမဟုတ်သေး။ ဉာဏ်ဖြင့်ဒုက္ခသဘော, သမု ဒယသဘော စသည်ကိုသိမှသာ အသိဟုမှတ်။

**ရဟန္တာတို့မသိမှုသည် မောဟလား။** ။ မောဟကင်း၍ ရဟန္တာဖြစ် သည့်အခါ လောကီလော ကုတ္တရာအားလုံးကို ကုန်စင်အောင်သိပြီဟု မမှတ်ရ။ သိသင့်သိ ထိုက်သလောက် သစ္စာလေးပါး စသည်ကိုသိခြင်းသာလျှင် လိုရင်း တည်း။ ရဟန္တာဖြစ်သော်လည်း ပဋိသမ္ဘိဒါပတ္တရဟန္တာမဟုတ်လျှင် ပိဋကတ်ကို တမင်သင်ယူမှ တတ်သည်။ ပိဋကတတ်သော်လည်း သူတစ်ပါး၏အလိုဆန္ဒ အဇ္ဈာသယကို ကျနစွာမသိ၊ အာသယာနု သယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ သဗ္ဗညုတဉာဏ်ရှင်ဖြစ် တော်မူသော ဘုရားရှင်သာလျှင် သိဖွယ်အားလုံးကို ကုန်စင်အောင် သိမြင်တော်မူနိုင်သည်။

ဤကဲ့သို့ လောကီလောကုတ္တရာအားလုံးကို ကုန်စင်အောင်

မသိခြင်းမှာ မောဟဖုံးလွှမ်းမှုမဟုတ်။ မိမိဉာဏ်၏ သတ္တိနည်းမှုသာဖြစ်သည်။ ဥပမာ–နေ့လယ်ကြောင်တောင်ဝယ် အဝေးမှာတည်ရှိနေသော ရုပ်ပါရုံကို မမြင်ခြင်းသည် အမှောင်၏ကာကွယ်မှုကြောင့် မဟုတ်။ မိမိမျက်စိ၏ သတ္တိနည်းမှုသာဖြစ်သကဲ့သို့တည်း။[၁]

ဝတ္ထုသက်သေ။ ။ ဆက်ဦးအံ့။ ဘုရားရှင်ကလွဲလျှင် ရှင်သာရိပုတ္တရာသည် ဉာဏ်တော်အကြီးဆုံးတည်း။ ထိုရှင်သာရိပုတ္တရာသည်ပင် မိမိတပည့် ရဟန်းကလေးအား ကမ္မဋ္ဌာန်းအပေးလွဲခဲ့ဖူး၏။ ရဟန်းကလေးကား ငယ်ရွယ်သူတည်း။ "ငယ်ရွယ်သူ့စိတ်ဓာတ်သည် ကာမဘက်၌ ညွတ်တတ်၏"ဟု နလုံးပြုကာ အသုဘကမ္မဋ္ဌာန်းကို ပေးလေရာ စရိုက်မတည့်သောကြောင့် လေးလပတ်လုံးအားထုတ်သော်လည်း တရားထူးမရ၊ နိမိတ်ကလေးမျှ မထင်ရှားပေ။ သို့အတွက် ဘုရားရှင်အား ရှင်သာရိပုတ္တရာက အကြောင်းကိုလျှောက်ထားသည့်အခါ ငယ်ရွယ်သူပင်ဖြစ်သော်လည်း ဘဝါးရာလောက်ရွှေပန်းထိမ်သည်ချည်း လုပ်ခဲ့ဖူး၍ နီမြန်းသောရွှေများကို ကြည့်ရဖန်များသောကြောင့် အဇ္ဈာသယနှင့်တန်အောင် ဘုရားရှင်က ပဒုမ္မာကြာပန်းကို ဖန်ဆင်း၍ ကြည့်ရှုစေပြီးလျှင် ကြာပွင့်ဖတ်များကို ညှိုး၍လာအောင် ဖန်ဆင်းပြလျက် အနိစ္စသဘောကို ဖော်ပြတော်မူလေသော် တစ်နေ့ချင်းဖြင့် တရားပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်လေသည်။ ထို့ကြောင့် ရဟန္တာဖြစ်ပါလျက် အားလုံးကို မသိခြင်းမှာ ဉာဏ်သတ္တိနည်းမှုကြောင့်သာဖြစ်၏။ မောဟဖုံးလွှမ်းမှုကြောင့်မဟုတ်။ မောဟ၏ဖုံးလွှမ်းရာဌာနမှာ သစ္စာလေးပါးနှင့် ပုဗ္ဗန္တ စသောတရားစုသာဖြစ်သည်။[၂]

---

၁။ သဂြိုဟ်ဘာသာဋီကာ။ ၆၀၇၊ ၆၀၈။

၂။ သဂြိုဟ်ဘာသာဋီကာ။ ၆၀၇၊ ၆၀၈။

# (ခ) ကောင်းစွာထိုးထွင်း၍ မသိမမြင်နိုင်သောကိစ္စ (အသမ္ပဋိဝေဓရသ)

**ရသနှစ်မျိုးဆိုရပုံ** ။ ။ အာရုံ၏သဘောမှန်ကို ဖုံးကွယ်ထားနိုင်မှုသည် မောဟစေတသိက် ရွက်ဆောင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း အထက်တွင်ရှင်းပြခဲ့ပြီ။ ယင်းသို့ဆောင်ရွက်ပေးမှုကြောင့် မောဟနှင့်အတူဖြစ်သည့် တွဲဖက်နာမ်တရားများသည် အာရုံသဘောများကို အမှန်တိုင်း မသိနိုင် မမြင်နိုင်ချေ။ ထိုသို့ဆိုလျှင် ဤနေရာ၌ "မောဟသည် သူနှင့်တွဲဖက်တရားများကို အမှန်အတိုင်း မသိနိုင် မမြင်နိုင်စေရန်ကိုသာ ဆောင်ရွက်၍ သူကိုယ်တိုင်ကတော့ အာရုံ၏သဘောမှန်တွေကို သိနိုင်ပါသလော"ဟု မေးစရာရှိလာသည်။ အဖြေမှာ "မောဟသည် တွဲဖက်နာမ်တရားများအား အာရုံ၏အမှန်သဘောများကို မသိအောင် မှောင်ချပေးသောလုပ်ငန်းကိုသာ ရွက်ဆောင်သည်မဟုတ်၊ မောဟကိုယ်တိုင်ကလည်း အာရုံ၏ အမှန်သဘောများကို ကောင်းစွာထိုးထွင်း၍ မသိနိုင်မမြင်နိုင်သောကိစ္စရှိသည်"ဟုဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် မောဟ၏ရသကို နှစ်မျိုးပြဆိုခဲ့ဟန်ရှိသည်။

မောဟ၏ ကောင်းစွာထိုးထွင်း၍ မသိနိုင် မမြင်နိုင်သည့်သဘောကို လက္ခဏာခန်း၌ ဉာဏ်နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်း (အညာဏ) လက္ခဏာအဖွင့်ဝယ် အကျယ်ရှင်းလင်းပြခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ ဤအခန်း၌ ထပ်မံမပြတော့ဘဲ ထိုသဘောအတိုင်းပင် မှတ်သားရန်ဖြစ်သည်။ သို့ရာတွင် "တစ်နွယ်ငင် တစ်စင်ပါ"ဆိုသကဲ့သို့ ဒုတိယရသနှင့် ဆက်သွယ်၍ မှတ်သားစရာ အဖြာဖြာတို့ကို ဆက်လက်တင်ပြပါဦးမည်။

**မောဟကအမှားတွေကိုသိသလား**။ ။ မောဟ စေတသိက်သည်အာရုံ၏အမှန်သဘောကို မသိသည့်အပြင် တွဲဖက်နာမ်တရားများကိုလည်း မသိအောင် မှောင်ချထားသည့်သဘောရှိသည်ဟု ဆိုခဲ့ပါသည်။ ထိုသို့ဆိုလျှင် မောဟသည် အမှားတွေကိုသိသလားဟု မေးရန်ရှိလာသည်။ မေးလည်းမေးသင့်ပါသည်။ အဖြေကား "မောဟစေတသိက်သည် အမှားတွေကို မသိနိုင်ပါ"ဟု ဖြစ်သည်။ ရုတ်တရက်သော်"အမှန်တွေကိုမသိလျှင် အမှား တွေကိုသိသည်"ဟု ဉာဏ်တွင်ထင်စရာ မြင်စရာဖြစ်သည်။ အမှန်စင်စစ် မောဟသည် အမှန်တွေကိုလည်းမသိ၊ အမှားတွေကိုလည်း မသိသည့် အမိုက်တရား အမှောင်တရားမျိုးဖြစ်၏။ သည်အဖြေကို ကျေကျေနပ်နပ်လက်ခံနိုင်ဖို့ဆိုလျှင် မောဟ၏သဘောတရားကို အခြေခံကျကျ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့လိုပေလိမ့်မည်။

**မသိမှုသာမောဟ** ။ ။ မောဟစေတသိက်ကား အထက်တွင်ပြဆိုခဲ့သည့်အတိုင်း သူကိုယ်တိုင်ကလည်း အာရုံ၏အမှန်သဘောတွေကို မသိတတ်။ တွဲဖက်စိတ်ကိုလည်း ယင်းသို့ မသိအောင် မှောင်ချထားတတ်သော အမှောင်တရားမျိုးဖြစ်သည်။ စိတ်အစဉ်တွင် မောဟဝင်လာသောအခါ စိတ်သည် မောဟ၏ မှောင်ချမှုကို ခံရသဖြင့် အာရုံ၏သဘောကို ဟုတ်တိုင်းမှန်စွာ မသိနိုင်တော့ပါ။ ထိုအခါတွင် အမြဲမရှိသောသဘော(အနိစ္စ)ကို အမြဲရှိသည် (နိစ္စ)၊ ဆင်းရဲသောသဘော(ဒုက္ခ)ကို ချမ်းသာသည်(သုခ)၊ အစိုးမရသောသဘော(အနတ္တ)ကို အစိုးရသည်(အတ္တ)... စသည်ဖြင့် အမှားတွေကိုသိတော့သည်။ သို့တစေလည်း ထိုအမှားတွေကို သိသည့်တရားမှာကား မောဟမဟုတ်ပါ။ ဖောက်ဖောက်ပြန်ပြန် မှားယွင်းစွာ သိတတ်သောသဘောရှိသည့် ဒိဋ္ဌိ၊ သညာနှင့် စိတ်တို့သာ ဖြစ်ပါသည်။ မောဟက ဒိဋ္ဌိ၊ သညာ၊ စိတ်တို့အမှားတွေကိုသိရန် မှောင်ချ

ပေးသည်။ ဖုံးကွယ်ပေးသည်။ ပညာမျက်စိကို ပိတ်ပေးသည်။ မှောင်ချမှု, အမြင်မှန်အတိုင်း မမြင်စေရန်ဖုံးကွယ်မှု၊ ပညာမျက်စိကိုပိတ်ပေးမှုသာ မောဟ၏အလုပ်၊ မောဟ၏သဘောဖြစ်သည်။ အမှားသိမှုသည် မောဟ၏သဘောမဟုတ်။ ဒိဋ္ဌိ, သညာနှင့် စိတ်တို့၏သဘောသာဖြစ်သည်။ သို့ဖြစ်၍ သိတတ်သောသဘောနှင့် မောဟသည် ဆီနှင့်ရေပမာ ပေါင်းစပ်လို့မရသောအရာများဖြစ်ကြသည်။

ထို့ကြောင့် ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော်တွင် မောဟစေတသိက်သဘောကို မသိခြင်းသဘော(အညာဏ)၊ မမြင်ခြင်းသဘော (အဒဿန)၊ ထိုးထွင်း၍မသိတတ်သောသဘော(အနဘိသမယ)၊ အမှန်တရားအားလျော်စွာ မသိတတ်သောသဘော(အနနုဗောဓ)၊ သစ္စာလေးပါးတရားကို မသိသောသဘော(အပ္ပဋိဝေဓ)၊ အပြားအားဖြင့် မသိတတ်သောသဘော(အသမ္ဗောဓော) စသည်ဖြင့် မသိသည့်အကြောင်းအရာများကိုသာ ပရိယာယ်ပုဒ်အမျိုးမျိုးဖြင့် ကျယ်ပြန့်စွာ ဟောခဲ့ပါသည်။ စင်စစ်အားဖြင့် ပရမတ္ထသဘောတရားများသည် တစ်ခုနှင့်တစ်ခု (သာမန်လက္ခဏာမှတစ်ပါး) သဘောလက္ခဏာချင်း ရောနှောနေကြသောတရားများကား မဟုတ်ချေ။ သူ့သဘောလက္ခဏာနှင့်သူ သီးသန့်ရှိနေကြပါသည်။ ထိုပရမတ်တရားများ၏ သီးသန့်ဖြစ်သော ကိုယ်ပိုင်သဘောလက္ခဏာများကို ပရမတ်နည်းကျကျ ခွဲခြားသိဖို့လိုပေသည်။ [၁]

**အဘိဓမ္မာဝတာရဋီကာသစ်**။ ။ ယင်းဋီကာသစ်၌လည်း မောဟစေတသိက်သည် မည်သည့်အာရုံမကိုမျှ မသိသော တရားမျိုးဖြစ်ကြောင်းကို ဉာဏ်၊ ဒိဋ္ဌိတို့နှင့်နှိုင်းယှဉ်ကာ ဤသို့ရှင်းပြထားသည်။ "ဉာဏ်သည် အာရုံ၏သဘောကို အမှန်

၁။ အဘိ၊ ၁။ (မြန်မာပြန်) ၁၄၉။

အတိုင်းသိသည်။ ဒိဋ္ဌိစေတသိက်သည် အာရုံကို မှားမှားယွင်းယွင်း ယူသည်(သိသည်)။ မောဟစေတသိက်မှာမူ မည်သည့်အာရုံကိုမျှ မသိချေ (ဝါ) အာရုံ၏သဘောကို အမှန်နည်းဖြင့်သော်လည်းကောင်း၊ အမှားနည်းဖြင့်သော်လည်းကောင်း မသိပါချေ။ အယုတ်သဖြင့် မောဟ သည် အာရုံသို့ချဉ်းကပ်သည့်အခါ၌ပင် အာရုံကို ဘာမျှ(အမှားရော အမှန်ပါ)မသိဘဲ ချဉ်းကပ်သည်။ ဥပမာ–ဖဿ စသော စေတသိက် များသည် အာရုံသို့ချဉ်းကပ်ကြသောအခါ၌ အာရုံကိုသိသောသဘော ဖြင့် ချဉ်းကပ်ကြသည်မဟုတ်ပေ။ တွေ့ထိသောအခြင်းအရာ (ဖုသ နာကာရ) စသည်ဖြင့်သာ ချဉ်းကပ်ကြသည်။ ထိုနည်းတူစွာ မောဟ သည်လည်း အာရုံကိုသိသည့်သဘောမျိုးဖြင့် အာရုံသို့ချဉ်းကပ်သည် မဟုတ်။ အာရုံ၏ အမှန်သဘာဝကို ဖုံးကွယ်သော အခြင်းအရာ (ပဋိစ္ဆာဒနာကာရ)အားဖြင့်သာ ချဉ်းကပ်သည်"ဟု တိကျပြတ်သား စွာ ရှင်းပြထားပါသည်။[၁]

ဋီကာရှင်းချက်အရ အမှန်တရားကိုသိမှုသည် ဉာဏ်ပညာ၊ အမှန် တရားကို မသိအောင်ဖုံးကွယ်ထားမှုသည် မောဟ။ ထိုဖုံးကွယ်ထား မှုကြောင့် အမှားတွေကိုသိမှုသည် ဒိဋ္ဌိဖြစ်ကြောင်းမှာ တိမ်စင်လပမာ ထင်ရှားပါသည်။ ဤနေရာ၌ မောဟနှင့်ဒိဋ္ဌိ တရားနှစ်ပါးတို့သည် အကြောင်းအကျိုးအားဖြင့် ဆက်သွယ်နေသောတရားများ ဖြစ်ကြ သည်ဟု သဘောပေါက်သင့်ပေသည်။ မောဟက အမှန်အတိုင်း မမြင်ရအောင် ဉာဏ်မျက်စိကို ပိတ်ပေးသည်။ ထိုအခါ ဒိဋ္ဌိက အမှား တွေကိုသွားမြင်သည်။ ယင်းသို့ ပရမတ်တရားတို့၏ သူ့သဘော နှင့်သူ သီးသန့်တည်ရှိနေကြပုံကို ပရမတ်နည်းကျကျ ခွဲခြားသိမြင်ခဲ့ ပါလျှင် "မောဟစေတသိက်သည် အမှားတွေကို မသိနိုင်ပါ"ဟူသော

၁။ အဘိဓမ္မာဝတာရဋီကာသစ်၊ ပ။ ၃၁၇။

အဖြေကို အလိုအလျောက် ကျေနပ်လက်ခံမည်မှာ သေချာပါသည်။

**မျက်မှန်စိမ်းဥပမာ**။ ။ ဥပမာအားဖြင့် မြင်းကို မျက်မှန်စိမ်းတပ်ပြီး မြက်ခြောက်ကျွေးသည်နှင့် သဘောတူပေသည်။ မြက်မှန်စိမ်း အတပ်ခံရသောမြင်းသည် မျက်မှန်စိမ်းကြောင့် မြက်ခြောက်တွေကို မြက်စိုတွေထင်ပြီး မြိန်မြိန်ရှက်ရှက် စားလေ့ရှိသည်။ ထို့အတူ သတ္တဝါများမှာလည်း မောဟဝင်လာသည့်အခါတွင် မောဟတည်းဟူသော မျက်မှန်စိမ်းတပ်ထားမှုကြောင့် ဆင်းရဲအစစ်တွေကို တကယ့်ချမ်းသာဟုထင်မှတ်ပြီး မြိန်မြိန်ရှက်ရှက်ဖြစ်နေကြသည်။ ဤဥပမာ၌ မောဟနှင့် မျန်မှန်စိမ်း၊ ဆင်းရဲနှင့် မြက်ခြောက်၊ ချမ်းသာနှင့် မြက်စို၊ ဒိဋ္ဌ၏ဆင်းရဲတွေကို တကယ့်ချမ်းသာတွေလို့ အမှားမြင်မှု သိမှုနှင့် မြင်း၏မြက်ခြောက်တွေကို မြက်စိုတွေလို့ အမှားမြင်မှုသိမှုတို့ တူကြသည်။

**အသမ္မောဓပုဒ်အဖွင့်**။ ။ ဘုရားရှင်သည် မောဟ၏သဘောကို ဓမ္မသင်္ဂဏီပါဠိတော်တွင် ပရိယာယ်ပုဒ် ၂၄ ပုဒ်တို့ဖြင့် အသေးစိတ်ဟောကြားခဲ့ပါသည်။ ထိုပုဒ်များတွင်“အသမ္မောဓပုဒ်”လည်း ပါဝင်ခဲ့သည်။ ယင်းပုဒ်ကို အဋ္ဌကထာဆရာက (၁) အနိစ္စ စသည်တို့နှင့်ယှဉ်၍ မသိတတ်သောသဘော၊ (၂) အနတ္တစသော သဘောတရားကို အတ္တ...စသည်ဟု သိမှု၊ အနိစ္စ...စသည်ကို နိစ္စ စသည်ဟု သိမှုသဘောဟု နှစ်နည်းဖွင့်ဆိုခဲ့ပါသည်။ ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်တွင် အဋ္ဌကထာဆရာ၏ ဒုတိယအဖွင့်အရ အသမ္မောဓပုဒ်ကို “မှားယွင်းစွာသိတတ်သောသဘော”ဟု သိလွယ်အောင် အနက်ဖော်ထားသည်။ ဤအဖွင့်အရဆိုသော် မောဟသည် အမှားတွေကိုသိသည်ဟု ဆိုရမည်ကဲ့သို့ ဖြစ်နေသည်။

အမှန်စင်စစ် မောဟသည် အမှားတွေကိုသိတတ်သော သဘောတရားမျိုးကား မဟုတ်ပါချေ။ ရှင်းပြဦးအံ့...အဋ္ဌကထာဆရာသည်

ယင်းအသမ္မောဓပုဒ်ကို တိုက်ရိုက်(မုချ,နိတတ္ထ)နည်းအားဖြင့် ဖွင့်ဆိုခဲ့သည်မဟုတ်ပါ။ သွယ်ဝိုက်(ဥပစာ, နေယျတ္ထ)နည်းအားဖြင့် ဖွင့်ဆိုခဲ့ခြင်းဖြစ်ပေသည်။ ဤသဘောကို ဓမ္မသင်္ဂဏီမူလဋီကာနှင့် အနုဋီကာတို့တွင် ပိုင်ပိုင်နိုင်နိုင် ရှင်းချက်ထုတ်ထားသည်ကို တွေ့နိုင်ပါသည်။ အနတ္တသဘောတရားတွေကို အတ္တစသည်ဟု သိမှု၊ အနိစ္စစသည်ကို နိစ္စဟုသိမှု သဘောများသည် မှားယွင်းစွာ သိသည့်သဘောများဖြစ်သည်ကိုကား လက်ခံပါသည်။ သို့သော် ထိုမှားယွင်းစွာ သိသည့်သဘောကား မောဟမဟုတ်ပါ။ မောဟနှင့်အတူဖြစ်သော ဒိဋ္ဌိစေတသိက်ပင်ဖြစ်သည်။ ဒိဋ္ဌိနှင့်အတူဖြစ်သော မောဟစေတသိက်က (ဒိဋ္ဌိသဟိတ မောဟ)အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တလို့သိအောင် (ဝါ) အမှားတွေကိုသိအောင် သဘောမှန်ကို ဖုံးကွယ်ပေးသည်။ မှောင်ချပေးသည်။ ထိုအခါ ဒိဋ္ဌိက အမှားတွေကိုသိသည်။ ထိုတွင် မောဟက အကြောင်းတရား၊ ဒိဋ္ဌိကအကျိုးတရားဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာဆရာသည် အကျိုးတရားဖြစ်သော ဒိဋ္ဌိ၏ အမှားသိသည့်သဘောကို အကြောင်းတရားဖြစ်သော မောဟအပေါ်တင်စား၍ ဖလူပစာနည်းအားဖြင့် မောဟကအမှားသိဘိသို့ ဖွင့်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဥပမာ–ထမင်းချက်သည်ဆိုရာဝယ် အမှန်စင်စစ် ထမင်းကိုချက်သည်မဟုတ်။ ဆန်ကိုချက်ခြင်းသာဖြစ်သည်။ သို့သော် အကျိုးဖြစ်သော ထမင်း၏အမည်ကို အကြောင်းဖြစ်သော ဆန်ပေါ်တင်စား၍ ဖလူပစာနည်းအားဖြင့် ထမင်းချက်သည်ဟု သုံးနှုန်းသကဲ့သို့ဖြစ်သည်။ ဤစကားစဉ်ဖြင့် အသမ္မောဓပုဒ်အဖွင့်အရ မောဟသည် အမှားတွေကိုသိတတ်သော တရားမျိုးမဟုတ်ကြောင်းမှာ ရှင်းနေပါသည်။[၁]

---

၁။ ဓမ္မသင်္ဂဏီမူလဋီကာ။ ၁၂၀။ အနုဋီကာ။ ၁၂၇။

**မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ** ။ ။ သမ္မောဟဝိနောဒနီ (ဝိဘင်း) အဋ္ဌကထာ ပဋိစ္စသမုပ္ပာဒ်ဝိဘင်းအဖွင့်၌ အဋ္ဌကထာဆရာက အဝိဇ္ဇာအပြားတို့ကို ခွဲဝေပြရာတွင် တရားမှန်ကိုအားမထုတ်မှု အပ္ပဋိပတ္တိအဝိဇ္ဇာ၊ တရားများကိုအားထုတ်မှု မိစ္ဆာပဋိပတ္တိအဝိဇ္ဇာဟု နှစ်မျိုးရှိကြောင်း သရုပ်မျှ ထုတ်ပြခဲ့သည်။ မူလဋီကာဆရာက "ဒုက္ခသစ္စာ...စသည်တို့၌ မသိခြင်းသည် တရားမှန်ကိုအားမထုတ်မှု အပ္ပဋိပတ္တိအဝိဇ္ဇာ၊ အသုဘကို သုဘ၊ အနိစ္စကို နိစ္စ... စသည်ဖြင့် ဖောက်ပြန်မှားယွင်းစွာယူခြင်းသည် တရားများကို အားထုတ်မှု မိစ္ဆာပဋိပတ္တိအဝိဇ္ဇာမည်၏။ တစ်နည်းအားဖြင့် ဒိဋ္ဌိကင်းသော အဝိဇ္ဇာသည် အပ္ပဋိပတ္တိအဝိဇ္ဇာ၊ ဒိဋ္ဌိနှင့်အတူဖြစ်သော အဝိဇ္ဇာသည် မိစ္ဆာပဋိပတ္တိအဝိဇ္ဇာမည်၏"ဟု အဋ္ဌကထာဆရာ၏ အဝိဇ္ဇာနှစ်မျိုးကို ထပ်ဆင့်ရှင်းပြခဲ့သည်။ အဝိဇ္ဇာဆိုသည်မှာ မောဟစေတသိက်၏ နာမည်တစ်မျိုးပင်ဖြစ်သည်။ [၁]

**မူလဋီကာဆရာအာဘော်** ။ ။ ဤနေရာ၌ မူလဋီကာဆရာ၏ ဖွင့်ဆိုချက်များကို စိစစ်ရန်ရန်လိုလာသည်။ ဋီကာဆရာ၏ ပထမဖွင့်ဆိုချက်တွင် မောဟ(မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ)က အမှားတွေကိုသိဘိသကဲ့သို့ ပြဆိုထားသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သည် ယင်းအဓိပ္ပာယ်ကို ဝေဖန်ဆန်းစစ်မှုမပြုဘဲ မှချမှတ်ယူရမည့် အဓိပ္ပာယ်အနေဖြင့် ပေါ့ပေါ့ဆဆ လက်မခံသင့်ပေ။ ထိုအဆိုအမိန့်တွင် ဋီကာဆရာ၏ နှလုံးသွင်းရည်ရွယ်ချက်ကို သိအောင် ကြိုးစားရပေမည်။ ဗုဒ္ဓအဘိဓမ္မာတွင် ပရမတ်သဘောတရားများကား ပညတ်တရားများကဲ့သို့ ဗလောင်းဗလဲ ပြောင်းလဲတတ်သော သဘောမျိုးမဟုတ်။ မှန်ကန်တိမတ်သော သဘာဝများဖြစ်ကြ

---

၁။ ဝိဘင်္ဂမူလဋီကာ။ ၉၁။ အဘိ၊ ဋ္ဌ၊ ၂၊ ၂၉။

သည်။ ထိုပရမတ်တရားတို့၏ သဘောတရားများကို ရေးကြသော အဘိဓမ္မာကျမ်းပြုဆရာကြီးများသည်လည်း မောဟကဲ့သို့သော သဘောတရား တစ်ခုတည်းကို တစ်နေရာတွင် သဘောလက္ခဏာတစ်မျိုး၊ အခြားတစ်နေရာတွင်တစ်မျိုး ပြဆိုရိုး အစဉ်အလာမရှိပေ။

ဓမ္မသင်္ဂဏီပါဠိတော်လာ မောဟ၏သဘောတရားပြပုဒ်တစ်ခုဖြစ်သော "အသမ္ပေက္ခ"ပုဒ်ကို အဋ္ဌကထာဆရာက အဋ္ဌသာလိနီ အဋ္ဌကထာတွင် "အနတ္တကို အတ္တ၊ အနိစ္စကို နိစ္စ စသည်ဖြင့် (မှားယွင်းစွာ)သိမှုသဘော"ဟု ဖွင့်ဆိုခဲ့သည်။ ထိုအဖွင့်ကို မူလဋီကာဆရာက "အမှားသိမှုသည် မောဟမဟုတ် ဒိဋ္ဌိ၊ သညာတို့သာ ဖြစ်သည်။ ယင်းသို့ အမှားသိအောင် မောဟကသဘောမှန်ကို ဖုံးကွယ်ပေးသည်"ဟု ဖွင့်ပြသည်။ အနုဋီကာဆရာက "အမှားသိမှု(ဒိဋ္ဌိ)၏ အကြောင်းဖြစ်သော မောဟကိုပင် အမှားသိတတ်သူ ကတ္တားသဘော အနေဖြင့် တင်စား၍ဆိုထားသည်။ ယင်းမောဟသည်လည်း ဒိဋ္ဌိနှင့် အတူဖြစ်သော မောဟဖြစ်သည်"ဟု ဥပစာသဘောကို တိကျစွာ ထပ်ဆင့်ဖွင့်ဆိုပါသည်။ ယင်းဋီကာနှစ်ကျမ်းတို့၏ အဆိုအမိန့်များကို အနှစ်ချုပ်ကြည့်လျှင် အမှားသိမှုသည် မောဟမဟုတ်။ ဒိဋ္ဌိ၏အလုပ်သာဖြစ်သည်။ သို့သော် အကျိုးဒိဋ္ဌိ၏သဘောကို အကြောင်း မောဟပေါ် တင်စား၍ မောဟက အမှားသိဟန်ဆိုထားခြင်းသာဖြစ်ကြောင်း တွေ့ရသည်။ မူလဋီကာဆရာ၏ တိုအဖွင့်နှင့် ယခု မိစ္ဆာပဋိပတ္တိ အဖွင့်သည် တောင်နှင့်မြောက်ပမာ အဓိပ္ပာယ်ခြားနားနေပါသည်။ ကျမ်းပြုဆရာတစ်ဦးတည်းရေးသော အဆိုအမိန့်နှစ်ခုသည် ရှေ့နောက် တညီတညွတ်တည်းရှိရမည်။ ယခုကဲ့သို့ မညီညွတ်ရာ၌ အကြောင်းရှိပါသည်။ ထိုအကြောင်းမှာ မောဟအဖွင့်တွင် မုချသဘောဖြင့်ပြဆို၍ အဝိဇ္ဇာအဖွင့်တွင် ဥပစာသဘောဖြင့် ပြထားခြင်းဖြစ်သည်။ ဋီကာဆရာ၏ ထိုအဖွင့်နှစ်မျိုးကို နှိုင်းယှဉ်ကြည့်လျှင်

မောဟအဖွင့်က အဝိဇ္ဇာအဖွင့်ထက် သဘာဝကို အရင်းထိအောင် နှိုက်ထားသဖြင့် ပိုမိုခိုင်မာသည်ဟု ယူဆပါသည်။ ထို့ပြင် ယခု အဝိဇ္ဇာအဖွင့်၌လည်း နည်းနှစ်မျိုးလုံးကို ဆက်စပ်ကြည့်လျှင် ဒိဋ္ဌိကင်းသော(အပ္ပဋိပတ္တိ) အဝိဇ္ဇာက အမှန်သဘောကိုမသိ၊ ဒိဋ္ဌိနှင့်အတူဖြစ်သော (မိစ္ဆာပဋိပတ္တိ) အဝိဇ္ဇာက အမှားတွေကိုသိသည်ဟု အဓိပ္ပာယ်ရသည်။ ထိုအဓိပ္ပာယ်အရဆိုသော် မောဟသည် ဒိဋ္ဌိနှင့်အတူဖြစ်မှသာ အမှားကိုသိ၍ ဒိဋ္ဌိကင်းသောအခါ မသိနိုင်ဟုဆိုရာရောက်သည်။ သို့ဖြစ်လျှင် အမှားကိုသိမှုသည် မောဟမဟုတ်ဘဲ ဒိဋ္ဌိသာဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဋီကာဆရာသည် မိစ္ဆာပဋိပတ္တိအဝိဇ္ဇာပုဒ်ကို ပထမဖွင့်ရာတွင် ဒိဋ္ဌိသဘောကို အဝိဇ္ဇာပေါ်တင်စား၍ ဖလူပစာနည်းအားဖြင့် ဖွင့်ဆိုခြင်းဖြစ်သည်ဟု (ဋီကာဆရာအာဘော်ကို) ကောက်ချက်ချရပါမည်။ ဤသို့အားဖြင့် မိစ္ဆာပဋိပတ္တိပုဒ်ဖွင့်အရ မောဟက အမှားကိုသိနိုင်သည်ဟု မယူဆနိုင်ကြောင်း ထင်ရှားပါသည်။

ဤနေရာတွင် "မောဟသည် အမှားတွေကိုမသိနိုင်"ဟူသော အဖြေကို နိဂုံးချုပ်ရန်ဖြစ်ပါသည်။ သို့သော် အထက်ပါရှင်းချက်များတွင် အမှားသိမှုသည် ဒိဋ္ဌိစေတသိက်သာဖြစ်ကြောင်း ထပ်တလဲလဲဆိုခဲ့ပါသည်။ ထို့ကြောင့် နိဂုံးမချုပ်မီ သုတေသီတို့ သံသယကင်းနိုင်ရန် မိစ္ဆာဒိဋ္ဌိစေတသိက်သဘောကို အကျဉ်းမျှ ပြဆိုပါမည်။ မိစ္ဆာဒိဋ္ဌိစေတသိက်ကို ဓမ္မသင်္ဂဏီပါဠိတော်တွင် အမှားကိုမြင်မှုသဘော(မိစ္ဆာဒိဋ္ဌိ)၊ နိစ္စ စသည်ဖြင့် မှားသောအားဖြင့် နှလုံးသွင်းတတ်သောသဘော (အဘိနိဝေသ)၊ အမှန်သဘာဝကိုကျော်၍ မှားသောအားဖြင့် သုံးသပ်တတ်သောသဘော(ပရာမာသ)၊ မှားယွင်းတတ်သောသဘော(မိစ္ဆတ္တ)၊ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော(ဝိပရိယာသဂ္ဂါဟ) စသည်ဖြင့် "အမှားသိတတ်သည့်"

သဘောများကိုသာ ပရိယာယ်ပုဒ်များစွာဖြင့် ဗုဒ္ဓကိုယ်တော်တိုင် ဟောခဲ့ပါသည်။ ထို့ကြောင့် အမှားသိမှုသည် မောဟစေတသိက် မဟုတ်၊ ဒိဋ္ဌိစေတသိက်သာဖြစ်ကြောင်း ကို သံသယကင်းစွာ မှတ်သားအပ်ပေသည်။

**ပရမတ္ထဒီပနီ ဋီကာသစ်ဝါဒ။ ။ မောဟစေတသိက်က အမှားသိနိုင် မသိနိုင်နှင့် ပတ်သက်၍ ကျေးဇူးရှင်**

လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထဒီပနီ မဟာဋီကာသစ်တွင် ဤသို့ဖွင့်ဆိုထားပါသည်။ "အင်္ဂါလေးပါးစုံညီသော အမှောင်ထုကြီးသည် မျက်စိ၏မြင်အားကို တားဆီးကွယ်ကာ၍ စိတ်ကို ဘာမျှမသိအောင် ပြုလုပ်တတ်သော သဘောသည် မောဟမည်၏။ သို့ရာတွင် ယင်းမောဟစေတသိက်သည် အကုသိုလ်နယ်ပယ်၌ ဉာဏ်နှင့်အလားတူပေသည်။ (ဝါ)ဉာဏ်ကဲ့သို့ သိနိုင်ပေသည်။ ထို့ကြောင့် ပါဠိတော်၌ မောဟကို မိစ္ဆာဉာဏ်ဟု ဟောတော်မူသည်။ အဋ္ဌကထာတို့၌လည်း မိစ္ဆာဉာဏ်ဆိုသည်မှာ မကောင်းမှုကိုပြုလုပ်ရာတို့၌ ဥပါယ်တံမျဉ်ကြံစည်သည်၏ အစွမ်းအားဖြင့်ဖြစ်သော မောဟပင်တည်းဟု ဖွင့်ဆိုကြ၏။ အဝိဇ္ဇာနှင့်ပတ်သက်၍လည်း အပ္ပဋိပတ္တိအဝိဇ္ဇာ၊ မိစ္ဆာပဋိပတ္တိအဝိဇ္ဇာဟု နှစ်မျိုးရှိကြောင်း (အဋ္ဌကထာ)တို့၌ ဖွင့်ဆိုကြ၏။ ထိုတွင် သန့်စင်ကောင်းမွန်သော (ကုသိုလ်)အရာ၌ မသိမှုမျိုးကို အပ္ပဋိပတ္တိအဝိဇ္ဇာဟုခေါ်၍ မကောင်းသော(အကုသိုလ်)အရာ၌ မှားယွင်းစွာသိမှုမျိုးကို မိစ္ဆာပဋိပတ္တိအဝိဇ္ဇာခေါ်သည်။ မှန်၏။ အကုသိုလ်နယ်ပယ်သို့ ရောက်လာသည့်အခါ မောဟ၊ လောဘ၊ ဒိဋ္ဌိ၊ ဝိတက်၊ ဝိစာရ၊ စိတ်ဟူသော တရားခြောက်မျိုးတို့သည် ဉာဏ်နှင့် တစ်သဘောတည်းဖြစ်ကြသည်။ (ဝါ)ဉာဏ်ကဲ့သို့ သိစွမ်းနိုင်ကြသည်"ဟု ဖွင့်ဆိုထားပါသည်။[၁]

---

၁။ ပရမတ္ထဒီပနီမဟာဋီကာသစ်။ ၉၇၊ ၉၈။

**အနုဒီပနီ**။ ။ တစ်ဖန် ပရမတ္ထဒီပနီဋီကာ၏ အဖွင့်ဖြစ်သော အနုဒီပနီတွင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဤသို့ မိန့်ဆိုခဲ့သည်ကို တွေ့ရ ပြန်သည်။ "ဉာဏ်သည် အမှန်ကိုသိသလို မောဟသည် အမှားတွေကို သိသည်"ဆိုသည့်အဓိပ္ပာယ်မှာ အဋ္ဌကထာနည်းအရ ဆိုထားခြင်း ဖြစ်သည်။ ဓမ္မသင်္ဂဏီမူလဋီကာ၌မူ မိစ္ဆာဉာဏ်အရ မိစ္ဆာဝိတက်ကို ကောက်ယူထားသည်။ မှန်ပါသည်။ မိစ္ဆာဝိတက်ဆိုသည်မှာ မိစ္ဆာသင်္ကပ္ပပင်ဖြစ်၍ အမျိုးမျိုး ကြံနိုင်ဖန်နိုင် စွမ်းရှိသည့်အတွက် ဉာဏ်နှင့်အလားတူပေသည်။ မောဟကမူ စိတ်ကိုမှောင်ကျအောင် ပြုစွမ်းနိုင်၍ မည်သည့်အရာကိုမျှ ကြံနိုင်စွမ်း သိနိုင်စွမ်းမရှိပေ။ ထိုကြံရည်ဉာဏ်ရည်တုံးသော မောဟက ဘယ်နည်းဘယ်ပုံ ဉာဏ်သဘောသက်ရောက်နိုင်ပါမည်နည်း။ ဤကား မူလဋီကာဆရာကြီး၏ အလိုတည်းဟု ထပ်ဆင့်ဖွင့်ဆိုထားသည်။ [၁]

ပရမတ္ထဒီပနီဋီကာအသစ်အဖွင့်ကို သုံးသပ်ကြည့်လျှင် "ဉာဏ်သည် ကုသိုလ်နယ်ပယ်တွင် အမှန်တရားကိုသိသကဲ့သို့ မောဟသည် အကုသိုလ်နယ်ပယ်တွင် အမှားတွေကို သိနိုင်သည်ဟု"ဆိုလိုကြောင်း တွေ့ရပါသည်။ ဆရာတော်ဘုရားကြီး၏ ကိုးကားချက်များကို ထောက်ရှုပါက ဆရာတော်ကြီးသည် မူလဋီကာ၊ အနုဋီကာတို့၏ မိန့်ဆိုချက်များကို ဉပေက္ခာပြု၍ အဋ္ဌကထာအဖွင့်ကိုသာ အလေးအနက် အားကိုးပြုကာ ဖွင့်ဆိုထားသည်ဟု မြင်ပါသည်။ သို့ရာတွင် အနုဒီပနီအဖွင့်အရဆိုသော် မူလဋီကာဆရာကြီး၏ အယူအဆကို မပယ်မူ၍ လေးလေးစားစား သဘောထားကာ ဝါဒတစ်ခုအနေဖြင့် တင်ပြထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ပရမတ္ထဒီပနီဋီကာနှင့် အနုဒီပနီကျမ်းတို့၏ အဆိုများကို စုပေါင်း၍ မှတ်ချက်ထုတ်လျှင် အမှားသိမှုသည် အဋ္ဌကထာနည်းအရ မောဟ၊ ဋီကာနည်းအရ မိစ္ဆာသင်္ကပ္ပဖြစ်သည်ဟု ဆိုရပါမည်။ (မိစ္ဆာဉာဏ်နှင့် မောဟ အဓိပ္ပာယ်

၁။ အနုဒီပနီ။ ၈၉၊ ၉၀။

အဖွင့်တွင် အကျယ်ရှင်းပြပါမည်)။

**အခြား အဘိဓမ္မာပညာရှင်ကြီး။ ။** မြန်မာနိုင်ငံတွင် နေ့,လအသွင် **အချို့၏ အသုံးအနှုန်း** ထင်ရှားတော်မူကြသော အဘိဓမ္မာ ပညာရှင်ကြီးအချို့က ၎င်းတို့၏ကျမ်းများတွင် မောဟက အမှားတွေ ကို သိဘိသကဲ့သို့ ရေးသားထားသည်ကို တွေ့ရပါသည်။ ယင်း အရေးအသား အသုံးအနှုန်းတို့ကို သုတေသီပုဂ္ဂိုလ်တို့ လေ့လာနိုင်ရန် လက်လှမ်းမီသလောက် အောက်တွင်ဖော်ပြလိုက်ပါသည်။

(၁) ထိုမောဟသည် မကောင်းသောအရာဌာနနယ်ထဲသို့ ကျ ရောက်လျှင် ထက်ထက်မြက်မြက် စူးစူးရှရှ၊ လိမ်လိမ်မာ မာ၊ ကြံနိုင်ဖန်နိုင် အစွမ်းကောင်းလှ၏။ မကောင်းမှု ဟူသမျှကို နည်းပေးစီရင်သော ဉာဏ်သမားကြီးတစ်ဦး ဖြစ်၏။ ထို့ကြောင့် မောဟကို 'မိစ္ဆာဉာဏ'(မိစ္ဆာဉာဏ်) ဟူ၍ ဘုရားဟောတော်မူ၏။ [၁]

(၂) ဘဝင်ကျ၍ အိပ်ပျော်နေသလို မသိရုံသက်သက်လည်း မဟုတ်၊ ဉာဏ်သည် အမှန်ကိုသိသလို မောဟက အမှား တွေကိုသိလေသည်။ [၂]

(၃) အဝိဇ္ဇာက မသိဆိုတာလည်း သစ္စာလေးပါးတရားကို အမှန်အတိုင်း မသိဘူးဆိုရင် အလွဲအမှားကိုသိတော့တာပဲ။ ဒီအဝိဇ္ဇာကလည်း ဆင်းရဲတရားတွေကို အမှန်အတိုင်းမသိ ဘူးဆိုရာမှာ သူက မသိရုံတွင်မဟုတ်ဘူး။ ချမ်းသာတွေ့ လို့ အလွဲအမှားတွေကိုလည်း လျှောက်သိသွားတယ်။ [၃]

(၄) မောဟဆိုသောတရားသည် မကောင်းသော အကုသိုလ်အ ဖို့၌မူကား မကောင်းမှုဖြစ်သည်ထက်ဖြစ်စေရန် အလင်း ရောင်ကြီးကို ဖြစ်စေ၏။ [၄]

---

၁။ ပရမတ္ထသံခိပ်ဋီကာ၊ ပ။ ၁၂၈။ ၂။ သဂြိုဟ်ဘာသာဋီကာ။ ၁၁၈။

၃။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး။ ၃၂။ ၃၄။ ၄။ အဘိဓမ္မဂုဠတ္ထဒီပနီ၊ ပ။ ၃၀၂။

အထက်ပါကောက်နုတ်ချက်များကို ဖတ်ရှုလေ့လာကြည့်လျှင် မောဟက အမှားတွေကိုသိသယောင် ရေးသားသုံးနှုန်းထားကြသည်ကို တွေ့ရပါသည်။ ယင်းအသုံးအနှုန်းများသည် လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒသို့လိုက်၍ ရေးသားသော အဆိုအမိန့်များသော်လည်းကောင်း၊ စာရှုပရိသတ်နှင့် တရားနာပရိသတ်တို့ နားလည်လွယ်အောင် "အသမ္မောဓ"ပါဠိတော်ပုဒ်ကို အဋ္ဌကထာဆရာဖွင့်ဆိုသကဲ့သို့ ဥပစာနည်းအားဖြင့် တင်စားသုံးနှုန်းထားသည့် အဆိုအမိန့်များသော်လည်းကောင်း ဖြစ်မည်ဟု ယူဆရန်ရှိပါသည်။

**မိစ္ဆာဉာဏ်နှင့် မောဟ**။ ။ ဝိဘင်းပါဠိတော် ခုဒ္ဒကဝိဘင်း ဒသကနိဒ္ဒေသ၌ မိစ္ဆတ္တတရားဆယ်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူရာဝယ် မိစ္ဆာဉာဏပုဒ်လည်း ပါဝင်ခဲ့သည်။ ယင်းမိစ္ဆာဉာဏပုဒ်ကို အဋ္ဌကထာဆရာက မိစ္ဆာဉာဏ်ဟူသည် မူလအရင်းခံသောတရားအားဖြင့် မကောင်းမှုတို့ကိုပြုရာတွင် အကြောင်းဥပါယ်ကို ကြံစည်ခြင်း (ဥပါယစိန္တာ)၏ အစွမ်းအားဖြင့်လည်းကောင်း၊ မကောင်းမှုကိုပြုပြီးသည့်နောက်ပိုင်းတွင် "ငါဖန်တီးလိုက်သောအလုပ်သည် ကောင်းသောအလုပ်ဖြစ်သည်"ဟု ဆင်ခြင်သောအခြင်းအရာ (ပစ္စဝေက္ခဏာ)အားဖြင့်လည်းကောင်း၊ ဖြစ်သောမောဟစေတသိက်ပေတည်းဟု ဖွင့်ဆိုခဲ့သည်။ မူလပဏ္ဏာသ အဋ္ဌကထာနှင့် မဟာနိဒ္ဒေသ အဋ္ဌကထာများတွင်လည်း ယင်းအဖွင့်နှင့် တစ်ထပ်တည်းပင် ဖွင့်ဆိုထားပေသည်။[၁]

**မူလဋီကာဆရာ၏ စိစစ်ပြချက်**။ ။ ဤနေရာ၌ အဋ္ဌကထာဆရာ၏အဖွင့်ကို သဘာဝကျကျ အသေးစိတ် ဆန်းစစ်ကြည့်ရန်လိုပေသည်။ ဝိဘင်းမူလဋီကာတွင်

---

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၄၉၅။

အဆိုပါအဋ္ဌကထာအဖွင့်ကို ပရမတ်နည်းကျကျ ခွဲခြမ်းစိတ်ဖြာ၍ စိစစ်ပြထားသည်ကို တွေ့ရသည်။ ၎င်းကာဆရာ၏ ထိုစိစစ်သုံးသပ်ချက်များကို သိလွယ်သောနည်းဖြင့် တင်ပြပါမည်။

အဋ္ဌကထာအဖွင့်အရ ဉာဏ်မိစ္ဆာဆိုသည်မှာ မောဟစေတသိက်ပင်ဖြစ်သည်။ ထိုမိစ္ဆာဉာဏ်အမည်ရသော မောဟကို အဋ္ဌကထာဆရာက "မကောင်းမှုတွေကို လွန်ကျူးရာတွင် အကြောင်းဥပါယ်ကို ကြံစည်ခြင်း (ဝါ) ဉာဏ်နီဉာဏ်နက်ထုတ်ခြင်း (ဥပါယစိန္တာ)၏ အစွမ်းအားဖြင့်ဖြစ်သော မောဟ၊ မကောင်းမှုတွေကျူးလွန်ပြီးနောက် "ငါလုပ်ခဲ့သော လုပ်ငန်းသည် ကောင်းမွန်သင့်မြတ်သောလုပ်ငန်း၊ မှန်ကန်သောလုပ်ငန်းဖြစ်သည်ဟု ဆင်ခြင်သောအခြင်းအရာ (ပစ္စဝေက္ခဏာ)အားဖြင့်ဖြစ်သော မောဟ"ဟု နှစ်ပိုင်းခွဲခြားပြထားသည်။

ထိုတွင် ပထမပိုင်း၌ အကြောင်းဥပါယ်ကို ကြံစည်မှု (ဥပါယစိန္တာ)ဆိုသည်မှာ မကောင်းမှုအကုသိုလ်ဖြစ်ကြောင်း ပိုက်၊ ကွန်၊ ဓား၊ လှံ၊ သေနတ်...စသော လက်နက်ကိရိယာများကို ထုတ်လုပ်ရာ၌ လိမ္မာကျွမ်းကျင်မှု၊ ကြံစည်တတ်မှုမျိုးကား မောဟမဟုတ်ပါ။ ပညာကဲ့သို့ ထက်ထက်မြက်မြက် ကြံနိုင်ဖန်နိုင်သော မိစ္ဆာသက်ပွခေါ် အကုသိုလ်ဝိတက်စေတသိက်သာ ဖြစ်သည်။

ထို့အတူ ဒုတိယပိုင်းတွင် ငါ့လုပ်ငန်းသည် မှန်ကန်သောလုပ်ငန်းဖြစ်သည်ဟု ဆင်ခြင်ခြင်း(ပစ္စဝေက္ခဏာ)ဆိုသည်မှာလည်း (အခြေခံသဘောတရားအားဖြင့်) ကျူးလွန်ခဲ့ပြီးသည့် မကောင်းမှု၌ အပြစ်မရှိဟု မှတ်ထင်မှုသညာနှင့် အပြစ်မရှိဟု စဉ်းစားတွေးခေါ်တတ်သည့် အကုသိုလ်ဝိတက်တို့သာ ဖြစ်ပါသည်။ မောဟမဟုတ်ပါ။ ယင်းသို့ အထင်မှား အမြင်မှားအောင် သို့မဟုတ် ဖောက်ပြန်သော ရှုထောင့်က ရှုပြီး စဉ်းစားတွေးခေါ်အောင် အပြစ်ရှိသည့်သဘောကို ဖုံးအုပ်ထားမှု

မှောင်ချထားမှုကိုသာ မောဟဟုဆိုရသည်။ [၁]

အထက်ပါဋီကာစိစစ်ချက်များကို လေ့လာသုံးသပ်ကြည့်လျှင် မိစ္ဆာဉာဏ်ဟူသော နာမည်နှင့်အလုပ်မှာ မှားမှားယွင်းယွင်းသိခြင်း၊ ဖောက်ဖောက်ပြန်ပြန် ကြံစည်ခြင်းတို့သည် တရားကိုယ်အားဖြင့် **သညာ**စေတသိက်နှင့် အကုသိုလ်**စိတက်**စေတသိက်တို့သာဖြစ်သည်။ အမှားတွေကို ကြံစည်ရာ သိရာတို့၌ အပြစ်ကိုမမြင်နိုင်အောင် ဖုံးကွယ်ထားခြင်းသာ မောဟဖြစ်သည်။ သို့ဖြစ်စေကာမူ ဤနေရာ၌ ဥပစာသဘောအားဖြင့် တင်စား၍ မိစ္ဆာဉာဏ်ကို မောဟဟု အဋ္ဌကထာဆရာ ကောက်ယူသည်ဟု ဋီကာဆရာ ဆိုလိုရိပ်ရှိသည့်သဘောကို တွေ့ရသည်။ ထို့ပြင် သံယုတ်အဋ္ဌကထာ(မဂ္ဂသံယုတ်မိစ္ဆတ္တဝဂ် အဖွင့်)၌ မိစ္ဆာဉာဏ်အရ "တစ်စုံတစ်ခု မကောင်းမှုကိုပြုပြီးသောအခါ ငါပြုခဲ့သောအမှုကား ကောင်းလေစွ"ဟု ဆင်ခြင်သော အခြင်းအရာအားဖြင့်ဖြစ်သော အကုသိုလ်စိတ်ကို မုချတိုက်ရိုက်ကောက်ယူထားသည့်အရာလည်း ရှိပါသေးသည်။

**သေကြောင်းကြံစည်မှုနှင့် မိစ္ဆာဉာဏ်** ။ ။ ယင်းမိစ္ဆာဉာဏ်ကို အနာထပိဏ်သူဌေး၏ ကျွန်မသည် မိမိကိုသတ်တော့မည့် ခိုးသူယောက်ျားအား မသတ်မီရှေ့အဖို့၌ လှည့်ပတ်ဖြားယောင်းသောအရာမှာ ယူအပ်၏ဟု ပရမတ္ထသရုပ **အနုဝဏ္ဏနာကျမ်းသစ်** မောဟစေတသိက်အဖွင့်၌ ပြဆိုထားပါသည်။ ထိုဇာတ်လမ်းအကျဉ်းချုပ်မှာ တစ်နေ့တွင် အနာထပိဏ်သူဌေး၏ ကျွန်မသည် သူဌေးကတော်ကြီး၏ အဖိုးတစ်သိန်းတန်သည့် တန်ဆာကိုဝတ်ဆင်ကာ အဖော်ကျွန်မများနှင့်အတူ ဥယျာဉ်သို့ အပျော်ခရီးထွက်လာခဲ့သည်။ ခိုးသူကြီးတစ်ဦးသည် အဖိုးတန်ရတနာ

---

၁။ ဝိဘင်္ဂမူလဋီကာ။ ၂၂၉။

ဝတ်ဆင်လာခဲ့သော ထိုကျွန်မကို အမှတ်မထင် တွေ့မြင်လိုက်သော အခါ အဖိုးတန်ရတနာကို မျက်စိကျသွားလေသည်။ အဖိုးတန်ရတနာ၌ တပ်မက်မောသော လောဘ၏လှုံ့ဆော်မှုကြောင့် ခိုးသူကြီးသည် ကျွန်မအား ချစ်ကြိုက်ဟန်ဖြင့် အစားအသောက်များဖြင့် လာဘ်ထိုးကာ အယုံသွင်းပါတော့သည်။ တစ်ခဏအတွင်းပင် ကျွန်မလည်း "ငါ့ကိုချစ်လို့ပေးတာဖြစ်မှာပဲ"လို့ ခိုးသူအပေါ် ယုံကြည်သွားခဲ့ရာ ကျွန်မခမျာမှာ ခိုးသူကြီးထောင်လိုက်သည့် ကျော့ကွင်းထဲသို့ တည့်တည့်ကြီးဝင်တိုးမိတော့သည်။

သို့နှင့် ညနေချမ်းအချိန်ဝယ် အဖော်ကျွန်မများ မောလို့အိပ်နေခိုက် ကျွန်မသည် ခိုးသူကြီးနှင့် တစ်ယောက်ချင်း ခြံကွယ်၌ ချိန်းတွေ့လေသည်။ နောက်ဆုံးတွင် ခိုးသူကြီး၏ အခြေအနေမဟန်ပုံများကို အကဲခတ်မိရာ "ငါ့ကို တကယ်ကြိုက်တာမဟုတ်ဘူး၊ ငါ့ကိုသတ်ပြီး ပစ္စည်းယူချင်တာပဲဖြစ်မည်"လို့ ရိပ်မိသွားသည်။ သို့ဖြစ်၍ မိမိအသက်လွတ်မြောက်ရေးအတွက် သူသတ်သမား ခိုးသူယောကျ်ားအား ဥပါယ်တံမျဉ်ဖြင့် လှည့်ပတ်ဖြားယောင်းကာ ရေတွင်းထဲသို့ တွန်းချသတ်ခဲ့ပေသည်။ [၁]

ဆင်တဲဆရာတော်ဘုရားကြီးသည် (လှည့်ပတ်ဖြားယောင်း၍ သတ်ရာ ပညာဆိုထိုက်,မဆိုထိုက် အဆုံးအဖြတ်နှင့်စပ်၍) ထိုဝတ္ထုကိုပင် ထုတ်ဆောင်ကာ ဤသို့ အဆုံးအဖြတ်တစ်ခုချခဲ့ပါသည်။ အနာထပိဏ်သူဌေးကြီး၏ ကျွန်မက ခိုးသူယောကျ်ားကို မသတ်မိရှေ့အဖို့၌ လှည့်ပတ်ဖြားယောင်းသည့်အရာမှာလည်း ပညာနှင့်အလားတူ၏။ ထိုသို့တူသော်လည်း ပညာမဟုတ်။ မိစ္ဆာဉာဏ်လို့ယူရမည်။ မိစ္ဆာဉာဏ်သည်ကား မောဟတည်းဟု ဆုံးဖြတ်ခဲ့သည်။ [၂]

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် အင်္ဂုကထာ။ ၄၁၉။ ၂။ အဘိဓမ္မာသမုဟာဝိနိစ္ဆယကျမ်း၊ ပ။ ၁၃၄။

မှန်ပါသည်။ ဆရာတော်ဘုရားကြီးများသည် "မကောင်းမှုပြုရာ တို့၌ အကြောင်းဥပါယ်ကို ကြံစည်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော မောဟသည် မိစ္ဆာဉာဏ်မည်၏"ဟူသော ဝိဘင်းအဋ္ဌကထာအတိုင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအဆုံးအဖြတ်ကို ဝိဘင်းမူလဋီကာဖွင့် ဆိုချက်နှင့်တွဲဖက်၍ စိတ်ဖြာရှင်းပြပါဦးမည်။ အထက်ပါဓာတ်လမ်း တွင် ကျွန်မသည် မိမိကိုသတ်မည်ဟု ပြင်ဆင်နေသော (ဝါ) အကြံ ယူနေသော ဉာဏ်သမားအား မိမိက လက်ချက်ဦးအောင် ရေးဦးစွာ ဉာဏ်နီဉာဏ်နက်များကို ကြံစည်အားထုတ်ရပါသည်။ ယင်းသို့ ကြံစည်နေခိုက် ကျွန်မသန္တာန်၌ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ကုသိုလ်စိတ်အစဉ်မျိုးဖြစ်နိုင်ဖို့ မလွယ်ကူလှပါ။ ယေဘုယျအားဖြင့် ဒေါသဘက်သို့ ဦးတည်လှည့်နေသော အကုသိုလ်စိတ် အစဉ်မျိုးသာ ဖြစ်ရန်ရှိပါသည်။ အကြံသမားကို မိမိက လက်ဦးနိုင်ရေးအတွက် ဥပါယ်တံမျဉ်ကြံစည်မှု (ဝါ) ဉာဏ်နီဉာဏ်နက်ထုတ်မှုမျိုးကို မူလ ဋီကာဆရာက ဥပါယစိန္တာ(ရန်အောင်ကြောင်းနည်းလမ်းကိုကြံစည်မှု) ဟု ဆိုပါသည်။ ထိုဥပါယစိန္တာကား (မိစ္ဆာဉာဏ်နှင့် မောဟခန်းတွင်) ရှင်းပြခဲ့သည့်အတိုင်း ပညာကဲ့သို့ ထက်မြက်စွာ ကြံနိုင်ဖန်နိုင်သည့် အကုသိုလ်ဝိတက်စေတသိက်ဖြစ်ပါသည်။ ဥပါယ်တံမျဉ်ကြံစည်ရာ တွင် အပြစ်ရှိသည့်သဘောမှန်ကို မမြင်အောင် မသိအောင် ဖုံးကွယ် ထားမှုသဘောကိုသာ မိစ္ဆာဉာဏ် (သို့မဟုတ်) မောဟဟုဆိုရသည်။ ဤသို့ သေကြောင်းကြံစည်ရာ၌ မောဟစေတသိက်၏ အခန်းတစ် ခန်းက ပါဝင်ဆောင်ရွက်ပုံကိုလည်း သိသင့်သိထိုက်ပေသည်။ (ဤ ကား ခဲရာခဲဆစ်အရာဖြစ်သည်။ အကျယ်ကို ပညိန္ဒြေစေတသိက် အဖွင့်တွင်ရှုပါ)

**လက်နက်တီထွင်ဉာဏ်နှင့်မောဟ**။ ။ ထို့ပြင် မကောင်းမှုအကုသိုလ် တရားများ ဖြစ်ပွားကြောင်း

ဖြစ်ကုန်သော ပိုက်၊ ကွန်၊ ဓား၊ လှံ၊ သေနတ်၊ အမြောက်၊ ဗုံး၊ အဆိပ်ငွေ့...စသည့် လက်နက်ကိရိယာများကို တီထွင်ထုတ်လုပ်ရာ၌ဖြစ်စေ၊ ကိုင်တွယ်အသုံးချရာ၌ဖြစ်စေ...သိမြင်နားလည်မှု၊ လိမ္မာကျွမ်းကျင်မှုမျိုးကိုလည်း ဥပါယစိန္တာဟု ခေါ်ပါသေးသည်။ ယင်းဥပါယစိန္တာ၌ အများသဘောကိုမမြင်ရအောင် ဖုံးကွယ်ထားခြင်းသဘောသည် မောဟ(ခေါ်)မိစ္ဆာဉာဏ်ပင်ဖြစ်သည်။ [၁]

ချဲ့ဦးအံ့...။ ယနေ့ကမ္ဘာကိုကြည့်လျှင် သိပ္ပံပညာသည် တစ်နေ့တခြား အရှိန်အဟုန်ပြင်းစွာ တိုးတက်နေသည်ကို တွေ့ရ၏။ ထိုပညာသည် အကောင်းဘက်သို့ ကျေးဇူးပြုရာတွင် ပြိုင်ဘက်ကင်းသကဲ့သို့ အဆိုးဘက်ကို အထောက်အကူပြုရာတွင်လည်း သရဖူဆောင်းနေပါသည်။ သိပ္ပံပညာ၏စွမ်းအင်ကြောင့် သတ္တဝါများရောဂါဖြင့် သေဆုံးပျက်စီးသည့်နှုန်းမှာ သိသိသာသာ လျော့ပါးသွားသည့်နည်းတူ လက်နက်များကြောင့်သေနှုန်းမှာ ကြောက်ခမန်းလိလိတိုးတက်လာသေသည်။ စက္ကန့်ပိုင်းအတွင်းတွင် သတ္တဝါပေါင်း ထောင်သောင်းများစွာကို သေစေနိုင်သော ညူကလီယားဗုံး(ခေါ်) အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး...စသော လက်နက်များကိုပင် လုပ်နိုင်သည့်အဆင့်အထိ တိုးတက်လာသည်ကို တွေ့ရသည်။ ယင်းသို့တိုးတက်နေသော လူသတ်လက်နက်ကိရိယာများကို ကြံစည်တီထွင်ရာ၌ ကမ္ဘာ့သိပ္ပံပညာရှင်ကြီးများသန္တာန်ဝယ် အပြစ်ကင်းသော ကုသိုလ်စိတ်မျိုးဖြစ်နိုင်ဖို့ ခဲယဉ်းလှပါသည်။ (ကမ္ဘာသူ့,ကမ္ဘာသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးပစ်ရာတွင် မည်သည့်လက်နက်မျိုးတီထွင်က ပိုမိုထိရောက်စွာ ဖျက်ဆီးပစ်နိုင်မည်ဟု အကြံထုတ်နေရသောသူတို့၏ဘဝကို စဉ်းစားကြည့်ပါ) ကုသိုလ်စိတ်မဖြစ်လျှင် သူတို့တီထွင်ထုတ်လုပ်နိုင်သည့်

၁။ ဝိဘင်္ဂမူလဋီကာ၊ ၂၂၉၊ ဗုဒ္ဓအဘိဓမ္မာ ၁၃-ပ-မ-သ-စ

ဉာဏ်သည် ဉာဏ်ပညာစစ်စစ်မဟုတ်နိုင်ပါ။ အထက်တွင်ရှင်းပြခဲ့သည့်အတိုင်း မောဟ(ခေါ်) မိစ္ဆာဉာဏ်မျိုးဖြစ်ပါသည်။ ယင်းသဘောကို ရည်ညွှန်း၍ အဘိဓမ္မတ္ထဂုဠတ္ထကျမ်းဆရာက "အကုသိုလ်မှာ လိမ္မာတတ်မှု၊ အမြဲရှု၊ ခေါ်ပြုမိစ္ဆာဉာဏ်"ဟု မိန့်ဆိုခဲ့ပါသည်။

သို့ရာတွင် တစ်ခါတစ်ရံ မိမိနိုင်ငံသူနိုင်ငံသားများအပေါ်ဝယ် သနားကြင်နာမှု၊ မေတ္တာကရုဏာတရားများကို ရှေ့တန်းတင်လျက် ဆောင်ရန်ကာကွယ်ကြောင်း ကိရိယာများကို ကြံစည်ခိုက်မှာမူ ကုသိုလ်လည်းဖြစ် ပညာစစ်လည်း ဖြစ်ခွင့်ရှိပေသည်။ ထိုနည်းတူစွာ အကောင်းဘက်တွင် သတ္တဝါများ ချမ်းသာရေးအတွက် ယာဉ်အမျိုးမျိုး၊ ဆေးဝါးအမျိုးမျိုး၊ လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုး... စသည်များကို ကြံစည်တီထွင်ခိုက်တွင်လည်း ဉာဏ်ပညာစစ်စစ်ဦးစီးသော ကုသိုလ်စိတ်များ ဖြစ်နိုင်ပါသည်။[၁]

**တိတ္ထိဆရာကြီးများကို ကြည်ညိုမှုနှင့် မောဟ**။ ။ လောကတွင်လူမျိုးများစွာရှိသည့်အလျောက် ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုများမှာလည်း အမျိုးမျိုးအစားစားရှိကြသည်။ ဗုဒ္ဓဘာသာဝင်များက ဂေါတမဗုဒ္ဓနှင့် ဗုဒ္ဓ၏တရား၊ သံဃာတို့ကို ရတနာသုံးပါးဟု နာမည်တပ်ကာ ယုံကြည်ကိုးကွယ်ကြသကဲ့သို့ ခရစ်ယာန်ဘာသာဝင်များက သခင်ယေရှုကိုလည်းကောင်း၊ မဟာမေဒင်ဘာသာဝင်များက ခိုဒါအရှင်မြတ်ကိုလည်းကောင်း၊ ဟိန္ဒူဘာသာဝင်များက ဗိဿနိုး(မဟာပိန္နဲ) နတ်...စသည်တို့ကိုလည်းကောင်း အသီးသီး ယုံကြည်ကိုးကွယ်ကြသည်။ ဗုဒ္ဓလက်ထက်တော်အခါကလည်း ပူရဏကဿပ၊ မက္ခလိဂေါသာလ...စသည့် ထင်ရှားသော တိတ္ထိဆရာကြီးခြောက်ဦးတို့ကို

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၃၉၃။

ကိုးကွယ်ကြည်ညိုနေသူ တပည့်သာဝက မိစ္ဆာဒိဋ္ဌိများ ထောင်သောင်း များစွာရှိခဲ့သည်။

ဗုဒ္ဓတရားတော်တွင် သဒ္ဓါစေတသိက်နှင့်ပတ်သက်၍ ရတနာသုံးပါး ကံ,ကံ၏အကျိုးဟူသော သဒ္ဒေယျဝတ္ထု (ယုံကြည်ထိုက်သော အရာ)များကို ယုံကြည်မှသာ သဒ္ဓါဖြစ်သည်ဟု အဋ္ဌကထာဋီကာတို့၌ ပြဆိုထားသည်။ ထို့ကြောင့် မိစ္ဆာအယူရှိသူများက သူတို့၏ တိတ္ထိဆရာများ (သို့မဟုတ်) တိတ္ထိဘုရားများကို ကြည်ညိုခြင်းသည် သဒ္ဓါစေတသိက်စစ်စစ် မဖြစ်နိုင်သည်မှာ ထင်ရှားပါသည်။ သဒ္ဓါ မဖြစ်ခဲ့သော် မည်သည့်သဘောတရားဖြစ်သနည်း။ သည်မေးခွန်းကို အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသကိုယ်တိုင် ဤသို့ဖြေရှင်းချက်ပေးခဲ့သည်။ "မိစ္ဆာအယူရှိသူတို့၏ တိတ္ထိဆရာကြီးများကို ယုံကြည်မှုဆိုသည်မှာ ထိုဆရာကြီးများ၏ ဟောပြောသွန်သင်ချက်များကို ခံယူခြင်းသာဖြစ်သည်။ ယင်းခံယူခြင်းသည်ပင် ယုံကြည်မှုနှင့် တစ်သဘောတည်းဖြစ်သည်။ တရားကိုယ်မှာ စုံစမ်းဆင်ခြင်မှုကင်းသော မောဟစေတသိက်သော်လည်းကောင်း၊ ဒိဋ္ဌိစေတသိက်သော်လည်းကောင်း လျော်ရာတစ်ပါးပါးဖြစ်သည်"ဟု အဖြေပေးခဲ့သည်။[၁]

သို့သော် မူလဋီကာဆရာက တိတ္ထိဆရာကြီးတို့ကို ယုံကြည်မှုသည် စုံစမ်းဆင်ခြင်မှုမရှိသော မောဟ၏အစွမ်းအားဖြင့်လည်းကောင်း၊ ဒိဋ္ဌိ၏အစွမ်းအားဖြင့်လည်းကောင်း၊ မယုံကြည်သင့်သော ဝတ္ထုတို့၏ တပ်နှစ်သက်ခြင်းတဏှာနှင့်တကွဖြစ်သော "ဟုတ်ပါပေသည်၊ မှန်ပါပေသည်"ဟု ဆုံးဖြတ်ခြင်း အဓိမောက္ခဖြစ်၏ဟူ၍ လည်းကောင်း၊ မယုံကြည်ထိုက်သော အသဒ္ဒေယျဝတ္ထုတို့၌ ယုံကြည်ခြင်းအကုသိုလ်သည် အသဒ္ဓိယဖြစ်သည့် (ဝါ) မိစ္ဆာဓိမောက္ခ စေတသိက်

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၂။

ဖြစ်သည်ဟူ၍လည်းကောင်း မိန့်ဆိုပေသည်။ လိုရင်းအချုပ်မှာ မယုံကြည်ထိုက် မကြည်ညိုထိုက်သော တိတ္ထိဆရာကြီးအချို့ကို ယုံကြည်မှု၊ ကြည်ညိုမှုမျိုးမှာ တရားကိုယ်အားဖြင့် မိစ္ဆာဓိမောက္ခစေတသိက်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ [၁]

ပရမတ္ထဒီပနီဋီကာသစ်၌လည်း "တိတ္ထိဆရာကြီးတို့၌ဖြစ်စေ၊ သူတို့၏ ဟောပြောသွန်သင်ချက်များ၌ဖြစ်စေ ယုံကြည်သက်ဝင်မှုသည် ပဋိရူပကသဒ္ဓါဆိုသည့် သဒ္ဓါတု သဒ္ဓါယောင်မျိုးသာဖြစ်သည်။ တရားကိုယ်မှာ မိစ္ဆာဓိမောက္ခစေတသိက်သာတည်း"ဟု လယ်တီဆရာတော်ဘုရား မိန့်ကြားခဲ့သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာတို့၌လည်း ယင်းယုံကြည်မှုမျိုးသည် ဉာဏ်ပညာဖြင့် သက်ဝင်၍ယုံကြည်သော အဝေစ္စပသန္နသဒ္ဓါမျိုးမဟုတ်။ မိုက်မဲသော (ဝါ) အချည်းနှီးသော ယုံကြည်မှုခေါ်သည့် မုဒ္ဓပသန္နသဒ္ဓါမျိုးသာဖြစ်သည်ဟု မိန့်ဆိုကြသည်။ ထိုမုဒ္ဓပသန္နသဒ္ဓါမှာ တရားကိုယ်အားဖြင့် မောဟစေတသိက်ဖြစ်သည်ဟု အဘိဓမ္မတ္ထဒီပကကျမ်းဆရာကဆိုသည်။ [၂]

**အဋ္ဌကထာနှင့်ဋီကာ ဝါဒညှိနှိုင်းချက်** ။ ။ မိစ္ဆာအယူရှိသူတို့က တိတ္ထိကြီးများကို ယုံကြည်မှုဖြစ်သော မုဒ္ဓပသန္နသဒ္ဓါ၊ ပဋိရူပကသဒ္ဓါမျိုးသည် မောဟစေတသိက် (သို့မဟုတ်) ဒိဋ္ဌိစေတသိက်ဖြစ်သည်ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုသည်။ မူလဋီကာဆရာ စသော ဋီကာဆရာများကမူ မှားသောအားဖြင့် ဆုံးဖြတ်ခြင်းသဘောရှိသည့် မိစ္ဆာဓိမောက္ခစေတသိက်ဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ ဤအဆိုအမိန့်နှစ်ခုကိုကြည့်လျှင် ဝါဒနှစ်ပါး ကွဲပြားနေသကဲ့သို့ ထင်မှတ်စရာရှိသည်။ စင်စစ်သော်ကား ဝါဒနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ဖွင့်ဆိုနည်းအားဖြင့်သာ ခြားနားကြ၍

---

၁။ ဓမ္မသင်္ဂဏီမူလဋီကာ။ ၈၉၊ ၁၂၀။ ၂။ ပရမတ္ထဒီပနီမဟာဋီကာသစ်။ ၁၀၄။

အဓိပ္ပာယ်အားဖြင့် မကွဲမပြား တစ်သားတည်းပင်ဖြစ်ကြသည်။ မှန်ပါသည်။ အဋ္ဌကထာဆရာက ထိုအဖွင့်ကို ဝဏ်ဝုတ္တိ၊ နေယျတ္ထ၊ ဥပစာရတ္ထ ဖွင့်နည်းအားဖြင့် ဖွင့်ဆို၍ မောဟစေတသိက်ကို တင်စားကောက်ပြခဲ့သည်။ ဋီကာဆရာက ဥဇုကဝုတ္တိ၊ နီတတ္ထ၊ မုချတ္ထ ဖွင့်နည်းအရ တိုက်ရိုက်ကောက်ယူနည်းဖြင့် မိစ္ဆာဓိမောက္ခစေတသိက်ကို ကောက်ယူဖွင့်ပြသည်။ ထိုအချက်သည် မူလဋီကာဆရာ၏အဖွင့်တွင် အရိပ်ထွက်လျက်ရှိသည်။ ဋီကာအဖွင့်တွင် "မောဟ၏အစွမ်းအားဖြင့်လည်းကောင်း (မောဟဝသေနဝါ) ဒိဋ္ဌိ၏အစွမ်းအားဖြင့်လည်းကောင်း (ဒိဋ္ဌိဝသေနဝါ)ဟု ဖွင့်ဆိုရာ "ဝသေနဘာဝ၊ နှစ်ပါးပြမူ၊ ဝက်–ဥဇု၊ ဆိုမြဲရှု"ဟူသော နိယံအတိုင်း ဤအရာတွင် မောဟနှင့်ဒိဋ္ဌိကို ဥပစာအားဖြင့် ကောက်ယူ၍ မိစ္ဆာဓိမောက္ခကို မုချကောက်ယူရမည်မှာ ထင်ရှားပါသည်။

"တိတ္ထိဆရာကြီးများ၏ ဟောပြောချက်များသည် ဟုတ်သည်၊ မှန်သည်ဟု မှားမှားယွင်းယွင်း ဆုံးဖြတ်ခြင်းသဘောရှိသော မိစ္ဆာဓိမောက္ခစေတသိက်ဖြစ်စေရန် မောဟက အာရုံ၏အမှန်သဘာဝကို ကာကွယ်ထားသည်။ ထို့ကြောင့် မောဟကအကြောင်းတရား၊ မိစ္ဆာဓိမောက္ခစေတသိက်က အကျိုးတရားဖြစ်သည်။ အဋ္ဌကထာဆရာက ဖလူပစာနည်းဖြင့် အကြောင်းမောဟစေတသိက်ကို ကောက်ယူဖွင့်ဆို၍ ဋီကာဆရာက တိုက်ရိုက်မုချနည်းအားဖြင့် အကျိုးအဓိမောက္ခစေတသိက်ကို ကောက်ယူသည်။ အဋ္ဌကထာနှင့် ဋီကာတို့အရကောက် ထူးခြားကြသော်လည်း ဖွင့်နည်းကွဲပြားသည့်အတွက် ခြားနားကြခြင်းသာဖြစ်၍ အဓိပ္ပာယ်အားဖြင့် အတူတူသာဖြစ်ပါသည်။ ထို့ကြောင့် တိတ္ထိဆရာကြီးများကို ယုံကြည်မှုအရ မောဟ (သို့မဟုတ်) ဒိဋ္ဌိကိုသော်လည်းကောင်း၊ မိစ္ဆာဓိမောက္ခစေတသိက်ကိုသော်လည်းကောင်း ကောက်ယူနိုင်ပါသည်။

## ၃။ မောဟစေတသိက်၏ ပစ္စုပဋ္ဌာန်(၂)မျိုး

(က) မောဟစေတသိက်အား ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်သော သဘောတရားမျိုးဟု ယူဆအပ်သော အခြင်းအရာရှိသည်။ (အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာန်)

(ခ) တစ်နည်းအားဖြင့် မောဟစေတသိက်သည် ပညာမျက်စိကို ကန်းအောင်ပြုတတ်သော အမှောင်တရားမျိုးဟု ယောဂီပုဂ္ဂိုလ်တို့ဉာဏ်တွင် ရှေးရှုထင်လာသော အခြင်းအရာရှိသည်။ (အန္ဓကာရပစ္စုပဋ္ဌာန်)။ [၁]

### (က) ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်သောသဘောတရားမျိုး

ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းသည် ပစ္စုပဋ္ဌာန်(၂)မျိုးအနက် အကျိုးပစ္စုပဋ္ဌာန်ဖြစ်သည်။ ယင်းအကျိုးကား ရသခန်းတွင်ပြဆိုခဲ့ပြီးသော အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းဆိုသည့် ကိစ္စရသ၏ အကျိုးပင်တည်း။ ဆိုလိုသည်မှာ မောဟစေတသိက်က အာရုံ၏ အမှန်သဘောတွေကို ဖုံးကွယ်ထားသည့်အတွက်ကြောင့် မှန်ကန်စွာ မကျင့်နိုင်မကြံနိုင်ခြင်းဖြစ်ရသည်ဟု ဆိုလိုပါသည်။ အမှန်အားဖြင့် ရသပိုင်းတွင် မောဟသဘောကို အကြောင်းကိစ္စအနေဖြင့် ပြဆိုခဲ့ပြီးဖြစ်ရာ ယခုတစ်ဖန် အကျိုးတရားဘက်ကနေပြီး အကြောင်းမောဟ၏သဘောကို တစ်မျိုးသုံးသပ်ပြခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုသော် မောဟဖုံးကွယ်မှုကြောင့် သည်လိုအကျိုးတရားမျိုးဖြစ်လာရသည်။ ထိုဖြစ်လာသည့် အကျိုးတရားတွေကိုကြည့်ပြီး မောဟကား ဤသို့သဘောရှိသည့် တရားမျိုးဖြစ်သည်ဟု အကျိုးတရားဘက်က

---

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၂၉၁။ မွေသာ်ဏီမူလဋီကာ။ ၂၂၉။

ရပ်တည်ကာ မောဟကို(အကြောင်းတရားအနေဖြင့်) တွေ့မြင်ရပုံ ပင်ဖြစ်သည်။

**ကောင်းမွန်ဖြောင့်မှန်စွာမကျင့်နိုင်ပုံ။** ။ လောကသားတို့၏ ရုပ်နာမ်

နှစ်ပါး ခန္ဓာငါးပါးအစုသည်

အမှန်စင်စစ် ဒုက္ခတုံး ဒုက္ခခဲကြီးများသာဖြစ်သည်။ သို့သော် မောဟ မကင်းသေးသော ပုထုဇဉ်ပုဂ္ဂိုလ် စသည်တို့သည် သူတို့၏စိတ်အစဉ် ဝယ် မောဟမှောင်ကြီးက တိမ်တောင်တိမ်လိပ်ကြီးပမာ ကျရောက်နေ သောကြောင့် သည်ခန္ဓာကြီးကို ဒုက္ခတုံး ဒုက္ခခဲကြီးဟု မသိနိုင်ချေ။ ထို့ပြင် လူ့ခန္ဓာ လူ့စည်းစိမ်၊ နတ်ခန္ဓာ နတ်စည်းစိမ် စသည်တို့၌ မီးတစ်ဆယ့်တစ်ပါး မရပ်မနားလောင်မြိုက် ရှိန်ရှိန်အိုက်၍နေသည် ကိုလည်း မမြင်နိုင်ရှာကြပေ။ ထိုချမ်းသာတု ချမ်းသာယောင်တွေကို တံလျှပ်ကိုရေထင်သည့် သမင်မိုက်ပမာ တကယ့်ချမ်းသာစရာ အသွင် ဖြင့်သာ ဖောက်လွဲဖောက်ပြန် အမြင်မှားအထင်မှားဖြစ်နေကြသည်။ ထို့ကြောင့် သူတို့သန္တာန်ဝယ် ဘဝမြှုသိုက် ရှိန်ရှိန်အိုက်သား၊ အမှိုက် မီးစာ၊ ဤခန္ဓာကို၊ တွယ်တာခင်မင်သော တဏှာဥပါဒါန်တရားတို့ နေ့စဉ်ပွားများတော့သည်။ ယင်း လိုချင်တွယ်တာမှုတဏှာ၊ မရမနေ စွဲလမ်းမှု ဥပါဒါန်တို့၏ တွန်းအား ကန်အားကြောင့် လက်ရှိခန္ဓာ၏ ကောင်းကျိုးအတွက် "မျက်စိကန်း တစ္ဆေမကြောက်"ဆိုသကဲ့သို့ မှဆိုးအလုပ် တံငါအလုပ် စသည့် မကောင်းမှုမျိုးစုံတို့ကို ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ပြုလုပ်နေကြပေတော့သည်။

ဆက်ဦးအံ့…အကယ်၍ သူများအသက်ကိုသတ်ခဲ့သော် သတ်သူ သည် ယခုဘဝ၌ သူများ၏အကဲ့ရဲ့ကိုခံရခြင်း၊ ရာဇဝတ်ပြစ်ဒဏ် ခံရခြင်း၊ နောက်နောက်သောဘဝများဝယ် အပါယ်သို့ကျရောက်ခြင်း၊ လူပြန်ဖြစ်သော်လည်း ခြေလက်အင်္ဂါချို့တဲ့ခြင်း၊ ကိုယ်အရေအဆင်း စိုစိုပြေပြေမရှိခြင်း…စသည့်အပြစ်တွေကိုခံစားရပါသည်။ ထို့အတူ

သူ့ပစ္စည်းကိုခိုးယူမှု၊ ကာမဂုဏ်ကိုလိုက်စားမှု...စသော ဒုစရိုက်များ မှာလည်း ယခုဘဝ နောက်ဘဝ နှစ်မျိုးလုံး၌ ဆိုးကျိုးတွေ အနန္တ ပင်ဖြစ်သည်။ သို့သော် မောဟဖုံးလွှမ်းလိုက်သည့်အခါ ယင်းအပြစ် များကို မမြင်နိုင် မကြောက်နိုင်တော့ဘဲ "သေချင်နေသူ အဆိပ် သောက်ရမှာ မကြောက်"သကဲ့သို့ ညှဉ်းဆဲသတ်ဖြတ်ခြင်း စသော ဒေါသမှုများကိုလည်းကောင်း၊ ဘာမျှမသိနားမလည်သေးသော ကလေးသည် မစင်တွေကို ပျော်ရွှင်စွာကိုင်ကစားသကဲ့သို့ ကာမဂုဏ် ချမ်းသာမှီဝဲခြင်း စသော လောဘမှုများကိုလည်းကောင်း အားပါးတရ ပြုပါလေတော့သည်။ ယင်းသို့ပြုကြရာတွင် အချို့မှာ ထူပိန်းသော အဝိဇ္ဇာ၏ဖုံးကွယ်မှုကြောင့် အပြစ်ကို လုံးလုံးမသိဘဲပြုမိ၏။ အချို့မှာ မူ ပင်ကိုက အပြစ်ကိုသိသော်လည်း လောဘ၊ ဒေါသဖြစ်လာသည့် အခါ တွဲလျက်ပါလာသော မောဟက ရက်တရက် ဖုံးလွှမ်းလိုက်သော ကြောင့် လောလောဆယ်တွင် အပြစ်ကိုမမြင်နိုင်တော့ဘဲ ပြုမိကြ လေသည်။ [၁]

ဤသို့လျှင် မောဟမကင်းသော သတ္တဝါတို့၏စိတ်အစဉ်တွင် မောဟဝင်ရောက်လာခဲ့သော် ထိုသတ္တဝါတို့မှာ ကောင်းမွန်ဖြောင့်မှန် စွာ မကျင့်နိုင်ရာဘဲ မှားမှားယွင်းယွင်း ဒုစရိုက်မှုခင်းများကို ကျူး လွန်မိကြတော့သည်။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓကိုယ်တိုင် အင်္ဂုတ္တိုရ် ပါဠိတော် တိကနိပါတ်ကေသမုတ္တိ(ကာလာမ)သုတ်တွင် ကာလာမ မင်းတို့အား ဤသို့ဟောခဲ့ပါသည်...

> "ကာလာမမင်းတို့...ထိုအရာကို အဘယ်သို့ မှတ်ထင် ကုန်သနည်း၊ တွေဝေခြင်းမောဟသည် သတ္တဝါ၏အတွင်း အဇ္ဈတ္တသန္တာန်၌ဖြစ်သော အစီးအပွားရှိခြင်းငှာဖြစ်သလော

---

၁။ အဘိ၊ ဋ္ဌ။ ၂၊ ၁၃၈။

(သို့မဟုတ်) အစီးအပွားမဲ့ခြင်းငှာဖြစ်သလောဟု (မိန့်တော်မူ၏) အစီးအပွားမဲ့ခြင်းငှာဖြစ်ပါသည် အရှင်ဘုရား။ ကာလာမမင်းတို့ တွေဝေသောပုဂ္ဂိုလ်သည် တွေဝေခြင်း မောဟနှိပ်စက်အပ် သိမ်းယူအပ်သောစိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်းသတ်၏၊ မပေးသည်ကိုလည်း ခိုးယူ၏၊ သူ့မယားကိုလည်းသွားလာ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏။ သူတစ်ပါးကိုလည်း ထို အတိုင်းပြုရန် ဆောက်တည်စေ၏။ ယင်း သူတစ်ပါး အသက်သတ်ခြင်း သတ်စေခြင်း စသည်တို့သည် ထိုသူ အား ကြာမြင့်စွာသောကာလပတ်လုံး အစီးအပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်နိုင်သည်မဟုတ်လောဟု မိန့်တော်မူ၏။ ဖြစ်နိုင်ပါသည်အရှင်ဘုရား။ [၁]

**လောကီကုသိုလ်မှုများလည်း မဖြောင့်မှန်သောအကျင့်ပင်** ။ ။ ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်ခြင်းဟူသည် ဆိုးဝါးယုတ်မာသော အကုသိုလ်များကို ပြုကျင့်ခြင်းမျိုးသာမဟုတ်ပေ။ လူ၊ နတ်၊ ဗြဟ္မာတို့၏ စည်းစိမ်တို့ကို မျှော်လင့်တောင့်တ၍ လောကီကုသိုလ်များကို အားထုတ်ခြင်းသည်လည်း ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်မှုလမ်းစဉ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအားထုတ်မှုများသည် မဂ်ကုသိုလ်ကဲ့သို့ ဘဝသံသရာမှ တိုက်ရိုက်လွတ်မြောက်ကြောင်းမဟုတ်သောကြောင့် လည်းကောင်း၊ ထိုအားထုတ်မှုကြောင့် ဖြစ်ပေါ်လာသည့် လူ၊ နတ်၊ ဗြဟ္မာတို့၏ စည်းစိမ်မှာလည်း ကိုယ်စိတ်နှစ်ဖြာ လွန်စွာပင်ပန်းဆင်းရဲမှု(ဒုက္ခ...ဒုက္ခ)၊ ထူထောင်ဖန်တီးရမှု၊ စောင့်ရှောက်ရမှု(သင်္ခါရ

---

၁။ အံ၊ ၁၊ မြန်မာပြန်။ ၂၀၇။

ဒုက္ခ)၊ နောက်ဆုံးတွင် ပျက်စီးဆုံးရှုံးရမှု(ဝိပရိဏာမဒုက္ခ)တွေနှင့် ပြည့်နှက်နေသောကြောင့်လည်းကောင်း ဖြစ်ပေသည်။

ချဲ့ဦးအံ့...ရုပ်နာမ်ခန္ဓာရှိနေသူမှန်သမျှသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုသည့် အစဉ်အလာ ရိုးရာဒုက္ခကြီးများနှင့် မလွဲမသွေ ရင်ဆိုင်ကြရပေသည်။ ချစ်သူများနှင့်ကွဲရခြင်း၊ မုန်းသူများနှင့်တွဲရခြင်း၊ လိုအင်ဆန္ဒမပြည့်ဝခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ စားဝတ်နေရေး အဆင်မပြေခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဒုက္ခတွေကို လူ့ချမ်းသာဆိုတဲ့ လူ့ဘောင်အဖွဲ့အစည်းမှာပင် စုံစုံလင်လင် တွေ့နေရပါသည်။ နတ်ပြည်၊ ဗြဟ္မာပြည်တို့မှာ အတော်အတန် ဒုက္ခနည်းသည်ဟုဆိုရသော်လည်း ကြီးကျယ်ခမ်းနားလှသောသူတို့၏ စည်းစိမ်များပျက်စီးခါနီးဝယ် စည်းစိမ်ကြီးသလောက် ဒုက္ခမီး တောက်ရသည်။ ထို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာတို့၌ရှိသော ချမ်းသာ အပေါင်းသည် မြွေပွေးကို ခါးပိုက်၌ပိုက်ထားရသကဲ့သို့ တစ်ချိန်တွင် အမှန်ဒုက္ခပေးမည့် ဒုက္ခလောင်းချမ်းသာများဖြစ်ကြသည်။

သို့တစေလည်း ဉာဏ်မျက်စိအလင်းမရ မောဟမှောင်ကျနေသော လောဘသားတို့သည် ထိုဒုက္ခတုံးဒုက္ခခဲတွေကို သုခပဲဟု အထင်လွဲကာ လူ၊ နတ်၊ ဗြဟ္မာတို့၏ စည်းစိမ်ချမ်းသာများကိုပင် တောင့်တလျက် ပျားရည်လူးထားသော ဓားသွားကို လျှာဖြင့် စုံစုံမက်မက် လျက်စားသကဲ့သို့လည်းကောင်း၊ ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့လည်းကောင်း၊ ကိုယ်ကျိုးနည်းစရာ ချမ်းသာဖွယ်အဖြာဖြာကို တဏှာဖြင့်မက်မောပြီး လောကီကုသိုလ်များကို ပြုကြလေသည်။ သူတို့သည် "မောဟထူထပ်၊ တောသွားသွပ်လျှင်၊ တံလျှပ်ကိုရေ၊ မှတ်မှားချေ၍၊ လိုက်လေလိုက်လေ၊ ငတ်မပြေ"ဆိုသကဲ့သို့ ချမ်းသာစစ် မဟုတ်သည့်အတွက် အာသာဆန္ဒမပြည့်နိုင်သည့် ထိုချမ်း

သာတုချမ်းသာယောင်များတွင် ထပ်တလဲလဲ ယစ်မူးနစ်မြောနေကြ ပေသည်။ အထူးသဖြင့် ကမ္ဘာပေါင်း သောင်းနှင့်ချီ၍ အသက်ရှည် ကြသော အရူပဗြဟ္မာကြီးများပင် တစ်နေ့တွင် ဆုံးရှုံးပျက်စီးရသော ဝိပရိဏာမဒုက္ခဆိုးနှင့် မုချတိုးရပေသည်။ အရူပဘုံသို့ရောက်ရန် အတွက် အားထုတ်ထူထောင်ရသည့် သင်္ခါရဒုက္ခမှာလည်း မနိုင်းယှဉ် လောက်အောင် ဆင်းရဲလှသည်။ သို့သော် မောဟလှည့်စားထား မှုကြောင့် (အနိစ္စမထင်လောက်အောင် အသက်ရှည်သော) အရူပ ဗြဟ္မာခန္ဓာသည် မပျက်မစီး မပြိုမကွဲ အမြဲထာဝရတည်သည်၊ အရူပ ဗြဟ္မာစည်းစိမ်များသည် တကယ့်မက်မောဖွယ်ရာ ချမ်းသာများပေ တည်းဟု အထင်လွဲကာ မျက်စိလည်လမ်းမှားသူသည် မြေဘုတ်ဘီလူး တို့၏ မြို့သို့ ဝင်မှားမိသကဲ့သို့ အရူပကုသိုလ်များကို မက်မက် မောမော ကြိုးစားအားထုတ်ကြပေသည်။ [၁]

ထို့ကြောင့် ဗုဒ္ဓဘုရားကိုယ်တိုင် ဝိဘင်းပါဠိတော် ပဋိစ္စသမုပ္ပာဒ် ဝိဘင်း၌ "အဝိဇ္ဇာ(မောဟ)က သစ္စာလေးပါးကို ဖုံးကွယ်ထားသော ကြောင့် မကောင်းမှုဒုစရိုက်ကိုလည်းပြုကြသည်၊ ကာမကုသိုလ်၊ ရူပကုသိုလ်ခေါ်တဲ့ ဒါန၊ သီလ၊ ဘာဝနာများကိုလည်းပြုကြသည်၊ (ရုပ်ပြစ်ရှစ်ပါးတွင် ပါဝင်သော အရူပဘုံသို့ရောက်ကြောင်း) အရူပ ကုသိုလ်များကိုလည်း အားထုတ်ကြသည်"ဟု ဟောထားပါသည်။ ဤအဝိဇ္ဇာဟယ်ကိုရည်ညွှန်း၍ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး က ပဋိစ္စသမုပ္ပာဒ်ဒီပနီတွင်...

> ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း၊ စည်း
> စိမ်သွမ်းကို၊ ချမ်းသာအတိ၊ အစဉ်ငြိလျက်၊ ဂတိနောင်ကို၊
> ကောင်းစေလိုဟု၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုး

---

[၁] အဘိ၊ ဋ္ဌ၊ ၂။ ၁၃၈။

စားစား၊ ပြုလိုငြားက၊ ဆယ်ပါးပုညာ၊ အာနေဥ္စဟု၊ ဘဝနီးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ်ရှည် သတည်းဟု ရေးသားခဲ့ပါသည်။[၁]

**ဘဝလွတ်မြောက်ရေးကုသိုလ်များ ကျင့်စဉ်များတွင်မပါဝင်** ။ ။ သို့သော် ဤနေရာ၌ ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်များကို အခါခပ် သိမ်း ဖြောင့်မတ်သောကျင့်စဉ်မဟုတ်ဟု မဆိုလိုပါ။ လူ၊ နတ်၊ ဗြဟ္မာတို့၏ ချမ်းသာစည်းစိမ်တို့ကို ရယူလိုသောဦးတည်ချက်ဖြင့် ပြု လုပ်သော ဘဝလည်ပတ်ရေး ကုသိုလ်များကိုသာ ဖြောင့်မှန်စွာ မကျင့်ဟုဆိုရပါသည်။ ဘဝစက်ဝန်း(သံသရာ)မှ လွတ်မြောက်ရန် အတွက် ရှမ်းကန်လှုပ်ရှားသည့်အသွင်ဖြင့် ပြုလုပ်သော လောကီ ကုသိုလ်များမှာ (ဝါ) မဂ်ဖိုလ်နိဗ္ဗာန်တို့၏ အခြေခံအကြောင်းတစ်ရပ် အနေဖြင့် အားထုတ်သည့် ပါရမီလောကီကုသိုလ်များမှာမူ ဖြောင့်မှန် သောကျင့်စဉ် (သမ္မာပဋိပဒါ)များပင်ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ဘဝလွတ်မြောက်ရေး(ဝိဝဋ္ဋနိဿိတ)ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို အထူးသဖြင့် ဝိပဿနာလောကီကုသိုလ်များကို အခြေ မပြုဘဲ မဂ်ကုသိုလ်တို့ကို မရနိုင်သောကြောင့်ဖြစ်သည်။

**သစ္စာနှစ်ပါး၌ အမြင်မှား၍ အလွဲကျင့်ပုံ**။ ။ ထို့ပြင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အစစ် (နိရောဓသစ္စာ)၌လည်းကောင်း၊ ယင်းချုပ်ငြိမ်းရာသို့ ပို့ဆောင်နိုင်သည့် ကျင့်စဉ်မှန်(မဂ္ဂသစ္စာ)၌ လည်းကောင်း မောဟဖုံးကွယ်ထားသောကြောင့် အချို့ပုဂ္ဂိုလ်တို့သည် နတ်ပြည် ဗြဟ္မာပြည်တို့ကိုပင် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ သခြင်း ကင်းရာဟူ၍ အလွဲအမှား ယူဆကြသည်။ ထိုဘုံများသို့ရောက် ကြောင်းများကိုလည်း အမျိုးမျိုးကြံဆ၍ ယင်းတို့ကိုပင် ကျင့်စဉ်မှန်ဟု

---

၁။ ပဋိစ္စသမုပ္ပာဒ်ဒီပနီ။ ၃၇။

ထင်ကြသည်။ ထို့ကြောင့် သူတို့အလို အားဖြင့် ဒုက္ခချုပ်ငြိမ်းရာ ထိုဘုံများသို့ရောက်ရန်အတွက် ခွေး၊ ဝက်၊ ဆိတ်၊ နွား...စသည့် သားကောင်များဖြင့် ယဇ်ပူဇော်ကြခြင်း၊ သေလုနီးပါး အကြီးအကျယ် ကျင့်ခြင်း၊ လူတို့ကဲ့သို့ မြန်မြန်မသေနိုင်သည့် နတ်များဖြစ်အောင် ခြိုးခြံစွာကျင့်ခြင်း စသည့်ကျင့်နည်းများကိုလည်းကောင်း၊ ကိလေသာ အစိုပျောက်၍ လူ့ဘုံများသို့ရောက်အောင် နေပူကျဲကျဲတွင် လေးဘက် လေးတန်၌ မီးပုံကြီးလေးပုံတို့ကို ဖိုပြီး အလယ်တွင် လူဝင်နေ၍ (ခေါင်းပေါ်တွင်နေပူ၊ နံဘေးလေးဘက်တွင်မီးပူ) အပူငါးမျိုးခံကာ ကျင့်သည့် ပဉ္စာတပခေါ် ကျင့်စဉ်မျိုးကိုလည်းကောင်း ကျင့်ကြံအား ထုတ်လေ့ရှိကြသည်။ အမှန်စင်စစ် ယင်းကျင့်နည်းကျင့်ဟန်များကား မောဟဖုံးကွယ်ထားမှုကြောင့် အယူအဆလွဲကာကျင့်ကြသည့် ဖောက် ပြန်သောကျင့်စဉ်များပင် ဖြစ်သည်။[၁]

**မောဟကြောင့် အတ္တဝါဒအယူမှားပေါ်လာပုံ ။ ။ ဘုရားမပွင့်မီ ရှေး အခါကပင်**

အချို့သောပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါးတို့၏ နောက်ဆုံး ရွေ့လျော ချုပ်ငြိမ်းခြင်း (စုတိ)နှင့် ခန္ဓာငါးပါးတို့၏ ထင်ရှားစွာဖြစ်ပေါ်လာခြင်း (ပဋိသန္ဓေ)စသည်တို့၌ သဘောမှန်ကိုမမြင်အောင် မောဟက ဖုံးကွယ်ထားသောကြောင့် အယူအဆလွဲမှားခဲ့ကြသည်။ သူတို့သည် သေဆုံးပျက်စီးခြင်းနှင့်ပတ်သက်၍ ဘဝတစ်ခုတွင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ နောက်ဆုံးပျက်စီးမှုသည် သေခြင်း(မရဏ) ဖြစ်သည်ဟု အမှန်အတိုင်း မမြင်ကြဘဲ သတ္တဝါခေါ်သည့် အတ္တသည် သေဆုံး၏။ ထိုအတ္တသည် ဤခန္ဓာကိုယ်မှ အခြားခန္ဓာကိုယ်တစ်ခုသို့ ပြောင်းရွှေ့သွားသည်ဟု အလွဲအမှားယူဆကြသည်။ ထို့အတူ ထိုထို ဘဝစသည်တို့၌ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ထင်ထင်ရှားရှား

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၁၃၈။

စတင်ဖြစ်ပေါ်လာမှုကို ပဋိသန္ဓေဟု မှန်ကန်စွာမသိသောကြောင့် သတ္တဝါခေါ်သည့် အတ္တသည် ဖြစ်ပေါ်လာသည်။ အတ္တအား ခန္ဓာကိုယ် အသစ်ထင်ရှားဖြစ်လာသည် စသည်ဖြင့် ဖောက်လွဲဖောက်ပြန် ကြံစည်တွေးခေါ်ကြပြန်သည်။

အချို့သောသူများကလည်း ရုပ်နာမ်ခန္ဓာတို့၏ ဘဝစက်ဝန်းလည်ကာ အဆက်မပြတ် တရစပ်ဖြစ်နေခြင်းကို "သံသရာ"ခေါ်သည်ဟု တိကျစွာမသိသောကြောင့် အတ္တသည် ယခုလက်ရှိဘဝမှ နောင်တမလွန်ဘဝသို့ ပြောင်းရွှေ့သွားသည်။ နောင်တမလွန်ဘဝမှ ယခုဘဝသို့ရောက်လာသည်ဟု မှားယွင်းစွာယူဆကြသည်။ ရုပ်နာမ်တရားတို့၏ သဘောလက္ခဏာတို့၌ တွေဝေသောသူတို့ကမူ ရုပ်တရားတို့၏ ဖောက်ပြန်ခြင်း(ရုပ္ပန)၊ နာမ်တရားတို့၏ အာရုံသို့ ညွတ်ကိုင်းခြင်း(နမန)၊ ရုပ်နာမ်တရားတို့၏ မမြဲခြင်း (အနိစ္စ)စသော သာမန်သဘောလက္ခဏာတို့ကိုလည်းကောင်း၊ စိတ်၏ အာရုံကိုသိခြင်း (အာရမ္မဏဝိဇာနန)၊ ဖဿစေတသိက်၏ အာရုံကိုတွေ့ထိခြင်း (ဖုသန)၊ ပထဝီရုပ်၏ ကြမ်းတမ်းခက်မာခြင်း(ကက္ခဠ) စသော ကိုယ်ပိုင်သဘောလက္ခဏာတို့ကိုလည်းကောင်း အမှန်အတိုင်း မသိသဖြင့် ယင်းရုပ်နာမ်တရားကိုပင် ငါ,ငါ့ဥစ္စာဟုလည်းကောင်း၊ ငါမြဲ၏၊ ငါချမ်းသာ၏၊ ငါတွေ့ထိ၏ဟုလည်းကောင်း ဖောက်လွဲ ဖောက်ပြန် ကြံဖန်ယူဆကြသည်။

အဝိဇ္ဇာစသော အကြောင်းတရားများကြောင့် သင်္ခါရစသော အကျိုးတရားများ ဖြစ်ပေါ်လာခြင်း ပဋိစ္စသမုပ္ပါဒ်သဘောကို ယထာဘူတကျကျမသိသော သချာင်္ဒဿနိကကျမ်းဆရာ ကာပိလရသေ့စသည်တို့က "အတ္တသည် အကြောင်းကျိုးတို့ကို ကိုယ်တိုင်သိသည်" ဟု ယူဆကြသည်။ သို့သော် ဝိသေသိကဒဿနကျမ်းဆရာ **ကာဏာဒ**ရသေ့ စသည်တို့ကမူ "အတ္တသည် အကြောင်းအကျိုးကို သူ့

ဘာသာမသိ၊ ဗုဒ္ဓိဟူသောပညာဂုဏ်နှင့် ပေါင်းဆုံမှသိသည်။ အခြား သောဘာဝ၌ ချမ်းသာဆင်းရဲတို့ကို ခံစားသောအတ္တသည်ပင် ကောင်းမှု၊ မကောင်းမှုကို ကိုယ်တိုင်ပြုသည်။ သူတစ်ပါးကိုလည်းပြုစေသည်။ အတ္တသည် ပဋိသန္ဓေအခါ၌ဖြစ်သည်။ အတ္တသည် အဇာမြူမှဖြစ် လာသည်။ ပရမေသွာဗြဟ္မာစသော တန်ခိုးရှင်(ဣဿရ)တို့က ဖန်ဆင်း၍ဖြစ်လာသည်။ ယင်းအတ္တသည် မျက်စိစသော ကိုယ်အင်္ဂါ အစိတ်အပိုင်း(ဣန္ဒြေ)တို့နှင့်ပြည့်စုံလာ၍ တွေ့ထိတတ်၏။ ခံစား တတ်၏၊ တပ်မက်တတ်၏၊ စွဲလမ်းတတ်၏၊ စေ့ဆော်တတ်၏။ ထိုအတ္တသည်ပင် တစ်ဖန် ဘဝသစ်တစ်ခု၌ဖြစ်ပြန်၏။ အတ္တသည် မပြတ်သောကြိုးဖြင့် သိကုံးထားသည့် မကွဲသောရွဲလုံးပုတီးလုံးပမာ ရှေ့နောက်အစဉ်အားဖြင့် လူ၊ နတ်၊ ငှက်စသော ဘဝအထူးသို့ ရောက်ရသည်"ဟု မှားယွင်းသောမိစ္ဆာဝါဒများကို ယူဆရာမှ အတ္တ ဝါဒပေါ်ပေါက်လာခဲ့သည်။ ယင်းဝါဒသည် ယခုခေတ်အထိ မောဟ မှောင်မိနေကြသော လောဘသားတွေသန္တာန်၌ လွှမ်းမိုးမင်းမူဆဲပင် ရှိသေးသည်။ [၁]

ယင်းဝါဒ၏ သဘောအချုပ်ကား "အတ္တသည် သတ္တဝါတို့၏ ခန္ဓာကိုယ်ကိုလည်းကောင်း၊ တစ်လောကလုံးကိုလည်းကောင်း အစိုးရ လျက် မပျက်မစီး အမြဲတည်နေသော အနှစ်သာရ အမာခံသဘော တရား"ဟု စွဲကိုင်ထားသော အယူပေတည်း။ သို့သော် လူတို့၏အတ္တ ကို သမ္မာဒိဋ္ဌိခေါ် ပရမတ်မှန်ဘီလူးဖြင့် စစ်ဆေးကြည့်ရှုခဲ့ပါက အတ္တ ခေါ်ဆိုနိုင်သည့် မည်သည့်အရာကိုမျှ ရှာဖွေမတွေ့ရှိနိုင်ပါ။ စင်စစ် အားဖြင့် သူတို့၏အတ္တဝါဒမှာ သူတို့သန္တာန်၌ မောဟမှောင် စိုးမိုး နေသောကြောင့် ပရမတ္ထသဘာဝတို့ကို အတိအကျသိခွင့်မရကြသဖြင့် ဆင်ဆိုသည်မှာ မြွေနှင့်တူသည်...စသည်ဖြင့် ရမ်းဆပြောဆိုကြသော

၁။ အဘိဓမ္မာ၊ ၄၊ ၂။ ၁၄၁။ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ၊ ၃။ ၂၉၃။

မျက်မမြင်ပုဏ္ဏားခြောက်ယောက်ပမာ မှန်းဆတွေးခေါ်၍ အမှန်တရားဟု မြဲမြံစွာ ဆုပ်ကိုင်ထားသော အယူဝါဒများသာ ဖြစ်ပေသည်။

**ဝမ်းတွင်းကန်းသူနှင့် သံသရာခရီးသည်** ။ ။ မောဟ တိမ်သလာကြောင့် အမြင်မှန်မရဘဲ ကျင့်နည်းကျင့်ဟန် တစ်ဖြောင့်တည်းမဖြစ်နိုင်ပုံကို ဝမ်းတွင်းကန်းဥပမာဖြင့် ရှင်းပြပါဦးမည်။ အမိဝမ်းတွင်း ပဋိသန္ဓေနေစဉ်ကပင် မျက်စိနှစ်ကွင်း အလင်းမရရှာသော ဝမ်းတွင်းကန်းသည် တုတ်ဆွဲခေါ်ဆောင်မည့် ရှေ့ဆောင်လမ်းပြမပါဘဲ တစ်ယောက်တည်း ခရီးသွားဖို့ မလွယ်ကူပါချေ။ အကယ်၍ ကိုယ့်အားကိုယ်ကိုးကာ ဇွတ်တိုးပြီး တစ်ကိုယ်တည်းသွားခဲ့ပါသော် တစ်ခါတစ်ရံတွင်သာ ကြက်ကန်းဆန်အိုးတိုးမိသည့်ပမာ လမ်းကောင်းလမ်းဖြောင့်တို့ကို လျှောက်မိနိုင်ပါသည်။ ယေဘုယျအားဖြင့် ချိုင့်၊ တွင်း၊ ဆူး၊ ခရောင်း၊ ကမူတို့ဖြင့် တင်းကြမ်းပြည့်နေသည့် လမ်းဆိုး၊ လမ်းကောက်၊ လမ်းကွေ့တို့ကိုပင် နင်းကျော်၍ လျှောက်သွားရပေသည်။ ထို့အတူ ပုထုဇဉ်သတ္တဝါစသည့်ဘဝခရီးသည်များမှာလည်း အဝိဇ္ဇာ(မောဟ)တိမ်လွှာဖုံးကွယ်ထားမှုကြောင့် အာရုံ၏အမှန်သဘောတို့ကိုမမြင်သော ဝမ်းတွင်းကန်းများဖြစ်ကြသည်။ သူတို့သည် (သစ္စာလေးပါးကို သိမြင်နိုင်စွမ်းသော) ဉာဏ်တည်းဟူသော ရှေ့ဆောင်လမ်းပြ အဖော်မွန်မှ ဆိတ်သုဉ်းနေသူများဖြစ်သည်။ သို့အတွက် သံသရာခရီးကို မောဟမှောင်အောက်တွင် စမ်းတဝါးဝါးဖြင့် လှည့်ပတ်သွားကြရာတွင် ရံဖန်ရံခါသာ အခန့်သင့်၍ လောကီကုသိုလ်မှုများကို ပြုမိကြသည်။ အများအားဖြင့်မူ အကုသိုလ်ဒုစရိုက်မှုများကိုသာ ကျူးလွန်မိကြသည်။ [၁]

---

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၁၄၁၊ ၁၄၂။

# (ခ) ပညာမျက်စိကို ကန်းအောင်ပြုတတ်သော အမှောင်တရားမျိုး

အစဉ်အလာအားဖြင့် ကန်းသူ ။ ။မောဟ၏ ပညာမျက်စိကိုကန်းအောင်ပြုတတ်ပုံနှင့် ပတ်သက်၍ လက္ခဏာခန်းတွင် အကျယ်တဝင့် ရှင်းလင်းပြခဲ့ပြီ။ ဉာဏ်ပစ္စုပဋ္ဌာန်ခန်းတွင် ရှေ့ကမတင်ပြခဲ့ရသေးသည့် အကြောင်းအရာတို့ကိုသာ အနည်းငယ်ရှင်းပြပါမည်။ မောဟနှင့်ဉာဏ်တို့သည် အမှောင်နှင့် အလင်းရောင်ပမာ ဆန့်ကျင်ကြပုံကို တင်ပြခဲ့ပြီးပါပြီ။ ထိုအရာနှစ်မျိုးသည် တစ်ပြိုင်နက်တည်း မဖြစ်နိုင်ကြပါ။ ဉာဏ်အလင်းရောင်ထွန်းပနေချိန်တွင် မောဟမှောင်ပျောက်ကွယ်နေသလို မောဟမှောင်မင်းမူနေချိန်တွင် ဉာဏ်အလင်းရောင်ကြီး ကွယ်ပျောက်နေပါသည်။ အချို့သူများသည် မွေးကတည်းကပင် မျိုးရိုးစဉ်လာ အယူဘာသာအလျောက် မောဟမှောင်ရိပ်အောက်တွင် ကြီးပြင်းလာခဲ့ကြရသည်။ ထို့ကြောင့် သူတို့သည် လောကအကြောင်းကို စူးစမ်းနေချိန်မှာပင် ဆိတ်၊ နွား၊ ကြက်၊ ငှက်...စသည့် သူတစ်ပါးတို့၏အသက်ကို သတ်လျှင် အပြစ်မဖြစ်၊ အရက်သေစာသောက်စားကောင်းသည်။ သတ္တဝါတွေကိုလည်းကောင်း၊ သတ္တဝါတွေ၏ ဆင်းရဲချမ်းသာမှုကို လည်းကောင်း ဘုရားသခင်က ဖန်ဆင်းပေးသည်...စသည်ဖြင့် ခံယူချက်ရှိလာကြသည်။ သူတို့ကား ထူပိန်းသည့်မောဟမှောင်၏ လွှမ်းခြုံမှုကို အမြဲလိုလိုခံနေကြရသဖြင့် အကောင်းအဆိုးကိုလည်း ခွဲခြားမမြင်၊ အကြောင်းအကျိုးဆက်သွယ်ဖြစ်နေပုံကိုလည်း မသိသော မျက်ကန်းပုထုဇဉ် လူတန်းစားများဖြစ်ကြသည်။

ထို့ကြောင့် ဘာသာခြားအမျိုးသမီးတစ်ဦးက "ရှင်တို့ ဗုဒ္ဓဘာသာဝင်တွေက မသိတဲ့အဝိဇ္ဇာကြောင့် ဖြစ်တယ်လို့ချည်း ပြောနေ

ကြတယ်။ မသိတာကနေပြီး အချိုးတကျ အကောင်းအမွန်တွေဟာ မဖြစ်နိုင်ပါဘူး။ ကြည့်ပါ။ ကုလားထိုင်တစ်ခုကိုဆိုရင် အသိဉာဏ်နဲ့ လုပ်မှပဲဖြစ်နိုင်ပါတယ်။ ပန်းကန်တစ်လုံးဆိုရင်လည်း အသိဉာဏ်နဲ့ လုပ်မှဖြစ်နိုင်ပါတယ်။ လူတွေသတ္တဝါတွေဖြစ်အောင် ကမ္ဘာမြေကြီးနှင့်တကွ သစ်ပင်၊ တော၊ တောင်၊ လ၊ နေ၊ ကြယ်...စသည်ဖြစ်အောင်လည်း အသိဉာဏ်နဲ့လုပ်မှသာ ဖြစ်ဖို့ရှိပါတယ်။ ဒါကြောင့် ရှင်တို့ပြောတဲ့အတိုင်း မသိတဲ့အဝိဇ္ဇာကြောင့်ဖြစ်တယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ဘုရားသခင်က အသိဉာဏ်နှင့် အချိုးတကျဖန်ဆင်းထားလို့ ဖြစ်နေတာသာ ဖြစ်သင့်ပါတယ်"လို့ ပြောသတဲ့ဟု မဟာစည်ဆရာတော်ဘုရား ရေးသားသော ပဋိစ္စသမုပ္ပာဒ်တရားတော် စာမျက်နှာ(၂၈၉)တွင် တွေ့ရပါသည်။ အမှန်မှာ ထိုအမျိုးသမီး၏သန္တာန်ဝယ် ကာလကြာညောင်းစွာ ထပ်တလဲလဲဖုံးကွယ်လာခဲ့သော မောဟက ကြောင်းကျိုးဆက်သွယ်၍ဖြစ်နေပုံ သဘာဝကို သိစွမ်းနိုင်သည့် ဉာဏ်မျက်စိကို ကန်းအောင်ပြုထားသောကြောင့်သာ ယင်းသို့ယူဆပြောဆိုခြင်းပင်ဖြစ်သည်။

**ရုံဖန်ရုံခါကန်းသူ** ။ ။ အချို့ပုဂ္ဂိုလ်များကတော့ မွေးကတည်းက ပညာသူတော်ကောင်း အမိ အဖများမှ မွေးဖွားလာ၍ (သပ္ပုရိသူပနိဿယ) အယူမှန်ကို ယူနိုင်ခွင့်ရှိသောအရပ် (ပတိရူပဒေသ)တွင် ကြီးပြင်းလာခဲ့ကြသည်။ သူတို့သည် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ခွဲခြားသိမြင်၍ အကုသိုလ်ကံတို့၏ အပြစ်ရှိသည့်သဘော၊ ဆိုးကျိုးကိုဖန်တီးတတ်သည့်သဘော၊ ကုသိုလ်ကံတို့၏ မွန်မြတ်ဖြူစင်သည့်သဘော၊ ကောင်းကျိုးကိုစီမံတတ်သည့်သဘောတို့ကို သိကြသည်။ ထိုမှ တစ်ဆင့်တက်၍ သတ္တဝါများဖြစ်ပေါ်လာမှုကိုလည်းကောင်း၊ သတ္တဝါများ၏ဆင်းရဲမှု၊ ချမ်းသာမှုတို့ကိုလည်းကောင်း၊ ဘုရားသခင်ဖန်ဆင်းပေးသည်မဟုတ်။ 'ဘယ်သူမပြုမိမိမှု'

ဆိုသကဲ့သို့ မိမိကိုယ်တိုင်ပြုလုပ်ခဲ့သည့် ကောင်းမှု မကောင်းမှုကသာ ဖန်တီးပေးခြင်းဖြစ်သည်ဟူသော ကြောင်းကျိုးပြ ပဋိစ္စသမုပ္ပာဒ် သဘောတရားအထိ နားလည်သိမြင်သော ပညာရှင်ကြီးများဖြစ်လာကြသည်။

သို့ပင်ဖြစ်စေကာမူ ထိုပညာရှင်ကြီးများပင်လျှင် စိတ်အစဉ်တွင် မောဟဝင်ရောက်လာသည့်အခါ လတ်တလောတွင် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ခွဲခြား၍ မသိတော့ဘဲ ဒုစရိုက်မှုများကို ပြုမိတတ်ကြသည်။ သို့ဖြစ်၍ မောဟကား ရှိပြီးသားပညာ မျက်စိကိုပင် ကန်းအောင်ပြုတတ်သော သဘောတရားပေတည်း။ ထို့ကြောင့် ဘုရားရှင်က ဣတိဝုတ်ပါဠိတော်၊ တိကနိပါတ်၊ အန္တရာမလသုတ်တွင်...

"မောဟသည် သူ့အကျိုး ကိုယ့်အကျိုး နှစ်မျိုးလုံးကို ဖျက်ဆီးတတ်၏။ ဖြူစင်သောစိတ်ကို မကြည်လင် မသန့်ရှင်းအောင် (ဝါ) ဖောက်ပြန်ပျက်စီးအောင် ဖန်တီးတတ်၏။ သတ္တဝါတို့၏စိတ်အစဉ်တွင် မောဟဝင်လာသည့်အခါ ယင်းသတ္တဝါသည် အကျိုးစီးပွားပျက်စီးခြင်းစသည့်ဘေးကို လုံးဝပင်မသိနိုင်ပေ။ မောဟမှောင်မိ၍ တွေဝေနေသောသူသည် အကျိုးစီးပွားကိုလည်းမသိ၊ ကောင်းမှုသုစရိုက်တရားကိုလည်းမမြင်၊ အကြင်အခါ၌ မောဟသည် (စိတ်အစဉ်တွင်ဝင်၍) သတ္တဝါကို နှိပ်စက်၏။ ထိုအခါ၌လည်း သတ္တဝါသည် ပညာမျက်စိကန်းကာ အမိုက်မှောင်ကြီးကျနေ၏"ဟု ဟောတော်မူခဲ့သည်။

**တံခါးမင်းတုပ်ဥပမာ။** ။ ဥပမာအားဖြင့် မောဟသည် တံခါးမင်းတုပ်နှင့် တူပါသည်။ ရှေးအခါက မြို့ရွာများ

တွင် တံခါးများတပ်ဆင်ထားလေ့ရှိပါသည်။ အကာလညအခါ စသည့်အချိန်များတွင် တံခါးများတွင် မင်းတုပ်များကို ကန့်လန့်ချထားလေ့ရှိကြသည်။ ထိုအခါမှာ မြို့ပြင်မှလူများ မြို့တွင်းသို့မဝင်နိုင်သလို မြို့တွင်းကလူများကလည်း မြို့ပြင်သို့မထွက်နိုင်ကြဘဲ အတွင်းနှင့်အပြင် သွားလာမှု အဆက်ပြတ်သွားပါသည်။ ထိုနည်းတူစွာ မိမိ၏ခန္ဓာငါးပါးတည်းဟူသော မြို့တော်တွင် မနောဒွါရတံခါး ပေါက်၌ မောဟဝင်ရောက်ပိတ်ဆို့နေခဲ့ပါလျှင် အာရုံ၏သဘာဝကို ယထာဘူတကျကျ သိမြင်၍ နိဗ္ဗာန်တိုင် ပို့ဆောင်နိုင်စွမ်းသော ဉာဏ်၏သွားလာမှုသည် လုံးလုံးအဆက်ပြတ်သွားပါတော့သည်။ ထို့ကြောင့် တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်တို့သည် မောဟစေတသိက်၏သဘောကို ဆင်ခြင်အကဲခတ်သည့်အခါ၌ "မောဟကား ပညာမျက်စိကို ကန်းအောင်ပြုတတ်သော အမှောင်တရားမျိုးပါလား"ဟု သူတို့၏ဉာဏ်တွင် ထင်လာမြင်လာခြင်း ဖြစ်ပါသည်။

ဤဥပမာ၌ သတ္တဝါတို့၏ ခန္ဓာနှင့် မြို့ရွာ၊ မနောဒွါရနှင့် မြို့တံခါး၊ မောဟနှင့် တံခါးကျည်မင်းတုပ်၊ မနောဒွါရတွင် မောဟဝင်ရောက်ခြင်းနှင့် မြို့တံခါးတွင် တံခါးကျည်မင်းတုပ်ချထားခြင်း၊ မနောဒွါရသို့ ပညာစေတသိက် မဝင်ရောက်နိုင်ခြင်းနှင့် မြို့တွင်းသို့ လူများမဝင်နိုင်ခြင်းတို့ အသီးသီးတူညီကြပါသည်။[၁]

## ၄။ မောဟစေတသိက်၏ ပဒဋ္ဌာန်

မောဟစေတသိက်မှာ မသင့်မလျော် လွဲချော်သောနည်းလမ်းဖြင့် ဆင်ခြင်နှလုံးသွင်းခြင်း (အယောနိသော မနသိကာရ)ဟူသော နီးကပ်သောအကြောင်း (ပဒဋ္ဌာန်)ရှိသည်။

---

၁။ အဘိဓမ္မာ၊ ၄၊ ၂။ ၁၃၃။

**အယောနိသော မနသိကာရနှင့်** ။ ။ အာရုံကိုမသင့်လျော်သော
**ယောနိသော မနသိကာရ** နည်းလမ်းဖြင့် နှလုံးသွင်း
ဆင်ခြင်မှုမျိုးကို အယောနိ
သော မနသိကာရ(အယောနိသော=မသင့်မလျော်သောနည်းလမ်း၊ (ဝါ)အကြောင်းအားဖြင့်+မနသိကာရ=နှလုံးသွင်းမှု)ဟု ခေါ်ပါသည်။ မသင့်မလျော်သောနည်းလမ်း၊ (ဝါ)အကြောင်းဟူသော အနက်သည် အယောနိသဒ္ဒါ၏ရင်းမြင်၊ (ဝါ)ပင်ရင်း အနက်ဖြစ်သည်။ ဆင့်ပွား အနက်အနေဖြင့်ကား အယောနိသဒ္ဒါသည် ဆိုးသော၊ မကောင်းသော၊ လွဲမှားသော၊ ဖောက်ပြန်သော နည်းလမ်းဟူသော အနက်များကို ဟောသည်။ ထို့ကြောင့် အာရုံထင်စရာ ကိရိယာခြောက်ခု (မျက်စိ...စသော ရုပ်ဝတ္ထု ၅ ခု+ဘဝင်စိတ်)၌ ထင်လာ ထိခိုက်လာသော အာရုံများကို အဆိုးရှုထောင့်၊ (ဝါ) မမှန်မကန်ဖောက်ပြန်သော ရှုထောင့်မှ ရှုမြင်၍ နှလုံးသွင်းမှုမျိုးကိုလည်း တစ်နည်းအားဖြင့် အယောနိသော မနသိကာရဟု ခေါ်သည်။ ထိုတရားနှင့်ဆင့်ကျင့်ဘက်ကား ထင်လာသောအာရုံကို အကောင်းရှုထောင့် (ဝါ) မှန်ကန်သော ရှုထောင့်မှ ရှုမြင်၍ နှလုံးသွင်းလိမ်မာမှုသဘောကိုဆောင်သည့် ယောနိသော မနသိကာရ (သင့်လျော်သောနည်းလမ်းအားဖြင့် နှလုံးသွင်းမှု)ဖြစ်သည်။ ယင်းသို့ အာရုံကို ဆင်ခြင်နှလုံးသွင်းမှု၊ (ဝါ) စိတ်ကိုအာရုံသစ်သို့ ဦးတည်ပေးမှု၊ ညွှတ်ကိုင်းပေးမှု (မနသိကာရ) ရှိမှလည်း ဝီထိစိတ်အစဉ်၊ ဇောစိတ်အစဉ်တို့ ဖြစ်ပေါ်လာနိုင်သည်။

အာရုံထင် ကိရိယာများပေါ်တွင် အာရုံထင်လာ၍ အလင်းရောင်...စသည့် ဆိုင်ရာအကြောင်းများ စုံလင်နေလင့်ကစား ယင်းအာရုံကို နှလုံးသွင်းဆင်ခြင်မှု (မနသိကာရ)မရှိခဲ့ပါက ဝီထိစိတ်အစဉ်များ မဖြစ်လာနိုင်ချေ။ ယင်းသို့ သတ္တဝါများသန္တာန်၌ ဝီထိစိတ်ဖြစ်မလာဘဲ လွန်မြောက်သွားသည့် အာရုံများမှာ မရေမတွက်

နိုင်အောင်ရှိသည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာတွင် အဋ္ဌကထာဆရာ မိန့်ဆိုချက်ရှိပါသည်။ မှန်ပါသည်။ အမှတ်မထင်မြင်လိုက်ရသော ရုပ်ဝတ္ထု၊ အမှတ်မထင်ကြားလိုက်ရသော အသံတို့ကို နှလုံးသွင်းမှု မရှိသဖြင့် မြင်သိစိတ်၊ ကြားသိစိတ်များ ဖြစ်မလာခဲ့သည်ကို လူတိုင်း ကြုံဖူးပါလိမ့်မည်။ ဤနေရာတွင် ဝီထိစိတ်ကိုဖြစ်ပေါ်စေနိုင်သော နှလုံးသွင်းဆင်ခြင်မှု (ဝီထိပဋိပါဒက မနသိကာရ)နှင့် ဇောစိတ်အစဉ် ကို ဖြစ်ပေါ်စေနိုင်သော နှလုံးသွင်းဆင်ခြင်မှု (ဇဝနပဋိပါဒကမန သိကာရ) တာဝန်တို့ကိုရွက်ဆောင်သောတရားများကား မနသိကာရ စေတသိက်မဟုတ်ပေ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်(ဒွါရငါးပါးတွင် ထင်လာ သော အာရုံကို နှလုံးသွင်းစိတ်)နှင့် မနောဒွါရာဝဇ္ဇန်း စိတ် (မနော ဒွါရတွင်ထင်လာသော အာရုံကို နှလုံးသွင်းစိတ်)တို့သာ ဖြစ်ပါသည်။ ဗုဒ္ဓစာပေ(ပိဋကစာပေ)ကြီးများတွင် မကြာခဏ ဟောလေ့ဟောထ ရှိသော ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရများက ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်စေနိုင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် (ဝီထိပဋိ ပါဒက မနသိကာရ)နှင့် ဇောစိတ်အစဉ်ကို ဖြစ်ပေါ်စေနိုင်သော မနော ဒွါရာဝဇ္ဇန်းစိတ် (ဇဝနပဋိပါဒကမနသိကာရ)နှစ်ပါးတို့ပင် ဖြစ်သည်။

**မနောဒွါရာဝဇ္ဇန်းစိတ်ကြောင့် ကုသိုလ် အကုသိုလ်ဖြစ်ပုံ**

။ ။ သို့သော် ကုသိုလ်၊ အကုသိုလ် ဇောစိတ်တို့၏ အနီးကပ်ဆုံး အကြောင်း(ပဒဋ္ဌာန်)ဖြစ်သော ယောနိသောမနသိကာရ၊ အယောနိ သောမနသိကာရတို့မှာမူ မနောဒွါရာဝဇ္ဇန်းစိတ်သာဖြစ်သည်။ ထိုစိတ် သည် ဒွါရငါးပါး၌ ဖြစ်ပေါ်လာသော စိတ်အစဉ်(ပဉ္စဒွါရဝီထိ)တွင် ဝုဋ္ဌောနာမည်ဖြင့်လည်းကောင်း၊ မနောဒွါရ၌ဖြစ်ပေါ်လာသော စိတ် အစဉ်(မနောဒွါရဝီထိ)တွင် မနောဒွါရာဝဇ္ဇန်းနာမည်ဖြင့်လည်းကောင်း ဖြစ်ပေါ်လာ၍ ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်တို့အား အနန္တရ ပစ္စည်း၊ သမနန္တရပစ္စည်း စသည်တို့ဖြင့် ကျေးဇူးပြုသည်ဟု ဗုဒ္ဓက

ပဋ္ဌာန်းပါဠိတော်တွင် ဟောကြားခဲ့ပါသည်။ မှန်ပါသည်။ ယင်း အာဝဇ္ဇန်းစိတ်သည် ကုသိုလ်စိတ်အစဉ် ဖြစ်ပေါ်လာရေးတို့၌ အဓိက အကျဆုံးသော လမ်းခွဲမှတ်တိုင်ကြီးတစ်ခုဖြစ်သည်။ တစ်နည်းဆိုရ သော် ကုသိုလ်၊ အကုသိုလ် လမ်းနှစ်သွယ်အနက် တစ်ဘက်ဘက်သို့ ပဲ့ကိုင် လမ်းညွှန်ပေးသည့် ပဲ့သမားကြီးနှင့်လည်း တူပါသည်။ ထိုစိတ် က ပိုင်းခြားဆုံးဖြတ်မှု၊ နှလုံးသွင်းဆင်ခြင်မှု လိမ္မာခဲ့သော် (ဝါ) အကောင်းဘက်မှ ရှုမြင်ဆင်ခြင်ခဲ့သော် ကုသိုလ်စိတ်ဖြစ်လာပါသည်။ ပိုင်းခြားဆုံးဖြတ်မှု၊ နှလုံးသွင်းဆင်ခြင်မှု မလိမ္မာခဲ့လျှင် (ဝါ) အဆိုး ဘက်မှ ရှုမြင်ဆင်ခြင်ခဲ့လျှင် အကုသိုလ်စိတ်ဖြစ်လာပါသည်။ [၁]

ထင်ရှားစေဦးအံ့။ လောကတွင် "ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတံထွာ၊ သားတကာနှင့်၊ တရာနှစ်ပဲ၊ လည်ချင်းနွဲလည်း၊ ရောင့်ရဲ မထင်၊ စုံမက်ကြင်လျက်"ဆိုဘိသို့ သားသမီးများအပေါ် အမြဲတစေ မေတ္တာမိုးဖွဲလေ့ရှိကြသော မိဘတို့သည် သားသမီးများအား မကောင်း သောအပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့ကို မလုပ်မိစေရန် တားမြစ်သည့်သဘောဖြင့် မကြာခဏ ဆိုဆုံးမလေ့ရှိကြသည်။ မိဘ များဆုံးမနေခိုက် အချို့ သားသမီးတို့၏စိတ်တွင် "ဒီအဘိုးကြီး အမယ်ကြီးတွေဟာ ခေတ်မမီပါဘူး၊ ဒီခေတ်ကို သူတို့ငယ်ငယ်တုန်း ကခေတ်လို သဘောထားပြီး သားသမီးတွေကို နေရာတကာမှာ ချုပ်ချယ်ချင်ကြတယ်၊ တစ်နေ့တစ်နေ့ ဒီခေတ်ပြားဟောင်းကြီးပဲ ထပ်ဖွင့်နေတာပဲ၊ သိပ်နားငြီးစရာကောင်းတဲ့ အဘိုးကြီး အမယ်ကြီး တွေပဲ"လို့ အဆိုးဘက်မှ ရှုမြင်ဆင်ခြင်မိခဲ့ရင် ထိုသားသမီးများ သန္တာန်မှာ တစ်ခဏချင်း ဒေါသဦးဆောင်သည့် အကုသိုလ်စိတ်တွေ ပေါ်လာမည်မှာ သေချာသည်။

---

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၁၃၇

ထိုသို့မဆင်ခြင်ဘဲ "တို့အမေအဖေတွေဟာ တို့တစ်တွေကို လိမ္မာစေလို၊ ချမ်းသာစေလို၊ ကြီးပွားစေလိုလို့ အပင်ပန်းခံပြီး ပြော ဆိုဆုံးမရှာတယ်၊ သူတို့ဟာ အင်မတန်လည်း သနားစရာကောင်း တယ်၊ ကျေးဇူးတင်စရာလည်း ကောင်းတယ်။ ခုပဲ တို့တစ်တွေ စားဝတ်နေရေး အဆင်ပြေအောင် ပင်ပန်းတကြီး ကြိုးစားရှာဖွေကြ ရတယ်။ အရွယ်ရောက်တဲ့အခါမှာလည်း လောကအလယ်မှာ တင့် တင့်တယ်တယ်နေနိုင်ဖို့ ပညာသင်စေတယ်။ ဆုံးမစကား မကြာခဏ ပြောကြားပေးတယ်။ တို့အပေါ်မှာ သူတို့ရဲ့လုပ်ဆောင်ချက်အားလုံး ဟာ တို့ကောင်းစားရေးကို ဦးတည်ပြီးလုပ်တာချည်းပဲ။ မိဘဝတ္တရား ကျေပွန်ကြပါပေတယ်"စသည်ဖြင့် အကောင်းဘက်မှ ရှုမြင်ဆင်ခြင် ခဲ့ရင် (ဝါ) နှလုံးသွင်းလိမ္မာခဲ့ရင် ထိုသားသမီးများ စိတ်အစဉ်တွင် ကုသိုလ်စိတ်များ ခဏမခြား ဖြစ်ပွားလာမည်မှာ ဧကန်ဖြစ်သည်။

ပုံစံတစ်ခုဖြင့် ထပ်မံရှင်းပြပါဦးမည်။ လောကတွင် ထမင်းပျော့ ပျော့မစားတတ်သူအချို့ရှိပါသည်။ ထိုသူများသည် တစ်ခါတစ်ရံ ပျော့သွားသည်နှင့် ကြုံရသည့်အခါမျိုးတွင် "အို...တစ်ခါတလေပျော့ သွားတာပဲ၊ ကိစ္စမရှိပါဘူး၊ ထမင်းပျော့တော့လည်း အဝါးရသက်သာ တာပေါ့၊ အစာကြေလွယ်တာပေါ့"လို့ မင်းတုန်းမင်းခေတ်က မတ္တရာ ဆရာတော်ဘုရားကြီးကဲ့သို့ နှလုံးသွင်းလိမ္မာခဲ့ပါသော် အကုသိုလ် စိတ်အစဉ်များ မဖြစ်ပေါ်လာနိုင်ပေ။ သို့မဟုတ်ဘဲ "ငါကလည်း ထမင်းပျော့မစားတတ်ဘူး၊ ထမင်းကလည်း ပျော့လိုက်တာ ခွေးအံ ဖတ်ကျနေတာပဲ" စသည်ဖြင့် ဒေါသဖြစ်စရာအကြောင်းတွေကို နှလုံးသွင်းခဲ့ရင် ဒေါသစိတ်တွေ ဆက်တိုက်ပေါ်လာမည်သာ ဖြစ်ပါ သည်။

ဤမနောဒွါရာဝဇ္ဇန်းစိတ်သည် ကုသိုလ်စိတ်အစဉ် ဖြစ်ပေါ်လာမှု

တွင် သော့ချက်အကျဆုံး၊ အနီးကပ်ဆုံးအကြောင်းဖြစ်သည်။ ထို စိတ်က နှလုံးသွင်း လိမ္မာမှု(ယောနိသောမနသိကာရ)ကိစ္စကို ရွက် ဆောင်ခဲ့လျှင် ကုသိုလ်စိတ်အစဉ် ဖြစ်လာမည်။ နှလုံးသွင်းမလိမ္မာ မှု(အယောနိသောမနသိကာရ)ကိစ္စကို ဆောင်ရွက်ခဲ့လျှင် အကုသိုလ် စိတ်အစဉ်ဖြစ်လာမည်။ အချုပ်အားဖြင့်ဆိုသော် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့်ပင် တွေ့ဆုံသော်ငြားလည်း အယောနိသောမန သိကာရဘက်သို့ စိတ်ဦးလှည့်ခဲ့လျှင် အကုသိုလ်ဖြစ်ဖို့သာရှိ၏။ မိမိအလိုသို့လိုက်ပါသူ လှပျိုဖြူ...စသော မက်မောဖွယ်ရာ တဏှာ လောဘဖြစ်စရာ အာရုံတို့နှင့် ဆုံဆည်းခဲ့သော်လည်းကောင်း၊ မိမိ ကိုသတ်မည့်ရန်သူ...စသော ဒေါသဖြစ်စရာအာရုံတို့နှင့်ပင် ကြုံခဲ့ သော်လည်းကောင်း ယောနိသောမနသိကာရဘက်သို့ ဦးလှည့်ခဲ့ပါ သော် ကုသိုလ်စိတ်အစဉ် ဖြစ်လာနိုင်ပါသည်။ ဤနေရာတွင် ယောနိ သောမနသိကာရ၊ အယောနိသောမနသိကာရတို့နှင့် ပတ်သက်၍ ရှင်တော်ဗုဒ္ဓ၏ ဟောပြသွန်သင်ထားချက်များကို အောက်ပါအတိုင်း ကိုးကားတင်ပြလိုက်ပါသည်။

> "ရဟန်းတို့...မသင့်လျော်သော အကြောင်းအားဖြင့် နှလုံး သွင်းသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရား တို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ် တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။ ရဟန်းတို့... မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှာဖြစ်၏ [၁]။
>
> ရဟန်းတို့...သင့်လျော်သော အကြောင်းအားဖြင့် နှလုံး သွင်းသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရား

---

၁။ အံ၊ ၁၊ မြန်မာပြန်။ ၁၅၊ ၂၀။

တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။ ရဟန်းတို့...သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် များစွာအကျိုးရှိခြင်းငှာဖြစ်၏ [၁]"။

**အယောနိသောမနသိကာရကြောင့် မောဟဖြစ်ပုံ**

။ ။ ပဒဋ္ဌာန်ဆိုသည်မှာ အကျိုးတရားတစ်ခု၏ အနီးကပ်ဆုံး၊ သော့ချက်အကျဆုံးအကြောင်းဖြစ်သည်ကို သိခဲ့ကြပြီ။ မောဟစေတသိက်၏ ပဒဋ္ဌာန်ဆိုသည်မှာ အာရုံကို မသင့်မလျော် လွဲချော်သောအကြောင်းအားဖြင့် နှလုံးသွင်းဆင်ခြင်မှု (အယောနိသောမနသိကာရ)ဖြစ်၏။ စာရှုသူသည် ပစ္စုပဋ္ဌာန်ခန်းတွင် အကျိုးတရားဘက်ကရပ်တည်ပြီး မောဟ၏ သဘာဝကို အကြောင်းတရားအနေဖြင့် ရှုမြင်ခဲ့ကြရပြီ။ ယခုတစ်ဖန် အကြောင်းတရားဘက်ကရပ်ပြီး အကျိုးတရားတစ်ခုအနေဖြင့် မောဟ၏သဘာဝကို ရှုမြင်စေလို၍ ဤပဒဋ္ဌာန်ခန်းကို ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

အကျိုးတရားတစ်ခုဖြစ်ပေါ်လာမှုတွင် နောက်ခံအကြောင်းများများစွာရှိသည်မှာ သဘာဝပင်ဖြစ်သည်။ သို့ဖြစ်၍ မောဟစေတသိက်ဖြစ်ပေါ်လာမှုတွင်လည်း မသင့်မလျော် အလွဲလွဲအချော်ချော် နှလုံးသွင်းခြင်း၊ ကိုယ်,စိတ်တို့ကို ကောင်းစွာမပြုပြင်နိုင်ခြင်း၊ လူမိုက်တို့၏ ဩဝါဒကို ခံယူခြင်း၊ အကုသိုလ်ဖြစ်ကြောင်း မကောင်းသောအရပ်ဒေသ၌ နေရခြင်း စသည်ဖြင့် အကြောင်းပေါင်း မြောက်မြားစွာရှိပါသည်။ သို့သော် ယင်းအကြောင်းများတွင် မသင့်မလျော် နှလုံးသွင်းချော်မှု(အယောနိသောမနသိကာရ)အကြောင်းသည်သာ မောဟ၏

---

[၁]။ အံ၊ ၁၊ မြန်မာပြန် ၁။ ၆-၂၁။

အနီးကပ်ဆုံးအကြောင်းဖြစ်သဖြင့် မောဟ၏ ပဒဋ္ဌာန်အဖြစ် ပြဆိုထားခြင်းဖြစ်သည်။

ချဲ့ပါဦးအံ့၊ မောဟစေတသိက်ကား အကုသိုလ်စိတ်အားလုံးနှင့် အမြဲတစေ တစ်တွဲတည်းတွဲနေသောတရားတည်း။ လောဘစိတ်ဖြစ်ပေါ်လာလျှင်လည်း သူတွဲပါလာသည်။ ဒေါသစိတ်၊ မောဟစိတ်များ ဖြစ်လာသည့်အခါတွင်လည်း သူပါသည်။ ထို့ကြောင့် ယင်းစေတသိက်ကို "အကုသိုလ်ဖြစ်တိုင်းပါ စေတသိက်" (သဗ္ဗာကုသလသာဓာရဏစေတသိက်)ဟု ဗုဒ္ဓအဘိဓမ္မာကျမ်းများတွင် နာမည်ပေးထားသည်။ မောဟစေတသိက်ဖြစ်လာရာတွင် အနီးကပ်ဆုံးအကြောင်းဖြစ်သော မသင့်မလျော် နှလုံးသွင်းချော်မှု(အယောနိသောမနသိကာရ)ကား အထက်တွင် ရှင်းပြခဲ့ပြီးသည့်အတိုင်း မနောဒွါရာဝဇ္ဇန်းစိတ်ပင် ဖြစ်ပါသည်။ ယင်းစိတ်က ဖောက်လွဲဖောက်ပြန် မမှန်ကန်သောနည်းဖြင့် နှလုံးသွင်းဆင်ခြင်သည့်အတွက် မောဟစေတသိက်စသည်တို့ ပူးတွဲပါဝင်သော လောဘ၊ ဒေါသနှင့် မောဟ အကုသိုလ်စိတ်တို့ ဖြစ်လာရသည်။

ပုံစံဖြင့် ရှင်းပြပါဦးအံ့။ တစ်စုံတစ်ယောက်သောသူသည် လောဘသားတွေက နှစ်သက်စရာ၊ သာယာစရာ၊ လိုချင်စရာ(သုဘ)အာရုံဟု ထင်နေကြသည့် လှပကောင်းမွန်သည့် ရုပ်ဝတ္ထုတစ်ခုခုကို တွေ့မြင်၍ စိတ်အစဉ်သစ်တစ်ခု ဖြစ်ပေါ်လာရာ ယင်းစိတ်အစဉ်တွင်ပါဝင်သော အာရုံဆင်ခြင်စိတ်(မနောဒွါရာဝဇ္ဇန်း)က "ဒီအမျိုးသမီး၊ အမျိုးသားဟာ (ဝါ) ဒီပစ္စည်းဟာ တစ်နေ့ပျက်စီးမှာ အမှန်ပဲ။ သူ့မှာ ထာဝစဉ်တည်မြဲမှုသဘော မရှိဘူး။ သူဟာ လက်ခံသိမ်းပိုက်ထားသူကို ဒုက္ခများစွာပေးမဲ့ ဒုက္ခကောင်ပဲ၊ တကယ်နှစ်သက်စရာ၊ လိုချင်စရာကောင်းတဲ့ဟာ မဟုတ်ဘူး" စသည်ဖြင့် အမှန်အတိုင်း နှလုံးသွင်း

ဆင်ခြင်မှု (ယောနိသောမနသိကာရ)ရှိခဲ့ပါက အကုသိုလ်စိတ်အစဉ် ဖြစ်ပေါ်ခွင့်မရှိပေ။ ယင်းသို့မဆင်ခြင်မိဘဲ "တယ်လှပါကလား၊ တယ်ကောင်းပါကလား၊ ဒီဟာကိုရလျှင် တကယ်စိတ်ချမ်းသာမှာပဲ၊ တကယ့်ကို သာယာစရာ လိုချင်စရာကောင်းတဲ့ဟာပဲ" စသည်ဖြင့် ဖောက်ဖောက်ပြန်ပြန် နှလုံးသွင်းမမှန်မှု(အယောနိသောမနသိကာရ) ရှိခဲ့ပါသော် ထိုပုဂ္ဂိုလ်သန္တာန်၌ ကာမစ္ဆန္ဒနီဝရဏတရားများပေါ်လာကာ လောဘဇောစိတ်အစဉ်များ ဆက်တိုက်ဖြစ်လာမည်မှာ သေချာပါသည်။ ထိုစိတ်အစဉ်တွင် မောဟစေတသိက်ယှဉ်တွဲပါရှိခဲ့ရာ ပထမဆုံးဖြစ်လာသော လောဘစိတ်တွင် တွဲဘက်ပါဝင်လာသော မောဟစေတသိက်ကို အယောနိသောမနသိကာရက စိတ္တက္ခဏမခြား အနီးကပ်ဆုံး အကြောင်းတရားအနေဖြင့် ကျေးဇူးပြုပေသည်။ အဓိပ္ပာယ်မှာ မသင့်မလျော် နှလုံးသွင်းချော်မှု(အယောနိသောမနသိကာရ) ကြောင့် မောဟစေတသိက် ဖြစ်လာရသည်ဟုဆိုပါသည်။[၁]

ထို့ပြင် စိတ်ဆိုးစရာ၊ အမျက်ထွက်စရာ (ပဋိဃ) အာရုံတို့နှင့် ဆုံဆည်းမိသည့်အခါတွင်လည်း မသင့်မလျော် နှလုံးသွင်းချော်သွားပါက ဒေါသစိတ်နှင့်အတူ မောဟစေတသိက် ဖြစ်လာတတ်ပေသည်။ ဥပမာ–မိမိအပြုအမူ (သို့မဟုတ်) ပြောဆိုယူဆချက်များတွင် မှားကွက်၊ ပျော့ကွက်၊ အားနည်းချက်များကို အခြားလူတစ်ယောက်က အကြောင်းအကျိုးပြကာ စိစစ်ဝေဖန်လာသည့်အခါ၌ "လူသားတွေဟာ ကိုယ့်အမှားကို ကိုယ်မမြင်နိုင်ခဲကြတယ်။ ငါပြောတာအဟုတ်၊ ငါလုပ်တာအမှန်၊ ငါကြံတာ ယထာဘူတအကျဆုံးလို့ အထင်ကြီးတတ်ကြတယ်။ အမှန်ကတော့ လူသားတိုင်းဟာ အမှားမကင်းနိုင်ဘူး။ ဒီလူဟာ ငါ့အကျိုးကိုလိုလားလို့ မိတ်ဆွေစိတ်ဓာတ်နှင့်

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၂၅၇။ သံ၊ ၃။ ၉၀။

ငါမြင်နိုင်ခဲတဲ့အပြစ်ကို ထောက်ပြဖော်ရတယ်"စသည်ဖြင့် နှလုံးသွင်း သင့်လျော်ခဲ့ပါက ကုသိုလ်စိတ်အစဉ်များ ဖြစ်လာပေမည်။ ထိုသို့ မဆင်ခြင်ဘဲ "ဒီကောင်ဟာ သူများရဲ့မှားကွက်ကို အမြဲစောင့်ကြည့် နေတဲ့အကောင်ပဲ၊ အပြစ်ပြောတတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ သူက ဘယ်လောက်များတတ်လို့လဲ၊ ငါလိုလူကို သူက ဝေဖန်ရမှာ လား" စသည်ဖြင့် နှလုံးသွင်းဖောက်ပြန်ခဲ့ပါက ထိုသူ့သန္တာန်၌ မောဟစေတသိက် ယှဉ်တွဲပါရှိသော ဒေါသဇောစိတ်များ ဖြစ်ပွားလာ မည်မှာ (ရှောင်လွှဲမရသော ပရမတ်တရားတို့၏)နိယာမ အစဉ်အလာ ဖြစ်သည်။ ၁

ထို့အတူ တစ်စုံတစ်ယောက်သောသူသည် မောဟဇောစိတ်များ ဖြစ်ပွားလာနိုင်စရာ အာရုံတို့နှင့် တွေ့ကြုံသည့်အခါတွင်လည်း "အတိတ်ဘဝဆိုတာ လွန်မြောက်ကွယ်ပျောက်ခဲ့ပြီးဖြစ်လို့ မျက်စိ နှင့်မတွေ့ရဘူး၊ အနာဂတ်ဘဝဆိုတာလည်း မဖြစ်သေးလို့ မျက်စိနဲ့ မျှော်ကြည့်လို့မရဘူး။ ယခုလက်ရှိဘဝတစ်ခုသာ မျက်မြင်ကိုယ်တွေ့ ဖြစ်တယ်"။ "ဘုရားဆိုတာလည်း လူကမွေးတဲ့ လူသားတစ်ယောက် ပဲ။ ဘယ်အရာမဆို သိနိုင်တယ်ဆိုတာ စဉ်းစားစရာပဲ။ အားလုံးကို သိနိုင်တယ်ဆိုရင် ယခုထွန်းကားနေတဲ့ သိပ္ပံပညာများဟာ ဘုရား လက်ထက်တုန်းက ဘာကြောင့်မပေါ်ပေါက်ခဲ့သလဲ" စသည်ဖြင့် မသင့်မလျော် နှလုံးသွင်းချော်ခဲ့ပါသော် ထိုသူ့သန္တာန်၌ "ငါသည် ရှေးအတိတ်ဘဝ၌ ဖြစ်မှုဖြစ်ခဲ့ဖူးလေရဲ့လား၊ မဖြစ်ခဲ့ဖူးလေရော့ သလား။ ဘာမဆို သိမြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်ရှင် ဘုရား ရှင်ဆိုတာ ရှိမှရှိနိုင်ပါ့မလား" စသည်ဖြင့် ယုံမှားသံသယသဘော ရှိသော ဝိစိကိစ္ဆာစေတသိက် ဦးဆောင်သည့် မောဟစေတသိက်

---

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၂၅၈။ သံ၊ ၃။ ၉၀။

တွဲဖက်ပါဝင်သော မောဟမူဇောစိတ်များ ဖြစ်ပွားလာမည်ကား မြေကြီးလက်ခတ်တည်း။ [၁]

ဤသို့ သာယာမက်မောဖွယ်ရာ (သုဘ)အာရုံ၊ စိတ်ဆိုးစရာ၊ စိတ်ညစ်စရာ(ပဋိဃ)အာရုံ၊ ယုံမှားစရာ၊ တွေဝေစရာ (မောဟ)အာရုံနှင့် တွေ့ဆုံမိတိုင်း အာရုံဆင်ခြင် (မနောဒွါရာဝဇ္ဇန်း)စိတ်က မသင့်မလျော် အလွဲလွဲအချော်ချော် ဆင်ခြင်နှလုံးသွင်းခဲ့မိပါလျှင် မောဟစေတသိက် တွဲလျက်ပါရှိသော လောဘစိတ်၊ ဒေါသစိတ်နှင့် မောဟစိတ်များ မကြာခဏဖြစ်ပွားလာကြသည်မှာ စိတ္တနိယာမ အစဉ်အလာကြီးတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် မသင့်မလျော်နှလုံးသွင်းချော်မှု (အယောနိသောမနသိကာရ)သည် မောဟစေတသိက်၏ သော့ချက်အကျဆုံးအကြောင်း (ပဒဋ္ဌာန်)ဖြစ်သည်ဟု ဗုဒ္ဓအဘိဓမ္မာက ဖွင့်ဆိုခြင်းဖြစ်ပေသည်။

ဤတွင် မောဟစေတသိက်ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဟူသော ရှုထောင့်လေးဘက်မှ ရှုမြင်၍ ဖွင့်ဆိုရေးသားချက်များ ပြည့်စုံသလောက် ပြည့်စုံသွားပြီဟု ယူဆပါသည်။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မောဟစေတသိက်ကို လက္ခဏာစသည်တို့ဖြင့် ပိုင်းခြားဖွင့်ဆိုခြင်းသည် အဘိဓမ္မာသုတေသီများ မောဟ၏သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်သွားရန် ရည်ရွယ်ပါသည်။ ဥပမာအားဖြင့် ပန်းချီအရာ၌ လိမ္မာကျွမ်းကျင်သော အနုပညာရှင် ပန်းချီဆရာသည် မိမိရေးဆွဲသော ရုပ်ဝတ္ထုတစ်ခုကို ရှုထောင့်စုံမှရှု၍ ရေးဆွဲပါလျှင် ထိုရုပ်ဝတ္ထု၏ ပုံပန်းသဏ္ဌာန်သည် ကြည့်ရှုသူပရိသတ်တို့၏ မျက်စိတွင် ကြည်လင်ပြတ်သား ထင်ရှားစွာပေါ်လာသည်နှင့် တူပါသည်။

---

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၂၆၁ သံ၊ ၃။ ၉၀။

နောက်ဆုံး မောဟစေတသိက်၏ သဘောတရားများကို အနှစ်ချုပ်လိုက်သော် စိတ်သည် အာရုံအမှန်တရားများကို ယထာဘူတကျကျ မသိနိုင်ဘဲ စိတ်ထဲတွင် မှောင်ကြီးကျနေသည့် အမှတ်အသားလက္ခဏာသည် မောဟ၏သဘောလက္ခဏာဖြစ်သည်။

မောဟသည် သူကိုယ်တိုင်က အာရုံ၏ အမှန်သဘောများကို မသိသည့်အပြင် တွဲဖက်တရားများကိုလည်း မသိနိုင်၊ မမြင်နိုင်အောင် ဖုံးလွှမ်းကာကွယ်ပေးသော ကိစ္စတာဝန်ကို ရွက်ဆောင်သောသဘောရှိသည်။

မောဟကြောင့် သတ္တဝါများသည် ကောင်းစွာမကျင့်နိုင် မကြံနိုင်ကြဘဲ အမှားမှားအယွင်းယွင်း ဒုစရိုက်မှုခင်းများကို ပြုကျင့်မိခြင်းအကျိုးများကို မလွဲမသွေ ခံစားနေကြရသည်။

မောဟဖြစ်ပေါ်လာအောင် ဖန်တီးပေးသော အဓိကအကျဆုံးတရားခံကား အာရုံကို မသင့်မလျော် အလွဲလွဲအချော်ချော် နှလုံးသွင်းသော အယောနိသောမနသိကာရပင် ဖြစ်ပါသည်။

## ၅။ မောဟစေတသိက်အပြားနှင့် မောဟစေတသိက် နာမည်ထူးများ

### မောဟစေတသိက်အပြား

ဒိဋ္ဌိအားဖြင့်(၂)ပါးပြားပုံ ။ ။မောဟစေတသိက်သည် အရာရာတွင် စူးစမ်းဆင်ခြင် ရှုမြင်တတ်သော

.သဘောရှိသည့် ဉာဏ်(ဥပပရိက္ခာ)နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မဟုတ်မမှန်သောအရာတို့ကို လက်ခံယုံကြည်မှုသည် စူးစမ်းဆင်ခြင်ရှုမြင်ဉာဏ် ကင်းသော မောဟစေတသိက်ပင်ဖြစ်သည်။ ယင်းစေ

တသိက်သည့် ဒိဋ္ဌိစေတသိက်နှင့်အတူမဖြစ်သော(ဒိဋ္ဌိရဟိတ)မောဟ၊ ဒိဋ္ဌိစေတသိက်နှင့်အတူဖြစ်သော(ဒိဋ္ဌိသဟိတ)မောဟဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင် မှားသောအယူအဆရှိသူတို့က တိတ္ထိဆရာကြီးများ၏ ဟောပြောသွန်သင်ချက်များကိုဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်တို့က အမှားကို အမှန်ထင်ကာ သွန်သင်ကြသော ဆရာဝါး ဆရာမှားတို့၏ ဟောပြောချက်များကိုဖြစ်စေ၊ ဒိဋ္ဌိကင်းသော (ဒိဋ္ဌိဂတဝိပ္ပယုတ်)စိတ်ဖြင့် လက်ခံယုံကြည်ခြင်းသည်လည်းကောင်း၊ ဒိဋ္ဌိသဘာမပါဘဲ သက်သက်တွေဝေခြင်း မသိခြင်းသည်လည်းကောင်း၊ ဒိဋ္ဌိရဟိတမောဟ ဖြစ်သည်။ ဒိဋ္ဌိစေတသိက်ယှဉ်တွဲပါရှိသော(ဒိဋ္ဌိဂတသမ္ပယုတ်)စိတ်ဖြင့် လက်ခံယုံကြည်မှုမှာမူ ဒိဋ္ဌိသဟိတ မောဟဖြစ်သည်။ သို့ရာတွင် ယင်းယုံကြည်မှု၌ ဒိဋ္ဌိက အဓိကကျသည်၊ ပြင်္ဌာန်းသည်။ တစ်နည်းဆိုသော် ဒိဋ္ဌိကဦးဆောင်၍ မောဟက နောက်လိုက်ဖြစ်သည်။[၁]

**သင်္ခါရအားဖြင့် (၂)ပါးပြားပုံ** ။ ။ သင်္ခါရဆိုသည်မှာ မိမိ ကိုယ်, နှုတ်,စိတ်၊ သူတစ်ပါးတို့၏ ကိုယ်,နှုတ်တို့ဖြင့် တိုက်တွန်းမှု၊ လှုံ့ဆော်မှုတို့ကိုဆိုသည်။ ထို့ကြောင့် တိုက်တွန်းမှုပါသောစိတ်ကို သသင်္ခါရိက (သ=ရှိ+သင်္ခါရိက= တိုက်တွန်းမှု)စိတ်၊ တိုက်တွန်းမှုကင်းသောစိတ်ကို အသင်္ခါရိက (အ=မရှိ+ သင်္ခါရိက=တိုက်တွန်းမှု)စိတ်ဟု ခေါ်သည်။ မောဟစေတသိက်သည် တိုက်တွန်းမှုရှိသော (သသင်္ခါရိက)စိတ်နှင့်အတူဖြစ်သည့် (သသင်္ခါရိက)မောဟ၊ တိုက်တွန်းမှုကင်းသော (အသင်္ခါရိက)စိတ်နှင့် အတူဖြစ်သည့် (အသင်္ခါရိက)မောဟဟု သင်္ခါရအားဖြင့် နှစ်ပါးပြားသည်။ ဒုစရိုက်မှုများကို ကျူးလွန်သူသည် တစ်ခါတစ်ရံပြုရန် စိတ်မပါဘဲ တွန့်ဆုတ်နေတတ်သည်။ သို့ရာတွင် အခြားသူများက တိုက်တွန်းလှုံ့

---

၁။ မေွသင်္ဂဏီမူလဋီကာ။ ၁၂၀။ အနုဋီကာ။ ၁၂၆။

ဆော်၍ဖြစ်စေ၊ မိမိဘာသာ အကြောင်းကြောင်းတို့ကို စဉ်းစား၍ ဖြစ်စေ၊ ပြစ်မှုများကို ပြုဖြစ်သွားတတ်သည်။ ထိုလွန်ကျူးသော စိတ်ကား တိုက်တွန်းမှု၊ အားပေးလှုံ့ဆော်မှု သင်္ခါရပါသော သသင်္ခါရိကစိတ်ဖြစ်သည်။ ထိုစိတ်တွင် တွဲလျက်ပါရှိသော မောဟစေတသိက်သည်လည်း ရွှေပင်နား ရွှေကျေးဆိုသကဲ့သို့ တိုက်တွန်းမှုပါသော (သသင်္ခါရိက)မောဟဖြစ်သည်။ တစ်ခါတစ်ရံမှာမူ ပြစ်မှုများကိုပြုလုပ်ရန် စိတ်အားသန်လျက်ရှိရကား အခြားသူများက မတိုက်တွန်းရဘဲ အလိုအလျောက် ပြုတတ်သည်။ ထိုစိတ်ကား တိုက်တွန်းမှုသင်္ခါရ မပါသော အသင်္ခါရိကစိတ်ဖြစ်သည်။ ယင်းစိတ်တွင် ယှဉ်တွဲပါရှိသော မောဟသည်လည်း တိုက်တွန်းမှုကင်းသော (အသင်္ခါရိက) မောဟဖြစ်သည်။

**ဝေဒနာအားဖြင့် (၃)ပါးပြားပုံ ။ ။** မောဟနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် ဝေဒနာ(ခံစားချက်) စေတသိက်က သောမနဿဝေဒနာ(ဝမ်းသာမှု)၊ ဒေါမနဿဝေဒနာ (စိတ်မချမ်းသာမှု)၊ ဥပေက္ခာဝေဒနာ(ဝမ်းသာဝမ်းနည်းမဖြစ်မှု)ဟု သုံးမျိုးပြားသည့်အတွက် မောဟလည်း သုံးမျိုးပြားရသည်။ ယင်းသုံးမျိုးမှာ...

၁။ သောမနဿဝေဒနာနှင့် အတူဖြစ်သော (သောမနဿသဟဂတ)မောဟ၊

၂။ ဒေါမနဿဝေဒနာနှင့်အတူဖြစ်သော (ဥပေက္ခာသဟဂတ)မောဟ၊

၃။ ဥပေက္ခာဝေဒနာနှင့်အတူဖြစ်သော (ဥပေက္ခာသဟဂတ) မောဟတို့ဖြစ်သည်။

အချို့သောသူများသည် အကြင်အခါ၌ အကုသိုလ်ပြစ်မှုများကို ဝမ်းပန်းတသာဖြင့်လည်းကောင်း၊ စိတ်မချမ်းမသာဖြင့်လည်းကောင်း၊

ဝမ်းနည်းဝမ်းသာ မရှိ၊ သင့်တော်ရုံခံစားမှုဖြင့်လည်းကောင်း ကျူးလွန်ကြသည်။ ထိုအခါ၌ သောမနဿသဟဂတ မောဟသည် လည်းကောင်း၊ ဒေါမနဿသဟဂတ မောဟသည်လည်းကောင်း၊ ဉပေက္ခာသဟဂတ မောဟသည်လည်းကောင်း ဖြစ်ပါသည်။

**သစ္စာအားဖြင့် (၄)ပါးပြားပုံ** ။ ။ မောဟစေတသိက် ဖုံးလွှမ်းရာဌာန ဖြစ်သော သစ္စာတရားက လေးပါးရှိသောကြောင့် မောဟလည်း လေးပါးပြားရသည်။ ထိုလေးပါးမှာ...

၁။ ဒုက္ခ၏နှိပ်စက်ညှဉ်းပန်းတတ်သော သဘောမှန်ကို မမြင်အောင်ဖုံးလွှမ်းသော (ဒုက္ခေ အညာဏ)မောဟ၊

၂။ လောဘတဏှာ၏ ဒုက္ခမျိုးစုံကို ဖန်တီးတတ်သော အမှန်သဘာဝကို မမြင်အောင် ဖုံးလွှမ်းသော (သမုဒယေ အညာဏ) မောဟ၊

၃။ နိဗ္ဗာန်၏ ဒုက္ခချုပ်ငြိမ်းရာဖြစ်သော အမှန်သဘောကို မမြင်အောင်ဖုံးလွှမ်းသော(နိရောဓေ အညာဏ)မောဟ၊

၄။ မဂ်တရား၏ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ဟူသောသဘောကို မမြင်အောင်ဖုံးလွှမ်းသော (မဂ္ဂေ အညာဏ)မောဟတို့ဖြစ်သည်။

**ဂတိအားဖြင့် (၅)ပါးပြားပုံ** ။ ။ မောဟသည် ပုထုဇဉ်သတ္တဝါများ လားရောက်ရာ (ဂတိ)ငါးမျိုး၌ အပြစ်ကို ဖုံးလွှမ်းသောအားဖြင့် ငါးမျိုးရှိသည်။ ယင်းငါးမျိုးမှာ...

၁။ နတ်ပြည် ဗြဟ္မာပြည်တို့၌ အပြစ်ကိုမမြင်အောင်ဖုံးလွှမ်းတတ်သော (ဒေဝဂတိ အညာဏ)မောဟ၊

၂။ လူ့ပြည်၌ အပြစ်ကိုမမြင်အောင် ဖုံးလွှမ်းတတ်သော (မနုဿဂတိ အညာဏ)မောဟ၊

၃။ ပြိတ္တာဘုံ အသုရကာယ်ဘုံတို့၌ အပြစ်ကိုမမြင်အောင် ဖုံးလွှမ်းသော (ပေတဂတိစ္ဆဒန)မောဟ၊

၄။ တိရစ္ဆာန်မျိုးတို့၌ အပြစ်ကိုမမြင်အောင် ဖုံးလွှမ်းသော (တိရစ္ဆာနဂတိစ္ဆာဒန)မောဟ၊

၅။ ငရဲဘုံတို့၌ အပြစ်မမြင်အောင် ဖုံးလွှမ်းသော (နိရယာဂတိစ္ဆာဒန)မောဟတို့ဖြစ်ပါသည်။

ထို့ပြင် မောဟသည် ဒွါရ,အာရုံ စသည်အားဖြင့် များသော အပြားရှိသေးသည်။ [၁]

## မောဟစေတသိက်၏ နာမည်ထူးများ

မောဟစေတသိက်သည် မိမိပါဝင်ရသော အကုသိုလ်ဇာတ်အဖွဲ့ကြီးတွင် အသုံးတော်ခံရသည့်အခန်းအလိုက် ထိုက်တန်သော အခြားနာမည်ထူးများကိုလည်း ရပေသေးသည်။ ယင်းနာမည်ထူးများကား အဝိဇ္ဇာ၊ မူလ၊ ဟေတု၊ ဩဃ၊ ယောဂ၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်ကိလေသာ စသည်တို့ဖြစ်သည်။ ထိုနာမည်ထူးများရလာပုံကို တစ်ခုစီ ဆက်လက်ရှင်းပြပါမည်။

**အဝိဇ္ဇာ**။ ။ ရှင်တော်ဗုဒ္ဓသည် ဝိဘင်းပါဠိတော်တွင် ကြောင်းကျိုးပြ ပဋိစ္စသမုပ္ပာဒ်တရားတော်ကို အခန်းတစ်ခန်းဖွင့်၍ တစ်ခမ်းတနား ဟောကြားခဲ့သည်။ ထိုဒေသနာတွင် မောဟစေတသိက်ကို အဝိဇ္ဇာဟု နာမည်တစ်မျိုးတပ်ခဲ့သည်။ အမှန်စင်စစ် မောဟစေတသိက်သည် မလုပ်သင့်မလုပ်ထိုက်သောကြောင့် ရယူခြင်းငှာ လုံးလုံးမသင့်သော ဒုစရိုက်မှုများကို ရယူတတ်သည်။ အပြန်အားဖြင့် လုပ်

---

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၁၂၉။

သင့်လုပ်ထိုက် ရသင့်ရထိုက်သော သုစရိုက်မှုများကိုမှ မရတတ်၊ မပြုတတ်ပေ။ ခန္ဓာတို့၏ အပေါင်းအစုသဘော၊ အာယတနတို့၏ မိမိတို့ကိုအမှီပြု၍ စက္ခုဝိညာဏ် စသည်တို့ကိုဖြစ်စေခြင်းသဘော၊ ဓာတ်တို့၏ အတ္တ,ဇီဝ(ကိုယ်,အသက်)တို့မှ ဆိတ်သုဉ်းခြင်းသဘော၊ သစ္စာတို့၏ မဖောက်မပြန် မှန်ကန်ခြင်းသဘော၊ ဣန္ဒြေတို့၏ အစိုးရခြင်းသဘောတို့ကို မသိနားမလည်အောင် ပြုတတ်၏။ သစ္စာလေးပါးတို့၏ နှိပ်စက်ညှဉ်းပန်းခြင်း စသော အနက်ကိုလည်းမသိချေ။ အဆုံးမရှိသော သံသရာရေအယဉ်တွင် ပဋိသန္ဓေအမျိုးမျိုး၊ ဘဝအမျိုးမျိုးအားဖြင့် သတ္တဝါများကို မျောစေတတ်ဖြစ်စေတတ်၏။ ပုပ္ပုရွရွမြင်သမျှ သတ္တဝါတွေကို ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟု မယူဆ။ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ...စသည်ဖြင့် ယူဆတတ်၏။ ထို့ပြင် စက္ခုဝိညာဏ်...စသည်တို့၏ မှီရာဝတ္ထုရုပ်၊ ပြုရာအာရုံတို့ကိုလည်းကောင်း၊ အဝိဇ္ဇာ စသောအကြောင်းတရား၊ ဇရာ၊ မရဏ စသောအကျိုးတရားတို့ကိုလည်းကောင်း၊ ဖုံးလွှမ်းတတ်သောသဘောရှိပေသည်။ ထိုအကြောင်းများကြောင့် မောဟသည် အဝိဇ္ဇာဟူသော နာမည်ထူးကို ရပေသည်။ [၁]

ဤနေရာတွင် အဝိဇ္ဇာ၏လက္ခဏာ စသည်တို့ကို သိဖို့လိုပါသည်။ အဝိဇ္ဇာသည် မသိခြင်းအမှတ်အသားလက္ခဏာရှိ၏။ တွဲဖက်တရားများနှင့် ဆိုင်ရာပုဂ္ဂိုလ်ကို ပြင်းစွာတွေဝေစေခြင်း၊ မိုက်မဲစေခြင်းကိစ္စကိုဆောင်၏။ အာရုံ၏အမှန်သဘောကို ဖုံးလွှမ်းတတ်သော တရားဟု ယောဂီပုဂ္ဂိုလ်တို့ဉာဏ်တွင် ထင်မြင်၏။ အာသဝေါတရားလေးပါးသည် အဝိဇ္ဇာ၏ နီးကပ်သောအကြောင်းဖြစ်၏။ ထိုလေးမျိုးတွင် ရှေ့သုံးမျိုးတို့ကို မောဟအဖွင့်၌ အကျယ်ဖွင့်ဆိုခဲ့ပြီးဖြစ်၍

---

၁။ အဘိ၊ ဋ္ဌ၊ ၂။ ၁၂၇။

နီးကပ်သောအကြောင်း (ပဒဋ္ဌာန်)ကိုသာ အတိုချုပ်ရှင်းပြပါမည်။

ဗုဒ္ဓသည် ပဋိစ္စသမုပ္ပါဒ် ပါဠိတော်၌ အဝိဇ္ဇာကို အစထား၍ ဟောခဲ့သဖြင့် အဝိဇ္ဇာကိုဖြစ်ပေါ်စေနိုင်သော အကြောင်းတရားမရှိဟု ထင်ယောင်ထင်မှား ဖြစ်စရာရှိသည်။ သို့သော် ဗုဒ္ဓအဘိဓမ္မာကား မည်သည့်အကျိုးတရားမှ အကြောင်းကင်းပြီး မဖြစ်နိုင်ဟူသော ခံယူချက်ကို ခိုင်မာစွာ ကိုင်စွဲထားသော သဘာဝဓမ္မဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာကို ထိပ်ကတင်၍ ဟောထားသော်လည်း သူ့ကို ဖြစ်ပေါ်စေနိုင်သောအကြောင်းကား ရှိပေသည်။ ယင်းအကြောင်းမှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း အာသဝေါတရားလေးပါးပင်ဖြစ်၏။ မှန်ပါသည်။ အာသဝေါတရားများဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်သည်ဟု ပါဠိတော်များတွင် ဟောထားပေသည်။ ချဲ့ဦးအံ့။ သောက၊ ပရိဒေဝ၊ ဒေါမနဿတို့သည် ဒေါသစိတ်၌ယှဉ်သော တရားများတည်း။ ထို့ကြောင့် သောကစသည်တို့ဖြစ်တိုင်း အဝိဇ္ဇာခေါ် မောဟလည်း အမြဲတွဲလျက်ရှိပါသည်။ မိမိအလွန်ချစ်မြတ်နိုးသူတစ်ယောက် ပျက်စီးပျောက်ကွယ်သွားသည့်အခါ ချစ်တတ်သော ကာမာသဝကြောင့် စိုးရိမ်ပူဆွေးရမှု (သောက) စသည်တို့ဖြစ်၏။ မိမိ၏ရုပ်တုံးရုပ်ခဲကြီးကို ငါဟုစွဲလမ်းသော ဒိဋ္ဌာသဝကြောင့် ထိုရုပ်တုံးရုပ်ခဲ တစ်မျိုးတမည် ပြောင်းလဲဖောက်ပြန်သည့်အခါ စိုးရိမ်ပူဆွေးရမှု (သောက)စသည်တို့ဖြစ်၏။ ဤနည်းအတိုင်း ဘဝါသဝ၊ အဝိဇ္ဇာသဝ တို့ကြောင့်လည်း စိုးရိမ်ပူဆွေးမှု စသည်တို့ဖြစ်၏။ ထိုသောက စသည်တို့ ဖြစ်တိုင်းဖြစ်တိုင်းတွင် အကုသိုလ်ဖြစ်တိုင်းပါ စေတသိက် ဖြစ်သော မောဟလည်း အမြဲတွဲလျက်ပါသည်။ ဤသို့ အာသဝေါ တရားများကြောင့် အဝိဇ္ဇာဖြစ်လာပါသည်။

မူလ။ ။ မူလသဒ္ဒါသည် အရင်းအမြစ်ဟူသောအနက်ကိုဟောသည်။

မောဟသည် အမြစ်နှင့်တူသည်။ ထို့ကြောင့် ဗုဒ္ဓသည်

ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ယမိုက်ပါဠိတော်ကျမ်းများ၌ မောဟကို မူလဟု နာမည်ပေး၍ ဟောထားသည်။ သစ်ပင်များ၌ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်များဖြစ်ပေါ်လာမှု၊ ရှင်သန်ကြီးထွားမှု၊ ခိုင်မြဲစွာ တည်တံ့မှုတို့တွင် ရေသောက်မြစ်သည် မရှိမဖြစ် အရေးပါဆုံးသော အကြောင်းဖြစ်သည်။ အရွက်ကိုပယ်၊ ခက်ငယ်ကိုချ၊ ခက်မကိုရှဲ၊ ပင်းလုံးလဲအောင် ခုတ်ဖြတ်လင့်ကစား ရေသောက်မြစ်ရှိနေသေးပါက ပြန်လည်ရှင်သန်ကြီးထွားနိုင်သည်။ ထို့အတူ မောဟစေတသိက်သည် အကုသိုလ်သစ်ပင်ကြီး ဖြစ်ပေါ်လာမှုတွင် အဓိကအကျဆုံးသော ရေသောက်မြစ်ကြီးတစ်ခုဖြစ်သည်။ မောဟသည် အာရုံတည်းဟူသော မြေပေါ်၌ ထောက်ရာတည်ရာပြု၍ ဖြစ်ဖော်ဖြစ်ဖက်တရားတို့ကို ခိုင်မြဲစည်ပင်စေ၏။ မောဟတည်းဟူသော အမြစ်မကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့မဖြတ်နိုင်သေးသရွေ့ အကုသိုလ်မှုများ ဆက်လက်ဖြစ်ပေါ်ရှင်သန်နေဦးမည်မှာ ဧကန်ဖြစ်သည်။ ထို့ကြောင့် မောဟသည် အကုသိုလ်အားလုံး၏ ရေသောက်မြစ်ကြီးတစ်ခုဟု အဋ္ဌသာလိနီအဋ္ဌကထာတွင် ဖွင့်ဆိုခဲ့ခြင်းဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် ဝိဘင်း အဋ္ဌကထာတို့၌လည်း အဝိဇ္ဇာအမည်ရသည့် မောဟကို ဝဋ္ဋတရားအမျိုးမျိုးတို့၏ တည်ရာတည်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းစက်၏ အကြောင်းရင်းအကြောင်းစ ဖြစ်သောကြောင့်လည်းကောင်း မူလခေါ်သည်ဟုဖွင့်ဆိုပါသေးသည်။ ပဋိစ္စသမုပ္ပါဒ်ကို နှစ်ပိုင်းခွဲလိုက်လျှင် အဝိဇ္ဇာမှ ဝေဒနာအထိ ရှေ့ပိုင်းဘဝစက်တစ်ခု၊ တဏှာမှ ဇရာမရဏ အထိ နောက်ပိုင်းဘဝစက်တစ်ခုဟု ဘဝစက်နှစ်ခုဖြစ်လာသည်။ ထိုတွင် အဝိဇ္ဇာသည် ရှေ့ပိုင်းစက်၏အကြောင်းရင်း အကြောင်းစ အဖြစ်ဖြင့် ဝဋ္ဋတရားအမျိုးမျိုးကို ဖန်တီးပေးသည်။ တစ်နည်းအားဖြင့် မူလသည် ဦးခေါင်းဟု အဓိပ္ပာယ်ရသည်။ သတ္တဝါတို့၌ ဦးခေါင်း

သည် ပဓာနအချုပ်အချာဖြစ်သကဲ့သို့ အဝိဇ္ဇာသည် ရှေ့ပိုင်းဘဝစက် တွင် အချုပ်အချာဖြစ်သော စက်ခေါင်းကြီးဖြစ်သည်။ မြွေဦးခေါင်းကို ဆုပ်ကိုင်သောအခါ ဆုပ်ကိုင်သူ၏လက်မောင်းသည် ရှည်လျားသော မြွေကိုယ်၏ရစ်ပတ်မှုကိုခံရသကဲ့သို့ ဝဋ်တရားတို့၏ ဦးခေါင်းဖြစ် သော အဝိဇ္ဇာကိုစွဲကိုင်ထားသော သတ္တဝါတို့သည် ဝဋ်တရားတည်း ဟူသော ကိုယ်လျားရှည်ကြီးဖြင့် အထပ်ထပ်ရစ်ပတ်မှုကို ခံနေကြရ ၏။ ဤဆိုပြီး အကြောင်းများကြောင့် မောဟသည် မူလဟူသော နာမည်ထူးကိုရသည်။

**ဟေတု**။ ။ ဗုဒ္ဓသည် ပဋ္ဌာန်းပါဠိတော်၌ မောဟကို ဟေတု(ဟိတ်) ဟူသော နာမည်ထူးဖြင့် ဟောပါသည်။ ဟေတု(ဟိတ်) ၏ အနက်အဓိပ္ပာယ်သည် "ရေသောက်မြစ်နယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"ဆိုသည့်အတိုင်း ရေသောက်မြစ်သဖွယ် ဖြစ်ဖော်ဖြစ်ဖက်တရားများကို ကျေးဇူးပြုတတ်သော အကြောင်း တရားများဟု ဆိုသောကြောင့် မူလပုဒ်နှင့် အဓိပ္ပာယ်တစ်ထပ်တည်း ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ မူလပုဒ်ဖွင့်ဆိုချက်အတိုင်းပင် မှတ်သား ရန်ဖြစ်သည်။

**အာသဝ**။ ။ ဓမ္မသင်္ဂဏီပါဠိတော် ဒုကနိက္ခေပအခန်း၌ မောဟကို အာသဝ(အဝိဇ္ဇာသဝ)ဟူသော နာမည်ဖြင့် ဘုရားဟော ခဲ့သည်။ အမှန်မှာ အာသဝဟူသည် ကာလကြာမြင့်စွာ ထုံအပ်စိမ် အပ်သော အရက်စိမ်ရည်ကိုခေါ်သည်။ မောဟပါသောတရားသုံးပါး (လောဘ၊ ဒိဋ္ဌိ၊ မောဟ)တို့သည် အရက်စိမ်ရည်တို့နှင့် သဘောတူ သောကြောင့် သဒိသူပစာအားဖြင့် အာသဝနာမည်ကိုရကြသည်။ တူပုံမှာ မောဟစသော တရားတို့သည် ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ဆိုး အရက်အိုးဝယ် ဘဝအဆက်ဆက် ပျက်ကွက်သည်မရှိ ထပ်ခါထပ်ခါ အကြိမ်ပေါင်းများစွာ ဖြစ်လေ့ရှိသည့်အတွက် အရက်စိမ်ရည်များ

သဖွယ် ခန္ဓာကိုယ်ဝယ် အထုံရနေသကဲ့သို့ ဖြစ်ပါသည်။ (ဤနေရာ၌ အထုံရနေသကဲ့သို့ ဖြစ်ခြင်းဟူသည် အမြဲတစေ ဓာတ်သတ္တိတစ်ခု အနေနှင့် စွဲမြဲတည်ရှိနေသည်မဟုတ်၊ မကြာခဏဖြစ်လေ့ရှိသဖြင့် ဖြစ်ကြိမ်များသည့်အတွက် ဖြစ်သားဝကာ အကြောင်းသင့်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်မှာ လွယ်လွယ်ကူကူ ဖြစ်လာနိုင်သည့်သဘော ကိုဆိုပါသည်။ အာသဝေါတရားဆိုသည်မှာ ပရမတ်တရားများဖြစ် သည့်အလျောက် အမြဲတစေ ကိန်းအောင်းတည်ရှိနေသော တရားမျိုး မဟုတ်။ အကြောင်းသင့်မှဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားသော တရားမျိုးသာဖြစ်သည်ကို မမေ့အပ်ပေ)။ အရက်စိမ်ရည်သည် သောက်စားသူများကို မူးယစ်စေတတ်၏။ သောက်စားမိခဲ့သော် အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုးတို့ကို ခွဲခြားမမြင်နိုင်ဘဲ တစ်မူးတည်းမူးကာ ထင်မိထင်ရာကို ပြုလုပ်တတ်သောကြောင့် ဒုက္ခပေါင်းများစွာနှင့် ရင်ဆိုင်ကြရ၏။ ဒုက္ခတွေနှင့် ရင်မဆိုင်ရစေ ကာမူ ပညာရှိသူတော်ကောင်းတို့၏ အထင်အမြင်သေးမှုကိုကား မုချခံရပေမည်။ ထို့အတူ မောဟစသော တရားသုံးပါးသည်လည်း ပုထုဇဉ်သတ္တဝါတွေကို တွေဝေမူးယစ်စေ၍ အရူးဖြစ်အောင် ဖန်တီး တတ်၏။ မောဟ စသည်တို့ကြောင့် မကောင်းမှုကို အကောင်းဟု ထင်ကာ လိုလိုလားလားပြုမှားမိကြ၏။ ယင်းသို့ပြုမိသဖြင့် ဒုက္ခမျိုး စုံနှင့် ဆုံဆည်းကြရ၏။ ဒုက္ခများနှင့် မကြုံရစေကာမူ ပညာရှိသူတော် စင်တို့၏ အထင်သေးမှုကိုကား ဧကန်ခံရပေသည်။ ထို့ကြောင့် ဗုဒ္ဓသည် မောဟစသည်ကို အဝိဇ္ဇာသဝစသည်ဖြင့် အာသဝနာမည် ထူးကို ပေးခဲ့ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ယိုစီးပန်းထွက်တတ်သောအနက်ကြောင့် အိုင်း အနာကြီး၌ရှိသော သွေးပုပ်ပြည်ပုပ်ရည်ကို အာသဝဟုခေါ်သည်။ မောဟစသော တရားသုံးပါးတို့သည်လည်း အိုင်းအနာကြီးမှ ယိုစီး

ထွက်ကျလာသော သွေးပုပ် ပြည်ပုပ်တို့နှင့်တူသောကြောင့် အာသဝ နာမည်ကိုရကြသည်။ နူနာရောဂါသည်၏ ခန္ဓာကိုယ်ရှိ အိုင်းအနာတို့မှ ယိုစီးထွက်ကျလာသော သွေးပုပ်ပြည်ပုပ်တို့သည် အဝတ်ပုဆိုးတို့ကို ဖျက်ဆီးသကဲ့သို့ မောဟစသောတရားသုံးပါးတို့သည်လည်း ဒွါရခြောက်ပါးတို့မှ ယိုစီးထွက်ကာ အာရုံခြောက်ပါးတို့ကို ဖျက်ဆီးကြ၏။ ယင်းသို့ သွေးပုပ်ပြည်ပုပ်တို့နှင့်တူသောကြောင့် ဥပစာအားဖြင့် မောဟစသည်တို့သည် အာသဝနာမည်ထူးကိုရသည်။

ထို့ပြင် မောဟ စသော တရားသုံးပါးတို့သည် ဘုံအားဖြင့် သုံးဆယ့်တစ်ဘုံတွင် ထိတ်ဆုံးဘုံဖြစ်သော နေဝသညာနာသညာယတန (အရူပ)ဘုံအထိ၊ တရားအားဖြင့် မဂ်စိတ်များ၏ ရှေ့၌ဖြစ်သော ဂေါတြဘူ၊ ဝေါဒါန်နှင့် ဖိုလ်စိတ်များ၏ ရှေ့ပရိကံအထိ အာရုံပြုသောအားဖြင့် ဖြစ်နိုင်သည့်အတွက် အာသဝဟူသော နာမည်ကိုရကြသည်။

ဩဃ။ ။ ဩဃသဒ္ဒါသည် ရေအယဉ်၊ (ဝါ) ဝဲကိုဟောသည်။

မောဟစသော တရားသုံးပါးသည် ဝဲ,ရေယဉ်တို့နှင့်တူသောကြောင့် ဩဃဟူသော နာမည်တစ်မျိုးဖြင့် ဓမ္မသင်္ဂဏီပါဠိတော်တွင် ဘုရားရှင်ဟောကြားခဲ့သည်။ မြစ်၊ သမုဒ္ဒရာကြီးအတွင်း၌ရှိကြသော ဝဲ,ဩဃကြီးများ၏သဘောသည် မိမိအပေါ်ကျရောက်လာသမျှသော ဝတ္ထုပစ္စည်းများကိုဖြစ်စေ၊ သတ္တဝါများကိုဖြစ်စေ၊ အတင်း နစ်သက်တတ်၏၊ ကူးထွက်နိုင်ခဲသဖြင့် ဝဲထဲတွင်လည်း လည်စေတတ်၏၊ အောက်သို့စုပ်၍လည်း နစ်မြုပ်စေတတ်၏။ ထို့အတူ မောဟစသည်တို့သည်လည်း မိမိဖြစ်ရာသတ္တဝါတို့ကို ဒုက္ခတွင်း၌လည်း အတင်းနစ်၍သတ်တတ်၏။ လွတ်မြောက်ဖို့ရန် မလွယ်ကူသဖြင့် ဘဝပေါင်းများစွာလည်နေရ၏။ နောက်ဆုံးတွင် အပါယ်လေးဘုံသို့ ရောက်သည့်အထိ နစ်မြုပ်စေတတ်သည်။ ယင်း

သို့ ဝဲ,ဩဃရေအယဉ်နှင့် သဘောချင်းတူသောကြောင့် မောဟကို ဩဃနာမည်ဖြင့် အဝိဇ္ဇောဃဟု နာမည်ထူးတပ်ခဲ့ပါသည်။

**ယောဂ**။ ။ ယှဉ်စပ်ခြင်းအနက်ကို ယောဂသဒ္ဒါက ဟောပါသည်။

တစ်ခုသောနေရာ၌ တစ်စုံတစ်ခုသောဝတ္ထုကို ကွာမသွားအောင် အစေးကပ်ထားသကဲ့သို့ သတ္တဝါများကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ထားတတ်သောကြောင့် မောဟစသော တရားသုံးပါးကို ယောဂဟု မှည့်ခေါ်ပြန်သည်။ လှည်း ရထားတို့၌ နွားများကိုတပ်ယှဉ်ထားသကဲ့သို့ ဘဝတည်းဟူသော ယန္တရားစက်၌ သတ္တဝါများကို တပ်ယှဉ်ထားတတ်သောကြောင့်လည်းကောင်း၊ အကြောင်းကိစ္စနှင့် အကျိုးဝိပါက်ကို ဆက်သွယ်ယှဉ်တပ်ထားသောကြောင့်လည်းကောင်း၊ သတ္တဝါတို့ကို ဘဝတစ်ပါးနှင့် ဆက်သွယ်ယှဉ်စပ်ပေးတတ်၊ ဒုက္ခအမျိုးမျိုးနှင့် ယှဉ်စေတတ်သောကြောင့်လည်းကောင်း ယောဂဟူသော အမည်ထူးကို ရပေသည်။ [၁]

**နီဝရဏ**။ ။ နီဝရဏသဒ္ဒါသည် "တားဆီးကန့်ကွက်၊ ပိတ်ပင်ဖျက်၊ အနက်နီဝရဏ်"ဆိုသည့်အတိုင်း တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း အဓိပ္ပာယ်ကိုဆောင်သည်။ မောဟစသော နီဝရဏတရားတို့သည် ဈာန် စသော ကုသိုလ်တရားများကို ဖြစ်ခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ်သောသဘောရှိသည်။ ဖြစ်ခွင့်မပေးရုံသာမဟုတ် ဖြစ်ပြီးသားဈာန် စသောတရားများကိုပင် ကွယ်ပျောက်စေနိုင်သော သတ္တိရှိသည်။ လောဘ၊ ဒေါသနှင့် မောဟစိတ်များဖြစ်နေသည့်အခါ အယုတ်သဖြင့် ကာမကုသိုလ်များပင် အနားမကပ်နိုင်ပါ။ ဈာန်၊ မဂ်၊ ဖိုလ်တရားများကား ဆိုဖွယ်ရာမရှိပေ။ တစ်နည်းအားဖြင့် မောဟစသည်တို့သည် ပကတိမျက်စိတွင် တိမ်သလာမှေး ကာဘိ

၁။ သဂြိုဟ်ဘာသာဋီကာ။ ၅၄၈။

သကဲ့သို့ ပညာမျက်စိကို ပိတ်ဆို့ကာကွယ်တတ်သောသဘောလည်း ရှိပေသည်။ ထို့ကြောင့် မောဟစသည်တို့သည် အဝိဇ္ဇာ၊ နီဝရဏ စသောအားဖြင့် နီဝရဏနာမည်ထူးကို ရကြသည်။

**အနုသယ**။ ။ အနုသယသဒ္ဒါသည် အကြောင်းသင့်က ဖြစ်ပေါ်လာခြင်း၊ (အနု=အကြောင်းသင့်သော်+သယ=ဖြစ်ပေါ်လာခြင်း) အဖန်တလဲလဲဖြစ်ခြင်း၊ (အနု=အဖန်တလဲလဲ+သယ=ဖြစ်ခြင်း) အနက်တို့ကို တိုက်ရိုက်ဟောသည်။ ဆင့်ပွားအနေဖြင့်ကား မဂ်ဖြင့်မပယ်ရသေးခြင်းဟူသော အနက်ကိုလည်း ဟောနိုင်သည်။ မောဟစသော ကိလေသာတို့သည် ဆိုင်ရာမဂ်ဖြင့် မပယ်သတ်ရသေးသည့်အတွက် အကြောင်းအချက်ပေါ်လာခဲ့သော် လွယ်လင့်တကူဖြစ်ပေါ်လေ့ရှိကြသည်။ ထို့ကြောင့် မောဟစသည်တို့ကို အဝိဇ္ဇာနုသယ စသော နာမည်ထူးတို့ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်၌တွင် ဘုရားရှင်ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ယင်းကိလေသာများသည် ဘဝပေါင်းများစွာ သတ္တဝါတို့၏ စိတ်အစဉ်၌ ထပ်တလဲလဲဖြစ်နေကြသဖြင့် အထုံ(အာသေဝနပစ္စည်း) ရကာ အခြားကိလေသာများထက် အင်အားကောင်းလျက်ရှိကြသည်။ သို့ဖြစ်၍ ဣဋ္ဌာရုံစသော အကြောင်းများနှင့် ဆုံဆည်းမိသည်နှင့် တစ်ပြိုင်နက် တားမရဆီးမရ လွယ်ကူစွာဖြစ်လာလေ့ရှိကြသည်။ သို့သော် ထိုကိလေသာများသည် "အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ်နုသယ"ဆိုသကဲ့သို့ သတ္တဝါတို့၏ခန္ဓာအစဉ်ဝယ် မျိုးစေ့ဓာတ်အနေဖြင့် အမြဲမပြတ်ကိန်းဝပ်လျက် ပါနေသော ကိလေသာဓာတ်၊ ကိလေသာသတ္တိမျိုးကား မဟုတ်ချေ။ ဆိုင်ရာမဂ်ဖြင့် မပယ်သတ်ရသေးသောကြောင့် ခန္ဓာအစဉ်၌ ဖြစ်ကြိမ်များလွန်းသဖြင့် ဖြစ်သားဝကာ အင်အားကောင်းနေသော (ထာမဂတ)ကိလေသာမျိုးသာဖြစ်သည်။

အချုပ်ဆိုရသော် ကိန်းဝပ်နေသောကလေသာကို အနုသယဆို သည်မဟုတ်။ မဂ်ဖြင့် မပယ်ရသေးသောကြောင့် အားကောင်းချင် တိုင်း အားကောင်းနေသော ကိလေသာမျိုးကိုသာ အနုသယဟု ဆိုလို ရင်းဖြစ်ပါသည်။ အနုသယ ယမိုက်ပါဠိတော်၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ပဋ္ဌာနမ္ဘိဒါမဂ်ပါဠိတော်၊ မောဟအဖွင့်တို့၌ ဗုဒ္ဓကိုယ်တော်တိုင် အနု သယတို့ကိုဖြစ်ဆဲ ပစ္စုပ္ပန်ကာလဖြင့် ဟောထားရကား ကိန်းဝပ်နေ သောတရားများမဟုတ်ကြောင်း ထင်ရှားလှသည်။ ကထာဝတ္ထုပါဠိ တော်နှင့် ယမိုက်အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာများ ကလည်း အနုသယသည် စိတ်နှင့်ကင်းနေသောတရားမဟုတ်၊ စိတ် နှင့်ယှဉ်တွဲသော အာရုံရှိသော စင်စစ်အကုသိုလ်ဖြစ်သော တရား တည်းဟု တညီတညွတ်တည်း ဖွင့်ဆိုကြပါသည်။

အဘိဓမ္မာဝတာရဋီကာသစ်တွင်လည်း "တစ်ပါးသောဆရာ တို့သည် ကာမရာဂါနုသယပုဒ်ကို ကာမရာဂ၏ အနုသယဟု အရ ကွဲသမာသ်တွဲကာ အနုသယအရ ကာမရာဂစသည်တို့၏ ဗီဇဓာတ် ဖြစ်သော ကိလေသာဖြစ်စေမှုသတ္တိကို ကောက်ယူကြသည်။ အမှန် စင်စစ် အနုသယဟူသည် ကာမရာဂ စသည်တို့မှ သီးခြားဖြစ်သော ဗီဇဓာတ်မျိုးမဟုတ်။ ကာမရာဂ စသည်တို့သည်ပင်လျှင် အနုသယ ဖြစ်ကြသည်"ဟု ဋီကာဆရာ ဖွင့်ဆိုပါသည်။

ထို့ကြောင့် ဤနေရာ၌ ပရမတ်တရားများကား ထာဝစဉ်တည်မြဲ နေသော သဘောတရားမျိုးမဟုတ်။ မြစ်ရေယဉ်အလား ဖြစ်ပွား ချုပ်ပျက်နေသော သဘောတရားများသာဖြစ်သည်ကို သတိမလစ် သင့်ကြပေ။ အကယ်၍ ခန္ဓာအစဉ်ဝယ် မျိုးစေ့သဖွယ် မိုတွယ် ကိန်းဝပ်ပါရှိနေသော ကိလေသာမျိုးကို အနုသယဟု အဓိပ္ပာယ် ကောက်ယူခဲ့သော် အစဉ်မြဲ၏ဟု ယူသော သဿတဒိဋ္ဌိမှ မလွတ်ဘဲ

ရှိပေလိမ့်မည်။ အနုသယ၏အဓိပ္ပာယ်ကို ကောက်ယူရာတွင် သဿ တဒိဋ္ဌိတည်းဟူသော တစ်ဖက်စွန်းသို့ မရောက်သွားစေဘဲ သဿတ အယူနှင့် ဥစ္ဆေဒအယူတို့ကို လုံးဝလက်မခံသော ဗုဒ္ဓဝါဒစစ်စစ်နှင့် တစ်သားတည်း ကိုက်ညီဖို့ အရေးကြီးပါသည်။

**သံယောဇဉ်။** ။ သံယောဇဉ်ဟူသည် သံယောဇန (သံယောဇန= သံယောဇဉ်)ပါဠိမှဖြစ်လာသော ပါဠိသက်ပုဒ်တည်း။ တုပ်နှောင်ဖွဲ့ချည်ခြင်းဟု အဓိပ္ပာယ်ရသည်။ "ထိပ်ထောင်နှောင်ကြိုး၊ အဖွဲ့မျိုး၊ ဖွင့်ရိုးသံယောဇဉ်"ဆိုသကဲ့သို့ လက်ထိပ်အမျိုးမျိုး၊ ထောင် အမျိုးမျိုး၊ နှောင်ကြိုးအမျိုးမျိုးနှင့် တုပ်နှောင်ဖွဲ့ချုပ်ထားဘိသကဲ့သို့ သတ္တဝါတို့ကို သံသရာဝဋ်မှ မလွတ်ရအောင် တုပ်နှောင်ဖွဲ့ချည် ထားတတ်သောကြောင့် သံယောဇဉ်ဆယ်ပါးတွင် အဝိဇ္ဇာသံယောဇဉ် ဟူသောနာမည်ကိုရသည်။ သံယောဇဉ်ကား အထက်တန်းစား (ဥဒ္ဓံ ဘာဂိယ) သံယောဇဉ်၊ အောက်တန်းစား(ဩရမ္ဘာဂိယ)သံယောဇဉ်ဟု နှစ်မျိုးရှိသည်။ မောဟသည် ယင်းနှစ်မျိုးတွင် အထက်တန်းစား သံယောဇဉ်တွင် ပါဝင်သည်။ အကြောင်းကိုဆိုသော် အဝိဇ္ဇာသံယော ဇဉ်ကို အောက်မဂ်သုံးပါးဖြင့် မပယ်သတ်နိုင်သေး။ ထိပ်ဆုံးဖြစ်သော အရဟတ္တမဂ်ဖြင့်သာ ပယ်သတ်နိုင်သောကြောင့်ဖြစ်သည်။ တစ်နည်း ဆိုသော် အဝိဇ္ဇာသံယောဇဉ်သည် အောက်တန်းကျသော ကာမ ၁၁ ဘုံ၌သာဖြစ်သည်မဟုတ်၊ အထက်တန်းကျသော ရူပဘုံ အရူပဘုံ များအထိ ဖြစ်လေ့ရှိသောကြောင့် အထက်တန်းစားသံယောဇဉ်ဟု ခေါ်ပါသည်။

**ကိလေသာ။** ။ "ပူပန်ညစ်ကျုံ၊ နှိပ်စက်မှု၊ ဆယ်ခုကိလေမှတ်" ဆိုသလို ကိလေသသဒ္ဒါသည် ပူပန်စေခြင်း၊ ညစ် နွမ်းစေခြင်း၊ နှိပ်စက်ခြင်းအနက်များကို ဟောသည်။ "ကိလေသာမီး" ဟု ဆိုရိုးရှိသကဲ့သို့ မောဟသည် သတ္တဝါတို့၏စိတ်အစဉ်ကို မီး

သဖွယ် ပူပန်စေတတ်သောသဘော၊ နှိပ်စက်တတ်သောသဘော၊ ညစ်နွမ်းစေတတ်သောသဘောရှိသည်။ ဒေါသမီး မောဟမီး စသည်တို့ တောက်လောင်လာသောအခါ စိတ်အစဉ်သည် ကြည်ကြည်လင်လင် ချမ်းချမ်းသာသာမရှိ။ ညစ်နွမ်းသောသဘောရှိ၏။ ဤသဘောကိုပင် လောကဝေါဟာရအားဖြင့် စိတ်ညစ်သည်ဟု ခေါ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် မောဟသည် ကိလေသာဟူသော နာမည်ကိုရသည်။

ထို့ပြင် မောဟသည် အမှန်တရားကိုမသိခြင်းကြောင့် အညာဏ၊ မမြင်ခြင်းကြောင့် အဒဿန၊ ထိုးထွင်း၍မသိတတ်သောကြောင့် အနဘိသမယ၊ အမှန်တရားအားလျော်စွာ မသိတတ်သောကြောင့် အနနုဗောဓ၊ သစ္စာလေးပါးကို မသိတတ်သောကြောင့် အပ္ပဋိဝေဓ၊ အနိစ္စ...စသည်ဖြင့် မယူတတ်သောကြောင့် အသံဂါဟန၊ အနိစ္စ... စသည်တို့နှင့်ယှဉ်၍ မသိတတ်သောကြောင့် အသမ္ဗောဓ၊ အမှန်တရားကိုသက်ဝင်၍ မယူတတ်သောကြောင့် အပရိယောဂဟန၊ အညီအညွတ်မရှိတတ်သောကြောင့် အသမပေက္ခန၊ မဆင်ခြင်တတ်သောကြောင့် အပေစ္စဝေက္ခနာ၊ မျက်မှောက်မရှုတတ်သော (ဝါ) အကောင်းအဆိုးကို မဝေခွဲတတ်သောကြောင့် အပစ္စက္ခကမ္မ၊ စိတ်၏ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးတတ်သောကြောင့် ဒုမ္မေဇ္ဈ။ လူမိုက်ဖြစ်ကြောင်းဖြစ်သောကြောင့် ဗာလျ၊ ကောင်းစွာအပြားအားဖြင့် မသိတတ်သောကြောင့် အသမ္ပဇည၊ ပြင်းစွာတွေဝေခြင်းကြောင့် ပမောဟ၊ ပတ်ဝန်းကျင်တွေဝေခြင်းကြောင့် သမ္မောဟ၊ တံခါး ကျည်မင်းတုပ်နှင့်တူသောကြောင့် အဝိဇ္ဇာလိင်္ဂီဟူသော အမည်ကိုလည်းရသည်။ [၁]

၁။ အဘိ၊ ၁။ ၉၄။

## ၆။ မောဟအကြောင်း သိကောင်းစရာများ

**စရိုက်သိရန် အကဲခတ်နည်းများ။** ။ သတ္တဝါတစ်ဦးတစ်ယောက်၏ သန္တာန်၌ အခြားတရားများဖြစ်သည်ထက် တရားတစ်ခု၏ အဖြစ်များခြင်း (ဝါ) လွန်ကဲစွာဖြစ်ခြင်းကို စရိုက် (စရိတ=စရိုက်=မပြတ်ဖြစ်ခြင်း)ဟု ခေါ်သည်။ သို့ဖြစ်၍ ရာဂအဖြစ်များသူ (ဝါ) ရာဂလွန်ကဲသူကို ရာဂစရိုက်ရှိသူဟုလည်းကောင်း၊ မောဟအဖြစ်များသူ (ဝါ) မောဟလွန်ကဲသူကို မောဟစရိုက်ရှိသူဟုလည်းကောင်း ခေါ်ဆိုရသည်။ ဤနေရာ၌ သူတစ်ပါးတို့၏စိတ်ကိုသိနိုင်သော (ပရစိတ္တဝိဇာနန)ဉာဏ်ကြီးရှင်များ မဟုတ်လျှင် တစ်ပါးသူတို့၏စရိုက်ကို တိတိကျကျသိနိုင်ဖို့ရန် ခဲယဉ်းသည်။ သို့သော် ထိုဉာဏ်မျိုးမရှိသူများအတွက် စရိုက်ကို ခန့်မှန်းအကဲခတ်နိုင်ရန် နည်းလမ်းများရှိပါသည်။

ယင်းနည်းလမ်းများမှာ–

၁။ အသွားအလာ အနေအထိုင် စသော ဣရိယာပုတ်၊
၂။ လုပ်ငန်းကိစ္စများကို ပြုလုပ်နည်း ပြုလုပ်ဟန်၊
၃။ ကြိုက်တတ်သည့်အစားအစာ၊
၄။ မြင်ရာကြားရာ စသည်တို့၌ သဘောထားပုံ၊
၅။ အများအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသော တရားများဖြစ်ကြသည်။

ဤအချက်များဖြင့် တစ်ဦးဦးကို စဉ်းစားကြည့်ရှု သတိပြုအကဲခတ်ပါလျှင် မည်သည့်စရိုက်ရှိသူဟု ခန့်မှန်းနိုင်ဖွယ်ရာရှိပေသည်။

**မောဟစရိုက်ရှိသူ။** ။ မောဟစရိုက်ရှိသူတို့ကို အထက်အပါအကဲခတ်နည်းများဖြင့် ဆန်းစစ်ကြည့်လျှင် မောဟစရိုက်ရှိသူသည် သွားလာသောအခါ ပတ်ဝန်းကျင်ကို အနှောင့်

အယုက်ပြုသကဲ့သို့ ဖယ်ယမ်းဖယ်ယမ်းနှင့် သွားတတ်သည်။ ကြောက်သလိုလို ရွံ့သလိုလိုနှင့် ခြေကိုချသည်၊ ကြွသည်။ တစ်ခါတစ်ရံ ခြေဖျားနှင့်နင်း၍ တစ်ခါတစ်ရံ ဖနောင့်နှင့်နင်းသွားတတ်၏။ မတ်တတ်ရပ်သည့်အခါ၌ဖြစ်စေ၊ ထိုင်သည့်အခါ၌ဖြစ်စေ အချိုးမကျတတ်။ ဖြစ်သလိုရပ် ဖြစ်သလိုထိုင်တတ်၏။ အိပ်ရာကို ဖြစ်ကတတ်ဆန်း ရွံ့စောင်းစောင်းခင်း၍ ခြေပစ်လက်ပစ် အိပ်တတ်၏။ အိပ်သည့်အခါ အများအားဖြင့် မှောက်လျက်အိပ်လေ့ရှိ၏။ အိပ်ရာမှထသည့်အခါ ဟင်းဟင်းဟဲဟဲ ဂူးဝါးဟုသမ်းပြီး လေးလံနှေးကွေးစွာထတတ်၏။ အချုပ်အားဖြင့် ပဒိုင်းသီးကျွေးထားသော ဖွတ်၊ ပဒတ်အသွင် မယဉ်မကျေး မှိုင်ငေးပေါ့ပျက် ရုပ်ယှက်ခတ် အနေအထိုင်အသွားအလာ ဣရိယာပုထ်ရှိ၏။

လုပ်ငန်းကိစ္စများကို ပြုမူဆောင်ရွက်ရာတွင် သေသပ်ကျနမှုမရှိ၊ ပေါ့ပေါ့ဆဆ၊ ရှုပ်ရှုပ်ထွေးထွေး ပြုလုပ်တတ်သည်။ စားသောက်သည့်အခါ ပါးစပ်ကို ပေရေအောင်စားလေ့ရှိ၏။ ဟိုတွေးဒီတွေး တငေးငေးဖြင့် စားတတ်၏။ မည်သည့်အစားအစာကိုမှ ကြိုက်တတ်သည်ဟု အစွဲအမြဲမရှိပေ။ မြင်ရာကြားရာ စသည်တို့၌ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်နှိုင်းချိန်လေ့မရှိဘဲ မြင်တိုင်းကြားတိုင်းကို ယုံလွယ်တတ်၏။ အစဉ်သဖြင့် သူတကာ၏ နောက်လိုက်သာဖြစ်၍ သူများချီးမွမ်းသည့်အခါ ရောရှ၍ ချီးမွမ်းတတ်၏။ အများက ကဲ့ရဲ့သည့်အခါတွင်လည်း မိမိကပါ ရောယောင်ကဲ့ရဲ့တတ်၏။ ထိုသူ့သန္တာန်ဝယ် ထိုင်း မှိုင်း ဖျင်းအခြင်း (ထိနမိဒ္ဓ)၊ စိတ်မငြိမ်မသက်ခြင်း (ဥဒ္ဓစ္စ)၊ နောင်တ မကြာမကြာရခြင်း (ကုက္ကုစ္စ)၊ ကေန်ကေ ယတိပြတ် မဆုံးဖြတ်နိုင်ခြင်း (ဝိစိကိစ္ဆာ)၊ မှားသောအယူကိုစွဲမြဲစွာယူတတ်ခြင်း၊ အယူမှားကိုစွန့်လွှတ်နိုင်ခဲခြင်း စသော အကုသိုလ်တရားများ

ဖြစ်လေ့ရှိသည်။ ဤသည်တို့ကား မောဟစရိုက်ရှိသူတို့၌ ဖြစ်လေ့ရှိသော သဘောတရားများ ဖြစ်သည်။ [၁]

**မောဟစရိုက်ရှိသူနှင့်** ။ ။ မောဟစရိုက်ရှိသူသည် လဟာပြင်ဘက်သို့ လျော်သောအရာများ မျက်နှာမူဆောက်ထားသော ကျယ်ဝန်းသည့် အဆောက်အအုံမျိုးနှင့် သင့်လျော်သည်။ တစ်နည်းဆိုသော် တံခါးဖွင့်လိုက်လျှင် အရပ်လေးမျက်နှာလုံးကို ကျယ်ကျယ်ပြန့်ပြန့်မြင်နိုင်သော အဆောက်အအုံမျိုး၌ နေသင့်၏။ ဣရိယာပုထ်လေးပါးတွင် လမ်းလျှောက်ခြင်း ဣရိယာပုထ်နှင့် သင့်လျော်၏။ အာရုံအနေဖြင့်ကာ ကျဉ်းမြောင်းသော ကသိုဏ်းဝန်းသည် စိတ်ကို တွေဝေစေတတ်သဖြင့် ကျယ်ပြန့်သော ကသိုဏ်းဝန်းအာရုံနှင့် သင့်လျော်၏။ အဝတ်ဝတ်ဆင်ရာတွင် ပိုးဖဲကတ္တီပါ စသည့် နူးညံ့သိမ်မွေ့သော အကောင်းစားအဝတ်များကို ဝတ်ဆင်သင့်၏။ ကောင်းစွာဖီးလိမ်းဝတ်ဆင်တတ်သော တယုတယလုပ်ကျွေးတတ်သော ရုပ်ဆင်းအင်္ဂါ လှပချောမောသော အလုပ်အကျွေးများနှင့် သင့်လျော်၏။ [၂]

**မောဟသည် ဒိဋ္ဌိဖြစ်ကြောင်း** ။ ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ သုတ်သီလက္ခန် အဋ္ဌကထာ၊ အင်္ဂုတ္တိုရ်သုတ် အဋ္ဌကထာတို့၌ ဒိဋ္ဌိဖြစ်ကြောင်းတရားတို့ကို ခန္ဓာငါးပါး၊ ဝိတက် စသည်ဖြင့် ရှစ်ပါးပြဆိုထားသည်။ ယင်းအကြောင်းရှစ်ပါးတွင် မောဟပါဝင်ပေသည်။ မောဟသည် ရုပ်နာမ်တရားတို့၏ ဟုတ်မှန်သောသဘောလက္ခဏာတို့ကို မသိမမြင်ဘဲ ယောင်ယမ်းစွဲလမ်းသောကြောင့် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းမည်၏။ [၃]

---

၁။ ဝိသုဒ္ဓိ၊ ပထွဲ။ ၁၀၁–၁၀၃။ ၂။ ဝိသုဒ္ဓိ၊ ပထွဲ။ ၁၀၅–၁၀၆။
၃။ ပရမတ္ထအနုဝဏ္ဏနာ၊ ပထွဲ။ ၄၉။

**မောဟကြောင့် တိရစ္ဆာန်ဖြစ်သည်**။ ။ တွေဝေခြင်း သဘောရှိသော မောဟကြောင့် အမြဲတွေဝေ လေ့ရှိသော တိရစ္ဆာန်မျိုး၌ အများအားဖြင့် ဖြစ်တတ်သည်။ အမောဟ (ပညာ)သည် အသက်ရှည်ကြောင်းတရားဖြစ်သကဲ့သို့ မောဟသည် အသက်တိုကြောင်းတရားတစ်ခုဖြစ်သည်။ အကြောင်းကိုဆိုသော် မောဟအဖြစ်များသောသူသည် အကျိုးဖြစ်မဖြစ်၊ အပြစ်ရှိ,မရှိတို့ကို မသိသဖြင့် အကျိုးမဲ့သော စားသောက်နေထိုင်မှုတို့ကို ပြုလေ့ရှိသော ကြောင့် ဖြစ်သည်။ ကြီးပွားချမ်းသာရာ၌ အမောဟ (ပညာ)သည် အရင်းခံအကြောင်းဖြစ်သည့်နည်းတူ ဆင်းရဲရာတွင် မောဟသည် အဓိကအကြောင်းကြီးတစ်ခုဖြစ်သည်။ [၁]

**ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း**။ ။ မောဟသည် ဒုဂ္ဂတိဘဝသို့ရောက် စေတတ်သော အကုသိုလ်ကံ၏ ထူးသောအကြောင်းရင်းဖြစ်သည်။ မှန်၏။ မောဟဖုံးလွှမ်းမှုကြောင့် အမှုခပ်သိမ်းတို့၌ တွေဝေသောသူ၊ ပညာမျက်စိမရှိသောသူတို့သည် ပြုသင့်ပြုထိုက်သောအမှု၊ မပြုသင့်မပြုထိုက်သောအမှုတို့ကို မသိ သဖြင့် သူ့အသက်သတ်ခြင်း စသော အကုသိုလ်ဒုစရိုက်မှုတို့ကိုသာ အများအားဖြင့် ပြုမိတတ်သည်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ လား ရောက်ရခြင်းဖြစ်သည်။ [၂]

အကြင်တွေဝေတတ်သော သဘောရှိသည့် မောဟကြောင့် တွေ ဝေကြကုန်သော သတ္တဝါတို့သည် ငရဲစသော ဒုဂ္ဂတိဘဝသို့ လား ရောက်ကြကုန်၏။ ထိုမောဟကို ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်တို့သည် မဖောက်မပြန် အမှန်အတိုင်းသိ၍ မဂ်ဉာဏ် ဖြင့် ပယ်နိုင်ကြကုန်၏။ ပယ်ပြီးသည့်နောက်ပိုင်းတွင် ဤလောကသို့ နောက်ထပ် ဘယ်သောအခါမှ ပြန်မလာကြကုန်။ [၃]

---

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၁၇၂။ ၂။ အဘိ၊ ဋ္ဌ၊ ၂။ ၁၂၆။ ၃။ ဣတိဝုတ်။ ၁၉၆။

**အကုသိုလ်ဖြစ်ကြောင်း** ။ ။ အကြင်သတ္တဝါအပေါင်းသည် မောဟဖြင့် ဖွဲ့ယှက်ဖုံးလွှမ်းထားရကား အကြောင်းနှင့် ပြည့်စုံသကဲ့သို့ထင်ရ၏။ ထိုသတ္တဝါအပေါင်းသည် မောဟဖုံးလွှမ်းမှုကို ခံနေရသည်ဖြစ်၍ ကိုယ့်ကျိုးကိုယ့်စီးပွားရှိ,မရှိကို အသေအချာမသိသောကြောင့် ဆင်းရဲခြင်းများကိုသာ သယ်ယူလာသည့် အကုသိုလ်ခေါ်သော အကျိုးမဲ့လုပ်ငန်းများကိုသာ ပြုမိတတ်သည်။ [၁]

**မောဟဂတိ**။ ။ ရဟန်းတို့၊ အဂတိလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ ချစ်ခြင်း(ဆန္ဒ)ကြောင့် အဂတိလိုက်စား၏။ မုန်းခြင်း(ဒေါသ)ကြောင့် အဂတိလိုက်စား၏၊ မသိခြင်း(မောဟ)ကြောင့် အဂတိလိုက်စား၏။ ကြောက်ရွံ့ခြင်း(ဘယ)ကြောင့် အဂတိလိုက်စား၏။ ရဟန်းတို့၊ အဂတိလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်းဟု မိန့်တော်မူ၏။

အကြင်သူသည် ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ရွံ့ခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း၊ တရားကိုကျော်လွန်၍ကျင့်၏။ (ဝါ) မတရားမှုပြု၏။ ထိုသူ၏ အခြံအရံ အကျော်အစော ဂုဏ်သတင်းသည် လဆုတ်ပက္ခလကဲ့သို့ ဆုတ်ယုတ်လေ၏။ [၂]

**မောဟပိုက်ကွန်** ။ ။ ရာဂနှင့်တူသောမီးသည် မရှိ၊ ဒေါသနှင့်တူသော ဖမ်းယူတတ်သောသတ္တဝါသည် မရှိ၊ မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ၊ တဏှာနှင့်တူသောမြစ်သည် မရှိ။

ထိုတွင် ပိုက်ကွန်သည် သားငါးတို့ကို မလွတ်ထွက်နိုင်အောင် ဖုံးအုပ်လွှမ်းခြုံသောသဘောရှိသကဲ့သို့ မောဟသည် သတ္တဝါများကို

---

၁။ ဥဒါန။ ၁၇၆။ ၂။ အံ၊ ၁။ ၃၂၅။ နေတ္တိ။ ၁၀၇။

ဘဝသံသရာမှ မလွတ်နိုင်အောင် ဖုံးလွှမ်းတတ်သော သဘောရှိသည်။ သို့သော် ပိုက်ကွန်က တစ်ဘဝ၊ တစ်ခန္ဓာကိုသာ ဖုံးလွှမ်းနိုင်စွမ်းရှိသည်။ မောဟကမူ သတ္တဝါတွေကို မလွတ်ထွက်နိုင်အောင် ဘဝပေါင်းများစွာ၊ ခန္ဓာပေါင်းများစွာ အထက်အောက် မြှေးယှက်ဖုံးလွှမ်းထားနိုင်သည်။ ထို့ကြောင့် မောဟသည် တုဖက်ကင်းသော ပိုက်ကွန်ကြီးဖြစ်သည်။ [၁]

**မောဟသည် ပျက်စီးကြောင်းတရား။** ။ မင်းကြီး... သတ္တဝါတို့အတွင်းသန္တာန်၌ လောဘ၊ ဒေါသ၊ မောဟတို့ဖြစ်လာခဲ့သော် အကျိုးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ၊ ချမ်းချမ်းသာသာ မနေနိုင်ခြင်းငှာဖြစ်၏။ ဝါးပင်ကို မိမိအသီးသည်ပင် ဖျက်ဆီးသကဲ့သို့ မိမိသန္တာန်၌ဖြစ်သော လောဘ၊ ဒေါသ၊ မောဟတို့သည်ပင် ယုတ်မာသောစိတ်ရှိသူကို ဖျက်ဆီးကုန်၏။ [၂]

**ပကတိအကုသိုလ်မှောင်လုံးကြီး။** ။ ဤလောက၌ အမိုက်မှောင်မည်သည် တစ်စုံတစ်ခုသော အကြောင်းထူးဖြင့် ပြုလုပ်စီမံရသည်မဟုတ်ချေ။ အကြင်အရပ်၌ အလင်းရောင်မရှိ၊ ထိုအရပ်၌ မိမိဘာသာ ဓမ္မတာသိဒ္ဓိအားဖြင့် အမိုက်မှောင်ဖြစ်လာ၏။ ထို့အတူ တရားအပေါင်းတို့တွင် တွေဝေခြင်း မုယှနကြိယာ (မောဟ)ဟူသော မှောင်တိုက်ကြီးသည်လည်း မိမိဘာသာ ဓမ္မတာသိဒ္ဓိအားဖြင့် အကုသိုလ်သဘောရှိ၏။ ဘယ်တရားနှင့်ယှဉ်ရ၍ အကုသိုလ်ဖြစ်ရသည်ဟု မရှိပေ။ မှန်၏။ သာမန်ဖြစ်သော လိုချင်မှု (ဣစ္ဆာ)သည်ရှိ၏။ ယင်းလိုချင်မှုသည် တွေဝေခြင်း မုယှနကြိယာနှင့် ယှဉ်ခဲ့သော် မက်မက်မောမောလိုချင်မှု

၁။ ဓမ္မပဒ။ ၄၉။ ဓမ္မပဒ၊ ဋ္ဌ၊ ဒုတွဲ။ ၂၃၁။ ၂။ ရှုဥနိဒ္ဒေသ။ ၂၅။

ဘက်သို့ ကူးပြောင်းကာ အကုသိုလ်လောဘကြီး ဖြစ်ရ၏။ ထိုလိုချင်မှုသည်ပင် သဒ္ဓါစသည်နှင့် ယှဉ်တွဲမိသောအခါ ကျင့်လိုခြင်း၊ သိလိုခြင်း၊ ထွက်မြောက်လိုခြင်း (ဓမ္မစ္ဆန္ဒ)ဘက်သို့ ကူးပြောင်းကာ ကုသိုလ်ဆန္ဒကြီးဖြစ်လာသည်။ ထို့ပြင် သည်းမခံချင်မှု (အက္ခန္တိ)သည်လည်း မုယနကြိယာနယ်သို့ ကျရောက်ခဲ့လျှင် မည်သူ့နှိပ်စက်ခြင်းကိုမျှ ငါမခံ စသည်ဖြင့် ထိပါးခြင်း၊ ကြမ်းတမ်းခြင်း(ပဋိဃ)ဘက်သို့ ကူးပြောင်းကာ အကုသိုလ်ဒေါသကြီး ဖြစ်လာ၏။ ထိုသည်းမခံချင်မှုသည်ပင် သဒ္ဓါ စသည်တို့နှင့် တွဲရသည့်အခါ ငါ့သန္တာန်၌ ကာမဝိတက်ဖြစ်လာမှုကို သည်းမခံနိုင် စသည်ဖြင့် အကုသိုလ်တရား အကုသိုလ်အာရုံတို့ ဝင်လာမှုကို သည်းမခံဘဲ ဆန့်ကျင်ဘက်အဖြစ်သို့ သက်ဝင်ကာ အလောဘစသော ကုသိုလ်တရားကြီး ဖြစ်လာ၏။ ဤသို့တွေ့ဝေခြင်း မုယနကြိယာအား မည်သည့်တရားနှင့်ယှဉ်၍ အကုသိုလ်ဖြစ်ရသည်မရှိ။ ပကတိ အကုသိုလ်မှောင်လုံးကြီးသာ တည်း။ ဥပမာ–အချဉ်ကိုလို၍ အခြားချဉ်စေတတ်သောဝတ္ထုဖြင့် ရောနှောဖွယ်မလိုသော ပကတိချဉ်သီးကဲ့သို့ ဖြစ်သည်။[၁]

**မောဟဖြစ်ကြောင်းများ။** ။ ကုသိုလ်ကောင်းမှု၌ မမွေ့လျော်ခြင်း ကုသိုလ်အရာ၌ စိတ်မဝင်စားခြင်း၊ ဆန့်ကျင်ခြင်း၊ ပျင်းရိခြင်း၊ ဂိုဏ်းဂဏပါတီ အပေါင်းအသင်းတို့၌ ပျော်မွေ့ခြင်း၊ အိပ်လေ့ရှိခြင်း၊ ကုသိုလ်တရားကို မလိုလားခြင်း၊ ဉာဏ်၌ အံ့ဖွယ်သူရဲမရှိခြင်း၊ အယူမှားကိုမြတ်နိုးခြင်း၊ ဆွေးနွေးမေးမြန်းလေ့ မရှိခြင်း၊ မိမိကိုယ်ကို ကောင်းအောင်မလုပ်ခြင်း၊ စိတ်မတည်ကြည်ခြင်း၊ ပညာမဲ့သူများကို ကိုးကွယ်ခြင်း၊ ပညာရှိတို့ကို မဆည်းကပ်ခြင်း၊ မိမိကိုယ်ကိုနှိပ်စက်ခြင်း၊ မှားသောအကြံကို ကြံ

---

၁။ ပရမတ္ထဒီပနီမဟာဋီကာသစ်။ ၁၂၄။

စည်ခြင်း၊ ဖောက်ဖောက်ပြန်ပြန် နှလုံးသွင်းခြင်း၊ ကိုယ်ခန္ဓာသန်စွမ်း အောင်ကြိုးစားခြင်း၊ သံဝေဂတရား၌ အလေ့အကျက်မရှိခြင်း၊ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဟူသော နီဝရဏတရားငါးပါးတို့သည် မောဟဖြစ်ကြောင်းတို့ မည်ကုန်၏။ [၁]

အကြင်သူသည် အမှုတို့ကိုပြုသောခဏ၌ လောဘ၊ ဒေါသ၊ မောဟတို့သည် အားကြီးကုန်၏။ ထိုသူသည် လောဘကြီး၏၊ ဉာဏ်ထိုင်း၏၊ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်၏၊ အမျက်မထွက်တတ်၊ နိပါတ်တော်လာ အရှင်ဗာကုလမထေရ်နှင့် တူ၏၊ အမှုကိုပြုသောအခါ၌ လောဘ၊ ဒေါသ၊ မောဟသုံးပါးလုံး အားကြီးအံ့။ အလိုရမက်ကြီး၏၊ ကြမ်းတမ်း၏၊ တွေဝေ၏။ အချုပ်အားဖြင့် အမှုကိုပြုသောခဏဝယ် မောဟအားကြီးခဲ့သော် ဉာဏ်လေးတတ်၏၊ တွေဝေမှုများတတ်၏၊ အမောဟအားကြီးခဲ့သော် ဉာဏ်ထက်မြက်တတ်၏ဟု ဆိုလိုရင်းဖြစ်၏။ [၂]

ရှေးဘဝက (သို့မဟုတ်) ရှေ့ပိုင်းအချိန်က သေရည်သေရက် အသောက်အစားများသူ၊ ဗဟုသုတကြွယ်ဝသည့် ပညာရှင်များနှင့် ဆွေးနွေးမေးမြန်းခြင်းကင်းသူ၊ ပထဝီဓာတ်, အာပေါဓာတ်လွန်ကဲသူ၊ လေလွန်ကဲသူတို့သည် မောဟထူပြောတတ်၏။ [၃]

**မောဟကိုပယ်နိုင်ကြောင်းတရား(၅)ပါး**

(၁) ဆရာသမားကိုအမှီပြု၍နေခြင်း (ဝါ) ဆရာရှိရခြင်း၊

(၂) ပညာကိုသင်ယူခြင်း၊

(၃) သင်ပြီးသောပညာတို့ကို ထပ်၍ ဆွေးနွေးမေးမြန်းခြင်း၊

---

၁။ စရိယာပိဋက၊ ဋ္ဌ။ ၃၀၇။

၂။ ဝိသုဒ္ဓိ၊ ပတွဲ။ ၁၀၀။

၃။ ဝိသုဒ္ဓိ၊ ပတွဲ။ ၉၉။

(၄) အခြေအနေပေးသည့်အခါ တရားနာခြင်း၊
(၅) အကြောင်းဟုတ်သည် မဟုတ်သည်ကို ဆုံးဖြတ်နိုင်ခြင်း ဟူသော တရားငါးပါးတို့ကို အကြောင်းပြု၍ မောဟ ဓာတ်သည် ပပျောက်၏။ ထို့ကြောင့် ယင်းတရားငါး ပါးတို့ကို မှီဝဲသင့်ကုန်၏။ ချဲ့ဦးအံ့၊ ဆရာရှိသောသူသည် ဆရာကို ကြောက်ရွံ့ရှိသေမှုကြောင့် အရာရာတွင် ပေါ့ဆ မှု၊ တွေဝေမှု (မောဟ)မျိုး မဖြစ်နိုင်ချေ။ ပညာသင်ကြား ရာတွင်လည်း ဆရာအပြစ်ပေးမည်ကိုစိုးရိမ်၍ ထာဝစဉ် ဂရုစိုက်လေးစားရသဖြင့် မောဟကင်းပျောက်နိုင်၏။ ပညာရှိထံ ချဉ်းကပ်မေးမြန်းခြင်းသည် သင်ပြီးသောပညာ ရပ်တို့၌ မရှင်းလင်းသေးသောအရာတို့ကို ယုံမှားမရှိ ပြတ်သားစွာသိရသောကြောင့် တွေဝေမှုမောဟ မရှိနိုင်။ အခြေအနေပေးချိန်တွင် တရားနာကြားရာဌာနသို့သွား၍ ရိုသေစွာတရားနာသူအား သဘောမပေါက်သေးသော (ဝါ) ပိုင်ပိုင်နိုင်နိုင်မသိသေးသော အဓိပ္ပာယ်အယူအဆ တို့ကို ရှင်းရှင်းလင်းလင်းသိနိုင်သောကြောင့် မောဟကင်း ပျောက်နိုင်၏။ ဤအရာသည် ဤသဘောတရား၏ အကြောင်းတည်း၊ ဤအရာသည် ဤသဘောတရား၏ အကြောင်းမဟုတ်ဟု အဆုံးအဖြတ်၌ လိမ္မာကျွမ်းကျင်သူ သည် ဆုံးဖြတ်နိုင်စွမ်းရှိအောင် ကြိုးပမ်းရသဖြင့် တွေဝေ မှုမောဟစေတသိက် ဖြစ်လာခွင့်မရနိုင်ပေ။ ထို့ကြောင့် ဤတရားငါးမျိုးသည် မောဟမဖြစ်အောင် တတ်နိုင်ကြ သည်။ [၁]

---

၁။ မ၊ ၄၊ ၁။ ပတ္တဲ၊ ၃၉၂။

## ၇။ မောဟကြောင့် ဘဝစက်ဝန်း(သံသရာ)လည်ပတ်ပုံ

**အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။** ။ မောဟကြောင့် ဘဝစက်ဝန်း လည်ပတ်ပုံကို ဝိဘင်းပါဠိတော်တွင် ရှင်တော်ဗုဒ္ဓဟောကြားခဲ့သည့် ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးပြ ဒေသနာတော်အတိုင်း သိသာရုံဖော်ပြပါမည်။ မောဟ(အဝိဇ္ဇာ) တိမ်သလာစွဲနေကြသော သတ္တဝါများသည် အာရုံ၏အမှန်သဘောတရားများကို ထိုးဖောက်မမြင်နိုင်ရကား ဒုက္ခအတိဖြစ်သော ရုပ်နာမ်တရားတို့၏ အပြစ်အနာအဆာ(အာဒီနဝ)တို့ကို မမြင်စွမ်းနိုင်ပါချေ။ မြင်သမျှ၊ ကြားသမျှ၊ တွေ့သမျှအာရုံတို့ကို သာယာဖွယ်၊ နှစ်သက်ဖွယ် အသွင်ဖြင့်သာ ထင်မှတ်မှားကြသည်။ ထို့ကြောင့် လက်ရှိဘဝ၌ မိမိတို့၏ချမ်းသာရေးကိုသာ မျှော်တွေး၍ သတ်မှု၊ ခိုးမှု၊ လာဘ်စားမှု၊ အဂတိလိုက်စားမှု၊ မကောင်းကြံစည်မှု စသည့်အကုသိုလ်ဒုစရိုက်မှုများကို အပြစ်မရှိသည့်အလား အားပါးတရ ပြစ်မှားမိကြသည်။ တမလွန်ဘဝ ကောင်းစားရေးအတွက်လည်း လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို ရည်မျှော်၍ ဒါန၊ သီလ၊ ဘာဝနာမှုများကို ပြုကြသည်။ ထိုဘဝနှစ်ပါးကောင်းစားရေးအတွက် ကြိုးစားကြသော ကုသိုလ်မှု အကုသိုလ်မှုများကို သင်္ခါရဟုခေါ်သည်။ ယင်းသင်္ခါရများသည် မောဟဖုံးလွှမ်းမှုကို အမှီပြု၍ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။

**သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်** ။ ။ ထိုသင်္ခါရနှစ်မျိုးတွင် မကောင်းမှုအကုသိုလ်ဟူသော သင်္ခါရကြောင့် ဒုဂ္ဂတိဘုံတို့၌ အပါယ်ပဋိသန္ဓေဝိညာဏ်ဖြစ်ကာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူ၍ သတ္တဝါအမျိုးမျိုးဖြစ်လာကြသည်။ ကုသိုလ်သင်္ခါရကြောင့် သုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်အမျိုးမျိုး ပေါ်လာကာ လူ, နတ်, ဗြဟ္မာ သတ္တဝါအစားစား ဖြစ်လာကြသည်။ ပဋိသန္ဓေ၏နောက်ပိုင်းကာလတွင်လည်း သင်္ခါရ

ကြောင့်ပင် မြင်သိစိတ် ကြားသိစိတ် စသော ဝိပါက်ဝိညာဏ်များ ဆက်လက်ဖြစ်ကြသည်။

**ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်** ။ ။ ဘဝသစ်တွင် ပဋိသန္ဓေ ဝိညာဏ် စိတ်များဖြစ်လာသည်နှင့်တစ်ပြိုင်နက် ဖဿ စသော ဆိုင်ရာစေတသိက်ခန္ဓာ သုံးပါးနှင့် ပထဝီ, အာပေါ, တေဇော, ဝါယောဓာတ်ကြီးလေးပါး စသော ကမ္မဇရုပ်တရားများသည်လည်း မီးတွင်ရှိန်ဝါထက်ကြပ်ပါ သကဲ့သို့ ပဋိသန္ဓေဝိညာဏ်စိတ်များနှင့် အတူ ပါလာကြသည်။ ထိုတစ်ပြိုင်နက်ဖြစ်သော ဝိညာဏ်, နာမ်, ရုပ်တို့တွင် ဝိညာဏ်သည် ရှေ့သွားခေါင်းဆောင်တည်း။ သို့အတွက် ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်သည်ဟုဆိုသည်။ ပဋိသန္ဓေ၏ နောက်ပိုင်းတွင်လည်း စိတ် ဝိညာဏ်၏ အထောက်အပံ့ကြောင့် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်များ အဆက်မပြတ်ဖြစ်လာကြသည်။

**ရုပ်နာမ်ကြောင့် အာယတန(၆)ပါးစသည်ဖြစ်**။ ။ စေတသိက်ခန္ဓာ သုံးပါးဟူသော နာမ်တရားနှင့် ရုပ်များကြောင့် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော အာယတနခြောက်ပါးဖြစ်သည်။ အာယတန ခြောက် ပါးကြောင့် အတွေ့ဓာတ် ဖဿဖြစ်သည်။ ဖဿကြောင့် ခံစားမှု ဝေဒနာပေါ်လာသည်။ ခံစားမှုဝေဒနာကြောင့် တပ်မက်တွယ်တာမှု၊ လိုချင်မှုတဏှာဖြစ်လာသည်။ တဏှာကြောင့် လက်ရှိဘဝ လောက စည်းစိမ်ဟူသော ဘောဂသမ္ပတ္တိ၊ တမလွန်ဘဝချမ်းသာဟူသော ဘဝ သမ္ပတ္တိတို့ကို မရမနေလိုချင်မှုဥပါဒါန်ဖြစ်လာသည်။ ဥပါဒါန်ကြောင့် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်တို့ကို ပြုခြင်းဟူသော ကမ္မဘဝဖြစ်၏။ ယင်းကမ္မဘဝကြောင့် ဘဝသစ်၌ ပဋိသန္ဓေနေရ ခြင်း ဇာတိဖြစ်၏။ ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ကြောင့် ကြခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အလွန်အမင်းပြင်းစွာ ပင်ပန်းဆင်းရဲခြင်းဟူသော အကျိုးဆက်များ

ဖြစ်လာကြသည်။

စိုးရိမ်ကြောင့်ကြမှု(သောက)၊ စိတ်ဆင်းရဲမှု(ဒေါမနဿ)၊ ပြင်းစွာ ပင်ပန်းဆင်းရဲမှု(ဥပါယာသ)တို့သည် ဒေါသစိတ် တွဲဖော်တွဲဖက် စေတသိက်များဖြစ်သည်။ ထို့ကြောင့် သောကစသည်တို့ ဖြစ်တိုင်း အဝိဇ္ဇာဟူသော မောဟလည်း အမြဲတွဲလျက်ပါသည်။ ပရိဒေဝဟူသော ငိုကြွေးမြည်တမ်းမှုမှာလည်း အဝိဇ္ဇာမကင်းသူဒ္ဓသာဖြစ်လေ့ရှိ၏။ ကိုယ်ဆင်းရဲမှု(ဒုက္ခ)ဖြစ်လာသည့်အခါ စိတ်ဆင်းရဲမှုမောဟလည်း ဆက်လက်ဖြစ်လာတတ်သည်။ အဝိဇ္ဇာဖြစ်လာလျှင် သင်္ခါရစသော တရားများလည်း ကြောင်းကျိုးဆက်ကာ ဖြစ်လာကြပြန်သည်။ ဤနည်းအားဖြင့် အဝိဇ္ဇာကြောင့် ဘဝစက်ဝန်းသည် ချားရဟတ်ပမာ မပြတ်မစဲ တလည်တည်း လည်ပတ်နေပေသည်။

## ၇။ မောဟပြတ်သဖြင့် ဘဝစက်ဝန်း(သံသရာ)အလည်ရပ်ပုံ

ဘဝသံသရာလည်ပတ်ရေးတွင် မောဟခေါ် အဝိဇ္ဇာနှင့် လောဘခေါ် တဏှာတို့သည် ပင်မအကြောင်းကြီးနှစ်ရပ်ဖြစ်ကြသည်။ ထိုနှစ်ပါးသည် ပဋိစ္စသမုပ္ပာဒ်ဝင်္ဂတရားအပေါင်းတွင် ဦးခေါင်းပမာ လွန်စွာအရေးပါကြ၏။ ထိုတွင် အဝိဇ္ဇာက တဏှာထက်သာလွန်၍ အဓိကကျသည်။ မှန်၏။ အဝိဇ္ဇာက အပြစ်တွေကို ဖုံးလွှမ်းထားသောကြောင့်သာ တဏှာက မက်မောမိခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်သည် ပဋိစ္စသမုပ္ပာဒ်ဒေသနာတွင် အဝိဇ္ဇာကိုရှေ့တန်းတင်၍ ဟောထားပေသည်။ ဘဝသံသရာထွက်ရပ်လမ်းတွင် အဝိဇ္ဇာ၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုတစ်ခုသာ လိုရင်းပဓာန အချုပ်အခြာဖြစ်သည်။ အဝိဇ္ဇာချုပ်ခဲ့လျှင် သင်္ခါရစသော ဝင်္ဂတရားများ ချုပ်ငြိမ်းတော့သည်သာ ဖြစ်၏။ ဥပမာ−ညောင်ပင်အစဉ်အဆက်ကို မျိုးပြတ်စေလိုလျှင် ညောင်စေ့ပျက်စီးသွားခဲ့သော် ညောင်ပင်အစဉ်အဆက် ဖြစ်ပေါ်စေနိုင်သော အရာစုသည်လည်း အစေ့ပျက်ရာတွင် ထစ်ခါ

တည်း ပါသွားကြကုန်သကဲ့သို့ ဖြစ်သည်။ သို့ဖြစ်၍ ဘဝသံသရာမှ လွတ်မြောက်ရာ လမ်းကြောင်းကား အဝိဇ္ဇာဓာတ်ကို သေအောင် သတ်မှုတစ်ခုသာတည်း။ အဝိဇ္ဇာဓာတ်တစ်လုံးသေလျှင် ဘဝစက် ရဟတ် လည်ပတ်မှုလည်း အလိုလိုရပ်သွားတော့သည်။

အဝိဇ္ဇာဓာတ်ကို ဝိဇ္ဇာဓာတ်မှ သတ်နိုင်သည်။ ဒါနမှု၊ သီလမှုတို့လည်း မသတ်နိုင်။ ဝိဇ္ဇာဘာဝနာ (ဝိပဿနာ ဘာဝနာ)မှတစ်ပါး အခြားသောဘာဝနာမှုလည်း မသတ်နိုင်။ ဝိဇ္ဇာဘာဝနာတစ်ခုသာ သတ်နိုင်သည်။ ဒါန၊ သီလနှင့် သမထဘာဝနာတို့မှာ ဝိဇ္ဇာဘာဝနာ၏ အခြေခံတို့သာဖြစ်ကြသည်။ အဝိဇ္ဇာကိုသတ်ရာ၌ သစ္စာလေးပါးတို့ကို လွှမ်းခြုံထားသော အဝိဇ္ဇာအမှောင်ဓာတ်များအနက် ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာအမှောင်ဓာတ်ကို သတ်မှုတစ်ခုသာ အဓိက ဖြစ်သည်။ ယင်းအမှောင်ဓာတ်ကို သတ်လိုက်လျှင် ကြွင်းသောအမှောင်ဓာတ်သုံးပါးလည်း သတ်ပြီးသားဖြစ်တော့သည်။ ဒုက္ခသစ္စာမှာ လွှမ်းခြုံထားသော အဝိဇ္ဇာအမှောင်ဓာတ်ကိုသတ်နည်းကား ဒုက္ခသစ္စာတရားတို့၌ ဝိဇ္ဇာဉာဏ်ပေါ်အောင် အားထုတ်မှုပင်ဖြစ်၏။ ထိုဝိဇ္ဇာဉာဏ်သည် ဒုက္ခတရားတို့၏ အနိစ္စအစစ်ကို မြင်နိုင်သော အနိစ္စဝိဇ္ဇာ၊ ဒုက္ခအစစ်ကိုမြင်နိုင်သော ဒုက္ခဝိဇ္ဇာ၊ အနတ္တအစစ်ကိုမြင်နိုင်သော အနတ္တဝိဇ္ဇာတို့ကို ပိုင်ပိုင်နိုင်နိုင်ရှိအောင် လုပ်ဆောင်မှုနှင့် မဂ်ဝိဇ္ဇာလေးပါးသို့ ပေါက်ရောက်အောင် ဆန့်တက်မှုများပေတည်း။ နောက်ဆုံး အရဟတ္တမဂ်ဝိဇ္ဇာဉာဏ်ပေါ်သည့် အဆင့်သို့ရောက်ခဲ့လျှင် အဝိဇ္ဇာဓာတ် အကြွင်းမဲ့ ချုပ်ငြိမ်းသွားပြီဟု မှတ်ရမည်။ အဝိဇ္ဇာဓာတ် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ဘဝစက်ဝန်းအလည်ရပ်ကာ သံသရာ ထွက်ရပ်လမ်း ပေါက်တော့သည်။ ဤကား အဝိဇ္ဇာပြတ်သဖြင့် ဘဝစက်ဝန်း အလည်ရပ်သွားပုံပင် ဖြစ်သည်။ ။